# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း
No.172, November, 2009

- အွန်လိုင်း ဘဏ်စနစ်ဆီသို့
- စားသုံးသူဘက်သို့ ခြေတစ်လှမ်း
- မြန်မာ့ကျွန်းသစ် ခွဲစိတ်မှုလုပ်ငန်း ဆယ်တင်သင့်ချိန်တန်ပြီ
- မီးလောင်မှုများ၏ နောက်ကွယ်
- မိုက်ခရိုငွေကြေးဆိုတာ ဘာလဲ
- ဒီမိုကရေစီအစ ဝေသာလီက

www.foreverspace.com.mm

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂။ ဤစာအုပ်၏ မြန်မာစီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

# LIVING COLOR

LIVING COLOR. No.172, NOVEMBER. 2009.

1 အယ်ဒီတာ့အာဘော်

5 ယခုလအကြိုက်ဆုံးကြော်ငြာ

6 ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

8 ယခုလသတင်းအညွှန်း

10 မြန်မာ့စီးပွားရေးသတင်း

14(N) မြန်မာ့စီးပွားရေးမြင်ကွင်း

အွန်လိုင်းဘဏ်စနစ်ဆီသို့ ...

ကျော်ဆန်းမင်း ၊ အောင်စိုး

18 စားသုံးသူဘက်သို့ ခြေတစ်လှမ်း

ဇာလီကျော်

26 မီးလောင်မှုများ၏ နောက်ကွယ်

ခင်ဒွေးကြွယ်

34 ဆီစားလို့ အားမဖြစ်ပါ

နိုင်မင်းဝေ

40 ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

48 ရက်စွဲမှတ်တမ်း

52 မြန်မာ့စီးပွားရေးအမြင်

မိုက်ခရိုငွေကြေးဆိုတာဘာလဲ

သန့်ဇင်

66 စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့်

အနာဂတ်စီမံခန့်ခွဲမှု မှူးခန့်စံ

70 မြန်မာ့ကျွန်းသစ်ခွဲစိတ်မှုလုပ်ငန်းဆယ်တင်သင့်ချိန်တန်ပြီ


သစ်ရိုင်း

80 ဘယ့်ပစ္စည်းဘာကြောင့်

84 ထင်ရှားကျော်ကြားမြန်မာ့စီးပွား

88 ဈေးဝယ်လမ်းညွှန်

90 ကာတွန်း









www.foreverspace.com.mm

# မာတိကာ

LIVING COLOR. No.172, NOVEMBER. 2009.

ဒါရိုက်တာအောင်ကြူကြူ — စိုးသော်တာ

103 တစ်ဦးတည်းကိုယ်စားလှယ်

104 တွေ့ဆုံဆွေးနွေးမှုများ

106 မြန်မာပြည်တွင်လုပ်သည်

108 ကုန်စျေးနှုန်း

114 အတွေးအမြင်

ဒီမိုကရေစီအစ ဝေသာလီက

မြသန်းသန်းနု

118 သူတို့အပြောနှင့် ကျွန်တော့်အတွေး

ဦးဝင့်ကျော်

122 UNGA ၊ G 20 အရှေ့သွားအနောက်ရောက်

ရဲမင်းဦး

123 လူငယ်နိုင်ငံရေးသမားကောင်းများ ပေါ်ထွက်စေချင်သည်

အောင်ကျော်စိုး

126 ကိုယ်တိုင်စာအုပ်ထုတ်မယ်တဲ့လား

ဂျီအောင်ဘန်း

132 သူတို့ဆီက လူဝင်မှု

ကိုဝမ်း

138 ဆူပာတိုပြောသည့် သူ့သမိုင်း (၄)


တင်ညွန့်

146 ကျေးရူးရှင်ကျွန်တော့်အဖေ (၂)

မောင်မောင်တင်

154 သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၂၆)

ဦးလှဝင်း (လေသူရဲတစ်ဦး)









# Contents


**Board of Editors**

Chief Editor – ကျော်မင်းဆွေ
Deputy Chief Editor – ဇေယျာသူ
Editor In Charge (Production) – မင်းခင်
Managing Editor – ကျော်နိုင်
Senior Executive Editor – ရဲမင်းဦး
Research & Development Editor – နွေးအိမြိုင်
Executive Editors – နိုင်ချိုဇော်ဝင်းတင်၊ ခင်ခင်သော်၊ နန့်ကောနိုင်၊ သီရိဇော်
News Editor – ကျော်ဆန်းမင်း
Editors – လှိုင်းသစ်ခင်ဝေ၊ မြနှင်းဝေး
Photo Editor – မိုးကျော်လွင်
Chief Reporter – ကျော်ကျော်မင်း
Senior Reporters – တင်လင်း၊ နိုင်မင်းဝေ၊ ခေလီကျော်၊ မိုးယုဇေ
Editorial Assistant – ဆွေပြည့်မိုးဝေး
Staff Reporters – အောင်နိုး၊ ကျော်ဇေယျာထွန်း၊ ကျော်ဇေယျာဝင်း၊ ခင်ငွေကြည်၊ အိမ့်နှင်းကျော်၊ ကျော်မျိုးထွန်း၊ စေတီထွဋ်၊ ကြူကြူသင်း(မိုးမြ)
Freelance Reporters – မင်းမျိုး၊ ဖြိုးဝေနိုး၊ မိုးနိုင်၊ နွယ်နွယ်

**DTP Department**

Manager – မနိုင်
Assistant Manager – ငုဝါနိုင်
Senior Operator – အေးမို့မို့အောင်
Staff Operators – ခင်မာလွင်

**Finance Department**

General Manager – ယဉ်အောင်ခင်
Manager (Admin and Finance) – စန်းသီတာ
Deputy Manager (Account) – ထက်ထက်ငြိမ်း
Assistant Manager – နုဝါဝင်း
(Marketing/Distribution Accounts)

**Marketing Department**

Manager – ကျော်သန်း
Deputy Manager – မြမြသီ
Assistant Manager – နွေလှိုင်
Marketing Supervisors – မင်းအောင်၊ ပြည့်ဖြိုးအောင်
Marketing Assistant – လဲ့ရည်ဦး
Designer – သိန်းအောင်ထွန်း
Receptionist – ဆုအိမြဦး

**Production Department**

Manager (Production & External Relation) – အောင်ကျော်ဆန်း

**Distribution Department**

General Manager – မင်းခင်
Manager – ထက်ဝေါင်
Deputy Manager – ခင်မျိုးချစ်
Distribution Assistants – ဂျက်တူးတူး၊ ထက်အောင်

**Creation Department**

Art Director – မိုးသော်တာ
Cover Idea / Design – KMS ၊ မိုးဟန်
Cover Logo – အောင်မင်း၊ ဘဝွေးကြည်၊ မြင့်မောင်ကျော်
Illustrator – မိုးသော်တာ၊ မေသစ်တည်



**Publisher**

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်-၁၁၅၉)
အမှတ် ၁၄၈-B ၊ ဒေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

**Press**

Hnit Thit Oo ပုံနှိပ်တိုက်
နဝဒေးရုပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

**Office**

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ဖက်စ် – ၂၄၂၄၂၄၊ ၃၉၃၁၉၂၊
Marketing – ၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၀၉-၅၁၇၆၈၃၅
Distribution – ၀၉-၅၁၇၆၈၃၁

**E-mail**

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

**Web Site Link - www. foreverspace.com.mm**

Photographer – မိုးကျော်လွင်
B/W Film – PERFECT
Binding – သဇာ စာအုပ်ချုပ်

**Upper Myanmar Distributor**

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission –
Circulation – ၁၀၀၀
Distribution Price – ၁၃၅၀ ကျပ်



Copyright – Living Color ( မြကြာဦးနှင့် ဈေးဝယ်လမ်းညွှန် )



## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း ဆောင်းပါးနှင့် ကုန်စျေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ကုန်သွယ်ကုမ္ပဏီ၊ ကျောက်မြောင်းဈေး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်နှင်းကျွန်း)၊ ဦးဘခိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ စာစီ၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖော်ရွှေအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm



## ADVERTISMENT OF THE MONTH

# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် နိုင်ငံပိုင်မီဒီယာများတွင် စက်တင်ဘာလအတွင်းက စတင်ထည့်သွင်းခဲ့သော Lin High Power Services Ltd. ၏ သန့်ရှင်းမှုအထူးဝန်ဆောင်မှုလုပ်ငန်းကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ နိုင်ငံတကာတွင်ရနိုင်သည့်ဝန်ဆောင်မှုမျိုးဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ဆောင်ရွက်မှုနည်းလျက်ရှိနေသေးသည့် ဝန်ဆောင်မှုဖြစ်နေခြင်း၊ ပစ္စည်းပျောက်ရှမှုအတွက် စိုးရိမ်စရာမလိုဘဲ ယုံကြည်စိတ်ချရသောဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည်ဟုဆိုသည့်စာသားများဖြင့် လုပ်ငန်းအပ်နှံသူကို တာဝန်ခံထားခြင်း၊ ရိုးရှင်းသောကြော်ငြာမှုပုံစံဖြင့် စာဖတ်သူကိုဆွဲဆောင်နိုင်ခြင်း စသည့်အချက်များကြောင့် ရွေးချယ်ဖော်ပြရခြင်းဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm

## SERVICE OF THE MONTH

# ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

ယခုလအကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် MRTV-4ရုပ်သံလိုင်း၏ အင်္ဂလိပ်ပရီးမီးယားလိဂ်ဘောလုံးပွဲစဉ်အချို့အား အခမဲ့တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို ရွေးချယ်လိုက်ပါသည်။ ၂၀၀၄ ခုနှစ်မှစတင်ခဲ့သော MRTV-4အစီအစဉ်တွင် စတင်ထုတ်လွှင့်ခဲ့စဉ်က တစ်ရက်လျှင် နှစ်နာရီခန့်သာ ထုတ်လွှင့်ခဲ့ရာမှ ၂၀၀၉ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှစတင်၍ တစ်ရက်လျှင် နာရီ ၂၀ အထိ တိုးချဲ့ထုတ်လွှင့်နေသဖြင့် ပြည်တွင်းရုပ်သံလိုင်းများတွင် အချိန်အများဆုံးအနေဖြင့် ထုတ်လွှင့်ပေးနေသော အခပေးဝယ်ယူကြည့်ရှုရသည့် MRTV-4 ရုပ်သံလိုင်းနှင့် ဆက်စပ်ရုပ်သံလိုင်းများတွင်သာ ကြည့်ရှုနိုင်သည့် အင်္ဂလိပ်ပရီးမီးယားလိဂ်ပွဲစဉ်အချို့ကို အောက်တိုဘာလ ပထမပတ်မှစတင်၍ အခမဲ့တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဟုဆိုခြင်းကြောင့် စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းကိုသာ အဓိကမထားဘဲ ဘောလုံးဝါသနာရှင်အများစု ကြည့်ရှုနိုင်အောင် ထုတ်လွှင့်ပေးသည့်အတွက် ထူးခြားသောဝန်ဆောင်မှုအဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်ပါသည်။



www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

## ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်မြို့ရှိ အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျနိုင်ငံတို့မှ သံတမန်များတွေ့ဆုံ

ရန်ကုန်၊ အောက်တိုဘာ ၉

ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့ရှိ အမေရိကန်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Thomas L.Vajda၊ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Andrew Richard Heyn နှင့် ဩစတြေးလျနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Simon Christopher Starr တို့သုံးဦးအား ယနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ တွေ့ဆုံခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က အဆိုပါသံတမန်များအားတွေ့ဆုံလိုကြောင်း နိုင်ငံတော်အစိုးရထံတင်ပြခဲ့သဖြင့် တွေ့ဆုံခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှ ဒုတိယသတင်းတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်ထွန်းတို့လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ယခုလသတင်းအညွှန်းအဖြစ် ၁၀-၁၀-၂၀၀၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသော 'ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်မြို့ရှိ အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျနိုင်ငံတို့မှ သံတမန်များတွေ့ဆုံ' သတင်းကို ရွေးချယ်ဖော်ပြထားခြင်းဖြစ်သည်။**

www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်


## နေပြည်တော်

**ရက်စွဲ။ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်။**

## သတင်းကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငါးထောင်ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်ကို ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ထုတ်ဝေပါမည်။ ယင်းငွေစက္ကူသစ်ကို ပြည်သူများအား ဘဏ်ဖွင့်ချိန်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးဌာနတွင်လည်းကောင်း၊ ဘဏ်များနှင့် အစိုးရငွေတိုက်များတွင်လည်းကောင်း ထုတ်ပေးပါမည်။

လက်ရှိ တရားဝင်လှည့်လည်သုံးစွဲလျက်ရှိသောငွေစက္ကူများနှင့် ငွေအကြွေများသည်လည်း တရားဝင်သုံးစွဲငွေအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။







**ယခုလသတင်းအညွှန်းအဖြစ် ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိသော 'ငါးထောင်ကျပ်တန် ငွေစက္ကူအမျိုးအစားသစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ထုတ်ဝေမည်' သတင်းမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။**

www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

. . . ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၅ ရက်စွဲဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ လိပ်မူ၍ စာရေးသားပေးပို့ခဲ့ရာ ၎င်းစာသည် အောက်တိုဘာ ၁ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီသို့ ရောက်ရှိခဲ့သည်။ သို့ပါ၍ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်သည် အောက်တိုဘာ ၂ ရက်တွင် ရန်ကုန်သို့ သွားရောက်ခဲ့ပြီး အောက်တိုဘာ ၃ ရက် ယနေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ယင်းစာကိုပင် ၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၈ ရက်စွဲပါ အထူးကြေညာချက် ၆/၀၉/၀၉ ဖြင့် ပြည်တွင်းပြည်ပသို့ မီဒီယာများမှတစ်ဆင့် ဖြန့်ဝေမှုပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

**ယခုလသတင်းအညွှန်းအဖြစ် ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိသော 'ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံ' သတင်းမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။**

www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

BUSINESS NEWS

အမှတ် ၁၇၂ | ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ

## မြန်မာနိုင်ငံ၌အကြီးဆုံးနှင့် နိုင်ငံတကာအဆင့်မီ Web Portal တည်ဆောက်

**ရန်ကုန်၊ အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံရှိ သတင်းအချက်အလက်နှင့် ဖျော်ဖြေမှုအသားပေး Web Portal များအနက် အရွယ်အစားအကြီးဆုံး၊ ကဏ္ဍအစုံလင်ဆုံးနှင့် နိုင်ငံတကာအဆင့်မီပေါ်ထွန်းလာမည့် Web Portal ကို ပြည်ပ ICT ပညာရှင်များ၏ နည်းပညာအကူအညီဖြင့် ပြည်တွင်း ICT ပညာရှင်များစုပေါင်း၍ ရေးဆွဲတည်ဆောက်လျက်ရှိရာ လာမည့်ဒီဇင်ဘာလ ဒုတိယပတ်တွင် မိတ်ဆက်လွှင့်တင်နိုင်မည်ဖြစ်ကြောင်း အဆိုပါ Web Portal ရေးဆွဲတည်ဆောက်ရာတွင်ပါဝင်သည့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အမှုဆောင်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် National Web Portal ဟု သတ်မှတ်ထားပြီး ရတနာပုံ Web Portal ဟု အမည်ပေးထားသည့် အဆိုပါ Web Portal ကို နိုင်ငံတကာမှ အင်တာနက်အသုံးပြုကြသူ မြန်မာလူမျိုးတိုင်း ဝင်ရောက်လေ့လာခံစားအသုံးပြုနိုင်ရန် ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ပြီး ကွန်ပျူတာပညာရှင်များသာမက ICT ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်တွင်းမီဒီယာများကပါ ပူးပေါင်းပါဝင်ကြမည်ဖြစ်ကြောင်း၊ အဆိုပါ Web Portal ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တို့၏ နည်းပညာနှင့် အခြေခံအဆောက်အဦပံ့ပိုးမှုတို့ဖြင့် ကွန်ပျူတာပညာရှင်များက ၂၀၀၉ ခုနှစ် အောက်တိုဘာလ ပထမပတ်တွင် စတင်ရေးဆွဲတည်ဆောက်ခဲ့ကြခြင်းဖြစ်ပြီး အောက်တိုဘာလကုန်ပိုင်းတွင် Home Page ဒီဇိုင်းရေးဆွဲပြီးစီးကာ ဒီဇင်ဘာလ ဒုတိယပတ်တွင် မိတ်ဆက်လွှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ် နှစ်ဆန်းတွင် စတင်အသုံးပြုနိုင်ကြမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါ Web Portal တွင် ပြည်တွင်းပြည်ပသတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးမည့်သတင်းကဏ္ဍ၊ G-mail, Yahoo Mail တို့ကဲ့သို့ E-mail ကို မြန်မာဘာသာဖြင့်အသုံးပြုနိုင်မည့် Web Mail ကဏ္ဍ၊ တေးဂီတနှင့် ဗီဒီယိုဇာတ်ကားများနားဆင်ကြည့်ရှုနိုင်မည့် Music & Video Store ကဏ္ဍ၊ Face Book ကဲ့သို့ လူမှုဆက်သွယ်ရေးအတွက် မြန်မာဘာသာဖြင့် အသုံးပြုနိုင်မည့် Social Network ကဏ္ဍ၊ Games များနှင့် Game Software များကို ပြည်ပမှဝယ်ယူလွှင့်တင်မည့် Games ကဏ္ဍ၊ အလုပ်အကိုင်ရှာဖွေလိုသူများအတွက် Jobs ကဏ္ဍ၊ အခမဲ့ကြော်ငြာထည့်သွင်းလိုသူများအတွက် Classified ကြော်ငြာကဏ္ဍ၊ ရုံး၊ ဌာန၊ အဆောက်အအုံတည်နေရာများနှင့် အထင်ကရနေရာကို ရှာဖွေနိုင်ရန် Yellow Pages ကဏ္ဍ၊ တက္ကသိုလ်သင်ခန်းစာများကို Online မှတစ်ဆင့်လေ့လာသင်ယူနိုင်မည့် e-Education ကဏ္ဍ၊ မြန်မာ့ရုပ်သံအစီအစဉ်များကို ဖော်ပြပေးမည့် TV Guide ကဏ္ဍ၊ မိမိသိလိုရာကို မြန်မာဘာသာဖြင့်ပင် ရိုက်နှိပ်ရှာဖွေနိုင်မည့် Search Engine ကဏ္ဍစသည်ဖြင့် ပြန်ကြားရေး၊ ဖျော်ဖြေရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးအပါအဝင် အခြားရသပေါင်းစုံ ပေးစွမ်းနိုင်သော အပြည့်အစုံဆုံး အင်တာနက်ဝန်ဆောင်မှုများကို ထည့်သွင်းထားကြောင်း ၎င်းက ရှင်းပြသည်။

မြန်မာနိုင်ငံ၌ ယင်းကဲ့သို့ သတင်းနှင့်ဖျော်ဖြေမှုကဏ္ဍစုံဖော်ပြပေးထားသည့် Web Portal အချို့မှာ ပြည်တွင်း IT ကုမ္ပဏီများကလွှင့်တင်ထားသည့် Planet, Bagannet, Khitlunge (ခေတ်လူငယ်) Website စသည်တို့ ဖြစ်ကြသည်။

သတင်းအချက်အလက်များသည် နိုင်ငံ၏ရတနာပင်ဖြစ်ကြောင်း၊ ယင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အကျိုးရှိရှိဖော်ပြပေးနိုင်သည့် ICT သည် ပကတိအဖြူရောင်စာအုပ်တစ်အုပ်ပင်ဖြစ်ပြီး အသုံးပြုသူများအပေါ်မူတည်၍ အရောင်ဆိုးသွားနိုင်စေကြောင်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအကြီးအကဲတစ်ဦးက သုံးသပ်ပြောကြားသည်။

www.foreverspace.com.mm

# နေပြည်တော်တပ်ကုန်း စိုက်ပျိုးရေးသုတေသနခြံ သီးနှံမျိုးစေ့သစ်များ မျိုးပွားထုတ်လုပ်

**နေပြည်တော် တပ်ကုန်း၊ စက်တင်ဘာ ၂၄**

နေပြည်တော် တပ်ကုန်းမြို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးသုတေသနခြံမှ စိုက်ပျိုးသီးနှံမျိုးစေ့သစ်များကို သုတေသနပြု မျိုးပွားထုတ်လုပ်ခြင်းနှင့် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စိုက်ပျိုးတောင်သူများသို့ မျိုးပွားဖြန့်ဖြူးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါသုတေသနခြံမှ သုတေသနအရာရှိ ဦးအောင်မြင့်ထွန်းက ပြောကြားသည်။

ယခုလာမည့်စိုက်ပျိုးရာသီအတွက် ပြောင်း (အစေ့ထုတ်) စပ်မျိုး ၂/၃/၄/၅/၆၊ နေကြာ ရေဆင်း (၁)၊ ရေဆင်း (၉)၊ ရေဆင်း (၁၁)၊ ပဲတီစိမ်းစပ်မျိုး၊ ရေဆင်း (၆) ကုလားပဲစပ်မျိုးများကို မျိုးပွားထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ အစေ့ထုတ်ပြောင်းစပ်မျိုးများကို ပြည်နယ်၊ တိုင်း၊ မြို့နယ်များသို့ နှစ်စဉ်စိုက်ဧက ၁၅,၀၀၀ စာအတွက်လည်းကောင်း၊ ရေဆင်း (၁) စပ်မျိုး နေကြာမျိုးစေ့ကို စိုက်ဧက ၅၀၀၀ စာအတွက်လည်းကောင်း ရေဆင်း (၉)၊ ရေဆင်း (၁၁) ပဲတီစိမ်းမျိုးစေ့ တင်း ၂၀၀ ကိုလည်းကောင်း၊ ရေဆင်း (၆) ရွှေနီလုံးကြီး ကုလားပဲမျိုးစေ့ တင်း ၃၅၀ ကိုလည်းကောင်း မျိုးပွားထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

**မင်းသုခိုင်**



# ကမ္ဘာအနှံ့ရှိ မြန်မာဆရာဝန်များနှင့် မြန်မာဆေးပညာရှင်အဖွဲ့ ဖွဲ့စည်းမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၉**

နိုင်ငံရေးနှင့် ပတ်သက်ခြင်းမရှိသော၊ အကျိုးအမြတ်မယူသော လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မြန်မာဆေးပညာရှင်အဖွဲ့ (Federation of Burmese Physician) ကို နိုင်ငံတကာတွင် ရောက်ရှိနေသော မြန်မာဆရာဝန်များဖြင့်ဖွဲ့စည်းရန် အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့တွင် ယခုလ ၄ ရက်မှ ၇ ရက်အထိပြုလုပ်သော 'ကမ္ဘာတစ်ဝန်း မြန်မာဆရာဝန်များညီလာခံ' က အတည်ပြု ဆုံးဖြတ်ခဲ့ကြောင်း ကမ္ဘာတစ်ဝန်း မြန်မာဆရာဝန်အဖွဲ့ဝင်တစ်ဦးဖြစ်သူ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ (ရန်ကုန်) ၏ အတွင်းရေးမှူး ဒေါက်တာမြင့်ဦးက ပြောကြားသည်။

"အနီးစပ်ဆုံးကတော့ ၂၀၁၀ မှာဖြစ်ဖို့များတယ်။ အဲဒီနိုင်ငံတွေမှာ ဥပမာ– ကနေဒါဆိုရင် BMA Canada တို့၊ အမေရိကားဆိုလည်း BMA & NA (North America) ပေါ့။ အဲလိုမျိုးအဖွဲ့ဝင်လေးတွေ ရှိကြတယ်။ ဒါကို ဒီလိုအဖွဲ့မျိုးလေးတွေနဲ့ လူမှုရေးလုပ်ငန်းတွေလုပ်မယ့်အစား ကမ္ဘာတစ်ဝန်းက မြန်မာဆရာဝန်တွေပါဝင်တဲ့ အဖွဲ့တစ်ခုဖွဲ့ရအောင်ဆိုပြီး ဒီညီလာခံမှာ ဆုံးဖြတ်ဖြစ်ခဲ့တယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါဆေးပညာရှင်အဖွဲ့တွင် နိုင်ငံတကာသို့ ရောက်ရှိနေကြသည့် ပါမောက္ခဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် မြန်မာနိုင်ငံမှဆရာဝန်များ ပါဝင်မည်ဖြစ်ကြောင်း ဒေါက်တာမြင့်ဦးက ပြောကြားသည်။ အဆိုပါကမ္ဘာတစ်ဝန်း မြန်မာဆရာဝန်များညီလာခံတွင် မြန်မာနိုင်ငံမှ ဆရာဝန် ၁၀၀ ဦးကျော်အပါအဝင် ကနေဒါ၊ ဗြိတိန်၊ ဖီဂျီ၊ ဂျမေကာ၊ မလေးရှား၊ ဟောင်ကောင် စသည့်နိုင်ငံတို့မှ မြန်မာဆရာဝန် စုစုပေါင်း ၄၀၀ ဦးကျော်တက်ရောက်ခဲ့ကြောင်း ၎င်းထံမှ သိရသည်။

**မင်းမျိုး**

www.foreverspace.com.mm



# MCPA အသင်းဝင် ၇၂၀၀ ကျော်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၉**



မြန်မာနိုင်ငံ၌ ကွန်ပျူတာပညာပြန့်ပွားရေးကို အဓိကဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) တွင် ၂၀၀၉ ခုနှစ် စက်တင်ဘာလအထိ အသင်းဝင် စုစုပေါင်း ၇၂၀၇ ဦးရှိသွားပြီဖြစ်ကြောင်း အဆိုပါအသင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

MCPA ကို ၁၉၉၇ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ကွန်ပျူတာပညာရပ်ဆိုင်ရာ စာမေးပွဲများကျင်းပခြင်း၊ IT ပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲများ လစဉ်ပြုလုပ်ခြင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ပူးပေါင်း၍ ICTပြပွဲများ အခါအားလျော်စွာ စီစဉ်ကျင်းပခြင်း၊ ကွန်ပျူတာပညာရပ်ဆိုင်ရာသင်တန်းများပို့ချခြင်း၊ မြန်မာ့ ICT လောကမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ Product, Service တို့မှ နှစ်စဉ် တစ်ခုကိုရွေးချယ်၍ MCPA Excellent Award ချီးမြှင့်ခြင်း၊ Programming နှင့် ကွန်ပျူတာပညာရပ်ဆိုင်ရာ ပြိုင်ပွဲများကျင်းပပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ICT ပညာရပ်ဆိုင်ရာ တီထွင်ဖန်တီးမှုများကို အားပေးချီးမြှင့်သည့်အနေဖြင့် MCPA Challenge အမည်ဖြင့် ပြိုင်ပွဲတစ်ရပ်ကို ၂၀၀၉ ခုနှစ်မှစ၍ Myanmar Search Engine ခေါင်းစဉ်ဖြင့် ပထမအကြိမ် စတင်ပြုလုပ်ခဲ့သည်။

ယခုအခါ MCPA၌ Fellow Member ၂၀ ဦး၊ Professional Member ၈၂၆ ဦး၊ Associate Member ၃၆၄၅ ဦး၊ Student Member ၂၇၁၅ ဦး စုစုပေါင်း အသင်းဝင် ၇၂၀၇ ဦးရှိသွားပြီဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်က ဆိုသည်။

# ရန်ကုန်မြို့တော် အမှိုက်သိမ်းစနစ်တွင်အသုံးပြုရန် ပြည်ပအမှိုက်သိမ်းယာဉ်များတင်သွင်း

**သတင်းဆောင်းပါး-ခင်ဌေးကြွယ် (၃-၁၀-၂၀၀၉)**

**ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသော အမှိုက်သိမ်းစနစ်တွင် ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရန် ဂျပန်နိုင်ငံထုတ်မော်တော်ယာဉ် ၁၀ စီးကို စက်တင်ဘာလအတွင်း မှာယူထားပြီးဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက စက်တင်ဘာလကုန်ပိုင်းတွင် ပြောကြားသည်။**

ယခုလအနည်းငယ်အတွင်း ငါးစီးခန့်ကို ကနဦးတင်သွင်းမည်ဖြစ်ကြောင်း၊ တင်သွင်းမည့် မော်တော်ယာဉ်များသည် ဟိုက်ဒရောလစ်စနစ်သုံး မော်တော်ယာဉ်များဖြစ်ကြောင်း၊ ယင်းတို့ကို အချက်အချာကျသည့်နေရာတွင် ရပ်ထားပြီး မြို့တွင်းမှ သိမ်းဆည်းလာသည့် အမှိုက်များကိုစု၍ သတ်မှတ်ထားသည့်အမှိုက်ပုံသို့ ပို့ဆောင်စွန့်ပစ်သည့်စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရန်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းကြောင့် အမှိုက်သိမ်းဆည်းမှုပိုမိုမြန်ဆန်လာပြီး မြို့တော်သန့်ရှင်းသာယာလှပရေးကိုပါ များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း မြို့တော်ဝန်က ထပ်လောင်းရှင်းပြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) အနေဖြင့် ခေတ်မီအမှိုက်သိမ်းမော်တော်ယာဉ်များကို မကြာခဏမှာယူတင်သွင်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ်အသီးသီးသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် မော်တော်ယာဉ်တစ်စီး၏တန်ဖိုးမှာ ကျပ်သိန်း ၇၀၀ ဝန်းကျင်ရှိပြီး ၂၀၀၇ ခုနှစ်အတွင်းကလည်း စီးရေ ၂၀ ဝယ်ယူ

www.foreverspace.com.mm

ထုတ်သွင်းခဲ့ကြောင်း ၎င်း၏အဆိုအရ သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှ ထွက်ရှိသော အမှိုက်မှာ နေ့စဉ်တန်ချိန် ၁၅၀၀ ရှိကြောင်း၊ ယင်းတို့မှာ စက္ကူ၊ သတ္တု၊ ကြေးနီ စသည့်အမှိုက်များဖြစ်ပြီး အများစုမှာ ကြွပ်ကြွပ်အိတ်များဖြစ်ကြောင်း၊ တန်ချိန် ၁၅၀၀ အနက် တန် ၂၀၀ ခန့်မှာ Recycle လုပ်နိုင်၍ ယင်းတို့ကို အပြင်နေရာများတွင် ရောင်းချလေ့ရှိပြီး အမှိုက်ပုံသို့ နေ့စဉ်တန်ချိန် ၁၃၀၀ ရောက်ရှိကြောင်း၊ ယင်းအမှိုက်များကို တရားဝင်သတ်မှတ်ထားသည့် အမှိုက်ပုံနှစ်ခုဖြစ်သော လှိုင်သာယာရှိ ထိန်ပင်အမှိုက်ပုံနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) (ထားဝယ်ချောင်) အမှိုက်ပုံတို့တွင် စွန့်ပစ်လေ့ရှိကြောင်း၊ မြို့တော်တွင်းရှိ မြို့နယ်၊ ရပ်ကွက်အသီးသီးမှ အမှိုက်များကို နေ့စဉ်သို့မဟုတ် တစ်ပတ်လျှင် နှစ်ကြိမ်၊ သုံးကြိမ် သိမ်းဆည်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်ချက်များရှိနေသေးသည်ကိုလည်း အမြန်ဆုံးပြည့်စုံရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက Living Color သို့ ပြောကြားသည်။

အမှိုက်သိမ်းစနစ် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်တစ်ခုလျှင် အမှိုက်သိမ်းမော်တော်ယာဉ်စီးရေ သုံးစီးမှ ငါးစီးအထိရှိပြီး အမှိုက်အထွက်များသည့် မြို့နယ်အချို့တွင် ရှစ်စီးထိပေးထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူဝန်ထမ်းအင်အားကိုလည်း တိုးချဲ့ပေးထားပြီး နေ့စားဝန်ထမ်းများကိုပါ ခန့်ထားလာခြင်းကြောင့် ယခုအခါ ရန်ကုန်မြို့တွင်း၌ နေ့စားဝန်ထမ်းပေါင်း ၃၀၀၀ ကျော်ထိထားရှိဆောင်ရွက်နေကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

အမှိုက်သိမ်းဆည်းချိန်အား နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ သတ်မှတ်ထားပြီး YCDC ဌာနတွင် ယခုအခါ အမှိုက်သိမ်းမော်တော်ယာဉ်စီးရေ စုစုပေါင်း ၂၈၉



စီးထိရှိနေပြီဟု သန့်ရှင်းရေးဌာန စာရင်းများအရ သိရသည်။

ထိုသို့ အမှိုက်သိမ်းမော်တော်ယာဉ်များတိုးချဲ့ထားရှိလာခြင်း၊ နေ့စားဝန်ထမ်းအင်အားတိုးချဲ့လာခြင်းများရှိသော်လည်း လက်ရှိအခြေအနေတွင် လုံလောက်မှုမရှိသေးသည်ကို မြို့တော်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ဈေးများအနီးရှိ အမှိုက်ပုံများကသက်သေပြနေသကဲ့သို့ တွေ့ရသည်။ ယင်းလိုအပ်ချက်များကြောင့်ပင် နေ့စားဝန်ထမ်းများထပ်မံ၍ အများအပြားခန့်ထားခြင်းဖြစ်ပြီး လမ်းဘေးတောင်းရမ်းစားသောက်သူများကိုလည်း နေ့စားခန့်၍ နေရာထိုင်ခင်းအခက်အခဲရှိပါက စီစဉ်ပေးပြီး နေ့စားခန့်ထားပေးမည်ဟု မြို့တော်ဝန်က ဆိုသည်။ တောင်းရမ်းစားသောက်သူများကို နေ့စားသန့်ရှင်းရေးလုပ်သားခန့်ထားခြင်းဖြင့် တောင်းရမ်းသူနည်းပါးလာပြီး မြို့တော်ကြီး နိုင်ငံတကာအဆင့်မီတည်ဆောက်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဟုလည်း ၎င်းက ပြောကြားသည်။

မြို့တော်သန့်ရှင်းရေးဆောင်ရွက်ရာ၌ YCDC ကိုသာ အားကိုးမနေဘဲ မြို့



www.foreverspace.com.mm

တော်နေပြည်သူများအနေဖြင့်လည်း မိမိတို့၏ပင်ကိုယ်အသိစိတ်ဓာတ်ဖြင့် အမှိုက်ကို သတ်မှတ်နေရာ၌သာ စနစ်တကျစွန့်ပစ်ရေးသည် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်အရာများဖြစ်သည်ဟု ဆူးလေမှတ်တိုင်တစ်ဝိုက် သန့်ရှင်းရေးဆောင်ရွက်နေသည့် အသက် ၄၀ ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ မိမိနေအိမ်၌ဖြစ်စေ၊ ကားပေါ်၌ဖြစ်စေ၊ လမ်းမပေါ်၌ဖြစ်စေ သတ်မှတ်နေရာ၊ အမှိုက်ပုံးများထဲသို့ စနစ်တကျအမှိုက်ပစ်ရေးကို နိုင်ငံသားတိုင်း လေ့ကျင့်မွေးမြူသင့်သည်ဟုလည်း ၎င်းက ထပ်မံပြောကြားသည်။



ရန်ကုန်မြို့တော်သည် လွန်ခဲ့သည့်ဆယ်စုနှစ်ငါးခု၊ ခြောက်ခုဝန်းကျင်က အရှေ့တောင်အာရှတွင် အကောင်းဆုံး၊ အလှပဆုံးနှင့် အသန့်ရှင်းဆုံးမြို့တော်တစ်ခုအဖြစ်ထင်ရှားခဲ့ကြောင်း၊ ယင်းခေတ်ယင်းအခါက မြို့နေလူဦးရေမှာလည်း နည်းပါးပြီး မြို့တော်နေပြည်သူများ၊ အုပ်ချုပ်စီမံသူအများစုမှာလည်း စည်းကမ်းကျနစွာ နေထိုင်ဆောင်ရွက်ထိန်းသိမ်းခဲ့ကြကြောင်း၊ အမှိုက်သိမ်းစနစ်မှာလည်း စနစ်တကျရှိခဲ့ပြီး ပြည်သူအများစုမှာလည်း စည်းကမ်းရှိစွာ အမှိုက်စွန့်ပစ်ခဲ့ကြကြောင်း ဗိုလ်တထောင်မြို့နယ်၌ မွေးဖွားခဲ့သည့် ရန်ကုန်မြို့ခံ အငြိမ်းစားအရာရှိကြီးတစ်ဦးက Living Color သို့ ပြောကြားသည်။

ရန်ကုန်မြို့တော်သို့ နယ်ဒေသများမှ လာရောက်အခြေချသူများကို မြို့ပြစနစ်အား သေချာစွာသိနားလည်ပြီး စည်းကမ်းတကျနေထိုင်တတ်မှသာ မြို့တော်တွင်း၌ နေထိုင်ခွင့်ပြုခဲ့သည်များရှိခဲ့ကြောင်း၊ ချမှတ်ထားသည့် စည်းကမ်းများကောင်းမွန်သကဲ့သို့ ချမှတ်သူရော ပြည်သူများကပါ စည်းကမ်းအတိုင်း ပြုမူနေထိုင်ခဲ့ကြကြောင်း၊ ထို့ကြောင့်ပင် ရန်ကုန်မြို့သည် အာရှတိုက်၏ အလှပဆုံးနှင့် အသန့်ရှင်းဆုံးဟု ကျော်ကြားထင်ရှားခဲ့ကြောင်း အငြိမ်းစားပုဂ္ဂိုလ်က ပြောကြားသည်။

အမှိုက်သိမ်းမော်တော်ယာဉ်များ တိုးချဲ့လာခြင်း၊ ဝန်ထမ်းအင်အားတိုးခန့်ပေးခြင်းတို့သည် လက်ရှိမြို့တော်နေပြည်သူလူထုအရေအတွက်နှင့် နှိုင်းယှဉ်ပါက လိုအပ်နေဦးမည်ဖြစ်ကြောင်း၊ သို့သော် လက်ရှိရရှိထားသော စီးရေ၊ နေ့စားဝန်ထမ်းများဖြင့်ပင် စနစ်တကျဆောင်ရွက်မည်၊ ထိထိရောက်ရောက်ဆောင်ရွက်မည်ဆိုပါက လက်ရှိအခြေအနေထက် ပိုမိုသန့်ရှင်းမည်မှာ သေချာကြောင်း၊ ယခုအခါ ရပ်ကွက်အချို့၏ အမှိုက်ပုံများမှာ ရက်သတ္တတစ်ပတ်၊ နှစ်ပတ် သိမ်းဆည်းခြင်းမရှိ၍ အနံ့ဆိုးများထွက်သည့်အပြင် ကြွက်၊ ခြင်၊ ယင်ကောင်များပါ ပေါများနေသည်ကို တွေ့မြင်နေရကြောင်း၊ အထူးသဖြင့် ချောင်ကျသည့်ရပ်ကွက်၊ လမ်းအချို့တွင် ယင်းသို့ တွေ့မြင်နေရကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ရန်ကုန်မြို့တော်နေပြည်သူများအနေဖြင့်လည်း တစ်ဦးချင်းစီကပင် စည်းကမ်းရှိရှိ၊ စနစ်တကျအမှိုက်စွန့်မည်ဆိုပါက မြို့တော်ကြီး သန့်ရှင်းလာမည်မှာ သေချာပါသည်။ YCDC အနေဖြင့်လည်း မြို့နယ်၊ ရပ်ကွက်အသီးသီး၌ အမှိုက်ပစ်ရန်နေရာ စနစ်တကျသတ်မှတ်ထားပြီး အမှိုက်ပုံမှန်သိမ်းဆည်းခြင်း သို့မဟုတ် အခွန်အခကောက်ခံပြီး အိမ်တိုင်း၌ အမှိုက်ပုံးထား၍ စနစ်တကျဆောင်ရွက်မည်ဆိုပါက အမှိုက်များစုပုံပုပ်သိုးမှု လျော့နည်းသွားမည်ဖြစ်သည်။ ယင်းသို့အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ ဆုပေး၊ ဒဏ်ပေးစနစ်ကို ဦးစွာကျင့်သုံးဆောင်ရွက်သင့်ကြောင်းနှင့် စနစ်တကျအမှိုက်စွန့်ပစ်တတ်ရေးကို ရေရှည်ဆောင်ရွက်သွားသင့်ပြီး ပညာပေးမှု၊ စည်းရုံးမှုများဖြင့် ကြိုးပမ်းသင့်ကြောင်း ပြည်ပနိုင်ငံအချို့၌ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားသံတမန်တစ်ဦးက ပြောကြားသည်။



"အနီးစပ်ဆုံး စင်ကာပူပဲကြည့်

www.foreverspace.com.mm



အချိုက်ပစ်တာ စည်းကမ်းမဲ့ရင် အရေးယူခံရမယ်ဆိုတာ သိနေတော့ စည်းကမ်းမဲ့မပစ်ရဲဘူး။ ကြာလာတော့ သူ့အလိုလိုစည်းကမ်းရှိပြီးသားဖြစ်နေတယ်” ဟု အထက်ပါ ပုဂ္ဂိုလ်က ဆိုသည်။

စင်ကာပူမြို့သည် ကျဉ်းမြောင်းခြင်း၊ လူဦးရေနည်းပါးခြင်း၊ လူတိုင်း၏စည်းကမ်းရှိခြင်းတို့မှုကြောင့် သန့်ရှင်းသပ်ရပ်ခြင်းဖြစ်ကြောင်း၊ အခြားသော အာရှနိုင်ငံမြို့တော်များ၌လည်း အလားတူသန့်ရှင်းသပ်ရပ်မှုမျိုးရှိနေပြီး ပြည်သူအများစုမှာ စည်းကမ်းလိုက်နာသည့် အလေ့အကျင့်ရှိပြီးသားဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

မြန်မာလူမျိုးများသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသောလူမျိုးဖြစ်ပြီး စည်းကမ်းလိုက်နာရန်ဆောင်ရွက်ရာတွင်လည်း လွယ်ကူမည်ဖြစ်၍ ဦးဆောင်လမ်းပြသူများက စနစ်တကျစီစဉ်ဆောင်ရွက်သွားမည်ဆိုပါက လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်က မြို့တော်ရန်ကုန်ဖြစ်လာမည်ဟု ၎င်းက သုံးသပ်သည်။

# စိုက်ပျိုးရေးဆေးများ အညွှန်းအတိုင်းသုံးစွဲ၍ ရောဂါဖြစ်လာပါက တာဝန်ယူမည်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၂၈**




မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးဈေးကွက်တွင် ဈေးကွက်ဝေစု ၄၀ ရာခိုင်နှုန်းရရှိထားသည်ဟုဆိုသော မြန်မာ့သြဘာက ဖြန့်ဖြူးသည့် စိုက်ပျိုးရေးဆေးများကို လမ်းညွှန်ချက်အတိုင်းသုံးစွဲ၍ ရောဂါတစ်စုံတစ်ရာဖြစ်ပွားလာပါက တာဝန်ယူမည်ဖြစ်ကြောင်း မြန်မာ့သြဘာစီးပွားရေးလုပ်ငန်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးသတိုးဟိန်းက ပြောကြားသည်။

ရန်ကုန်မြို့ Chatrium Hotel တွင် စက်တင်ဘာလ တတိယအပတ်အတွင်းက သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

“Guidline အတိုင်း လိုက်နာလို့ တစ်ခုခုဖြစ်လာရင် အတတ်နိုင်ဆုံး တာဝန်ယူပေးပါ့မယ်” ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

မြန်မာနိုင်ငံအတွင်းတွင် တရားဝင်ဖြန့်ဖြူးသော စိုက်ပျိုးရေးဆေးများအနေဖြင့် မြန်မာ့ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် အစစ်ဆေးခံကာ တောင်သူများ ပိုးသတ်ဆေးသုံးစွဲရန်၊ ထားသိုရန် အညွှန်းများနှင့် အဆိပ်ဖြစ်ကြောင်း စသည်တို့ကို မြန်မာဘာသာဖြင့် ရေးသားရိုက်နှိပ်ပြီးမှသာ ဈေးကွက်အတွင်း ဖြန့်ဖြူးခွင့်ပြုကြောင်း ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွဋ်က ဆိုသည်။

“ဒီအတိုင်းလိုက်နာရင်တော့ ဖြစ်လာစရာအကြောင်းမရှိပါဘူး” ဟု မြန်မာ့သြဘာမှ ဈေးကွက်နှင့်အရောင်း အထွေထွေမန်နေဂျာ ဦးချို့ဝင်းလှိုင်က ပြောကြားသည်။

သို့သော် ဆေးဖျန်းသဖြင့် ရောဂါဖြစ်ပွား၍ တာဝန်ယူပေးခဲ့ရသော တောင်သူယနေ့အထိ မရှိသေးကြောင်း မြန်မာ့သြဘာမှ တာဝန်ရှိသူက ဆိုသည်။

ထိုကဲ့သို့သော ပိုးသတ်ဆေး၊ ရောဂါသတ်ဆေး၊ အပင်ပေါက်မုန်းဆေး စသည်တို့ကိုဖျန်းရာ၌ ကရိကထများသည်ဟုဆိုကာ မြန်မာတောင်သူအများစု ဆေးဖျန်းသည့်အခါ လုံခြုံစိတ်ချရသော ဝတ်စုံနည်းစနစ်များကိုအသုံးပြုမှုနည်းပါးကြောင်း မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ဗဟိုအလုပ်မှုဆောင်တစ်ဦးကပြောကြားသည်။

ဆေးအများစုမှာ ရေရှည်သုံးစွဲပြီး အချိန်ကာလ ကြာရှည်လာမှသာ ရောဂါလက္ခဏာများ ပြသတတ်ပြီး ခန္ဓာကိုယ်အတွင်း ဆေးစိမ့်ဝင်နိုင်သော ပါးစပ်၊ အသက်ရှုလမ်းကြောင်းနှင့် အရေပြားတို့အနက် အရေပြားမှစိမ့်ဝင်ခြင်းသည် အဆိုး

www.foreverspace.com.mm

ရှုံးဆုံးဖြစ်ကြောင်း ဒေါက်တာသန်းထွဋ်က ရှင်းပြသည်။

"ဆေးရောင်းတဲ့သူတွေက ဆေးဘယ်လိုကောင်းကြောင်းပဲ ပြောကြတယ်။ လူကိုထိမယ့်ဘေးထွက်ဆိုးကျိုး မပြောဘူး" ဟု စိုက်ပျိုးရေးဆေးကို အကာအကွယ်မဲ့ နှစ်ရှည်သုံးစွဲသဖြင့် အဆုတ်ကင်ဆာရောဂါခံစားနေရသော သုံးခွမြို့နယ် နန်းကလဲကျေးရွာမှ တောင်သူတစ်ဦးက ပြောဆိုသည်။

အချို့တောင်သူများမှာ တရုတ်နှင့် ထိုင်းနယ်စပ်မှဝင်ရောက်သော ဈေးသက်သာသည့် စိုက်ပျိုးရေးဆေးများကို သုံးစွဲလေ့ရှိရာ ပါရှိသောအညွှန်းကို ဖတ်နိုင်ခြင်းမရှိသဖြင့် အလွဲသုံးမိပါက အန္တရာယ်ဖြစ်ပွားနိုင်ကြောင်း မြန်မာ့သြဘာမှ ဦးချိုဝင်းလှိုင်ကဆိုသည်။

"ကျွန်မတို့ခြံမှာဆို ထိုင်းကလာတဲ့ဆေးကိုသုံးတယ်။ ကောင်းတော့ တော်တော်ကောင်းတယ်။ အညွှန်းတွေက ထိုင်းလိုပဲ ရေးထားတယ်။ ဒီတော့ အဆင်ပြေသလိုပဲ ဖျန်းတယ်" ဟု ထားဝယ်ဒေသမှ သီဟိုဠ်ခြံလုပ်ကိုင်သူတစ်ဦးက ၎င်းတို့သုံးစွဲနေသည့်အနေအထားကို ရှင်းပြသည်။

မြန်မာတောင်သူများ စိုက်ပျိုးရေးသုံးဆေးများကို စနစ်တကျသုံးစွဲတတ်လာစေရန်အတွက် မီဒီယာများနှင့် ပူးပေါင်းကာ ပညာပေးလိုကြောင်း မြန်မာ့သြဘာက ဆိုသည်။

Powerful Press

# အရောင်းအဝယ်အေးသော်လည်း ငှားရမ်းမှုများ၍ မြောက်ဒဂုံ အိမ်ငှားခဈေးမြင့်

**သတင်းဆောင်းပါး–မောင်မိုးညို၊ ၁၂–၁၀–၂၀၀၉**

**ဝါတွင်းကာလလွန် မြောက်ဒဂုံအိမ်၊ ခြံ၊ မြေဈေးကွက်တွင် ခေါ်ဈေးမြင့်၍ အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်အေးနေသော်လည်း ငှားရမ်းလိုသူများနေခြင်းကြောင့် အိမ်ငှားရမ်းခနှုန်းထားများ ဝါမဝင်ခင်ကထက် ပိုမိုမြင့်တက်လာကြောင်း ဒဂုံမြို့သစ်မြောက်ပိုင်း အိမ်၊ ခြံ၊ မြေဈေးကွက်မှ စုံစမ်းသိရှိရသည်။**

"အခုက အိမ်၊ ခြံ၊ မြေ အရောင်းရှိတယ်၊ အဝယ်မရှိတာ။ အရောင်းတွေက ဈေးတင်ခေါ်နေတာ။ ပေါက်ဈေးထက်မြင့်တော့ ဝယ်မယ့်သူမရှိ ဖြစ်နေတာ။ အိမ်ရှင်အများစုကလည်း ငွေလိုလို့ထုတ်တာ မဟုတ်တော့ ဝယ်သူမရှိလည်း တင်းထားမှာပဲ" ဟု တိုးတိုးအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဦးအောင်တိုးကျော်က ရှင်းပြသည်။

အိမ်၊ ခြံ၊ မြေဝယ်ယူလိုသူများ နေ့စဉ်လာရောက်စုံစမ်းမှုများရှိသော်လည်း လိုအပ်၍ဝယ်လိုခြင်းမျိုးမဟုတ်ဘဲ ငွေပိုငွေလျှံရှိပြီး မြှုပ်နှံထားလို၍ ဝယ်ယူလိုခြင်းဖြစ်ရာ ခေါ်ဈေးမြင့်နေသဖြင့် အရောင်းအဝယ်မဖြစ်ကြောင်း ၎င်းက ဆိုသည်။



"ဝါမဝင်ခင်က အိမ်ငှားခ တစ်ခါမြင့်ပြီးပြီ။ အခုထပ်တက်တာ အဓိက,ကတော့ အငှားများရင် ဈေးတက်တာပေါ့။ ဝါဝင်ဝါထွက်မှာ အငှားများလေ့ရှိတော့ ဒီအချိန်ဈေးမြင့်လေ့ရှိပါတယ်။ ၅၀၀၀ တန်ထွက်လို့ ငှားခ ဈေးမြင့်တာမဟုတ်ပါဘူး" ဟု (၃၆) ရပ်ကွက်မှ အိမ်ခြံမြေအကျိုးဆောင် ဦးထွေးက ပြောကြားသည်။

ဒဂုံမြို့သစ်မြောက်ပိုင်း အိမ်၊ ခြံ၊ မြေ၊ ငှားရမ်းခများမှာ ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ ကြား ဈေးမြင့်သွားပြီး အထူးသဖြင့် သွားလာရေးလွယ်ကူသည့် ဈေးနီး၊ ကျောင်းနီး၊ ကားလမ်းမနှင့်နီးသည့်နေရာများမှာ ဈေးပိုမိုမြင့်တက်လာကြောင်း တွေ့ရသည်။

"တောင်ဥက္ကလာပမြို့နယ်နဲ့နီးတဲ့ ဘောလီတံတားအဆင်းနားက ရပ်ကွက်တွေက ဈေးကောင်းရတယ်။ နောက်ပြီး ပင်လုံ

www.foreverspace.com.mm



လမ်းမကြီးတစ်လျှောက် ကပ်လျက်ရပ်ကွက်တွေက ဈေးကောင်းတယ်။ တက္ကသိုလ်ကျောင်းဘက်တွေ၊ ၅၀ ကွေ့ဘက်တွေနဲ့ အတွင်းပိုင်းကျတဲ့ရပ်ကွက်တွေက ဈေးသိသိသာသာတက်မလာဘူး” ဟု ဦးထွေးက ရှင်းပြသည်။

အိမ်ငှားခနှုန်းထားများ မြင့်မားလာသော်လည်း အိမ်အများစုမှာ ပြန်လည်ပြင်ဆင်ထားခြင်းမရှိသဖြင့် နေ၍ရရုံလောက်သာရှိကြောင်း၊ သပ်သပ်ရပ်ရပ်ရှိသည့် အိမ်အရေအတွက်မှာ နည်းသဖြင့် အိမ်ကောင်းရရန် မလွယ်ကူကြောင်း၊ အိမ်ကောင်းရှား၍ အိမ်တစ်ခါငှားရန် အချိန်ယူရကြောင်း၊ အကျိုးဆောင်ခမှာလည်း သုံးလငှားငှား၊ ခြောက်လငှားငှား တစ်လစာပေးရကြောင်း၊ ယင်းကြောင့် အိမ်ငှားများအနေဖြင့် လစာတိုးတောင်းလည်း ပေးလိုက်သည်ကများပြီး အိမ်ပြောင်းရွှေ့ရန် မစဉ်းစားသည်ကများကြောင်း အိမ်ငှားရမ်းနေထိုင်သူများ၏ အဆိုအရ သိရသည်။

“တကယ်တော့ အိမ်ငှားခဈေးတက်တာ ကျွန်တော်တို့အိမ်ရှင်တွေ တက်တာမဟုတ်ဘူး။ အိမ်ငှားခတက်တာ ကျွန်တော်တို့တောင် မသိလိုက်ရဘူး။ စာချုပ်ချုပ်တော့မယ်ဆိုမှ ဈေးတက်မှန်းသိရတာ” ဟု ဒဂုံမြို့သစ်မြောက်ပိုင်း (၃၁) ရပ်ကွက်မှ အိမ်ရှင် ဦးစိန်ဝင်းက ဆိုသည်။

အိမ်ငှားရမ်းခ မြင့်တက်လာခြင်းမှာ အဓိကအားဖြင့် အိမ်၊ ခြံ၊ မြေအကျိုးဆောင်များပေါ်တွင်မူတည်ပြီး ၎င်းတို့က အိမ်ငှားရမ်းလိုသူ အနည်းအများကိုချိန်၍ အိမ်၊ ခြံ၊ မြေငှားရမ်းခကို တိုးတောင်းခြင်းဖြစ်ကြောင်း၊ အိမ်ငှားခချတောင်းရန်လိုချိန်တွင်တော့ အိမ်ရှင်ကိုအသိပေး၍ ဈေးချရသော်လည်း ဈေးတင်ချိန်တွင် အသိပေးရန်မလိုကြောင်း၊ အများအားဖြင့် အိမ်ငှားရမ်းမှုနှုန်းမှာ ဝါတွင်းကာလရောက်ရန် နီးကပ်ချိန်များနှင့် ဝါထွက်ကာစကာလများတွင် တည်ငြိမ်မှုမရှိ၍ ယင်းကာလများတွင် ဈေးမြင့်လေ့ရှိကြောင်း ဒဂုံမြို့သစ်မြောက်ပိုင်း အရှေ့ဇာ်ဦးအကျိုးဆောင်လုပ်ငန်းမှ ဦးကောင်းမြတ်က ရှင်းပြသည်။



ဒဂုံမြို့သစ်မြောက်ပိုင်း အိမ်ငှားခနှုန်းထားများမှာ ဘေလီတံတားအဆင်း ကားလမ်းမနှင့်နီးသည်နေရာများတွင် လုံးချင်းအိမ်များမှာ တစ်လ ကျပ် ၄၀၀၀၀ မှ ၅၀၀၀၀ ဝန်းကျင်ရှိပြီး ရေပါပါက ကျပ် ၆၀၀၀၀ မှ ၈၀၀၀၀ ကျပ်ဝန်းကျင်အထိရှိကြောင်း၊ အတွင်းပိုင်းနေရာများတွင် လုံးချင်းအိမ်များမှာ တစ်လ ကျပ် ၂၅၀၀၀ ဝန်းကျင်မှ ကျပ် ၄၀၀၀၀ ဝန်းကျင်အထိရှိပြီး ရေပါပါက ကျပ် ၄၅၀၀၀မှ ကျပ် ၅၅၀၀၀ အထိရှိကြောင်း၊ ၅၀ ကွေ့နှင့် ဒဂုံတက္ကသိုလ်ဝန်းကျင်ရပ်ကွက်များတွင် လုံးချင်းအိမ်များမှာ တစ်လ ကျပ် ၂၀၀၀၀ ဝန်းကျင်မှ ကျပ် ၃၅၀၀၀ ဝန်းကျင်အထိရှိကြောင်း၊ မဟာမြိုင်နှင့် တော်ဝင်အိမ်ရာများမှာ အပေါ်ဆုံးထပ် ကျပ် ၄၀၀၀၀ ဝန်းကျင်မှ မြေညီထပ် ကျပ် ၆၀၀၀၀ အထိရှိကြောင်း ဒဂုံမြို့သစ်မြောက်ပိုင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများထံမှ စုံစမ်းသိရှိရသည်။



www.foreverspace.com.mm

# မသန်စွမ်းသူများအတွက် ကွန်ပျူတာသင်တန်း AAR ဖွင့်လှစ်မည်

**ရန်ကုန်၊ အောက်တိုဘာ ၁၃**



နိုင်ငံ၌ မသန်စွမ်းသူများကို ကူညီပံ့ပိုးခြင်းနှင့် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော ဂျပန်နိုင်ငံအခြေစိုက် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းဖြစ်သည့် AAR-Japan သည် မသန်စွမ်းသူများအတွက် ကွန်ပျူတာသင်တန်းကို ၂၀၁၀ ခုနှစ်အတွင်း ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းမှ မြန်မာနိုင်ငံအစီအစဉ်မန်နေဂျာ ဒေါ်နှင်းဝါဝါဝင်းက Living Color သို့ ပြောကြားသည်။

AAR-Japan အနေဖြင့် မြန်မာနိုင်ငံတွင် ၁၉၉၉ ခုနှစ်၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပြီး ၂၀၀၀ ပြည့်နှစ် မတ်လမှစတင်၍ မသန်စွမ်းသူများအတွက် အသက်မွေးလုပ်ငန်းပညာသင်ကျောင်းကို ဖွင့်လှစ်ကာ ဆံသနှင့် စက်ချုပ်ပညာသင်တန်းများ သင်ကြားပို့ချပေးခဲ့ရာ ၂၀၀၉ ခုနှစ် စက်တင်ဘာလအထိ သင်တန်းဆင်းပြီးသူစုစုပေါင်း ၇၇၃ ဦးရှိသွားပြီဖြစ်ကြောင်း ၎င်းကဆိုသည်။

အလားတူမသန်စွမ်းသူများအတွက် ကွန်ပျူတာသင်တန်းကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းက ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ပို့ချသင်ကြားလျက်ရှိသည်။

# နေပြည်တော် ပျဉ်းမနားဒေသ အစေ့ထုတ်ပြောင်း တင်းသိန်း ၂၀ အထိထွက်ရှိဟုဆို

**သတင်းဆောင်းပါး – မင်းသုခိုင် (၁၈–၉–၂၀၀၉)**

**နေပြည်တော် ပျဉ်းမနားမြို့နယ် ယခုနှစ်ပြောင်းစိုက်ရာသီ၌ ပြောင်းစေ့တင်းပေါင်း ၁၅ သိန်းမှ သိန်း ၂၀ ခန့်အထိထွက်ရှိကြောင်း နေပြည်တော် ပျဉ်းမနားမြို့ သစ်ဆိမ့်ပင်ကျေးရွာမှ ပြောင်းစိုက်တောင်သူ ဦးဝင်းအောင်က ပြောကြားသည်။**



နေပြည်တော် ပျဉ်းမနားမြို့အရှေ့ဘက်တွင် သစ်ဆိမ့်ပင်၊ ကျောက်ချက်၊ ညောင်ပင်သာ၊ ကျည်တောင်၊ သာယာဝန်း၊ စည် ပင်ကြီး၊ ကွမ်းခြံ၊ နှမ်းတော၊ ဆင်သေ၊ ဇီးဖြူပင် စသည့်ကျေးရွာများရှိပြီး ကျည်တောင်၊ ဆင်သေ၊ နှမ်းတော၊ ကွမ်းခြံ စသည့်ကျေးရွာများတွင် ပြောင်းကို အများဆုံးစိုက်ပျိုးကြကြောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ်ဒေသထွက်ပြောင်းကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်သို့ပါ တင်ပို့မှုရှိပြီး ယခုအခါ မွေးမြူရေးလုပ်

www.foreverspace.com.mm



ဈေးများ လုပ်ကိုင်မှုများပြားလာသည့်အတွက် ပြည်တွင်းပြောင်းဈေးကွက်မှာ ယခင်ထက် ပိုမိုကျယ်ပြန့်လာကြောင်း၊ နေပြည်တော် ပျဉ်းမနားမြို့တွင် စိုက်ပျိုးနေသည့် ရေဆင်းစပ်မျိုး (၄)၊ စပ်မျိုး (၅) ပြောင်းမျိုးစေ့ကို ရေဆင်းစိုက်ပျိုးရေး သုတေသနဌာနက ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းအရည်အသွေးကောင်းသည့် ပြောင်းမျိုးအဖြစ် စမ်းသပ်မျိုးထုတ်လုပ်ပြီး ၂၀၀၃ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယင်းဒေသ၌ ပြောင်းစိုက်တောင်သူများသည် မိုးပြောင်းနှင့် ဆောင်းပြောင်းတို့ကို စိုက်ပျိုးကြပြီး သောင်းပြောင်းစိုက်ပျိုးရာတွင် ရေသွင်းစိုက်ပျိုးရကြောင်း၊ နေပြည်တော် ပျဉ်းမနားမြို့ရှိ ပြောင်းစိုက်ကျေးရွာတစ်ရွာတွင် ပြောင်းစိုက်သူဦးရေ ၅၀ ခန့်ရှိပြီး တစ်ဧကပြောင်းဖူးအထွက်နှုန်းမှာ ၁၅,၀၀၀ မှ ၂၀,၀၀၀ ဖူးခန့်ထွက်ရှိကြောင်း၊ ပြောင်းစေ့အနေဖြင့် တစ်ဧကလျှင် တင်း ၄၀ မှ ၆၀ ကြားထွက်ရှိကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

နေပြည်တော် ပျဉ်းမနားမြို့ဒေသ ရေဆင်းစပ်မျိုး (၄)၊ စပ်မျိုး (၅) အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်မှုဈေးကွက်သည် ၂၀၀၉ ခုနှစ် စက်တင်ဘာလဆန်းပိုင်းကစ၍ ဈေးကွက်ဖွင့်လာပြီး အစေ့ထုတ်ပြောင်း ပွဲရုံအဖွင့်ဈေးမှာ တစ်တင်းလျှင် ၅,၇၀၀ ကျပ်ဈေးရှိကြောင်း၊ ယခုစက်တင်ဘာလဆန်း ပြောင်းဈေးမှာ တစ်တင်းလျှင် ၅,၂၀၀ ကျပ်ရှိပြီး ဈေးအနည်းငယ်ကျသွားကြောင်း ဦးဝင်းအောင်က ပြောကြားသည်။

ယမန်နှစ်က နေပြည်တော် ပျဉ်းမနားမြို့၏ အစေ့ထုတ်ပြောင်းဈေးကွက်အဖွင့်ဈေးမှာ တစ်တင်းလျှင် ၆,၃၀၀ ကျပ်ဈေးပေါက်ခဲ့ပြီး နောက်ဆုံးဈေး တစ်တင်းလျှင် ၂,၃၀၀ ကျပ် ဈေးကျသွားခဲ့ကြောင်း၊ ပွဲဦးထွက်ဈေးကွက်ချရောင်းသူများမှာ ပြောင်းစေ့အလေးချိန် (အစိုဓာတ်ပါ) ရှိနေသည်ကတစ်ကြောင်း၊ ဈေးကွက်အဖွင့် ပွဲရုံ



ဈေးမှာ ဈေးကောင်းပေးတတ်သည့်အတွက် တစ်ကြောင်း တွက်ခြေကိုက်ကြကြောင်း၊ နောက်ပိုင်းမှ ဈေးကွက်ချ ရောင်းသူများမှာ ပြောင်းစေ့အစိုဓာတ်လျော့ကာ အလေးချိန်ကျပြီး ပွဲရုံမှ ပြောင်းဝယ်ဈေးကျတတ်သည့်အတွက် တွက်ခြေမကိုက်ကြတော့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယမန်နှစ် အစေ့ထုတ်ပြောင်းဈေးကွက်သည် Export ဈေးကွက်ရှိသည့်အတွက် ပွဲရုံဝယ်ဈေးမြင့်ခဲ့ပြီး နောက်ပိုင်း၌ Export ဈေးကွက်မရှိတော့၍ ဈေးပြန်ကျသွားကြောင်း၊ ပြောင်းစိုက်ပျိုးမှုတွင် မှိုရောဂါအများဆုံးဖြစ်တတ်၍ အထွက်နှုန်းကျကာ အရှုံးပေါ်တတ်ကြောင်း၊ စိုက်ပျိုးသူများအနေဖြင့် ပြောင်းစိုက်ရာတွင် ယူရီးယားပိုတက်ဓာတ်မြေဩဇာနှင့် ဓာတ်ဆားစသည့်သဘာဝမြေဩဇာများကိုသာ အသုံးပြုကြသည့်အတွက် ဓာတုဗေဒဆေးဝါးကင်းရှင်းသည့် စားသုံးသီးနှံတစ်ခုဖြစ်ကြောင်း နေပြည်တော် ပျဉ်းမနားမြို့ သစ်ဆိမ့်ပင်ရွာမှ ပြောင်းစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

ပြောင်းစိုက်တောင်သူများသည် ကုန်ကျစရိတ်ကာမိရန် ပြောင်းဖူးဖက်ကို ဆေးလိပ်လုပ်ငန်းတွင် ရောင်းချကြကြောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ်ဒေသထွက် ပြောင်းဖူးဖက်များကို ဧရာဝတီတိုင်းသို့ တင်ပို့ကြောင်း၊ ဧရာဝတီတိုင်းတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်း နေပြည်တော် ပျဉ်းမနားဒေသထွက် ပြောင်းဖူးဖက်များမှာ ဈေးကွက်ပျက်ပြီး အရောင်းဝယ်ဈေးကွက်မရှိတော့ကြောင်း၊ ပြောင်းဖူး ၁၀,၀၀၀ တွင် ပြောင်းစေ့လှီးခမှာ ၁၂,၀၀၀ ကျပ်ရှိကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။



www.foreverspace.com.mm

# မိဘမဲ့ကလေးငယ်များအတွက် စာကြည့်တိုက်တည်ထောင်ပေးရန် MOSN ကလေးပန်းချီပြပွဲလုပ်

**ရန်ကုန်၊ စက်တင်ဘာ ၁၄**



မိဘမဲ့ကလေးများကို ကူညီထောက်ပံ့ပေးရန်ရည်ရွယ်၍ ဝါသနာတူလူငယ်များဖြင့် ဖွဲ့စည်းထားသည့် Myanmar Orphans Support Network (MOSN) က မိဘမဲ့ကလေးများအတွက် စာကြည့်တိုက်တစ်ခုတည်ထောင်ပေးရန် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကလေးပန်းချီပြပွဲ ပြုလုပ်၍ ရန်ပုံငွေရှာခဲ့ကြောင်း အဆိုပါအဖွဲ့အမှုဆောင်တစ်ဦးဖြစ်သူ ဦးကျော်ဇေယျက ပြောကြားသည်။

"ဒီပြပွဲလေးလုပ်ပြီး ရန်ပုံငွေရှာတဲ့အခါမှာ အဖွဲ့ဝင်တွေက အစားအသောက်နဲ့ လက်ဆောင်ပစ္စည်းတွေ ရောင်းချပေးတဲ့ပုံစံနဲ့ရှာတယ်။ နောက်လာတဲ့ဧည့်သည်တွေအနေနဲ့ အလှူငွေထည့်ဝင်လို့ရအောင် စီစဉ်ပေးထားတယ်။ နောက်ပြီး မိဘမဲ့ကလေးတွေ အသုံးဝင်နိုင်မယ့် ပစ္စည်းလေးတွေကိုလည်း လှူဒါန်းနိုင်အောင်စီစဉ်ပေးထားပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါပွဲမှရရှိလာသည့်ငွေများဖြင့် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်တွင်ရှိသော မြသီဂီသီလရှင်စာသင်တိုက်တွင် ပညာသင်ကြားလျက်ရှိသည့် မိဘမဲ့ကလေးများအတွက် စာကြည့်တိုက်တစ်ခုကို တည်ထောင်၍ ပထမဆုံးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်ကေခိုင်စိုးက ပြောကြားသည်။

ယင်းပြပွဲတွင် ပြသထားသည့် ကလေးငယ်တို့၏ ပန်းချီကားများမှာ 'ကျွန်ုပ်တို့၏ကျောင်း' နှင့် 'ကျွန်ုပ်၏ပတ်ဝန်းကျင်' ဟူသည့်ခေါင်းစဉ်ပါ အကြောင်းအရာများကို ရေးဆွဲထားခြင်းဖြစ်ပြီး ကလေးများ၏ဖန်တီးမှုအတွေးအခေါ်၊ အရောင်အထားအသိနှင့် ကလေးများ၏ ပျော်ရွှင်တက်ကြွသောရသများကို အလေးပေးကာ ပန်းချီဆရာ၊ ဆရာမရှစ်ဦးက အကဲဖြတ်ပေးထားကြောင်း၊ ယင်းပြိုင်ပွဲသို့ ရန်ကုန်မြို့ရှိ အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် မိဘမဲ့ကလေးကျောင်းများမှ မူလတန်းအဆင့်ရှိ ကျောင်းသားကျောင်းသူများ၏ ပန်းချီကား ၆၁၈ ကားပါဝင်ယှဉ်ပြိုင်ပြသခဲ့ကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

**မင်းမျိုး**

# ရာသီဥတုဖောက်ပြန်မှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်

**သတင်းဆောင်းပါး-အောင်စိုး-၁၃-၁၀-၂၀၀၉**

**မြန်မာနိုင်ငံသို့ မုတ်သုံလေဝင်ရောက်မှုကာလ တိုတောင်းခြင်း၊ အလယ်ပိုင်းဒေသတွင် မိုးရွာသွန်းမှု သိသာစွာနည်းပါးသွားခြင်းများကြောင့် စိုက်ပျိုးရေ လုံလောက်စွာမရရှိခဲ့သောဒေသများတွင် စပါးအစား ပဲမျိုးစုံနှင့် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးခဲ့ရကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။**

ပုံမှန်မိုးရွာသွန်းမှုနည်းပါးသော မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ဆည်တမံများနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများမှပေးပို့သော ရေရရှိသည့်စိုက်ပျိုးမြေများမှလွဲပြီး ဒေသအများစုတွင် ပဲမျိုးစုံကို ပြောင်းလဲစိုက်ပျိုးခဲ့ကြ

www.foreverspace.com.mm





သော်လည်း အောက်တိုဘာလဆန်းပိုင်းမှစတင်၍ ငါးရက်ခန့်ကြာ မိုးသည်းထန်စွာဆက်တိုက်ရွာသွန်းခဲ့မှုများကြောင့် ရေကြီးမှုများဖြစ်ပွားခဲ့ပြီး ပဲစိုက်ခင်းများပျက်စီးခဲ့ရကြောင်း ကလေးဒေသခံတောင်သူများထံမှ သိရှိရသည်။

"မိုးကုန်ပြီဆိုလို့ ပဲတီစိမ်းတွေကို မျိုးဖောက်ရုံရှိသေးတယ်၊ ရွာလိုက်တဲ့မိုး။ ရေမြုပ်ပြီး အကုန်သေသွားတယ်" ဟု ကလေးမြို့နယ် နတ်ကြီးကုန်းဒေသခံ ပဲစိုက်တောင်သူတစ်ဦးက ဆိုသည်။

ဆန်စပါးနှင့်ပဲမျိုးစုံကို အဓိကထားစိုက်ပျိုးသော မြန်မာနိုင်ငံအနေဖြင့် နှစ်ရှည်ဖြစ်ပေါ်လာသော ရာသီဥတုပြောင်းလဲမှုဒဏ်၊ အယ်နီညို၏ဒဏ်နှင့် ထူးခြားသောရာသီဥတုဖောက်ပြန်မှုဒဏ်သုံးမျိုးစလုံးကိုစတင်ကြုံတွေ့နေရပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က ပြောကြားသည်။

"တောင်ပိုင်းဒေသတွေမှာ ရေကြီးမှုဖြစ်ပွားတဲ့အထိရောက်အောင် မိုးရွာနိုင်ပြီးအလယ်ပိုင်းဒေသတွေမှာ မိုးအရမ်းခေါင်တယ်လို့ ပြောရလောက်အောင် ဖြစ်လာနိုင်မယ်" ဟု ဒေါက်တာထွန်းလွင်က ဆိုသည်။

အောက်တိုဘာလဆန်းပိုင်းတွင် မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းခြင်းမှာ မုတ်သုံလေကြောင့်မဟုတ်ဘဲ တောင်တရုတ်ပင်လယ်တွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများသည် ဖိလစ်ပိုင်နိုင်ငံမှတစ်ဆင့် ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့ကို ဖြတ်သန်းခဲ့သဖြင့် မြန်မာနိုင်ငံတွင် မိုးရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ရာသီဥတုဖောက်ပြန်မှုများနှင့် ဆက်စပ်၍ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များကြောင့် ဆန်စပါးစိုက်ပျိုးသူများအနေဖြင့် စက်မှုအင်အားကို ထိရောက်စွာအသုံးပြုသင့်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၏အမှုဆောင်တစ်ဦးက ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မိုးနည်းဒေသများတွင် စိုက်ပျိုးရေလုံလောက်စွာရရှိရန် ဆည်တမံများ ဖောက်လုပ်ခြင်း၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်နေခြင်းများသာမက မြေအောက်ရေထုတ်ယူအသုံးပြုနိုင်ရန် ရေလျှံတွင်းများတူးဖော်၍ စိုက်ပျိုးမြေများသို့ ပေးဝေပေးလျက်ရှိသကဲ့သို့ မြစ်ဝကျွန်းပေါ်ဒေသများတွင် လယ်မြေများအတွင်းသို့ ဆားငန်ရေဝင်ရောက်ခြင်းမရှိစေရန် ကမ်းပတ်တာများဖောက်လုပ်ပေးလျက်ရှိကြောင်း တရားဝင်ထုတ်ပြန်ချက်များအရ သိရှိရသည်။

တောင်တရုတ်ပင်လယ်တွင် နှစ်စဉ်မုန်တိုင်း ၃၀ ခန့်ဖြစ်ပွားလေ့ရှိသော်လည်း ယခုနှစ်တွင် ၁၈ ကြိမ်ခန့်သာရှိသဖြင့် ထပ်မံဖြစ်ပွားရန် ၁၀ ကြိမ်ခန့် ကျန်ရှိနေကြောင်း၊ မြန်မာနိုင်ငံသို့လည်း ဒုတိယမုန်တိုင်းရာသီတွင် တောင်တရုတ်ပင်လယ်မှ ဖြစ်ပေါ်လာသော မုန်တိုင်းများ ဝင်ရောက်တတ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ပညာရှင် ဒေါက်တာထွန်းလွင်ထံမှ သိရသည်။

မိုးစပါးစိုက်ပျိုးပြီး ဆောင်းသီးနှံစတင်စိုက်ပျိုးသောကာလများတွင် မုန်တိုင်းဝင်ရောက်ခြင်းနှင့် မိုးသည်းထန်ခြင်း



www.foreverspace.com.mm



များဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုများပြား နိုင်ကြောင်း ဘိုကလေးဒေသခံ စပါးစိုက် တောင်သူတစ်ဦးက ပြောကြားသည်။

“မိုးကြီးလို့ မြစ်ရေတိုးနေတဲ့အချိန်နဲ့ ဆည်ဖောက်ချတဲ့အချိန်နဲ့ တိုက်လို့ကတော့ စပါးခင်းမြုပ်ပြီး အထွက်နှုန်းကော၊ အရည် အသွေးကောကျသွားမှာ” ဟု ဟသ်ာတမြို့ နယ် မြို့ကွင်းဒေသခံတစ်ဦးက ဆိုသည်။

“အရင်တုန်းကလို စပါးရိတ်ပြီး ကန် သင်းဘေးမှာ ပုံထားလို့မရပါဘူး။ ရိတ်





သိမ်းခြွေလှေ့စက်သုံးပြီး အမိုးအကာ အောက် တစ်ခါတည်းထည့်ရမှာ” ဟု အဆိုပါပုဂ္ဂိုလ်က ရှင်းပြသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥ တုဖြစ်စဉ်များ ပုံစံမမှန်ပြောင်းလဲလာခြင်း၊ အယ်လ်နီညိုနှင့် တွေ့ကြုံနေရခြင်းများ ကြောင့် မိုးရေချိန်ရရှိမှုနည်းပါးခြင်း၊ မြေ ဆီများ ခန်းခြောက်ကွဲအက်လာခြင်း၊ မုန် တိုင်းဝင်ရောက်ခြင်းနှင့် ရေကြီးမှုများ ဖြစ် ပွားနိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင် သူများအနေဖြင့် ဆုံးရှုံးပျက်စီးမှုများ နည်း ပါးစေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင် ရွက်ရန်လိုအပ်လျက်ရှိကြောင်း စိုက်ပျိုးရေး ပညာရှင်များနှင့် မိုးလေဝသနှင့်ဇလဗေဒ ပညာရှင်များက သုံးသပ်ပြောကြားသည်။

# အန္တရာယ်ရှိ ဆေးအာနိသင်ပါဝင်သည့်အသီးအနှံများ စစ်ဆေးမှု ရေရှည်ဆောင်ရွက်မည်ဟုဆို

**သတင်းဆောင်းပါး –ခင်ဌေးကြွယ် (၁၀–၁၀–၂၀၀၉)**

**ရန်ကုန်မြို့တော်၏ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဈေးများ၊ အရောင်းစင်တာများ၊ လမ်းဘေးဆိုင်များ စသည့်နေရာအနှံ့ အပြားတွင် ရောင်းချနေကြသော အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ၌ လူကိုအန္တရာယ်ဖြစ်စေသော ဓာတုဆေးဝါးများ ပါဝင်မှု ရှိ၊ မရှိစစ်ဆေးမှုပြုလုပ်ရာ၌ ရေရှည်ဆောင်ရွက်သွားရန် စီမံကိန်းများရေးဆွဲထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာ ယာရေးကော်မတီ (YCDC) ကျန်းမာရေးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက Living Color သို့ ပြောကြားသည်။**

www.foreverspace.com.mm



အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို စစ်ဆေးရာတွင် ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီနှင့် အသီးအရွက်အချို့ကိုသာ ရံဖန်ရံခါစစ်ဆေးမှုပြုခဲ့ကြောင်း၊ သို့သော် ယခုအခါ အပတ်စဉ်၊ လစဉ် မြို့နယ်အလိုက်၊ ဈေးအလိုက် အဖွဲ့များဖွဲ့၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ရောင်းချသည့်နေရာများတွင်သာမက စိုက်ခင်းများအထိပါ စစ်ဆေးသွားရန်စီစဉ်ထားကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

စစ်ဆေးဆောင်ရွက်မှုများကို YCDC အပါအဝင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စသည့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ သက်ဆိုင်ရာကျန်းမာရေးအရာရှိများနှင့် တာဝန်ရှိသူများပူးပေါင်း၍ ခေတ်မီပစ္စည်းကိရိယာများဖြင့် စမ်းသပ်စစ်ဆေးသွားမည်ဟုလည်း ၎င်းကဆိုသည်။

ဈေးကွက်အတွင်းရောင်းချလျက်ရှိသည့် အသီးအနှံများကို FDA အနေဖြင့် အမြဲမပြတ်စစ်ဆေးနေပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအနေအထားတွင် နေရာအစုံစစ်ဆေးရန် မလွယ်ကူသေးကြောင်း၊ သို့သော် အန္တရာယ်ဖြစ်စေသော အသီးအနှံနှင့် အစားအသောက်ရောင်းချမှုများကို တတ်နိုင်သမျှအကောင်းဆုံးဆောင်ရွက်နိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း FDA ၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက Living Color သို့ ပြောကြားသည်။

"ဘယ်အသီးအနှံ၊ ဘယ်ဟင်းသီးဟင်းရွက်ပဲဖြစ်ဖြစ် အများစုက ဓာတုဆေးမကင်းစင်ဘူး။ နည်းတာနဲ့များတာပဲကွာမယ်။ ဒီတော့ စားသုံးတဲ့သူရဲ့ သတိထားစားသုံးတတ်မှုဟာ အရေးပါဆုံးပဲ" ဟု အငြိမ်းစားကျန်းမာရေးအရာရှိကြီးတစ်ဦးက ပြောကြားသည်။


အသီးအနှံစိုက်ပျိုးရောင်းချသူများအနေဖြင့် မိမိတို့၏ အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို ဈေးကွက်မြန်မြန်တင်လို၍ သုံးလခန့်ကြာမှ ခူးဆွတ်ရမည့် အသီးအနှံများကို ဓာတုဆေးများအလွန်အကျွံသုံး၍ တစ်လခွဲ သို့မဟုတ် နှစ်လခန့်နှင့် ခူးဆွတ်တတ်ခြင်း၊ ခူးဆွတ်ပြီးဟင်းသီးဟင်းရွက်၊ အသီးအနှံများကိုလည်း မပုပ်မသိုးမနွမ်းရအောင် ထပ်မံ၍ ဆေးအသုံးပြုခြင်းတို့ကို အဆင့်ဆင့်ပြုလုပ်တတ်ကြကြောင်း၊ စိုက်ပျိုးသူအချို့သည် အော်ဂဲနစ်သီးနှံဟု ပြောဆိုရောင်းချသော်လည်း တစ်ဆင့်ခံ အရောင်းကိုယ်စားလှယ်ထံရောက်သွားပါက မနွမ်းမပုပ်စေသည့် ဓာတုဆေးကို အသုံးပြုတတ်ကြကြောင်း၊ ထို့ကြောင့် ဈေးကွက်အတွင်း ရောင်းချနေကြသည့် မည်သည့်အသီးအနှံ၊ ဟင်းသီးဟင်းရွက်ကိုမဆို ရေကြာမြင့်စွာစိမ်ထားခြင်း၊ အထပ်ထပ်ဆေးကြောခြင်း၊ နူးနပ်အောင်ချက်ပြုတ်စားသောက်ခြင်းတို့ဖြင့်သာ ထိရောက်စွာကာကွယ်ရမည်ဖြစ်ကြောင်း အထက်ပါအငြိမ်းစားပုဂ္ဂိုလ်က အကြံပြုပြောကြားသည်။

ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်တို့တွင် ကျန်ရှိနေသော ဓာတုဆေးဝါးကြောင့် အဆိပ်သင့်ခံခဲ့ရသည့် သာဓကများရှိခဲ့ပြီး သိသာထင်ရှားမှုမရှိသည့် ကျန်းမာရေးထိခိုက်စေမှုများလည်းရှိသည်ဟု ၎င်းကဆိုသည်။

"ရောင်းတဲ့အချိန် စစ်ဆေးတာထက် စိုက်ပျိုးသူတွေ၊ ရောင်းချသူတွေကို ပညာပေးစည်းရုံးရမယ်။ ကျန်းမာရေးအသိပေးရမယ်" ဟု ၎င်းက သုံးသပ်သည်။

အသီးအနှံဝယ်ယူပါက အလုံးကြီးပြီး လတ်ဆတ်သည်ဟုထင်ရသော အသီးများကိုသာ ရွေးချယ်ဝယ်ယူတတ်ကြောင်း၊ အလားတူဟင်းသီးဟင်းရွက်များတွင်လည်း စိမ်းလန်းပြီး အရွက်ကြီးသည်များကိုသာ ဝယ်ယူကြောင်း၊ ယင်းတို့တွင် ဓာတုဆေးသုံး၍ စိုက်ပျိုးရောင်းချသည်ကို သတိမထားမိကြောင်း၊ တစ်ခါတစ်ရံတွင် ဟင်းသီးဟင်းရွက်များကို အပေါ်ယံရေဆေးပြီး အစိမ်းလိုက်ပင် တို့စရာအမယ်အဖြစ်





www.foreverspace.com.mm

အသုံးပြုစားသောက်လေ့ရှိကြောင်း အိမ်ရှင်မတစ်ဦးက ပြောကြားသည်။ အိမ်ရှင်မများအနေဖြင့် ကျောင်းချိန်၊ ရုံးချိန်အမီ ချက်ပြုတ်ကြော်လှော်ရခြင်းကြောင့် ရေစိမ်ခြင်းကို တာရှည်ပြုလုပ်ရန်မလွယ်ကူခြင်းကြောင့် စိုက်ပျိုးရောင်းချစဉ်ကပင် ဓာတုဆေးဝါးကင်းစင်ရေးကို တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း ၎င်းကဆိုသည်။

"အချိန်လုပြီး ချက်ပြုတ်လုပ်ကိုင်နေရတော့ ဓာတုဆေးပါတာ၊ မပါတာ ဂရုကို မစိုက်နိုင်ဘူး။ သန့်ရှင်းဖို့ကိုပဲ အလေးထားရတယ်" ဟု သူမ၏အတွေ့အကြုံကို ဝေမှသည်။

ဈေးကွက်အတွင်းရောင်းချနေသော အသီးအနှံများတွင် ပြည်တွင်း၌စိုက်ပျိုးသည့် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များသာမက ပြည်ပမှတင်သွင်းသော အသီးအနှံများတွင်လည်း ဓာတုဆေးအသုံးပြုမှုမကင်းစင်ကြောင်းနှင့် အော်ဂဲနစ်သီးနှံဟု အမည်တပ်ရောင်းချနေသော သီးနှံများကိုလည်း ယုံကြည်စိတ်ချစွာ စားသုံးရန် မသင့်ကြောင်း ကျန်းမာရေးဝန်ထမ်းအချို့က သတိပေးပြောကြားသည်။

ယင်းသို့ဓာတုဆေးအသုံးပြုမှုများကြောင့် ယခုအခါ နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ဝင်ပေါက်များမှ တင်သွင်းလာသည့် အသီးအနှံ၊ ဟင်းသီးဟင်းရွက်များတွင် လူကိုအန္တရာယ်ဖြစ်စေသော ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု၊ ပိုးမွှားရောဂါကင်းစင်မှုရှိ၊ မရှိကို ရွှေ့လျားဓာတ်ခွဲခန်းများဖြင့် စစ်ဆေးသွားရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ သီးနှံကာကွယ်ရေးဌာနမှ စီစဉ်ဆောင်ရွက်နေသည်ဟု ပြည်တွင်းထုတ်ဂျာနယ်အချို့တွင် ရေးသားဖော်ပြနေကြသည်ကို တွေ့ရသည်။

ဓာတုဆေးဝါးအသုံးပြု အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးမိပါက လတ်တလောတွင် ဝမ်းပျက်၊ ဝမ်းလျှော၊ ဖျားနာ စသည့် အသေးစားရောဂါများသာဖြစ်တတ်ပြီး ရေရှည်စားသုံးမိလျှင်မူ အူကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အသည်းကင်ဆာ စသည့် အသက်အန္တရာယ်ထိခိုက်နိုင်သည့်ရောဂါများဖြစ်ပွားတတ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

အစားအသောက်များ၌ အန္တရာယ်ဖြစ်စေသော ဓာတုဆေးဝါးများပါဝင်ကြောင်း သက်ဆိုင်ရာကကြေညာခြင်းကို ၂၀၀၉ ခုနှစ် ဧပြီလအတွင်းက လက်ဖက်တွင် ဆိုးဆေးများပါဝင်ကြောင်း ကြေညာခြင်းမှ အစပြုခဲ့ပြီး ယင်းနောက်ပိုင်းတွင်မှ ဆက်တိုက်ကြေညာလာခဲ့ကြောင်း၊ သို့ရာတွင် ပစ္စည်းတစ်ခုအား တစ်ကြိမ်သာ စစ်ဆေးပြီး ထပ်မံမစစ်ဆေးပါက မည်သို့မျှ ထူးခြားမည်မဟုတ်ကြောင်း၊ စစ်ဆေးရာတွင်လည်း နေရာဒေသ၊ အမျိုးအစားမရွေး တန်းတူညီမျှစစ်ဆေးအရေးယူမှု၊ ပညာပေးမှုများရှိရန်လိုကြောင်း၊ ရေရှည်စီမံကိန်းချမှတ်၍ စနစ်တကျကြပ်မတ်ဆောင်ရွက်မှသာ အန္တရာယ်ကင်း၍ ယုံကြည်စိတ်ချရသည့်အစားအသောက်များ ဖြစ်လာဖွယ်ရှိကြောင်း ကျန်းမာရေးအရာရှိကြီးတစ်ဦးက သုံးသပ်သည်။ ■





www.foreverspace.com.mm



# ဧည့်လမ်းညွှန်များ ဒေသခံတိုင်းရင်းသားတို့၏ဓလေ့ထုံးစံ ကြိုတင်လေ့လာထားရန်လို

**ရန်ကုန်၊ စက်တင်ဘာ ၁၉**



ခရီးသွားလုပ်ငန်းဆောင်ရွက်နေကြသူများနှင့် ခရီးသွားဧည့်လမ်းညွှန်များအနေဖြင့် မိမိတို့သွားရောက်မည့် ဒေသရှိတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းစဉ်လာများကို စောင့်ထိန်းလိုက်နာရန်နှင့် ယင်းတို့ကို ကြိုတင်လေ့လာထားရန်လိုအပ်ကြောင်း စာရေးဆရာမနုသဲကျော်ဝင်းက စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြောကြားသည်။

ထိုနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Asia Plaza ဟိုတယ်၌ မြန်မာနိုင်ငံရှိ ဧည့်လမ်းညွှန်များ၏ ပထမဦးဆုံးအကြိမ်ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းက စီစဉ်ကျင်းပသော 'တိုင်းရင်းသားဓလေ့ထုံးစံနှင့် ခရီးသွားလုပ်ငန်း' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲတွင် ၎င်းကအထက်ပါအတိုင်း တိုက်တွန်းပြောကြားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ရှိရာ ၎င်းတို့၏အမည်များကို ယခုထက်တိုင် လွဲမှားစွာ ခေါ်ဝေါ်သုံးစွဲနေကြဆဲဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးနှင့် မျိုးနွယ်စုများ၏အမည်များကို မှန်ကန်စွာ သတိထားခေါ်ဝေါ်သုံးနှုန်းရန်လိုအပ်ကြောင်း၊ ထို့အတူ တိုင်းရင်းသားလူမျိုးတို့၏ Taboo ခေါ် ဓလေ့ထုံးတမ်းစဉ်လာများကို လိုက်နာရန်နှင့် ပိုင်နိုင်စွာသိထားရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိ၏ဧည့်သည်ကို ကြိုတင်ရှင်းပြထားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့လေ့လာရာတွင် ရာသီအလိုက်ခွဲခြား၍ မိမိကိုယ်တိုင် ယင်းဒေသများသို့ တိုက်ရိုက်သွားရောက်၍လည်းကောင်း၊ တစ်ဆင့်ကြားသိ၍လည်းကောင်း၊ ရှေ့မီနောက်မီ မြန်မာစကားပြောဆိုတတ်သူ လူကြီးသူမများထံ ချဉ်းကပ်၍သော်လည်းကောင်း ကြိုတင်လေ့လာထားသင့်ကြောင်း၊ ထို့အပြင် မိမိ၏ ဧည့်သည်နှင့် ဒေသခံတိုင်းရင်းသားများအကြား ပြုမူပြောဆိုဆက်ဆံမှုများ အဆင်ပြေချောမွေ့စေရန်၊ ထိန်းညှိပေးရန် လိုအပ်ကြောင်း ၎င်းက ဆိုသည်။

"ဥပမာဗျာ ကချင်ပြည်နယ်ဘက်ရောက်တဲ့အခါ အရက်/ခေါင်ရည်တိုက်တဲ့အခါမှာ မသောက်ဘဲငြင်းဆန်တာမျိုးတို့၊ နတ်စင်ပေါ်မှာ ပစ္စည်းတွေတင်တာတို့၊ နတ်စင်ကို ခေါင်းပေးပြီး အိပ်စက်တာမျိုးတို့ မလုပ်သင့်ဘူး။ နာဂဒေသရောက်ရင်လည်း အစိမ်းသေတဲ့အိမ်တို့၊ ဆူးခတ်ချိန်ထားတဲ့လူမမာအိမ်တို့ကို မမေးမြန်းမိဘဲ ဝင်သွားတာမျိုးမလုပ်သင့်ဘူး။ သူတို့ရဲ့ ရိုးရာကို ထိပါးတာမျိုးကို လက်ခံနိုင်မှာမဟုတ်ဘူး" ဟု ၎င်းက သတိပေးပြောကြားသည်။

စာရေးဆရာ မနုသဲကျော်ဝင်းသည် ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနပါမောက္ခဌာနမှူး၊ အမျိုးသားပြတိုက်ပြတိုက်မှူးကြီး၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဧည့်လမ်းညွှန်သင်တန်းကျောင်းတွင် သင်တန်းဧည့်နည်းပြအဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနတွင် ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ်လည်းကောင်း တာဝန်များထမ်းဆောင်လျက်ရှိသည်။ နောက် အော်နာဂစာအုပ်ဖြင့် ၁၉၇၇ ခုနှစ် အမျိုးသားစာပေဆုဆွတ်ခူးရရှိခဲ့ပြီး စာပေဗိမာန်စာမူဆုများနှင့် ပခုက္ကူဦးအုံးဖေစာပေဆုတို့ကိုလည်း ဆွတ်ခူးရရှိခဲ့သည်။

LIVING COLOR
ဖုန်း - ၂၄၂၄၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm



# ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာအောင်သန်းဦး (၅၃) နှစ်

### ပါမောက္ခ၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်

Living Color Media တွင်ပုံနှိပ်ဖော်ပြခဲ့သော စိတ်ပညာရပ်ပိုင်းဆိုင်ရာဆောင်းပါးများ၊ တွေ့ဆုံဆွေးနွေးမှုများအတွက် လာရောက်တွေ့ဆုံမေးမြန်းမှုမှန်သမျှကို မည်သည့်အခါမျှမငြင်းဆန်ဘဲ စိတ်ရှည်လက်ရှည် ရှင်းပြပြောဆိုပေးခဲ့သော ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနပါမောက္ခ ဒေါက်တာအောင်သန်းဦး (၅၃) နှစ်သည် ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်းနှင့် မီဒီယာများအပေါ်အပြည့်အဝနားလည်ပြီး ပွင့်လင်းစွာ၊ တာဝန်သိစွာ ပြောဆိုရှင်းပြပေးနိုင်သော တက္ကသိုလ်မှပညာရှင်တစ်ဦး ယခုကဲ့သို့ဆုံးရှုံးခဲ့ရသည့်အတွက် နှမြောတသ ယူကြုံးမရဖြစ်မိပါကြောင်း။ ။

**အယ်ဒီတာအဖွဲ့**
**Living Color Media**

**LIVING COLOR MEDIA**

သမ္မတဟိုတယ် **(Business Suite)**
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm





www.foreverspace.com.mm



ဤကဏ္ဍတွင် . . . . .

၁၄(N) အွန်လိုင်းဘဏ်စနစ်ဆီသို့ . . .
၁၈ စားသုံးသူဘက်သို့ခြေတစ်လှမ်း
၂၆ မီးလောင်မှုများ၏နောက်ကွယ်
၃၄ ဆီစားလို့ အားမဖြစ်ပါ
၄၀ ရန်ကုန် ကုန်စည်ဈေးကွက်

# အွန်လိုင်းဘဏ်စနစ်ဆီသို့ . . .

ကျော်ဆန်းမင်း ၊ အောင်စိုး

**အိုင်တီ လက်ထရွန်နစ်နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် 'e' ဆိုသောစကားလုံးမှာ လူသားတို့၏ နိစ္စဓူဝလုပ်ငန်းစဉ်တိုင်းတွင် မပါမဖြစ်ရှေ့ဆက်စကားလုံး ဖြစ်လာသည်။ ယင်းကြောင့်ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့တက်ရောက်လိုသောနိုင်ငံတိုင်း 'e' နှင့် ထိတွေ့ဆက်ဆံနိုင်ရေးမှာ ပဓာနကျလှကြောင်း သိရှိလာကြသည်နှင့်အမျှ ကဏ္ဍအသီးသီးတွင် 'e' ကိုရှေ့ဆက်စကားလုံးအဖြစ် အသုံးပြုနိုင်ရေး ကြိုးစားလုပ်ဆောင်လာကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အွန်လိုင်းကူးသန်းရောင်းဝယ်ရေး 'e-Commerce' ဖွံ့ဖြိုးရေး စတင်လုပ်ဆောင်ရန်တာစူလာပြီဖြစ်ရာ 'e-Commerce' ၏ရေသောက်မြစ်ဖြစ်သော အွန်လိုင်းဘဏ်စနစ် 'e-Banking System' ဖွံ့ဖြိုးစေရေး မလွဲမသွေလုပ်ဆောင်ရတော့မည်ဖြစ်သည်။**

## မြန်မာနိုင်ငံနှင့်ဘဏ်

မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သောဘဏ်မှာ ၁၈၆၁ ခုနှစ်က ရန်ကုန်မြို့တွင်ဖွင့်လှစ်ခဲ့သော ဘင်္ဂလားပြည်နယ်ဘဏ် 'The Presidency Bank of Bengal' ဖြစ်သည်။ ယင်းမှ တရုတ်၊ အိန္ဒိယ၊ ဟောင်ကောင်၊ နယ်သာလန်၊ ဂျပန်၊ ဥရောပနှင့်အမေရိကနိုင်ငံများမှဘဏ်များ ဆက်တိုက်ဆိုသလို လာရောက်ဖွင့်လှစ်လာကြသည့်အပြင် မြန်မာနိုင်ငံသားပိုင် ဦးရဲကျော်သူဘဏ်ကိုလည်း ၁၉၃၈ ခုနှစ်က စစ်တွေမြို့တွင်တည်ထောင်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ပြည်နယ်ဘဏ် (Presidency Banks) သုံးခုကိုပေါင်း၍ Imperial Bank အဖြစ်ဖွဲ့စည်းကာ ဗဟိုဘဏ်၏လုပ်ငန်းဆောင်တာအချို့ကိုဆောင်ရွက်ခဲ့ပြီး ၁၉၃၅ ခုနှစ်တွင် Reserve Bank ကိုဖွဲ့စည်း၍ ဗဟိုဘဏ်လုပ်ငန်းများကိုပီပြင်စွာ လုပ်ဆောင်နိုင်ပြီဖြစ်သည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၄၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ဘဏ်လုပ်ငန်းများအထွတ်အထိပ်ရောက်နေချိန်ဖြစ်ပြီး မြန်မာတစ်ပြည်လုံးတွင်လည်း ဘဏ်လုပ်ငန်းကွန်ရက်ဖြန့်ကြက်ထားနိုင်ပြီ ဖြစ်သည်။ ယင်းကာလ၌ ရန်ကုန်မြို့တွင် ဘဏ် ၂၁ ခု၊ မန္တလေးတွင် ဘဏ်သုံးခု၊ စစ်တွေမြို့တွင် ဘဏ်သုံးခု၊ မော်လမြိုင်မြို့တွင် ဘဏ်နှစ်ခု၊ ပုသိမ်၊ ကျောက်ဖြူ၊ သံတွဲ၊ ဟင်္သာတ၊ မြင်းခြံ၊ မေမြို့နှင့် လားရှိုးမြို့များတွင် ဘဏ်တစ်ခုစီရှိနေပြီဖြစ်သည်။

ဂျပန်ခေတ်တွင် ယိုကိုဟားမားစပီရှီအမည်ရှိဂျပန်ဘဏ်မှာ ဂျပန်ခေတ်တွင် ပထမဆုံးဖွင့်လှစ်သည့်ဘဏ်ဖြစ်ပြီး ရန်ကုန်မြို့တွင်ရုံးချုပ်ထားကာ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ ထားဝယ်၊ မြိတ်၊



www.foreverspace.com.mm

ဘောင်ကြီး၊ တောင်ငူ၊ မြင်းခြံ၊ မေမြို့နှင့် လားရှိုးမြို့များတွင်ဘဏ်ခွဲများ ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် ၁၉၄၃ ခုနှစ် မေလတွင် ချစ်တီးများ ရန်ကုန်၌ဖွင့်လှစ်သည့် မြန်မာနိုင်ငံပြည်သူ့ဘဏ်၊ ယင်းနှစ်တွင်ပင် မန္တလေးရှိ မြန်မာပိုင် ဗုဒ္ဓဘာသာ မိဘမဲ့ကလေးများစောင့်ရှောက်ရေးဘဏ်တို့ ပေါ်ပေါက်လာသည်။ ၁၉၄၃ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံတော်ဘဏ်ဥပဒေကိုပြဋ္ဌာန်း၍ ၁၉၄၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗဟိုဘဏ်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ခဲ့သည်။

ဂျပန်များစစ်ရှုံးသဖြင့် ဂျပန်ငွေများ တန်ဖိုးမဲ့သွားပြီး ဘဏ်များ ပျက်သွားခဲ့သည်။

စစ်ပြီးခေတ်တွင် မဟာမိတ်တပ်များနှင့်အတူ ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာပြီး အုပ်ချုပ်ချိန်တွင် ယခင်ဗဟိုဘဏ်အဖြစ်ဆောင်ရွက်ခဲ့သော ရီဇတ်ဘဏ် ပြန်လည်ရောက်ရှိလာပြီး မြန်မာပြည်တွင် လုပ်ငန်းလက်ငုတ်ရှိသော ပြည်ပဘဏ်များ ပြန်လည်ဝင်ရောက်လာခဲ့သည်။

လွတ်လပ်ရေးရပြီး ၁၉၄၈ ပြည်တွင်းဆူပူမှုနောက်ပိုင်းတွင် ဘဏ်လုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးလာရာ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်မြို့တွင် ဘဏ် ၁၈ ခု၊ စစ်တွေနှင့် ပြင်ဦးလွင်တို့တွင် ဘဏ်တစ်ခုစီသာရှိရာ စုစုပေါင်း တစ်ပြည်လုံး၌ ဘဏ် ၂၀ သာ ရှိခဲ့သည်။

၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီတက်လာသောအခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိဘဏ်များအားလုံး နိုင်ငံကသာလျှင် လုပ်ကိုင်ရမည်ဟူသောမူကြောင့် တိုင်းရင်းသားပိုင်ဘဏ် ၁၄ ခုနှင့် နိုင်ငံခြားသားပိုင်ဘဏ် ၁၄ ခုကို ပြည်သူပိုင်သိမ်းခဲ့သည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်အာဏာကိုထိန်းသိမ်းခဲ့ပြီးနောက် ဆိုရှယ်လစ်စီးပွားရေးစနစ် နိဂုံးချုပ်ခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ်ကိုကူးပြောင်းခဲ့ရာ ပြောင်းလဲလာသည့်စီးပွားရေးမူဝါဒနှင့်အတူ ဘဏ်များ၏အခန်းကဏ္ဍမှာ ရှေ့ရောက်လာသည်။

ယင်းကြောင့် ၁၉၉၀ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ငွေရေးကြေးရေးဆိုင်ရာ နည်းဥပဒေကို ဘဏ္ဍာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းပေးခဲ့ပြီး မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်သက်ဆိုင်သည့် စည်းမျဉ်းများကို မေလ ၂၈ ရက်နေ့တွင် ဗဟိုဘဏ်က ထုတ်ပြန်ပေးခဲ့သည်။

ယင်းဥပဒေများအရ ၁၉၉၂ ခုနှစ် မေလမှစ၍ ပုဂ္ဂလိကဘဏ်များ ဖွင့်ခွင့်ပေးခဲ့ရာ ၁၉၉၂ ခုနှစ် ဇွန်လတွင် ပထမဆုံးဖွင့်လှစ်သည့်ဘဏ်မှာ မြန်မာနိုင်ငံသားများဘဏ်လီမိတက်ဖြစ်သည်။

ယင်းသို့ဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ဘဏ်ပေါင်း ၂၀ နှင့် ဘဏ်ခွဲပေါင်း ၁၆၂ ဘဏ် ရှိခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ဘဏ်ပေါင်း ၂၀ နှင့် ဘဏ်ခွဲပေါင်း ၂၂၂ ဘဏ် တိုးချဲ့ဖွင့်လှစ်လာနိုင်ခဲ့သည်။



www.foreverspace.com.mm



## စန်းအပွင့်ဆုံးကာလများ

၂၀၀၂ ခုနှစ်မှာ မြန်မာနိုင်ငံဘဏ်များ စန်းအပွင့်ဆုံးကာလဖြစ်ခဲ့ပြီး ပုဂ္ဂလိက ဘဏ် ၂၀ က ဘဏ်ခွဲပေါင်း ၂၂၂ ဘဏ်ကို နိုင်ငံအနှံ့နယ်စပ်ဒေသများပါမကျန် ဖွင့်လှစ်ခဲ့၍ မြန်မာနိုင်ငံအနှံ့ ဘဏ်လုပ်ငန်းကွန်ရက်ကြီးဖြန့်ကြက်ကာ ရှိရင်းစွဲအစိုးရဘဏ်များကို အားဖြည့်ပေးနိုင်ခဲ့သည်။

ဘဏ်ကွန်ရက်ဖြန့်ကြက်ခြင်းဖြင့် ငွေကြေးဝန်ဆောင်မှုနယ်ပယ် ကျယ်ပြန့်လာသည့်နည်းတူ ဆန်းသစ်သောဘဏ်ဝန်ဆောင်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးခဲ့သည်။

၁၉၉၅ ခုနှစ် နိုဝင်ဘာလတွင် မြန်မာမေဖလားဝါးဘဏ်က အလိုအလျောက်ငွေထုတ်စက် (Automatic Teller Machine - ATM) ကို ၂၄ နာရီပိတ်ရက်မရှိ စတင်အသုံးပြုနိုင်ခဲ့သည်။

ယင်းသို့ဖြင့် ၂၀၀၂ ခုနှစ်တွင် ဂြိုဟ်တုဆက်သွယ်ရေး (VSat) စနစ်ဖြင့် တစ်နိုင်ငံလုံးရှိဘဏ်များကို ချိတ်ဆက်ထားပြီး ရောက်ရာနေရာရှိဘဏ်ခွဲများမှလှမ်း၍ ငွေအထုတ်အသွင်းလုပ်ခြင်း၊ မိနစ်ပိုင်းအတွင်း တစ်နေရာမှတစ်နေရာ ငွေလွှဲပို့နိုင်ခြင်းတို့ လုပ်ဆောင်လာနိုင်ခဲ့သည်။

ချေးငွေလုပ်ငန်းတွင်လည်း စားသုံးသူချေးငွေများဖြစ်သော အကြွေးဝယ်ကတ် (Credit Card)၊ ငှားဝယ်စနစ်ဖြင့် ငွေချေးခြင်း (Hire Purchase Loan)၊ အိမ်ရာချေးငွေ (Housing Loan)၊ ရိုးမဘဏ်၏ Trade Guarantee အပါအဝင် ဘဏ်အာမခံလုပ်ငန်းအမျိုးမျိုး၊ အချို့ဘဏ်များ၌ ပေးချေမှုတွင် ချေးငွေနှင့်ချိတ်ဆက်ဆောင်ရွက်ပေးသော (Inland Bill of Exchange)၊ Customer များ ပစ္စည်းအပ်နှံသိမ်းဆည်းရန် လုံခြုံမှုသေတ္တာ (Safe Deposit Locker)၊ မြန်မာအရှေ့တိုင်းဘဏ်၏ ထူးထူးခြားခြား ယုံကြည်အပ်နှံမှုလုပ်ငန်း (Trust) များ အထိပင် အောင်မြင်စွာလုပ်ကိုင်နိုင်သည်အထိ စန်းပွင့်နေခဲ့သည်။

သို့သော် ယင်းစန်းပွင့်မှုနှင့်အတူ လိုက်ပါစန်းပွင့်လာသည့် အကျိုးဆောင်



လုပ်ငန်းများ၏ မသမာသည့်လုပ်ရပ်များ၊ ဘဏ်လုပ်ထုံးလုပ်နည်းများအပေါ် လူထု၏ နားလည်မှုလွဲမှားခြင်းများ စသည့် ပြဿနာများကြောင့် ဘဏ်များ၏စန်းပွင့်မှုမှာ ၂၀၀၂ ခုနှစ် နှစ်ဟောင်းတွင် သမိုင်းမှတ်တိုင်အဖြစ်သာ ကျန်ခဲ့ရသည်။

## အီးကောမာ့စ်ဆိုတာ

အီးကောမာ့စ်ဆိုသည်မှာ အွန်လိုင်းကိုအသုံးပြု၍ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်းဖြစ်ရာ ယင်းစနစ်တွင် အွန်လိုင်းဘဏ်စနစ် (e-Banking) မှာ အရေးပါလှသည်။ အွန်လိုင်းဘဏ်စနစ် ဖွံ့ဖြိုးခြင်းမရှိပါက အီးကောမာ့စ်စနစ်လည်း မည်သို့မျှ ဖွံ့ဖြိုးနိုင်ဖွယ်မရှိပေ။

တစ်နည်းအားဖြင့် အီးကောမာ့စ် ဆိုသည်မှာ အစဉ်အလာငွေပေးချေမှုစနစ်များဖြစ်သော ငွေသားဖြင့်တိုက်ရိုက်ပေးချေခြင်း၊ ဘဏ်မှတစ်ဆင့်ပေးချေခြင်းတို့မျှ လောက်ဖြင့်မလုံလောက်ပဲ အီလက်ထရွန်နစ် ငွေပေးချေစနစ်သို့ ကူးပြောင်းလုပ်ဆောင်နိုင်ရမည် ဖြစ်သည်။

အီလက်ထရွန်နစ်ငွေပေးချေစနစ်ဆိုသည်မှာ ဝယ်သူနှင့်ရောင်းသူကြားတွင် ငွေကြေးကို အွန်လိုင်းမှတစ်ဆင့် ဒစ်ဂျစ်တယ်ငွေကြေးကိရိယာ (ခရက်ဒစ်ကတ်၊ အီလက်ထရွန်နစ်ချက်၊ ဒစ်ဂျစ်တယ်ငွေသား) တစ်ခုခုဖြင့် ဘဏ်ကိုကြားခံငွေပေးချေသူအဖြစ်အသုံးပြုပြီး အွန်လိုင်းပေါ်တွင်သာ ပစ္စည်းမှာယူခြင်း၊ ငွေပေးချေခြင်းတို့ကို ဆောင်ရွက်ခြင်း ဖြစ်သည်။

အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်မှာ အီးကောမာ့စ်စနစ်တွင် အဓိကကျပေရာ အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်သို့ မကူးပြောင်းနိုင်သေးလျှင် တစ်နည်းအားဖြင့် e-Banking စနစ်သို့ မကူးပြောင်းနိုင်သေးလျှင် အီးကောမာ့စ်စနစ်ဖွံ့ဖြိုးရေး နှောင့်နှေးနေဦးမည် ဖြစ်သည်။

## အွန်လိုင်းဘဏ်ဆိုတာ

အွန်လိုင်းဘဏ်စနစ်အောင်မြင်ရန်မှာ အီလက်ထရွန်နစ်အခြေခံဈေးကွက်ဖွံ့ဖြိုးနေရေး ဖြစ်သည်။ အနည်းဆုံးအဆင့် တယ်လီဖုန်းဖြင့် ဘဏ်ကိုဆက်သွယ်နိုင်ခြင်း၊ ခရက်ဒစ်ကတ်များအသုံးပြုနိုင်ခြင်း၊ အလိုအလျောက်ငွေထုတ်စနစ် (ATM) နှင့် ငွေတောင်းခံလွှာများကို ဘဏ်သို့ အွန်လိုင်းမှတစ်ဆင့်ပေးချေနိုင်ခြင်းတို့ ပြုလုပ်နိုင်ရမည်ဖြစ်သည်။ အင်တာနက်ကိုအသုံးပြု၍ Amart card/ Amard money တို့ဖြင့် ငွေပေးချေနိုင်မှုမှာလည်း အွန်လိုင်းဘဏ်စနစ်၏ အနှစ်သာရဖြစ်သည်။

“e-Banking မှာ သိရသလောက်ဆိုရင် အဓိပ္ပာယ်ဖွင့်ထားတာ သုံးမျိုးရှိတယ်။

www.foreverspace.com.mm

Electronic Banking, PC Banking eJY Internet Banking ရယ်ဆိုပြီး သုံးမျိုးရှိတယ်။ Electronic Banking ဆိုတာ လွန်ခဲ့တဲ့ ၁၅ နှစ်က မြန်မာနိုင်ငံရဲ့ဘဏ်တွေမှာ Fax, Telex တွေသုံးတယ်။ ဒါ Electronic Banking အစလို့ပြောရမယ်။ ဘဏ်ကို တိုက်ရိုက်သွားစရာမလိုဘဲ အဝေးကနေ လှမ်းပြီး Transaction လုပ်နိုင်တယ်။ PC-Banking ဆိုတာ ဒီမှာတော့သိပ်မတွေ့ဘူး။ ပြည်ပနိုင်ငံတွေမှာတော့သုံးကြတယ်။ ဆော့ဖ်ဝဲတွေကို Customer တွေရဲ့ ကွန်ပျူတာထဲ ထည့်ပေးလိုက်ပြီး ဘဏ်ကနေ လှမ်းလုပ်တာ ဘဏ်ငွေစာရင်းတွေကို Check လုပ်တယ်။ Withdrawl လုပ်တယ်။ သူ့ထက်မြင့်သွားတာကတော့ Customer တွေရဲ့ ကွန်ပျူတာထဲ ဆော့ဖ်ဝဲရှိစရာမလိုတော့ဘူး။ အင်တာနက်ကနေ လှမ်းပြီးတော့ ချိတ်မယ်။ ကိုယ့်ဆီမှာ ဘဏ်ကပေးထားတဲ့ User Name နဲ့ Password တွေသုံးပြီး Transaction လုပ်တာ။ ဒါက Internet Banking တတိယအဆင့်လို့ဆိုနိုင်တာပေါ့" ဟု Myanmar Security Exchange Centre မှ Senior Manager ဦးသက်ထွန်းဦးက Personal Computer နှင့် e-Commerce အကြောင်းတွေ့ဆုံမေးမြန်းခန်းတွင် ယင်းသို့ ပြောကြားသည်။

ယင်းကြောင့် အွန်လိုင်းဘဏ်စနစ်သို့ ကူးပြောင်းရေးအတွက် ရှေးဦးစွာ ကောင်းမွန်သည့်အင်တာနက်စနစ်ရှိရန်လိုခြင်း၊ အွန်လိုင်းဘဏ်ကွန်ရက်တည်ဆောက်ထားရန်လိုခြင်း၊ ဒီဂျစ်တယ်ငွေကြေး အသုံးပြုနိုင်ရန် လုံလောက်သောစက်ပစ္စည်းနှင့် Infrastructure ရှိရန်လိုခြင်း၊ အွန်လိုင်းဥပဒေနှင့် အွန်လိုင်းလုံခြုံရေးစနစ် ကောင်းမွန်စွာရှိရေး စသဖြင့် ကြိုတင်ပြင်ဆင်ရန် လုပ်ငန်းစဉ်များစွာ ရှိသေးသည်။

## မျက်မှောက်ဘဏ်လုပ်ငန်း

၂၀၀၂ ခုနှစ် နောက်ပိုင်းတွင် မြန်မာ့ပုဂ္ဂလိကဘဏ်လုပ်ငန်းများမှာ ခေတ်ဟောင်းဘဏ်စနစ်စီသို့ ပြန်ရောက်နေသကဲ့သို့ပင် မြန်မာ့ပုဂ္ဂလိကဘဏ်များ၏ စန်းပွင့်ချိန်ဖြစ်သော ၂၀၀၂ ခုနှစ်က ဝန်ဆောင်မှုမျိုး၊ ခေတ်မီနည်းပညာ အသုံးပြုမှုမျိုး များစွာအားနည်းသွားပြီး လုပ်ငန်းလည်ပတ်ရုံသာလုပ်နေသကဲ့သို့ ရှိနေသည်ကို တွေ့ရသည်။

သို့သော် ယခုလပိုင်းတွင် အွန်လိုင်းဘဏ်စနစ်သို့ကူးပြောင်းနိုင်ရေး ဆွေးနွေးဆောင်ရွက်နေမှုများ အနည်းငယ်ပြန်လည်သက်ဝင်လှုပ်ရှားလာသည်ကိုတွေ့နေရသည်။




လက်ရှိတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အစိုးရပိုင် မြန်မာ့စီးပွားရေးဘဏ်များအကြား အွန်လိုင်းမှတစ်ဆင့် Data Transfer လုပ်ရေး၊ Daily Cash Balance ပြုလုပ်နိုင်ရေးတို့အပြင် မြန်မာ့စီးပွားရေးဘဏ်ခွဲများအချင်းချင်း ကွန်ရက်ချိတ်၍ ငွေထုတ်၊ ငွေသွင်းကိစ္စများလုပ်ဆောင်နိုင်ရေးတို့ကိုဆောင်ရွက်လာသည်ကို တွေ့ရသည်။

"ရန်ကုန်မှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲ ၁၊ ၂၊ ၅ နဲ့ နေပြည်တော်၊ မန္တလေးမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်တွေနဲ့ အွန်လိုင်းချိတ်ပြီး ဘဏ်လုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ စီစဉ်နေပါတယ်။ ရန်ကုန်က အွန်လိုင်းချိတ်ထားတဲ့ဘဏ်တစ်ခုခုမှာ စာရင်းဖွင့်ထားတာနဲ့ နေပြည်တော် ဒါမှမဟုတ် မန္တလေးက အွန်လိုင်းချိတ်ထားတဲ့ မြန်မာ့စီးပွားရေးဘဏ်တွေမှာ ငွေသွင်းငွေထုတ်လုပ်လို့ရမှာပါ" ဟု မြန်မာ့စီးပွားရေးဘဏ်မှအရာထမ်းတစ်ဦးက ရှင်းပြသည်။

ယင်းစနစ်တွင် ရန်ကုန်မြို့ရှိအခြားငွေစုဘဏ်ခွဲများလည်း ပါဝင်လာနိုင်ရေးလုပ်ဆောင်နေကြောင်း ၎င်းကဆိုသည်။

ယင်းသို့ အစိုးရပိုင်ဘဏ်များအနေဖြင့် အွန်လိုင်းစနစ်သို့ ကူးပြောင်းနိုင်ရေးလုပ်ဆောင်နေချိန်တွင် ပုဂ္ဂလိကဘဏ်များမှာ ရာနှုန်းပြည့် လည်ပတ်လာစေရန် အခက်အခဲများကြားမှ ရုန်းထွက်နေရဆဲဖြစ်နေသည်။

"ဘဏ်တွေကိုအသုံးချပြီးငွေကြေးခဝါချတာမျိုးတွေ၊ ဘဏ်တွေ ငွေကြေးမနိုင်နင်းတာမျိုးတွေမဖြစ်အောင်ဆိုပြီး ဗဟိုဘဏ်က ဘဏ်တွေအပေါ် ကန့်သတ်ထားတာတွေရှိပါတယ်။ တချို့ပုဂ္ဂလိကဘဏ်တွေဆို ငွေလွှဲလုပ်ငန်းတစ်ခုတည်းပဲခွင့်ပြုထားသလို မတည်ငွေရဲ့ဘယ်လောက်ပဲ ထုတ်ချေးရမယ်၊ အပ်ငွေဘယ်လောက်ပဲ လက်ခံရမယ်ဆိုတာမျိုး ကန့်သတ်ချက်တွေ ရှိပါတယ်" ဟု ပုဂ္ဂလိကဘဏ်တစ်ခုတွင် လုပ်ကိုင်နေသော အငြိမ်းစား မြန်မာ့စီးပွားရေးဘဏ်အရာထမ်းတစ်ဦးကရှင်းပြသည်။

www.foreverspace.com.mm



## အွန်လိုင်းဘဏ်စနစ်သို့

အွန်လိုင်းဘဏ်စနစ်ဟုဆိုလျှင် ယေဘုယျအားဖြင့် အင်တာနက်အသုံးပြုသည့်ဘဏ်စနစ်အဖြစ်သာ ပြောဆိုနေကြရာ အမှန်အားဖြင့် အွန်လိုင်းဘဏ်စနစ်ဆိုသည်မှာ အတိုင်းအတာများစွာ ကျယ်ပြန့်သည်။ အွန်လိုင်းဟုဆိုလျှင် Service ကို နေရာမရွေး၊ အချိန်မရွေး ရယူအသုံးပြုနိုင်ရမည်ဖြစ်သော်လည်း အများစုမှာ Inter-office (ဌာနအတွင်း ချိတ်ဆက်ဆောင်ရွက်မှု) အဆင့်ကိုပင် အွန်လိုင်းစနစ်ဟု ပြောဆိုသုံးနှုန်းလေ့ရှိကြသည်။

ပြည်တွင်း၌ အွန်လိုင်းဘဏ်စနစ်သို့ သွားမည်ဆိုလျှင် နည်းပညာ၊ အီလက်ထရွန်နစ်ဥပဒေ စသဖြင့် Infrastructure ပိုင်းလိုအပ်ချက်များစွာရှိပေရာ ယင်းတို့ကို လျစ်လျူရှု၍ရနိုင်မည်မထင်ပေ။ သို့သော် ရသည့်ပုံစံဖြင့်သွားမည်ဆိုလျှင် Inter-office အဆင့်မျှလောက်နှင့်သာ ကျေနပ်ရမည့် အနေအထားဖြစ်သည်။

"Programmer တစ်ယောက်အနေနဲ့ ပြောရရင် Program တစ်ခုကိုဆွဲတော့မယ်ဆိုရင် ပထမဆုံးက Manually Run တာကို ကြည့်ရတယ် Manual အဆင်မပြေဘူး၊ Manual မှာကိုရှုပ်နေတယ်ဆိုရင် Computerize လုပ်လို့မရဘူး။ အခုအွန်လိုင်းဘဏ်စနစ်မှာလည်း စနစ်ကမငြိမ်သေးရင် Computerize လုပ်ရခက်တယ်။ ဆိုလိုတာက တည်ငြိမ်တဲ့လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းတွေ အရင်ရှိဖို့လိုတယ်။ ဒါမှလည်း တည်တည်ငြိမ်ငြိမ်နဲ့ ရေရှည်ဖွံ့ဖြိုးနိုင်မှာ။ နောက် အွန်လိုင်းဘဏ်စနစ်သွားမယ်ဆိုရင် ကုန်ကျစရိတ်ကမြင့်တော့ ရေရှည် Run မှ အကျိုးအမြတ်ရှိမယ်" ဟု Software Engineer တစ်ဦးက ဆိုသည်။




အွန်လိုင်းဘဏ်စနစ်သို့သွားရန် လိုအပ်သည့်ဆော့ဖ်ဝဲတစ်ခုပင် ကျပ်သိန်းတစ်ထောင်ခန့်ကုန်ကျကြောင်း၊ ပြုပြင်ထိန်းသိမ်းရန် Software Engineer ခန့်ရခြင်း၊ Server အတွက် လိုအပ်သည့်ပစ္စည်းကိရိယာ ဝယ်ယူတပ်ဆင်ရခြင်း စသည်တို့ကြောင့် ကုန်ကျစရိတ်မြင့်ကြောင်း၊ ယင်းသို့ရင်းနှီးမြှုပ်နှံမှုစရိတ်မြင့်သော်လည်း ပြန်ရသည့် ဝန်ဆောင်ခမှာ နည်းပါးကြောင်း၊ ယင်းကြောင့် အွန်လိုင်းဘဏ်စနစ်သွားရေးမှာ လွယ်ကူသည့်ကိစ္စမဟုတ်ပေရာ အခြေခိုင်ခိုင်ဖြင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရန်လိုကြောင်း ဘဏ်ပညာရှင် ဦးဝင့်ကျော်က သုံးသပ်ပြသည်။

"အွန်လိုင်းဘဏ်စနစ် အကောင်အထည်ဖော်တော့မယ်ဆိုရင် စံသတ်မှတ်ထားတဲ့ အွန်လိုင်းဘဏ်စနစ် (Standard Online Banking Software) တစ်ခု မဖြစ်မနေ လိုအပ်လာပြီ။ ဒါမှ တစ်နိုင်ငံလုံးကဘဏ်တွေ တစ်ပြေးညီချိတ်ဆက်ဆောင်ရွက်နိုင်မှာ။ ဒီလိုပဲ တခြားလိုအပ်ချက်တွေ အများကြီးပဲ ဆိုတော့ ဒီဟာတွေအတွက်လည်း ပြင်ဆင်ဖို့လိုမယ်" ဟု Personal Computer ဂျာနယ် အယ်ဒီတာချုပ် ဦးတင်ညွန့်က သတိပေးပြောကြားသည်။

အွန်လိုင်းဘဏ်စနစ်ကိုအကောင်အထည်ဖော်ဆောင်ရာတွင် အွန်လိုင်းလုံခြုံရေးကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ ယင်းအွန်လိုင်းဘဏ်စနစ် ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်ရေးမှာ စက်ပစ္စည်းနှင့် နည်းပညာအလုံအလောက်ရရှိမှု၊ လျှပ်စစ်မီးအပြည့်အဝရရှိမှုတို့အပေါ်တွင် မူတည်ကြောင်း၊ အွန်လိုင်းချိတ်ဆက်မှုအတွက် ပုဂ္ဂလိကဘဏ်များကဲ့သို့ သီးသန့် Server ထားရှိရန်လိုကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ အရာထမ်းတစ်ဦးက ပြောကြား သည်။

## ပုဂ္ဂလိကဘဏ်များ ဖွံ့ဖြိုးရေး

အွန်လိုင်းဘဏ်စနစ်သို့ကူးပြောင်းရာတွင် ပုဂ္ဂလိကဘဏ်များ၏အခန်းကဏ္ဍမှာ အရေးကြီးသဖြင့် ပုဂ္ဂလိကဘဏ်များ ပြန်လည်ဖွံ့ဖြိုးလာစေရန် လိုအပ်ပါသည်။ ထိုအခြေအနေနှင့်ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားဘဏ်မန်နေဂျာတစ်ဦးက ယခုကဲ့သို့ သုံးသပ်သည်။

"အွန်လိုင်းဘဏ်စနစ် ကူးပြောင်းတဲ့နေရာမှာ ပုဂ္ဂလိကဘဏ်တွေရဲ့အခန်းကဏ္ဍကို ချန်ထားလို့မရပါဘူး။ အွန်လိုင်းမကူးခင်မှာ ပုံမှန်ဘဏ်စနစ်တည်တည်ငြိမ်ငြိမ်နဲ့ ဖွံ့ဖြိုးနေဖို့လိုပါတယ်။ ဒီတော့ ငွေကြေးခဝါချမှုတွေမလုပ်နိုင်အောင် ထုတ်ပြန်ထားတဲ့ ကျပ်သိန်း ၅၀ အထက် အထုတ်အသွင်းလုပ်ရင် ဘဏ်ကြီးကြပ်ရေးကော်မတီကို တင်ပြရတာတွေ၊ မတည်ငွေရဲ့ ဘယ်လောက်ကိုပဲထုတ်ချေးရမယ်ဆိုတာတွေ၊ တစ်ပတ် တစ်ကြိမ်ပဲ ထုတ်ခွင့်ပြုတာတွေ၊ ဒါတွေကို ပြန်သုံးသပ်ဖို့လိုနေပါပြီ"

www.foreverspace.com.mm




ဘဏ်စနစ်ဖွံ့ဖြိုးခြင်းမရှိပါက စီးပွားရေးလုပ်ငန်းများအတွက် အဆင်ပြေစေရန် တန်ဖိုးများသော ငွေစက္ကူများ ရိုက်ထုတ်နေရန်လိုအပ်ကြောင်းနှင့်ပတ်သက်၍ ဦးဝင့်ကျော်က ယခုကဲ့သို့ ရှုမြင်သုံးသပ်သည်။

“၅၀၀၀ တန်ရိုက်ထုတ်ပြီး ကိုင်တွယ်သုံးစွဲရတဲ့ငွေစက္ကူပမာဏ လျှော့ကျအောင်လုပ်တာ သုံးလို့လွယ်အောင်လုပ်တဲ့သဘောမျိုးပါ။ သုံးလို့လွယ်အောင်လုပ်တဲ့နည်းတွေကတော့ တခြားနည်းတွေလည်းရှိပါတယ်။ ဒါက အဲဒီနည်းတွေထဲက တစ်နည်းပေါ့။ သုံးလို့လွယ်အောင်လုပ်တဲ့ အကောင်းဆုံးနည်းတစ်ခုကတော့ ဘဏ်စနစ်ကို ဖွံ့ဖြိုးအောင်လုပ်တဲ့နည်းပဲ။ ဘဏ်စနစ်ဖွံ့ဖြိုးဖို့ဆိုရင် တားဆီးမိန့်တွေ ပယ်ပေးရမယ်။ ဥပမာ– ငွေရင်းတစ်ဆကို အပ်ငွေဆယ်ဆပဲ လက်ခံရမယ်ဆိုတာမျိုးပေါ့။ တကယ်တမ်းကျတော့ ငွေရင်းတစ်ဆကို အပ်ငွေနှစ်ဆယ်ဆအထိ လက်ခံနိုင်တယ်။ ဒီတော့ ထိန်းမယ်ဆိုရင်တောင် ၁၅ ဆ၊ ၁၆ ဆလောက်အထိထားပြီး ထိန်းသင့်တယ်။ ဘဏ်တွေဖွံ့ဖြိုးလာလို့ ချက်လက်မှတ်စနစ်သုံးလို့ရလာရင်လည်း ငွေပမာဏအများကြီးကို အသုံးရလွယ်လာမယ့် လက်ရှိငွေစက္ကူအတန်ကြီးရိုက်ထုတ်တာမျိုးက လတ်တလော ဖြေရှင်းနည်းပေါ့။ ရေရှည်အတွက်ဆိုရင်တော့ ဘဏ်စနစ်ဖွံ့ဖြိုးအောင်လုပ်ရမယ်”

ဘဏ်စနစ် ဖွံ့ဖြိုးလာစေရေးမှာ ဗဟိုဘဏ်၏ ထိန်းသိမ်းစောင့်ကြည့်မှုအပိုင်းများစွာအရေးကြီးကြောင်း၊ အစိုးရဘဏ်များရော ပုဂ္ဂလိကဘဏ်များကိုပါ ဗဟိုဘဏ်က မူဝါဒအားဖြင့် ထိန်းသိမ်းရန်လိုသကဲ့သို့ ထောက်ပံ့ကူညီပေးရန်လည်းလိုအပ်ကြောင်း၊ ဘဏ်များအပေါ် လူထုယုံကြည်မှုရှိလာစေရန် ဘဏ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များ တိတိကျကျ ပုံမှန်ထုတ်ပြန်ပေးနေရန်လိုသည့်အပြင် ထုတ်ပြန်ချက်များကိုလည်း လူအများနားလည်စေရန် အရှင်းလင်းဆုံးပုံစံဖြင့် ထုတ်ပြန်ရန်လိုအပ်ကြောင်း စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုက သုံးသပ်ပြသည်။




## ၁၉ ရာစုမှ ၂၁ ရာစုဆီသို့

မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းဘဏ်စနစ်သို့ကူးပြောင်းရေး အခက်အခဲများရှိသည်ဆိုသော်လည်း ကုန်သွယ်ဖက်နိုင်ငံများ၏ အွန်လိုင်းကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်နေသောကြောင့် အဆိုပါနိုင်ငံများနှင့် မဖြစ်မနေကုန်သွယ်ရမည့် မြန်မာနိုင်ငံအနေဖြင့်လည်း မကြာမီနှစ်ပိုင်းအတွင်း အွန်လိုင်းကူးသန်းရောင်းဝယ်ရေးစနစ်သို့ မဖြစ်မနေကူးပြောင်းရတော့မည်ဖြစ်သည်။ ယင်းကြောင့် အွန်လိုင်းကူးသန်းရောင်းဝယ်ရေး၏ ရေသောက်မြစ် အွန်လိုင်းဘဏ်စနစ်လည်း မဖြစ်မနေ ဖွံ့ဖြိုးရတော့မည်ဖြစ်ပေသည်။ လောလောဆယ်အခြေအနေတွင်မူ ဆာလာအိတ်ဖြင့် ငွေထုပ်ပိုက်အပ်နှံလွှဲပြောင်းနေရသော ၁၉ ရာစုအဆင့်ဘဏ်လုပ်ငန်းကို ၂၀ ရာစုဘဏ်လုပ်ငန်းအဆင့်သို့ ပြန်လည်ရောက်ရှိလာစေရန် ဖွေဆော်ပြီး တွန်းအားပေးလုပ်ဆောင်ကာ ၂၁ ရာစုကမ္ဘာနှင့် လိုက်ဖက်အပ်စပ်သည့် ဘဏ်စနစ်တစ်ရပ်ဆီသို့ ကူးပြောင်းနိုင်ရေး တဖြည်းဖြည်း အားထည့်အကောင်အထည်ဖော်သွားရမည် ဖြစ်ပေသည်။

**ကျော်ဆန်းမင်း ၊ အောင်စိုး**

www.foreverspace.com.mm

# စားသုံးသူဘက်သို့ ခြေတစ်လှမ်း

ဇာလီကျော်

**လူ တို့အသက်ရှင်နေထိုင်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်သော စား၊ ဝတ်၊ နေရေးတွင် ပထမဦးစားပေးအဖြစ် အရေးကြီးသော အစားအစာကို အန္တရာယ်ကင်းစွာရရှိနိုင်ရေးဖြစ်သည်။ ဤအချက်သည် လူသားတိုင်း၏ အခွင့်အရေးတစ်ရပ်ဖြစ်သည့်အပြင် စားသုံးသူအခွင့်အရေး (Consumer Rights) တွင်လည်း အကျုံးဝင်လျက်ရှိသည်။ သို့ရာတွင် စားသုံးသူများအနေဖြင့် စားသုံးသူအခွင့်အရေးကို သိရှိသူအရေအတွက် လွန်စွာနည်းပါးလျက်ရှိသေးသည်ဟု အစားအသောက်ဆိုင်ရာ လေ့လာသူများနှင့် ကျန်းမာရေးနယ်ပယ်မှ ပညာရှင်တို့က ထောက်ပြပြောဆိုလျက်ရှိကြသည်။**

စားသုံးသူများအနေဖြင့်လည်း စားသုံးသူအခွင့်အရေးဆိုင်ရာများကိုလည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကိုလည်းကောင်း၊ ယခုထက်ပိုမိုသိမြင်လာကာ ၎င်းတို့၏ အသိအမြင်ကြွယ်ဝလာသည်နှင့်အမျှ ကုန်စည်ထုတ်လုပ်ရာတွင် ထုတ်လုပ်သူဝါဒ တစ်နည်းအားဖြင့် ထုတ်လုပ်သူ၏ ထုတ်လုပ်မှုကိုလိုက်၍ စားသုံးသူက စားသုံးရသောအနေအထားမှ စားသုံးသူ၏ဆန္ဒအာသီသကိုလိုက်၍ ထုတ်လုပ်ရေးကို ဦးတည်လာကြရမည်ဖြစ်သည်။

ထင်ရှားသည့် သာဓကတစ်ခုကိုပြရလျှင် မြန်မာတို့ နှစ်ပေါင်းများစွာကတည်းက ယုံကြည်စွာစားသုံးလာခဲ့ပြီး ရိုးရာအစားအစာတစ်ခုအဖြစ် နေရာယူလာခဲ့သော လက်ဖက်တွင် လူများကို အဆိုးရွားဆုံးရောဂါများဖြစ်စေသည်အထိ ဒုက္ခပေးနိုင်သောဆိုးဆေးများ ထည့်သွင်းထုတ်လုပ်လာသည်ကို ယခုနှစ်လယ်ပိုင်းတွင် သက်ဆိုင်ရာကကြေညာပြီး နောက်ပိုင်း အဆိုပါစားသောက်ကုန်များတွင် အန္တရာယ်ရှိ ဓာတုဆိုးဆေးများကင်းရှင်းကြောင်းနှင့် အန္တရာယ်ကင်း၍ ယုံကြည်စိတ်ချစွာ စားသုံးနိုင်ကြောင်း အာမခံချက်စာသားများကို



www.foreverspace.com.mm

ရှိကြောနိုင်၍ ထည့်သွင်းဖော်ပြရောင်းချလာသည်ကိုတွေ့ရသည်။ သို့ဖြစ်ရာ ယင်းမှ အစပြု၍ စားသုံးသူအခွင့်အရေးအတွက် ခြေတစ်လှမ်းစတင်ပြီဟု ဆိုရမည်ဖြစ်သည်။

စားသုံးသူများအနေဖြင့် မိမိတို့၏ အခွင့်အရေးကို ရယူခွင့်ရှိသကဲ့သို့ အဆိုပါ အခွင့်အရေးများကို သိရှိနားလည်ရန်လည်း လိုပေသည်။ ယနေ့အချိန်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (Food And Drug Administration - FDA) အပြင် စားသုံးသူအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းနှင့် FDA ကဲ့သို့ အာမခံချက်ရှိသည့် စားသောက်ကုန်စစ်ဆေးပေးသော အဖွဲ့အစည်းတို့လည်း ထပ်မံပေါ်ပေါက်ရန်လိုအပ်လာသည်ဟု အကြံပြုသုံးသပ်ကြသည်။

## FDA ဆိုသည်မှာ

နိုင်ငံတစ်နိုင်ငံတွင် အစားအသောက်ကွပ်ကဲရေးလုပ်ငန်းသည် အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ယင်းကဏ္ဍ အားနည်းပါက နိုင်ငံသားများ အန္တရာယ်ကင်းသည့်အစားအသောက်များ မရရှိဘဲ နောက်ဆက်တွဲ ဘေးအန္တရာယ်များစွာကြုံတွေ့ရနိုင်ပေသည်။ ပို့ကုန်ပစ္စည်းများ မပို့နိုင်ပါက တိုင်းပြည်ဝင်ငွေထိခိုက်နိုင်ခြင်းနှင့်အတူ အရည်အသွေးမရှိသည့် ပစ္စည်းများ တင်သွင်းခံရခြင်းတို့ဖြစ်လာပြီး အာဟာရပြည့်၍ ဘေးအန္တရာယ်ကင်းသောအစားအသောက်များ မရရှိခြင်းတို့လည်းဖြစ်ပေါ်နိုင်ကြောင်း၊ ယင်းအတွက် အစားအသောက်ကွပ်ကဲရေးလုပ်ငန်းသည် အရေးကြီးပြီး ဘေးအန္တရာယ်ကင်းရှင်းရန် ဆောင်ရွက်ရုံသာမဟုတ်ဘဲ အမျိုးသားအစားအသောက် ဥပဒေနှင့် လိုက်လျောညီထွေရန် Law Enforcement လုပ်ဆောင်သည့်ဌာနတစ်ခုလည်းဖြစ်ကြောင်း FDA ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းက ပြောကြားသည်။

FDA သည် အရည်အသွေးကောင်းမွန်စစ်မှန်၍ ဘေးအန္တရာယ်ကင်းရှင်းသည့် အစားအသောက်များ အများပြည်သူတို့ စားသုံးနိုင်ရန်၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်ပြီး ကျန်းမာရေးကို ထိခိုက်စေသည့် အစား အသောက်များကို အများပြည်သူတို့ စား သုံးခြင်းမှ ကာကွယ်နိုင်ရန်၊ ထိန်းချုပ်စားသောက်ကုန်ထုတ်လုပ်ခြင်းကို စနစ်တကျကြီးကြပ်ကွပ်ကဲ၍ အစားအသောက်များထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း စသည်တို့ကို စနစ်တကျ ထိန်းသိမ်းကွပ်ကဲရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု အဆိုပါအဖွဲ့အစည်းက တရားဝင်ပြဋ္ဌာန်းထုတ်ပြန်ထားချက်များအရ သိရသည်။

## ရက်လွန်ပြဿနာများနှင့် လျှော့ဈေး

ယခုအခါ ဆင်ခြေဖုံးရပ်ကွက်အချို့တွင် လက်တွန်းလှည်းဖြင့်ရောင်းချသော ပေါင်မုန့်ကြက်ဥကြော်ဆိုင်များကို တွေ့မြင်လာရသည်။

“ဒါတော့ ဝယ်မစားပါနဲ့ အစ်မရယ်၊ အစ်မစားချင်တယ်ဆိုရင် ညီမ ပိုက်ဆံစိုက်ပြီး တခြားမုန့်ဆိုင်က ဝယ်ကျွေးပါ့မယ်” ယင်းမှာ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ခိုင်ခိုင်က တစ်ချပ်လျှင် ၅၀ ကျပ်တန်ပေါင်မုန့်ဝယ်စားမည့် အထည်ဆိုင်အရောင်းဝန်ထမ်းဖြစ်သူ ရွှေစင်ကို ပြောဆိုတားမြစ်လိုက်သောစကားဖြစ်သည်။ ခိုင်ခိုင်သည် ယခင်က ပေါင်မုန့်လုပ်ငန်းတစ်ခုတွင် အရောင်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သူတစ်ဦးဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

“ဒီလို လက်တွန်းလှည်းလေးတွေနဲ့ ကြော်နေရင်း လိုက်ရောင်းနေတဲ့ပေါင်မုန့်ကြက်ဥကြော်ဆိုင်လေးတွေ အခုတလောမြောက်ဥက္ကလာဘက်က ရပ်ကွက်တချို့မှာ သွားလာရင်း တွေ့လာရတယ်။ ကျွန်မတို့ကတော့ ကြက်ဥအတုတွေပေါ်တယ်လည်းကြားတယ်။ နောက် ပေါင်မုန့်တွေကလည်း ဘာမှန်းမသိဘူး။ ရက်လွန်ပြီးသားတွေဖြစ်မှာစိုးလို့ တစ်ချပ် ၅၀ နဲ့ရပေမယ့် မစားရဲဘူး” ဟု အသက် ၂၀ ကျော်အရွယ် ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးက ဆိုသည်။

ယင်းအပြင် ယမ်းယမ်းခေါက်ဆွဲစက်ရုံကျဟုဆို၍ ခေါက်ဆွဲနှစ်ခေါက်ခန့်ပါ ကြွပ်ကြွပ်အိတ်တစ်အိတ်လျှင် ကျပ် ၁၀၀ ဖြင့် ဈေးများတွင် ရောင်းချသူတို့ရှိကြောင်း ဈေးအမြဲဝယ်ယူလေ့ရှိသူများနှင့် အိမ်ရှင်မအချို့ထံမှ သိရသည်။ သို့ရာတွင် အဆိုပါရောင်းချသူတို့ကိုမူ အမြဲမြင်တွေ့ရလေ့မရှိကြောင်းလည်း ၎င်းတို့ထံမှ သိရသည်။

နာမည်ကျော်စားသောက်ကုန်ထုတ်



www.foreverspace.com.mm

လုပ်နေသောလုပ်ငန်းရှင်တစ်ဦးက စားသုံးသူအများစုသည် ဈေးနှုန်းကိုသာကြည့်၍ ဆုံးဖြတ်ကြသည်က များကြောင်း၊ ကုန်ပစ္စည်းအရည်အသွေးကို အကဲဖြတ်ထားသည့် ထောက်ခံချက်လက်မှတ်များအပေါ် ကြည့်ရှုသူမှာ မရှိသလောက်နည်းပါးကြောင်း ၎င်း၏အမြင်ကို ပြောဆိုသည်။

အဆိုပါလုပ်ငန်းရှင်ပြောသကဲ့သို့ပင် လက်တွေ့တွင်လည်း ဤအတိုင်းတွေ့နေရသည်။ မိမိတို့ဝင်ငွေကို မူတည်၍ ဝယ်ရခြမ်းရသောစားသုံးသူတို့အပေါ် အများစုကနားလည်မပေးနိုင်ကြပါ။ အခြားတစ်ဖက်တွင်လည်း မူကြို၊ မူလတန်းအရွယ် အခြေခံပညာအဆင့်မှစ၍ ကျန်းမာရေးနှင့် အစာအာဟာရနှင့် ပတ်သက်သည်။ ဗဟုသုတသင်ကြားဝေငှမှုအားနည်းခြင်းကလည်း အဓိကအကြောင်းအရင်းတစ်ရပ်ဟု အကျိုးနှင့်အကြောင်း ခွဲခြမ်းစိတ်ဖြာနားလည်သောသူတစ်ဦးက မှတ်ချက်ပြုသည်။

လက်ရှိတွင် ယနေ့ခေတ်စားနေသည့် ဈေးဝယ်စင်တာကြီးများနှင့် ဆူပါမားကက်များတွင် တင်သွင်းရောင်းချနေသော စားသောက်ကုန်အများစုတွင်ပင် ထုတ်လုပ်သည့်နေ့ရက်နှင့် သက်တမ်းကုန်ဆုံးသည့်နေ့ရက်တို့ကို တိကျစွာဖော်ပြနိုင်မှု အားနည်းနေသေးကြောင်းနှင့် ကုန်ပစ္စည်းအချို့တွင် ဖော်ပြရိုက်နှိပ်ထားသည့် ဂဏန်းများမှာလည်း ထင်ရှားပီသမှုမရှိသည်ကို တွေ့ရကြောင်း အဆိုပါဖော်ပြမှုများကို ကြည့်ရှုဝယ်ယူလေ့ရှိသူအချို့က ဆိုသည်။


စားသုံးသူအချို့ကမူ ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ချိသည့်စားသောက်ကုန်များတွင် ယခုလက်ရှိဖော်ပြပေးနေသော ထုတ်လုပ်မှုနှင့်သက်တမ်းကုန်နေ့ရက်စာသားများကို မြန်မာလို ရေးသားဖော်ပြပေးစေလိုကြောင်းလည်း ပြောကြားကြသည်။

City Martမှ တာဝန်ရှိသူတစ်ဦးကမူ လတ်ဆတ်သန့်ရှင်းမှုရှိသော အသီးအရွက်၊ အသားငါးများကို ကိုယ်တိုင်ထုတ်လုပ်ရောင်းချပြီး ထုတ်လုပ်သူများထံမှ တင်သွင်းရောင်းချသော ပစ္စည်းတိုင်းကို Expire Date(သက်တမ်း)မကုန်ဆုံးမီ ပစ္စည်းအမျိုးအစားအလိုက် ကြိုတင်စစ်ဆေး၍ ရောင်းချသည့်စင်ပေါ်မှ ဖယ်ရှားပစ်ခြင်း၊ Shelf Life(ခင်းကျင်းရောင်းချရမည့်သက်တမ်း) တို့သည် ပစ္စည်းများကို နေ့စဉ်စစ်ဆေးခြင်းနှင့် သက်တမ်းမကုန်ဆုံးမီ ပစ္စည်း အရည်အသွေးကျလာသည့်အနေအထားတွေ့ရပါက စင်ပေါ်မှ ချက်ချင်းဖယ်ရှားသင့်သည်ဟု ဆိုသည်။

## စားသုံးသူနှင့် FDA

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ၂၀၀၉ ခုနှစ်အတွင်း ထုတ်ပြန်ထားသည့်စာရင်းများအရ ၅၇ သန်းကျော်သော လူဦးရေတို့လိုအပ်သည့် အစားအသောက်၊ ဆေးဝါးနှင့် ရေတို့အတွက် ဝန်ထမ်းဦးရေ ရာဂဏန်းပင်မရှိသော FDA မှာ များစွာအရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေပေသည်။

အငြိမ်းစား ကျန်းမာရေးပညာရှင်တစ်ဦးက နိုင်ငံတစ်နိုင်ငံတွင် FDA ၏ အခန်းကဏ္ဍမှာ အထူးအရေးကြီးကြောင်း၊



www.foreverspace.com.mm

ပြည်သူလူထု၏ ကျန်းမာရေးဆိုသည်မှာ အစားအသောက်၊ ဆေးဝါးများအားလုံးသည် ခန္ဓာကိုယ်တွင်းသို့ရောက်ရှိပြီး အစားအစာများအပြင် ရေသန့်မှစ၍ ဖျော်ရည်များ၊ ဆေးဝါးတွင်လည်း ဘာမီတွန်မှအစပြု၍ Antibiotic ခေါ် ပဋိဇီဝဆေးများအထိ အလုံးစုံပါဝင်နေကြောင်း၊ ယင်းတို့၏ အရည်အသွေးကောင်းခြင်း (Quality)၊ အန္တရာယ်ကင်းခြင်း (Safety) နှင့် အာနိသင်ရှိခြင်း (Efficiency) စသည်တို့ကို FDA က အမြဲစမ်းသပ်စစ်ဆေးနေရမည်ဖြစ်ကြောင်း ပြောကြားသည်။

FDA လုပ်ငန်းများတွင် Chemical Section, Water Section, Food Section စသည့် Section များ များပြားစွာပါဝင်မည်ဖြစ်သည့်အတွက် အဆောက်အအုံကြီးမားစွာ ဖွဲ့စည်းတည်ဆောက်ထားရန်လည်း လိုအပ်ကြောင်း၊ စမ်းသပ်စစ်ဆေးရာတွင်လည်း ဓာတ်ခွဲခန်းတွင်း စမ်းသပ်မှုတစ်ခုတည်းဖြင့် မလုံလောက်ဘဲ တိရစ္ဆာန်များ၊ လူများနှင့် စမ်းသပ်မှုများပြုလုပ်ရမည်ဖြစ်၍ ခေတ်မီစမ်းသပ်စစ်ဆေးနိုင်သောကိရိယာများနှင့် ကျွမ်းကျင်သူများအလုံအလောက်ရှိနေရမည်ဖြစ်ကြောင်းနှင့် နိုင်ငံကထောက်ပံ့မှု အပြည့်အဝပေးရသည့်အဖွဲ့အစည်းမျိုးဖြစ်ကြောင်း၊ FDA မှာ ဝင်ငွေရှာဖွေသည့်လုပ်ငန်းမျိုးမဟုတ်ဘဲ အမှန်တရားကို ရပ်တည်ထုတ်ဖော်ပေးရသည့်အဖွဲ့အစည်းဖြစ်၍ နိုင်ငံက ပြည့်ဝစွာအကာအကွယ်ပေးရမည့် အဖွဲ့အစည်းမျိုးလည်းဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

အဆိုပါ FDA ကဲ့သို့သောလုပ်ငန်းမျိုးကို အစိုးရက တိုက်ရိုက်ကိုင်တွယ်ပါက ပိုမိုသင့်လျော်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင်မူ လုပ်ပိုင်ခွင့်ပိုရလေ့ရှိသည်ဟုလည်း ၎င်းက ပြောကြားသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းကလည်း "FDA အနေနဲ့ တရားမျှတမှုရယ် သမာသမတ်ကျကျ မယိမ်းမယိုင်ရှိဖို့ရယ်လည်း အရေးကြီးတယ်။ FDA အနေနဲ့ လုပ်စရာကိုင်စရာအစီအစဉ်တွေ အများကြီးရှိပါတယ်။ လုပ်တဲ့အခါမှာလည်း ကိုယ့်လုပ်ငန်းကို တည့်တည့်မတ်မတ်လုပ်နေပါတယ်။ ဥပမာ–ဓာတ်ခွဲခန်းပို့တဲ့အခါမှာ Code နံပါတ်နဲ့ ပစ္စည်းပို့ပြီး စစ်ဆေးတဲ့အတွက် အဖြေမှန်ထွက်တယ်။ ကျွန်တော်တို့ဌာနက ပစ္စည်းဝယ်တဲ့အခါမှာလည်း ဘယ်ပစ္စည်းဆိုပြီး မသတ်မှတ်ဘဲ တွေ့သမျှ ဝယ်တဲ့ပုံစံနဲ့ လုပ်တာပါပဲ" ဟု FDA မှ စားသောက်ကုန်များအပေါ် စစ်ဆေးခြင်းနှင့်ပတ်သက်၍ ရှင်းပြသည်။

FDA အနေဖြင့် စစ်ဆေးမှုများစွာလုပ်ဆောင်ရန် လိုအပ်သည့်အပြင် ယင်းအတွက် အထောက်အကူပစ္စည်းများ၊ ပညာရပ်များ၊ ပညာရှင်များစွာလည်း လိုအပ်ကြောင်း သူကဆိုသည်။

## ပစ္စုပ္ပန်အခြေအနေ

ယခုအခါ ဈေးကွက်အတွင်းသို့ စားသောက်ကုန်အမျိုးအစားများ သောင်းဂဏန်းချီ၍ ဝင်ရောက်လျက်ရှိသည်။ အစားအသောက်ဓာတုဓာတ်ခွဲစစ်ဆေးချက်မှတ်တမ်းစာရင်းဇယားများအရ ၂၀၀၄ ခုနှစ်မှ စတင်တိုင်းတာလျှင် ၂၀၀၉ ခုနှစ်ကတင်ဘာလတွင် ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် အမြင့်ဆုံးအဆင့်ကို ရောက်ရှိနေပြီး ယင်းမှာ Survey နမူနာများ ပိုမိုများပြားလာခြင်း၊ တင်သွင်းမှုများ များပြားလာခြင်းနှင့် ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်မှုမှာလည်း များပြားလာခြင်းတို့ကြောင့်ဖြစ်ကြောင်း FDA ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



www.foreverspace.com.mm

FDA အနေဖြင့် ဈေးကွက်စစ်တမ်းကောက်ယူမှု (Market Survey) မှန်မှန်လုပ်ဆောင်ရန်လိုအပ်ပြီး ကုန်ပစ္စည်းများကို ခွင့်ပြုချက်ထုတ်ပေးပြီးနောက် လေးလသို့မဟုတ်ခြောက်လတစ်ကြိမ်ပြန်လည်စစ်ဆေးရန်လိုအပ်ကြောင်း၊ ယင်းသို့ စစ်ဆေးရာတွင်လည်း သက်ဆိုင်ရာစက်ရုံများမှ နမူနာတောင်းယူပြီး စစ်ဆေးခြင်းမျိုးမပြုလုပ်ဘဲ ဈေးကွက်အတွင်း ရောင်းချနေသောပစ္စည်းများကိုသာ ဝယ်ယူ၍ ပြန်လည်စစ်ဆေးပေးစေလိုကြောင်း စားသုံးသူအချို့က အကြံပြုပြောကြားသည်။

လက်ရှိအနေအထားတွင် FDA အနေဖြင့် အစားအသောက်နှင့် ဆေးဝါးများကို စဉ်ဆက်မပြတ်စစ်ဆေးလျက်ရှိသော်လည်း လတ်တလောအချိန်အထိ ကိုယ်စားပြုအမယ်အချို့ကိုသာ စစ်ဆေးနိုင်သေးကြောင်း ဈေးကွက်အတွင်းမှ လေ့လာသုံးသပ်သူတို့က ဆိုသည်။

"ငါးပိတုန်းကတော့ ရန်ကုန်အရင်စစ်တယ်။ နောက် နည်းနည်းကြာတဲ့အခါမှ မန္တလေးကို စစ်မယ်လို့ ထပ်သိရတယ်။ နေရာတွေခွဲပြီးတော့ အလှည့်ကျနဲ့ စစ်နေတာမျိုးတော့ တွေ့ရတယ်။ ရန်ကုန်မှာ စစ်နေတုန်း တခြားမြို့တွေ၊ နယ်တွေမှာပါ တစ်ပြိုင်တည်းစစ်တာမျိုး မရှိသေးဘူး။ တစ်ခုပြီးမှတစ်ခု လှည့်စစ်သွားတာမျိုးတွေ့ရတယ်။ ကျွန်တော့်အမြင်အရတော့ တခြားမြို့တွေမှာလည်း FDA ဌာနခွဲတွေထားနိုင်ရင် ပိုကောင်းပြီး စစ်ဆေးခံမယ့်သူတွေအတွက်လည်း ပိုကောင်းမယ်လို့ထင်တယ်" ဟု စားသောက်ကုန်ရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။



ယခုနှစ်မေလအတွင်းက လူတိုင်းနီးပါးစားသုံးကြပြီး ပြည်တွင်းသာမက ပြည်ပသို့ပါ ရောက်ရှိနေသည့် လက်ဖက်တွင် တားမြစ်အဝါရောင်ဆိုးဆေး Auramine-0 ပါဝင်နေကြောင်း FDA က ကြေညာလိုက်သည့်အမျိုးအစား ၄၃ မျိုးထဲတွင် နာမည်ကြီးအမှတ်တံဆိပ်အချို့ပါဝင်နေသည့်အတွက် စားသုံးသူများအကြား လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ပြီးနောက်ပိုင်းတွင် လက်ဖက်ရောင်းအားပါ သိသာစွာကျဆင်းသွားခဲ့သည်။ ထုတ်လုပ်သူတို့ဘက်မှ မိမိတို့၏ကုန်အမှတ်တံဆိပ် (Brand) ဈေးကွက်ပြန်ခိုင်မာရေးအတွက် FDA ထောက်ခံချက်ဖြင့် ဘေးအန္တရာယ်ကင်းကြောင်း စာတမ်းများကို စားသောက်ကုန်များတွင် အလေးပေးထည့်သွင်းလာခဲ့ကြသကဲ့သို့ ဝေဖန် ဆန်းစစ်သူနှင့် စားသုံးသူများမှာလည်း ယခင်ကထက် စောင့်ကြည့်လေ့လာသုံးသပ်လာကြပြီး မီဒီယာများကလည်း ယင်းနှင့်စပ်လျဉ်းသည့်သတင်းများ တစိုက်မတ်မတ် ရယူဖော်ပြလာကြသည်။

သို့ရာ၌ လက်ဖက်အပါအဝင် ငါးပိ၊ ငါးချဉ်၊ ငရုတ်သီးမှုန့် စသည့်စားသုံးမှုအများဆုံးစားကုန်များတွင် ယင်းသို့သော ဆိုးဆေးများထည့်သွင်းအသုံးပြုခြင်းကို FDA က ဖော်ထုတ်တင်ပြနိုင်ခဲ့သော်လည်း ယင်း၏ တရားခံတို့မှာမူ ပျောက်ဆုံးနေဆဲဖြစ်သည်။

တိုင်းရင်းဆေးဝါးများအပါအဝင် ပြည်တွင်းထုတ်စားသောက်ကုန်အမျိုးအမည်ရာဂဏန်းကျော်သည်အထိ စားသုံးရန်မသင့်ကြောင်း FDA က ကြေညာပေးနေမှုများရှိသော်လည်း အမျိုးသားအစားအသောက် ဥပဒေအရ အရေးယူခြင်းခံရသူ ယနေ့အထိ တစ်ဦးမျှမရှိသေးကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရှိရသည်။

FDA အနေဖြင့် အများပြည်သူသို့ စားသုံးရန်မသင့်သည်များကို ကြေညာပေး

www.foreverspace.com.mm



ချေခြင်း၊ စားသောက်ကုန်များတွင် အရောင်ဆိုးခြင်းများအကြောင်း အခါအားလျော်စွာ သတိပေးခြင်းတို့ကြောင့် စားသုံးသူများမှာ ဆိုးဆေးအန္တရာယ်များအကြောင်း ယခင်ကထက် ကျယ်ပြန့်စွာသိရှိလာသော်လည်း စားသုံးသူများဘက်မှ စားသုံးမှုဓလေ့ပုံစံများသိသာစွာပြောင်းလဲ လိုက်နာခြင်းများ မရှိသလောက်နည်းပါးနေသေးကြောင်း၊ ဥပမာ–ငရုတ်ဆီတွင် ဆိုးဆေးများပါဝင်ကြောင်း သိရှိနေသော်လည်း ငရုတ်ဆီ စားသုံးမှုများပြားဆဲပင်ဖြစ်နေကြောင်း စားသုံးသူများထံမှသိရှိရပြီး အဆိုပါစားသုံးသည့် အမူအကျင့်ပြောင်းလဲရန်အတွက် အငြိမ်းစားပညာရှင်တစ်ဦးက Spice ဆိုသည်မှာ ငရုတ်သီးမှုန့်၊ ချင်း စသည်တို့ပါဝင်သည့် ဟင်းခတ်အမွှေးအကြိုင်ကိုခေါ်ကြောင်းနှင့် အဆိုပါ ဟင်းခတ်အမွှေးအကြိုင်များမှာ အရောင်ကင်းရမည်ဖြစ်ပြီး အရောင်နှင့်ဆိုးဆေးများပါဝင်မှု မရှိကြောင်းနှင့် ပါကိုမပါသင့်သည့် အစားအသောက်များရှိကြောင်း၊ လောလောဆယ်တွင် စားသုံးသူ အမူအကျင့်ပြောင်းရန် လုပ်ဆောင်ခြင်းမပြုသေးဘဲ ထုတ်လုပ်သူ (Supplier) များကိုသာ အရင်ဆုံး ကြပ်မတ်သင့်ကြောင်း ၎င်း၏အမြင်ကိုပြောပြသည်။

လောလောဆယ် မြန်မာစားသုံးသူများအားလုံးအတွက် တစ်ခုတည်းသောအားထားရာမှာ FDA သာဖြစ်နေသေးပြီး အမှတ် (၁) စက်မှုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာန (DCFT) တို့ရှိကြောင်း၊ သို့ရာတွင် စားသုံးသူအခွင့်အရေးနှင့် အသိဉာဏ်ကြွယ်ဝမှုတို့မှာ အရေးကြီးဆုံးဖြစ်ကြောင်း ထုတ်လုပ်သူလုပ်ငန်းရှင်တို့အပါအဝင် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူအချို့က သုံးသပ်ကြသည်။

ယနေ့အချိန်တွင်မှု မြန်မာနိုင်ငံအတွင်း တစ်ခုတည်းသောအနေအထားဖြင့် ရပ်တည်နေသော FDA အနေနှင့် ပြည်သူများ၏မဏ္ဍိုင်တစ်ခုသဖွယ် ပိုမိုယုံကြည်ကိုးစားလာစေရန် ရုန်းကန်ကြိုးစားရဦးမည်ဖြစ်ကြောင်း စားသုံးသူများနှင့် လေ့လာသူများက သုံးသပ်ကြသည်။



## စားသုံးသူအခွင့်အရေးနှင့် စားသုံးသူ

“ပြည်သူလူထုရဲ့ အသိပညာရေချိန် Level of Education ကလည်း လိုလာတယ်။ အဲဒါကလည်း စကားပြောတယ်။ စားသုံးသူအခွင့်အရေး တစ်နည်းအားဖြင့် Customer Protection ဆိုတာကို Customer ကလည်း သိဖို့လိုလာတယ်။ သူတို့ ရွေးချယ်စားသောက်တတ်ဖို့လိုလာတယ်။ ငြင်းပယ်တတ်အောင်၊ မစားသောက်တတ်အောင်၊ ရှောင်တတ်အောင် ဒီကနေ ပြောပြပေးနေရတယ်။ ဒီမှာရှိတဲ့ စားသောက်ကုန်အကုန်လုံးဟာ FDA က စစ်လို့ အကုန်လုံးကောင်းသွားပြီဆိုတာ မဖြစ်နိုင်ဘူး။ ဘယ်နိုင်ငံမှလည်းမရှိဘူး” ဟု ဒေါက်တာကျော်လင်းက ပြောကြားသည်။

FDA အနေနှင့် စားသောက်ကုန်အမျိုးအစားတိုင်းတွင် အမှတ်တံဆိပ်အားလုံးကို စစ်ဆေးနိုင်ခြင်းမရှိကြောင်း၊ အရေးကြီးသည်မှာ အဆိုပါစားသောက်ကုန် တွင် ပါဝင်နေသောအရာနှင့် အန္တရာယ်ဖြစ်နိုင်သည်ကို သိရှိရန်ဖြစ်ပြီး ပညာပေးနိုင်ရေးအတွက် လုပ်ဆောင်လျက်ရှိကြောင်း ၎င်းကဆိုပြီး “သူခိုးအားလုံးကို မမိနိုင်သလိုပါပဲ။ တချို့စားကုန်တွေမှာ မပါလို့မဟုတ်ဘူး။ သူ့ကို မစစ်ဆေးမိသေးလို့လည်း မပါတာဖြစ်မှာပါ။ ဒီတော့ (စားသောက်ကုန်တစ်မျိုးတွင်) ကုမ္ပဏီတစ်ရာရှိရင် တစ်ရာလုံးတော့ မစစ်ဆေးနိုင်သေးဘူး” ဟု ဆောင်ရွက်မှုအခြေအနေကို ပြောကြားသည်။

လက်ရှိတွင် စားသုံးသူအခွင့်အရေးကို သိရှိမှုနည်းပါးခြင်းနှင့် သိသော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် မလိုက်နာနိုင်သူတို့ရှိနေခြင်းကြောင့် မကြာခဏ ပညာပေးရန်လိုကြောင်း ကျန်းမာရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးက မှတ်ချက်ပြုသည်။

ထုတ်လုပ်သူလုပ်ငန်းရှင်တစ်ဦးကလည်း မြန်မာနိုင်ငံတွင် စားသုံးသူများအနေဖြင့် GMP ၊ HACCP ၊ ISO စသည့် နိုင်ငံတကာအသိအမှတ်ပြု ထုတ်လုပ်မှုဆိုင်ရာ လက်မှတ်များနှင့်ပတ်သက်၍ အသိအမြင်နည်းနေသေးကြောင်း၊ စားသုံးသူ၏ ဝယ်ယူစားသုံးမှုအနေအထားကို လိုက်၍ ထုတ်လုပ်မှုအရည်အသွေးလည်း လိုက်ပါမြင့်တက်လာမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူများအနေဖြင့် စားသုံးသူအတွက် အဆင့်မြှင့်တင်ထုတ်လုပ်ပေးမည်ဆိုလျှင် ယင်းကုန်ကျစရိတ်အတွက် စားသုံးသူဘက်မှလည်း ထိုက်တန်သော တန်ရာတန်ကြေးကိုပေး၍ ဝယ်စေချင်ကြောင်း မှတ်ချက်ပြုသည်။

နိုင်ငံတကာတွင်မူ အစားအသောက်များကို ဆုတ်တံဆိပ်များဖြင့် ထိန်းချုပ်ကြလေ့

www.foreverspace.com.mm

ရှိကြရာ နိုင်ငံအချို့တွင် အရည်အသွေးကို စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်သည့်စွမ်းရည်ဆု၊ သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနက ပေးအပ်သည့်ဆု၊ ဝန်ကြီးချုပ်အဆင့်က ပေးအပ်သည့်ဆု၊ နိုင်ငံအဆင့်က ပေးအပ်သည့်ဆု စသည်တို့ကို ဆုရွေးချယ်ရေးအဖွဲ့အစည်းများက စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာကာ ပေးအပ်လေ့ရှိကြောင်းနှင့် ရောင်းချသူများကလည်း ကျန်းမာရေးဝန်ကြီးဌာနက ခွင့်ပြုသည့် ပစ္စည်းများကိုသာ ရောင်းချကြကြောင်း၊ နိုင်ငံအချို့တွင် စားသုံးသူများသည် ထုတ်ကုန်တွင်ပါရှိသည့် ရည်ညွှန်းချက်များကို သေချာစွာဖတ်ရှုဆန်းစစ်သည့်အလေ့အထနှင့် ယဉ်ပါးမှုရှိနေကြပြီဖြစ်ကြောင်း၊ ဈေးနှုန်းမှာ ဆုတံဆိပ်များကို မှုမတည်ဘဲ ဆုတံဆိပ်ကြောင့် ရောင်းအားကွာခြားသွားပြီး ဈေးကွက်ဝေစုကို ရအောင်ယူခြင်းသာရှိကြောင်း အဆိုပါလုပ်ငန်းရှင်က သူ့အတွေ့အကြုံများကို ပြောပြသည်။

## ဖြည့်ဆည်းမှုနှင့် အခွင့်အလမ်း

ဆိုးဆေးနှင့်ကင်းသည့်အစားအသောက်ဟူ၍ ရွေးချယ်စရာရှားပါးလာရာ အဆိုပါဆိုးဆေးများသည် အစားအသောက်များတွင် မသုံးစွဲရန် FDA က တရားဝင် တားမြစ်ထားသည့် ဆိုးဆေးများဖြစ်သဖြင့် တရားဝင်ခွင့်ပြုထားသည့် ဆိုးဆေးများရှိပါလျက် အဘယ်ကြောင့် ယင်းတို့ကို သုံးစွဲရသနည်းဟု မေးခွန်းများ ထုတ်စရာဖြစ်လာပေရာ ခွင့်ပြုဆိုးဆေးများနှင့် တားမြစ်ဆိုးဆေးတို့၏ ဈေးနှုန်းကွာဟမှုရှိခြင်းကြောင့်ဖြစ်သည်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယင်းနှင့်ပတ်သက်၍ နည်းလမ်းတစ်ခုအဖြစ် အစားအသောက်များတွင်သုံးသော အရောင်ဆိုးဆေးများကို ပြည်တွင်း၌ပင် ထုတ်လုပ်ပြီး FDA က စမ်းသပ်စစ်ဆေးပြီးမှ အသုံးပြုစေ၍ ထွက်ရှိလာသည့် ကုန်ချောများကိုလည်း FDA က ပြန်လည်စစ်ဆေးပေးမည်ဆိုပါက ယင်းအတွက် တင်သွင်းရသည့် ပြည်ပငွေယိုပေါက်ပိတ်နိုင်သည့်အပြင် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပါ တိုးပွားစေနိုင်ကြောင်း၊ ယခင်က ဆေးဝါးများကို ပြည်ပမှသာ တင်သွင်းခဲ့ရရာမှ ဈေးနှုန်းကြီးမြင့်မှုလည်းရှိခဲ့ပြီး BPI ဆေးဝါးစက်ရုံတည်ထောင်ပြီးနောက်ပိုင်း ဈေးသက်သာစွာ ဝယ်ယူနိုင်ခဲ့သည်မှာလည်း ဤသဘောပင်ဖြစ်ကြောင်း လေ့လာသူတစ်ဦးက သုံးသပ်ပြောကြားသည်။

## ဘေးထွက်ဆိုးကျိုးရလာသည့်အာဟာရများ

ယခုအခါ သက်ကြီးပိုင်းအရွယ်သာမက သက်လတ်ပိုင်းအရွယ်တို့တွင်ပါ ကင်ဆာရောဂါဖြစ်ပွားမှုများပြားလာနေရာ လေ့လာဆန်းစစ်မှုများပြုလုပ်သင့်ကြောင်း



www.foreverspace.com.mm





# DO YOU KNOW YOUR CONSUMER RIGHTS?

ကျန်းမာရေးလိုက်စားသည့် စားသုံးသူအချို့က ၎င်းတို့၏အမြင်ကို ပြောကြားသည်။

ကင်ဆာရောဂါများအဖြစ်များလာခြင်း၊ ဆေးလိပ်သောက်သုံးခြင်းမရှိသော်လည်း ယင်းနှင့်သက်ဆိုင်သော ဝေဒနာများခံစားလာရခြင်း စသည်တို့အတွက် FDA အနေဖြင့် သုတေသနပြုလုပ်ထားခြင်းမျိုးမရှိသေးကြောင်း၊ Risk Analysis ဟုခေါ်သော အဆိုပါဆောင်ရွက်မှုမျိုးကို လုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် ယင်းကဲ့သို့သော လေ့လာမှုမျိုးကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အခြားကျန်းမာရေးသုတေသနဦးစီးဌာနတို့နှင့် ပူးပေါင်းလုပ်ဆောင်မှုများသာ ရှိနေကြောင်း FDA မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စားသုံးသူအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကဲ့သို့အဖွဲ့အစည်းများ ပေါ်ပေါက်လာပါက လက်ရှိတွင် အစားအသောက်မသန့်ရှင်းမှုကြောင့် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ အပါအဝင် လတ်တလောမြန်ဆန်စွာဖြစ်ပွားနိုင်သည့်ရောဂါများကို ကာကွယ်ပေးနိုင်သည့်အပြင် တားမြစ်ဆိုးဆေးကဲ့သို့သောအရာများ၊ မီးကင်အစားအစာများ စသည်တို့ကြောင့် နောင်ငါးနှစ်၊ ခြောက်နှစ်ခန့်အကြာတွင်မှ ဖြစ်ပွားလာမည့် ကင်ဆာကဲ့သို့သော ရောဂါများကိုပါ ကာကွယ်ပေးနိုင်မည်ဖြစ်၍ စားသုံးသူအခွင့်အရေးကို ယခုထက်ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးတစ်ဦးက ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ စားသုံးသူအခွင့်အရေးကို ကာကွယ်ပေးနိုင်မည့်အဖွဲ့အစည်းများ လိုအပ်သည်သာမက စားသုံးသူများကိုယ်တိုင် စားသုံးသူအခွင့်အရေးများကို သိမြင်မှုအားကောင်းလာရန် လိုအပ်ပြီး ယင်းသို့အားကောင်းလာမှသာ ယခုဆိုးဆေးများမှ စတင်လိုက်သည့် ခြေတစ်လှမ်းထက်ပိုသော စားသုံးသူအခွင့်အရေးများကို ရယူနိုင်မည်ဖြစ်သည်။ သို့မှသာ ထုတ်လုပ်သူဝါဒမှ စားသုံးသူဝါဒသို့ ရွှေ့နိုင်မည့်အပြင် ယခုစတင်လိုက်သော ခြေတစ်လှမ်းမှ နောင်ခြေလှမ်းပေါင်းများစွာအထိ ဆက်လက်လှမ်းနိုင်မည်ဖြစ်သည်။

## စားသုံးသူအခွင့်အရေးသည် နိုင်ငံသားအခွင့်အရေး

စားသုံးသူအခွင့်အရေးဆိုသည်မှာ တစ်နည်းအားဖြင့် လူသားအခွင့်အရေးပင်ဖြစ်သည်။ တရားမျှတသော ဥပဒေစည်းကမ်းများပြုစု၍ ထိုဥပဒေများနှင့်အညီ ကြီးကြပ်၊ စီရင်၊ ဆုံးဖြတ်သောအုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များအောက်တွင် တရားဥပဒေနှင့်အညီ နေထိုင်သော နိုင်ငံသားတိုင်းတွင် နိုင်ငံသားတို့ ရသင့်ရထိုက်သောအခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။

စားသုံးသူအခွင့်အရေးဟုဆိုသောကြောင့် အစားအသောက်များ၊ ကျန်းမာရေးနှင့်ညီညွတ်ရေးကိစ္စသာမက အခြားပြည်သူ့ရေးရာဝန်ဆောင်မှုများရော နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးအားလုံးပါ အကျုံးဝင်သည်။ ပေးထားသည့်ငွေကြေးထမ်းဆောင်ထားသည့် အခွန်အခများနှင့်လျော်ညီသည့် တုံ့ပြန်မှုပြန်ရရှိရေးသည်လည်း တစ်နည်းအားဖြင့် စားသုံးသူအခွင့်အရေးဖြစ်သည်။ စားသုံးသူပြည်သူလူထုအနေဖြင့်လည်း မိမိတို့ဘက်က အခွန်အခ၊ စည်းကမ်းများ မပျက်မကွက် ပေးဆောင်လိုက်နာကြဖို့လိုသည်။ ဆိုလိုသည်မှာ နိုင်ငံကြီးသားများ၏ဂုဏ်အင်္ဂါနှင့် လိုက်ဖက်ညီစွာ၊ ရိုးဖြောင့်စွာ နေထိုင်ကြပါက မိမိတို့ရသင့်ရထိုက်သောအခွင့်အရေးကို တောင်းဆိုခြင်းမှာ တရားမျှတမှုရှိသည်။ ဖြည့်ဆည်းမပေးခြင်းက ဖြည့်ဆည်းမပေးသူတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ရိုးဖြောင့်မှု၊ စေတနာ၊ ခံယူချက်၊ ရပ်တည်ချက်တို့အပေါ်တွင်မူတည်သည်။ မိမိတို့ဘက်က အားနည်းချက်မရှိအောင် ဥပဒေစည်းကမ်းနှင့်အညီ နေထိုင်သူများဖြစ်ရန်သာလိုသည်။ စားသုံးသူအခွင့်အရေးချိုးဖောက်သည်ဟုထင်လျှင် မတုံ့မဆိုင်း တောင်းဆိုတိုင်ကြားခွင့်ရှိသည်။ စားသုံးသူများ (ဝါ) နိုင်ငံသားများနှင့် နိုင်ငံသည် တစ်နည်းအားဖြင့် ဘတ်စ်ကားနှင့် ခရီးသည်များနှင့် အလားသဏ္ဌာန်တူသည်။ မိမိတို့သွားလိုရာခရီးကို သတ်မှတ်ထားသော ဘတ်စ်ကားခပေး၍ စီးနင်းကြသူများအနေဖြင့် ဘတ်စ်ကားမောင်းသူနှင့် ယာဉ်နောက်လိုက်တို့၏ ဝန်ဆောင်မှုကို မကျေနပ်ပါက စာဒကတက်ခွင့်ရှိသည်။ သက်ဆိုင်ရာတာဝန်ရှိသူထံတိုင်ကြားခွင့်ရှိသည်။ သို့သော် မြန်မာစားသုံးသူမည်မျှ ဘတ်စ်ကားပေါ်တွင်ပါရှိသည့် "ကျေနပ်မှုမရှိက တိုင်ကြားရန်" ဟူသော တယ်လီဖုန်းကိုဆက်၍ တိုင်ကြားဖူးပါသနည်း။

တိုင်ကြားမှုများ ဖြေရှင်းပေးကြောင်း မည်သို့သိနိုင်ပါသနည်း။ ဖြေတော့ဖြေရှင်းပေးပါ၏လောဆိုသော မေးခွန်းများကိုမူ ယနေ့တစ်နေ့ရာရာတွင် စားသုံးသူတစ်ယောက်ဖြစ်ကိုဖြစ်နေသူ၊ မည်သည့်အဆင့်တွင်ရှိသည့် နိုင်ငံသားတိုင်း ဖြေဆိုရန် တာဝန်ရှိပေသည်။

ဇာလီကျော်

www.foreverspace.com.mm



# မီးလောင်မှုများ၏နောက်ကွယ်

ခင်ဒွေးကြွယ်

**မြန်မာနိုင်ငံ၌ ယခုနှစ်အနည်းငယ်တွင် ဖြစ်ပွားခဲ့သော မီးလောင်မှုများ၏ဆုံးရှုံးမှု ပမာဏမှာ ကျပ်သောင်းဂဏန်း၊ သိန်းဂဏန်းမှ ကျပ်ဘီလီယံချီ၍ ဆုံးရှုံးမှုပမာဏ ကြီးမားလာသည်ကို တွေ့ရသည်။ အဆိုပါဆုံးရှုံးမှုများအနက် ၂၀၀၉ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် မီးလောင်ကျွမ်းခဲ့သော လှည်းကူးမြို့နယ်မှ MWDC ခေါ် မြန်မာဝိုင်နှင့် အရက်ချက်စက်ရုံ မီးလောင်ဆုံးရှုံးမှုသည် ဆယ်စုနှစ်သုံးစုအတွင်း ဆုံးရှုံးမှုအကြီးမားဆုံး မီးလောင်မှုကြီးတစ်ခု ဖြစ်ခဲ့သည်။ ထိုသို့ မီးလောင်မှု ကြီးမားလာခြင်း၊ ဆုံးရှုံးမှုကြီးမားလာခြင်းတို့သည် မတော်တဆမှုထက် သုံးစွဲသူတို့၏ ပေါ့ဆမှုက အဓိကအခန်းကဏ္ဍမှ ပါဝင်နေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏အကြီးအကဲတစ်ဦးက Living Color သို့ပြောကြားသည်။**

မီးသုံးစွဲသူတို့၏ပေါ့ဆမှုကြောင့် ဖြစ်ပွားရသည့် မီးလောင်မှုသည် ၈၅ ရာခိုင်နှုန်း ပါဝင်နေပြီး ပေါ့ဆမှုကြောင့်ဟု ဆိုသည့် မီးလောင်မှုများ တိုးပွားလာသည့် အကြောင်းရင်းဇာစ်မြစ်ကိုမှ စဉ်းစားအဖြေ ရှာရန် လိုအပ်မည်ဖြစ်သည်။

### သမိုင်းအစ

မီးလောင်မှုသည် ကမ္ဘာဦးစ လူသားများနှင့်အတူ ဒွန်တွဲလာသည်ဟု ယူဆရကြောင်း အငြိမ်းစားမီးသတ်ဝန်ထမ်းတစ်ဦးက ပြောကြားသည်။ မီးလောင်မှုများကိုလည်း အဖွဲ့အစည်း သတ်သတ်မှတ်မှတ် မထားဘဲ အခြေအနေအပေါ်မူတည်၍ ဖြေရှင်းခဲ့ကြဟန်ရှိသည်ဟု ယူဆရကြောင်း

www.foreverspace.com.mm

အသက်ပါပုဂ္ဂိုလ်က ဆိုသည်။ မြန်မာနိုင်ငံတွင် ပုဂံခေတ် အနော်ရထာမင်းစော (AD–၁၀၄၄–၁၀၇၇) လက်ထက်ကပင် 'မီးတပ်သား' ၆၆၃ ဦးပါဝင်ဖွဲ့စည်းကာ 'သောသောညံပုဂံမီးခေတ်မောင်း'ဟု အမည်တပ်၍ ပုဂံနေပြည်တော်၏ မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်ဟု မီးသတ်သမိုင်းမှတ်တမ်းများအရ သိရသည်။

## မီးလောင်ရသည့်အကြောင်း


မြန်မာတစ်နိုင်ငံလုံး၌ လောင်ကျွမ်းခဲ့သော မီးလောင်မှုများအား နှစ်စဉ် ဆန်းစစ်ကြည့်ရာတွင် ပေါ့ဆမီးသည် အကြိမ်ရေအများဆုံးဖြစ်ကြောင်း၊ ပေါ့ဆရာတွင်လည်း အမျိုးမျိုးသော ပေါ့ဆမှုများပါဝင်ကြောင်း၊ ဘာသာရေးအရ ဆီးမီးပူဇော်ခြင်း၊ အမွှေးတိုင်ထွန်းညှိခြင်းတို့ကို သတိထားစောင့်ကြည့်ရန်လိုကြောင်း၊ ခြင်ဆေးခွေထွန်းခြင်း၊ ဖယောင်းတိုင်ထွန်းထားခြင်းတို့မှတစ်ဆင့် မီးလောင်မှုပေါင်း မြောက်မြားစွာ ဖြစ်ပွားခဲ့သည့်သာဓကများ ရှိခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနတိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ရဲကျော်စွာ အောင်ကျော်မြင့်က ဆိုသည်။ မော်လမြိုင်ဈေးကြီး မီးလောင်မှုသည် ခြင်ဆေးခွေထွန်းထားရာမှ လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ အခြားသောပေါ့ဆမှုတစ်ခုမှာ လျှပ်စစ်ပစ္စည်းအသုံးပြုခြင်းဖြစ်ပြီး လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီး မီးပျက်ပါက ပြန်လည်ပိတ်ထားရန် မေ့လျော့တတ်ကြကြောင်း၊ အခြားတစ်ခုမှာ သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများကိုလည်း ဟောင်းနွမ်းခြင်း၊ ဆွေးမြည့်ခြင်းဖြစ်နေပါက လဲလှယ်သုံးစွဲရန် မေ့လျော့နေတတ်၍ ယင်းတို့ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားရခြင်းလည်း အများအပြားရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မီးလောင်မှုများကို မြန်မာတစ်နိုင်ငံလုံးတွင် ဝန်ထမ်းအင်အား အလုံအလောက်ဖြင့် ကူညီဆောင်ရွက်ပေးနိုင်သော်လည်း မြို့နယ်အချို့တွင် မီးသတ်မော်တော်ယာဉ် အလုံအလောက် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးဟု မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ မြန်မာတစ်နိုင်ငံလုံးတွင် မီးသတ်မော်တော်ယာဉ် ၆၉၃ စီး၊ ရေသယ်ယာဉ် ၂၆၃ စီး၊ အထောက်အကူပြုယာဉ် ၁၉၃ စီး၊ နောက်တွဲယာဉ် (ထော်လာဂျီ) ၉၈ စီး၊ အပေါ့စား မီးသတ်ယာဉ် ၄၉၉ စီး၊ အုပ်ချုပ်မှုယာဉ် ၁၃၄ စီးဖြင့် မီးဘေးကာကွယ်ရေးများ ကူညီဆောင်ရွက်လျက်ရှိသည်ဟု တရားဝင် စာရင်းများအရ သိရသည်။ မြို့နယ်တိုင်း၌ မီးသတ်မော်တော်ယာဉ်များထားရှိနိုင်ရန် ပြည်တွင်းပညာရှင်များက ပြည်တွင်းထုတ် မီးသတ်မော်တော်ယာဉ်များထုတ်လျက်ရှိပြီး မြို့နယ်အားလုံး၌ မီးသတ်မော်တော်ယာဉ် ထားရှိနိုင်ရန် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဟုလည်း ၎င်းက ဆိုသည်။

"အမွှေးတိုင်ထွန်းမှ၊ ဖယောင်းတိုင်ထွန်းမှ ဈေးရောင်းကောင်းမယ်လို့ ယူဆတဲ့သူတွေရှိတော့ ဒါတွေဟာ မီးလောင်မှုကို ကြိုဆိုနေသလိုပဲဗျာ"ဟု မန္တလေးမြို့တော်ဈေးချိုတော်၏ ဈေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ကြောင့် ဈေးတာဝန်ရှိသူများအနေဖြင့်လည်း အသံချဲ့စက်ဖြင့် အမြဲသတိပေးနေရကြောင်း၊ မီးကြွင်းမီးကျန်များကြောင့်လည်း မကြာခဏမီးလောင်မှုဖြစ်ပွားလေ့ရှိကြောင်း ၎င်းကဆိုသည်။

နှစ်စဉ်မီးလောင်မှုအရေအတွက်



www.foreverspace.com.mm





တစ်ထောင်ဝန်းကျင်အောက်ရှိခဲ့သည်များ အနက် ကျပ်ဘီလီယံချီ၍ ဆုံးရှုံးခဲ့သည့် ၂၀၀၆ ခုနှစ် ပခုက္ကူဈေးကြီးမီးလောင်မှု၊ ၂၀၀၈ ခုနှစ် မန္တလေးရတနာပုံဈေးကြီးမီး လောင်မှု၊ ၂၀၀၉ ခုနှစ် တွံ့တေးဈေးမီး လောင်မှုနှင့် မော်လမြိုင်အမှတ် (၁) ဈေး ကြီးမီးလောင်မှုတို့မှာ ပေါ့ဆမှုကြောင့်ဖြစ် သည်ဟု မီးသတ်တပ်ဖွဲ့ရုံးချုပ်မှ တာဝန် ရှိသူတစ်ဦးက ပြောကြားသည်။ ၂၀၀၉ ခုနှစ် သြဂုတ်လအတွင်း မီးလောင်ခဲ့သည့် လှည်းကူးမြို့ရှိ အရက်ချက်စက်ရုံ၏ လောင်ကျွမ်းမှုသည် ဘွိုင်လာအိုး အပူလွန် ကဲရာမှ ပေါက်ကွဲ လောင်ကျွမ်းခြင်းဖြစ်ပြီး သတိထားပြီး ကြိုတင်ဆောင်ရွက်ခဲ့ပါက ယင်းသို့မပေါက်ကွဲနိုင်ဟု အထက်ပါပုဂ္ဂိုလ် ကဆိုသည်။ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်ကျော်မြင့်က "ကျွန်တော့်လုပ်သက် ၃၂ နှစ်အတွင်းမှာ အကြီး ဆုံးမီးလောင်မှုပဲဗျ" ဟု ဆိုသည်။

အဆိုပါစက်ရုံ၏ အုပ်ချုပ်မှုဒါရိုက် တာ ဦးအောင်မိုးကျော်ကမူ "ပေါ့ဆမှုရယ် လို့တော့ မဟုတ်ဘူးပေါ့။ ပေါက်ကွဲပြီး လောင်တာပါပဲ" ဟု ယင်းမီးလောင်မှုနှင့် ပတ်သက်၍ Living Color ၏ ဆက်သွယ် မေးမြန်းမှုကို တယ်လီဖုန်းမှတစ်ဆင့် ပြောကြားသည်။

## ဆုံးရှုံးမှု

မီးလောင်မှုများကြောင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် နှစ်စဉ်ဆုံးရှုံးမှုပမာဏမှာ ကျပ်သန်းရာချီရှိခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၉ ခုနှစ် သြဂုတ်လအထိ မီးလောင် ကျွမ်းခဲ့သည့်နှစ်များအနက် မီးလောင်ဆုံး ရှုံးမှု အနည်းဆုံးနှစ်ဖြစ်ခဲ့သော ၂၀၀၀ ပြည့် နှစ်တွင် တစ်နိုင်ငံလုံး၌ မီးလောင်မှုအကြိမ်ရေ ၈၇၆ ကြိမ်ရှိပြီး ဆုံးရှုံးမှုပမာဏမှာ ကျပ်သန်း ၃၆၈ ဒသမ ၇၂ ရှိခဲ့သည်။ ယခုနှစ် ၂၀၀၉ ခုနှစ်သည် အများဆုံး ဆုံးရှုံးခဲ့သော နှစ်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၀၉ ခုနှစ် သြဂုတ်လတစ်လတည်း၌ပင် တစ်နိုင်ငံလုံး ၌ မီးလောင်ဆုံးရှုံးမှုပမာဏမှာ ကျပ်သန်း ပေါင်းကိုးထောင်ကျော် (၉,၀၂၆,၂၇၆,၂၀၀) အထိ ဆုံးရှုံးမှုကြီးမားခဲ့သည်။

မီးလောင်မှုများကြောင့် ရုပ်ဝတ္ထုပစ္စည်းဆုံးရှုံးမှု၊ အဆောက်အအုံဆုံးရှုံးမှု၊ ငွေကြေးဆုံးရှုံးမှုအပြင် လူထိခိုက်ဒဏ်ရာ ရမှုနှင့် သေဆုံးမှုများလည်းရှိခဲ့သည်။ လူသေဆုံးမှုအားဖြင့် ၂၀၀၇ ခုနှစ်တွင် တစ်နိုင်ငံ လုံး၌ သေဆုံးသူ ၅၃ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၃၄ ဦးနှင့် ၂၀၀၉ ခုနှစ်တွင် သြဂုတ်လအထိ ၃၁ ဦးရှိခဲ့ကြောင်း မီးသတ်မှတ်တမ်း များအရသိရသည်။ တိရစ္ဆာန်သေဆုံးမှုမှာ လည်း နှစ်စဉ် ရာဂဏန်းမှ သုံးထောင်

ကျော်အထိ ရှိခဲ့သည်။

ထိုဆုံးရှုံးမှုများအနက် လူ့အသက်သေဆုံးရခြင်းသည် အကြီးမားဆုံး ဆုံးရှုံးမှုကြီးဖြစ်ကြောင်း ၂၀၀၆ ခုနှစ်တွင် မီးလောင်မှု၌ သေဆုံးခဲ့ရသူတစ်ဦး၏ မိသားစုဝင်တစ်ဦးက ဆိုသည်။

## အရှုံးထဲမှ ရုန်းထနိုင်ဖို့

မီးလောင်မှုကြောင့် အသက်ဆုံးရှုံးသူများရှိသကဲ့သို့ ကျန်ရစ်သည့်လူများမှာလည်း ဘဝအပြောင်းအလဲကြီး ပြောင်းလဲခဲ့ရသူများရှိသည်။ တိုက်ပေါ်မှ တဲပေါ်ရောက်ခဲ့ရသူများရှိသကဲ့သို့ အိမ်ပေါ်မှ အိမ်ခြေမဲ့သွားရသောသူများ၊ စီးပွားပျက်သွားရသူများ ရှိခဲ့သည့်သာဓကများ ရှိသည်။

ယင်းဆုံးရှုံးမှုများကို အထိုက်အလျောက် ပြန်လည်ရရှိနိုင်သည့်နည်းလမ်းကို လူအချို့က သိသော်လည်း လူအများစုမှာ မသိကြပေ။ အသင့်အတင့် ပြန်လည်ကုစား အစားထိုးရရှိနိုင်သော နည်းလမ်းမှာကား အာမခံထားရှိရေးဟု ဆိုရမည်ဖြစ်သည်။ အာမခံထားရာတွင် နေအိမ်အဆောက်အအုံ ရုပ်ဝတ္ထုပစ္စည်းများကိုသာမက လူ့အသက်အာမခံကိုလည်း ထားနိုင်ပါသည်။ အာမခံထားခြင်းအားဖြင့် ဆုံးရှုံးမှုကို အပြည့်အဝ ပြန်လည်မရရှိနိုင်သော်လည်း အတိုင်းအတာတစ်ခုလောက်အထိ ပြန်လည်အစားထိုးနိုင်သည်။

မီးဘေးဖြစ်စေ၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ ဆုံးရှုံးမှုဖြစ်ပါက အာမခံသည်သာ အားထားရာဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်း၏ အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။ မြို့နေပြည်သူအများစုမှာ အာမခံထားခြင်းအကျိုးကို သိကြသော်လည်း ကျေးလက်တွင်နေထိုင်သူအများစုမှာ မသိရှိကြသေးဟုလည်း ၎င်းက ဆိုသည်။ မြို့နေပြည်သူအများစုမှာ အာမခံထားလာကြသည်ဟု ဆိုသော်လည်း အာမခံထားခြင်းကို မနှစ်သက်သူများလည်းရှိသည်ဟု ခရီးသွားကုမ္ပဏီလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မြန်မာ့အာမခံလုပ်ငန်းသည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုကို တစ်စိတ်တစ်ပိုင်းမှ အထောက်အကူဖြစ်စေရေးအတွက် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်ကပင်ဖွဲ့စည်း၍ လျော်ကြေးများပေးအပ်လာခဲ့ပြီး ၂၀၀၅ ခုနှစ်မှစ၍ နှစ်စဉ်ကျပ်သန်းပေါင်းများစွာ အာမခံကြေးများပေးအပ်နေရသည်ဟု ဒေါက်တာမောင်မောင်သိမ်းက ဆိုသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊



www.foreverspace.com.mm

City FM စသည့်မီဒီယာများမှ မီးဘေးကာကွယ်ရေးကို ပညာပေးဟောပြောပေးနေသော်လည်း လိုက်နာမှုအားနည်းသေးကြောင်း မီးသတ်ဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ ကြိုတင်ကာကွယ်ရေးတွင် မီးကို စနစ်တကျသုံး၍ မီးဘေးအသိဖြင့် သတိရှိခြင်းသည် လူသားတိုင်းအတွက် အရေးပါပြီး အထိရောက်ဆုံးလက်နက်ဖြစ်သည်ဟုလည်း ဆိုသည်။

မော်တော်ယာဉ်စီးသူများအနေဖြင့် မိမိယာဉ်ပေါ်တွင် မီးသတ်ဆေးဘူး (Dry Chemical Powder) အသင့်ဆောင်ထားရန်လိုကြောင်း၊ လျှပ်စစ်ပစ္စည်းသုံးစွဲပါက မီးပိတ်ခြင်း၊ ပလပ်ဖြုတ်ခြင်း၊ မိန်းခလုတ် (Main Switch) တို့ကိုချပြီးမှ အပြင်သွားခြင်း၊ ညအိပ်ခြင်းပြုသင့်ကြောင်း၊ ခြင်ဆေး၊ ဖယောင်းတိုင်၊ အမွှေးတိုင်ထွန်းခြင်းတို့ကိုလည်း မလိုအပ်ဘဲ မပြုလုပ်သင့်သည့်အပြင် ထွန်းညှိပါကလည်း အမြဲသတိရန်လိုအပ်ကြောင်း၊ မီးလောင်မှုအများစုမှာ ယင်းတို့ကြောင့်ဖြစ်၍ အလွန်ဂရုစိုက်ရန်လိုအပ်ကြောင်း မီးသတ်ဦးစီးအရာရှိက ပြောကြားသည်။

အခြားသောကာကွယ်မှုတစ်ခုမှာ မိမိနေအိမ်၊ ရုံးခန်း သို့မဟုတ် စက်ရုံ အလုပ်ရုံရှိ လျှပ်စစ်ဝါယာကြိုးများနှင့် လျှပ်စစ်မီတာဘောက်များကို အမြဲစစ်ဆေးရန်လိုအပ်ပြီး ဟောင်းနွမ်းဆွေးမြည့်နေခြင်း၊ သုံးစွဲချိန်ကြာမြင့်ပါက ချက်ချင်းလဲလှယ် အစားထိုးရန် အရေးကြီးကြောင်း၊ လျှပ်စစ်ဝါယာကြိုးများသုံးစွဲရာတွင်လည်း အရည်အသွေးပြည့်ဝသည့်ပစ္စည်းများ၊ ဝါယာကြိုးများကိုသာ သုံးစွဲသင့်ကြောင်း ရန်ကုန်တိုင်းမီးသတ်မှ ရဲတပ်ကြပ်ကြီးတစ်ဦးက ပြောကြားသည်။ လူနေအိမ်၊ လူရှိသည့်အဆောက်အအုံ၏ နံရံတိုင်းတွင် မီးဘေးအန္တရာယ် သတိပေးပိုစတာများ ကပ်ထားသင့်သည်ဟုလည်း ၎င်းက အကြံပြုတိုက်တွန်းသည်။

၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် မန္တလေးမြို့တော်၌ ရတနာပုံဈေး မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း မန္တလေးမြို့၏ ဈေးတိုင်းရှိ ဈေးရုံတစ်ရုံတွင် အဖွဲ့ငယ်များဖြင့် နေ့စဉ်လှည့်လည်နှိုးဆော်ပေးခြင်း၊ အသိပေးခြင်း၊ သတိပေးခြင်းတို့ကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ဈေးအတွင်း၌ အင်ဗာတာသုံးခြင်း၊ မီးဖိုအသုံးပြုခြင်းတို့ကို ပိတ်ပင်ထားကြောင်း၊ မီးလောင်မှုဖြစ်ပါက လမ်းရှင်းခြင်း၊ လမ်းကြောင်းပြခြင်းတို့အတွက် အရန်အင်အားများ စနစ်တကျ ဆောင်ရွက်ထားပြီး



www.foreverspace.com.mm





ရေရရှိရန်အတွက်လည်း ရေကန်ကြီးများ အဆင်သင့်ပြင်ဆင်ထားကြောင်း ဈေးချို တော် တာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။

MWDC စက်ရုံ၏ ဒါရိုက်တာ ဦးအောင်မိုးကျော်ကလည်း ၎င်းစက်ရုံ မီး လောင်ခံရပြီးနောက်တွင် မီးဘေးကာကွယ် ရေးကို ယခင်ထက် ပိုမိုဆောင်ရွက်နေ ကြောင်း၊ စက်ရုံဝန်ထမ်းများကိုလည်း မီး ဘေးကြုံပါက စနစ်တကျ ဆောင်ရွက် တတ်စေရန်၊ ကာကွယ်တတ်ရန်တို့ကို ပညာပေးဆောင်ရွက်နေကြောင်း၊ ယင်းအ ပြင် MWDC စက်ရုံနှင့် ၎င်း၏အခြားစက် ရုံလုပ်ငန်းများ မီးဘေးကြိုတင်ကာကွယ် ရေးအတွက် ထိုင်းနှင့် စင်ကာပူနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များကိုခေါ်ယူ၍ ကုမ္ပ ဏီအသွင်သဏ္ဍာန်ဖြင့် မီးသတ်ဦးစီးဌာန နှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိ ကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင် များ၊ အထပ်မြင့်အဆောက်အအုံ ဆောက် လုပ်သူများအနေဖြင့် စတင်ဆောက်လုပ် မည်ဆိုပါက မီးသတ်ဦးစီးဌာနသို့တင်ပြပြီး မီးဘေးဆိုင်ရာလုံခြုံမှုအတွက် ကြိုတင် အကြံပြုချက်ရယူရန်လိုအပ်ကြောင်း၊ မီးသတ် ဦးစီးဌာနအနေဖြင့် အမြဲနှိုးဆော်နေသော် လည်း လိုက်နာမှုအားနည်းချက်များရှိသေး ကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ တွင် လိုက်နာမှုမရှိကြကြောင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများတွင်မူ အဆောက်အအုံတစ်ခု စတင်ဆောက်လုပ်သည်နှင့် တစ်ပြိုင်နက် ကြိုတင်ကာကွယ်မှုအတွက် အဆောက်အအုံ ၏ ၁၀ ရာခိုင်နှုန်းကို ကာကွယ်မှုပြုလုပ်ပြီး သားဖြစ်နေတတ်ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူး ဦးအောင်ကျော်မြင့်က ပြောကြားသည်။

"ကျွန်တော့်စက်ရုံကြီး မီးလောင် ကျွမ်းခဲ့ပေမယ့် အာမခံကြေးကြောင့် ဆုံးရှုံး မှုကို အတော်အထောက်အကူပြုန်ဖြစ်ခဲ့ တယ်" ဟု MWDC စက်ရုံ၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်မိုးကျော်က ဆိုသည်။ အဆိုပါစက်ရုံအဟောင်းအတွက် ကျပ် သန်း ၅၀၀၊ အသစ်အတွက် ကျပ်သန်း နှစ်ထောင်ကျော်နှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းကျော် အာမခံထားခဲ့သည် ဟု ဦးမောင်မောင်သိမ်း၏ ပြောပြချက်အရ သိရသည်။

မီးလောင်မှုကြောင့် ဆုံးရှုံးမှုကြီးမား ခဲ့သော်လည်း အာမခံထားခဲ့ခြင်းကြောင့် အရှုံးထဲမှအမြတ်ရရှိသည်ဟု ဆိုနိုင် ကြောင်း၊ ၎င်းကဲ့သို့ အခြားသောစက်ရုံ အလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများအနေ ဖြင့်လည်း မိမိတို့၏ စီးပွားရေးလုပ်ငန်း များကို အာမခံထားသင့်ကြောင်း ဦးအောင်

www.foreverspace.com.mm

မိုးကျော်က ဆိုသည်။

## ကြိုတင်ကာကွယ်မှု

'မီးဘေးရှောင် မလောင်ခင်တား'၊ 'ရန်သူမီးကို အမြဲသတိရှိပါ' ဟူသော တေးသံရှင်ဦးထွန်းရွှေ၏ မီးဘေးကြိုတင်ကာကွယ်မှုသီချင်းသံသည်လည်း မြို့ပြရော ကျေးလက်ဒေသများတွင်ပါမကျန် ခေတ်စားခဲ့ပြီး လက်ရှိတွင်လည်း ပွင့်လင်းရာသီကူးပြောင်းတော့မည့်ကာလရောက်သည်နှင့် ရပ်ကွက်တိုင်း၌ သက်ဆိုင်ရာ နေရာအလိုက် လှည့်လည်သတိပေးနှိုးဆော်လေ့ရှိသည်။

ကြိုတင်ကာကွယ်ရာ၌ နှိုးဆော်မှုအပြင် မီးလောင်မှုဖြစ်ပွားပါက အမြန်ဆုံးနှင့် အထိရောက်ဆုံး မီးငြိမ်းသတ်နိုင်ရန် ယာဉ်အဆင်သင့်၊ ရေအဆင်သင့်ရရှိရန်မှာ အရေးကြီးသကဲ့သို့ မီးလောင်မှုတစ်ခု ဖြစ်ပွားပါက ပြည်သူများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အဓိကအခန်းကဏ္ဍက ပါဝင်နေပေသည်။

## နိဂုံး

မြန်မာနိုင်ငံ၌ မီးလောင်ဆုံးရှုံးမှုများ ပြားလာရခြင်းကို ခြုံငုံလေ့လာကြည့်ပါက သတိထားမှုအားနည်းချက်နှင့်အတူ ပေါ့ဆမှုတို့က အဓိကအချက်ဖြစ်နေသည်။ သတိမေ့လျော့ခြင်း၊ ပေါ့ဆခြင်းတို့ကို ပြန်လည်ဆန်းစစ်ရာတွင်လည်း လျှပ်စစ်မီးအလုံအလောက်မရခြင်းက အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရသည်။ မီးခေတ္တလာချိန်၌ လျှပ်စစ်ပစ္စည်းများ သုံးစွဲတတ်ပြီး လတ်တလော မီးပျက်သွားပါက မီးပိတ်ရန်၊ ပလပ်ဖြုတ်ရန်၊ မိန်းချရန် မေ့လျော့နေတတ်၍ မီးပြန်လာချိန်၌ အပူလွန်ကဲရာမှ မီးလောင်မှုကြီးများ ဖြစ်ပွားခဲ့သည်ကိုလည်း တွေ့ရသည်။ သို့ဖြစ်၍ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရာ၌ လျှပ်စစ်မီးရရှိခြင်း၊ ဗို့အား အလုံအလောက်ရရှိစေရန် ဆောင်ရွက်ပေးခြင်းသည်လည်း အလွန်အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်နေပေသည်။

ဖြစ်ပွားပြီးမှ အပြစ်တင်ဝေဖန်ပြောဆိုမှု၊ ပညာပေးမှုတို့အစား မည်သည့်အတွက် ဖြစ်ပွားရသည်ကို အဖြေရှာဖြေရှင်းရေးသည်သာ အဓိကကျမည်ဖြစ်သည်။ အခြေခံအဆောက်အဦများ ပေါပေါများများဆောက်လုပ်ပေးခြင်းနှင့်အတူ အဆောက်အအုံနှင့်လိုက်ဖက်သော၊ တိုးတက်လာသောလူဦးရေနှင့် မျှတသော မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အလုံအလောက်ထားရှိရေးသည်လည်း အရေးပါနေသည်။ သုံးစွဲသူပြည်သူများအနေဖြင့်လည်း မည်သည့်အခြေအနေ၌ သုံးစွဲသည်



www.foreverspace.com.mm



ဖြစ်စေ အမြဲသတိထားသုံးစွဲခြင်းသည်သာ အထိရောက်ဆုံးကာကွယ်မှုဖြစ်မည်ဟု ယူဆရပေမည်။

"ရန်သူဖြစ်တဲ့မီးလောင်မှု မဖြစ်ပွားအောင် ရန်သူရှိနေတယ်ဆိုတာကို သတိပြုပြီး သုံးစွဲကြမယ်ဆိုရင် မီးလောင်ဆုံးရှုံးမှုလျော့ကျမှာ သေချာပါတယ်" ဟု ရဲကျော်စွာ ဦးအောင်ကျော်မြင့်က အကြံပေးတိုက်တွန်းသည်။ ကြီးမားသော မီးလောင်မှုကြီးများသည် စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များအတွက် ဆုံးရှုံးမှုကြီးမားသကဲ့သို့ နိုင်ငံ၏ထုတ်ကုန်စွမ်းအားကိုလည်း ထိခိုက်နစ်နာစေသည်ဟု မီးသတ်ရုံးချုပ်မှ အရာရှိတစ်ဦးက ဖြည့်စွက်ပြောကြားသည်။

မီးသုံးစွဲသူပြည်သူများအား မီးသုံးစွဲမှု မပေါ့ဆရေးအတွက် ပညာပေးနှိုးဆော်မှုသည် ထိရောက်သော်လည်း စည်းရုံးနိုင်မှုသည်လည်း အရေးပါကြောင်း၊ မီဒီယာများမှ နှိုးဆော်ခြင်းများအပြင် အိမ်တိုင်ရာရောက် နှိုးဆော်ပညာပေးခြင်း၊ မီးဘေးလုံခြုံရေးအတွက် လိုအပ်သောအကူအညီ အထောက်အပံ့ပေးနိုင်ရေးသည်လည်း အရေးပါကြောင်း၊ သက်ဆိုင်ရာ၏ အထောက်အကူပြုပစ္စည်း မလုံလောက်ပါက မိမိတို့ကိုယ်တိုင် မီးဘေးကာကွယ်ရေးပစ္စည်းများ လုံလောက်စွာထားရှိရန်လိုကြောင်း၊ မီးဘေးအန္တရာယ်သည် နေရာ၊ ဒေသ၊ အချိန်ကာလအပိုင်းအခြားအကန့်အသတ်မရှိ ဖြစ်ပွားတတ်၍ မသက်ဆိုင်သူမရှိကြောင်း၊ အထူးသဖြင့် မီးဘေးအန္တရာယ်ဆိုသည်မှာ လူသားတို့ပြုသော ဘေးတစ်ခု သို့မဟုတ် သဘာဝဘေးလည်းဖြစ်နိုင်ကြောင်း၊ မည်သည့်ဘေးဖြစ်စေ ဆိုးကျိုးကိုသာပေးသောကြောင့် လူသားအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်အားလုံးကို ဖျက်ဆီးပစ်နိုင်သော ဘေးဆိုးတစ်ခုဟုသာမှတ်ယူပြီး ပြည်သူတစ်ရပ်လုံးက ထာဝစဉ်နှလုံးသွင်း၍ တားဆီးကာကွယ်သွားရန်လိုကြောင်း မီးသတ်ဦးစီးဌာနၡ နှစ်ပေါင်း ၄၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးက ပြောကြားသည်။



အတိတ်အဖြစ်အပျက်များမှ သင်ခန်းစာများ၊ လုပ်ငန်းခွင်မှ အတွေ့အကြုံရင့် ကျက်သူများ၏ သတိပေး၊ ပညာပေး အကြံပြုချက်များနှင့် ကြိုတင်ပြင်ဆင်သတိပြုသင့်သည်များကိုဆောင်၍ ရှောင်၍ နေနိုင်ကြမည်ဆိုပါက တိုးတက်ရန် ကြိုးစားနေသည့် ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအနေဖြင့် မလိုလားအပ်သောဆုံးရှုံးမှုများကို ရင်ဆိုင်ကြုံတွေ့ရသည့်အခြေအနေမှ လွတ်မြောက်နိုင်မည်ဟု ဆိုနိုင်ပါသည်။

**ခင်ဌေးကြွယ်**



www.foreverspace.com.mm

**အပူရှိန်တငွေ့ငွေ့တက်လာသည့် သတ္တုဒယ်အိုးထဲသို့ တစ်လီတာဝင်ရေသန့်ဘူးအဟောင်းထဲမှ ဆီများကို လောင်းထည့်လျက် "ဆီ ၅၀ သားကလည်း တစ်ပတ်တောင် အသုံးမခံဘူး"ဟု အသက် ၄၃ နှစ်အရွယ် ဒေါ်ငြိမ်းက သူမဘာသာ ရေရွတ်နေသည်။**

မိသားစုဝင် ငါးယောက်ရှိသော ဒေါ်ငြိမ်းတို့မိသားစုတွင် တစ်လလျှင် ဆီလေးပိဿာခန့်ကုန်ကျလေ့ရှိပြီး ယခင်အညာဒေသတွင် နေစဉ်က နှမ်းယဉ်ဆီကိုသာ စားသုံးခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ် ၂၀ ရန်ကုန်ရောက်ပြီး နောက်ပိုင်းမှစ၍ ပဲဆီ၊ နှမ်းဆီဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာချိန်တွင် ဈေးနှုန်းချိုသာသည့် စားအုန်းဆီကို ပြောင်းလဲသုံးစွဲခဲ့ကြောင်း၊ အခြားအသားငါးဟင်းများ ခြိုးခြံချွေတာနိုင်သော်လည်းဆီစားသုံးမှုကိုမူ မလျှော့ချနိုင်သေးကြောင်း ဒေါ်ငြိမ်းက ပြောကြားသည်။

"အန်တီတို့အိမ်က ကန်စွန်းရွက်ကြော်ရင်တောင် ဆီများမှ အရောင်လှတယ်လို့ထင်တာ။ ထမင်းကြမ်းနဲ့ လက်ဖက်သုပ်စားရင်လည်း လက်ဖက်က ဆီမြုပ်မှ" ဟု ၎င်းတို့မိသားစုဆီကို နှစ်ခြိုက်စွာ စားသုံးပုံကို ပြောပြသည်။

မြန်မာလူမျိုးများသည် ဆီစားသုံးမှုတွင် လိုအပ်သည်ထက် ပိုမိုသုံးစွဲနေသည်ဟု ကျန်းမာရေးပညာရှင်များက မီဒီ

# ဆီစားလို့ အားမဖြစ်ပါ

နိုင်မင်းဝေ



www.foreverspace.com.mm





ပသာများမှတစ်ဆင့် မကြာခဏ ထောက်ပြလေ့ရှိပြီး ဆီစားသုံးမှုများလျှင် အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် ကင်ဆာရောဂါအမျိုးမျိုးဖြစ်စေနိုင်သည်ကို ဒေါ်ငြိမ်းအပါအဝင်အိမ်ထောင်ရှင်အတော်များများ ကြားဖူးနားဝရှိကြသော်လည်း ဆီစားသုံးမှုမှာ မြင့်တက်နေဆဲဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းရောင်းချလျက်ရှိသည့် စားသုံးဆီလေးမျိုးကို စားသုံးရန်မသင့်သော ဆီများအဖြစ် ၂၀၀၉ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ လူများထက် သုံးဆခန့်ဆီစားသုံးမှုပိုများကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် အရည်အသွေးမြင့်အန္တရာယ်ကင်း သံလွင်ဆီ၊ ပဲဆီ၊ ပဲပုပ်ဆီ၊ ပဲပိစပ်ဆီ၊ နှမ်းဆီ၊ ပြောင်းဆီများကိုပင် အနည်းအကျဉ်းလျှော့စားနေချိန်၌ မြန်မာလူမျိုးများသည် ဈေးသက်သာသည့် စားအုန်းဆီကို ပေါပေါများများ စားသုံးနေကြသည်ဟု ဧရာဝတီ မြေပဲဆီရောင်းဝယ်ရေးလုပ်ငန်းမှ ဦးခင်စိုးက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံတွင် စားအုန်းဆီ၊ မြေပဲဆီ၊ နှမ်းဆီတို့ကို အများစုစားသုံးပြီး စားအုန်းဆီစားသုံးမှုမှာ ၈၅ ရာခိုင်နှုန်းခန့်၊ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် မုန့်ညင်းဆီစားသုံးမှု ၁၅ ရာခိုင်နှုန်းခန့်ရှိကြောင်း ဘုရင့်နောင်စိန်ပန်းလမ်းမှ ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

စားအုန်းဆီကို ၁၉၆၂–၆၃ ခုနှစ် က တပ်မတော်ရိက္ခာအနေဖြင့် စတင်တင်သွင်းခဲ့ပြီး စုစုပေါင်း ၄၇၅ တန်ခန့် တင်သွင်းခဲ့ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ပြည်တွင်းဆီစားသုံးမှုအနေအထားအရ တစ်နှစ်ထက်တစ်နှစ် တင်သွင်းမှုတိုးမြင့်လာခဲ့ပြီး ၂၀၀၇ ခုနှစ်အတွင်း တစ်လလျှင် စားအုန်းဆီ (ကန်ဆီ) တန်သုံးသောင်းတင်သွင်းခဲ့ကြောင်း၊ နိုင်ငံတကာတွင် စက်သုံးဆီလောင်စာဈေးနှုန်းမြင့်တက်လာချိန်၌ စားအုန်းဆီကို ဇီဝလောင်စာအဖြစ် အစားထိုးသုံးစွဲလာသဖြင့် စားအုန်းဆီ ဈေးနှုန်းများမြင့်တက်လာချိန်၌ စားအုန်းဆီတင်သွင်းမှုကို လျှော့ချခဲ့ပြီးနောက် ယခုအခါ တစ်လလျှင် ကန်ဆီတန်နှစ်သောင်းခန့်သာ တင်သွင်းတော့ကြောင်း၊ အကျိုးဆက်အနေဖြင့် ပဲဆီစားသုံးမှုမြင့်တက်လာကြောင်း ဆီကိုယ်စားလှယ်ကြီးတစ်ဦးက ပြောကြားသည်။

"စင်ကာပူ၊ ဂျပန်၊ ကိုရီးယားနိုင်ငံတွေက မိသားစုသုံးဦးလောက်ရှိတဲ့ အိမ်ထောင်စုတစ်စုအနေနဲ့ တစ်လကို ဆီ ဝ ဒသမ ၇၅ လီတာတစ်ဘူး (၄၅ ကျပ်သား) လောက် စားကြတာဖြစ်လို့ လူတစ်ဦးတစ်ရက် ငါးမူးသားလောက်စားနေချိန်မှာ မြန်မာတွေက တစ်ရက် နှစ်ကျပ်ခွဲသားလောက်စားတယ်" ဟု ဖွံ့ဖြိုးပြီးနိုင်ငံအချို့မှ ဆီစားသုံးမှုပုံစံနှင့် မြန်မာလူမျိုးများ၏ ဆီစားသုံးမှုနှုန်းကို ဦးခင်စိုးက နှိုင်းယှဉ်ပြောကြားသည်။

"ဆီလျှော့စားလို့ ကျန်းမာရေးထိခိုက်မယ်ဆိုရင် အဲဒီ ဂျပန်တို့၊ ကိုရီးယားတို့က လူတွေ ကျန်းမာရေးထိခိုက်နေမှာပေါ့" ဟု ၎င်းက ဆီလျှော့စားခြင်းဖြင့် ကျန်းမာရေးအလွန်ကောင်းကျိုးဖြစ်နိုင်ပုံကို ပြောကြားသည်။ အသား (ငါးဥ) နို့နှင့် ဟင်းသီးဟင်းရွက်များကို တိုးစားနိုင်အောင် ဖန်တီးပေးရန်လိုကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားသည်။

စာအုန်းဆီအသွင်းများစဉ်က ပြည်ပသို့ နှမ်းတစ်တန်ရောင်းချလျှင် စားအုန်းဆီနှစ်တန် ပြန်သွင်းနိုင်ပြီး ဆီပေါပေါများများစားရမည်ဟူ၍ စဉ်းစားကာ ပြည်ပသို့ နှမ်းတင်ပို့ခဲ့ကြောင်း ၎င်းကဆိုသည်။

ယေဘုယျအားဖြင့် စားအုန်းဆီသုံးစွဲခြင်းနှင့်စာလျှင် မြေပဲဆီသုံးစွဲခြင်းက ကျန်းမာ



www.foreverspace.com.mm



ရေးအတွက်ပိုမိုကောင်းမွန်သည်ကို မြန်မာအိမ်ရှင်မများ သိရှိကြကြောင်း၊ သို့ရာတွင် ဈေးသက်သာသည့်စားအုန်းဆီကိုသာ ရွေးချယ်စားသုံးကြကြောင်း ဒေါ်ငြိမ်းက ပြောဆိုသည်။

ပြီးခဲ့သည့်နှစ် နာဂစ်မတိုင်ခင်က မြေပဲဆီတစ်ပိဿာ ၄,၈၀၀ ကျပ်၊ စားအုန်းဆီတစ်ပိဿာ ၃,၀၀၀ ကျပ်ရှိပြီး မြေပဲဆီနှင့် စားအုန်းဆီဈေးနှုန်းကွာခြားချက်များသဖြင့် မြေပဲဆီများဝယ်လိုအားမရှိကြောင်း၊ မြေပဲဆီမရောင်းရသဖြင့် ဆီစက်များအနေဖြင့် ဆီဈေးမြင့်မရောင်းရဲဘဲ ဆီကြိတ်ကုန်ကြမ်းကိုသာ ဈေးချဝယ်ခဲ့ကြောင်း၊ တောင်သူများအနေဖြင့် မြေပဲဆန်ဈေးမကောင်းသဖြင့် ပိုမိုတွက်ခြေကိုက်သည့် ပဲမျိုးစုံကိုပြောင်းလဲစိုက်ပျိုးခဲ့ကြောင်း၊ မြေပဲစိုက်သူများကလည်း ဆီစက်များထက်ဈေးပိုရသည့် နယ်စပ်ကုန်သွယ်ရေးမှ မြေပဲလုံးဆန် သီးသန့်တင်ပို့ရောင်းချသူများကိုသာ ရောင်းချပြီး မြေပဲဆန်ကုန်ကြမ်းရှားသဖြင့် ဆီစက်ငယ်များရပ်ဆိုင်းရသည်အထိဖြစ်လာကြောင်း ပြည်မြို့မှ ဆီစက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"အခုနှစ်တော့ စားအုန်းဆီက တစ်ပိဿာ ၂,၀၀၀၊ မြေပဲဆီက ၃,၀၀၀ လောက်

**ယေဘုယျအားဖြင့် ဈေးသက်သာသည်ကိုသာ ရွေးချယ်သုံးစွဲလေ့ရှိသော သဘောသဘာဝအရ မြေပဲဆီဈေးပြန်တက်လာလျှင်မူ စားအုန်းဆီကိုသာ ပြန်လည်စားသုံးလာဖွယ်ရှိသည်ဟု ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။**

ပဲဆိုတော့ မြေပဲဆီစားသုံးမှု နည်းနည်းပိုများလာတယ်" ဟု ၎င်းကဆိုသည်။

ယေဘုယျအားဖြင့် ဈေးသက်သာသည်ကိုသာ ရွေးချယ်သုံးစွဲလေ့ရှိသော သဘောသဘာဝအရ မြေပဲဆီဈေးပြန်တက်လာလျှင်မူ စားအုန်းဆီကိုသာ ပြန်လည်စားသုံးလာဖွယ်ရှိသည်ဟု ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

လက်ရှိမြန်မာနိုင်ငံ၏ ဆီစားသုံးမှုနှုန်းသည် တစ်လလျှင် တန်ချိန်ငါးသောင်းခန့်ရှိပြီး သင်္ဘောတင်စားအုန်းဆီ (ကန်ဆီ) ၂ သောင်း၊ ပြည်တွင်းဆီစက်များမှ ထုတ်လုပ်သည့်ဆီတန်ချိန် ၁ သောင်းခွဲနှင့် နယ်စပ်ကုန်သွယ်ရေးမှ တင်သွင်းသည့် ဆီတန်ချိန် ၁ သောင်းခွဲခန့်ရှိကြောင်း၊ ကုန်ကြမ်းအလုံအလောက်ရရှိပါက ပြည်တွင်း ဆီစက်လုပ်ငန်းများအနေဖြင့် တန်ချိန် ၃ သောင်းခန့် အလွယ်တကူထုတ်လုပ်နိုင်ကြောင်း၊



www.foreverspace.com.mm



ပြည်ပမှ ဆီတင်သွင်းမှုလျှော့ချပြီး ပြည်တွင်းဆီထုတ်လုပ်မှုတိုးတက်လာလျှင် ပဲဖတ်၊ နှမ်းဖတ် တစ်လလျှင် တန်ချိန် ၃၅,၀၀၀၊ ၄၀,၀၀၀ ခန့်ထွက်ရှိနိုင်သဖြင့် မွေးမြူရေးသားငါးကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူရနိုင်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးအစာအသင်းဥက္ကဋ္ဌလည်းဖြစ်သူ ဦးခင်စိုးကဆိုသည်။

မြန်မာနိုင်ငံတွင် ဆီသုံးစွဲမှုနှုန်းမှာ လူတစ်ဦးလျှင် တစ်နှစ် ၁၀ ကီလိုဂရမ် (၆ ပိဿာကျော်) ရှိပြီး လူဦးရေ ၅၆ သန်းကျော်အတွက် ဆီကီလို ၅၆၀ သန်း (ပိဿာချိန် သန်း ၃၀၀ ကျော်) နီးပါးခန့် တင်သွင်းနေရကြောင်း ၂၀၀၈ ခုနှစ်အတွင်းက တရားဝင်ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

နိုင်ငံခြားငွေယိုပေါက်ကြီးဖြစ်နေသည့် စားအုန်းဆီတင်သွင်းမှုကိုလျှော့ချပြီး ပြည်တွင်းဆီထုတ်လုပ်မှုကို မြှင့်တင်လျှင် ဆီဈေးအထိုက်အလျောက်မြင့်တက်လာနိုင်ကြောင်း၊ ဆီဈေးကြောင့် စားသုံးသူများ ဆီလျှော့စားလာနိုင်ကြောင်း၊ ဆီဈေးတက်ခြင်းမှာမူ အခိုက်အတန့်သာဖြစ်လာကြောင်း၊ ဆီဈေးမြင့်လာသည့်အတွက် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည်လည်း တိုးလာနိုင်ကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှုပိုလျှံလာလျှင် ကမ္ဘာ့ဈေးကွက်အခိုင်အမာရှိသည့် နှမ်းဆီ၊ မြေပဲဆီများကို အရည်အသွေးမြှင့်၍ ပြည်ပတင်ပို့နိုင်သည်အထိ တက်လှမ်းနိုင်ကြောင်း ပြည်မြို့မှ ဆီစက်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အမှတ် (၁) စက်မှုဝန်ကြီးဌာနထံမှ ခွင့်ပြုမိန့်လိုင်စင်ရယူကြိတ်ခွဲနေသည့် ဆီစက်အကြီးအသေးစုစုပေါင်း ၃၀၀၀ ခန့်ရှိသည်ဟု ဦးခင်စိုးက ပြောကြားသည်။

မိသားစုဝင်ငါးယောက်ရှိသည့် အိမ်ထောင်စုတစ်စုအနေဖြင့် တစ်ရက်ကို ဆီ ၁၀ သားစားလျှင် စားအုန်းဆီဆိုပါက ၂၅၀ ကျပ်၊ ပဲဆီဆိုလျှင် ၃၅၀ ကျပ်ကုန်ကျပြီး ပဲဆီနှင့် စားအုန်းဆီဈေးကွာခြားချက်မှာ ၁၀၀ ကျပ်ခန့်သာရှိ၍ လူတစ်ဦးအတွက် ကျပ် ၂၀ ခန့် ပိုသုံးစွဲရုံဖြင့် အရည်အသွေးကောင်း ပဲဆီကို စားသုံးခွင့်ရလာနိုင်မည်ဟု ဦးခင်စိုးက ဆိုသည်။

| အမျိုးအစား | စုစုပေါင်းဆီ | ပြည့်ဝဆီပါဝင်မှု |
|---|---|---|
| **Saturated Oil** | gm | gm |
| (အန္တရာယ်ကြီးသောဆီ) | | |
| ထောပတ် | ၁၁ | ၁၁ |
| အုန်းဆီ | ၂၀ | ၁၇ |
| ဂီး(ကုလားထောပတ်) | ၂၀ | ၁၃ |
| မာဂျရင်း | ၁၆ | ၇ |
| စားအုန်းဆီ | ၂၀ | ၉.၅ |
| **Polyunsaturated Oil** | | |
| (ကောင်းသောဆီ) | gm | gm |
| ပြောင်းဖူးဆီ | ၂၀ | ၃ |
| ပဲပိစပ်ဆီ | ၂၀ | ၃ |
| နေကြာဆီ | ၂၀ | ၂.၅ |
| နှမ်းဆီ | ၂၀ | ၃ |
| **Monounsaturated Oil** | | |
| (အသင့်လျော်ဆုံးဆီ) | gm | gm |
| သံလွင်ဆီ | ၂၀ | ၃ |
| ပဲဆီ | ၂၀ | ၄ |

**အလေးချိန်မှာ ဂရမ်ဖြစ်ပါသည်။**



ဆေးလိပ်ဖိုး၊ ကွမ်းဖိုး ၁၅၀ ကျပ်ခန့် ချွေတာလျှင်ပင် မြေပဲဆီကို အလွယ်တကူ စားခွင့်ရလာနိုင်ပြီး အကျိုးဆက်အနေဖြင့် ကျန်းမာရေးအတွက်သာမက မြေပဲဆီတစ်ဆယ်သားစားသုံးတိုင်း ပဲဖတ်တစ်ဆယ်သား ထွက်ရှိလာမည်ဖြစ်ကြောင်း၊ ပဲဖတ် ၃၀ ရာခိုင်နှုန်း၊ ဖွဲနု ၇၀ ရာခိုင်နှုန်း ရောကျွေးလျှင် အသား ၅၀ ရာခိုင်နှုန်းထွက်ရှိသဖြင့် စားအုန်းဆီလျှော့စားခြင်း၊ ဆီပြောင်းလဲစားသုံးခြင်းကြောင့် တစ်ဖက်တစ်လမ်းက အသားငါးထုတ်လုပ်မှုကိုလည်း အထောက်အကူပြုရာရောက်ကြောင်း ဦးခင်စိုးက ပြောကြားသည်။

လူတစ်ဦးချင်း၏ အဆီဓာတ်လိုအပ်ချက်အချိုးအရ အသားငါးမှရသော အဆီနှင့် အပင်အသီးအနှံများမှရသော အဆီအအချိုးအစားမျှတရန်လိုအပ်ကြောင်း လူ့

www.foreverspace.com.mm






ခန္ဓာကိုယ်အတွက် လိုအပ်သည့် Omega 3 နှင့် Omega 6 ဓာတ်များကို ဆီကရကြောင်း၊ Omega 3 ကို အသားငါးကရပြီး Omega 6 ကို အသီးအနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ စားအုန်းဆီများကရကြောင်း၊ ခန္ဓာကိုယ်အတွက် Omega 3 နှင့် Omega 6 အတွက် စံအချိုးမှာ ၁ း ၅ ဖြစ်ပြီး မြန်မာနိုင်ငံ၏ ပျမ်းမျှအချိုးမှာ ၁ း ၂၀ ဖြစ်နေကြောင်း အငြိမ်းစားမြို့နယ်ကျန်းမာရေးတာဝန်ခံတစ်ဦးက ထောက်ပြသည်။

"မြန်မာတွေဆီလျှော့စားပြီး အသားငါးပိုစားရမယ်။ ဈေးပေါတဲ့ငါးလိုမျိုး ပိုစားသင့်တယ်" ဟု ၎င်းက အကြံပြုပြောကြားသည်။

မြန်မာတို့ ရှေးကပြောလေ့ရှိသော ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ ဟူသောစကားမှာ ပေါများဖူလုံခြင်းကိုပြောဆိုနေပြီး ယင်းပေါ်မူတည်၍ အကြောင်းပြချက် ခိုင်ခိုင်မာမာ မရှိဘဲ ဆီစားသုံးမှုမြင့်မားကြောင်း၊ တိုင်းရင်းသားများဖြစ်သည့် ကချင်၊ ကရင်၊ ချင်း၊ ရှမ်း၊ ပအိုဝ်များသည် ဆီစားသုံးမှုလျော့နည်းကြောင်း၊ သို့ရာတွင် အများစုမှာ စားနေကျဟူသောအကြောင်းပြချက်တစ်ခုနှင့် ဆီစားသုံးမှုများသောကြောင့် ကျန်းမာရေးရှုထောင့်မှဖြစ်စေ၊ စီးပွားရေးရှုထောင့်မှဖြစ်စေ၊ နိုင်ငံဖွံ့ဖြိုးမှုအမြင်မှဖြစ်စေ ဆီစားသုံးမှုလျှော့ချရန် လိုအပ်သကဲ့သို့ ဆီစားသုံးမှုပုံစံလည်းပြောင်းလဲရန် လိုအပ်လျက်ရှိကြောင်း ကျွမ်းကျင်သူများက ဝေဖန်ထောက်ပြလျက်ရှိသည်။

မြန်မာလူမျိုးတို့ ဆီစားသုံးမှု လျှော့ချပြီး ဆီစားသုံးမှုပုံစံပြောင်းလဲလျှင် လက်ငင်းအကျိုးကျေးဇူးအနေဖြင့် ကျန်းမာရေးအတွက်ကောင်းမွန်ရုံသာမက နိုင်ငံခြားငွေယိုပေါက်ကြီးတစ်ခုဖာထေးနိုင်မည်ဖြစ်ကြောင်း၊ ရေရှည်အကျိုးအနေဖြင့် ပြည်တွင်းဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး စိုက်ပျိုးထုတ်လုပ်သူတောင်သူများလည်း အကျိုးရှိလာနိုင်ကြောင်း၊ ထို့ပြင် ဆီကြိတ်ခွဲမှုမှရရှိသည့် ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်၊ ဝါစေ့ဖတ်များကြောင့် မွေးမြူရေးအစာများ ဈေးနှုန်းကျဆင်းလာပြီး အသားငါးများပေါပေါများများစားသုံးနိုင်ရုံသာမက ပိုလျှံလာပါက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်ကြောင်း ဆီစက်လုပ်ငန်းရှင်လည်းဖြစ်၊ မွေးမြူရေးအစာလုပ်ငန်းရှင်လည်းဖြစ်သူ ဦးခင်စိုးက သုံးသပ်ပြောကြားသည်။

အခြေခံအကျဆုံးစားသုံးသူဖြစ်သည့် အိမ်ရှင်မဒေါ်ငြိမ်းကလည်း "ဆီစားတိုင်းမကောင်းဘူးဆိုတာသိပါတယ်။ စားအုန်းဆီကလည်း ကြိုက်လို့စားနေတာမှမဟုတ်တာ ဝင်ငွေကြောင့်စားနေရတာ အညာသူပဲဟာ စားချင်းစား ပဲဆီပဲစားချင်တာပေါ့" ဟု ဆိုသည်။

**နိုင်မင်းဝေ**

www.foreverspace.com.mm



www.foreverspace.com.mm



## ဘုရင့်နောင်ကုန်စည်ဈေးကွက်

သီတင်းကျွတ်ပွင့်လင်းရာသီရောက်လျှင် အရောင်းအဝယ်ကောင်းမည်ဟု မျှော်လင့်ထားသော လယ်ယာထွက်ကုန်သီးနှံမျိုးစုံရောင်းဝယ်ရာ အဓိကဈေးကွက်ဖြစ်သည့် ဘုရင့်နောင်တွင် မိုးသည်းထန်စွာဆက်တိုက်ရွာသွန်းမှုကြောင့် ရေလျှံမှုနှင့်ကြုံတွေ့ရပြီး အရောင်းအဝယ်မှာမူ အပြောင်းအလဲမရှိကြောင်း၊ ငါးထောင်ကျပ်တန်များထုတ်ဝေမည့်သတင်းဖြစ်ပေါ်လာပြီးနောက်ပိုင်းတွင်လည်း ပြည်တွင်းဝယ်လိုအား သိသိသာသာတက်မလာကြောင်း ဈေးပွဲရုံများထံမှ စုံစမ်းသိရှိရသည်။

အထူးသဖြင့် စားဖိုဆောင်သီးနှံများ ကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

## ငှပ်ကောင်ပေါ်တဲ့ဆန်

လပေါင်းများစွာ ကျဈေးတွင်ပင်ရှိနေပြီး ရောင်းမထွက်သော ဆန်အမျိုးအစားများအဝယ်လိုက်လာကာ ဆန်အများအပြားသို့ လှောင်ထားပြီး ကျဈေးတွင် မရောင်းဘဲ ဆက်ထိန်းထားသောသူများ၏ တွက်ဆမှုမှန်ကန်ပြီး သိန်းရာချီမြတ်စွန်းသူများရှိကြောင်း ပိတောက်လမ်းမှဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

ဆန်ဈေးကွက်တွင် ဆန်ကြမ်း၊ ဆန်ချော၊ ဆန်ကွဲစသဖြင့် ခွဲခြားထားပြီး ဆန်ချောအုပ်စုတွင် ပေါ်ဆန်း၊ တောင်ပျံ၊ ပေါ် ကျနေပြီး စက်တင်ဘာလနောက်ဆုံးရက်များတွင် ရုတ်တရက် ဆန်အဝယ်လိုက်လာပြီး ဈေးကောင်းရသဖြင့် အခြေအနေကိုစောင့်ဆိုင်းနိုင်ပြီး ဆုံးဖြတ်ချက်မှန်ကန်သူများ အကျိုးအမြတ်ရသည်ဟု ၎င်းကဆက်လက်ရှင်းပြသည်။

ယခုဆန်ဈေးများ ရုတ်တရက်ကောင်းလာခြင်းမှာ ငါးထောင်ကျပ်တန်ထုတ်ဝေခြင်းနှင့်မသက်ဆိုင်ကြောင်း၊ နယ်တွင် ဆန်လက်ကျန်နည်းနေပြီး ငါးထောင်ကျပ်တန်သတင်းမထွက်ခင်ကတည်းက ဆန်ကြမ်း အဝယ်လိုက်ပြီးဈေးမြင့်လာကြောင်း၊ ရာသီဥတုပုံမှန်ဆိုလျှင် အောက်တိုဘာလ ပထမပတ်၌ ဆန်သစ်များပေါ်လေ့ရှိပြီး ယခု မိုးဆက်တိုက်ရွာနေသဖြင့်

# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

ဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်သီးခြောက်နှင့် မန်ကျည်းမှည့်များ ဈေးနှုန်းမှာ အောက်တိုဘာလ ပထမအတွင်း အပြောင်းအလဲမရှိ ငြိမ်သက်နေကြောင်း၊ ဆန်ဈေးအနည်းငယ်မြင့်တက်လာပြီး ဆီဈေးမှာ တစ်ပိဿာ ကျပ် ၁၀၀ ခန့်တက်ကာ ဝယ်လိုအားမရှိသဖြင့် ချက်ချင်းပြန်ကျသွားကြောင်း စုံစမ်းသိရှိရသည်။

စက်တင်ဘာလ ၂၉ ရက် ညနေသုံးနာရီကျော်ခန့်မှ စတင်ရွာသွန်းသောမိုးကြောင့် ယခင်ကရေမြုပ်လေ့မရှိသော လမ်းသွယ်များပင် ရေလွှမ်းခြင်းခံရကြောင်း၊ ရေတက်လာမှုကြောင့် ကုန်ပစ္စည်းများ နေရာရွှေ့ပြောင်းရန်အတွက် နေ့စားလုပ်သားများ၏ လုပ်အားခမှာ ယခင် ၁,၅၀၀၊ ၂,၀၀၀ ကျပ်သာပေးရရာမှ ယင်းညနေတွင် ကျပ် ၃,၀၀၀ မှ ၅,၀၀၀ ကျော်အထိ ပေးခဲ့ရ ကျွဲ၊ ခွန်နီစသဖြင့် ဆန်အမျိုးအစားများရှိသကဲ့သို့ ဖျာပုံ၊ မြောင်းမြ၊ မော်ကျွန်း၊ ရွှေဘိုစသဖြင့် ဒေသအလိုက်ဆန်အရည်အသွေးကွာခြားကြောင်း၊ ယခုနှစ်တွင် ပေါ်ဆန်းမွှေးသည် မိုးရာသီကာလတစ်လျှောက် ဈေး



ဆန်သစ်ဝင်ရောက်မှု နှစ်ပတ်ခန့်နောက်ကျနိုင်ကြောင်း၊ သို့ရာတွင် ရာသီဥတုသာယာလာပါက ဒေသတစ်ခုချင်းမှ ရှေ့ဆင့်နောက်ဆင့်ဝင်လာခြင်းမဟုတ်ဘဲ ဒေသစုံမှ စုပြုံဝင်လာပြီး ဆန်ဈေးများပြန်ကျနိုင်ကြောင်း စိန်ပန်းလမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အောက်တိုဘာလဆန်းတွင် ဆန်ပြည်ပသို့တင်ပို့ရောင်းချခွင့် အင်နှင့်အားနှင့်ရရှိမည်ဟု မျှော်လင့်ထားသော်လည်း ယခုအခါထူးခြားမှုမရှိသေးဘဲ ပြည်တွင်းဝယ်လိုအား သိသိသာသာနည်းပါးနေချိန်တွင် ဘုရင့်နောင်ပွဲရုံများအနေဖြင့် ပြည်ပသို့တင်ပို့ရောင်းချခွင့်ကို မျှော်လင့်နေကြကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

"ဆန်လောကမှာ သုံးလေးနှစ် အရောင်းအဝယ်ဆက်တိုက်မကောင်းရင် တစ်နှစ်တော့ ကောင်းတယ်။ ဒီနှစ်ဆန်အရောင်း

www.foreverspace.com.mm

အဆင်ပြေသည်မြင်ကောင်းမယ်" ဟု ၎င်းက ခန့်မှန်းပြောကြားသည်။

"ဆန်သစ်ပေါ်တဲ့အချိန် စက်တင်ဘာလနောက်ဆုံးပတ်က ဆန်ကြမ်းတစ်အိတ်ကို ၁၀၀၀၊ ဆန်ချောတစ်အိတ်ကို ၂၀၀၀ လောက် ဈေးပိုရတယ်" ဟု ၎င်းက ဆိုသည်။

ဘုရင့်နောင်သို့ အဓိကဆန်တင်ပို့ရာဒေသ ဧရာဝတီတိုင်းတွင် စပါးလက်ကျန်နည်းနေပြီး လက်ထဲတွင် ငွေကိုင်မထားလိုသူအချို့ ဆန်ဝယ်သိမ်းထားလိုခြင်းကြောင့် ဆန်အရောင်းအဝယ်ပြန်လိုက်လာကြောင်း၊ အညာမှ ဆန်အမှာ အနည်းငယ်သာရှိပြီး ဆန်ကြမ်း ၁၀၈ ပေါင် တစ်အိတ် ၁၆,၅၀၀ မှ ၁၈,၀၀၀ ကျပ်၊ ပေါ်ကျွဲ တစ်အိတ် ၁၇,၅၀၀ ကျပ်မှ ၁၈,၅၀၀ ကျပ်၊ တောင်ပျံတစ်အိတ် ၂၀,၀၀၀ မှ ၂၅,၀၀၀ ကျပ်၊ စက်ကြီးတောင်ပျံ ၂၄,၀၀၀၊ ၂၅,၀၀၀ ကျပ်၊ ပေါ်ဆန်း အလတ်စ ၂၂,၀၀၀၊ ၂၃,၀၀၀ ကျပ် (တစ်အိတ်လျှင် ၁,၅၀၀၊ ၂,၀၀၀ ကျပ် တက်လာ)၊ ပေါ်ဆန်း အလတ်စ ၂၇,၀၀၀၊ ၂၈,၀၀၀၊ ၂၉,၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း တစ်အိတ် ၃၀,၀၀၀ ကျပ်ခန့်ရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## လန့်ပြီးတက်သည့် ဆီ

အခြေခံလူတန်းစားများ စားသုံးသည့် စားအုန်းဆီသည် ငါးထောင်ကျပ်တန်အသစ်များထုတ်ဝေမည့် သတင်းကြေညာပြီးနောက် တစ်ပိဿာလျှင် ၁,၈၇၀ ကျပ်မှ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ၁၉၆၀ ကျပ်သို့ ပြောင်းလဲသွားခဲ့ကြောင်း၊ သို့ရာတွင် ဝယ်လိုအားကြီးကြီးမားမားမရှိသဖြင့် ၁,၈၁၀ ကျပ်အထိ ပြန်ကျပြီး အောက်တိုဘာလ ၁ ရက်နေ့တွင် တစ်ပိဿာ ၁,၈၆၀ ကျပ်ခန့်သာရှိတော့ကြောင်း ကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်သူ ဆီကိုယ်စားလှယ်ကြီးတစ်ဦးက ပြောကြားသည်။

"လန့်ပြီးတက်တာ။ တစ်ပိဿာ ၁၀၀ လောက်တက်တယ်။ ဒါပေမဲ့ ဝယ်အားမရှိတော့ ချက်ချင်းပြန်ဆင်းတယ်" ဟု ၎င်းက ဆိုသည်။

စားအုန်းဆီကိုယ်စားလှယ်များဘဏ်သွင်းဈေးသည် ဩဂုတ်လမှစ၍ ကိုးပတ်ကြာ ၁,၆၅၁ ကျပ်ဖြင့် မပြောင်းလဲဘဲ ငြိမ်နေသော်လည်း ပြင်ပလက်ငင်းဈေးမှာ ဩဂုတ်လ ၁၁ ရက်နေ့မှစ၍ တစ်ပိဿာလျှင် ၂,၂၆၀ ကျပ်မှ တဖြည်းဖြည်းကျဆင်းလာပြီး စက်တင်ဘာလ ၃၀ ရက်နေ့တွင် တစ်ပိဿာ ၁,၈၁၀ ကျပ်ဖြစ်လာကြောင်း၊ တစ်ပိဿာလျှင် ၄၅၀ ကျပ်ခန့်ကျလာသည့်သဘောဖြစ်ကြောင်း စိန်ပန်းလမ်းမှ ဆီကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

၎င်းကဆက်လက်၍ ဩဂုတ်လ ၁၁ ရက်နေ့ သဘော်တင်စားအုန်းဆီတစ်တန် ၇၆၅ ဒေါ်လာ၊ ငွေလဲနှုန်း ၁,၁၂၃ ကျပ်၊ ဆိပ်ကမ်းအရောက်စားအုန်းဆီတစ်ပိဿာဈေးနှုန်း ၁,၄၂၇ ကျပ်၊ စက်တင်ဘာလ ၂၉ ရက်နေ့ သဘော်တင်တစ်တန် ၆၈၀ ဒေါ်လာ၊ ငွေလဲနှုန်း ၁,၁၂၉ ကျပ်၊ ဆိပ်ကမ်းအရောက်စားအုန်းဆီဈေးနှုန်း ၁,၃၂၆ ကျပ်ရှိကြောင်း နိုင်ငံတကာ စားအုန်းဆီဈေးနှုန်းနှင့် ဆိပ်ကမ်းအရောက် စားအုန်းဆီဈေးနှုန်းများကို ငွေလဲနှုန်းထူးခြားပြောင်းလဲမှုရှိသည့် ရက်စွဲများဖြင့် သုံးသပ်ပြောကြားသည်။

ပဲဆီအရောင်းအဝယ်အေးနေပြီး ဈေးနှုန်းမှာလည်း အပြောင်းအလဲမရှိကြောင်း၊ ဆီပီပါဈေးတစ်ပိဿာ ၃,၀၀၀ ကျပ်၊ ပုံးဈေး ၃,၁၀၀ ကျပ်ခန့်ရှိကြောင်း ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



## ပြန်ငြိမ်သွားသော ကြက်သွန်နီ

ပြီးခဲ့သည့်လများက စားဖိုဆောင်သီးနှံဈေးကွက်တွင် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သော ကြက်သွန်နီဈေးနှုန်းများ တဖြည်းဖြည်းပြန်ကျလာပြီး စက်တင်ဘာလကုန်

www.foreverspace.com.mm

တွင် အပြောင်းအလဲမရှိတော့ကြောင်း၊ နယ်ကုန်သည်များအနေဖြင့် ဝယ်ရင်းဈေး မြင့်ခဲ့သဖြင့် အောက်တိုဘာလတွင်လည်း သိသိသာသာဈေးချရောင်းရန်မဖြစ်နိုင်သကဲ့သို့ ဆောင်းဝင်လာသဖြင့် ဆက်ပြီးလှောင်ထားမည်ဆိုပါက အညှောင့်ထွက်ပြီး အရှုံးပေါ်နိုင်သဖြင့် ဆက်ကိုင်ထားရန်မဖြစ်နိုင်ကြောင်း၊ တက်လျှင်လည်း တစ်ပိဿာ ၅၀၊ ၁၀၀ ကျပ်၊ ကျလျှင်လည်း ၅၀၊ ၁၀၀ ကျပ် မှန်မှန်သွားမည်ဖြစ်ကြောင်း ကုန်စည်ဒိုင်အခြေစိုက် ကြက်သွန်နီရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"ဆီနဲ့ဆန်တော့ အခြေခံစားကုန်မို့ လားမသိဘူး နည်းနည်းတက်သွားတယ်။ စားဖိုဆောင်သီးနှံတွေကတော့ ဝယ်အားမရှိတော့ ဈေးဆွဲတင်လို့မရဘူး" ဟု လက်ရှိစားဖိုဆောင်သီးနှံဈေးကွက်အနေအထားကို ၎င်းကရှင်းပြသည်။

ကြက်သွန်နီဈေးနှုန်းများ ပြန်ကျလာခြင်းမှာ အိန္ဒိယကြက်သွန်နီများဝင်ရောက်လာခြင်းနှင့် မသက်ဆိုင်ကြောင်း၊ ဝင်လာသည့် အိန္ဒိယကြက်သွန်နီပမာဏသည် ဘုရင့်နောင်၏ တစ်ရက်ဖြုန်းအားပင်မရှိကြောင်း၊ ဈေးနှုန်းကျချိန်ရောက်၍ ကျလာခြင်းဖြစ်ကြောင်း၊ ကြက်သွန်နီကို ဈေးနှုန်းကန့်သတ်ရောင်းချမည်ဆိုလျှင် ရန်ကုန်တစ်ခုတည်း ကန့်သတ်၍မရဘဲ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကန့်သတ်သင့်ကြောင်း၊ ဈေးကွက်သဘာဝအတိုင်း ရောင်းလိုအားနှင့်ဝယ်လိုအား မျှတရန်သာလိုကြောင်း အောင်သပြေလမ်းမှ ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ဘုရင့်နောင်သို့ တစ်ရက်လျှင် ကြက်သွန်ကား ၁၄ စီး၊ ၁၅ စီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း၊ လက်ရှိ ဆိတ်ဖြူ၊ တောင်သာ၊ ပခုက္ကူ၊ မြင်းခြံတို့မှ ကြက်သွန်နီများ ဝင်ရောက်နေပြီး အောက်တိုဘာလ ၁ ရက်နေ့က ဆိတ်ဖြူကြက်သွန်နီရှယ်တစ်ပိဿာ ၁,၀၄၅ ကျပ်၊ လတ်ကြီးတစ်ပိဿာ ၉၄၅ ကျပ်၊ လတ်သန့် ၈၆၀ ကျပ်၊ လတ်ချော ၇၇၀ ကျပ်၊ တောင်သာရှယ်တစ်ပိဿာ ၁,၀၇၀ ကျပ်၊ လတ်ကြီး ၉၇၀ မှ ၁၀၀၀ ကျပ်၊ လတ်သန့် ၈၈၅ မှ ၉၀၀ ကျပ်ကြား၊ လတ်ချော ၈၀၀ ကျပ်ခန့်ရှိကြောင်း ကုန်စည်ဒိုင်အရောင်းအဝယ်စာရင်းများအရ သိရှိရသည်။

## ပုံမှန်ပြန်ဖြစ်စ ကြက်သွန်ဖြူ

ပြီးခဲ့သည့် ၂ နှစ်ဆက်တိုက် ကြက်သွန်ဖြူဈေးမကောင်းသဖြင့် ယခုနှစ်တွင် သွန်ဖြူစိုက်ပျိုးမှုနည်းကာ အထွက်လည်း နည်းကြောင်း၊ နယ်တွင်လက်ကျန် သိသိသာသာနည်းသဖြင့် ဈေးမကျနိုင်ကြောင်း၊ ဈေးဆွဲတင်ရန်မှာလည်း ဝယ်လိုအားမရှိသဖြင့် ဆွဲတင်၍မရသကဲ့သို့ ကြာကြာတင်းခံလျှင် အလေးချိန်လျော့ပါးလာမှုနှင့် အညှောင့်ထွက်လာမှုများရှိသည့်အတွက် ထုတ်ရောင်းရန်သေချာကြောင်း၊ ဘုရင့်နောင်သို့ တစ်ရက်လျှင် အိတ် ၅၀၀ မှ ၁,၀၀၀ ကြား ပုံမှန်ဝင်ရောက်နေပြီး ကြူကုတ်ရှယ်တစ်ပိဿာ ၂,၀၂၅ ကျပ်၊ ကြူကုတ်လတ် ၁,၈၂၅ ကျပ်၊ တောင်ကြီးထူး (၁) ၁,၆၅၀ ကျပ်၊ တောင်ကြီးထူး (၂) ၂,၀၀၀ ကျပ်၊ တောင်ကြီးထူး (၃) ၂,၃၀၀၊ ၂,၆၀၀ ကျပ် အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည် ဒိုင်စာရင်းများအရ သိရသည်။

## အဝင်မမှန်သော ငရုတ်

ကျောက်ဆည်နှင့် သဲတောမှ ငရုတ်များပေါ်ချိန်ဖြစ်ပြီး ဘုရင့်နောင်သို့ အဝင်မမှန်ကြောင်း၊ အိတ် ၂၀၀၊ ၃၀၀ ခန့် ဝင်သည့်ရက်များရှိသကဲ့သို့ အချို့ရက်များတွင် အိတ် ၄၀၀၊ ၅၀၀ ဝင်သည့်အခါဝင်ကြောင်း၊ အချို့ရက်တွင် အိတ် ၁,၀၀၀ ကျော်ဝင်သည့်အခါလည်းရှိကြောင်း၊ ငရုတ်အဝင်မမှန်သော်လည်း ဈေးနှုန်းမှာမူ သိသိသာသာပြောင်းလဲမှုမရှိကြောင်း၊ ငရုတ်ပွ (စိမ်း




www.foreverspace.com.mm

စား) တစ်ပိဿာ ၂,၈၀၀၊ ၃,၄၀၀ ကျပ်၊ ရွှေလောင်းရှည် ၃,၂၅၀၊ ၃,၅၀၀ ကျပ်၊ ပန်းတနော်ရှည် ၃၂၅၀၊ ၃၅၀၀ ကျပ်၊ ဝါးခယ်မရှည် ၃,၂၅၀၊ ၃,၅၀၀ ကျပ်၊ မိုးထောင် (ကျော်ဆန်း) ၂,၃၅၀၊ ၂,၄၀၀ ကျပ်၊ မိုးထောင်ပျော်ဘွယ် ၂,၆၅၀၊ ၂,၇၅၀ ကျပ်ခန့်ရှိကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

အောင်ပန်းနှင့် ဟဲဟိုးမှဝင်ရောက်သည့် အာလူးအနီမှဲ့တစ်ပိဿာ ၄၅၀ ကျပ်၊ အမြင့်တစ်ပိဿာ ၇၀၀ ကျပ်ခန့်ရှိပြီး ဈေးထိန်းရောင်းနေကြကြောင်း၊ အာလူးကားတစ်ရက်လျှင် လေးစီး၊ ငါးစီးခန့် ပုံမှန်ဝင်ရောက်ပြီး ဈေးချမရောင်းနိုင်သကဲ့သို့ ဈေးလည်းဆွဲတင်မရကြောင်း၊ ရမည်းသင်း မန်ကျည်းမှည့်ပွင့်ကပ် တစ်ပိဿာ ၄၅၀ ကျပ်၊ ရမည်းသင်း ထုဖတ် ၄၇၅ မှ ၅၅၀ ကျပ်ခန့်ရှိကြောင်း စားဖိုဆောင်သီးနှံဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## မတ်ပဲတစ်မျိုးတည်း အရောင်းအဝယ်ဖြစ်

ပြည်ပသို့ အဓိကတင်ပို့နေသည့် ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲသုံးမျိုးအနက် မတ်ပဲတစ်မျိုးသာ အရောင်းအဝယ်ဖြစ်ပြီး ဈေးနှုန်းလည်းငြိမ်နေကြောင်း၊ စက်တင်ဘာလ ၂ ရက်နေ့က မတ်ပဲတစ်အိတ် ၇၂,၅၀၀ ကျပ်နှင့် တန် ၁၀၀၊ RC တစ်တန် ၇၄၅,၀၀၀ နှင့် ကွန်တိန်နာ ၁၀ လုံး၊ SQRC တစ်တန် ၈၁၅,၀၀၀ နှင့် ကွန်တိန်နာ ၁၅ လုံး အရောင်းအဝယ်ဖြစ်ကြောင်း၊ အောက်တိုဘာလ ၁ ရက်တွင် ပိဿာ ၆၀ ဝင်တစ်အိတ် ၇၈,၃၀၀ ကျပ်၊ RC တစ်တန်ကျပ် ရှစ်သိန်းနှင့် ကွန်တိန်နာငါးလုံး၊ SQRC တစ်တန်လျှင် ကိုးသိန်းနှင့် ကွန်တိန်နာငါးလုံး အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် တစ်လလုံးအနေဖြင့်မှု ဈေးအနည်းငယ်မြင့်လာကြောင်း ကုန်စည်ဒိုင်အခြေစိုက် ပြည်ပသို့ပဲတင်ပို့နေသူတစ်ဦးက ပြောကြားသည်။



## တံတားကြေးအချို့ကျ

ဘုရင့်နောင်တွင် အရောင်းအဝယ်မကောင်းသဖြင့် ကုန်ကားထွက်ရှိမှု လျော့ကျလာပြီး တစ်လလျှင်စီးရေ ၂၅၀ ခန့်သာရှိတော့ကြောင်း၊ ဇူလိုင်လကတည်းက ရန်ကုန်-ဘားအံလမ်းကြောင်းတွင် တံတားကြေးအချို့ကျလာပြီး အသွားအပြန်တစ်ခေါက် ၃၀,၀၀၀ ကျပ်ခန့် သက်သာလာကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

လေလံစည်းကမ်းအရ တံတားကြေး၊ ယာဉ်နှင့် ကုန်တန် ၂၀ ထိ ၁,၀၀၀ ကျပ်၊ တစ်တန်ပိုလျှင် ၃၀၀ ကျပ်နှုန်း၊ အထူးစီမံကိန်းတံတားများတွင် ကောက်ခံရခဲ့သော်လည်း အောက်တိုဘာလအတွင်း တန်ပိုတစ်တန် ၆၀၀ ကျပ်ဖြစ်လာမည်ဟု ကြားသိရကြောင်း ၎င်းက ပြောကြားသည်။

## ညောင်ပင်လေးပလာဇာ

ရန်ကုန်မြို့ ကမ်းနားလမ်းပေါ်ရှိ ညောင်ပင်လေးပလာဇာမှာ သီတင်းကျွတ်လပြည့်အခါသမယနားနီး သုံးရက်ခန့်သာလိုတော့သည့်အချိန်ကိုရောက်နေသော်လည်း အရောင်းအဝယ်ကျဲနေပြီး ဈေးကြီးအတွင်း ပုံမှန်ရက်များကဲ့သို့ လူရှင်းသည့်အနေအထားဖြင့်ရှိနေသေးသည်ကိုတွေ့ရသည်။ သို့သော်လည်း လကုန်ပြီး ၁ ရက် ၂ ရက်အတွင်း အရောင်းသွက်လာနိုင်သေးဖွယ်ရှိ

www.foreverspace.com.mm



၍ ယင်းရက်များကို ထပ်မံစောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း ယင်းဈေးကြီးအတွင်း သက်တမ်း ၁၀ နှစ်ကျော်ကြာ ရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်လာခဲ့သူအချို့က ဆိုကြသည်။

လက်ရှိတွင် ဝါကျွတ်ကိုမျှော်သည့် ညောင်ပင်လေးပလာဇာအရောင်းဈေးကွက်မှာ စက်တင်ဘာ ၂၉ ရက်နေ့အထိ မျှော်လေဝေးဝေးအနေအထားတွင်ပင်ရှိနေသေးကြောင်း အဆိုပါဈေးကြီးရှိ လုပ်ငန်းရှင်များထံမှ သိရသည်။

ထို့ပြင် စက်တင်ဘာလ ၂၄ ရက်နေ့က နိုင်ငံပိုင်မီဒီယာများတွင် ငါးထောင်ကျပ်တန် ငွေစက္ကူထွက်ရှိလာမည်ဟူသော ကြေညာချက်ကြောင့် ၂၅ ရက်နေ့အရောက်တွင် ဈေးကွက်လှုပ်ခတ်မှုရှိသွားခဲ့သော်လည်း အရောင်းအဝယ်ကျဆင်းနေသည့် ဈေးကွက်အနေအထားကြောင့် ယင်းနေ့ညနေပိုင်းခန့်တွင်ပင် ဈေးကွက်မှာပြန်လည်တည်ငြိမ်သွားခဲ့ပြီး စက်တင်ဘာလ ၂၆ ရက်နေ့တွင်မူ ပုံမှန်အနေအထားဖြင့်သာ ဆက်လက်လည်ပတ်နေတော့ကြောင်း ယင်းဈေးကွက်အတွင်းရှိ လုပ်ငန်းရှင်များ၏ပြောပြချက်များအရ သိရှိရသည်။

## ဝါကျွတ်မှာ မစွံဘဲတန့်နေတဲ့သကြား

ယခုနှစ်အတွင်း ဧပြီနှောင်းပိုင်းနှင့် ဩဂုတ်လများအတွင်းက ပြည်ပဝယ်လက်ကြောင့် ပြည်တွင်းတွင်ပိုလျှံအနေအထားရှိနေသည့် သကြားမှာ ရုတ်တရက်ဈေးမြင့်၍ တစ်ပိဿာကျပ်တစ်ထောင်ကျော်အနေအထားသို့ရောက်ရှိခဲ့သည်။ လက်ရှိတွင် ပြည်တွင်းဈေးကွက်အနေအထားမှာ အေးနေသည့်အတွက် ပြည်ပအဝယ်ရှိသည့်အချိန်တွင်းသာ ဈေးမြင့်လေ့ရှိပြီး ပြည်ပအဝယ်တန့်သွားပါက အနည်းငယ်ဈေးပြန်အေး၍ ပြည်တွင်းဝယ်လိုအားပေါ်မူတည်သည့် ဈေးကွက်အနေအထားသို့ပြန်လည်ရောက်ရှိသွားကြောင်း၊ ပြည်တွင်းဈေးကွက်အနေအထားမှာ တစ်ပိဿာကျပ်တစ်ထောင်ဝန်းကျင်သို့ ရောက်ရှိသွားလျှင် အဆွဲအနည်းငယ်ကျဆင်းသွားလေ့ရှိကြောင်း အဆိုပါဈေးကွက်အတွင်းရှိ လက်ကားရောင်းဝယ်ရေးလုပ်ငန်းရှင်ကြီးများ၏အဆိုအရ သိရသည်။

လတ်တလောတွင် ဘုရင့်နောင်ဈေးကွက်၌ သကြားပေါက်ဈေးမှာ ပြည်ပသို့ပို့နိုင်သည့်အရည်အသွေးရှိသည့် အဖြူထိပ်စ တစ်ပိဿာ ၁,၀၂၀ ကျပ်နှင့် အလတ်စများမှာမူ ၉၀၀ ကျပ်ခန့်တွင်ရှိနေကြောင်း ဘုရင့်နောင်ဈေးကွက်အတွင်းမှ စက်တင်ဘာလ ၂၉ ရက်နေ့ပေါက်ဈေးများအရ သိရှိရသည်။

ဝါကျွတ်ချိန်တွင် သကြားဈေးများပြန်မြင့်မည်ဟု ကုန်သည်ကြီးအချို့က ခန့်မှန်းထားခဲ့ကြသော်လည်း လက်တွေ့တွင်မူ ကမ္ဘာ့ပေါက်ဈေးအောက်အထိ ဆင်းနေခြင်းမှာထူးခြားသည်။

ဝါကျွတ်ရန် သုံးရက်သာလိုတော့သည့် အချိန်ရောက်နေသည့်အပြင် ကျပ်ငါးထောင်တန်ထွက်ရှိမည့် သတင်းများကြောင့် ကုန်သည်ဈေးကွက်အချို့ ရက်ပိုင်းခန့်လှုပ်ရှားသွားမှုရှိခဲ့သော်လည်း သကြားဈေးကွက်မှာ လှုပ်ခတ်မှု တစ်စုံတစ်ရာမရှိခဲ့ဘဲ ငြိမ်နေခဲ့ကြောင်း သကြားရောင်းဝယ်ရေးလုပ်ငန်းရှင်အချို့က ဆိုသည်။

သို့ရာတွင်ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ် သကြားဈေးနှုန်းသည် အမြင့်ဈေးသို့ရောက်နေပြီး ယခင်နှစ်၏ ယခုအချိန်သကြားဈေးမှာ တစ်ပိဿာ ၇၀၀ ကျပ်နှင့် ၈၀၀ ကျပ်ဝန်းကျင်တွင်သာ ပေါက်ဈေးရှိနေခဲ့သည်ဟု ယင်းဈေးကွက်တွင်းမှ စုံစမ်းသိရှိရသည်။

လက်ရှိကမ္ဘာ့ပေါက်ဈေးမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၈ ဒေါ်လာရှိရာ တစ်ပိဿာလျှင် ၁၃ ဒေါ်လာနီးပါးဖြစ်နေကြောင်း ကမ္ဘာ့ဈေးကွက်သတင်းများအရ သိရသည်။

## ဆပ်ပြာ

ရွှေဝါဆပ်ပြာတောင့်ဈေးကွက်တွင် စက်တင်ဘာလ ၂ ရက်နေ့က အတောင့်ရှစ်ဆယ်ပါ တစ်ဖာလျှင် ၁၆,၃၀၀ ကျပ်ခန့် ပေါက်ဈေးရှိခဲ့သော်လည်း စက်တင်ဘာလ ၂၉ ရက်နေ့ သိရှိရသည့်ပေါက်ဈေးများအရ ၁၆,၀၀၀ ကျပ် ဝန်းကျင်သာရှိတော့ကြောင်း ရန်ကုန်မြို့ ညောင်ပင်လေးပလာဇာဈေးကွက်အတွင်းမှ သိရှိရသည်။

စက်တင်ဘာလ ၂၄ ရက်နေ့က ငါးထောင်ကျပ်တန်များထွက်ပေါ်မည်ဟူသော သတင်းများထွက်ပေါ်ခဲ့အပြီး ၂၅ ရက်နေ့



www.foreverspace.com.mm

တွင် ၁၆,၂၀၀ ကျပ်ခန့်အထိ ပြန်မြင့်သွားခဲ့သော်လည်း နေ့တစ်ဝက်အတွင်း ပြန်လည်ကျဆင်းသွားပြီး ပုံမှန်ပြန်ဖြစ်ခဲ့သည်ဟု အဆိုပါဈေးကြီးအတွင်း ဆပ်ပြာများ လက်လီလက်ကားဖြန့်ဖြူးသည့်လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ပုဂ္ဂလိကဆပ်ပြာဈေးကွက်အတွင်းသို့ နာမည်ကျော်စားသောက်ကုန်ပစ္စည်း ထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုက ထုတ်လုပ်ဖြန့်ချိသည့် ဂေါ်ဇီလာဆပ်ပြာတောင့်များမှာ ယခုအခါ ဈေးကွက်အတွင်းသို့ပစ္စည်းများ လှိုင်လှိုင်တင်သွင်းလာပြီဖြစ်ကြောင်းလည်း အဆိုပါဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ လတ်တလောတွင် ညောင်ပင်လေး၏ လက်လီလက်ကားဈေးကွက်အတွင်း၌ ယင်းဂေါ်ဇီလာဆပ်ပြာမှာ ၂၅၀ ကျပ်၊ ပေါက်ဈေးရှိနေပြီး ရပ်ကွက်အတွင်းရှိ လက်လီဆိုင်အချို့တွင် တစ်တောင့်လျှင် ကျပ် ၃၀၀ ခန့်အထိ ပေါက်ဈေးဖြစ်နေကြောင်း ဆပ်ပြာသုံးစွဲသူအချို့ထံမှသိရှိရသည်။ ပုဂ္ဂလိကထုတ်အခြားဆပ်ပြာများတွင် နေဝါဆပ်ပြာမှာ ယခင် ၁၄,၀၀၀ ကျပ်မှ ၁၅,၀၀၀ ကျပ်သို့မြင့်တက်လာကြောင်းလည်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဆပ်ပြာမှုန့်ဈေးကွက်တွင်မူ သက်သာဆပ်ပြာမှုန့်မှာ စက်များပြန်လည်ပြုပြင်ခြင်းတို့ဆောင်ရွက်နေခြင်းကြောင့် ဈေးကွက်အတွင်း ပစ္စည်းပြတ်နေပြီး ယခုစက်တင်ဘာလ ၂၉ ရက်နေ့အထိ တစ်ပါကင် ၁၂,၅၀၀ ကျပ် ပေါက်ဈေးရှိနေကြောင်း ယင်းဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။




## ပြည်ပဝင်အချိုရည်တစ်မျိုးသာဈေးမြင့်

အချိုရည်ရာသီမရောက်သေးသည့်အတွက် အချိုရည်အရောင်းဈေးကွက် ပုံမှန်သာရှိနေပြီး ပြည်ပမှဝင်ရောက်သည့် အချိုရည်ဖြစ်သည့် ဆန်းကစ်တစ်မျိုးသာ ပြည်ပဈေးကွက်မှာပင် ပစ္စည်းပြတ်သည့် အနေအထားဖြစ်နေသည့်အတွက် ဈေးမြင့်တက်မှုရှိသွားပြီး ကျန်ပြည်ပအချိုရည်တို့ ဈေးငြိမ်လျက်ပင်ရှိနေကြောင်း ညောင်ပင်လေးပလာဇာအချိုရည်ဈေးကွက်အတွင်းမှ သိရှိရသည်။

စက်တင်ဘာလ ၂၉ ရက်နေ့ သိရှိရသည့် ဈေးနှုန်းများအရ ဆန်းကစ်အချိုရည်မှာ ယခင်တစ်ပါကင် ၉,၇၀၀ ကျပ်မှ ၁၁,၈၀၀ ကျပ်သို့မြင့်တက်သွားပြီး ကုတ် (သံဘူး) ၉,၃၀၀ ကျပ်၊ Sprite (သံဘူး) ၉,၃၀၀ ကျပ်၊ Sharp ၁၂,၂၀၀ ကျပ်၊ ပိုကာလီမွှော်၊ လိုင်ချီး ၁၅,၃၀၀ ကျပ်တို့ဖြင့် အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းထုတ်အချိုရည်ဈေးနှုန်းများမှာမူ ပြောင်းလဲမှုမရှိဘဲ ယခင်လများ၏ ပေါက်ဈေးတွင်ပင် ဆက်လက်ငြိမ်သက်နေကြောင်း ညောင်ပင်လေးပလာဇာရှိ အချိုရည်လက်လီလက်ကားဈေးကွက်မှ သိရှိရသည်။

## ပြည်ပကော်ဖီမစ် ဈေးပြုတ်ကျ

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း ပြည်တွင်းကော်ဖီမစ်ဈေးကွက်အတွင်း ဝေစုများစွာရယူလာခဲ့သော ပြည်ပမှ ဝင်ရောက်သည့် ကော်ဖီမစ်များတွင် အမှတ်တံဆိပ်အချို့မှာဈေးကွက်တွင်းမှ ပျောက်ကွယ်သွားခဲ့ပြီး ရောင်းအားကောင်းမွန်မှုရှိခဲ့သော Birdy အမှတ်တံဆိပ်နှင့် Mister Cup အမှတ်တံဆိပ်တို့တွင်လည်း ရောင်းအားအကောင်းဆုံးဖြစ်သည့် Birdy မှာ ယခင်ရောင်းအား၏ထက်ဝက်ကျော်ခန့် ပြုတ်ကျသွားသည့်အပြင် Mister Cup မှာလည်း ယင်းထက်ပင်ရောင်းအားကျဆင်းလျက်ရှိနေကြောင်း ညောင်ပင်လေးပလာဇာအတွင်း ပြည်ပကော်ဖီမစ်တင်သွင်း

www.foreverspace.com.mm

ရောင်းချသူတို့ထံမှ သိရသည်။

ယင်းကော်ဖီမစ်တို့၏ ဈေးနှုန်းများမှာလည်း Birdy အမှတ်တံဆိပ်ကော်ဖီမစ်မှာ စက်တင်ဘာလ ၂ ရက်နေ့က အထုပ် ၃၀ ပါကင်တစ်ထုပ် ၃,၁၅၀ ကျပ်ရှိရာမှ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ၂,၇၅၀ ကျပ် သာရှိတော့သည်။ ထို့အတူ Mister Cup မှာလည်း စက်တင်ဘာလ ၂ ရက်နေ့က ၂,၄၀၀ ကျပ်ရှိခဲ့ရာမှ စက်တင်ဘာလ ၂၉ ရက်တွင် ၂,၂၅၀ ကျပ်တွင်သာရှိတော့ကြောင်းနှင့် Expresso အမှတ်တံဆိပ်မှာ ၂,၁၀၀ ကျပ်တွင်ငြိမ်နေကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းထုတ်ကော်ဖီမစ်များမှာမူဈေးနှုန်းရော ရောင်းအားပါငြိမ်နေပြီး Premier အမှတ်တံဆိပ်မှာ ၂,၅၅၀ ကျပ်၊ Super မှာ ၃,၉၀၀ ကျပ်၊ Gold Roast မှာ ၄,၂၀၀ ကျပ်၊ Mikko မှာ ၃,၉၀၀ ကျပ် စသည့်ပေါက်ဈေးအသီးသီးတို့ရှိနေသည်။

## နို့ဆီဈေးဆက်အေး

ပြီးခဲ့သောလများအတွင်းက သကြားဈေးမြင့်တက်သွားခဲ့သော်လည်း ယင်းနှင့်အပြိုင် တက်ဈေးကျဈေးလိုက်လေ့ရှိသည့် ဆက်စပ်ပစ္စည်းဖြစ်သော နို့ဆီမှာ လိုက်ပါဈေးမြင့်ခြင်းမရှိဘဲ ယခုတိုင် ဈေးငြိမ်လျက်ပင်ရှိကြောင်း စက်တင်ဘာလ ၂၉ ရက်နေ့ပေါက်ဈေးများအရ ညောင်ပင်လေးပလာဇာအတွင်းမှ သိရှိရသည်။

ဈေးကွက်အတွင်းရောင်းအားအမြင့်ဆုံးဖြစ်သော Dawn နို့ဆီမှာ တစ်ဘူးလျှင် ၆၃၅ ကျပ်ဖြင့် ဈေးကွက်ကိုဦးဆောင်လျက်ရှိကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

## သတိထားသင့်သည့်အရာ

မြန်မာနိုင်ငံမှ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငွေကြေးဖောင်းပွမှု (Inflation) နှင့်ပတ်သက်၍ အတွေ့အကြုံများစွာရှိနေကြောင်း၊ ဘောဂဗေဒဘာသာရပ်အနေဖြင့် ငွေကြေးဖောင်းပွခြင်း၏အခြေခံအကြောင်းနှစ်ပါးမှာ ဝယ်လိုအားဆွဲငွေကြေးဖောင်းပွမှု (Demand Pull Inflation) နှင့် ထုတ်လုပ်မှုစရိတ်လွန် ငွေကြေးဖောင်းပွမှု (Cost Push Inflation) တို့ဖြစ်ကြောင်း၊ ငွေကြေးဖောင်းပွမှုအကြောင်းနှစ်ရပ်ကို နှိုင်းယှဉ်ကြည့်လျှင် စရိတ်ကြီးမြင့်မှုကြောင့် ဖြစ်လာသည့်ငွေကြေးဖောင်းပွမှုမှာ ပိုမိုဆိုးဝါးကြောင်း၊ စရိတ်လွန်ငွေကြေးဖောင်းပွမှုမှာ ထုတ်လုပ်မှုစရိတ်ကြောင့် ထုတ်ကုန်များဈေးမြင့်၊ ဈေးမြင့်၍ ဝယ်လိုအားကျ၊ ဝယ်လိုအားကျ၍ စက်ရုံများလျှော့ထုတ်ပြီး လစာငွေလျှော့ချ၊ အလုပ်သမားလျှော့ချခြင်းများ ဆက်စပ်ဖြစ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ နည်းလာပြီး ဝယ်လိုအားပြန်လည်ထိခိုက်လာသဖြင့် အဆိုးသံသရာလည်သကဲ့သို့ ဖြစ်နေကြောင်း၊ ကျန်းရိုးသစ်ကိန်း (စ်) ဘောဂဗေဒသမားများကမူ စရိတ်တွန်းအားကြောင့် ဖြစ်လာသည့် ငွေကြေးဖောင်းပွမှုအခြေအနေကို Stagflation ဟုခေါ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

Stagflation ကို ထုတ်လုပ်သူများဘက်မှ အဓိပ္ပာယ်ဖွင့်လျှင် ဈေးနှုန်းကောင်းနေသော်လည်း ထုတ်လုပ်မှုမတိုးမြှင့်နိုင်ဘဲ ဝယ်သူဘက်ကမူ ကုန်ပစ္စည်းများ ဈေးကောင်းနေသော်လည်း အလုပ်အကိုင်မကောင်းဝင်ငွေမကောင်းသည့်အခြေအနေဟု ပြော၍ရကြောင်း၊ ဈေးနှုန်းများမြင့်နေသော်လည်း ထုတ်လုပ်မှုများကျဆင်းပြီး စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေး၍ အလုပ်လက်မဲ့ပေါများလာသည့်အခြေအနေတစ်ရပ်ကို မူဝါဒချမှတ်သူများသတိထားကိုင်တွယ်သင့်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက အကြံပြုပြောကြားသည်။

## ရေခံမြေခံကောင်းသာအဓိက

မြန်မာနိုင်ငံတွင် ယခုအခါအစားအသောက်များ မသန့်ရှင်းခြင်းနှင့် ဓာတုဆိုးဆေးများကြောင့် ဆေးလိပ်၊ အရက်မသောက်၊ ကွမ်းမစားသူအများအပြားအသည်း၊ အူလမ်းကြောင်း၊ အစာအိမ်၊ ကျောက်ကပ်နှင့်ဆိုင်သော ကင်ဆာရောဂါခံစား၍ အသက်ဆုံးပါးသွားရသူဦးရေ တိုးလျက်ရှိနေပါသည်။

အထူးသဖြင့် မြန်မာပြည်သူလူထု နေ့စဉ်စားသုံးနေရသည့် မရှိမဖြစ်အခြေခံစားကုန်များ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိလျှင် နောင်မျိုးဆက်အထိပါ ကျန်းမာရေးပြဿနာကြီးစွာဖြစ်ပေါ်နိုင်ပါသည်။ လူစားသုံးရန်မသင့်ဘဲ အလှကုန်နှင့် လူသုံးကုန်စည်များ ထုတ်လုပ်ရန်သာ ရည်ရွယ်ထားသော စားအုန်းဆီများ၊ ပိုးသတ်ဆေးဓာတ်ကြွင်းများနေသော အသီးအနှံများ၊ သစ်သီးဝလံများကို အချိန်မတိုင်ခင်ရင့်မှည့်စေသည့်ဓာတုဆေးများ၊ တရားမဝင်ဓာတုဆိုးဆေးများအလွန်အကျွံသုံးထားသည့် အချဉ်ရည်များ၊ ရက်လွန်ကုန်ကြမ်း၊ မသန့်ရှင်းကုန်ကြမ်းနှင့် ကျန်းမာရေးနှင့်မကိုက်ညီသော ထုတ်လုပ်နည်းအဆင့်ဆင့်ဖြင့် ထုတ်လုပ်ထားသော ကလေးသူငယ်များအတွက် သရေစာများ၊ ဓာတုပစ္စည်းသုံးဟင်းချိုမှုန့်များ၊ ဓာတုဆေးဝါးသုံး၍ ထုတ်လုပ်သောယမကာများ၊ ဓာတုဆိုးဆေးသုံး အချိုရည်များနှင့် အစားအသောက်အဖျော်ယမကာများစွာတို့သည် နောင်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် အင်အားစိုက်ထုတ်လုပ်ကိုင်ကြမည့် မျိုးဆက်သစ်တို့၏ ကျန်းမာရေးကို အဟန့်အတားဖြစ်နေပေသည်။ ခေတ်စနစ်များ၏ ဩဇာသက်ရောက်မှုကြောင့် မိမိတို့ ချမ်းသာကြွယ်ဝရေးတစ်ခုတည်းသာ အာရုံစိုက်၍ ကျင့်ဝတ်နှင့်သွေဖည်သော စီးပွားရေးလုပ်ငန်းများ တိုးပွားလာပါက အမျိုးသားအကျိုးစီးပွားကို ကြီးစွာခြိမ်းခြောက်နေမည်ဖြစ်သည်။ ထို့ကြောင့် ယနေ့ကပင်စ၍ ကျင့်ဝတ်နှင့်အညီ ရိုးဖြောင့်စွာစီးပွားရှာသော ရေခံမြေခံကောင်းများ ဖန်တီးစည်းကြပ် ထိန်းကွပ်ပေးရန်လိုအပ်နေပါကြောင်း အစဉ်တစိုက် ဈေးကွက်လေ့လာနေသူများက အကြံပြုကြသည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**

■

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၂၄-၈-၂၀၀၉**✳ ပုဂ္ဂလိကပိုင် ယန်းဘရားသား-၀၂ အမည်ရှိ ငါးဖမ်းသင်္ဘောတစ်စင်း ရန်ကုန်မြစ်ဝတွင် နစ်မြုပ်သွားခဲ့ရာ သင်္ဘောပေါ်တွင်လိုက်ပါသွားသူ တရုတ်လူမျိုးသုံးဦးနှင့် မြန်မာလူမျိုး ၁၄ ဦး စုစုပေါင်း ၁၇ ဦးစလုံးသေဆုံး။

**၂-၉-၂၀၀၉**✳မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဧရာဝတီတိုင်းကိုယ်စားပြု ဒယ်လ်တာယူနိုက်တက်အက်ဖ်စီကို Max Cement ပိုင်အဖြစ်မှ Premier Coffee ကုမ္ပဏီက လက်ပြောင်းဝယ်ယူလိုက်ပြီး ယင်းအတွက်သဘောတူစာချုပ်ကို ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်တွင် ချုပ်ဆို။

**၄-၉-၂၀၀၉**✳ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) လောက်ကိုင်ဒေသ မူကွာကျိုင်းကျေးရွာနှင့် ဘီပီ ၁၂၇ အကြားအဆောက်အအုံတစ်ခုအတွင်း လက်နက်များ၊ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် စက်ပစ္စည်းများကို စက်တင်ဘာလ ၂ ရက်နေ့က သိမ်းဆည်းရမိခဲ့ကြောင်းနှင့် စီအောရွာရှိ ဦးဖုန်ကြာဖူး၏ နေအိမ်အတွင်းမှ မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၅-၉-၂၀၀၉**✳ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) လောက်ကိုင်ဒေသ တရုတ်-မြန်မာနယ်စပ် ကျောက်တိုင်အမှတ် ၁၂၇ အနီး မူကွာကျိုင်းကျေးရွာနှင့် တာစင်ကျိုင်းကျေးရွာအကြားတွင် အဆောက်အအုံခုနစ်လုံးပါဝင်သော ဖောက်ခွဲဖျက်ဆီးရေးယမ်းထုတ်လုပ်သည့်စက်ရုံတစ်ရုံကို နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က စက်တင်ဘာလ ၂ ရက်နေ့တွင် သိမ်းဆည်းရမိခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

✳ ဒုတိယအကြိမ်အဖြစ်ကျင်းပသော MNL Grand Royal 2009 ဘောလုံးပြိုင်ပွဲများ၏ ဖွင့်ပွဲများကို စက်တင်ဘာလ ၅ ရက်နေ့က မန္တလေးမြို့ရှိ ဗထူးကွင်းတွင်လည်းကောင်း၊ စက်တင်ဘာလ ၆ ရက်နေ့က ရန်ကုန်မြို့ရှိ သုဝဏ္ဏလူငယ်ဘောလုံးလေ့ကျင့်ကွင်းတွင်လည်းကောင်း အသီးသီးကျင်းပ။

**၉-၉-၂၀၀၉**✳ စက်တင်ဘာလ ၈ ရက်နေ့ ညနေ ၆ နာရီအထိ ရန်လုံကျိုင်းနှင့် ချင်းရွှေဟော်နယ်စပ်ဂိတ်များမှတစ်ဆင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာခဲ့သည့် ဒေသခံပြည်သူဦးရေမှာ ၁၅,၆၀၇ ဦးရှိပြီဖြစ်ကြောင်းနှင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် စက်တင်ဘာလ ၆ ရက်နေ့က လောက်ကိုင်မြို့တွင် တွေ့ဆုံခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

✳ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမူးယစ် (အထူး) အဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဦးဖုန်တာရှင်တို့နှင့်ဆက်စပ်သော နေရာများ၊ နေအိမ်များသို့ ဝင်ရောက်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်သောစက်များ၊ ကျောက်ရိုင်းတုံးများကို ဖမ်းဆီးရမိခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

✳ ပြည့်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူ အသက် ၃၁ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးတွင် ၃၄ ဦးမြောက်အဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၁၁-၉-၂၀၀၉**✳ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ စက်တင်ဘာလ ၈ ရက်နေ့က ခရီးစဉ်အမှတ် MU-2029 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၃၄ နှစ်အရွယ် အမျိုးသားတစ်ဦးတွင် ၃၅ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၁၄-၉-၂၀၀၉**✳ မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ဖြစ်ပွားကြောင်း အတည်ပြုလူနာ ၃၉ ဦးရှိပြီး သေဆုံးသူမရှိကြောင်း စက်တင်ဘာလ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၁၆-၉-၂၀၀၉**✳ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အချို့နှင့် စက်မှုဇုန်များတွင် စက်တင်ဘာလ ၁၆ ရက်နေ့ ည ၁၁ နာရီ ၄၅ မိနစ်တွင် လှိုင်သာယာမြို့နယ် (၅) ရပ်ကွက်၊ တပင်ရွှေထီးတာဝါလမ်းရှိ KOMATSU ဟိုက်ဒရောလစ်မြေတူးမြေသယ်စက်ယာဉ်ရောင်းချရေးကုမ္ပဏီခြံဝင်းအတွင်း ခြံစည်းရိုးနှင့် ငါးကိုက်အကွာတွင်လည်းကောင်း၊ ည ၁၂ နာရီအချိန်ခန့်တွင် ယင်းလမ်းအတွင်းရှိ Family United Powder ဟိုက်ဒရောလစ်မြေတူးမြေသယ်စက်ယာဉ်ရောင်းချရေးကုမ္ပဏီခြံဝင်းအတွင်း ခြံစည်းရိုးနှင့် ငါးကိုက်အကွာစီတွင်လည်းကောင်း၊ စက်တင်ဘာလ ၁၇ ရက် နံနက် ၀၀ နာရီ ၅၂ မိနစ်ခန့်တွင် လှိုင်သာယာမြို့နယ် စက်မှုဇုန် (၃) နဝဒေးလမ်းရှိ ရေဥက္ကံကျေးရွာရဲကင်းအနီး၌လည်းကောင်း၊ မင်းသိင်္ခကျော်စွာလမ်းရှိ Fly Man သစ်အချောထည်စက်ရုံဝင်း ခြံစည်းရိုးအပြင်၌လည်းကောင်း၊ အလားတူ စက်တင်ဘာလ ၁၇ ရက်နေ့တွင်ပင်

www.foreverspace.com.mm



နံနက် ၁ နာရီခွဲခန့်တွင် လှိုင်သာယာမြို့နယ် စက်မှုဇုန် (၃) မင်းကြီးမဟာမင်းခေါင်လမ်းရှိ UNICEF ဆေးသိုလှောင်ရုံ ခြံစည်းရိုး၌လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ စက်မှုဇုန် ကံ့ကော်လမ်းရှိ ဂွန်အေ အထည်ချုပ်စက်ရုံအနောက်ဘက် ထရန်စဖော်မာအနီး၌လည်းကောင်း၊ နံနက် ၄ နာရီခန့်တွင် မင်္ဂလာဒုံ စက်မှုဇုန်ရှိ Myanmar Asia Optical စက်ရုံဝင်းအတွင်း ပေါက်ကွဲမှုတစ်ခုစီဖြစ်ပွားခဲ့ပြီး မပေါက်ကွဲသေးသည့် ချိန်ကိုက်ဗုံးတစ်လုံးကို တွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

* မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ဖြစ်ပွားကြောင်း အတည်ပြုလူနာ ၄၁ ဦးရှိပြီး သေဆုံးသူမရှိကြောင်း စက်တင်ဘာလ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၁၇-၉-၂၀၀၉*** မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်အသီးသီးဖြင့် ကျခံနေရသော အကျဉ်းသားများအနက် အကျဉ်းသားစုစုပေါင်း ၇၁၁၄ ဦးကို စက်တင်ဘာ ၁၈ ရက် နေ့စွဲဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်လျှော့ချကာ လွတ်ငြိမ်းသက်သာခွင့်ပေး။

**၁၉-၉-၂၀၀၉*** နေအိမ်ခြံဝင်းအတွင်းသို့ နိုင်ငံခြားသားတစ်ဦးကျူးကျော်ဝင်ရောက်သည့်အတွက် ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့က ယင်းအမိန့်နှင့်စပ်လျဉ်း၍ မကျေနပ်သည့်အတွက် စက်တင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံတင်သွင်းခဲ့ရာ စက်တင်ဘာလ ၄ ရက်နေ့တွင် အဆိုပါတရားရုံးက အယူခံမှုများကို လက်ခံကြောင်း အမိန့်ချမှတ်ခဲ့ပြီး နှစ်ဖက်အပြီးသတ်လျှောက်လဲချက်များကိုကြားနာရန် စက်တင်ဘာလ ၁၈ ရက်နေ့သို့ ချိန်းဆိုခဲ့ရာ ယင်းနေ့ နံနက် ၁၀ နာရီတွင် ရုံးထိုင်ကြားနာခဲ့ကြောင်းနှင့် အယူခံမှုများကို အပြီးသတ်အမိန့်ချမှတ်ရန် အောက်တိုဘာလ ၂ ရက် နံနက် ၁၀ နာရီသို့ ချိန်းဆိုလိုက်ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

* မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့် (အသက် ၆၆ နှစ်) ကွယ်လွန်။

**၁၉-၉-၂၀၀၉*** မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ဖြစ်ပွားကြောင်း အတည်ပြုလူနာ ၄၅ ဦးရှိပြီး သေဆုံးသူမရှိကြောင်း စက်တင်ဘာလ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ထုတ်ပြန်ကြေညာ။

**၂၁-၉-၂၀၀၉*** ရုပ်ရှင်သရုပ်ဆောင် ရဲဘော်စိုးအောင် (အမိမြေ) (အသက် ၅၅ နှစ်) ကွယ်လွန်။

**၂၂-၉-၂၀၀၉*** မြန်မာစံတော်ချိန် နံနက် ၀၂ နာရီ၊ ၀၉ မိနစ်၊ ၁၇ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်အနောက်မြောက်ဘက် မိုင် ၂၆၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း နေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၅ ဒသမ ၆ ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။

**၂၄-၉-၂၀၀၉*** နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ် သာသနဇောတိကာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဘဒ္ဒန္တ ကုမာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၃ ဝါ ပျံလွန်တော်မူ။

* မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Shweli(1) Hydropower Co., Ltd. တို့အကြား လျှပ်စစ်စွမ်းအားဝယ်ယူမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို နေပြည်တော်ရှိ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်တွင်ရေးထိုး။

* ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် စင်ကာပူသမ္မတနိုင်ငံ Foundation Associates Engineering Pte. Ltd. တို့အကြား Casagrande C 600 NG Bentonite Bored Pile Equipment တစ်စုံ ဝယ်ယူမှုဆိုင်ရာစာချုပ်ကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်တွင် လက်မှတ်ရေးထိုး။

**၂၅-၉-၂၀၀၉*** မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငါးထောင်ကျပ်တန်ငွေစက္ကူ အမျိုးအစားသစ်ကို ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ထုတ်ဝေမည်ဖြစ်ကြောင်းနှင့် လက်ရှိ တရားဝင်လည်ပတ်သုံးစွဲလျက်ရှိသောငွေစက္ကူများနှင့် ငွေအကြွေများသည်လည်း တရားဝင်သုံးစွဲငွေအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂၆-၉-၂၀၀၉*** အမေရိကန်ပြည်ထောင်စု၌ကျင်းပမည့် (၆၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ ထွက်ခွာ။ အောက်တိုဘာလ ၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိ။

* မကွေးတိုင်း ကံမမြို့နယ် ပုသိမ်-မုံရွာလမ်း (မြောက်ပိုင်း) သရက်-နတ်မီးတောက်-ကံမလမ်းအပိုင်း မိုင်တိုင်အမှတ် (၂၀/၀) တွင်တည်ဆောက်ထားပြီး စုစုပေါင်းတံတားအရှည်ပေ ၇၀၀ ရှိသည့် မင်းတုန်းချောင်းတံတား (ရေနံ့သာ) ဖွင့်လှစ်။

**၂၈-၉-၂၀၀၉*** မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင်ကျင်းပ။

**၂၉-၉-၂၀၀၉*** မကွေးတိုင်း၊ မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်းကျေးရွာအနီး မကွေးတိုင်းဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)ကတာဝန်

www.foreverspace.com.mm

ပုထိုးဘုရားကို ပုံစံယူ၍ တည်ဆောက်ထားသည့် အမြင့်ပေ ၅၀၊ အလျား ပေ ၅၀၀ ရှိသည့် ရင်းရှည်ရေလှောင်တမံဖွင့်လှစ်။

**၃၀-၉-၂၀၀၉**✳ မိုးသည်းထန်စွာရွာသွန်းသည့်အတွက် နဝင်းချောင်းရေ မြင့်တက်မှုကြောင့် စက်တင်ဘာလ ၂၆ ရက်နေ့နှင့် ၂၇ ရက်နေ့များတွင် ပြည်မြို့နယ်အတွင်းရှိ နတ်တလင်းကျေးရွာအုပ်စုနှင့် ဓိုးကုန်းကျေးရွာအုပ်စုတို့တွင် ရေအမြင့်သုံးပေခန့်မြင့်တက်ခဲ့ကြောင်း ယနေ့ ထုတ်နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြ။

✳ နေပြည်တော် ဥတ္တရသီရိမြို့ရှိ အမှတ် (၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် (နေပြည်တော်) ဖွင့်လှစ်။

**၁-၁၀-၂၀၀၉**✳ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင်ကျင်းပလျက်ရှိသည့် (၆၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ စက်တင်ဘာလ ၁၇ ရက်မှ ၂၉ရက်အထိ မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယခေါင်းဆောင်အဖြစ်တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီးဦးဉာဏ်ဝင်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

✳ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးကကြီးမှူး၍ စက်တင်ဘာလ ၂၈ ရက်နေ့တွင် စင်ကာပူမြို့၌ကျင်းပခဲ့သည့် ပြည်သူ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်းဆိုင်ရာညီလာခံ၊ ယင်းနှင့်ဆက်စပ်၍ စက်တင်ဘာလ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင်ကျင်းပခဲ့သည့် စင်ကာပူ လူ့စွမ်းအားအရင်းအနှီးထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်သူ ပြန်လည်ရောက်ရှိ။

**၂-၁၀-၂၀၀၉**✳ မလေးရှားနိုင်ငံမှ (၁၁) ကြိမ်မြောက်အသုတ်အဖြစ် ၅၀ ဦး ပြန်လည်ရောက်ရှိလာပြီး အောက်တိုဘာလ ၅ ရက်အထိ ပြန် လည်ရောက်ရှိလာသူ စုစုပေါင်းမှာ ၄၄၇ ဦးရှိပြီဖြစ်ကြောင်း နိုင်ငံ ပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

✳ ကဗျာဆရာကြီး ဒေါက်တာထီလာစစ်သူ (ခ) ဦးစိုးညွန့်၊ ဒုတိယဝန်ကြီး (ငြိမ်း) ယဉ်ကျေးမှုဝန်ကြီးဌာန အသက် ၇၈ နှစ် ကွယ်လွန်။

**၃-၁၀-၂၀၀၉**✳ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင် မွန်းလွဲ ၁ နာရီမှ ၁ နာရီ မိနစ် ၄၀ အထိ တွေ့ဆုံ။

**၄-၁၀-၂၀၀၉**✳ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ညီဘွား ကွယ်လွန်။

**၅-၁၀-၂၀၀၉**✳ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် စက်တင်ဘာလ ၂၈ ရက်မှ အောက်တိုဘာလ ၂ ရက်အထိကျင်းပခဲ့သည့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး၏ အကြိမ် (၆၀) မြောက် အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့တက်ရောက်ခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့်အဖွဲ့ ပြန်လည်ရောက်ရှိ။

✳ အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန၏ စွမ်းအင်ထိရောက်စွာအသုံးချရေးနှင့် ခြိုးခြံချွေတာရေးမြှင့်တင်မှုဆိုင်ရာ အစီအစဉ် ၂၀၀၉–၁၀ အရ စွမ်းအင်သုံးစွဲမှု လေ့လာသုံးသပ်သည့်လုပ်ငန်းနှင့် အာဆီယံစွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ ရွှေသင်ရယ်ကုမုဒြာဟိုတယ်တွင် စတင်ကျင်းပ။

✳ ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိ(ပ်)မြို့တွင် အောက်တိုဘာလ ၃ ရက်နှင့် ၄ ရက်နေ့တို့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် မဲခေါင်–ဂျပန် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

✳ တေးရေး၊ တေးဆို တက္ကသိုလ်ထွန်းနောင် (ခ) ဒေါက်တာထွန်းနောင် (အသက် ၆၄ နှစ်) ကွယ်လွန်။

**၇-၁၀-၂၀၀၉**✳ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင် မွန်းလွဲ ၁ နာရီမှ ၁ နာရီ ၂၆ မိနစ်အထိ တွေ့ဆုံ။

✳ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ရုံး နိုင်ငံခြားရေးရာ ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် Vietman-ASEAN congressperson group ၏ ဥက္ကဋ္ဌ Mr. Ngo Duc Manh ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ။

**၈-၁၀-၂၀၀၉**✳ ဆူဒန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအလီကာမက်ကာတီခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖြစ် ချစ်ကြည်ရေးခရီးလည်ပတ်ရန် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး အောက်တိုဘာလ ၁၀ ရက်နေ့တွင် ပြန်လည်ထွက်ခွာ။

✳ မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1)ဖြစ်ပွားကြောင်း အတည်ပြုလူနာ ၅၆ ဦးရှိပြီး သေဆုံးသူမရှိကြောင်း အောက်တိုဘာလ ၉ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ထုတ်ပြန်ကြေညာ။

**၉-၁၀-၂၀၀၉**✳ ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့ရှိ အမေရိကန်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Thomas L. Vajdai၊ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Andrew Richard Heyn နှင့် ဩစတြေးလျနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Simon Christopher Starr တို့ သုံးဦးအား နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင်တွေ့ဆုံခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

**၁၀-၁၀-၂၀၀၉**✳ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် အောက်တိုဘာလ ၂ ရက်မှ ၇ ရက်အထိ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်အဖွဲ့ ပြန်လည်ရောက်ရှိ။

■

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .


၅၂ မိုက်ခရိုငွေကြေးဆိုတာ ဘာလဲ

၆၆ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် အနာဂတ်စီမံခန့်ခွဲမှု

၇၀ မြန်မာ့ကျွန်းသစ်ခွဲစိတ်မှုလုပ်ငန်း ဆယ်တင်သင့်ချိန်တန်ပြီ


# မိုက်ခရိုငွေကြေးဆိုတာ ဘာလဲ

သန့်ဇင်

**ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ စီးပွားရေးမူဝါဒကောင်းတစ်ရပ်ကြောင့် ကျေးလက်ဒေသက အခြေခံလူတန်းစားတွေပါ မိုဘိုင်းလ်ဖုန်းတွေကိုင်နိုင်လောက်အောင် ငွေကြေးပိုင်ဆိုင်မှုတွေ မြင့်တက်လာတဲ့အကြောင်း လွန်ခဲ့တဲ့နှစ်များက ကမ္ဘာ့သတင်းတွေမှာ နေရာရခဲ့ပါတယ်။ အဲဒီလို အခြေခံကျတဲ့စီးပွားရေးဦးမော့မှုကို ဖန်တီးပေးနိုင်ခဲ့တဲ့ Microcredit ဆိုတဲ့ ဘောဂဗေဒသဘောတရားတစ်ရပ်ကို အသက်သွင်းပေးခဲ့သူဟာ စစ်တကောင်းတက္ကသိုလ်က စီးပွားရေးပါမောက္ခတစ်ဦးဖြစ်တဲ့ မိုဟာမက်ယူနွတ် (Muhammad Yunnus) ပါ။ သူ့ရဲ့ အဲဒီစွမ်းဆောင်ချက်ကြောင့်ပဲ ၂၀၀၆ ခုနှစ်မှာ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကို လက်ခံရရှိခဲ့ပါတယ်။ [စကားချပ်။ ။ သံလွင်အိပ်မက် အတွဲ (၃) အမှတ် (၃) မှာ ဖော်ပြထားတဲ့ 'ဆင်းရဲမွဲတေမှုဟာ ငြိမ်းချမ်းရေးကိုခြိမ်းခြောက်နေပါတယ်ဆိုတဲ့ မိုဟာမက်ယူနွတ်' ဆောင်းပါးမှာ ပါမောက္ခကြီးရဲ့ နိုဘယ်လ်ဆုပေးပွဲအခမ်းအနားမှာ ပြောကြားတဲ့မိန့်ခွန်းကို ဖတ်ရှုနိုင်ပါတယ်။ – အယ်ဒီတာ]**




အဲဒီလို နိုဘယ်လ်ဆုရရှိခဲ့တာဟာလည်း ထိုက်ထိုက်တန်တန်ရခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။ ကမ္ဘာ့နိုင်ငံအများအပြားမှာ ဆင်းရဲချမ်းသာကွာဟမှုကို လျှော့ချဖို့ ခေါင်းခဲနေချိန်မှာ သူဟာ သူထုတ်ထားတဲ့ သီအိုရီကို နှစ် ၃၀ အချိန်ယူပြီး ချို့ယွင်းချက်နည်းနည်းနဲ့ အလုပ်လုပ်နိုင်ကြောင်း သက်သေပြနိုင်ခဲ့တာပါ။ ဒီသဘောတရားကိုသာ အလေးအနက်ထား စဉ်းစားသုံးသပ်ကြမယ်ဆိုရင် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာရှိတဲ့ လယ်သမားတွေအပါအဝင် အခြေခံလူတန်းစား လူများစုတို့ရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးဖို့အတွက် နည်းလမ်းကောင်းတစ်ရပ်အနေနဲ့ တွေ့ရပါလိမ့်မယ်။ အခြေခံလူတန်းစားတွေဟာ နိုင်ငံလူဦးရေရဲ့ ရာခိုင်နှုန်းအများအပြားကို ကိုယ်စားပြုတာကြောင့် သူတို့ရဲ့ဘဝ ဖွံ့ဖြိုးလာမှုဟာ နိုင်ငံရဲ့စီးပွားရေးကို အပြုသဘောအကျိုးသက်ရောက်မှု ရှိပါတယ်။

အခု ကျွန်တော်တို့ သူ့ရဲ့ Microcredit ရဲ့ မိခင်သဘောတရားဖြစ်တဲ့ Micro finance ကို အနီးကပ်လေ့လာကြည့်ကြရအောင်။

## မိုက်ခရိုငွေကြေးဆိုတာ ဘာလဲ

မိုက်ခရိုငွေကြေးဆိုတာ ဘာလဲဆိုတာကို မေးခွန်းငယ် ၁၈ ခုနဲ့ ရှင်းလင်းဖော်ပြပါမယ်။

(၁) မိုက်ခရိုငွေကြေးဆိုတာ ဘာလဲ။

www.foreverspace.com.mm



(၂) မိုက်ခရိုငွေကြေး (Micro finance) နဲ့ မိုက်ခရိုချေးငွေ (Microcredit) ဘာကွာလဲ။

(၃) မိုက်ခရိုချေးငွေနဲ့ တခြားဖွံ့ဖြိုးရေးဆိုင်ရာ ချေးငွေတွေနဲ့ကျတော့ ဘာကွာသလဲ။

(၄) မိုက်ခရိုငွေကြေးစနစ်ရဲ့ ဝယ်ယူသုံးစွဲသူတွေက ဘယ်သူတွေလဲ။

(၅) ငွေချေးသူတွေဟာ မိုက်ခရိုချေးငွေကို ဘယ်လိုသုံးကြလဲ။

(၆) မိုက်ခရိုငွေကြေးဝန်ဆောင်မှုကို ဘယ်လိုအဖွဲ့အစည်းတွေက ပေးလဲ။

(၇) MFI တွေက ဝင်ငွေနည်းလူတန်းစားတွေအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတွေအပြင် တခြားဘာတွေများ လုပ်သေးသလဲ။

(၈) မိုက်ခရိုငွေကြေးဆိုတဲ့သဘောတရားက ဆင်းရဲချို့တဲ့သူတွေကို ဘယ်လိုအထောက်အကူပြုသလဲ။

(၉) မိုက်ခရိုချေးငွေဟာ ဘယ်လိုနေရာမျိုးမှာ အသုံးမဝင်ဘူးလဲ။

(၁၀) MFI တွေဟာ ဆင်းရဲချို့တဲ့သူတွေဆီက ဘာလို့ အတိုးနှုန်းမြင့်မြင့်ယူရသလဲ။

(၁၁) MFI များ ရေရှည်တည်တံ့မှုကို ဘာလို့အရမ်း အရေးပေးတာလဲ။

(၁၂) မိုက်ခရိုငွေကြေးရပ်ဝန်း ဘယ်လောက်တည်တံ့မလဲ။

(၁၃) အစိုးရများအနေနဲ့ မိုက်ခရိုချေးငွေလုပ်ငန်းကောင်းကောင်းလည်ပတ်နိုင်အောင် စွမ်းဆောင်နိုင်သလား။

(၁၄) မိုက်ခရိုငွေကြေးလုပ်ငန်းကို အစိုးရက ဘယ်လိုထောက်ပံ့ပေးနိုင်သလဲ။

(၁၅) ငွေစုလုပ်ငန်းက ဆင်းရဲသူလူတန်းစားကို ဘယ်လိုအကျိုးပြုနိုင်သလဲ။

(၁၆) ဆင်းရဲချို့တဲ့သူတွေအနေနဲ့ အမြတ်ကြီးစား ကြွေးမြီရှင်တွေရဲ့ စနက်ထဲ မကျရောက်ရအောင် MFI တွေ ဘာလုပ်နေကြသလဲ။

(၁၇) လူမှုစွမ်းဆောင်ရည်ကိန်းညွှန်းဆိုတာဘာလဲ။ ဘာလို့ အဲဒီကိန်းညွှန်းက စီးပွားရေးအဖွဲ့အစည်းတွေမှာ အရေးကြီးတာလဲ။

(၁၈) ကမ္ဘာတစ်ဝန်းက MFI တွေနဲ့ ပတ်သက်တဲ့အချက်အလက်တွေကို ဘယ်မှာရှာလို့ရမလဲ။

**၁။ မိုက်ခရိုငွေကြေးဆိုတာ ဘာလဲ။**

မိုက်ခရိုငွေကြေးဆိုတာဟာ ကိုယ့်



www.foreverspace.com.mm

ကိုယ်ကိုယ် မိုက်ခရိုငွေကြေးအဖွဲ့အစည်း (Microfinance Institution-MFI) လို့ သမုတ်ထားတဲ့ လုပ်ငန်းတွေက ဆင်းရဲချို့တဲ့သူတွေနဲ့ ဝင်ငွေနည်းတဲ့ လူတန်းစားတွေအတွက် စီစဉ်ပေးထားတဲ့ ချေးငွေနဲ့ တခြားငွေကြေးဆိုင်ရာဝန်ဆောင်မှုတွေကို ခေါ်တာပါ။ ပုံမှန်ဆိုရင် ငွေချေးချင်ရင် ပစ္စည်းတစ်ခုအပေါင်ခံရပါတယ်။ ဒါပေမဲ့ MFI တွေကတော့ လစာမဲ့များအတွက် အပေါင်ပစ္စည်းများများစားစားပြစရာမလိုဘဲ ငွေပမာဏနည်းနည်းကို ထုတ်ချေးပေးဖို့ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ လောက်ကတည်းက နည်းလမ်းမျိုးစုံ တီထွင်စမ်းသပ်ခဲ့ကြတယ်။ သူတို့စမ်းသပ်ခဲ့တဲ့ နည်းလမ်းတွေမှာ လူအစုလိုက်ကို ငွေချေးတာမျိုးတွေ၊ ငွေမချေးမီ အနည်းဆုံးရှိရမယ့် စုဆောင်းငွေပမာဏသတ်မှတ်ချက်တွေ၊ တဖြည်းဖြည်းချင်းတိုးပေးသွားမယ့် ငွေချေးပမာဏနဲ့ လက်ရှိချေးငွေကို မှန်မှန်ပြန်ဆပ်ရင် နောက်ပိုင်းမှာလည်း ပုံမှန်ထုတ်ချေးပေးမယ်ဆိုတဲ့ သွယ်ဝိုက်အာမခံချက်တွေ စသဖြင့် နည်းလမ်းအမျိုးမျိုး ကြိုးစားခဲ့ပါတယ်။

ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ပြောရမယ်ဆိုရင်တော့ မိုက်ခရိုငွေကြေးရဲ့ ရည်မှန်းချက်က ဝင်ငွေနည်းမိသားစုတွေအနေနဲ့ အောက်ပါကိစ္စရပ်တွေ လုပ်ဆောင်နိုင်ဖို့ အဆင့်မီငွေကြေးဝန်ဆောင်မှုတွေ ဖန်တီးပေးတာပါပဲ။

(က) ဝင်ငွေရမယ့် လုပ်ငန်းတွေအတွက် အရင်းအနှီးအဆင်သင့်ဖြစ်အောင်၊

(ခ) ပိုင်ဆိုင်မှု (Assets) တွေ ဖန်တီးနိုင်အောင်၊

(ဂ) အဆိုပါမိသားစုတွေရဲ့ ငွေကြေးသုံးစွဲမှုတည်ငြိမ်လာအောင်နဲ့

(ဃ) ငွေကြေးပိုင်းဆိုင်ရာ စိန်ခေါ်မှုတွေအတွက် လုံခြုံမှုရှိအောင် တို့ဖြစ်တယ်။

ဝန်ဆောင်မှုဆိုတာမှာလည်း ငွေချေးတာ တစ်ခုတည်းမဟုတ်ဘဲ ငွေစုခြင်း၊ အာမခံလုပ်ငန်းနဲ့ ငွေလွှဲလုပ်ငန်းတွေပါ ပါဝင်တယ်။

**၂။ မိုက်ခရိုငွေကြေး (Microfinance) နဲ့ မိုက်ခရိုချေးငွေ (Microcredit) ဘာကွာသလဲ။**

မိုက်ခရိုချေးငွေဆိုတာ အမိန့်ရငွေချေးလုပ်ငန်းတွေက အပေါင်ပစ္စည်းများများစားစားပြစရာမလိုဘဲ ထုတ်ချေးတဲ့ငွေပမာဏသေးသေးကို ခေါ်တာပါ။ အခုအချိန်ထိတော့ လခစားအလုပ်သမားတွေအတွက် သတ်မှတ်ထားလေ့ရှိတဲ့ ချေးငွေအကန့်အသတ် (Consumer Credit) ဆိုတဲ့ သဘောတရားကို မိုက်ခရိုချေးငွေမှာ မတွေ့ရသေးပါဘူး။ ဒါပေမဲ့ နောင်တစ်ချိန်မှာတော့ ရှိကောင်းရှိလာနိုင်ပါတယ်။

မိုက်ခရိုငွေကြေးလို့ဆိုလာရင် အပေါ်မှာပြောခဲ့တဲ့ မိုက်ခရိုချေးငွေအပြင် ဆင်းရဲချို့တဲ့သူတွေနဲ့ ဝင်ငွေနည်းလူတန်းစားတွေအတွက် ရည်ရွယ်တဲ့ငွေစုခြင်း၊ အာမခံ၊ ငွေလွှဲနဲ့ တခြားငွေကြေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုတွေ ပါပါတယ်။

**၃။ မိုက်ခရိုချေးငွေနဲ့ တခြားဖွံ့ဖြိုးရေးဆိုင်ရာ ချေးငွေတွေနဲ့ကျတော့ ဘာကွာသလဲ။**

မေးခွန်း (၁) မှာရှင်းပြခဲ့တဲ့ နည်းစနစ်အသစ်တွေအပြင် မိုက်ခရိုချေးငွေဟာ ဖွံ့ဖြိုးရေးချေးငွေရဲ့ ကနဦးပုံစံဟောင်းတွေမှာ တွေ့ရတဲ့ ချို့ယွင်းအားနည်းချက်တွေကို အတတ်နိုင်ဆုံး ရှောင်ကွင်းနိုင်အောင် ကြိုးစားထားပါတယ်။ မိုက်ခရိုချေးငွေရဲ့ ချဉ်းကပ်မှုပုံစံဟာ အနာဂတ်မှာ ငွေချေးအဖွဲ့အစည်းရဲ့ ဆက်လက်ရှင်သန်ဖွံ့ဖြိုးမှုကို အာမခံချက်ပေးမယ့် ပိုပြီးစနစ်တကျရှိတဲ့ ချေးငွေပြန်ဆပ်မှုပုံစံတစ်ခုနဲ့ ငွေပို့ဆောင်မှုကုန်ကျစရိတ် (Costs of Credit Delivery) ကို ကာမိနိုင်တဲ့အတိုးနှုန်းထားတစ်ခုကို အလေးပေးတာကို တွေ့ရတယ်။

**၄။ မိုက်ခရိုငွေကြေးစနစ်ရဲ့ ဝယ်ယူသုံးစွဲသူတွေက ဘယ်သူတွေလဲ။**

ဘဏ်လိုမျိုး ပုံမှန်ငွေကြေးအဖွဲ့အစည်းတွေရဲ့ ဝန်ဆောင်မှုတွေကို ဝယ်ယူသုံးစွဲမှုမပြုနိုင်တဲ့ ဆင်းရဲချို့တဲ့သူတွေနဲ့ ဝင်ငွေနည်းလူတန်းစားတွေဟာ မိုက်ခရိုငွေကြေးရဲ့ အဓိကဖောက်သည်တွေပါ။ မိုက်ခရိုငွေကြေးစနစ်ကို သုံးစွဲသူတွေဟာ များသောအားဖြင့် မိသားစုအခြေပြုကိုယ်ပိုင်လုပ်ငန်းငယ်လေးတွေ လုပ်ကိုင်ကြသူ များပါတယ်။ သူတို့လုပ်ကိုင်လေ့ရှိတဲ့ လုပ်ငန်းငယ်လေးတွေမှာ လက်လီကုန်စုံဆိုင်ငယ်လေးတွေ၊ လမ်းဘေးဆိုင်လေးတွေ၊ လက်မှုလုပ်ငန်းငယ်လေးတွေနဲ့ ဝန်ဆောင်မှုအသေးစားတွေ ပါဝင်ပါတယ်။ နယ်ဘက်တွေမှာဆိုရင်တော့ မုန့်လုပ်ငန်းတချို့ရယ်၊ ကုန်သည်အသေးစားတွေရယ်နဲ့ လယ်သမားအများစု ပါဝင်ကြပါတယ်။



www.foreverspace.com.mm



အဆိုပါပုဂ္ဂိုလ်တွေရဲ့ ဆင်းရဲမွဲတေမှုအတိုင်းအတာကို ကိန်းဂဏန်းအတိအကျပြောဖို့တော့ ခက်ပါလိမ့်မယ်။ ဒါပေမဲ့ အများစုဟာ ဆင်းရဲမွဲတေမှုစည်းမျဉ်း (ကုလသမဂ္ဂသတ်မှတ်ချက်–တစ်နေ့ဝင်ငွေ တစ်ဒေါ်လာ) နားအထိ လျော့ကျနေပြီး တချို့ကတော့ အဲဒီဝင်ငွေထက်ကို နည်းနေပါတယ်။ ဒါပေမဲ့ ကုန်းကောက်စရာမရှိအောင် မွဲတေနေသူတွေအပါအဝင် ကမ္ဘာ့လူဦးရေရဲ့ အဆင်းရဲဆုံး ၁၀ ရာခိုင်နှုန်းသောမိသားစုတွေကတော့ မိုက်ခရိုချေးငွေစနစ်ရဲ့ ပုံမှန်ဖောက်သည်တွေ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ချေးငွေကို ပြန်ဆပ်နိုင်မယ့် ပုံမှန်ငွေကြေးစီးဆင်းမှုကို သူတို့မှာ မရှိလို့ပါ။ အချက်အလက်အရဆိုရင် ဆင်းရဲမွဲတေမှုစည်းမျဉ်းရဲ့ အောက်က လူအများစုက ဆင်းရဲချို့တဲ့သူတွေရဲ့ အပေါ်တစ်ဝက်မှာ ရှိနေပါသေးတယ်။ ဒါတောင်မှ မိုက်ခရိုငွေကြေးအဖွဲ့အစည်းတွေက အောက်တစ်ဝက်ရဲ့ အပေါ်ဆုံးက လူတချို့ကိုတောင် ဝန်ဆောင်မှုပေးနေနိုင်တဲ့ သာဓကတွေရှိပါတယ်။ နောက်ပြီး မိုက်ခရိုငွေကြေးစနစ်ရဲ့ ဝန်ဆောင်မှုရယူသူတွေထဲမှာ အမျိုးသမီးအများစု ပါဝင်ကြတာလည်း တွေ့ရပါတယ်။


ပြီးခဲ့တဲ့ဆယ်စုနှစ်အတွင်းမှာ အဆိုပါ MFI တွေဟာ လခစားဝန်ထမ်းတွေအပြင် ပင်စင်စားအငြိမ်းစားတွေပါဝင်တဲ့ တခြားလူစုတွေအတွက်ပါ သင့်လျော်မယ့် ဝန်ဆောင်မှုတွေကို စတင်ဖန်တီးလာခဲ့တယ်။ ဖြစ်လာနိုင်တဲ့ အဆိုပါငွေကြေးစနစ်သုံးစွဲသူအဝန်းအဝိုင်းကို ခန့်မှန်းရခက်ပေမယ့် ဒီငွေကြေးဝန်ဆောင်မှုတွေကိုပဲ ထိတွေ့သုံးစွဲခွင့်မရသေးတဲ့မိသားစုတွေကလည်း ဒုနဲ့ဒေး ရှိနေဆဲပါပဲ။

### ၅။ ငွေချေးသူတွေဟာ မိုက်ခရိုချေးငွေကို ဘယ်လိုသုံးကြလဲ။

မိုက်ခရိုချေးငွေရယူသူတွေဟာ များသောအားဖြင့်တော့ ပုံသေလခမဟုတ်ပေမယ့် ဝင်ငွေရှိတဲ့ လုပ်ငန်းလေးတွေ လုပ်ကိုင်တတ်ကြပါတယ်။ ဒါပေမဲ့ MFI တွေဆီကနေ ချေးယူထားတဲ့ငွေကို အဲဒီလိုလုပ်ငန်းတွေ အစပြုတည်ထောင်ဖို့ ငွေပင်ငွေရင်းအနေနဲ့ သုံးတာမျိုး သိပ်များများစားစားမတွေ့ရပါဘူး။ ပြန့်ကျဲနေတဲ့ သုတေသနစာတမ်းတွေရဲ့အဆိုအရတော့ ချေးငွေရဲ့ တစ်ဝက် ဒါမှမဟုတ် အဲဒီထက်နည်းတဲ့ ပမာဏကိုပဲ စီးပွားရေးလုပ်ငန်းတွေမှာ သုံးတာကို တွေ့ရပါတယ်။ ကျန်တဲ့ပမာဏအများစုကိုတော့ ပညာရေးအသုံးစရိတ်၊ ဆေးဖိုးဝါးခနဲ့ သာရေးနာရေးကုန်ကျစရိတ် အစရှိတဲ့အိမ်တွင်းငွေကြေးလိုအပ်ချက်အများစုကို ဖြည့်ဆည်းပေးဖို့အတွက် အသုံးပြုပါတယ်။ အဲဒီလိုအသုံးပြုခြင်းဖြင့်လည်း မိသားစုငွေကြေးသုံးစွဲမှု ပိုတည်ငြိမ်လာပါတယ်။

### ၆။ မိုက်ခရိုငွေကြေးဝန်ဆောင်မှုကို ဘယ်လိုအဖွဲ့အစည်းတွေက ပေးလဲ။

မိုက်ခရိုငွေကြေးအဖွဲ့အစည်းတွေဟာ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO)



www.foreverspace.com.mm

လိုမျိုး အကျိုးအမြတ်အတွက် မဟုတ်သော အဖွဲ့အစည်း (Not-for-profit) တွေအနေနဲ့ စတင်ကြပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ငွေစုဆောင်းမှုလို ဝန်ဆောင်မှုမျိုးကို လက်ခံလည်ပတ်ဖို့အတွက် ဘဏ္ဍာရေးဆိုင်ရာ အာဏာပိုင်တွေဆီက လုပ်ငန်းလိုင်စင်လိုအပ်ချက်မျိုးရှိတာကြောင့် မိုက်ခရိုငွေကြေးအဖွဲ့အစည်းတွေဟာ အကျိုးအမြတ်အတွက်ပါ ရည်ရွယ်တဲ့အဖွဲ့အစည်း (for-profit) အနေနဲ့ ပြောင်းလဲလာကြတယ်။ အဲဒီလိုအကျိုးအမြတ်အတွက် ဖွဲ့စည်းတဲ့ မိုက်ခရိုငွေကြေးအဖွဲ့တွေကို

(က) ဘဏ်မဟုတ်သောငွေကြေးအဖွဲ့အစည်း (non-bank financial institutions) (NFBIS)

(ခ) မိုက်ခရိုငွေကြေးလုပ်ငန်းအဓိကလုပ်ကိုင်သောဘဏ်

(ဂ) ရိုးရိုးဘဏ်တစ်ခု၏ မိုက်ခရိုငွေကြေးဌာနတို့အဖြစ် အသွင်သဏ္ဌာန်သုံးမျိုးတွေ့ရတယ်။

**၇။ MFI တွေက ဝင်ငွေနည်းလူတန်းစားတွေအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှုတွေအပြင် တခြားဘာတွေများလုပ်သေးသလဲ။**

တချို့ MFI တွေကတော့ ငွေကြေးနဲ့မပတ်သက်တဲ့ 'စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု'နဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေလည်း ပေးပါသေးတယ်။ (မှတ်ချက်။ စီးပွားရေးဘဏ်နှင့် အစိုးရဘဏ်များအား ၎င်းတို့လုပ်ငန်းလည်ပတ်မှု၏ တစ်စိတ်တစ်ဒေသအဖြစ် မိုက်ခရိုငွေကြေးဝန်ဆောင်မှုပေးနေသည်ဆိုစေကာမူ ၎င်းတို့အား MFI များအဖြစ် သတ်မှတ်သည်။)

**၈။ မိုက်ခရိုငွေကြေးဆိုတဲ့ သဘောတရားက ဆင်းရဲချို့တဲ့သူတွေကို ဘယ်လိုအထောက်အကူပြုသလဲ။**

မိုက်ခရိုငွေကြေးရဲ့ အကျိုးသက်ရောက် ရိုက်ခတ်မှုကို လေ့လာတဲ့အခါမှာ များသောအားဖြင့် မိုက်ခရိုချေးငွေရဲ့ အကျိုးသက်ရောက်ရိုက်ခတ်မှုကို လေ့လာကြတာ များတယ်။ ရေရှည်မှာ 'အရ' နဲ့ 'အသုံး' တဖြည်းဖြည်းမြင့်တက်လာခြင်းလိုမျိုး အကျိုးဆက်တွေဟာ ဆင်းရဲချို့တဲ့တဲ့ မိသားစုတွေအနေနဲ့ မိုက်ခရိုချေးငွေကရတဲ့ အကျိုးကျေးဇူးတွေထဲက တစ်ခုပါ။ ဆင်းရဲမွဲတေမှုရဲ့ ခက်ထန်ကြမ်းရှတဲ့ မျက်နှာစာတစ်ခုကတော့ ပုံမှန်မရှိလို့ အားကိုးအားထားပြုလို့မရနိုင်တဲ့ဝင်ငွေပါ။ ချေးငွေ အလွယ်တကူရနိုင်ခြင်းဖြင့် ဆင်းရဲချို့တဲ့သူတွေရဲ့ ငွေကြေးလည်ပတ်မှု ပိုပြီးချောမွေ့လာသလို စားဝတ်နေရေးလိုမျိုး လူ့အခြေခံလိုအပ်ချက်တွေ ရုတ်တရက် ပြတ်လပ်သွားတာမျိုးမှလည်း ကာကွယ်နိုင်ပါတယ်။ အဲဒီအပြင် ရန်သူမျိုးငါးပါးရဲ့ နှောင့်ယှက်ဖျက်ဆီးမှုတွေနဲ့ မိသားစုရဲ့ အဓိကဝင်ငွေရှာဖွေသူ နေမကောင်းထိုင်မသာဖြစ်တဲ့ အနေအထားလို တုန်လှုပ်ဖွယ်အခြေအနေတွေကိုလည်း မိုက်ခရိုချေးငွေက ညင်သာအောင် ပြုစွမ်းပေးနိုင်ပါတယ်။ အဲဒါထက်ပိုပြီးဆိုရရင် ဆင်းရဲချို့တဲ့သူတွေဟာ မြေဝယ်တာလိုမျိုး ပစ္စည်းဥစ္စာစုဆောင်းမှုတွေကို မိုက်ခရိုချေးငွေရဲ့အကူအညီနဲ့ ဆောင်ရွက်နိုင်ပါသေးတယ်။ အဲဒီလို ဥစ္စာစုဆောင်းမှုဟာ အနာဂတ်မှာ မိသားစုဘဝကို လုံခြုံစိတ်ချမှုပေးပါတယ်။ အမျိုးသမီးတွေအနေနဲ့လည်း မိုက်ခရိုချေးငွေကို သုံးစွဲပြီး မိမိရဲ့ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်နိုင်ပါသေးတယ်။

ချေးငွေရဲ့ အကျိုးသက်ရောက်မှုကို လက်တွေ့လေ့လာမှုပြုလုပ်ဖို့ ခက်ခဲပြီး ငွေကုန်ကြေးကျလည်း များပါတယ်။ အဲဒီလို လေ့လာမှုပြုဖို့အတွက် ဘယ်လိုနည်းစနစ်သုံးမလဲဆိုတာကအစ ဝိဝါဒကွဲနေတာမျိုး ရှိပါတယ်။ ဒါပေမဲ့လည်း ဒီနေ့ဒီအချိန်အထိပြုလုပ်ထားတဲ့ အကျိုးသက်ရောက်မှုလေ့လာရေးစာတမ်းများအရတော့ မိုက်ခရိုချေးငွေကနေ ကောင်းကျိုးတွေ အမြောက်အမြားရရှိနိုင်တယ်လို့ တွေ့ရပါတယ်။ ဒါပေမဲ့လည်း စာတမ်းတော်တော်များများဟာ ချဉ်းကပ်မှုပုံစံ စနစ်မကျတာကြောင့် စီးပွားရေးပညာရှင်များက အသိအမှတ်မပြုတာမျိုးတွေ ရှိနေပါတယ်။ ပိုပြီးစနစ်ကျတဲ့လေ့လာမှုပုံစံသစ်တစ်ရပ်ကို အခု စမ်းသပ်နေပြီး အဲဒီကနေ ပိုပြီးတိကျပြတ်သားတဲ့အဖြေတစ်ခုထွက်လာမယ်လို့တော့ မျှော်လင့်ရပါတယ်။



www.foreverspace.com.mm






ဘာပဲပြောပြော တကယ့်ငွေချေးယူသူတွေကတော့ အဆိုပါချေးငွေတွေဟာ သူတို့ဘ၀ကို တိုးတက်ပြောင်းလဲစေတယ်လို့ အခိုင်အမာဆိုနေပါတယ်။ သူတို့ဟာ ငွေဆက်ချေးနေနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုနဲ့တောင် ချေးငွေတွေကို သစ္စာရှိရှိ အချိန်မှန်မှန် ပြန်ဆပ်နေပါတယ်။

မိုက်ခရိုငွေကြေးရဲ့ တခြားဝန်ဆောင်မှုတွေဖြစ်တဲ့ ငွေစုဆောင်းခြင်း၊ အာမခံနဲ့ ငွေလွှဲလုပ်ငန်းတွေဟာ သိပ်မကြာသေးခင်ကာလကမှ ဖွံ့ဖြိုးလာတာကြောင့် အဲဒီဝန်ဆောင်မှုတွေရဲ့ အကျိုးသက်ရောက်မှုကို လေ့လာထားတာ နည်းနေပါသေးတယ်။ ဒါပေမဲ့ အဲဒီလိုဝန်ဆောင်မှုတွေအတွက် ဆင်းရဲချို့တဲ့သူ လူတန်းစားတွေဆီက ဝယ်လိုအားရှိနေပါတယ်။ ငွေစုလုပ်ငန်းဝန်ဆောင်မှုကောင်းကောင်းပေးတဲ့ MFI တွေမှာဆိုရင် သူတို့ဆီကနေ ငွေချေးယူသူထက် သူတို့ဆီမှာ ငွေစုဆောင်းသူတွေ ပိုများနေတာ တွေ့ရပါတယ်။

**၉။ မိုက်ခရိုချေးငွေဟာ ဘယ်လိုနေရာမျိုးမှာ အသုံးမဝင်ဘူးလဲ။**

မိုက်ခရိုငွေကြေးဝန်ဆောင်မှုတွေဟာ လူတိုင်းအတွက် အမြဲအသုံးဝင်နေတဲ့အရာတော့ မဟုတ်ပါဘူး။ စီးပွားရေးအခွင့်အလမ်းတစ်ခုတွေ့ထားပြီး အရင်းအနှီးပြုဖို့ ငွေနည်းနည်းလောက် အလွယ်တကူ ရမယ်ဆိုရင် အဲဒီအခွင့်အလမ်းကနေ အကျိုးအမြတ်ရအောင် လုပ်နိုင်မယ့်လူမျိုးတွေကို သူတို့လုပ်မယ့် စီးပွားရေးအတွက် မိုက်ခရိုငွေကြေးက လိုက်လိုက်လျောလျောငွေချေးပါလိမ့်မယ်။ ချေးငွေကို ဘယ်လိုပုံစံဖြင့်သုံးသည်ဖြစ်စေ ငွေချေးယူသူက ချေးငွေအား သတ်မှတ်ရက်အတွင်း ပြန်ဆပ်လိုစိတ်နဲ့ ပြန်ဆပ်နိုင်စွမ်းရှိနေသမျှ ကာလပတ်လုံး MFI များက ရေရှည်ငွေထုတ်ချေးနေပါလိမ့်မယ်။

ကုန်းကောက်စရာမရှိအောင် မွဲတေနေသူတွေအတွက်တော့ မိုက်ခရိုချေးငွေက သိပ်သင့်လျော်မှုမရှိပါဘူး။ ထိုသူများကိုမူ အစိုးရအထောက်အပံ့လို အရင်းအမြစ်များ သုံးပြီး ၎င်းတို့၏ စီးပွားရေးအခြေအနေတစ်ရပ်ကို တိုးတက်အောင် ပထမဆုံး စီမံပေးဖို့လိုပါတယ်။ ဒီလိုလုပ်ရာမှာလည်း တိုက်ရိုက်ထောက်ပံ့ခြင်းသည်သာ တစ်ခုတည်းသော ရွေးချယ်စရာဖြစ်ပါသည်။ အဓိကအကြောင်းရင်းကတော့ ထိုပုဂ္ဂိုလ်တို့မှာ ချေးငွေကို ပြန်ဆပ်နိုင်စွမ်းမရှိတတ်ကြလို့ပါ။ အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းတစ်ခုကောင်းကောင်းလည်ပတ်နိုင်မှ ချေးငွေကို ပြန်ပေးနိုင်မယ်ဆိုရင် MFI များအတွက်ရော ငွေချေးသူများအတွက်ပါ စိန်ခေါ်မှုတွေ အများကြီးရင်ဆိုင်ရဖွယ်ရှိတယ်။ အစားအသောက်၊ နေထိုင်စရာနေရာနဲ့ အလုပ်အကိုင်လို အခြေခံလိုအပ်ချက်တွေဟာ ဘဏ္ဍာရေးဝန်ဆောင်မှုတွေထက် ပိုအရေးကြီးပြီး အစိုးရနဲ့ အလှူရှင်ကြီးတွေအနေနဲ့ ရန်ပုံငွေတည်ထောင်ထည့်ဝင်ပြီး ဖြေရှင်းပေးတာမျိုးက ပိုပြီးသင့်လျော်ပါတယ်။

အစိုးရတွေ၊ ဖွံ့ဖြိုးရေးအေဂျင်စီတွေအနေနဲ့ ဒုက္ခသည်တွေ ပြန်လည်နေရာချထားရေးနှင့် စစ်မှုထမ်းဟောင်းတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးလို လူမှုရေးဆက်နွှယ်နေတဲ့ စီးပွားရေးပြဿနာများကိုဖြေရှင်းဖို့ MFI တွေကို အဖြေတစ်ရပ်အနေနဲ့ အသုံးချတတ်ကြတယ်။ ဒါပေမဲ့လည်း MFI တွေဟာ အဲဒီလိုပြဿနာတွေအတွက် အကောင်းဆုံးအဖြေတစ်ခုဖြစ်ချင်မှဖြစ်လိမ့်မယ်။ သေချာတာကတော့ MFI တွေအနေနဲ့ ပြဿနာတွေကို တစ်ဦးတည်း ဝင်ရောက်ဖြေရှင်းဖို့ဆိုတာ မဖြစ်နိုင်သလောက်ပါပဲ။ MFI တွေအနေနဲ့ ဘယ်လောက်ပဲကြိုးစားကြိုးစား ပြဿနာပြေလည်ဖို့ အရေးကြီးတဲ့အချက်တွေထဲက တစ်ခုက ငွေချေးသူတစ်ယောက်ရဲ့ ပုံမှန်ငွေပြန်ဆပ်နိုင်စွမ်းဖြစ်ပါတယ်။

**၁၀။ MFI တွေဟာ ဆင်းရဲချို့တဲ့သူတွေဆီက ဘာလို့ အတိုးနှုန်းမြင့်မြင့်ယူရသလဲ။**

ချမ်းသာတဲ့လူတွေပေးရတဲ့ ဘဏ်တိုးထက် ပိုများတဲ့ မိုက်ခရိုချေးငွေအတိုးနှုန်းကြောင့် စိုးရိမ်ပူပန်မှုတွေ မကြာခဏဆိုသလို ကြားရလေ့ရှိတယ်။ အဓိကအကြောင်း အရင်းက ကုန်ကျစရိတ်ကြောင့်ပါ။ ချေးငွေနည်းနည်းစီနဲ့ အများအပြားကို စီမံရတဲ့ ကုန်ကျစရိတ်က ချေးငွေများများကို တစ်ခါထုတ်ချေးရတာထက် စီမံစရိတ်

www.foreverspace.com.mm

အများကြီး ပိုကုန်ပါတယ်။ ငွေတစ်သိန်း ထုတ်ချေးတဲ့ ဝန်ထမ်း/အချိန်ကုန်ကျမှုဟာ ငွေ ၁၀၀ ကို အခေါက် ၁၀၀၀ ထုတ်ချေးနေရမှုနဲ့ယှဉ်ရင် အများကြီးသက်သာပါတယ်။ ဒီ့အပြင် မိုက်ခရိုချေးငွေဈေးကြီးရတဲ့ တခြားအချက်တွေလည်း ရှိပါသေးတယ်။ လစာရော အပေါင်ပစ္စည်းပါမရှိဘဲ ငွေချေးလိုသူတွေအတွက် တစ်ယောက်ချင်းစီအတွက် ဘယ်လောက်ထုတ်ချေးသင့်တယ်/ဘယ်လောက် ထုတ်ချေးနိုင်တယ်ဆိုတာကို တွက်ဖို့ ခက်ပါတယ်။ ဒီနေရာမှာ ငွေချေးအရာရှိတစ်ဦးရဲ့ ချေးငွေတစ်ခုချင်းစီအတွက် စွန့်စားမှုကိန်းညွှန်းကို တွက်ချက်အကဲဖြတ်ရတဲ့တာဝန်ရှိတယ်။ ဒီ့အပြင် MFI တွေ လုပ်ငန်းလည်ပတ်တဲ့နေရာတွေဟာ များသောအားဖြင့် လူဦးရေကျဲပါးပြီး သွားရေးလာရေးအလှမ်းဝေးတဲ့ ဒေသတွေဖြစ်တာကြောင့် ဒီအချက်ကလည်း ချေးငွေဈေးကြီးရတဲ့ အကြောင်းရင်းတစ်ခုဖြစ်တယ်။ ရိုးရိုးဘဏ်တွေကို အဲဒီလိုဒေသမျိုးမှာမတွေ့ရတဲ့ အဓိကအကြောင်းကလည်း ဒီအချက်ပဲ ဖြစ်ပါတယ်။ MFI တစ်ခု ရေရှည်တည်တံ့လည်ပတ်နိုင်ဖို့ ခုနကပြောတဲ့ကုန်ကျစရိတ်အားလုံး ကာမိဖို့ အရမ်းအရေးကြီးတာကြောင့် ချေးငွေတွေကို ဈေးတင်ရပါတော့တယ်။

တစ်ခါတလေ လုပ်ငန်းလည်ပတ်ပုံ စွမ်းဆောင်ရည်နိမ့်မှုကြောင့်လည်း မလိုလားအပ်ဘဲ အတိုးနှုန်းတွေတက်သွားတာမျိုးလည်း တွေ့ရတယ်။ မိုက်ခရိုချေးငွေဈေးကွက် အချိန်နှင့်အတူ ရင့်ကျက်လာတာနဲ့အမျှ မန်နေဂျာတို့ရဲ့ အတွေ့အကြုံတွေဟာ စီမံခန့်ခွဲမှုစရိတ်ကို ကျဆင်းစေတာဟာလည်း ဓမ္မတာပဲဖြစ်ပါတယ်။ တခြားအခြေအနေတွေမှာတော့ ဈေးကွက်ယှဉ်ပြိုင်မှုကြောင့် ဈေးနှုန်းကျဆင်းလာပြီး စွမ်းဆောင်ရည်တက်လာပြန်ပါတယ်။

**၁၁။ MFI မှာ ရေရှည်တည်တံ့မှုကို ဘာလို့ အရမ်းအရေးပေးတာလဲ။**

ဖွံ့ဖြိုးမှုရှုထောင့်ကကြည့်ရင် ငွေရေးကြေးရေးအားဖြင့် ရေရှည်တည်တံ့မှုအတွက် ငွေချေးသူများလေ ကောင်းလေဖြစ်



တယ်။ ဒါပေမဲ့ MFI တွေက သူတို့ရဲ့ ဝန်ဆောင်ခတွေကို သင့်လျော်အောင် သတ်မှတ်မထားရင် သူတို့အနေနဲ့ အချိန်ကာလတစ်ခုကြာအောင်ပဲ လည်ပတ်နိုင်လိမ့်မယ်။ အဲဒီလိုမှမဟုတ်ရင် ငွေချေးသူအရေအတွက်တစ်ခုအထိပဲ ရောက်နိုင်လိမ့်မယ်။ ဒါမှမဟုတ် ငွေချေးလိုသူတို့ရဲ့ဆန္ဒထက် တခြားပယောဂတွေကို ပိုကြီးဦးစားပေးမိလိမ့်မယ်။

အလှူရှင်တွေနဲ့ အစိုးရတွေဟာ ကြီးမားလွန်းတဲ့ မိုက်ခရိုငွေကြေးဝန်ဆောင်မှုရဲ့ ဝယ်လိုအားကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ဖို့ ငွေကြေးအထောက်အပံ့ လုံလုံလောက်လောက် ထုတ်ပေးနိုင်မှာမဟုတ်ပါဘူး။ တကယ်လို့ ထုတ်ပေးနိုင်ခဲ့သည့်တိုင်အောင် တခြားသုံးစွဲရမယ့်ဖွံ့ဖြိုးရေးစီမံကိန်းတွေရှိပါသေးတယ်။ တကယ်တော့ ရေရှည်တည်တံ့နေနိုင်တဲ့ MFI တွေဟာ လုပ်ငန်းချဲ့ထွင်လည်ပတ်နိုင်ဖို့ လိုအပ်တဲ့ ငွေကြေးအရင်းအမြစ်တွေကို ရရှိအောင် စွမ်းဆောင်နိုင်ကြလေ့ရှိတယ်။ လက်တွေ့မှာလည်း ငွေချေးသူတွေဟာ ထောက်ပံ့တဲ့သဘောမပါတဲ့ ငွေချေးအဖွဲ့အစည်းတွေဆီကပဲ ပိုပြီးချေးလိုကြပါတယ်။ ဒါကလည်း သူတို့အနေနဲ့ အနာဂတ်မှာလည်း အဲဒီအဖွဲ့အစည်းတွေဆီကနေ ငွေဆက်လက်ချေးနိုင်လိမ့်ဦးမယ်လို့ ယုံကြည်စိတ်ချနေလို့ပါပဲ။

ငွေရေးကြေးရေးအရ ရှင်သန်နိုင်မှုနဲ့ လုပ်ငန်းချဲ့ထွင်နိုင်မှု (အဆင်းရဲဆုံးသောဒေသများထံ ရောက်ရှိနိုင်မှု) တို့ဟာ အများတွေးသလို တစ်ခုရွေးမိရင် နောက်တစ်ခုလက်လွှတ်ရမယ့်အရာတွေ မဟုတ်ပါဘူး။ ဒီနေ့ဆိုရင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတော်တော်များများဟာ အရမ်းကိုဆင်းရဲချို့တဲ့သူတွေအတွက်ပါ အဆင့်မြင့်ဝန်ဆောင်မှုတွေ ပေးနေနိုင်ပါပြီ။ အဲဒီလိုဝန်ဆောင်မှုတွေပေးရာမှာလည်း ကုန်ကျစရိတ်ကို ကောင်းကောင်းကာမိပါတယ်။ အဲဒီထက် တိတိကျကျပြောရရင် MFI လုပ်ငန်းတွေရဲ့ အကျိုးအမြတ်ရနိုင်စွမ်းနဲ့ ငွေချေးသူတွေရဲ့ ဆင်းရဲမွဲတေမှုကြားမှာ ကိန်းဂဏန်းများအရ ကောင်းကောင်း သက်သေပြနိုင်တဲ့ဆက်စပ်မှု လုံးဝမရှိပါဘူး။

(နောက်လဆက်ပါမည်)

**သန့်ဇင်**

**အကိုးအကား**

http://www.microfinancegateway. org/p/site/m/template.rc/1.26.9183/
http://www.mm.undp.org/HDI/ MICRO.html

www.foreverspace.com.mm



# စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် အနာဂတ်စီမံခန့်ခွဲမှု

မျိုးခန့်စံ

**၂၀ ရာစုကုန်ခါနီးနှစ်များတွင် ကမ္ဘာတစ်ဝန်းလုံး၌ စီမံကိန်းစီးပွားရေးစနစ် ကျဆုံးလာမှုနှင့်အတူ ဈေးကွက်စီးပွားရေးစနစ်သို့ ကမ္ဘာ့စီးပွားရေးချိန်ခွင်လျှာ သိသိသာသာလှည့်ပြောင်းလာခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်သို့ဦးတည်သော စီးပွားရေးစနစ် (Market Oriented Economic System)သို့ပြောင်းလဲကျင့်သုံးခဲ့ပါသည်။ စီးပွားရေးစနစ်ပြောင်းလဲကျင့်သုံးသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများသည်လည်း ဟိုမှသည်မှအပြိုင်အဆိုင် ပေါ်ပေါက်ဖြစ်ထွန်းလာသည်။ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်၍ ဈေးကွက်တွင်ယှဉ်ပြိုင်မှု အားသာချက်ရရှိရန် အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်လာကြပါသည်။ စားသုံးသူများအနေဖြင့် ဈေးကွက်အတွင်းမှ ကုန်စည်နှင့်ဝန်ဆောင်မှုများကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိလာသကဲ့သို့ ထုတ်လုပ်သူများအနေဖြင့်လည်း စွန့်စားလုပ်ကိုင်ဆောင်ရွက်ရမှုနှင့်အတူ ဈေးကွက်တွင် အောင်မြင်မှုရရှိရန် အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်ကြရပေသည်။ ထိုသို့အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် စီမံခန့်ခွဲမှုနှင့် စီမံခန့်ခွဲသူ (မန်နေဂျာ) များ၏အခန်းကဏ္ဍသည် ပိုမိုပေါ်လွင်ထင်ရှားလာပါသည်။**

ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်ကြရာတွင် အဓိကအားဖြင့် ပုံသဏ္ဌာန်သုံးမျိုးဖြင့် တရားဝင်မှတ်ပုံတင်၍ ဖွဲ့စည်းလေ့ရှိပါသည်။ ဖွဲ့စည်းမှုပုံသဏ္ဌာန်သုံးမျိုးမှာ (၁) တစ်ဦးတည်းပိုင်လုပ်ငန်း (Sole-Proprietorship)၊ (၂) အစုစပ်လုပ်ငန်း (Partnership)နှင့် ကုမ္ပဏီ သို့မဟုတ် ကော်ပိုရိတ်အဖွဲ့အစည်းများ (Company or Corporation)ဟူ၍ ဖြစ်ပါသည်။ ကုမ္ပဏီတွင် ပုဂ္ဂလိကကုမ္ပဏီ (Private Company)နှင့် အများပိုင်ကုမ္ပဏီ (Public Company)ဟူ၍ နှစ်မျိုးထပ်မံခွဲခြားနိုင်ပါသည်။ ရှယ်ယာများကို အများပြည်သူသို့ ရောင်းချပေး၍ အများပိုင်ကုမ္ပဏီဟုလည်းကောင်း၊ Corporationဟုလည်းကောင်း ခေါ်ဆိုသုံးနှုန်းသည်။ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအများစုသည် Public Companies များဖြစ်ကြပါသည်။

တစ်ဦးတည်းပိုင်လုပ်ငန်း၊ အစုစပ်လုပ်ငန်းတို့သည် ဥပဒေကြောင်းအရ ဆက်သွယ်မှု၊ တရားစွဲဆိုမှု စသည်တို့သည် လုပ်ငန်းပိုင်ရှင်များနှင့် တိုက်ရိုက်သက်ဆိုင်သည်။ Company သို့မဟုတ် Corporation တို့တွင် လူပုဂ္ဂိုလ်အစား လုပ်ငန်းကို လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ တရားဝင်သတ်မှတ်ပြီး (Legal Entity)ဥပဒေကြောင်းအရ ဆက်သွယ်မှုပြုသည်။ ကုမ္ပဏီအမည်ဖြင့် စာချုပ်စာတမ်းများချုပ်ဆိုနိုင်သည်။ ကုမ္ပဏီက တရားစွဲဆိုနိုင်သကဲ့သို့ ကုမ္ပဏီကိုလည်း တရားစွဲဆိုနိုင်သည်။ တစ်ဦးတည်းပိုင်နှင့် အစုစပ်လုပ်ငန်းတို့တွင် ကြွေးမြီကိစ္စနှင့်ပတ်သက်၍ ကန့်သတ်ချက်မရှိချေ။ Unlimited Liability ဖြစ်ပြီး လုပ်ငန်းပိုင်ရှင်က တာဝန်ယူဖြေရှင်းရသည်။ Corporation တွင်မူ Limited Liabilities ဖြစ်၍ Company Limitedဟုသုံးနှုန်းပြီး ကြွေးကို ကုမ္ပဏီအနေနှင့်သာ ပေးဆပ်ရန်တာဝန်ရှိပြီး ရှယ်ယာရှင်တစ်ဦးချင်းအနေဖြင့်မူ ထည့်ဝင်ထားသော ရှယ်ယာငွေဆုံးရှုံးသည်မှအပ အခြားပေးဆပ်ရန်တာဝန်မရှိပါချေ။

စီးပွားရေးလုပ်ငန်းတစ်ခု တိုးတက်ကြီးထွားမှုအလားအလာသည် လုပ်ငန်းရှင်၏ စီမံခန့်ခွဲမှုစွမ်းရည်၊ ခေါင်းဆောင်မှုစွမ်းရည်တိုးတက်လာမှုနှင့် တိုက်ရိုက်သက်ဆိုင်သည်။ မန်နေဂျာများသည် လုပ်ငန်းအဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်များရောက်ရှိအောင်မြင်ရေးအတွက် မိမိလက်အောက်ဝန်ထမ်းများနှင့်အတူ ထိရောက်အောင်မြင်ရန်၊ စွမ်းဆောင်ရည်မြင့်မားရန် ပံ့ဖော်ဆောင်ရွက်ကြသူများဖြစ်ပါသည်။ ရှင်းလင်းစွာဆိုရလျှင် လုပ်ငန်းအောင်မြင်ထိရောက်ရေးအတွက် မန်နေဂျာများကို ခန့်အပ်တာဝန်ပေးထားခြင်းဖြစ်သည်။ လုပ်ငန်းတာဝန်များပြီးလျှင် မန်နေဂျာ၏တာဝန်ကျေသည်ဟု ယေဘုယျအားဖြင့်ဆိုနိုင်သည်။ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် (Effective)၊ စွမ်းဆောင်ရည်မြင့်မြင့်တွင်တွင်ကျယ်ကျယ် (Efficiency) ဆောင်ရွက်နိုင်သည်ဆိုလျှင် မန်နေဂျာကောင်းများဟု သတ်မှတ်နိုင်ပါသည်။ မန်နေဂျာများသည် လုပ်ငန်းအောင်မြင်ပြီး

www.foreverspace.com.mm

မြောက်ရေးအတွက် စီမံချက်ချမှတ်ခြင်း၊ ဖွဲ့စည်းခြင်း၊ ဦးဆောင်လမ်းညွှန်ခြင်း၊ ဝန်ထမ်းရေးရာများဆောင်ရွက်ခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်း စသော လုပ်ငန်းတာဝန်များကို ထမ်းရွက်ကြရသူများဖြစ်ပါသည်။

စီမံခန့်ခွဲမှုသည် အပျော်တမ်းအလုပ်မဟုတ်၊ ပညာသည်အလုပ် (Profession) ဖြစ်သည်။ Professional ပီသရန်လိုအပ်သည်။ ယှဉ်ပြိုင်မှု မြင့်မားပြင်းထန်သော ယနေ့ခေတ်တွင် မန်နေဂျာကောင်းများ ပိုမိုလိုအပ်လာပြီဖြစ်သည်။ ဆက်သွယ်မှု ကွန်ရက်ပိုမိုမြန်ဆန်လာမှု၊ တိုးတက်လာမှုနှင့်အတူ သတင်းအချက်အလက်များကို ပိုမိုမြန်ဆန်စွာ ရရှိလာပြီဖြစ်ရာ အရည်အသွေးပြည့်မီခြင်းမရှိသော မန်နေဂျာတို့အတွက် နေရာကျဉ်းလာပြီဖြစ်သည်။ မန်နေဂျာတစ်ဦးအနေဖြင့် မိမိရွေးချယ်ထားသည့် နယ်ပယ်အလိုက်၊ ကျွမ်းကျင်မှုအလိုက် အခြေခံယူဆချက်များကို ကျွမ်းကျင်ပိုင်နိုင်ရန်၊ ထဲထဲဝင်ဝင်သိရန်လိုအပ်ပါသည်။ အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိရန်၊ စီမံခန့်ခွဲမှုပညာရပ်ကို နားလည်တတ်ကျွမ်းရန်၊ ဆက်သွယ်ရေးစွမ်းရည်မြင့်မားရန် လိုအပ်ပါသည်။ မန်နေဂျာကောင်းတို့အနေဖြင့် အဖွဲ့အစည်းအတွင်း ဖိအားများ၊ ရှုပ်ထွေးမှုများနှင့် ရင်ဆိုင်နေရသော်လည်း ပျော်ပျော်ရွှင်ရွှင် အသားကျနေနိုင်ရန်လိုအပ်သည်။ အောင်မြင်မှုရရှိအောင် ကျော်ဖြတ်စွမ်းဆောင်နိုင်ရန် လိုအပ်ပါသည်။

ပြောင်းလဲမှုမြန်ဆန်သော ယနေ့ခေတ်တွင် သမားရိုးကျအမြင်များဖြင့် မလုံလောက်တော့ပေ။ လမ်းဟောင်းများမှ ဖောက်ထွက်ရန် လိုအပ်သည်။ စီးပွားရေးလုပ်ငန်းကော်ပိုရေးရှင်းများ၏ ဖွဲ့စည်းပုံများလည်း ပြောင်းလဲလာသော အခြေအနေများနှင့် လိုက်လျောညီထွေရှိရန် ပုံစံသစ်များဖြစ်ပေါ်လာမည်။ ဖွဲ့စည်းပုံအသစ်နှင့်အတူ စီမံခန့်ခွဲမှုပုံစံများလည်း ခြားနားလာမည်ဖြစ်ရာ အနာဂတ်အမြင်များ (Vision) ရှိရန် ပိုမိုလိုအပ်လာပြီဖြစ်သည်။ နှစ်သုံးဆယ်၊ နှစ်လေးဆယ် စသည်ဖြင့် ကြိုတင်မြင်နိုင်စွမ်းရှိပြီး အနာဂတ်စီမံခန့်ခွဲမှုများ အထူးကျွမ်းကျင်နိုင်နင်းသင့်ပေသည်။ ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကို ကြိုတင်တွက်ဆ၍ ပြင်ဆင်မှုများ၊ ကြိုတင်စီမံမှုများပြုလုပ်ထားရန် လိုအပ်ပေသည်။



ပြောင်းလဲလာသည့်အခြေအနေများနှင့် လိုက်လျောညီထွေရှိစေရန် အနာဂတ်

www.foreverspace.com.mm

မန်နေဂျာများဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ခုနစ်ရပ်ရှိပါသည်။ မိမိကုမ္ပဏီ၏ နောင်လာမည့်အနာဂတ်တွင်ရှိရမည့်အနေအထားကို ကြိုတင်ရည်ရွယ်ချက်၊ ရည်မှန်းချက်ထားရှိဆောင်ရွက်ပြီး ထိုရည်မှန်းချက်ကို ဗဟိုပြု၍ စီမံခန့်ခွဲခြင်းပြုရန်ဖြစ်ပါသည်။ Management by Objective (MBO) သည် အနာဂတ်မန်နေဂျာများလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ခုနစ်ရပ်တွင် ပထမဆုံးလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။ ကုမ္ပဏီလုပ်ငန်းတိုင်းတွင် ရည်မှန်းချက်ထားရှိလုပ်ဆောင်လေ့ရှိပါသည်။ သို့ရာတွင် စီမံခန့်ခွဲဆောင်ရွက်ရာတွင်မှု ယိမ်းယိုင်မှုများဖြစ်ပေါ်လေ့ရှိပါသည်။ စီမံခန့်ခွဲမှုတာဝန်ရာထူးကြီးကြီး ရယူထားသူများ၏ ပြတ်သားသော ဦးတည်ချက်မရှိခြင်း၊ ဉာဏ်အမြော်အမြင်နည်းပါးခြင်း၊ ခံယူချက်မပြတ်သားခြင်း၊ ပရော်ဖက်ရှင်နယ် (Professional) မပီသခြင်းတို့ကြောင့် ဖြစ်တတ်ပါသည်။ သတိထား၍ ပြုပြင်ပြောင်းလဲသင့်သောအချက်ဖြစ်ပါသည်။


အနည်းငယ်သောကုမ္ပဏီတို့သည် ရည်မှန်းချက်ကို တစ်ခုတည်းသတ်မှတ်ထားရှိသော်လည်း ကုမ္ပဏီအများစုကမူ အမြတ်အစွန်းရရှိရေး၊ အရောင်းတိုးတက်ရေး၊ ဈေးကွက်ဝေစုများများရရှိရေး၊ တီထွင်ဆန်းသစ်ရေး၊ စွန့်စားမှုများလျှော့ချရေး အစရှိသည့် ရည်မှန်းချက်ရောင်စုံ ချမှတ်ဆောင်ရွက်လေ့ရှိသည်။ Business Unit လုပ်ငန်းဌာနအသီးသီးသည် အဆိုပါရည်မှန်းချက်များချမှတ်ကာ MBO ဖြင့် စီမံခန့်ခွဲဆောင်ရွက်လေ့ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စံချိန်စံညွှန်း(မှတ်ကျောက်) လေးခု ထားရှိလေ့ရှိပါသည်။

အဆိုပါရည်မှန်းချက်များကို အရေးကြီးဆုံးမှစတင်၍ အစီအစဉ်အတိုင်း ဦးစားပေး၍ လိုက်လျောညီထွေအံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်ရပါသည်။ ဥပမာအားဖြင့် သတ်မှတ်ထားသော ကာလတစ်ရပ်တွင် ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေပြန်ရရှိမှုနှုန်း (Return on Investment) တိုးတက်အောင် ဦးစားပေးဆောင်ရွက်ခြင်းမျိုးဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုကိုလျှော့ချပြီး အမြတ်ရရှိနှုန်းကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေပြန်ရရှိမှုနှုန်းကို တိုးမြှင့်နိုင်ပါသည်။ အသုံးစရိတ်များကို လျှော့ချပြီး ဝင်ငွေတိုးတက်များပြားအောင် ဆောင်ရွက်ခြင်းဖြင့် အမြတ်ငွေတိုးတက်အောင် ဆောင်ရွက်နိုင်သည်။ ဝင်ငွေတိုးတက်ရရှိစေရန်အတွက် ဈေးကွက်ဝေစုတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဈေးနှုန်းမြှင့်တင်ခြင်း စသောနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်။ ဤဆောင်ရွက်မှုနည်းလမ်းစဉ်အတိုင်း တဖြည်းဖြည်းရှေ့တိုးဆောင်ရွက်ခြင်းဖြင့် အမျိုးမျိုးသော ရည်မှန်းချက်များမှ သီးသန့်တစ်ခုတည်းသော ဦးတည်ချက်သို့ ရှေးရှုဆောင်ရွက်နိုင်ပါသည်။ သက်ဆိုင်ရာဌာနများ၊ လူပုဂ္ဂိုလ်များကို ဦးတည်ချက်အတိုင်း တာဝန်ပေးဆောင်ရွက်စေနိုင်ပါသည်။

ဒုတိယစံညွှန်းမှာ ရည်ရွယ်ချက်များသည် တတ်နိုင်သမျှ တိုင်းတာနိုင်သော ဖော်ပြချက်များ၊ ကိန်းဂဏန်းဖော်ပြချက်များဖြစ်ရန် ဖြစ်ပါသည်။ ဥပမာအားဖြင့် 'ရင်းနှီးမြှုပ်နှံမှုမှ ပြန်ရရှိမှုနှုန်း (ROI) တိုးတက်ရမည်' ဟူသော ဖော်ပြချက်ထက် '၂နှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုမှာ ဝင်ငွေပြန်ရရှိမှုနှုန်း ၁၅ ရာခိုင်နှုန်းတိုးတက်ရမည်' ဟူသော Objecitve မျိုး ဖြစ်ပါသည်။ အရေအတွက် ကိန်းဂဏန်းဖော်ပြချက်ပါရှိသည့် တိုင်းတာနိုင်သော ဖော်ပြချက်မျိုးဖြစ်သင့်ပေသည်။

တတိယစံချိန်စံညွှန်းမှာ Objective သည် လက်တွေ့ဆန်သော ရည်ရွယ်ချက်မျိုးဖြစ်ရန်ဖြစ်ပါသည်။ လုပ်နိုင်သော ရည်ရွယ်ချက်သာဖြစ်ရမည်။ စိတ်ကူးယဉ်မဆန်ရ။ ကိုယ်လိုရာဆွဲတွေးရာမှ ထွက်ပေါ်လာသော Objective မျိုးမဖြစ်စေရ။ မိမိလုပ်ငန်း၏ အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်း၊ အတားအဆီး သုံးသပ်စိစစ်ချက် (SWOT Analysis) မှ ထွက်ပေါ်လာသောရည်ရွယ်ချက်များ ဖြစ်ရပေမည်။

စတုတ္ထစံချိန်စံညွှန်းမှာ ကုမ္ပဏီ၏ ရည်ရွယ်ချက်သည် ဒွိဟမဖြစ်ရန်၊ တစ်သမတ်တည်းဖြစ်ရန်ပင်ဖြစ်ပါသည်။ Consistent ဖြစ်ရပေမည်။ ဥပမာအားဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် အရောင်းနှင့်အမြတ် နှစ်မျိုးစလုံးကို အမြင့်ဆုံးသို့ရောက်ရှိလိုသော ရည်ရွယ်ချက်မျိုးသည် မဖြစ်နိုင်သော၊ Consistent မရှိသော Objective ဖြစ်သည်။ ထို့အတူ ရေတိုအမြတ်ရရှိရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိပြီး ဈေးကွက်ကို ဖိဖိစီးစီး ထဲထဲဝင်ဝင်ထိုးဖောက်ခြင်းနှင့် ဈေးကွက်သစ်ရှာဖွေဖွံ့ဖြိုးစေခြင်း၊ အမြတ်ကိုရှေးရှုခြင်းနှင့် အမြတ်ကိုဦးမတည်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို မြင့်မားစေခြင်းနှင့် Risk စွန့်စားလုပ်ကိုင်ရမှုကို လျှော့ချခြင်း အစရှိသော ဒွိစုံများရှိရာ ထိုဒွိစုံများမှ တစ်ခုခုကိုရွေးချယ်၍ ရည်ရွယ်



www.foreverspace.com.mm

ထားရှိဆောင်ရွက်ခြင်းသည် မဟာဗျူဟာ ချမှတ်ဆောင်ရွက်ခြင်း ဖြစ်သည်။

မန်နေဂျာတို့သည် Planning ခေါ် စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ Organizing ခေါ် ဖွဲ့စည်းဆောင်ရွက်ခြင်း၊ Directing ခေါ် စီစဉ်ညွှန်ကြားခြင်း၊ Staffing ခေါ် ဝန်ထမ်းရေးရာကိစ္စများဆောင်ရွက်ခြင်း၊ Controlling ခေါ် ထိန်းချုပ်ကွပ်ကဲခြင်း အစရှိသော လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြရသူများဖြစ်သည်။ ကုမ္ပဏီ၏ ဈေးကွက်ရေးရာထိန်းချုပ်ကွပ်ကဲမှုတွင် Annual-plan Control, Profitability Control, Efficiency Control နှင့် Strategic Control ဟူ၍ ပုံစံလေးမျိုးရှိရာ တွင် Management by Objective သည် Annual-Plan Control ၏ နှလုံးသည်းပွတ်ဖြစ်ပြီး အနာဂတ်မန်နေဂျာများ အလေးထားဆောင်ရွက်ရမည့် ပထမဆုံးတာဝန်တစ်ရပ် ဖြစ်ပါသည်။

အနာဂတ်မန်နေဂျာများ အလေးထားဆောင်ရွက်ရမည့် ဒုတိယလုပ်ငန်းတာဝန်မှာ စွန့်စားမှုများကို ပိုမိုလုပ်ကိုင်ဆောင်ရွက်ရခြင်းနှင့် ရေရှည်ဦးဆောင်နိုင်ရန် တာဝန်ယူရခြင်းဖြစ်ပါသည်။ အတတ်ပညာ၊ နည်းပညာများ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်ခြင်း၊ ပညာရေးရေချိန်မြင့်မားခြင်း၊ ဂလိုဘယ်ပြောင်းလဲမှုများ တိုးတက်မြန်ဆန်ခြင်းနှင့် ယှဉ်ပြိုင်မှုများ၊ တီထွင်ဆန်းသစ်မှုများ မြင့်မားပြီးထန်လာသောကြောင့် အနာဂတ်မန်နေဂျာများသည် Risk ပိုမိုယူ၍ စွန့်စွန့်စားစားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တစ်ပြိုင်နက်တည်းမှာပင် မိမိကုမ္ပဏီအဖွဲ့အစည်းတိုးတက်ရေး၊ ရေရှည်ဦးဆောင်နိုင်ရေးတို့အတွက် စွန့်စွန့်စားစား ခက်ခက်ခဲခဲဆောင်ရွက်ကြရပေမည်။ ထိုသို့သောအခြေအနေတွင် အမြင်ကျယ်ရန်၊ အသိပညာဉာဏ်စူးရှထက်သန်ရန် ပိုမိုလိုအပ်ပြီး ဆုံးဖြတ်ချက်များမှန်ကန်ရန် လိုအပ်သည်။ အနာဂတ်မန်နေဂျာသည် မဟာဗျူဟာမြောက်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်စွမ်းရှိရန် လိုအပ်ပေသည်။ အဆိုပါအချက်သည် လုပ်ငန်းတာဝန်ခုနစ်ရပ်အနက် တတိယမြောက်လုပ်ငန်းတာဝန် ဖြစ်ပါသည်။

**အနာဂတ်မန်နေဂျာသည် ကျွမ်းကျင်မှုအမျိုးမျိုးရှိသည့် ဝန်ထမ်းအသီးသီးကိုစနစ်တကျစုဖွဲ့၍ ပူးပေါင်းဆောင်ရွက်စေနိုင်စွမ်းရှိရန် လိုအပ်သည်။ သတင်းအချက်အလက်များကို မြန်မြန်ဆန်ဆန်ရရှိအောင် ဆောင်ရွက်နိုင်စွမ်းရှိပြီး သက်ဆိုင်ရာဌာနများ၊ လူပုဂ္ဂိုလ်များသို့ အချိန်နှင့်တစ်ပြေးညီ ရှင်းရှင်းလင်းလင်း တိကျသေချာစွာ ဆက်သွယ်ပေးပို့ဖြန့်ချိရန် လိုအပ်ပေသည်။**

ထို့ပြင် အနာဂတ်မန်နေဂျာသည် ကျွမ်းကျင်မှုအမျိုးမျိုးရှိသည့် ဝန်ထမ်းအသီးသီးကို စနစ်တကျစုဖွဲ့၍ ပူးပေါင်းဆောင်ရွက်စေနိုင်စွမ်းရှိရန် လိုအပ်သည်။ သတင်းအချက်အလက်များကို မြန်မြန်ဆန်ဆန်ရရှိအောင် ဆောင်ရွက်နိုင်စွမ်းရှိပြီး သက်ဆိုင်ရာဌာနများ၊ လူပုဂ္ဂိုလ်များသို့ အချိန်နှင့်တစ်ပြေးညီရှင်းရှင်းလင်းလင်းတိကျသေချာစွာ ဆက်သွယ်ပေးပို့ဖြန့်ချိရန် လိုအပ်ပေသည်။

ဆဋ္ဌမမြောက်အချက်မှာ အဖွဲ့အစည်းတစ်ခုလုံးကိုခြုံငုံ၍ ရှုမြင်သုံးသပ်နိုင်စွမ်းရှိပြီး အဖွဲ့အစည်းအတွင်းရှိ စီမံခန့်ခွဲမှုလုပ်ငန်းဆောင်တာများကို တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်စေခြင်းဖြစ်ပါသည်။ ရလဒ်ကောင်းများထွက်ပေါ်လာအောင် ဆောင်ရွက်နိုင်စွမ်းရှိရန်ဖြစ်သည်။ သတ္တမမြောက်အချက်မှာ ကုမ္ပဏီမှထုတ်လုပ်သော ကုန်စည်၊ ဝန်ဆောင်မှုနှင့် စက်မှုလုပ်ငန်းများကို သက်ဆိုင်ရာဈေးကွက်နယ်နိမိတ်ကိုကျော်လွန်လျက် အလုံးစုံသောပတ်ဝန်းကျင်သို့ ချိတ်ဆက်ပေးနိုင်စွမ်းရှိရန်ပင်ဖြစ်သည်။ Macro Environment, Micro Environment နှင့် Internal Environment တို့ကို ချိတ်ဆက်နိုင်သော စွမ်းဆောင်ရည်ရှိရန်လိုအပ်ပါသည်။ အခွင့်အလမ်းကို တွေ့အောင်ရှာ၍ မိမိ၏မျှော်မှန်းချက် (Vision) များနှင့် ချိတ်ဆက်ပြီး အမိအရဆုပ်ကိုင်နိုင်ရန်လိုအပ်သည်။ အခက်အခဲများကြားမှာပင် အခွင့်အလမ်းများရှိရာ မြင်အောင်ကြည့်၍ မိအောင်ဖမ်းနိုင်ရပေမည်။ လုပ်ငန်းအောင်မြင်ရေးအတွက် အရေးကြီးဆုံးတစ်ချက်မှာ မိမိကုန်ပစ္စည်းနှင့် ပတ်သက်၍ တာဝန်ယူမှုအပြည့်အဝရှိရန်နှင့် ကြံ့ကြံ့ခံမှု အပြည့်အဝရှိရန်ပင် ဖြစ်ပါသည်။

အစစအရာရာပြောင်းလဲမှုမြန်ဆန်သော ယနေ့ခေတ်တွင် သမားရိုးကျအမြင်များဖြင့် မလုံလောက်တော့ပေ။ လမ်းဟောင်းများမှဖောက်ထွက်ရန် လိုအပ်လာပြီဖြစ်သည်။ စီးပွားရေးလုပ်ငန်းကော်ပိုရေးရှင်းများ၏ ဖွဲ့စည်းပုံများလည်း ပြောင်းလဲလာသောအခြေအနေများနှင့် လိုက်လျောညီထွေရှိရန် ပုံစံသစ်များဖြစ်ပေါ်လာမည်။ ဖွဲ့စည်းပုံအသစ်နှင့်အတူ စီမံခန့်ခွဲမှုပုံစံများလည်း ခြားနားလာမည်ဖြစ်သည်။ ကုမ္ပဏီကို အဓိကမောင်းနှင်ကြမည့် အမှုဆောင်အရာရှိချုပ်နှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ မန်နေဂျာများသည် အနာဂတ်အမြင်များ (Vision) ရှိရန် ပိုမိုလိုအပ်လာပြီ ဖြစ်သည်။

နည်းပညာပြောင်းလဲမှု၊ ပညာလုပ်သားများ၊ ကော်ပိုရိတ်အဖွဲ့အစည်းပုံစံသစ်၊ ဈေးကွက်ပြောင်းလဲမှု၊ လူဦးရေတိုးပွားလာမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှုများ၊ အသိအမြင်ပြောင်းလဲမှု၊ လိုအင်ပြောင်းလဲမှု စသည်တို့ကို အစဉ်သတိပြု လေ့လာသုံးသပ်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိပြီး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**မျိုးခန့်စံ**

www.foreverspace.com.mm



# မြန်မာ့ကျွန်းသစ်ခွဲစိတ်မှုလုပ်ငန်း ဆယ်တင်သင့်ချိန်တန်ပြီ

သစ်ရိုင်း

**မြန်မာ့သစ်ခွဲစိတ်မှုလုပ်ငန်းသည် သမ္ဘာရင့်လုပ်ငန်းတစ်ခုဖြစ်သည်။ ကမ္ဘာ့သက်တမ်းအရင့်ဆုံးလုပ်ငန်းတစ်ခုဖြစ်ကြောင်း နိုင်ငံခြားသားပညာရှင်များကပင် အသိအမှတ်ပြုလက်ခံထားကြသည်။ ၁၇ ရာစုနှစ်အတွင်းက ပင်လယ်ပြင်၌ ကူးသန်းသွားလာလျက်ရှိကြသော အာရပ်လူမျိုးတို့သည် ၎င်းတို့၏ရွက်သင်္ဘောကြီးများပျက်သည့်အခါ မြန်မာနိုင်ငံ တနင်္သာရီကမ်းမြှောင်ဒေသ၌ ဆိုက်ကပ်ပြင်ဆင်ခဲ့ကြရာမှအစ မြန်မာ့ကျွန်းသစ်သည် သင်္ဘောတည်ဆောက်ရာတွင် အကောင်းဆုံးသစ်မျိုးဖြစ်ကြောင်း သိရှိခဲ့ကြခြင်းဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသ၌ မြန်မာတိုင်းရင်းသားများ၏ သင်္ဘောတည်ဆောက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခဲ့သည်ဟုဆိုသည်။**

၁၈ ရာစုနှစ်အတွင်းက သန်လျင်နှင့် ရန်ကုန်တို့တွင် ဥရောပမှသင်္ဘောများတည်ဆောက်ခဲ့ကြကြောင်း Mr.M.T. Moorehead က ၎င်း၏ The Forestry In Burma စာအုပ်၌ ရေးသားထားခဲ့သည်ကို ဖတ်ရှုမှတ်သားခဲ့ရဖူးသည်။

ထိုကဲ့သို့သင်္ဘောတည်ဆောက်မှုလုပ်ငန်းဖွံ့ဖြိုးခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့် သင်္ဘောတည်ဆောက်ရာ၌ မရှိမဖြစ်

www.foreverspace.com.mm



လိုအပ်သော သစ်ခွဲသားခွဲစိတ်ထုတ်လုပ်မှုလုပ်ငန်းသည်လည်း ဒွန်တွဲဖွံ့ဖြိုးခဲ့လိမ့်မည်ဖြစ်သည်။

ပုဂံခေတ်၊ ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့သော အာနန္ဒာဘုရားကြီးရှိ ပန်းပုရုပ်တို့ဖြင့် တန်ဆာဆင်ထားသော တံခါးရွက်ကြီးများ၊ ရှေးဟောင်းတန်ဆောင်းပြာသာဒ်ကြီးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌အသုံးပြုထားသော ဒု(ထု)ကြီး၊ ဗျက်ကြီး ပျဉ်ကြီးများကို မြင်တွေ့ရခြင်းအားဖြင့် ရှေးမြန်မာတို့၏ သစ်ခွဲစိတ်မှုအတတ်ပညာအဆင့်အတန်းကို ခန့်မှန်းမိကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် သစ်ခွဲစိတ်မှုလုပ်ငန်းကို မြန်မာ့ရှေးဟောင်းအမွေအနှစ်လုပ်ငန်း (National Heritage Industry) တစ်ခုအဖြစ် သတ်မှတ်မည်ဆိုပါက ငြင်းပယ်ကြလိမ့်မည်ဟု မထင်။

ထိုကဲ့သို့သော မြန်မာ့ရှေးဟောင်းအမွေအနှစ်လုပ်ငန်း၌ ယခုနှစ်များအတွင်း လုပ်ငန်းဖော်ဆောင်မှုအခြေအနေကို လေ့လာကြည့်သောအခါ ထိတ်လန့်ဖွယ် (Alarming) အခြေအနေကိုတွေ့ရှိရကြောင်း၊ လုပ်ငန်းလဲပြို (Collapse of Industry) စပင်ပြုနေပြီလောဟု စိုးရိမ်မကင်းဖြစ်မိကြောင်း လေ့လာသူတို့ကဆိုကြသည်။ (**ဇယား-၁**)

ဇယား (၁) တွင် မြင်တွေ့ရသည့်အတိုင်း ယခုနှစ်များအတွင်း ကျွန်းသစ်ခွဲစိတ်ထုတ်လုပ်မှုသည် ၂၀၀၁-၀၂ ဘဏ္ဍာနှစ်နောက်ပိုင်း၌ နှစ်စဉ်ကျဆင်းလျက်ရှိသည်။ အထူးသဖြင့် ၂၀၀၄-၀၅ နှစ်၊ ၂၀၀၅-၀၆ ဘဏ္ဍာနှစ်တို့တွင် ထိုးစိုက်ကျဆင်း (Sharp Decline) လျက်ရှိကြောင်း မြင်တွေ့ရ၏။ ထိုနှစ်များ၌ ခွဲစိတ်ထုတ်လုပ်မှုသည် အနီးစပ်ဆုံးနှစ်ဖြစ်သော ၂၀၀၃-၀၄ ဘဏ္ဍာနှစ်က ခွဲစိတ်မှုနှင့် နှိုင်းယှဉ်ကြည့်လျှင်ပင် ၇၉ ရာခိုင်နှုန်းနှင့် ၈၃ ရာခိုင်နှုန်းစီအသီးသီး လျော့နည်းကျဆင်းလျက်ရှိသည်။

ဤတွင် လက်ရှိမြန်မာ့သစ်တောစီးပွားရေးကဏ္ဍဖော်ဆောင်မှုအနေအထားကို လေ့လာကြည့်မိ၏။ တောတွင်းကျွန်းသစ်ခုတ်လှဲထုတ်လုပ်သည်မှ ခွဲစိတ်ထုတ်လုပ်၍ ပြည်ပတင်ပို့မှုအထိ လုပ်ငန်းအဆင့်ဆင့်အား နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း (State Economic Organization-SEO) ကသာ ဦးဆောင်လုပ်ကိုင်လျက်ရှိသည်။ လွတ်လပ်ရေးရစ ၁၉၄၈ ခုနှစ်မှ ယနေ့ထက်တိုင် ဖြစ်၏။

ကျင့်သုံးသည့်အုပ်ချုပ်ရေးနှင့် စီးပွားရေးစနစ် မည်သို့ပင်ပြောင်းလဲခဲ့စေကာမူ SEO သည် ၎င်း၏လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည်ချည်းဖြစ်၏။ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးရာ၌ ထိပ်တန်းမှ ဦးဆောင်ရှာဖွေပေးခဲ့သော အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးလျက်ရှိသော မျက်မှောက်ကာလတွင် သစ်တောစီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိကများ ပိုမိုပါဝင်ဆောင်ရွက်လာခွင့်ရရှိခဲ့သည်။ သို့သော် SEO ၏ ပံ့ပိုးမှု၊ ဦးဆောင်မှုတို့ဖြင့် ဆောင်ရွက်လျက်ရှိကြခြင်းဖြစ်သည်။ သစ်တောကဏ္ဍစီးပွာရေးတွင် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းမဟုတ်၊ အစိုးရနှင့် ပုဂ္ဂလိကတို့ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းဖြစ်သည့် Mix Economy သာဖြစ်ကြောင်း လေ့လာသူတို့ကဆိုကြသည်။ အချို့ကမူ Supervised Economy ဟူ၍ပင် အမည်ပေးကင်ပွန်းတပ်ချင်ကြ၏။ (Living

**ဇယား (၁)**

**ကျွန်းသစ်ခွဲစိတ်ထုတ်လုပ်မှုအခြေအနေ**

**ပမာဏ = ကုဗတန်**
**တိုးတက်မှု = ဆနှုန်း**

| ဘဏ္ဍာနှစ် | သစ်လုံးခွဲစိတ်မှု | | ခွဲသားထွက်ရှိမှု | |
|---|---|---|---|---|
| | ပမာဏ | တိုးတက်မှု | ပမာဏ | တိုးတက်မှု |
| ၁၉၈၅-၈၆ | ၂၄၂၇၆၈ | ၂၇၉ | ၁၀၀၅၅၅ | ၂၇၆ |
| ၁၉၉၅-၉၆ | ၈၆၈၇၂ | ၁၀၀ | ၃၆၄၃၆ | ၁၀၀ |
| ၂၀၀၀-၀၁ | ၅၈၈၇၅ | ၆၈ | ၂၄၆၀၁ | ၆၈ |
| ၂၀၀၁-၀၂ | ၇၁၆၃၄ | ၈၂ | ၃၁၁၁၆ | ၈၅ |
| ၂၀၀၂-၀၃ | ၆၃၈၀၆ | ၇၃ | ၂၉၂၀၄ | ၈၀ |
| ၂၀၀၃-၀၄ | ၆၃၄၈၀ | ၇၃ | ၃၀၂၁၁ | ၈၃ |
| ၂၀၀၄-၀၅ | ၁၃၄၆၈ | ၁၆ | ၆၁၃၆ | ၁၇ |
| ၂၀၀၅-၀၆ | ၁၀၇၇၉ | ၁၂ | ၄၉၆၆ | ၁၄ |

ဇာစ်မြစ် – Statistical Year Book-2007, C.S.O

www.foreverspace.com.mm



Color, May-2009 စာ–၈၇)

ပုဂ္ဂလိကများအနေဖြင့် ကျွန်းသစ်ထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းလုပ်ကိုင်လျက်ရှိသည့်တိုင် SEO က တိုက်ရိုက်ရောင်းချစနစ်ဖြင့်ရောင်းချပေးသော ကျွန်းသစ်လုံး၊ ကျွန်းခွဲသားများကိုတစ်ဆင့်ပြန်လည်ရောင်းချတင်ပို့ခြင်းသည်သာ အဓိကဖြစ်သည်။ FOB-Yangon စနစ်မှ EX-works စနစ်သို့ ပြောင်းလဲကျင့်သုံးသည့် ၂၀၀၉ ခုနှစ် မတ်လမတိုင်မီအထိ တိုက်ရိုက်ရောင်း (Direct Sale) စနစ်ဖြင့် ရောင်းချပေးသောသစ်များကို SEO က Shipper အဖြစ် တာဝန်ခံ၍ ပြည်ပသို့တင်ပို့ပေးခဲ့သည်။ ထို့ကြောင့် ယခုစာစုဌ် လေ့လာတင်ပြသော ကိန်းဂဏန်းများသည် SEO ၏ တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများဖြစ်သောကြောင့် လုပ်ငန်းတစ်ခုလုံးအား ကိုယ်စားပြု (Representative) သည်ဟု ယေဘုယျအားဖြင့် ကောက်ယူပါသည်။

SEO သည် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းညွှန်မူဝါဒရှစ်ချက်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ယင်းတို့မှာ– ၁။ သစ်စီးဆင်းမှုကို စီမံချက်အလိုက် တိကျမှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ရန်၊ ၂။ ပြည်ပပို့ကုန်အမယ်သစ်များ တိုးတက်ထုတ်လုပ်ရေးဆောင်ရွက်ရန်၊ ၃။ သစ်အခြေခံကုန်ချောများ ပိုမိုထုတ်လုပ်ပြီး ပြည်ပပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်ရန်၊ ၄။ သစ်တောထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတထုတ်ယူသုံးစွဲရေးကို ဟန်ချက်ညီအောင်ဆောင်ရွက်ရန်၊ ၅။ တန်ဖိုးမြင့် သစ်အခြေခံကုန်ချောပစ္စည်းများထုတ်လုပ်ခြင်းဖြင့် ပြည်ပဝင်ငွေတိုးမြင့်ရရှိအောင် ဆောင်ရွက်ရန်၊ ၆။ သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ပြီး ပုဂ္ဂလိကကဏ္ဍမှ ပိုမိုရင်းနှီးမြှုပ်နှံလာစေရေးအတွက် စီမံကူညီပံ့ပိုးဆောင်ရွက်သွားရန်၊ ၇။ အရည်အသွေးမြင့် သစ်အခြေခံကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီနည်းပညာများ ရှာဖွေဆောင်ရွက်ရန်၊ ၈။ လူသုံးနည်းသစ်မျိုးများကိုဖော်ထုတ်၍ ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်နှင့် ပိုလျှံပါက ပြည်ပဝင်ငွေရရှိ ရေးစီမံကိန်းချမှတ်ဆောင်ရွက်ရန်တို့ဖြစ် သည်။

ဆိုခဲ့ပါလမ်းညွှန်မူဝါဒများကို အနှစ်ချုပ်လိုက်သည်ရှိသော် 'သစ်တောထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတထုတ်ယူသုံးစွဲရေးတို့ကို ဟန်ချက်ညီဆောင်ရွက်ရင်း သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် တန်ဖိုးမြှင့်သစ်အခြေခံကုန်ချောပစ္စည်းများထုတ်လုပ်ကာ ပြည်ပဝင်ငွေတိုးမြှင့်ရှာဖွေရန်' ဟူသောအချက်သည်အဓိကဖြစ်သည်ဟု သဘောပေါက်မိပါသည်။

စင်စစ်သစ်ခွဲစိတ်ထုတ်လုပ်မှုလုပ်ငန်းတစ်နည်းအားဖြင့် သစ်ခွဲစက်လုပ်ငန်း (Sawmilling Industry)သည် သစ်အခြေခံစက်မှုလုပ်ငန်း (Wood-Based Industry) တွင် အခြေခံနှင့် ပဓာနအကျဆုံးသောလုပ်ငန်းဖြစ်သည်။ သစ်လုံးကုန်ကြမ်းအား ခွဲစိတ်ပြီး ခွဲသားထုတ်လုပ်ခြင်းသည် အခြေခံအဆင့်ဖြစ်သည်။ ထိုခွဲသားကို ကုန်ကြမ်းအဖြစ်အသုံးပြုပြီး ပရိဘောဂ အစရှိသောကုန်ချောပစ္စည်းများ တစ်ဆင့်တက်ထုတ်လုပ်ရခြင်းဖြစ်၏။

ထို့ကြောင့် သစ်ခွဲစိတ်ထုတ်လုပ်မှု ဖွံ့ဖြိုးရေးကို တိုးတက်အောင်ဆောင်ရွက်ခြင်းသည်လည်း သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းမည်ပေသည်။ အခြေခံအဆင့်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းသည် နောက်တစ်ဆင့်တက်လှမ်းရန် ခြေကုပ်ယူခြင်းဖြစ်၏။ သစ်ခွဲသားထုတ်လုပ်ခြင်းမှ သစ်အချောထည်ထုတ်လုပ်ခြင်းသို့ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သောလုပ်ငန်းသည် သစ်အခြေခံစက်မှုကုန်ချောထုတ်လုပ်မှုလုပ်ငန်းစဉ် (Manufacturing Process) ဖြစ်သည်။ သို့ဖြစ်၍လည်း သစ်ခွဲသားကို အခြေခံအဆင့် သစ်ထုတ်ကုန် (Primary



www.foreverspace.com.mm

Wood Product) ဟုခေါ်ဆိုပြီး သစ်အချောထည်များကို ဒုတိယအဆင့်သစ်ထုတ်ကုန်၊ တစ်နည်းအားဖြင့် ထပ်ဆင့်ထုတ်သစ်ထုတ်ကုန်များ (Secondary Processed Wood Products) ဟု ခေါ်ဆိုကြခြင်းဖြစ်၏။

SEO သည် သစ်ခွဲစိတ်ထုတ်လုပ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်ခဲ့သည်။ ငွေကြေးရင်းနှီးမြှုပ်နှံရန် အကန့်အသတ်ရှိသော လွတ်လပ်ရေးရစ ၁၉၄၈ ခုနှစ်က ကိုလိုနီခေတ် နိုင်ငံခြားသားအရင်းရှင်ကုမ္ပဏီနှစ်ခုပိုင် သစ်စက်နှစ်စက်ကို တန်ဖိုးသင့်၍ ပြည်သူပိုင်သိမ်းခဲ့သည်။ ၎င်းသစ်စက်နှစ်စက်တည်းဖြင့် ၁၉၄၈–၄၉ ဘဏ္ဍာနှစ်တွင် ကျွန်းသစ်လုံးကုဗတန် ၁၅၇၂၆ ခွဲစိတ်၍ ကျွန်းခွဲသား ၇၈၀၈ တန် ထုတ်လုပ်ခဲ့ကြောင်း တွေ့ရသည်။

ကိုလိုနီခေတ်နိုင်ငံခြားသားအရင်းရှင်ကုမ္ပဏီများပိုင် သစ်စက်များကို ပြည်သူပိုင်ထပ်မံသိမ်းယူခြင်း၊ မိမိပိုင်ငွေကြေးဖြင့် သစ်စက်အသစ်များတည်ဆောက်ခြင်း၊ ပုဂ္ဂလိကပိုင်သစ်စက်များကို ငှားရမ်းအသုံးပြုခြင်း၊ (ဗဟိုက ချုပ်ကိုင်သောစီးပွားရေးစနစ်ကျင့်သုံးသည့်ကာလတွင် ဈေးကွက်လိုအပ်ချက် ကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွန်းခွဲသားတိုးမြှင့်ထုတ်လုပ်ရန်ကျင့်သုံးသောစနစ်နှင့် မဆီလျော်သော်လည်း ပုဂ္ဂလိကပိုင်သစ်စက်များကို ငှားရမ်းအသုံးပြုခြင်းသည် ထူးခြားချက်ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင်မှ ပုဂ္ဂလိကပိုင်သစ်စက်များကို ဆက်လက်ငှားရမ်းခြင်းမပြုတော့ကြောင်းတွေ့ရသည်) ငှားရမ်းထားသော သစ်စက်များအနက်မှ နိုင်ငံခြားသားပိုင်သစ်စက်များနှင့် တစ်ရက်ခွဲစိတ်အားတန် ၂၀ နှင့်အထက်ရှိသော သစ်စက်များကို ပြည်သူပိုင်သိမ်းယူခြင်း၊ ကမ္ဘာ့ဘဏ်နှင့် ဖင်လန်နိုင်ငံတို့၏ ချေးငွေ၊ ထောက်ပံ့ငွေတို့ဖြင့် သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း (Wood-Based Industry Project) နှစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည်တို့သည် သစ်ခွဲစိတ်မှုလုပ်ငန်း အပါအဝင် သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်မှ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း SEO အနေဖြင့် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သောလုပ်ငန်းများဖြစ်သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ၌ ၁၉၆၈–၆၉ ဘဏ္ဍာနှစ်တွင် သစ်စက်အရေအတွက်အများဆုံးဖြင့် (ကိုယ်ပိုင်သစ်စက် ၁၂ စက်၊ ပြည်သူပိုင်သိမ်းသစ်စက် ကိုးစက်၊ ပုဂ္ဂလိကပိုင် အငှားသစ်စက် ၁၃ စက်၊ ပေါင်း ၃၄ စက်) ကျွန်းသစ်လုံးကုဗတန် ၂၃၃,၆၄၆ ခွဲစိတ်၍ ကျွန်းခွဲသား ၁၀၂,၃၆၇ တန် ထုတ်လုပ်ခဲ့ခြင်းနှင့် ၁၉၈၃–၈၄ ဘဏ္ဍာနှစ်တွင် သစ်စက်ခုနစ်စက်တည်းဖြင့် (အမှတ် ၂၊ ၃၊ ၄၊ ၆၊ ၈၊ ၉၊ ၁၄ သစ်စက်များ) ကျွန်းသစ်လုံးပမာဏအများဆုံး ခွဲစိတ်ထုတ်လုပ်ခြင်း (ကျွန်းသစ်လုံး ကုဗတန် ၃၃၅,၀၄၉ ခွဲစိတ်ပြီးကျွန်းခွဲသား ၁၄၀,၃၈၄ တန်ထုတ်လုပ်ခဲ့သည်) တို့သည် SEO ၏ ကျွန်းခွဲစက်သမိုင်းမှတ်တိုင် (Mile- stone) များ ဖြစ်သည်။

SEO သည် ၎င်း၏ 'သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ပြီး ပုဂ္ဂလိကကဏ္ဍမှ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန်' ဟူသော လမ်းညွှန်မှုဝါဒကို အကောင်အထည်ဖော်ရန်စီမံဆောင်ရွက်ခဲ့ကြောင်းလည်း တွေ့ရှိရသည်။

၂၀၀၀–၀၁ ဘဏ္ဍာနှစ်တွင် ကျွန်းသစ်ခွဲသား ခွဲစိတ်ထုတ်လုပ်မှုမြင့်မားရေး၊ အရည်အသွေးမြင့်ကျွန်းခွဲသားများ ထွက်ရှိရေးနှင့် ဈေးကွက်ရရှိမှုသေချာရေးဟူသော ရည်ရွယ်ချက်များဖြင့် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိက ကုမ္ပဏီအချို့နှင့် အကျိုးတူပူးပေါင်းကုန်ထုတ်လုပ်မှု (Joint Production -JP) စနစ်ကို တီထွင်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

ထိုသို့ဆောင်ရွက်ရာ၌ ငွေကြေးအင်အားတောင့်တင်းမှုရှိသော၊ ထုတ်လုပ်ထွက်ရှိသော ခွဲသားအားလုံးကို ဝယ်ယူနိုင်သည့် ဈေးကွက်ရှာဖွေထိုးဖောက်နိုင်သော ကုမ္ပဏီတို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ မူလက SEO ပိုင် သစ်စက်အချို့၌သာလုပ်ကိုင်ခဲ့သော်လည်း ၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ် တွင် SEO ပိုင် ကျွန်းသစ်စက် ၁၀ စက်အနက် ကိုးစက်၌ JP စနစ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

ထို့ပြင် 'အချက်အချာကျသည့် မြေနေရာများကို နိုင်ငံတော်အနေဖြင့် ခေတ်နှင့်အညီ အသုံးပြုနိုင်ရေးအတွက် ယင်းမြေပေါ်ရှိ မြို့အင်္ဂါရပ်နှင့်မညီညွတ်တော့သည့် SEO ပိုင်သစ်စက်များ၊ သစ်အခြေခံစက်ရုံများ ရွှေ့ပြောင်းတည်ဆောက်ရန်နှင့် တိုးချဲ့



www.foreverspace.com.mm

တည်ဆောက်ရန်’ ဟူသောရည်ရွယ်ချက်ဖြင့် ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာကျေးရွာအနီး၌ ၁၉၉၈ ခုနှစ်တွင် သစ်အခြေခံစက်မှုနယ်မြေတစ်ခု တည်ထောင်ခဲ့သည်။ ထိုစက်မှုနယ်မြေ၌ ၁၉၉၈ ခုမှ ၂၀၀၅ ခုနှစ်အတွင်း ကျွန်းသစ်စက်လေးစက်ကို ပြောင်းရွှေ့တည်ဆောက်လည်ပတ်ခဲ့ကြောင်း တွေ့ရ၏။

တစ်ဖန် ၂၀၀၃ ခုနှစ်မှစ၍ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော ကျွန်းသစ်ကုန်ကြမ်းပေး၊ ကုန်ချောယူ(ကြမ်း/ချော) စနစ်ကို တီထွင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်တွင် ကျွန်းသစ်ခွဲစက်အပါအဝင် ပုဂ္ဂလိကပိုင်စက်ရုံ ၄၁ ခု၌ ကြမ်း/ချောစနစ်ကျင့်သုံးဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။

ဆိုခဲ့ပါအတိုင်း ၎င်း၏လမ်းညွှန်မှုမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ယခုနှစ်များအတွင်း အထူးသဖြင့် ၂၀၀၄–၂၀၀၅ နှင့် ၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်တို့၌ ကျွန်းသစ်ခွဲစိတ်မှု ထိုးစိုက်ကျဆင်းနေခြင်းသည် ထူးခြားဖြစ်စဉ်ဟု လေ့လာသူတို့ကဆိုကြသည်။

သစ်ခွဲစိတ်မှုပမာဏကျဆင်းရခြင်းသည် စက်ကိရိယာချွတ်ယွင်းမှု (Machinery Breakdown)၊ လျှပ်စစ်ဓာတ်အား အပြည့်အဝမရရှိမှု (Shortage of Electricity Supply) နှင့် လုပ်သားများ အလုပ်ပျက်များမှု (Absenteeism) တို့ကြောင့်ဖြစ်လျှင် JP ကုမ္ပဏီများအနေဖြင့် ၎င်းတို့နည်း ၎င်းတို့ဟန်ဖြင့် ဖြေရှင်းနိုင်ကြမည်ဖြစ်သည်ဟု လေ့လာသူတို့က ဆိုကြသည်။

ဈေးကွက်ဝယ်လိုအား (Demand) ကျဆင်းမှု၊ သစ်စက်ခွဲအားအသုံးပြုမှု (Capacity Utilization) ၌ မမျှတဖြစ်မှုနှင့် ကုန်ကြမ်းသစ်လုံးအရည်အသွေးနိမ့်ကျမှုတို့ကြောင့်ဖြစ်လျှင်မူ JP ကုမ္ပဏီများအနေဖြင့် ဖြေရှင်းရန် လက်လှမ်းမီကြလိမ့်မည်မဟုတ်ဟုလည်းဆိုကြသည်။

ထို့ကြောင့် ဈေးကွက်ဝယ်လိုအား အခြေအနေကိုသိနိုင်ရန် ယခုနှစ်များအတွင်း ကျွန်းသစ်ပြည်ပတင်ပို့မှုအခြေအနေကို လေ့လာကြည့်သည်။ (**ဇယား ၂**)

ဇယား (၂) အရ ပြည်ပသို့ကျွန်းသစ် (သစ်လုံး+ခွဲသား) တင်ပို့မှုသည် ၂၀၀၁–၂၀၀၂ ဘဏ္ဍာနှစ်နောက်ပိုင်း၌ နှစ်စဉ်မြင့်မားတိုးတက်ခဲ့ကြောင်း တွေ့ရသည်။ ၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်တင်ပို့မှုသည် အခြေခံနှစ်ဖြစ်သော ၁၉၉၅–၉၆ ဘဏ္ဍာနှစ် တင်ပို့မှုပမာဏ၏ နှစ်ဆကျော်ဖြစ်သည်။ ဆယ်စုနှစ်တစ်စုအတွင်း တစ်ဆက်တစ်စပ်တည်း မြင့်မားတိုးတက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်းသစ်ပြည်ပဈေးကွက်ဝယ်လိုအားကျဆင်းမှုမရှိဟု လေ့လာသူတို့က ကောက်ချက်ချကြသည်။

သို့သော် ကျွန်းသစ်လုံးတင်ပို့မှု ပမာဏအထူးမြင့်မားသလောက် ကျွန်းသစ်ခွဲသားတင်ပို့မှု ထိုးစိုက်ကျဆင်း (Sharp Decline) လျက်ရှိကြောင်း တွေ့ရသည်။ ဤဖြစ်စဉ်သည် ဈေးကွက်ဝယ်လိုအားကျသွားခြင်း (Decline Demand) ကြောင့်မဟုတ်ဘဲ ဈေးကွက်ဝယ်လိုအားနှင့် လိုအပ်ချက်ကို ဖြည့်တင်းမပေးနိုင်မှုကြောင့်သာ ဖြစ်နိုင်သည်ဟု လေ့လာသူတို့က ဆိုကြသည်။ ထို့ကြောင့် ပြည်ပသို့ကျွန်းသစ်လုံး အမြောက်အမြားတင်ပို့မှုအပေါ် လေ့လာကြည့်မိသည်။

SEO သည် ကျွန်းသစ်လုံးများကို နည်းလမ်းသုံးသွယ်ဖြင့် ရောင်းချလျက်ရှိသည်။ လစဉ် တင်ဒါ၊ ချိပ်ပိတ်တင်ဒါတို့ဖြင့်ရောင်းချသည့်အပြင် တိုက်ရိုက်ရောင်း (Direct Sale) စနစ်ဖြင့်လည်း အခါအားလျော်စွာ ရောင်းချလျက်ရှိကြောင်း တွေ့ရ၏။

တင်ဒါ၊ ချိပ်ပိတ်တင်ဒါစနစ်တို့ဖြင့် ရောင်းချရာ၌ စနစ်အရ ဈေးပြိုင်ပေး၍ ဝယ်ယူကြရခြင်းဖြစ်ပြီး သတ်မှတ် Ear-



www.foreverspace.com.mm



ဇယား (၂)

## ကျွန်းသစ်ပြည်ပတင်ပို့မှုအခြေအနေ

ပမာဏ = ကုဗတန်
တိုးတက်မှု = ဆနူန်း

| ဘဏ္ဍာနှစ် | စုစုပေါင်းတင်ပို့မှု | | သစ်လုံးပါဝင်မှု (%) | ခွဲသားပါဝင်မှု (%) |
|---|---|---|---|---|
| | ပမာဏ | တိုးတက်မှု | | |
| ၁၉၉၅–၉၆ | ၁၃၄၅၅၂ | ၁၀၀ | ၈၄ | ၁၆ |
| ၂၀၀၀–၀၁ | ၂၂၉၉၁၉ | ၁၇၁ | ၉၃ | ၇ |
| ၂၀၀၁–၀၂ | ၁၈၂၇၆၂ | ၁၃၆ | ၈၉ | ၁၁ |
| ၂၀၀၂–၀၃ | ၁၈၉၆၁၀ | ၁၄၁ | ၈၈ | ၁၂ |
| ၂၀၀၃–၀၄ | ၂၃၇၈၅၈ | ၁၇၇ | ၉၁ | ၉ |
| ၂၀၀၄–၀၅ | ၂၅၁၆၀၇ | ၁၈၇ | ၉၄ | ၆ |
| ၂၀၀၅–၀၆ | ၂၈၈၃၁၁ | ၂၁၄ | ၉၅ | ၅ |

ဇာစ်မြစ် – Facts About Myanma Timber Enterprise - 2007, MTE

nest Money ပေးသွင်းထားသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီတိုင်း ပါဝင်ယှဉ်ပြိုင်ဝယ်ယူခွင့်ရှိသည်။

သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးသော တိုက်ရိုက်ရောင်း (Direct Sale) စနစ်ကိုမူ SEO နှင့် အကျိုးတူလုပ်ငန်းဆောင်ရွက်လျက်ရှိကြသော သစ်ထုတ်၊ သစ်သယ်လုပ်ငန်းလုပ်ကိုင်ကြသည့် ကုမ္ပဏီများ၊ သစ်ဖိုးငွေကြိုတင်ပေးသွင်း (Prepayment) သော ကုမ္ပဏီများနှင့် အထူးကိစ္စရပ်များအတွက် ကျင့်သုံးကြောင်း တွေ့ရှိရသည်။ တိုက်ရိုက်ရောင်းစနစ်ဖြင့် ရောင်းချသောသစ်လုံးအများစုသည် အဆင့်နိမ့်တန်းဝင်သစ်လုံးများဖြစ်သည်ဟု ဆိုသည်။

၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့တင်ပို့ခဲ့သည့် ကျွန်းသစ်လုံးကုဗတန် ၂၇၅၁၅၁ အနက် ၅ ရာခိုင်နှုန်းသည် တင်ဒါစနစ်ဖြင့် ရောင်းချသော အဆင့်မြင့်တန်းဝင်သစ်လုံးများဖြင့် ချိပ်ပိတ်တင်ဒါဖြင့် ရောင်းချသော ကုဗတန် ၂၃,၃၇၆ (၉ ရာခိုင် နှုန်း) နှင့် တိုက်ရိုက်ရောင်းစနစ်ဖြင့် ရောင်းချသော ကုဗတန် ၂၃၇,၇၈၅ (၈၆ ရာခိုင်နှုန်း) တို့သည် အဆင့်နိမ့်တန်းဝင်သစ်လုံးများဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ တွေ့ရှိရသည်။

ထို့ကြောင့် ပြည်ပသို့ တင်ပို့ခဲ့သည့် ကျွန်းသစ်လုံးများတွင် သစ်ခွဲသားခွဲစိတ်ထုတ်လုပ်ရန်အတွက်သာ အသုံးပြုနိုင်သော ပမာဏကအများစုဖြစ်သည်။ ထိုသစ်လုံးများကို အဓိကဝယ်ယူကြသည့်နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြကြောင်းတွေ့ရှိရသည်။ ယင်းနိုင်ငံတို့သည် အဆင့်နိမ့်တန်းဝင်မြန်မာ့ကျွန်းသစ်လုံးများကို ဝယ်ယူတင်သွင်း၍ ၎င်းတို့နိုင်ငံတွင်းရှိ သစ်စက်များ၌ ကျွန်းခွဲသားများခွဲစိတ်ထုတ်လုပ်ကြခြင်း ဖြစ်သည်။

ထိုနိုင်ငံများအနက် ပမာဏအများဆုံးဝယ်ယူသော အိန္ဒိယနိုင်ငံသည် မြန်မာ့ကျွန်းသစ်၏ အစဉ်အလာဈေးကွက်တစ်ခုဖြစ်သည်။ ကိုလိုနီခေတ်တစ်လျှောက်နှင့် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၆၃ ခုနှစ်အထိ မြန်မာ့ကျွန်းခွဲသားများကို တစိုက်မတ်မတ် ဝယ်ယူခဲ့သောဈေးကွက်ဖြစ်သည်။ သို့သော် ၁၉၆၃ ခုနှစ်နောက်ပိုင်းတွင် မြန်မာ့သစ်များကို ဝယ်ယူခြင်းမပြုသလောက်နီးပါး ရှိခဲ့၏။ ၁၉၈၂ ခုနှစ်တွင် ပြန်လည်ဝယ်ယူလာသောအခါ နည်းဗျူဟာ ပြောင်းလဲကျင့်သုံးခဲ့သည်။ ခွဲသားမဝယ်ဘဲ သစ်လုံးဝယ်ယူခြင်းဖြင့် လိုချင်သော ခွဲသားလည်းရ မိမိပြည်တွင်းရှိ သစ်စက် အပါအဝင်ဖြစ်သော သစ်အခြေခံစက်ရုံများအတွက် ကုန်ကြမ်းလည်းရသည့် နည်းဗျူဟာကို ကျင့်သုံးခြင်းဖြစ်ကြောင်း လေ့လာသူတို့က ဆိုကြသည်။

အိန္ဒိယသည် ကမ္ဘာပေါ်၌ သစ်ခွဲသားအများဆုံးထုတ်လုပ်သည့် ၁၀ နိုင်ငံအနက် သတ္တမမြောက်နိုင်ငံဖြစ်သည်။ ထိုသို့ သစ်ခွဲသားအများဆုံး ထုတ်လုပ်သည့် နိုင်ငံဖြစ်သကဲ့သို့ အသုံးပြုရာ၌လည်း အများဆုံးအသုံးပြုသည့် ၁၀ နိုင်ငံစာရင်းဝင် ပဉ္စမမြောက်နိုင်ငံဖြစ်သည်။ (Living Color -143, June 2007) ယခုအခါအိန္ဒိယသည် သစ်ခွဲသားအများဆုံးထုတ်လုပ်ပြီး အများဆုံးအသုံးပြုရုံမျှမက ပြည်ပသို့ သစ်ခွဲသားနှင့် သစ်ပရိဘောဂများတင်ပို့လျက်ရှိသော နိုင်ငံဖြစ်ကြောင်း သိရပြန်သည်။

ကမ္ဘာ့စီးပွားရေးအတင်းအကျပ်အတည်းကပင် အိန္ဒိယနိုင်ငံ၏ ပြည်ပသစ်တင်ပို့မှုသည် ၂၀၀၈ ခုနှစ် ဒုတိယသုံးလပတ်ကထက်ပင်ကောင်းမွန်ခဲ့သည်ဟု ဆိုသည်။ ၂၀၀၇ ခုနှစ် (ဧပြီ–ဇွန်) က ရူပီငွေ ၉၂ ဒသမ ၃၅ သန်းဖိုးရှိ သစ်ခွဲသားများကို ပြည်ပသို့ တင်ပို့ခဲ့ရာမှ ၂၀၀၉ ခုနှစ် (ဧပြီ–ဇွန်) တွင် ရူပီးငွေ ၂၄၁ ဒသမ ၈၅ သန်းဖိုး၊ ရာခိုင်နှုန်းအားဖြင့် ၁၆၂ ရာခိုင်နှုန်းတိုးမြှင့်တင်ပို့ခဲ့သည်။ သစ်ပရိဘောဂတင်ပို့ရာ၌လည်း ၂၀၀၇ ခုနှစ် (ဧပြီ–ဇွန်) က ရူပီးငွေ

www.foreverspace.com.mm

၃၂၆၀ ဒသမ ၄၁ သန်းဖိုးတင်ပို့ခဲ့ရာမှ ၂၀၀၉ ခုနှစ် (ဧပြီ–ဇွန်) တွင် ရူပီးငွေသန်း ၃၅၀၆ ဒသမ ၀၅ သန်းဖိုး၊ ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင်နှုန်းတိုးမြှင့်တင်ပို့ခဲ့သည်ဟု ဆိုသည်။ (Tropical Timber Market Report, 1-15 Sept 2009, ITTO) ဆိုလိုရင်းမှာ အိန္ဒိယနိုင်ငံသည် ပြည်ပမှ ဝယ်ယူတင်သွင်းသောကုန်ကြမ်းသစ်လုံးများကို (မြန်မာနိုင်ငံအပြင် ထိုင်းနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ ၁၀ နိုင်ငံမှ ကျွန်းသစ်လုံးများ ဝယ်ယူလျက်ရှိသည်။ စိုက်ခင်းထွက်ကျွန်း Plantation Teak များဖြစ်သည်) ဝယ်ယူတင်သွင်းပြီး အဆိုပါ ပြည်တွင်း၌ ခွဲစိတ်ထုတ်လုပ်ကာ ပြည်ပသို့တင်ပို့လျက်ရှိကြောင်း သာဓကတစ်ခုအနေဖြင့် တင်ပြခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည်လည်း အိန္ဒိယကဲ့သို့ပင်ဖြစ်သည်။ ကြမ်းခင်းတုံး (Flooring)နှင့် သစ်ပရိဘောဂများကို ကမ္ဘာ့ဈေးကွက်သို့ အကြီးအကျယ်တင်ပို့လျက်ရှိသည်။ အဓိကဈေးကွက်သည် အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပနိုင်ငံများဖြစ်ကြသည်။ ကမ္ဘာပေါ်တွင် သစ်တောထွက်ပစ္စည်းတင်သွင်းမှု (Forest Product Import) ၌လည်းကောင်း၊ တန်ဖိုးမြှင့်သစ်အချောထည်များ ပြည်ပတင်ပို့မှု (Value-added wood Product Export) ၌လည်းကောင်း တရုတ်နိုင်ငံက လွှမ်းမိုးထားသည်ဟုဆိုရပေမည်။ (Living Color-139, Feb-2007)

ဈေးကွက်အတွင်းမှ နောက်ဆုံးရရှိသော သတင်းအရဆိုလျှင် ယခင်က မြန်မာနိုင်ငံမှ တန်ဖိုးမြှင့်ကျွန်းခွဲသား (High Value Teak Sawntimber) များ ဝယ်ယူ ခဲ့ကြသော အနောက်ဘက်ခြမ်းမှ သစ်ဝယ်ကုမ္ပဏီအချို့သည် တရုတ်နိုင်ငံသို့ ခြေဆန့်လျက်ရှိကြောင်း ကြားသိရသည်။

ဤအခြေအနေအရဆိုလျှင် ခွဲစိတ်ရန်အတွက်သာ သုံး၍ရသော မြန်မာ့အဆင့်နိမ့်ကျွန်းသစ်လုံးများကို အမြောက်အများဝယ်ယူလျက်ရှိကြသော နိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံ၌ ခွဲစိတ်ထုတ်လုပ်သော ကျွန်းခွဲသားများကို ကမ္ဘာ့ဈေးကွက်၌ ရောင်းဝယ်ဖောက်ကားခြင်းမပြုဟု မဆိုနိုင်။

ထိုသို့ဆိုလျှင် ပင်ရင်းမြန်မာ့ကျွန်းခွဲသား (Myanmar Origin Teak Sawn-timber) ၏ ကမ္ဘာ့ဈေးကွက်သည် တည်တံ့ခိုင်မြဲလျက်ရှိသော Consolidated Market ဈေးကွက်ဖြစ်သည်ဟုဆိုလျှင် မှားအံ့မထင်။

အတိတ်ကလည်း ဤအတွေ့အကြုံ



www.foreverspace.com.mm



မျိုးရှိခဲ့ဖူးသည်။ အဆင့်နိမ့် Unsorted Quality (ယခု SG-3) ကျွန်းသစ်လုံးများ၊ အဆင့်နိမ့်တန်းဝင်ကျွန်းဒုသစ် (Teak Square) များ၊ 6"/9"x6"/9" ကျွန်းခွဲသား တိုင် (Teak Post) များကို ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှားနိုင်ငံတို့က အမြောက်အမြားဝယ်ယူခဲ့ကြသည်။ ၎င်းတို့နိုင်ငံအတွင်းရှိ သစ်စက်များ၌ ခွဲစိတ်ခဲ့ကြ၏။ အပျော်စီးရွက်လှေများ၊ ပရိဘောဂသုံး အရွယ်အစားကျွန်းခွဲသားများ၊ ကြမ်းခင်းတုံးများထုတ်လုပ်ပြီး ပြည်တွင်း၌လည်းသုံး၊ ပြည်ပသို့လည်း တင်ပို့ခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပနိုင်ငံများသည် ၎င်းတို့၏ Target Market များ ဖြစ်ကြ၏။

ထိုအချိန်က မြန်မာ့ကျွန်းသစ်ခွဲသားကို အသုံးပြုထုတ်လုပ်သော စကင်ဒီနေးဗီးယားဒီဇိုင်းကျွန်းပရိဘောဂများသည် အမေရိကန်ပြည်ထောင်စုဈေးကွက်၌ အထူးရေပန်းစားခဲ့သည်။

ဆိုခဲ့ပါအတိုင်း မြန်မာ့ကျွန်းသစ်ကုန်ကြမ်းကို ဝယ်ယူအသုံးပြုခွဲစိတ်ခဲ့ကြသော ပြည်ပမှ သစ်စက်များကို ထိုကာလအတွင်း ပြည်ပထုတ် သစ်နှင့်ပတ်သက်သော စာတစ်စောင်တစ်ခု၌ ပင်လယ်ရပ်ခြားမြန်မာ့ကျွန်းခွဲစက်များ (Overseas Burmese Teak Mills) ဟုပင် တင်စားရေးသားခဲ့သည်ကို ဖတ်ရှုခဲ့ရသည်။

ထို့ပြင် ၁၉၉၁ ခုနှစ်အတွင်းက ရန်ကုန်မြို့ ယုဇနပလာဇာ၌ ပြုလုပ်ခဲ့သော ကျွန်းသစ်ရောင်းဝယ်ရေးနှင့် သက်ဆိုင်သည့် Seminar တစ်ခုတွင် နိုင်ငံခြားသားအတိုင်ပင်ခံပုဂ္ဂိုလ်တစ်ဦးပြောသွားသောစကားကို အမှတ်ရမိသည်။ ထိုအချိန်က ပြည်ပသို့ ကျွန်းခွဲသားတင်ပို့မှုကျဆင်းလျက်ရှိနေချိန် ဖြစ်သည်။ (သို့သော် ယခုလောက်ဆိုးဆိုးဝါးဝါးကျဆင်းခြင်းမဟုတ်)။ သူက 'Teak will not loose market, Market will loose Teak' ဟု ပြောသွားခြင်းဖြစ်သည်။ ကျွန်းသစ်အနေဖြင့် ဈေးကွက်ပျောက်လိမ့်မည်မဟုတ်၊ ဈေးကွက်၌သာ ကျွန်းသစ်ပျောက်လိမ့်မည်ဟု ဆိုလိုခြင်းဖြစ်သည်။

ယခုအခါ သူဆိုခဲ့သည့်အတိုင်းပင် ကျွန်းသစ်အနေဖြင့် ဈေးကွက်မပျောက်၊ ဈေးကွက်တွင်တော့ မြန်မာနိုင်ငံထုတ်ကျွန်းခွဲသား (Myanmar Produced Teak Sawntimber) များ ပျောက်လုလုဖြစ်နေချေပြီ။

မြန်မာနိုင်ငံထုတ် ကျွန်းခွဲသားများ၏ဈေးကွက်ဝေစု ကျုံ့လျက်ရှိပြီး ပင်လယ်ရပ်ခြားထုတ် မြန်မာ့ကျွန်းသစ် (Oversea Produced Myanmar Teak) ခွဲသားများ၏ ဈေးကွက်ဝေစုက ကျယ်ပြန့်လာခြင်းဖြစ်သည်။

မြန်မာ့ကျွန်းသစ်သည် သဘာဝတောထွက်ကျွန်း (Natural Forest Teak) ဖြစ်သောကြောင့် စိုက်ခင်းထွက်ကျွန်း (Plantation Teak) များနှင့်ယှဉ်လျှင် တစ်ပန်းသာလျက်ရှိသည်။ သို့သော် ယခုအတိုင်းခုတ်လှဲထုတ်လုပ်နေကြမည်ဆိုပါလျှင် နောင်အနှစ် ၃၀ ခန့်ကြာသောအခါ၌ ဈေးကွက်တွင် သဘာဝကျွန်း (Natural Teak) ပျောက်နိုင်သည်ဟု လေ့လာသူတို့က ဆိုကြသည်။

ဤတွင် မြန်မာ့ကျွန်းခွဲသားခွဲစိတ်ထုတ်လုပ်မှုကျဆင်းရခြင်း၏ အကြောင်းရင်းကို မှန်းဆသိရှိနိုင်ကြလိမ့်မည်ဖြစ်သည်။

ကျွန်းသစ်လုံးအသုံးပြုမှု၌ တစ်ဖက်စောင်းနင်း (Unbalanced Utilization) ဖြစ်ခြင်းနှင့် အရည်အသွေးနိမ့်သစ်လုံးများကိုသာ အဓိကခွဲစိတ်နေရခြင်းကြောင့်ဟူသော



www.foreverspace.com.mm



ဇယား (၃)

## ကျွန်းသစ်လုံးထုတ်လုပ်မှုနှင့်အသုံးပြုမှု

ထုတ်လုပ်မှု = ကုဗတန်
အသုံးပြုမှု = %

| ဘဏ္ဍာနှစ် | ထုတ်လုပ် | အသုံးပြု | |
|---|---|---|---|
| | | ပြည်တွင်းခွဲ | ပြည်ပရောင်း |
| ၁၉၉၅-၉၆ | ၂၃၂၃၉၇ | ၃၇ | ၄၉ |
| ၂၀၀၀-၀၁ | ၂၅၀၅၀၀ | ၂၄ | ၈၅ |
| ၂၀၀၁-၀၂ | ၂၇၆၀၆၇ | ၂၆ | ၅၉ |
| ၂၀၀၂-၀၃ | ၂၉၇၉၇၉ | ၂၁ | ၅၆ |
| ၂၀၀၃-၀၄ | ၃၆၂၀၃၉ | ၁၈ | ၆၀ |
| ၂၀၀၄-၀၅ | ၃၀၀၄၉၅ | ၅ | ၇၉ |
| ၂၀၀၅-၀၆ | ၃၀၇၀၆၀ | ၄ | ၉၀ |

ဓာတ်မြစ် – Statistical Year Book-2007, C.S.O, Facts About Maynma Timber Enterpirse -2008, MTE.

အဖြေမှတစ်ပါး အခြားမရှိပြီ။

သို့နှင့် ယခုနှစ်များအတွင်း ကျွန်းသစ်လုံးထုတ်လုပ်မှုနှင့်အသုံးပြုမှုတို့ကို ချိန်ကိုက်ကြည့်မိသည်။ ဇယား (၃) က အခြေအနေမှန်ကို ညွှန်ပြလျက်ရှိ။

ပြည်ပသို့ သစ်အလုံးလိုက် (Log Form) ရောင်းချတင်ပို့မှုသည် ဆူလွယ်၊ နပ်လွယ်၊ ငွေပေါ်လွယ်သောလုပ်ငန်းဖြစ်သည်။ ဝါယမအထူးစိုက်ရန်မလို၊ ဝယ်လက်ကလည်း အဆင့်သင့် ငွေကြိုပေးထားသူများပင်ရှိ၏။ ရန်ကုန်၌ ကိုယ်စားလှယ်ရုံးများ၊ ရုံးခွဲများ ထားရှိကာ ဝယ်ယူနေကြ၏။ တစ်ဆင့်ပြီးတစ်ဆင့်လက်လွှဲရောင်းဝယ်နေကြသည်များလည်းရှိသည်။

ဇယား (၃) ကိုကြည့်လျှင် ၁၉၉၅-၉၆ ဘဏ္ဍာနှစ်က ကျွန်းသစ်လုံးအသုံးပြုမှုသည် အနီးစပ်ဆုံး Balance ဖြစ်သည်ဟုဆိုနိုင်သည်။ နောက်ပိုင်းနှစ်များတွင် သစ်စက်စွမ်းအားအသုံးပြုမှု (Capacity Utilization) သည် ကြည့်မကောင်းတော့။ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်နောက်ပိုင်းတွင် ပိုဆိုးလာသည်။ အဆိုးဆုံးကား ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်ဖြစ်သည်။

SEO သည် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးဦးတည်ချက်နှင့် ပြည်သူတို့ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်းဟူသော သစ်တောမူဝါဒအရ ၁၉၉၃ ခုနှစ်က ရပ်ဆိုင်းထားခဲ့သော ပုဂ္ဂလိကသစ်ထုတ်လုပ်ရောင်းဝယ်ခွင့်ကို ၁၉၉၅ ခုနှစ်တွင် ပြန်လည်ခွင့်ပြုခဲ့သည်။ ၁၉၉၃ ခုနှစ်မတိုင်မီကကဲ့သို့ ပရမ်းပတာ၊ စည်းမဲ့ကမ်းမဲ့မဟုတ်။ SEO ၏ ကြီးကြပ်လမ်းညွှန်မှုပံ့ပိုးမှုများဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ (Living Color 151, Feb,2008) တောတွင်းသစ်မာသစ်လုံးခုတ်လှဲထုတ်လုပ်မှုမှသည် ပြည်ပသို့ သစ်အလုံးလိုက်ရောင်းချပိုင်ခွင့်ထိ ပုဂ္ဂလိကလုပ်ငန်းရှင်တို့ လုပ်ကိုင်ခွင့်ရှိလာသည်။ နောက်ပိုင်းတွင် သစ်မာသာမက ကျွန်းသစ်ကိုလည်း အလားတူလုပ်ကိုင်ခွင့်ရရှိခဲ့ကြ၏။ ကျွန်းသစ်ပုဂ္ဂလိကလုပ်ပိုင်ခွင့်အစ ရေဝပ်သစ်ကဟုဆိုလျှင်မှားအံ့မထင်။

နိုင်ငံအတွက် လိုအပ်ချက်ဖြစ်သောဆည်မြောင်းတာတမံတည်ဆောက်ရာဒေသများ၌ ရေဝပ်ဧရိယာနှင့် မလွတ်ကင်းသော သစ်ကွက်များရှိ ကျွန်း၊ သစ်မာ သစ်မျိုးပေါင်းစုံကို အကျိုးရှိရှိ အသုံးပြုနိုင်ရေးအတွက် အပြောင်းရှင်းစနစ်ဖြင့် ခုတ်လှဲထုတ်လုပ်ခဲ့ကြသည်။ ထို အပြောင်းရှင်းလုပ်ငန်းလုပ်ကိုင်ရန် မူလတာဝန်များဖြင့်ပိနေသော SEO အနေဖြင့် ထိုလုပ်ငန်းကို သီးသန့်ဆောင်ရွက်ခြင်းမပြုနိုင်။ ထို့ကြောင့် တောတွင်းသစ်မာထုတ်လုပ်မှုလုပ်ငန်းတွင် အကျိုးတူလုပ်ကိုင်လျက်ရှိကြသော ပုဂ္ဂလိကကုမ္ပဏီများအား ရေဝပ်ဧရိယာအပြောင်းရှင်းသစ်ကွက်များမှ သစ်ပင်များကို ခုတ်လှဲထုတ်လုပ်ခွင့်ပြုခဲ့ရသည်။

ရေဝပ်ဧရိယာ၌ ပေါက်သမျှသစ်မျိုးများကို ခုတ်လှဲထုတ်လုပ်ရခြင်းဖြစ်ရာ ကျွန်းပင်များလည်းပါဝင်လာသည်။ ထို့ကြောင့် ခုတ်လှဲထုတ်လုပ်ရရှိသည့် ကျွန်းသစ်လုံးများအနက် လုံးပတ်ငါးပေနှင့်အထက်သစ်လုံးများကို SEO သို့ လွှဲပြောင်းပေးအပ်ရပြီး ငါးပေအောက်သစ်လုံးများကို သစ်ထုတ်ကုမ္ပဏီတို့က သတ်မှတ်ဈေးနှုန်းဖြင့် တိုက်ရိုက်ဝယ်ယူ (Direct Sale) ခွင့်ရခဲ့ကြသည်။ ဝယ်ယူခွင့်ရသမျှသော ကျွန်းတိုင်၊ ကျွန်းမျှောကအစ လုံးပတ်ငါးပေအောက်သစ်လုံးများအားလုံးလိုလို နိုင်ငံခြားရောက်ကုန်ကြတော့သည်။ အိန္ဒိယသို့လည်း ရောက်သည်။ ထိုင်းသို့လည်း ရောက်သည်။

www.foreverspace.com.mm





နောက်ပိုင်းတွင် လုံးပတ် ငါးပေ အထက်သစ်လုံးများကိုပါ တိုက်ရိုက်ရောင်းစနစ်ဖြင့် ဝယ်ယူခွင့်နှင့် ပြည်ပတင်ပို့ခွင့်ရရှိလာကြပြန်သည်။

ထိုသို့ ဝယ်ယူခွင့်ရရှိသော သစ်လုံးများတွင် အဆင့်နိမ့်တန်းဝင် ခွဲလုံး (Sawing Log) များကသာ အများစုဖြစ်သည်။ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာနှစ်၌ ပုဂ္ဂလိကများ တိုက်ရိုက်ရောင်းစနစ်ဖြင့် ဝယ်ယူခွင့်ရရှိသောပမာဏသည် ပြည်ပသို့ သစ်လုံးလိုက်စုစုပေါင်းတင်ပို့မှုပမာဏ၏ ၈၆ ရာခိုင်နှုန်းဖြစ်သည်။ ၎င်းနှစ်မတိုင်မီ နှစ်များကလည်း ထိုကဲ့သို့ပင် ပမာဏများပြားခဲ့သည်။

ထို့ကြောင့် သစ်ထုတ်၊ သစ်သယ် ပုဂ္ဂလိကကုမ္ပဏီများသည် (ဆရာကြီးမောင်စူးစမ်း၏စကားကို ငှားသုံးရလျှင်) နေရှင်နယ်ချန်ပီယံများဖြစ်လာကြသည်။ သစ်နေရှင်နယ်ချန်ပီယံများဟုဆိုချင်သည်။

သစ်ခွဲစိတ်မှုလုပ်ငန်းသည် လုပ်အားကဲ (Labour Intensive) လုပ်ငန်းတစ်ခုဖြစ်သည်။ သစ်စက်များလည်ပတ်ခြင်းဖြင့် ပြည်သူများအတွက် အလုပ်အကိုင်များဖန်တီးပေးခြင်းဖြစ်၏။ ပြည်သူများအလုပ်အကိုင်ရရှိလျှင် ၎င်းတို့၏ လူမှုဘဝမြင့်မားတိုးတက်လာမည်ဖြစ်သည်။ လူမှုဘဝမြင့်မားတိုးတက်လာသည်နှင့်အမျှ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးတို့၌ ပိုမိုအာရုံစိုက်ဆောင်ရွက်လာနိုင်ကြမည်ဖြစ်သည်။ နိုင်ငံ၏ အနာဂတ်အတွက် ကျန်းမာသော၊ ပညာတတ်သော မျိုးဆက်သစ်များကို မွေးထုတ်နိုင်ကြမည်ဖြစ်၏။ ဤသည်တို့သည်ကား ထပ်ဆင့်တိုးတန်ဖိုးများ (Added-Value)ဖြစ်သည်။

သစ်ခွဲသားထုတ်လုပ်ခြင်းမှ အရည်အသွေးမြင့်၊ တန်ဖိုးမြင့် (High Value) သစ်ခွဲသားများနှင့် သစ်အချောထည်များ တစ်ဆင့်ပြီးတစ်ဆင့် ထုတ်လုပ်ရောင်းချတင်ပို့ခြင်းသည် SEO က ချမှတ်ထားသော လမ်းညွှန်မှုဝါဒများကို လက်တွေ့အကောင်အထည်ဖော်ခြင်း ဖြစ်သည်။

ထို့ကြောင့် ရေတိမ်နစ်အံ့ဆဲဆဲ မြန်မာ့ကျွန်းသစ်ခွဲစိတ်မှုလုပ်ငန်းအား ဆယ်တင်သင့်ချိန်တန်ပြီဟု မီးမောင်းထိုး ရေးသားရခြင်း ဖြစ်ပါသည်။

**သစ်ရိုင်း**


**ကိုးကား**– မြန်မာ့သစ်လုပ်ငန်း နှစ် (၆၀) ပြည့်စိန်ရတုမဂ္ဂဇင်း

– Development of Sawmilling industry in Burma-1969, U Chit Tin, သုတေသနစာတမ်း

– Sandwell Report x 4040/3, August 1977

- Myanmar Timber, Timber Bulletin, Sept 1991, MTE.

- Facts About Myanma Timber Enterprise-2008 MTE.

- Tropical Timber Market Report-1-15-Sept, 2009, ITTO.

- ဝါးတရာသစ်အခြေခံစက်မှုနယ်မြေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက် ၂၀၀၆ မြန်မာ့သစ်လုပ်ငန်း

www.foreverspace.com.mm

# Which & Why
# ဘယ်ပစ္စည်းဘာ့ကြောင့်

## Povos Digital သံလိုက်မီးဖို



Povos အမှတ်တံဆိပ် PC 22N-B မော်ဒယ်လ်အမျိုးအစား 2200 Watt ဒီဂျစ်တယ်သံလိုက်မီးဖိုဖြစ်။ Hot Pot ပြုလုပ်ခြင်း၊ ရေနွေးကျိုခြင်း၊ ဟင်းကြော်ခြင်း၊ ဟင်းချက်ခြင်း စသဖြင့် Function ၁၁ မျိုးခန့်ပါရှိပြီး မိမိလိုအပ်သည့်ခလုတ်ကိုနှိပ်၍အသုံးပြုနိုင်။ သံဖြင့်ပြုလုပ်ထားသော ဟင်းအိုးများသာ အသုံးပြုနိုင်မည်ဖြစ်ပြီး အပူပမာဏအနည်းအများကိုလည်း ချိန်ညှိနိုင်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၁,၀၀၀ ကျပ်ဖြစ်။




## BOYA ခြင်ဖမ်းစက်

BOYA အမှတ်တံဆိပ် BT-ZOW အမျိုးအစား ခြင်ဖမ်းစက်ဖြစ်။ 20W ဖြစ်ပြီး တစ်ပေမီးချောင်းနှစ်ချောင်းပါရှိ။ မီးချောင်းသို့လာသောခြင် များကို ရှော့ခ်ရိုက်ဖမ်းဆီးခြင်းဖြစ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၄,၃၀၀ ကျပ်ဖြစ်။

## စားပွဲတင်မီးအိမ်

6032 မော်ဒယ်လ်အမျိုးအစား စားပွဲတင်မီးအိမ်ဖြစ်။ 11W ရှိပြီး မီးချောင်းကောက်တစ်ချောင်းပါရှိကာ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ မီးချောင်းကို အနိမ့် အမြင့်လိုသလိုညှို၍အသုံးပြုနိုင်။ နာရီလည်းပါရှိပြီး AA ဓာတ်ခဲတစ်လုံးဖြင့်အသုံးပြုရ။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၉,၀၀၀ ကျပ်ဖြစ်။



www.foreverspace.com.mm





## ခရီးဆောင်ပန်ကာ

XW-00268 မော်ဒယ်လ်အမျိုးအစားခရီးဆောင်ပန်ကာဖြစ်။ AAA ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုရပြီး ပန်ကာရွက်များကို ပလတ်စတစ်ဖြင့်ပြုလုပ်ထား။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂,၀၀၀ ကျပ်ဖြစ်။



## ကြွက်၊ ပိုးဟပ်ပြေးစက်

M3768 မော်ဒယ်လ်အမျိုးအစား AC/DC နှစ်မျိုးအသုံးပြုနိုင်သည့် ကြွက်၊ ပိုးဟပ်ပြေးစက်ဖြစ်။ အခြားသောပိုးမွှားများမလာစေရန်အတွက်လည်း အသုံးပြုနိုင်။ ကြွက်များကို သုံးပတ်မှ ခြောက်ပတ်အတွင်း၊ ပိုးဟပ်နှင့် အခြားပိုးမွှားများကို တစ်ပတ်အတွင်းရှင်းလင်းပေးနိုင်။ အသံအတိုးအကျယ် သုံးဆင့်ပါရှိ။ ဘက်ထရီခြောက်ကို ၅ ဒသမ ၅ Adaptor ဖြင့် တွဲဖက်အသုံးပြုနိုင်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၈,၅၀၀ ကျပ်ဖြစ်။

## SEC EVD Player

SEC အမှတ်တံဆိပ် Last Memory စနစ်ပါရှိသည့် B-8800 မော်ဒယ်လ်အမျိုးအစား EVD Player ဖြစ်။ VCD, CD, DVD, MPEG4, MP3, MP4, MP5 စသည်တို့ကို အသုံးပြုနိုင်။ မိမိနှစ်သက်သည့်ဓာတ်ပုံကို တီဗီ Screen တွင် Logo အဖြစ် အသုံးပြုနိုင်။ VDC-12 Volt စနစ်ပါရှိသောကြောင့် ဘက်ထရီဖြင့်လည်း အသုံးပြုနိုင်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၇,၀၀၀ ကျပ်ဖြစ်။





## Universal Phone Charger

Universal အမှတ်တံဆိပ် ဖုန်းအားသွင်းကိရိယာဖြစ်။ မည်သည့်ဖုန်းအမျိုးအစားမဆို အားသွင်း၍ရ။ အားသွင်းသည့်အချိန်၌ အချက်ပြမီးပါရှိပြီး AC ဖြင့် တိုက်ရိုက်အသုံးပြုနိုင်။ လေးနာရီ၊ ငါးနာရီခန့် အားသွင်းပေးရ။ တရုတ်(တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## Mobile Speaker



SU-24 မော်ဒယ်လ်အမျိုးအစား Mobile Speaker ဖြစ်။ FM, MP3 အသုံးပြုနိုင်။ Remote Control ဖြင့် ထိန်းချုပ်နိုင်။ SD Card နှင့် USB ပေါက်ပါရှိ။ ACဖြင့် တိုက်ရိုက်အသုံးပြုနိုင်သလို အားသွင်း၍လည်း အသုံးပြုနိုင်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၁,၀၀၀ ကျပ်ဖြစ်။




## Power Pac USB ပန်ကာ

Power Pac အမှတ်တံဆိပ် PPUF 228 မော်ဒယ်လ်အမျိုးအစား USB ပန်ကာဖြစ်။ အရွယ်အစားမှာ အချင်းခြောက်လက်မခန့်ရှိ။ ကွန်ပျူတာဖြင့် တွဲဖက်အသုံးပြုရခြင်းဖြစ်။ ပန်ကာကိုယ်ထည်ကို သံဖြင့်ပြုလုပ်ထား။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၅,၂၀၀ ကျပ်ဖြစ်။

## Liaxin Speaker



Liaxin အမှတ်တံဆိပ် SX 638 မော်ဒယ်လ်အမျိုးအစား Speaker ဖြစ်။ အသံအတိုးအကျယ် ချိန်ညှိနိုင်။ Speaker အသေးနှစ်လုံးပါရှိ။ 3D Sound စနစ်လည်းပါရှိ၍ အသံထွက်ကောင်းမွန်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၉,၅၀၀ ကျပ်ဖြစ်။



## SANYO CD Player

SANYO အမှတ်တံဆိပ် MCD-MX 790 မော်ဒယ်လ်အမျိုးအစား CD Player ဖြစ်။ MP3, FM, Tape စသည်တို့ကိုအသုံးပြုနိုင်။ AC/ DC နှစ်မျိုး အသုံးပြုနိုင်။ အခြား Speaker များဖြင့်လည်း ချိတ်ဆက်အသုံးပြု၍ရ။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇,၈၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm






## Ray-Ban နေကာမျက်မှန်

Ray-Ban အမှတ်တံဆိပ် RBE-3331 014/57 မော်ဒယ်လ်အမျိုးအစား နေကာမျက်မှန်ဖြစ်။ Polarized စနစ်ပါရှိသောကြောင့် နေပူသည့်အချိန်၌ မျက်စိကိုအေးစေပြီး ညဘက်၌လည်း ကားမီးရောင်ထိုးသည်ကို အကာအကွယ်ပေးနိုင်။ အီတလီလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၃၉,၀၀၀ ကျပ်ဖြစ်။



## သစ်ခွအလှပန်းအိုး

သစ်ခွပန်းအမျိုးအစား အလှပန်းအိုးဖြစ်။ သစ်ခွပန်းခိုင် နှစ်ခိုင်ပါရှိပြီး သစ်ခွပန်းဖူးနှင့် သစ်ခွဥတစ်လုံးလည်းပါရှိ။ သစ်ခွပန်းနှင့် သစ်ခွသစ်ရွက်များကို ရော်ဘာအပျော့စားများဖြင့်ပြုလုပ်ထားခြင်းဖြစ်။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၀,၀၀၀ ကျပ်ဖြစ်။



## ငါးလိပ်ကျောက် သားရေပိုက်ဆံအိတ်

ငါးလိပ်ကျောက်သားရေဖြင့်ပြုလုပ်ထားသော အမျိုးသမီးသုံးပိုက်ဆံအိတ်ဖြစ်။ အိတ်ကပ် ငါးအိတ်ပါရှိပြီး ဇစ်ဆွဲအိတ်ဖြစ်။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၅၀,၀၀၀ ကျပ်ဖြစ်။



## Asahi LCD TV

Asahi အမှတ်တံဆိပ် 32731 မော်ဒယ်လ်အမျိုးအစား LCD TV ဖြစ်။ ၃၂ လက်မ Screen ပါရှိ။ VGA ပါရှိသောကြောင့် ကွန်ပျူတာဖြင့်လည်း တွဲဖက်အသုံးပြုနိုင်။ EVD Player လက်ဆောင် တစ်ခုပါရှိ။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၃၈,၀၀၀ ကျပ်ဖြစ်။

**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို Ever Fime၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm



# ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)

**ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့အတွင်းရှိ မသန်စွမ်းသူများ၏ဘဝမြှင့်တင်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။**

- ၂၀၀၈ ခုနှစ် မေလ ၈ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့။
- လက်ရှိဥက္ကဋ္ဌမှာ ဦးမြတ်သူဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးသိန်းလွင်တို့ဖြစ်ပြီး အမှုဆောင်အဖွဲ့ဝင်စုစုပေါင်း ခုနစ်ဦး ရှိ။
- အသင်းဝင်ဦးရေ၊ နှစ်စဉ်ကြေး၊ အဖွဲ့ဝင်ကြေးမရှိ၊ မသန်စွမ်းသူအမျိုးအစား ခွဲခြားခြင်းမရှိဘဲ တိုက်ရိုက်ဆက်သွယ်သူ မသန်စွမ်းပေါင်း ၁၇၀၀ ဦးကျော် ရှိ။
- ၂၀၀၈ ခုနှစ်အတွင်း ရန်ကုန်တိုင်း ကျောက်တန်း၊ ကွမ်းခြံကုန်းနှင့် ဧရာဝတီတိုင်း ဘိုကလေး၊ လပွတ္တာ၊ ဒေးဒရဲနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့သို့သွားရောက်၍ ကျေးရွာပေါင်း ၁၆၈ ရွာရှိ မသန်စွမ်းသူ ၈၈၇ ဦးတို့ကို အကူအညီပေးခဲ့။
- ဆေးဝါးကုသရန်လိုအပ်သော မသန်စွမ်းသူ ၆၁ ဦးကို ဆေးရုံသို့ပို့ဆောင်ကုသပေးပြီး ရေရှည်ကုသရန်လိုအပ်သော မသန်စွမ်းသူ ၁၄ ဦးကို လက်ရှိကုသပေးလျက်ရှိ။
- ၂၀၀၉ ခုနှစ်အတွင်း ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ မေရီချက်ပ်မင်း နားမကြားကျောင်း၊ မသန်စွမ်း သက်ကြီးသင်တန်းကျောင်း၊ အေးမေတ္တာ စသည့် မသန်စွမ်းဂေဟာများတွင် အထွေထွေကျန်းမာရေးဝန်ဆောင်မှုပေးခဲ့။
- ၂၀၀၉ ခုနှစ် ဧပြီလတွင် မသန်စွမ်းသူမျိုးစုံ ၆၀ ဦးကို ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးပို့ဆောင်ပေးခဲ့။
- ၂၀၀၉ ခုနှစ် မေလမှစ၍ ကွန်ပျူတာသင်တန်းများကို သင်တန်းကာလ နှစ်လနှုန်းဖြင့် တစ်နှစ်လျှင် ငါးကြိမ် ဖွင့်လှစ်ပို့ချ။
- UNDP နှင့်ပူးပေါင်း၍ မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာ ၂၀ မှ မသန်စွမ်းသူများကို ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အသေးစားအိမ်တွင်းစီးပွားရေးလုပ်ငန်းများအတွက် အရင်းအနှီးထောက်ပံ့ပေးသည့် CBR Project ကို ဆောင်ရွက်လျက်ရှိ။
- စီမံချက်ဒေသအတွင်း ပညာသင်ကြားနိုင်စွမ်းရှိသော မသန်စွမ်းသူများ ပညာသင်ကြားရေး၊ သင်ကြားဆဲကျောင်းသားများ ဆက်လက်သင်ကြားနိုင်ရေးတို့အတွက် စရိတ်ထောက်ပံ့ဆောင်ရွက်။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ အနီးကပ်သင်ကြားပေးပြီး လုပ်ငန်းများလုပ်ကိုင်နိုင်စေရန် အလှည့်ကျ ရင်းနှီးငွေများပံ့ပိုးပေး။ ၂၀၀၉ ခုနှစ် ဩဂုတ်လမှစပြီး အရင်းအနှီးစိုက်ထုတ်၍ မလုပ်ကိုင်နိုင်သော မသန်စွမ်းသူ ခုနစ်ဦးကို တစ်ပိုင်တစ်နိုင်လုပ်ငန်းများလုပ်ကိုင်ရန် ကျပ်ခြောက်သောင်းမှ နှစ်သိန်းအထိ အတိုးမယူဘဲ ထုတ်ချေး။
- ၂၀၀၉ စက်တင်ဘာလအတွင်း ဧမာန္ဒေလဘုရားကျောင်း၊ ကျိုက်ဝိုင်းဘုရားအနောက်ဘက်စောင်းတန်းတို့တွင် လက်ရန်းများတပ်ဆင်ခြင်း၊ ဘီးတပ်ကုလားထိုင်နှင့် ချိုင်းထောက်များလှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့။
- အကြားအာရုံအားနည်းသူ၊ အမြင်အာရုံအားနည်းသူ အားလုံးပူးပေါင်းပါဝင်ပြီး ခွဲခြားခံရမှုများမှ ကျော်လွှားနိုင်စေရန် မသန်စွမ်းသူများအတွက် မသန်စွမ်းသူများက ဦးဆောင်ရန်ရည်ရွယ်ထား။
- **ဆက်သွယ်ရန်လိပ်စာ**

ရွှေမင်းသားဖောင်ဒေးရှင်း
ဘီ (၁၀၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဝါးတန်းလမ်းထောင့်၊ MAC တာဝါ၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၂၁၅၉၃၉၊ ၂၁၂၉၄၄၊ Ext-၁၀၄-၁၀၅

www.foreverspace.com.mm



# မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း

**မြန်မာနိုင်ငံတစ်ဝန်းရှိ အသင်းဝင်မသန်စွမ်းပုဂ္ဂိုလ်များအတွက် အထောက်အကူပြုပစ္စည်းကိရိယာများပံ့ပိုးခြင်း၊ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ အခမဲ့ပို့ချခြင်း၊ ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ဆေးဝါးကုသခြင်း စသည်တို့ကိုဆောင်ရွက်လျက်ရှိသော လူမှုရေးအဖွဲ့အစည်းဖြစ်သည်။**

- ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ကိုယ်အင်္ဂါမသန်စွမ်းသူ ၁၀၇ ဦးဖြင့် စတင်တည်ထောင်ဖွဲ့စည်းခဲ့။
- နာယကအဖွဲ့ဝင်ခုနစ်ဦး၊ အကြံပေးပုဂ္ဂိုလ်တစ်ဦးရှိပြီး ဥက္ကဋ္ဌ ဦးမြတ်ဦး၊ အတွင်းရေးမှူးဦးအေးကိုကိုတို့ဖြစ်ကြကာ အလုပ်အမှုဆောင် ၁၇ ဦး၊ ရုံးအဖွဲ့ဝင်ကိုးဦးနှင့် အသင်းဝင်စုစုပေါင်း ၁၃၀၀ ဦးကျော်ရှိ။
- ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အထွေထွေရန်ပုံငွေနှင့် ပညာရေးရန်ပုံငွေတည်ထောင်ထားပြီး အသင်းဝင်များ၏ ကျန်းမာရေး၊ ပညာရေးနှင့်ဘဝရပ်တည်နိုင်ရေးတို့အတွက် ထောက်ပံ့ကူညီခြင်း၊ အသင်းဝင်များကိုယ်တိုင်ထုတ်လုပ်သော အထောက်အကူပြုကိရိယာများ၊ သုံးဘီး Wheel Chair များနှင့် အခြားအသင်းအဖွဲ့များကလှူဒါန်းသော Wheel Chair များကို အမှန်တကယ်အသုံးပြုရန်လိုအပ်သော မသန်စွမ်းသူများအား ပြန်လည်ဖြန့်ဝေခြင်း၊ စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ ဟောပြောပွဲများ၊ ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးမြှင့်တင်မှုသင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်းများပို့ချခြင်း၊ နိုင်ငံတကာဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်သင်တန်းများတက်ရောက်နိုင်ရန် သတင်းအချက်အလက်ပေးခြင်း၊ Information and Resource Centre တည်ထောင်၍ မသန်စွမ်းသူများအတွက် သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ်က ကျင်းပသောအားကစားပြိုင်ပွဲများ နှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်း၊ အပန်းဖြေခရီးနှင့် လေ့လာရေးခရီးစဉ်များစီစဉ်ပေးခြင်း၊ သာသနိကအဆောက်အအုံများနှင့် အများသူငါနှင့်သက်ဆိုင်သောနေရာများတွင် မသန်စွမ်းသူများလွယ်ကူစွာ တက်ရောက်သွားလာနိုင်ရန် ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိ။
- A.A.R (Japan) နှင့်ပူးပေါင်းပြီး ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် မသန်စွမ်းသူများအား ပစ္စည်း ၁၇ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းထုပ် ၅၀၀ ပေးဝေခြင်း၊ အသင်းဝင် ၁၇၀ အား ၁၀၀၀၀ ကျပ်စီနှင့် အထောက်အကူပြုကိရိယာများထောက်ပံ့ခြင်း၊ ကျေးရွာပေါင်း ၁၆၀ ကျော်၌ ကွင်းဆင်းဆေးကုသခြင်း၊ စားနပ်ရိက္ခာထောက်ပံ့ခြင်းနှင့် မသန်စွမ်းသူများစာရင်းကောက်ခံခြင်းတို့ ဆောင်ရွက်ခဲ့။
- The Laprocy Mission International (TLMI) ၏ပံ့ပိုးမှုဖြင့် မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ ဘိုကလေးမြို့တို့တွင် အသင်းခွဲများတိုးချဲ့ဖွင့်လှစ်သွားမည်ဟုသိရ။
- အင်္ဂလိပ်စာအခြေခံသုံးလသင်တန်းကို ၂၀၀၉ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မကြာမီကွန်ပျူတာအခြေခံသင်တန်းကို တိုးချဲ့ဖွင့်လှစ်ရန်စီစဉ်လျက်ရှိ။
- မသန်စွမ်းအထောက်အကူပြုကိရိယာများထုတ်လုပ်သည့်အလုပ်ရုံကို ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့။
- အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေး/ဘာသာရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပရှိ အခြားမသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်လျက်ရှိဟုဆို။
- မသန်စွမ်းသူသုံးအထောက်အကူပြုပစ္စည်းကိရိယာများကို ၂၀၀၉ ခုနှစ် စက်တင်ဘာလမှစတင်၍ နှစ်လလျှင် တစ်ကြိမ်ပေးအပ်လှူဒါန်း။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ**

ဦးအေးကိုကို (အတွင်းရေးမှူး)၊ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း
အမှတ်-၅၁၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၁၈၄၁၀၊ E-mail:mpha2004@gmail.com
Website:www.myanmarphysicallyhandicappedassociation.org

www.foreverspace.com.mm



# အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း-ဂျပန် (AAR-JAPAN)

**မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်နေသူများကို ပြန်လည်ထူထောင်ခြင်းနှင့် မသန်စွမ်းသူများနှင့် မသန်စွမ်းကလေးငယ်များကို ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော ဂျပန်နိုင်ငံအခြေစိုက် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းဖြစ်သည်။**

- ❑ လူမှုရေးဆိုင်ရာဝန်ဆောင်မှုများနည်းပါးသေးသောဒေသ သို့မဟုတ် နိုင်ငံများရှိ မသန်စွမ်းသူများ၏ လူမှုရေး၊ စီးပွားရေးနှင့် စိတ်ပိုင်းဆိုင်ရာ မှီခိုမှုကင်းလာရေး အတွက် ပံ့ပိုးကူညီပေးရန်၊ ပြည်တွင်းနှင့် နိုင်ငံတကာရှိလူထုများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးများတန်းတူရရှိလာစေရေး အတွက် ထောက်ခံပြောဆိုပေးရန်နှင့် မသန်စွမ်းသူများ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း ကို အလေးထားပေးခြင်းနှင့် ၎င်းတို့၏ ကိုယ့်အားကိုယ်ကိုးလုပ်ဆောင်မှုများကို အားပေးမြှင့်တင်ပေးရန် မျှော်မှန်းဆောင်ရွက်လျက်ရှိ။
- ❑ မြန်မာနိုင်ငံ၌ ၁၉၉၉ ခုနှစ် နိုဝင်ဘာလတွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် နားလည်မှုသဘောတူစာချွန်လွှာချုပ်ဆိုကာ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလမှ ယခုအချိန်အထိ မသန်စွမ်းသူများကို ပံ့ပိုးကူညီခြင်းနှင့် အသက်မွေးမှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းကို ဆောင်ရွက်လျက်ရှိ။
- ❑ နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး ၂၀၀၈ ခုနှစ် မေလ ၉ ရက်မှစတင်၍ မုန်တိုင်းသင့်ဒေသများ၌ အရေးပေါ်အကူအညီပေးရေး စီမံချက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ ပြည်သူလူထုအခြေပြု ပြန်လည်ထူ ထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိ။
- ❑ AAR Japan ၏အကြီးအကဲမှာ Mis. Yukika Sohma ဖြစ်ပြီး နိုင်ငံပေါင်း ၁၀ နိုင်ငံတွင် ရုံးခွဲများဖွင့်လှစ်ဆောင်ရွက် လျက်ရှိ။
- ❑ မြန်မာဝန်ထမ်းအကြီးအကဲမှာ ဒေါ်နှင်းဝါဝါဝင်းဖြစ်ပြီး မြန်မာနိုင်ငံရုံးခွဲတွင် ဝန်ထမ်းပေါင်း ၂၀ ဦးဖြင့် မသန်စွမ်းသူ များအား သက်မွေးလုပ်ငန်းပညာသင်ရန် (စက်ချုပ်/ဆံသ) ပို့ချပေးခြင်း၊ လူမှုရေးပညာသင်တန်းပေးခြင်း၊ ချေးငွေထုတ် ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်း၊ မသန်စွမ်းကလေးငယ်များ၏ အနာဂတ်အစီအစဉ်အတွက် ပံ့ပိုးပေး ခြင်းနှင့် လူထုအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးတွဲလုပ်ဆောင်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိ။
- ❑ စက်ချုပ်နှင့် ဆံသသင်တန်းများကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ပေးခဲ့ရာ မသန်စွမ်းသူ ၇၇၃ ဦး သင်တန်းဆင်း ခဲ့ပြီးဖြစ်။ ဆံသသင်တန်းဆင်းပြီးပါက ဆံသလုပ်ငန်းနှင့်ပတ်သက်သည့် ပစ္စည်း ၁၂ မျိုးကို အခမဲ့ပေးအပ်ပြီး စက်ချုပ် သင်တန်းဆင်းသူများအတွက် သင်တန်းကာလတစ်လျှောက် မိမိတို့ချုပ်လုပ်ခဲ့သည့် အဝတ်အထည်များနှင့် အပ်ချုပ်လုပ် ငန်းနှင့်ပတ်သက်သည့် စက်ပစ္စည်းများအတွက် စရိတ်မျှပေး အရစ်ကျစနစ်ဖြင့် ကူညီထောက်ပံ့။ အဆိုပါသင်တန်းများကို တစ်နှစ်လျှင်သုံးကြိမ် ဖွင့်လှစ်ပေးလျက်ရှိပြီး ၂၀၁၀ ခုနှစ်တွင် ကွန်ပျူတာသင်တန်းကိုပါ တိုးချဲ့ဖွင့်လှစ်သွားနိုင်ရန်စီစဉ်နေ။
- ❑ လူမှုဝန်ထမ်းဦးစီးဌာန၊ ဗဒင်မသန်စွမ်းသူများပြုစုရာရိပ်မြုံနှင့် မသန်စွမ်းသူများဘဝမြှင့်တင်ရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး မသန်စွမ်းသူများ အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ။
- ❑ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

  ဒေါ်နှင်းဝါဝါဝင်း (အစီအစဉ်မန်နေဂျာ)

  AAR Japan

  အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၆၆၁၀၇၁၂

  Website: www.aarjapan.gr.jp

  E-mail: aarmyanmar@gmail.com, aarjapan@myanmar.com.mm

www.foreverspace.com.mm


# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၇၂ | ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ

## Google News Timeline ကို ဘယ်လိုသုံးမယ်

Google က ဒီနှစ်ထဲမှာ စတင်မိတ်ဆက်ပေးလိုက်တဲ့ Google News Timeline က စိတ်ဝင်စားစရာကောင်းတဲ့ လုပ်ဆောင်မှုတစ်ခုပါ။ အဲဒါကို သမိုင်းဝင်အဖြစ်အပျက်တွေ၊ လက်ရှိဖြစ်နေတဲ့ သတင်းအခြေအနေတွေ၊ အသစ်ထုတ်လုပ်တဲ့ ရုပ်ရှင်ကားတွေ စတဲ့ကိစ္စတစ်ခုချင်းစီအတွက် ဆင့်ကဲဖြစ်စဉ်နဲ့ ဖော်ပြပေးစေလိုတဲ့အခါ အသုံးပြုနိုင်မှာပါ။

ဥပမာ–အိန္ဒိယ–ပါကစ္စတန်အရေးကိစ္စ အခုရက်ပိုင်းမှာရော အရင်ကရော ဘာတွေဘယ်လိုဖြစ်သွားသလဲဆိုတာမျိုးကို ဆင့်ကဲဖြစ်စဉ်နဲ့ သိချင်တယ်ဆိုပါစို့။ အဲဒါဆိုရင် ပထမဆုံး www. newstimeline.googlelabs.com ကို သွားပါ။ ပြီးရင် ကိုယ်ရှာချင်တဲ့အကြောင်းအရာကို Search Box ထဲ ရိုက်ထည့်။ ပြီးရင် ကိုယ်ရှာချင်တဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး ပြန်ဖော်ပြပေးစေလိုတာက သတင်းဆိုရင် News၊ ကိုယ်ရှာချင်တာနဲ့ပတ်သက်ပြီး နိုင်ငံတကာက ပြောစကား၊ မှတ်ချက်တွေ သိချင်ရင် Quote စတဲ့ ပြန်ဖော်ပြပေးစေလိုတဲ့ပုံစံတစ်မျိုးမျိုးကို ရွေးပေးလိုက်ရမှာပါ။ ဒါဆိုရင် ခုနကအဖြစ်အပျက်နဲ့ ပတ်သက်သမျှကို နိုင်ငံတကာသတင်းစာတွေ၊ မီဒီယာတွေမှာ ရက်အလိုက်၊ လအလိုက်၊ နှစ်အလိုက် ဘယ်လိုဖော်ပြခဲ့ကြတယ်ဆိုတာကို ကြည့်လို့ရပါပြီ။ အဲလိုဖော်ပြတဲ့အခါ ရေးသားတဲ့သတင်းစာတွေ၊ မီဒီယာတွေရဲ့ နာမည်တွေကိုပါတွဲပြီး ဖော်ပြလို့ ကိုယ်ကြိုက်နှစ်သက်တဲ့သတင်းစာက သတင်းတွေကိုပဲ ရွေးဖတ်ချင်သူတွေအတွက်လည်း အဆင်ပြေမှာပါ။ ခုနကလို ဖော်ပြစေလိုတဲ့အခါ ရက်အလိုက်၊ လအလိုက် စတာမျိုးကိုလည်း ထပ်ပြီးရွေးချယ်ဖော်ပြခိုင်းလို့ ရပါသေးတယ်။



နောက်ထပ် ဥပမာတစ်ခုကတော့ Time Magazine ကို ရှာချင်တယ်ဆိုရင် Search Box ထဲမှာ Time ကိုထည့်၊ ဖော်ပြစေလိုတဲ့အမျိုးအစားက Magazine ကိုရွေး၊ ဒါဆိုရင် Time Magazine ကို ထုတ်ဝေခဲ့တဲ့ ရက်စွဲအတိုင်း အစဉ်လိုက်ပုံတွေနဲ့တကွ ဖော်ပြပေးမှာဖြစ်လို့ ကိုယ်ရှာချင်တာတွေကို ဆင့်ကဲရက်စွဲတွေနဲ့ အလွယ်တကူပြန်ရှာလို့ရတဲ့ နည်းလမ်းတစ်ခုဖြစ်လို့ လမ်းညွှန်ဖော်ပြလိုက်ပါတယ်။

www.foreverspace.com.mm

# နေပြည်တော်က အမေရိကန်ဗွီးရှင်း မျက်မှန်ဆိုင်

မျက်စိမှုန်နေသူတွေ၊ မျက်မှန်ပါဝါ ထပ်တက်သွားသူတွေအတွက် ခေတ်ပေါ် မျက်မှန်ကိုင်းလှလှလေးတွေကို ဝယ်ယူတပ်ဆင်နိုင်မယ့် နေပြည်တော်မှာဖွင့်လှစ်ထားတဲ့ အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်ခွဲပါ။ ဒီဆိုင်မှာမျက်မှန်ကိုင်းအမျိုးမျိုး၊ မျက်မှန်အမျိုးမျိုး၊ မျက်ကပ်မှန်အမျိုးမျိုးနဲ့ နေကာမျက်မှန်တွေကို ရန်ကုန်မြို့တော်က အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်များနည်းတူ ရောင်းချပေးနေတယ်လို့ ဆိုပါတယ်။ နေပြည်တော်မှာနေထိုင်သူလူဦးရေရဲ့ တစ်ဝက်ကျော်ကျော်လောက်က ကျေးလက်နေသူတွေဖြစ်ပေမယ့် တဖြည်းဖြည်းဖွံ့ဖြိုးလာတဲ့နေရာဒေသဖြစ်လာတာမို့ ခေတ်နဲ့အညီလိုက်လျောညီထွေဖြစ်လိုသူ လူကြီးလူငယ်မရွေးအတွက် ကျသင့်မယ့်စျေးနှုန်းကို ကြိုတင်စုံစမ်းနိုင်အောင် လိပ်စာနဲ့ဖုန်းနံပါတ်ကို ဖော်ပြပေးလိုက်တာပါ။

**အမေရိကန်ဗွီးရှင်း**

အမှတ်(၉၅)၊ သီရိရတနာစျေး၊
နေပြည်တော်။
ဖုန်း-၀၆၇-၄၂၀၉၈၉

# စားသောက်ဆိုင်သစ်

- **ဗဟိုမင်းအအေးနှင့်စားဖွယ်စုံ**
  ပန်းခြံလမ်းနှင့် စမ်းချောင်းလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  (၂၄ နာရီဖွင့်သည်)
- **Mr.Moon**
  မေခအိမ်ရာရှေ့၊ လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။




# ကွန်ပျူတာသင်ခန်းစာတွေ လေ့လာနိုင်မယ့်နေရာ

ဒီတစ်လမှာတော့ ကွန်ပျူတာနဲ့ပတ်သက်သမျှ သင်ခန်းစာ တော်တော်များများကို တစ်နေရာတည်းမှာ ဝင်ရောက်လေ့လာနိုင်မယ့် Website ကို လမ်းညွှန်လိုက်ပါတယ်။ အဲဒါကတော့ www.homeandlearn.co.uk ဖြစ်ပါတယ်။ ကိုယ်တိုင်ဖတ်ရှုလေ့လာသင်ယူတာကို အားသန်တဲ့ self-study သမားတွေအတွက် အားကိုးလို့ရတဲ့ Website တစ်ခုပါ။

အဲဒီ Website ဟာ ကွန်ပျူတာကို ဘာမှမသိသေးလို့ အခြေခံကနေ စပြီးလေ့လာရမယ့်သူတွေရော၊ အခြေခံတတ်ပြီးလို့ ကွန်ပျူတာနဲ့ပတ်သက်တဲ့ ဘာသာရပ်တစ်ခုခုကို ထပ်ပြီးလေ့လာလိုသူတွေရော အသုံးဝင်မယ့် Website ပါ။ ဝင်ရောက်သင်ယူနိုင်မယ့်ဘာသာရပ်ခွဲတွေအများကြီးရှိတဲ့အထဲကနေပြီး တူရာစုပြီး ခေါင်းစဉ်ကြီးတွေခွဲပေးထားပါတယ်။ အဲဒါတွေကတော့-

၁။ Beginners Computing
၂။ Microsoft Word
၃။ Microsoft Excel
၄။ Web Design
၅။ Javascript Tutorials
၆။ Visual Basic. NET
၇။ Visual C#.NET နဲ့
၈။ Beginners PHP တို့ဖြစ်ပါတယ်။

Beginners Computing တို့၊ Web Design တို့ကို ဝင်ရောက်ဖတ်ရှုတာနဲ့တင် တော်တော်များများဖတ်ကြည့်ပြီး လိုက်လုပ်လေ့ကျင့်ရမှာတွေ အများကြီးရှိတာမို့ သေသေချာချာတစ်ခုချင်းလိုက်လုပ်ကြည့်ပြီး ဆရာလွတ်သင်ယူနိုင်မယ့် Website လို့ ဆိုပါရစေ။ ဒါ့အပြင် ဒီ Website ကိုဖတ်ကြည့်ရင်းနဲ့ ဘာသာရပ်ခွဲတစ်ခုချင်းစီကို စိတ်ဝင်စားလို့ ဒီ Website မှာပါတဲ့သင်ကြားတဲ့ပုံစံအပြင် တခြားနည်းတွေနဲ့ပါလေ့လာချင်ရင်တော့ ကိုယ်လုပ်တဲ့သင်ခန်းစာတွေကို မှန်၏ မမှန်၏ တုံ့ပြန်တဲ့ Interactive သင်ခန်းစာတွေပါတဲ့ CD တွေကိုလည်း ထပ်ပြီး ဘာသာရပ်ခွဲအလိုက် ပူးတွဲဝယ်ယူလေ့လာလို့ရပါတယ်လို့ဆိုတာကြောင့် ဖော်ပြပေးလိုက်ပါတယ်။

www.foreverspace.com.mm

# နေပြည်တော်ပျဉ်းမနားက တည်းခိုနိုင်မယ့်နေရာတချို့

နေပြည်တော်ရဲ့ မြို့နယ်လေးမြို့နယ်ထဲက လူနေထူထပ်ပြီး စီးပွားရေးလုပ်ငန်းအများအပြားရှိတာနဲ့အမျှ စည်ကားလှတဲ့ နေပြည်တော် ပျဉ်းမနားမြို့နယ်က တည်းခိုခန်းတချို့ကို အလုပ်ကိစ္စကြောင့် ခေတ္တလာရောက်တဲ့သူတွေ ဒါမှမဟုတ် အေးအေးဆေးဆေးအနားယူလိုသူတွေအတွက် ဖော်ပြပေးလိုက်ပါတယ်။ တည်းခိုခန်းခအဖြစ် အဲကွန်းပါတာ၊ မပါတာပေါ်မူတည်ပြီး တစ်ယောက်ခန်းက ကျပ် ၃၀၀၀ ကနေ တစ်သောင်းနီးပါးထိနဲ့ နှစ်ယောက်ခန်းကလည်း ကျပ် ၆၀၀၀ ကနေ ကျပ် ၃၀၀၀၀ ဝန်းကျင်ထိရှိတယ်လို့သိရပါတယ်။ ဒါ့အပြင် တချို့တည်းခိုခန်းတွေက နံနက်စာပါစီစဉ်ပေးတာမို့ ရရှိနိုင်မယ့် ဝန်ဆောင်မှုနဲ့ကျသင့်မယ့် အခကြေးငွေအတွက် သေသေချာချာစုံစမ်းဖို့တော့လိုမယ်နော်။

❑ **အောင်ချမ်းသာ**
အမှတ်(၄/၆)၊ ဗိုလ်ချုပ်လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော် ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၁၂၀၁

❑ **မြပုဝါ**
အမှတ် (၁၀/၃)၊ ဘူတာရုံလမ်း၊ ရန်အောင် (၂) ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၁၈၉၆

❑ **မြင့်မြတ်**
အမှတ် (၈/၈၉)၊ ဦးရာဇတ်လမ်း၊ နေပြည်တော် ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၂၅၅၆

❑ **သုခမြိုင်**
အမှတ် (၁၃/၇)၊ ဗိုလ်ချုပ်လမ်း၊ နေပြည်တော် ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၃၁၃၁

❑ **ရွှေသရဖူ**
အမှတ် (၁၅/၆၁)၊ ဗိုလ်တာရာလမ်း၊ နေပြည်တော် ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၁၁၈၆

❑ **Zar Zar Inn**
အမှတ် (၉/၄)၊ ဘရာလမ်း၊ ရန်အောင် (၂) ရပ်ကွက်၊ နေပြည်တော် ပျဉ်းနားမြို့။ ဖုန်း–၀၆၇–၂၁၂၉၂

❑ **ပျဉ်းမနား**
အမှတ်(၃/၁)၊ ဗိုလ်ချုပ်လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော် ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၁၂၈၃

❑ **ရွှေတောင်**
အမှတ်(၃/၆၀)၊ (၇)လမ်း၊ မင်္ဂလာရပ်ကွက်၊ နေပြည်တော် ၊ ပျဉ်းမနားမြို့။ ဖုန်း–၀၆၇–၂၁၉၁၆



www.foreverspace.com.mm



# သန့်ရှင်းရေးအတွက် စိတ်ချရတဲ့ဝန်ဆောင်မှု

နေထိုင်တဲ့အိမ်ခန်းနဲ့အနီးပတ်ဝန်းကျင်၊ အလုပ်လုပ်တဲ့နေရာပတ်ဝန်းကျင်လေးရဲ့ သန့်ရှင်းမှုဟာ ကျန်းမာရေးရှုထောင့်ကပဲကြည့်ကြည့်၊ စိတ်ကြည်လင်စေတယ်ဆိုတဲ့ရှုထောင့်ကပဲကြည့်ကြည့်၊ လူအမြင်တင့်တယ်စေတယ်ဆိုတဲ့ ရှုထောင့်ကပဲကြည့်ကြည့် အမြဲတမ်းဆောင်ရွက်နေသင့်တဲ့လုပ်ငန်းတစ်ခုပါ။ ဒါပေမဲ့ အိမ်ရှိလူကုန်နီးပါး အပြင်ထွက်ပြီးအလုပ်လုပ်နေရတဲ့မိသားစုတွေ၊ သန့်ရှင်းရေးကိုအလေးထားတဲ့ စားသောက်ဆိုင်တွေ၊ သန့်ရှင်းရေးဝန်ထမ်းသတ်သတ်မထားရှိတဲ့လုပ်ငန်းတွေ စတာတွေအတွက် စိတ်ချရတဲ့ဝန်ထမ်းတွေနဲ့ သန့်ရှင်းရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးနေတဲ့နေရာတစ်ခုကို လမ်းညွှန်ပေးချင်ပါတယ်။ အိမ်ခန်းတွေရဲ့အပြင်မှာကပ်နေတတ်တဲ့ ရေညှိရေမှော်တွေကိုပါမကျန် သန့်ရှင်းပေးနေတယ်လို့လည်း ဆိုထားပါသေးတယ်။ ရှင်းလင်းပေးရမယ့်နေရာအနေအထားကိုလိုက်ပြီး ဝန်ဆောင်ခနှုန်းထားကျသင့်မှာဖြစ်တဲ့အတွက် ဖုန်းနဲ့အရင်ဆက်ပြီး စုံစမ်းမေးမြန်းမယ်ဆိုရင် ပိုပြီးအဆင်ပြေပါလိမ့်မယ်။

ဆက်သွယ်မေးမြန်းရမယ့်လိပ်စာကတော့ –

Lin High Power Services Ltd. (Office & Domestic Cleaning Services)

အမှတ်–၃၀၊ ပထမထပ် (ယာ)၊ ၉၄ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၄၀၄၁၊ ၀၉–၅၀၀၂၄၆၇

# နေရာပြောင်း ၊ လိပ်စာသစ်

- **အာကာအီလက်ထရွန်နစ်အရောင်းခန်းမ**
  အမှတ်–၁၇၅၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၆၉၄၇
- **Golden Crown Engineering Business Training Centre**
  အမှတ်–၁၅၀၊ အခန်း–၂၆ (တတိယထပ်)၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Banyan Executive Reflexology**
  အမှတ်–၉၄/ A၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၆၀၂၇
- **Neo Tech Digital Village**
  အမှတ်–၁၁၅၊ ဆိပ်ကမ်းသာလမ်း (အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၈၁၉၉၊ ၇၁၀၇၅၂၊ ၃၇၃၄၄၆
- **Similar Mobile**
  အမှတ်–၂၂၄၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၃၉၉၀
- **Prime-Boss Company Limited.**
  အမှတ်–G-7၊ MGW Tower၊ ဗိုလ်အောင်ကျော် (အောက်) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၆၅၀၈၊ ၂၅၆၅၀၉၊ ၂၅၆၆၄၄
- **ဖြိုးနဲ့မင်းရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေး**
  အမှတ်–၂၄၁(မြေညီထပ်)၊ ၃၆ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



www.foreverspace.com.mm



# ခရီးသွားဖို့ ကားငှားမယ်

အခုလိုပွင့်လင်းရာသီမှာ မိသားစုလိုက် အပန်းဖြေခရီးထွက်ဖို့အတွက်ပဲဖြစ်ဖြစ်၊ ကုမ္ပဏီဝန်ထမ်းတွေအတွက် အပန်းဖြေခရီးစဉ်တွေကို စီစဉ်တဲ့အခါပဲဖြစ်ဖြစ် အသုံးလိုမယ့်ကားအငှားဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ လိပ်စာတချို့ကို တတ်နိုင်သလောက် စုစည်းပေးထားပါတယ်။ မိသားစုလိုက်ခရီးထွက်မယ်ဆိုရင် လိုင်းကားနဲ့သွားတာထက် ကုန်ကျစရိတ်ပိုတာမှန်ပေမယ့် သက်သောင့်သက်သာရှိမှု၊ ကိုယ်နားချင်တဲ့အချိန်၊ နားချင်တဲ့နေရာမှာနားပြီး အချိန်ပြည့်လိုသလို အသုံးပြုနိုင်တာကြောင့် ကားစီးလုံးငှားသွားတာက စိတ်ကျေနပ်မှုပိုပြီးရရှိစေနိုင်မယ်လို့ ထင်ပါတယ်။ ကုမ္ပဏီဝန်ထမ်းတွေရဲ့အပန်းဖြေခရီးစဉ်အတွက်ဆိုရင်တော့ ကားဘယ်မှာငှားရမလဲဆိုတဲ့မေးခွန်းအတွက် ခေါင်းရှုပ်ခံပြီး လိုက်ရှာနေစရာမလိုအောင် တစ်နေရာတည်းမှာ စုစည်းဖော်ပြထားပါတယ်။ ကားအမျိုးအစားအလိုက် ဈေးနှုန်းကလည်း အမျိုးမျိုးရှိတာကို တွေ့ရပါတယ်။ ဖုန်းနဲ့အရင်ဆုံးဆက်သွယ်မေးမြန်းပြီးမှ စုံစမ်းတာက ပိုပြီးအဆင်ပြေနိုင်သလို ရွေးချယ်စရာလည်း ပိုများသွားတာပေါ့။

- **ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်**
  ပါရမီလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၄၀၇၇၈၊ ၆၄၀၇၈၈၊ ၆၄၅၆၃၅၊ ၆၄၅၆၃၆၊ ၅၇၀၀၈၈၊ ၅၇၃၂၅၇၊ ၅၆၁၀၅၈
- **Top**
  အမှတ်–၁၅၃၊ ဒုတိယထပ်၊ လမ်း–၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၃၃၆၃၊ ၇၀၅၈၇၇၊ ၀၉–၅၁၁၀၅၉၈
  Email:acetop@mail4u.com.mm
- **KIS**
  ဖုန်း–၂၄၃၂၉၄၊ ၄၄၁၂၈၁၊ ၀၉–၅၀၀၂၄၄၀၊ ၀၉–၅၁၃၄၇၇၈
- **Royal Arrow**
  အမှတ်–၉၇ (B)၊ တတိယထပ် (ညာ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၁၁၄၈၅၊ ၂၂၂၉၃
  ဖက်စ်–၂၁၂၁၉၃
- **ဂန္ဓဝင်**
  အမှတ်–၈၆/ A၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၀၈၂၂၊ ၅၅၆၉၄၆၊ ၀၉–၅၀၀၉၁၂၂
- **တော်ဝင်နှင်းဆီ**
  အမှတ်–၉၈၊ ဒုတိယထပ်၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၀၁၈၃၊ ၃၉၂၀၈၆၊ ၀၉–၅၁၁၇၈၆၁
- **ampm**
  အမှတ်–၁၅ (C)၊ တတိယထပ်၊ ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ Yuzana Tower၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၁၀၂၀၊ ၀၉–၅၁၅၁၉၆၅
- **မင်းမင်း**
  အခန်း–၁၀၀၁၊ ၁၀ ထပ်၊ အိုလံပစ်တာဝါ II၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၀၁၈၇၅၄၊ ၀၉–၉၉၂၇၅၁၅၊ ၂၁၁၄၄၅
- **Royal Rose Co., Ltd.**
  အမှတ်–၉၈၊ ဒုတိယထပ်၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၀၁၈၃၊ ၃၉၂၀၈၆၊ ၀၉–၅၁၁၇၈၆၁
- **SM Tours & Transport Co., Ltd.**
  အမှတ်–၈၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၅၇၇၄~၆၊ ၂၂၇၁၃၃၊ ၂၂၃၇၈၁၊ ၂၂၈၇၈၉
- **Bagan Princess Int' & Tourism Co., Ltd.**
  အမှတ်–၃၃၇၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၃၇၂၆၊ ၃၈၁၀၈၉
- **Venus Group**
  အမှတ်–၅၆၊ သြဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၂၀၃၁၊ ၅၄၀၆၅၅၊ ၀၉–၅၁၃၁၁၄၉
- **Special Trip Travels**
  အမှတ်–၄၈၂၊ ပထမထပ်၊ ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၁၀၆၅၆၊ ၀၉–၅၁၉၇၃၈၀
- **Super Car Rental**
  ဖုန်း–၃၉၄၀၅၃၊ ၀၉–၅၁၅၉၆၆၂
- **ဟိန်း**
  အမှတ်–၁၂၊ ဒုတိယထပ် (ညာ)၊ ၁၃၃ လမ်း၊ မအူကုန်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၃၁၅၉၊ ၂၀၁၄၄၆၊ ၀၉–၅၁၆၀၀၄၈
- **Golden Hope**
  အမှတ်–၂၂၂၊ လမ်း ၅၀ (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၀၀၂၇၆၊ ၇၀၃၂၂၀
- **ကိုညာ**
  အမှတ်–၅၄၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ နတ်ချောင်းရပ်ကွက်၊

www.foreverspace.com.mm

တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၅၁၆၄၉၊ ၀၉-၅၀၇၈၄၄၀

❑ **ရှိုင်း**
ဖုန်း-၀၉-၅၁၀၆၃၄၈

❑ **မိတ်ကောင်း**
ဖုန်း-၇၀၇၇၉၆၊ ၀၉-၅၀၀၅၀၁၁၊ ၀၉-၅၁၀၄၂၇၉

❑ **မျိုး**
အမှတ်-၁၂၄၊ ပထမထပ်၊ ၄၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။
ဖုန်း-၃၈၀၁၆၄၊ ၀၉-၅၀၁၇၀၈၈၊ ၀၉-၉၉၇၀၁၀၈

❑ **Lucky Nine**
ဖုန်း-၀၉-၅၁၂၃၉၇၂

❑ **ဆုံသစ္စာ**
ဖုန်း-၀၉-၅၅၀၄၆၆၇၊ ၀၉-၂၀၄၅၆၀၆

❑ **Beauty Land Travel**
ဖုန်း-၂၅၃၀၇၉၊ ၀၉-၅၁၉၀၉၁၆

❑ **Ruby**
ဖုန်း-၅၀၃၁၇၆၊ ၇၂၅၃၁၇

❑ **Real Joy**
အမှတ်-၆၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
ဖုန်း-၀၉-၅၀၁၈၃၄၉၊ ၂၉၄၀၆၉။ ၂၀၂၆၇၈၊ ၅၈၀၂၉၇

❑ **Nay Pyi Taw Taxi & Car Rental Service**
အမှတ်-၁၊ ရွာမကွေ့၊ ဘုရင့်နောင်လမ်း၊ (၂) ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၀၀၁၂၃၊ ၅၁၃၀၀၉၊ ၅၃၀၆၀၁-၄၊ ၅၀၁၆၇၇-၈
ဖက်စ်-၅၂၄၀၁၆၊ ၅၂၇၇၉၈

❑ **Diamond New**
အမှတ်-၇၉၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၂၄၇၅၁၊ ၂၂၃၂၅၄၊ ၀၉-၅၀၀၇၂၈၁၊
၀၉-၅၁၅၉၇၃၁၊ ၀၉-၈၅၅၂၈၆၁

❑ **Asia Route Car Rental**
အခန်း-၁၊ တိုက်-၁၂၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊
ဗဟန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း-၅၀၂၇၅၆၊ ၅၅၃၆၄၄ (လိုင်းခွဲ-၅၇၈)၊ ၀၉-၅၁၂၀၀၁၀

❑ **မြသက်ချယ်**
တိုက်-၁၁၁၊ ရန်ကုန်-အင်းစိန်လမ်း၊ ဆင်ရေတွင်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၅၁၈၈၀၆၂ ■



## မလေးရှားက ပညာဒါနသင်တန်းကျောင်း

အကြောင်းအမျိုးမျိုးနဲ့ မလေးရှားနိုင်ငံကိုရောက်ရှိနေကြတဲ့ မြန်မာလူငယ်တွေအတွက် အားကိုးအားထားစရာ ပညာဒါနသင်တန်းကျောင်းတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ မလေးရှားရောက် မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပညာရှင်တွေရဲ့ပံ့ပိုးမှုနဲ့ ညောင်ကန်အေးသာသနာ့ရိပ်သာ ပုညဝပနအသင်းက တာဝန်ယူဖွင့်လှစ်ထားတာဖြစ်ပြီး လူကြီးလူငယ်၊ လူမျိုးဘာသာမရွေး အခမဲ့တက်ရောက်ဆည်းပူးနိုင်တယ်လို့ သိရပါတယ်။

အဲဒီသင်တန်းမှာ တစ်ဦးလျှင် ကွန်ပျူတာတစ်လုံးကျစီနဲ့ ကွန်ပျူတာအခြေခံသင်တန်းအပြင် အင်္ဂလိပ်၊ တရုတ်နဲ့ မလေးရှားဘာသာစကား သုံးလသင်တန်းတွေကို မလေးရှားနိုင်ငံတက္ကသိုလ်အသီးသီးက မြန်မာပါမောက္ခ၊ ဆရာ/ဆရာမတွေ၊ မြန်မာဝန်ထမ်းတွေနဲ့ မလေးရှားနိုင်ငံသား စေတနာ့ဝန်ထမ်းဆရာ၊ ဆရာမတွေက အချိန်ပိုင်း ပညာဒါန လာရောက်ပို့ချသင်ကြားလျက် ရှိပါတယ်။

ဒါ့အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူငယ်တွေ ဘာသာရေးနဲ့မကင်းကွာရအောင်လို့ ဗုဒ္ဓဘာသာသင်တန်းကိုပါ ဖွင့်လှစ်ပေးပြီး နှစ်နှစ်လျှင်တစ်ကြိမ် ရှင်ပြုရဟန်းခံပူဇော်ပွဲကိုပါ ကျင်းပပြုလုပ်ပေးပါတယ်။ မြန်မာတွေအတွက် မြန်မာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအနေနဲ့ စားဝတ်နေရေးအခက်အခဲကြုံတွေ့နေသူများကိုပါ အဆင်ပြေအောင်စီစဉ်ပေးတယ်လို့ ဆိုပါတယ်။ လူကြီးတွေအတွက် တရားရိပ်သာအနေနဲ့သာမက လူငယ်တွေအတွက် ပညာရှာမှီးရာနေရာတစ်ခုအနေနဲ့ပါ ပံ့ပိုးဖြည့်ဆည်းပေးသွားမယ်လို့ သိရပါတယ်။

လိပ်စာ- မြန်မာ့အားမာန်ပညာရေး လေ့ကျင့်သင်တန်းကျောင်း၊ မဟာစည်သြဝါဒခံညောင်ကန်အေး သာသနာ့ရိပ်သာ၊ ကူချိုင်းလားမား၊ ကွာလာလမ်ပူမြို့၊ မလေးရှားနိုင်ငံ။
ဖုန်း-၀၀၆-၁၄၆၆၄၆၈၄၅၊ ၀၀၆-၀၃၇၉၈၃၈၈
Email:ashin.nandavamsa@gmail.com

www.foreverspace.com.mm

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ

ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဒေသခံဖွံ့ဖြိုးရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂလက်အောက်ရှိအဖွဲ့အစည်း အေဂျင်စီများနှင့် ယင်းတို့၏ ဆက်သွယ်ရန်လိပ်စာများကို စုစည်းဖော်ပြလိုက်ပါသည်။

- **UN Resident Coordinator Office**
  အမှတ်-၆၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၄၂၉၁၀~၁၉၊ ၆၄၁၆၇၂၊ ၆၄၁၆၇၃၊ ဖက်စ်-၅၄၄၅၃၁

- **Food and Agriculture Organization (FAO)**
  **ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့**
  မျိုးစေ့ဌာနခွဲဝင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ အင်းစိန်လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၄၁၆၇၂၊ ၆၄၁၆၇၃၊ ဖက်စ်-၆၄၁၅၆၁
  E-mail: FAO-MMR@fao.org

- **International Labour Organization (ILO)**
  **အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့**
  ကုန်သည်ကြီးများဟိုတယ်၊ (၁၂) ထပ်၊ အမှတ်-၂၂၃၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၂၉၄၃၊ ၂၄၂၈၁၁၊ ဖက်စ်-၂၄၂၅၉၄
  E-mail: registry.ilomm@undp.org

- **International Organization for Migration (IOM)**
  **နိုင်ငံတကာလူကုန်ကူးမှုတားဆီးရေးအဖွဲ့**
  ကုန်သည်ကြီးများဟိုတယ်၊ (၁၂) ထပ်၊ အမှတ်-၂၂၃၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၂၈၂၈ Ext-၁၂၀၆၊ ၁၂၀၈၊ ၁၂၁၀
  E-mail: iomyangon@iom-int

- **UNAIDS Myanmar**
  ကုန်သည်ကြီးများဟိုတယ်၊ (၁၂) ထပ်၊ အမှတ်-၂၂၃၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၅၂၃၆၁၊ ၂၅၂၃၆၂၊ ၂၅၂၄၉၈ (ဖက်စ်-၂၅၂၃၆၄)

- **United Nations Children's Fund (UNICEF - Myanmar)**
  **ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့**
  ကုန်သည်ကြီးများဟိုတယ်၊ ၁၄ ထပ်နှင့် ၁၅ ထပ်၊ အမှတ်-၂၂၃၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၅၅၂၇~၃၂၊ ၃၇၅၅၄၇~၅၀ (ဖက်စ်-၃၇၅၅၅၂)၊ E-mail: yangon@unicef.org

- **United Nations Development Programme (UNDP)**
  **ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်**
  အမှတ်-၆၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၄၂၉၁၀ ~ ၁၉၊ ၅၄၄၀၀၂၊ ၅၄၄၅၂၉၊
  ဖက်စ်-၅၄၄၅၃၁၊ ၅၄၅၆၃၄၊
  E-mail: registry.mm@undp.org
  Website: www.mm.undp.org

- **United Nations High Commissioner for Refugees (UNHCR)**
  **ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး**
  အမှတ်-၂၈၇၊ မြေနီကုန်း၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၄၂၀၂၂၊ ၅၂၄၀၂၄၊ ၅၂၄၀၂၅

www.foreverspace.com.mm

ဖက်စ် – ၅၂၄၀၃၁၊E-mail: myaya@gmail.unhcr.org

- **United Nations Inter Agency Project (UNIAP)**
  ကုန်သည်ကြီးများဟိုတယ်၊ (၁၂)ထပ်၊ အမှတ်–၂၂၃၊
  ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၄၈၅၂

- **United Nations Information Centre (UNIC)**
  **ကုလသမဂ္ဂပြန်ကြားရေးဌာန**
  အမှတ်–၆၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၂၆၂၂၊ ၂၉၂၆၁၉၊ ၅၄၂၉၁၀~၁၉၊ Ext-၁၁၀၊
  E-mail: unic.myanmar@undp.org

- **United Nations Office on Drugs and Crime (UNODC)**
  **ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး**
  အမှတ်–၁၁(A)၊ မေလိခလမ်း၊ (၇) ရပ်ကွက်၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၆၉၀၃၊ ၆၆၀၅၅၆၊ ၆၆၀၅၃၈၊ ၆၆၀၅၉၈
  ဖက်စ်–၆၅၁၃၃၄၊
  E-mail: info.myanmar@unodc.org

- **United Nations Population Fund (UNFPA)**
  **ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့**
  အမှတ်–၆၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၂၉၁၀~၁၉၊ ဖက်စ်–၅၄၆၀၂၉
  E-mail: myanmar.office@unfpa.org

- **World Food Programme (WFP)**
  **ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်**
  ဒူးဆစ်အင်းလျားလိတ်ဟိုတယ်(ဒုတိယထပ်)၊
  ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၂၈၆၁၊ ၆၆၂၆၂၉

- **World Health Organization (WHO)**
  **ကမ္ဘာ့ကျန်းမာရေးအဖွဲ့**
  ကုန်သည်ကြီးများဟိုတယ် (၁၂) ထပ်၊ အမှတ်–၂၂၃၊
  ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၁၉၃၂၊ ၂၄၁၉၃၃
  Website: www.whomyanmar.org

# မိသားစုအလိုက်၊ အဖွဲ့အလိုက် ခရီးသွားမယ်ဆိုရင်

မိုးရာသီကုန်ဆုံးလို့ ခရီးသွားလို့ကောင်းတဲ့အချိန်မှာ ခရီးထွက်ဖို့ပြင်ဆင်နေတဲ့သူငယ်ချင်းတွေအတွက် ပြည့်ဖြိုးကြွယ် ခရီးသွားပို့ဆောင်ရေးလုပ်ငန်းအသစ်နဲ့မိတ်ဆက်ပေးချင်ပါတယ်။ ကိုယ့်မိသားစုနဲ့ပဲဖြစ်ဖြစ်၊ ကိုယ့်သူငယ်ချင်းတွေနဲ့ တပျော်တပါးသွားဖို့ပဲဖြစ်ဖြစ် စုစုဝေးဝေးသွားချင်သူတွေအတွက် အဆင်ပြေစေဖို့ ကားစီးလုံးသီးသန့်စီစဉ်ပေးမှာ ဖြစ်ပါတယ်။ စိတ်ဝင်စားတယ်ဆိုရင်– ဖုန်းအမှတ်–၅၈၆၃၁၃၊ ၀၉–၅၁၇၄၁၆၄၊ (၁၂) အခန်း (၁၈) ဆောင်းဟေမန်အိမ်ရာ၊ (၃၀) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်။ ထားဝယ်မြို့မှာဆိုရင် အမှတ်–၅၀၊ အာဇာနည်လမ်း၊ ဖုန်းနံပါတ်–၀၉–၈၇၄၀၇၅၃၊ ၀၉–၈၇၄၂၁၂၉ ကို ဆက်သွယ်လို့ ရပါတယ်။

# အင်တာနက်အသုံးပြုနည်း အခမဲ့သင်တန်းပေးမယ့် Silver Moon Cyber Cafe

အင်တာနက်မသုံးတတ်သေးတဲ့သူတွေအတွက် အင်တာနက်အသုံးပြုနည်း၊ Searching၊ Wed Browsing၊ Private Security စတဲ့ အင်တာနက်သုံးစွဲသူတိုင်းသိသင့်တဲ့အချက်တွေကို ကြာသပတေးနေ့နဲ့ စနေနေ့တွေမှာ နံနက် ၈ နာရီမှ ၉ နာရီအထိသင်ပေးမှာဖြစ်ပါတယ်။ ကွန်ပျူတာအလုံးရေ ၂၂ လုံးရှိပြီး တစ်နာရီကိုသုံးရာကျပ်၊ Member ဝင်ရင်တော့ ၁၁ နာရီကို ၂၅၀၀ ကျပ်ပဲပေးရတော့ သုံးစွဲခလည်းသက်သာပါတယ်။ ဒီဆိုင်ကို စက်တင်ဘာလအတွင်းကမှ စတင်ဖွင့်တာဖြစ်ပါတယ်။ အင်တာနက်ချစ်သူတွေအတွက် ကုန်ကျစရိတ်လည်းသက်သာစေအောင်ညွှန်ပြပေးတာပါ။ လိပ်စာကတော့–အမှတ်–၃၁ (မြေညီထပ်)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်မှာပါ။

# အားကစားသင်တန်းတက်မလား

ပုဂ္ဂလိကအားကစားသင်တန်းကျောင်းတစ်ခုပါ။ ဘောလုံး၊ ကျွမ်းဘား၊ တင်းနစ်၊ စားပွဲတင်တင်းနစ်နဲ့ ဘတ်စကက်ဘောသင်တန်းတို့ကို အဓိကသင်ကြားပြသပေးပါတယ်။ သင်တန်းဆရာတွေထဲမှာ နိုင်ငံခြားသားသင်တန်းဆရာများလည်း သင်ကြားပေးတယ်လို့ ဆိုပါတယ်။

သင်တန်းကြေးများအနက် ကျွမ်းဘားတစ်ခုသာ ဒေါ်လာနဲ့ပေးသွင်းရမယ်လို့ ဆိုပါတယ်။ ဘောလုံး၊ တင်းနစ်သင်တန်းများကို အသက် ၁၈ နှစ်အရွယ်အထိ တက်ရောက်နိုင်ပြီး ကျန်သင်တန်းများမှာ အသက်ကန့်သတ်မှုရှိတယ်လို့ သိရပါတယ်။

သင်တန်းတက်ရောက်လိုလျှင်
**Hrizon Sports Academy**
၅/(အေ)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၁၇၉၅၊ ၅၄၃၉၂၆၊ ၅၄၁၀၈၅ ■

www.foreverspace.com.mm

# အကင်ဆိုင်များ

- **ရွှေလီအသားကင်ဆိုင်**
  - အမှတ်-၄၈၅၊ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၅၃၉၄
  - ကမ္ဘာအေးဘုရားလမ်းနှင့် သုခဝတီလမ်းထောင့်၊ မြကျွန်းသာနှင့်မျက်နှာချင်းဆိုင်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၇၈၉၁၂
  - အမှတ်-၁၀၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် နတ်မောက်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၅၅၈၈၁
- **ရွှေပန်ဆိုင်း**
  - အမှတ်-၄၉၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၅၄၉၇၇
  - အမှတ်-၁၊ ၂၊ ၃၊ ၄၊ ၅၊ လမ်း-၃၀၊ ၆၅× ၆၆ လမ်းထောင့်၊ မန္တလေး။ ဖုန်း-၀၂-၃၅၉၂၆
- **ရွှေနဂါး**
  အမှတ်-B/၁၁၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၀၆၈၂၄၁
- **MR.Bar B.Q**
  အမှတ်-၄၂၃၊ အောက်ကြည့်မြင်တိုင်လမ်း၊ သီတာရုပ်ရှင်ရုံအနီး၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၅၀၃၉၇၆၄၊ ၀၉-၅၁၂၆၄၄၆
- **STAR Queen**
  အမှတ်-3A၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၈၅၇၅၃၀၈၊ ၀၉-၅၁၆၆၇၁၇
- **အရသာ**
  အမှတ်-၅၁၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၅၆၈၂၂၊ ၀၉-၅၁၄၇၁၈၀
- **YAKINIKU**
  - အမှတ်-၃၅၇၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၄၇၃၈၊ ၀၉-၅၁၄၆၆၅၃
  - အမှတ်-၃၁၊ အောင်ဇေယျာလမ်း၊ ကျောက်ကုန်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၅၀၅၉၄၄၅၊ ၀၉-၅၁၇၀၁၂

# ကျောင်းသားရော အနုပညာရှင်ပါ ဝယ်လို့ရတဲ့ဆိုင်

ကျောင်းသားတစ်ယောက်လိုအပ်တဲ့ စာရေးကိရိယာတွေရော၊ ပန်းချီသင်ယူနေသူကျောင်းသားဝါသနာရှင်တွေ၊ အနုပညာရှင်တွေ ပါလိုအပ်တဲ့ ပန်းချီပစ္စည်းကိရိယာတွေ တစ်နေရာတည်းမှာ ရောင်းတဲ့ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ ဒီဆိုင်မှာ အင်ဂျင်နီယာတွေအတွက်လိုအပ်တဲ့ ပစ္စည်းကိရိယာအမျိုးမျိုးကိုလည်း ဝယ်ယူရရှိနိုင်မှာပါ။ မင်၊ စက္ကူနဲ့ စာရေးကိရိယာအမျိုးမျိုး၊ ပုံဆွဲရာမှာသုံးတဲ့ပစ္စည်းအမျိုးမျိုး၊ ပန်းချီဆွဲရာမှာသုံးတဲ့ခဲတံ၊ ပုံဆွဲမင်၊ Water Color, Oil Color, Pastel, Crayons, Acrylic, Charcoal တံဆိပ်အမျိုးမျိုးအသုံးပြုရမယ့် စုတ်တံ၊ စက္ကူ၊ ကင်းဗတ် စတာတွေအပြင် Art Book တွေလည်း တစ်နေရာတည်းမှာ ဝယ်ယူရရှိနိုင်ပါတယ်။

**ရွှေကျား**- စာရေးကိရိယာ၊ အင်ဂျင်နီယာသုံးနှင့် ပန်းချီပစ္စည်းအရောင်းဆိုင်၊ အမှတ်-၁၅၀၊ ၃၁ (အလယ်)၊ ရန်ကုန်မြို့။ ဖုန်း-၇၀၆၉၇၇၊ ၃၈၉၈၄၈၊ ၀၉-၅၁၃၆၇၀

# အုတ်ကြွပ်လှလှလေး မိုးမယ်ဆိုရင်

အိမ်လှလှလေးပေါ်မှာ အရောင်စိုစိုနဲ့ အုတ်ကြွပ်လှလှလေး မိုးချင်တဲ့သူတွေအတွက် Minyuan Ceramic Roofing Tiles အုတ်ကြွပ်ကလေးတွေနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ တရုတ်နိုင်ငံရဲ့ ကြွေထည်လုပ်ငန်းတွေမှာ အစဉ်အလာကြီးမားတဲ့ Fujian ပြည်နယ်ရဲ့ ထွက်ကုန် ဖြစ်ပါတယ်။ အရောင်ကြာရှည်ခံနိုင်ခြင်း၊ အနင်းခံနိုင်ပြီး ပေါ့ပါးတဲ့အုတ်ကြွပ်အမျိုးအစားဖြစ်တဲ့အပြင် ခိုင်ခံ့မှုမြင့်မားခြင်း၊ ရေစိမ့်ဝင်မှုလျော့နည်းခြင်း၊ ယိုစိမ့်မှုမရှိခြင်း၊ အရောင်အသွေး မပြောင်းလဲခြင်းတို့ကို အာမခံနိုင်ပါတယ်လို့ ဆိုပါတယ်။ အရောင်အမျိုးအစား ၄၀ လောက်ရှိတယ်ဆိုတော့ ကိုယ်နှစ်သက်တာ အများကြီးရွေးနိုင်တာပေါ့။

ဒါ့အပြင် ဒီနေရာမှာ အိမ်နံရံတွေ၊ အိမ်ခန်း၊ ရေချိုးခန်း၊ ကြမ်းခင်းတွေမှာ ဒီဇိုင်းမျိုးစုံ၊ အရောင်မျိုးစုံကျောက်ပြားလေးတွေခင်းချင်လို့ပဲဖြစ်ဖြစ်၊ အိမ်တွင်းအလှပြင်ချင်လို့ပဲဖြစ်ဖြစ် သုံးချင်တဲ့သူတွေအတွက် တရုတ်နိုင်ငံထုတ် မိုးစက်ကျောက်ပြား ဒီဇိုင်းအသစ်ကိုပါ ဝယ်ယူနိုင်ပါသေးတယ်။

ဒါ့ကြောင့် ဒီလိုအိမ်ဆောက်ပစ္စည်းအသုံးအဆောင်တွေကို ဝယ်ယူလိုတယ်ဆိုရင် Lin Po Show Room အမှတ်-၁၇၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်းအမှတ်-၅၄၃၈၁၆၊ ၅၄၅၈၈၃၊ ဆိုင်ခွဲအမှတ်-၁၈၄၊ မော်လမြိုင်လမ်း၊ တောင်ဒဂုံစက်မှု ဇုန် (၁)။ ဖုန်းအမှတ်-၅၉၅၀၇၁၊ ၅၉၅၁၆၇ မှာ ဝယ်ယူနိုင်ပါတယ်။

www.foreverspace.com.mm

# လုပ်ငန်းသစ်၊ ဆိုင်သစ်

- **Queen's Rose (ဆိုင်ခွဲ-၃)**
  IHBC ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။
- **MSC (Mandalay Specialist Centre)**
  အမှတ်-၉၁၊ ၃၁ လမ်း၊ ၇၄× ၇၅ လမ်းကြား၊ မန္တလေး။
  ဖုန်း-၀၂-၃၁၈၈၆၊ ၀၉-၂၀၂၀၃၃၃၊ ၀၉-၂၀၃၀၅၅၅
- **Ritzy Hair Design & Spa (Ladies Only)**
  အမှတ်-၂၆၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **7 CENTS Cosmetics Perfume**
  The Grand Meeyahta ဟိုတယ်၊ မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **J-icon မိတ္တူ၊ ကွန်ပျူတာစာစီနှင့် ဒီဇိုင်း**
  ရုံးကြီးလမ်း၊ ပိုးတန်းရပ်၊ စစ်ကိုင်းမြို့။
- **စန်းရတနာ (ရွှေဆိုင်)**
  အမှတ်-၃၅၊ အရှေ့ဘက်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၆၆၀၆၊ ၂၄၀၉၆၆ (လိုင်းခွဲ-၄၆၈)
- **သီရိစန္ဒာမြန်မာမျက်မှန်ဆိုင်**
  အမှတ်-၃၀၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
- **ငွေတောင်တန်းဓာတ်ပုံစတူဒီယို(၂)**
  အမှတ်-၁၉/၂၃၊ ဗေယျာဝတီလမ်း၊ ဗဟိုလမ်း၊ ဗေယျာဝတီ စာသင်တိုက်အနီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **မင်းသားလေးဆေးမျိုးစုံနှင့် အထွေထွေရောဂါကုဆေးခန်း**
  အခန်း (၂)၊ စည်ပင်ဆိုင်ခန်း၊ မီးခွက်ဈေးမှတ်တိုင်အနီး၊ ဗိုလ်အောင်ကျော်လမ်း၊ (၉) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၅၁၄၈၁၇၃၊ ၀၉-၅၀၁၅၈၀၂
- **မန္တစာပျိုးခင်း အမှတ် (၇)**
  တရားစာပေ၊ တရားတိပ်ခွေ၊ တရားဗီစီဒီများ ကုသိုလ်ဖြစ်ငှားရမ်းခြင်း
  အမရဋ္ဌာနီအနောက်ရပ်ကွက်၊ လမ်း-၈၀၊ ၉ လမ်းနှင့် ၁၀ လမ်းကြား၊ မန္တလေး။
- **Chikara အနှိပ်အကြောပြင်ခန်းမ**
  အခန်းအမှတ်-အေ/၆၊ ၆၅ လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ မန္တလေး။
- **မြန်မာနိုင်ငံဗေဒင်ပညာရှင်များအသင်း**
  အခန်း-၄၉/၅၀၊ သိမ်ကြီးဈေး (စီ) ရုံ၊ ပထမထပ်၊ အဆောင် (၄)၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

# Sunday Mart

ရန်ကုန်မြို့တော်က ဆိုင်ခွဲပေါင်းများစွာဖွင့်လှစ်ထားပြီး နာမည်ရတဲ့ ဆိုင်တော်တော်များများရှိနေပြီဖြစ်တဲ့ သီရိရတနာ Shopping Complex က Sunday Mart ကို လမ်းညွှန်ပေးလိုက်ပါတယ်။ အနယ်နယ်အရပ်ရပ်က လာရောက်ရောင်းချတဲ့ ငါးရက်တစ်ဈေးလို ဈေးမျိုးတွေနဲ့သာ အကျွမ်းတဝင်ဖြစ်နေတဲ့ ဒေသခံတွေအတွက် တစ်နေရာတည်းမှာ ပစ္စည်းမျိုးစုံကိုဝယ်ယူရရှိနိုင်အောင်လို့ လာရောက်ဖွင့်လှစ်ထားတာလို့ ဆိုပါတယ်။ ဒီဆိုင်လေးမှာ ကြာရှည်အထားခံတဲ့စားသောက်ကုန်မျိုးစုံ၊ အမျိုးသမီးများအတွက် အလှအပပစ္စည်းများ၊ စာရေးကိရိယာပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းတွေ ဝယ်ယူရရှိနိုင်မှာပါ။

Sunday Mart
အမှတ်-၇၀၊ သီရိရတနာ Shopping Complex၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၈၁၀

- **Sky Light ဒစ်ဂျစ်တယ်ဓာတ်ပုံ**
  အမှတ်-၁၈(အေ)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **Venus Digital Photo Lab & Video**
  အမှတ်-၁၅၆/၁၅၈၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Wii Game Centre**
  အမှတ်-၇၅၊ ပထမထပ်၊ လသာလမ်း (အောက်)၊ လသာမြို့နယ်၊ ရန်ကုန်။
- **ကမ္ဘောဇဘဏ်လီမိတက် (ပဲခူး)**
  အမှတ်-၂၃၇/၂၃၈၊ ရွှေမော်ဓောဘုရားလမ်းနှင့် ရန်ကုန်- မန္တလေးလမ်းထောင့်၊ ပဲခူးမြို့။
- **မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (မန္တလေးရုံးခွဲ)**
  မန္တလေးမြို့။
- **Dr.D သွားအထူးကုဆေးခန်းနှင့် သွားဆေးခန်းသုံးပစ္စည်းများအရောင်းပြခန်း**
  အမှတ်-၁၅၇၊ ၂၉ လမ်း၊ ၈၂ × ၈၃ လမ်းကြား၊ မန္တလေး။
- **ရွှေပဲဆီသန့် (ဆိုင်ခွဲ)**
  တိုက်-B-2၊ အခန်း-၀၁၁၊ ယုဇနအိမ်ရာ၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအဘေး၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၀၅၅၃၉
- **Technoland Computer Sales & Service**
  အမှတ်-၉၈၊ အင်းလျားလမ်း၊ ခေမာရဋ္ဌ်ရှမ်းစားသောက်ဆိုင်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၁၄၃၀၃၊ ၅၀၀၇၄၇ ■

www.foreverspace.com.mm

# မင်္ဂလာအခမ်းအနားမှတ်တမ်းတင်နှင့် ဝန်ဆောင်မှု

မင်္ဂလာဧည့်ခံပွဲအခမ်းအနားတစ်ခုအတွက် မပါမဖြစ်မှတ်တမ်းတင်ရိုက်ကူးခြင်းနဲ့ တခြားဝန်ဆောင်မှုတွေပါပေးတဲ့ လုပ်ငန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ မှတ်တမ်းတင်ဗီဒီယို၊ ဓာတ်ပုံ၊ မင်္ဂလာခန်းမအပြင်အဆင်၊ ဗင်နိုင်းဒီဇိုင်းနဲ့ တေးဂီတဖျော်ဖြေမှုတွေကို Wedding Package အဖြစ် တစ်စုတစည်းတည်းဝန်ဆောင်မှုရယူနိုင်ပါတယ်။ အခုလိုဝါကျွတ်ကာလမှာ discount အစီအစဉ်ရှိတာမို့ ဒီဇင်ဘာလ ၃၁ ရက်အထိ ၁၀ ရာခိုင်နှုန်း၊ Special Package အတွက်တော့ ၁၅ ရာခိုင်နှုန်း သက်သာမှာပါ။

လိပ်စာ– Hein Video & Media Group
အမှတ်–၂၄၁ (ဒုတိယထပ်)၊ ၃၅ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၁၁၉၆၊
၀၉–၅၁၈၂၀၇၂၊ ၀၉–၅၀၆၂၆၃၅

# အမျိုးသမီးသီးသန့်ခန်းပါတဲ့ ဂိမ်းစင်တာ

မကြာသေးခင်က ဖွင့်လှစ်လိုက်တာဖြစ်ပြီး ကိုယ်လက်လှုပ်ရှားကစားနိုင်တဲ့ ဂိမ်းအမျိုးအစားတွေပါဝင်တာမို့ အမျိုးသမီးတွေ လွတ်လွတ်လပ်လပ်ကစားနိုင်အောင် အမျိုးသမီးတွေ ကစားဖို့ သီးသန့်ခန်းစီစဉ်ထားတဲ့ဂိမ်းစင်တာကို လမ်းညွှန်လိုပါတယ်။ ကိုယ်တိုင်လှုပ်ရှားကစားရတဲ့ဂိမ်းတွေဖြစ်လို့ ကျန်းမာရေးကို အထောက်အကူပြုပြီး စိတ်ဖိစီးမှုကိုလည်း လျှော့ကျစေမှာပါ။ LCD မြင်ကွင်းကျယ် TV တွေကိုအသုံးပြုထားပြီး ကစားနည်းအများအပြားကစားနိုင်တာမို့ လူကြီးရောလူငယ်ပါ ရွေးချယ်ကစားနိုင်ပါတယ်။

လိပ်စာ– **Wii Game Centre**၊ အမှတ်–၇၅ (ပထမထပ်)၊ လသာလမ်း (အောက်)၊ လသာမြို့နယ်၊ ရန်ကုန်။

# အိမ်ဆောက်ပစ္စည်းတွေ တစ်နေရာတည်းအစုံရနိုင်မယ့် ရွှေအိမ်စံ

မိမိတို့အိမ်ကိုပြင်မယ်၊ ဒါမှမဟုတ် အိမ်ဆောက်မယ်ဆိုရင် အိမ်ဆောက်ပစ္စည်းတွေတစ်နေရာတည်းမှာ အစုံအလင်ရနိုင်ပါတယ်။ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေအပြင် ရေပိုက်ကနေပြီး လက်နှိပ်ဓာတ်မီးအထိ ရနိုင်ပါတယ်။ ဈေးနှုန်းတွေက အသင့်အတင့်ပါပဲလို့ ရောင်းချသူတွေက ဆိုပါတယ်။ ဝယ်မယ်ဆိုရင်တော့ အမှတ်–၁၂၆၇၊ ရတနာလမ်းမကြီးနှင့် ဒေဝဒဟလမ်းထောင့်၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမှာပါ။ ဖုန်းနံပါတ်အနေကတော့– ၅၆၆၄၉၁ ပါ။ ■

# အခြေခံ ပန်းချီသင်တန်း

ပန်းချီကိုအခြေခံကျကျ၊ နည်းစနစ်တကျသင်ယူလိုသူတွေအတွက် ပန်းချီသင်တန်းတစ်ခု ဖြစ်ပါတယ်။ သင်ခန်းစာတွေကို စာတွေ့နှင့်လက်တွေ့ဆက်စပ်မှုရှိတဲ့ သင်ရိုးတွေနဲ့အတူ သင်ကြားရေးပိုင်းဆိုင်ရာ ကျွမ်းကျင်သူဝါရင့်ဆရာတွေက သင်ကြားပို့ချပေးသွားမယ်လို့ ဆိုပါတယ်။ အသက်အရွယ်အပိုင်းအခြားအလိုက် အဆင့်ခွဲခြားသင်ကြားပေးပြီး သင်တန်းသားဦးရေ ကန့်သတ်ထားတယ်လို့ဆိုပြီး တစ်ဦးချင်းသင်ကြားပေးတယ်လို့လည်း ဆိုပါတယ်။ မူလတန်းအရွယ်မှစလို့ လူကြီးများကိုပါ သင်ကြားပေးပြီး ကျောင်းသား၊ ကျောင်းသူတွေ အဆင်ပြေအောင် စနေ၊ တနင်္ဂနွေရက်တွေပါ အထူးစီစဉ်ထားတယ်လို့ သိရပါတယ်။

အမှတ် – ၁၆၆/၁၆၈၊ တတိယထပ် (ဝဲ)၊ အခန်း–၃ (A)၊
အနော်ရထာလမ်းနှင့် ၃၄ လမ်း (အထက်) ထောင့်၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း–၀၉–၅၀၇၇၅၆၀

# နီယွန်နဲ့ ကြော်ငြာဆိုင်းဘုတ် ဝန်ဆောင်မှုလုပ်ငန်း

ကိုယ်လိုချင်တဲ့ ဒီဇိုင်းပုံစံနဲ့ ကြော်ငြာဆိုင်းဘုတ်တွေကို စိတ်တိုင်းကျဆောင်ရွက်ပေးနေတဲ့ နေပြည်တော်ကဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ဒီဝန်ဆောင်မှုလုပ်ငန်းက နီယွန်မီးချောင်းဆိုင်းဘုတ်နဲ့ မီးအလှဆင်ခြင်း၊ ဆိုင်းဘုတ်အမျိုးမျိုးပြုလုပ်ခြင်း၊ လိုဂို (Logo) နဲ့ စာလုံးတွေကို စတီး၊ ရွှေ၊ ငွေ၊ ကြေးဝါတို့နဲ့ ဖောင်းကြွပြုလုပ်ပေးခြင်း၊ Engraving (အချိုင့်ထွင်း) ဆေးသွင်းပြုလုပ်ပေးခြင်း၊ မြန်မာမှုငွေထည်၊ ကြေးထည်၊ ပန်းကနုတ်ဖောင်းကြွပြုလုပ်ပေးခြင်း၊ LED Light နဲ့ ဆိုင်းဘုတ်အလှဆင်ခြင်း၊ ပြဒါးမှန်၊ မှန်ကြည် (အချိုင့်ထွင်း) ဆေးသွင်းခြင်း၊ Show Room မျက်နှာစာအလှဆင်ပေးခြင်းစတာတွေ ဆောင်ရွက်ပေးတယ်လို့ဆိုပါတယ်။ ဒါကြောင့် လူဦးရေတစ်စထက်တစ်စများပြားလာတဲ့ နေပြည်တော်မှာ စီးပွားရေးလုပ်ငန်းတွေသွားရောက်လုပ်ကိုင်ဖွင့်လှစ်လိုသူတွေအတွက် ကိုယ့်ရဲ့ဆိုင်ကို ပြီးပြည့်စုံစွာနဲ့ ဝယ်သူတွေကိုဆွဲဆောင်နိုင်အောင်လို့ လိပ်စာဖော်ပြပေးလိုက်ပါတယ်။

**Diamond Neon & Advertising**
(နီယွန်နှင့် ကြော်ငြာကမ္ဘည်းဆိုင်းဘုတ်စွယ်စုံလုပ်ငန်း)
အမှတ်–(၁၅/၇၇၂)၊ ၂၅ လမ်း၊ ၄ဝါလမ်းနှင့် နှင်းဆီလမ်းကြား၊
ပေါင်းလောင်း (၂) ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနားမြို့။
ဖုန်း–၀၆၇–၂၃၂၆၁ ■

www.foreverspace.com.mm



# ၂၀၀၉ ခုနှစ် စက်တင်ဘာလအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဘာသာအမြင် စာပေအမြင်<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၄၁၅၁၂၀၈ | မောင်ခင်မင် (ဓနုဖြူ) | ၁၀၀၀ | ၆၀၀၀ | ပုဂံ | ၂၀၀၉၊ စက်တင်ဘာ (ပကြိမ်) | သုတေသနစာ တမ်းဆောင်းပါး များ |
| ၂။ | နှစ်ကြီးသမား<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၉၆၈၀၇၀၉ | နတ်နွယ် | ၁၀၀၀ | ၂၀၀၀ | ခါကာဘို | ၂၀၀၉၊ စက်တင်ဘာ (ဒု-ကြိမ်) | လုံးချင်းဝတ္ထု |
| ၃။ | ပင်လယ်ရေဘယ်မခန်း<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၈၁၉၀၆၀၉ | ယဉ်မင်းဦး (ဆေးတက္ကသိုလ်) | ၁၀၀၀ | ၂၀၀၀ | မီးအိမ်ရှင် | ၂၀၀၉၊ စက်တင်ဘာ (ပ-ကြိမ်) | မဂ္ဂဇင်းဝတ္ထု တိုများ |
| ၄။ | သခင်တင်မြနှင့်တွေ့ဆုံခြင်း<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၇၄၁၀၀၈ | မြတ်ခိုင် | ၅၀၀ | ၂၅၀၀ | Momentum | ၂၀၀၉၊ ဩဂုတ် (ပ-ကြိမ်) | တွေ့ဆုံခြင်း |
| ၅။ | မရှိမသို့ခြေရာကောက်၍လိုက်ခဲ့ရာဝယ်<br>စာမူခွင့်ပြုချက်အမှတ်-၃၂၀၁၈၅၀၄၀၉ | ဖန်မီးအိမ် | ၅၀၀ | ၃၀၀၀ | စာပေလောက | ၂၀၀၉၊စက်တင်ဘာ (ပ-ကြိမ်) | ဘာသာရေး |
| ၆။ | လူတို့နှင့်သက်ဆိုင်သောရဟန်း ဝိနည်းများ<br>စာမူခွင့်ပြုချက်အမှတ်-၃၂၀၄၈၅၀၈၀၉ | အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) | ၁၀၀၀ | ၁၅၀၀ | စာပေလောက | ၂၀၀၉၊စက်တင်ဘာ (ပ-ကြိမ်) | ဘာသာရေး |
| ၇။ | ဦးကလိမ်<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၁၀၆၀၁၀၉ | သခင်မြသန်း | ၁၀၀၀ | ၂၀၀၀ | ပြုံးစာပေ | ၂၀၀၉၊စက်တင်ဘာ (တ-ကြိမ်) | လုံးချင်းဝတ္ထု |
| ၈။ | စိတ်ကိုရွှင်လန်းစေသောစကြာ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၄၉၉၀၅၀၉ | ကိုတာ | ၅၀၀ | ၁၀၀၀ | မုံရွေး | ၂၀၀၉၊ စက်တင်ဘာ (ပ-ကြိမ်) | အတွေးအခေါ် |
| ၉။ | နိုင်ငံရပ်ခြားအတွေ့အကြုံများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၈၃၈၀၇၀၉ | ဦးသက်ထွန်း (အငြိမ်းစားသံ အမတ်ကြီး) | ၁၀၀၀ | ၂၀၀၀ | ဒေါင်းစာပေ | ၂၀၀၉၊ စက်တင်ဘာ (ပ-ကြိမ်) | အတွေ့အကြုံမှတ် တမ်း |
| ၁၀။ | ထောင်နှင့်လူသား<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၆၃၇၀၆၀၉ | လူထုဦးလှ | ၁၀၀၀ | ၁၀၀၀ | လူထုကြီးပွား ရေးတိုက် | ၂၀၀၉၊ စက်တင်ဘာ (စတုတ္ထ-ကြိမ်) | ရသဆောင်းပါး |

www.foreverspace.com.mm

# စာအုပ်လမ်းညွှန်
Editor's Choice

## မြန်မာဝတ္ထုတို (၂၀၀၈)

**စိတ်ကူးချိုချိုစာအုပ်တိုက်က စီစဉ်သည်**

ရသစာပေ အားနည်းလာသည်ဟု အပြောများနေသော ယနေ့ကာလမျိုး၌ လစဉ်ထုတ်မဂ္ဂဇင်းများတွင် ဖော်ပြပါရှိခဲ့ပြီးသောဝတ္ထုတိုများ စုစည်းထုတ်ဝေထားသည့် ဤစာအုပ်ထွက်ရှိလာခြင်းက ကန္တာရထဲကအိုအေစစ်ကလေးပမာ ကြည်ကြည်နူးနူးနှင့် အသိအမှတ်ပြုစရာကောင်းလှသည်။ ဝတ္ထုတိုအများစုက ယနေ့မြန်မာလူမှုပတ်ဝန်းကျင်တွင် လက်တွေ့ဒိဋ္ဌ ကြုံတွေ့ရင်ဆိုင်နေကြသော ဘဝမြင်ကွင်းအခြေအနေများကို ခပ်သွက်သွက်စုတ်ချက်များဖြင့် ခြယ်မှုန်းထားသည့် ပန်းချီကားကလေးများနှင့်လည်း တူလှသည်။


ဝတ္ထုတိုရေးဆရာ ၅၄ ယောက်တို့၏ လက်ရာဝတ္ထုတို ၅၄ ပုဒ်က အရောင်အသွေးစုံ၊ ဘဝစုံ၊ စရိုက်စုံ၊ ရှုထောင့်စုံ၊ ပတ်ဝန်းကျင်စုံ၊ ချဉ်းကပ်မှုစုံဖြင့် ရေးသားတင်ပြထားသဖြင့် ပန်းပေါင်းစုံပွင့်သော ဥယျာဉ်အတွင်း လမ်းလျှောက်ကြည့်ရသကဲ့သို့ရှိ၏။ တစ်ပုဒ်ဖတ်ပြီးတိုင်း ရင်ထဲတွင် တစ်ခုခုတော့ကျန်ရစ်ခဲ့စေသည်။ ဝတ္ထုတိုများသဘောက သတင်း၊ ဆောင်းပါးများကဲ့သို့ လင်းခနဲလက်ခနဲ အသိအမြင်၊ ဗဟုသုတတစ်ခုခု ရလိုက်သည်မဟုတ်။ တစိမ့်စိမ့်တွေးပြီးမှ တသသ တသိမ့်သိမ့် တငြိမ့်ငြိမ့်ခံစားရသည်မျိုး ဖြစ်သည်။ ထို့ကြောင့် တစ်ပုဒ်ဖတ်ပြီးသည်နှင့် နောက်တစ်ပုဒ်ဆက်ဖတ်ချင်စိတ်က ထိန်းရခက်လှသည်။

ဝတ္ထုတိုဆရာများရေးဖွဲ့ထားသော ဘဝများကလည်း စုံသည်။ ဆရာဝန်၊ ကဗျာဆရာ၊ စာရေးဆရာ၊ အရက်သမား၊ မုဆိုးဖို၊ တံငါသည်၊ အင်းသူကြီး၊ လှေသမား၊ ကျောင်းဆရာ၊ သူနာပြု၊ လမ်းဘေးဈေးသည်၊ ဒရိုင်ဘာ၊ လယ်သမား၊ ရုံးစာရေး၊ လှေသမား၊ ရွာဆော်၊ တိုက်သူကြီး၊ ရုံးစောင့်၊ ပညာရေးမှူး၊ သားဖွားဆရာမ စသဖြင့် ဘဝမျိုး စုံလင်လှသည်။ ဝတ္ထုအများစုသည် လူ့သဘာဝ၊ လူ့အတ္တ၊ လူမှုဘဝများအတွင်း ဖြစ်လေ့ဖြစ်ထရှိသောအခြေအနေများကို ခြယ်မှုန်းထားခြင်းသာ။ မြို့ကောင်ပေါက်များအကြိုက် စိတ်ကူးယဉ်အိပ်မက်ပမာဇာတ်လမ်းမျိုးမပါ။ သက်ရှိသတ္တဝါ လူနာမည်နှင့်မတူသော သက်မဲ့ဝတ္ထုပစ္စည်းများ မြန်မာ၊ ပါဠိပျက် ဝေါဟာရများကိုယူ၍ပေးထားသော ဆန်းဆန်းပြားပြား အမည်နာမများမပါ။ သာမန် လူထဲက လူများ၏ ဘဝဇာတ်ကြောင်းများကို ရေးဖွဲ့ထားသည့်အပြင် ပြင်ပတွင် အမှန်တကယ်ရှိနေသော သဘာဝကျကျနာမည်နှင့်ဇာတ်ကောင်များကိုသာ တွေ့ရသည်။

အချို့စုတ်ချက်များက ပီပြင်လွန်းသောကြောင့် ကိုယ်တိုင် ဇာတ်လမ်းထဲရောက်သွားမတတ် မျောပါသွားသည်။ တစ်မျက်နှာနှင့်တစ်မျက်နှာအကူးပင်လျှင် အသွက်လက်ဆုံးဖြစ်စေရန် လုန်လှော်ဖတ်မိသည်အထိ ဆွဲဆောင်မှုကောင်းလှသည်။ ယခင် ရသစာပေခေတ်ကောင်းစဉ် ဝတ္ထုတိုရေးဆရာများရေးခဲ့သည့် ဝတ္ထုတိုများကဲ့သို့ ဒေသစရိုက်၊ ကျေးလက်စရိုက်၊ တိုင်းရင်းသားစရိုက်၊ လူ့ပတ်ဝန်းကျင်စရိုက်တို့က ရေးထားသည့် ဇာတ်လမ်းဇာတ်အိမ်နှင့် ဇာတ်ကောင်များအပေါ်မူတည်ကာ ပြောဆိုသုံးနှုန်းပုံ ဝေါဟာရစကားလုံးတို့မှစကာ ယဉ်ကျေးမှုဓလေ့စရိုက်တို့ပါ ပေါ်လွင်လှသည့် ဝတ္ထုတိုကောင်းအချို့လည်း တွေ့ရသည်။ ယခင်ကာလကမူ တံငါဝတ္ထုများဆိုလျှင် 'ကြယ်နီ'၊ မုဆိုးဝတ္ထုဆိုလျှင် ဗိုလ်တာရာ၊ ဆင်ဝတ္ထုများဆိုလျှင် ဖိုးကျော့ အစရှိသဖြင့် ကိုယ်တိုင်လက်တွေ့ကျကျ လေ့လာလုပ်ကိုင်ခဲ့ဖူးသူများရေးသားထားသဖြင့် ဖတ်ရှုရသူများအဖို့ တန်ဖိုးရှိလှသည်။ ယနေ့ ဤသို့ ကျကျနနထဲထဲဝင်ဝင်ရေးနိုင်သူ ရှားလာသည်။ ထိုအထဲမှ ယနေ့စိတ်ကူးချိုချိုက စုစည်းထုတ်ဝေသော ဤစာအုပ်တွင်ပါဝင်သည့် ဝတ္ထုတိုကလေးအချို့ (ပြောရလျှင် နှစ်ပုဒ်သုံးပုဒ်ခန့်) က ရေးဆရာများလက်ရာကိုပြန်အောက်မေ့စရာဖြစ်ရသည်။

'နားလည်ဖို့မလို။ ခံစားတတ်ဖို့သာလိုသည်' ဟုကြွေးကြော်ကာ လူအများစုနားမလည်သော စာစုများရေးဖွဲ့ထားသော ဝတ္ထုအမည်ခံဝတ္ထု များများစားစား ပါလာသည်ကိုတော့မတွေ့ရ။ လူအများစုကို ဖျော်ဖြေပေးရန်မဟုတ်ပဲ မိမိတို့ဘာသာ ရောက်တတ်ရာရာရေးခြစ်ထားသည်များကို နားမလည်ဘူးဆိုလျှင် ဉာဏ်ရည်နိမ့်သူတစ်ဦးဟုအထင်ခံရမည်စိုး၍ နားလည်ချင်ယောင်ဆောင်သောအယ်ဒီတာများ၊ ယောင်တောင်ပေါင်တောင် ပုံနှိပ်ဖော်ပြသော တောင်စဉ်ရေမရစာများ၊ နားလည်သယောင်ယောင် အဓိပ္ပာယ်ဖွင့်ကာ ခံစားနေသူများအတွက် ဝတ္ထုတိုများ အင်နှင့်အားနှင့်မပါသည်ကိုက ဤစာအုပ်စီစဉ်သူနှင့် ဝတ္ထုတိုရေးဆရာများ၏ လူအများစုအပေါ်ထားရှိသည့် စေတနာကို အထူးအသိအမှတ်ပြုရမည်ဖြစ်သည်။

ခက်နေသည်က တစ်ပုဒ်ချင်းစီကို



www.foreverspace.com.mm



ထုတ်နုတ်ညွှန်းဆိုဖို့ဖြစ်သည်။ အားလုံး သူ့အကြောင်းအရာ၊ သူ့ဇာတ်လမ်းနှင့်သူ ကောင်းနေသောကြောင့် တစ်ပုဒ်တစ်ပုဒ်ဆွဲထုတ်၍ ညွှန်းဆိုရန်ခက်လှသည်။ ရောင်စုံပန်းတို့က စာဖတ်သူအားလုံး၏ ဟဒယကို တစ်နည်း မဟုတ်တစ်နည်း 'ထိ' နိုင် 'တို့' နိုင်သည်ချည်း။

သို့သော် ကိုငြိမ်း (မန္တလေး) ၏ 'ပီယာနို' ဝတ္ထုကတော့ ထိုအထဲတွင်မပါ။ ဘာသာပြန်ဝတ္ထုတစ်ပုဒ်အလား ရေးထားနိုင်သည့် ထိုဝတ္ထုမှာ ခေါင်းစဉ်ကိုပဲ့က ဘာသာပြန် ဆန်နေသည်။ 'ပန်းသီး'၊ 'ဘီယာသံဘူး'၊ 'ပို့စ်မော်ဒန်ဝါဒရဲ့ ပုတ်ရဟန်းမင်း'၊ 'ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထိုးသွင်း'၊ 'ပဲနိုပြား'၊ 'စုန်းမရဲ့ဥပုသ်နေ့'၊ 'မရမ်းနုရောင် ထီးသွေးနန်းသွေး'၊ 'စည်သွတ်ဘူးခွံ'၊ 'ကိုကာကိုလာဘူးခွံ'၊ 'တစ်ယောက်ထဲဆင်ဖိုနီ' ဆိုသော ဝေါဟာရများက ဤစာအုပ်ပါ အခြားမြန်မာဝတ္ထုတိုများနှင့် စိမ်းစိမ်းကြီး ကွဲနေသည်။ စာဖတ်သူများကို ဘာပေးချင်၊ ဘာပြောချင်သည်တော့မသိ။ ဖတ်ရသူအဖို့တော့ ခေါင်းစားသွားနိုင်သည်။ နာမည်ကျော်ကလောင်တစ်ချောင်းဖြစ်နေသောကြောင့်ပင်လားမသိ အရေးအသားက လိမ့်လိမ့်လူးလူးနှင့် ဝေ့လွန်းဝိုက်လွန်းသည်။ ယနေ့ လူငယ်အချို့ လက်ဖက်ရည်ဆိုင်တွင် တံတွေးတဖောင်ဖောင် ငြင်းခုံဆွေးနွေးမဆုံးဖြစ်နေသည့် ပို့စ်မော်ဒန်ဝတ္ထုတစ်ပုဒ်လည်း ဖြစ်ချင်ဖြစ်နေနိုင်သည်။ သို့သော် နိုင်ငံတကာက ပို့စ်မော်ဒန်ဝတ္ထုတစ်ပုဒ်ကို မသိမသာမှီငြမ်းထားခြင်းတော့မဖြစ်တန်ရာ။ သို့ဆိုလျှင်လည်း နာမည်ကျော် သမ္မာရင့်ကလောင်ဖြစ်သည်နှင့်အညီ ဝတ္ထု၏အောက်ခြေတွင် အကိုးအကား၊ ရည်ညွှန်းစာကလေးတော့ ကျင့်ဝတ်အတိုင်း ထည့်သွင်းထားပေမည်။ ယခုအတိုင်းဆိုပါက စာရေးဆရာ၏ ကိုယ်ပိုင်ဦးနှောက်ဉာဏ်အတွင်းက ဖန်တီးဖွင့်အံထားသည့်အရာဟု ယေဘုယျအားဖြင့် ကောက်ချက်ချရပေမည်။

ယခင့်ယခင် မြန်မာဘာသာစကားတွင် အင်မတန်မှ အသုံးနည်းလွန်းလှသော်လည်း ယနေ့ရသမြန်မာစာပေလောကတွင် အသုံးများတွင်ကျယ်လာသည့် 'သူမ' ဟုသောနာမ်စား ခေါင်းမူးလောက်အောင် သုံးထားသော စာပိုဒ်များကို မနည်းအာရုံစိုက်၍ ဖတ်ရသည်။ တစ်ကြောင်းပြီးသွားတိုင်း၊ တစ်ပိုဒ်ပြီးသွားတိုင်း ကုန်ခဲ့သောစာကြောင်း စာပိုဒ်ကိုတစ်ဖန်ပြန်ဖတ်၍ အဓိပ္ပာယ် ပြန်ရှာကြည့်၊ ဖော်ကြည့်ရသည်။ သို့သော် ရေးရေးမျှပင်မပေါ်။ ယနေ့မြန်မာနိုင်ငံတွင်တော့ ဝတ္ထုအတွင်းမှ ဇာတ်ကောင်အတိုင်း မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး၊ ဆံပင်ရှည်ရှည်ထားကာ ဘောင်းဘီရှည်ဝတ်သူ၊ ထူးခြားဆန်းပြားသော နေထိုင်လှုပ်ရှားမှုများနှင့် ပို့စ်မော်ဒန်ဇာတ်ကောင်စရိုက်ရှိသူအများကြီးမရှိဖို့ သေချာသည်။ သို့သော် ထိုဝတ္ထုတွင်တော့ မြန်မာလူမှုဘဝများတွင် အင်မတိအင်မတန်မှပင်တွေ့ရခဲလှသည့် ဇာတ်ကောင်အသွင်အပြင်၊ လှုပ်ရှားမှု၊ အသုံးအနှုန်း၊ ဝေါဟာရများ ပြွတ်သိပ်ကြပ်ညပ်စွာပါဝင်နေသည်။

မည်သို့ဆိုစေ 'ပီယာနို' သည် ယခင်ကာလများက နာမည်ကျော် ဝတ္ထုတိုရေးဆရာများ၏ မြန်မာလူမှုစရိုက်ပေါ်လွင်သော၊ မြန်မာစာဖတ်ပရိသတ်ကို ဖျော်ဖြေမှုလည်းပေး သင်ခန်းစာလည်းရနိုင်သော မြန်မာဆန်ဆန် မြန်မာတို့အကြောင်းဖြစ်သောကြောင့် ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုဖော်ပြ၊ ဂုဏ်ပြုဆုချီးမြှင့်ခံရသည့် မြန်မာဝတ္ထုတိုများနှင့်တော့တူမည်မဟုတ်။ ထိုပေတံ၊ ထိုတိုင်းတာမှုတို့ဖြင့် အကျုံးချ၍မရ။ စာဖတ်ပရိသတ်အတွက်၊ ပြည်သူအများစုအတွက် ရေးခြင်းမဟုတ်။ မိမိဘာသာစိတ်ခံစားရသည်များကို စာရွက်ပေါ်တင်ခြင်းဆိုလျှင်တော့ မိတ္တူဆွဲ၍ ကိုယ့်ပရိသတ်နှင့်ကိုယ်သာ ဝေငှလိုက်ပါဟု ဆိုရုံသာရှိတော့သည်။ ခံစားနိုင်သူများအတွက်သာ ရည်ရွယ်သည်ဆိုလျှင်ကား ဗန်းမော်တင်အောင်၏စကားနှင့်ပြောရလျှင် "ထို့ကြောင့် ကျွန်တော်သည်ကား ဘာများတတ်နိုင်ဦးမှာနည်း" ဟူ၍သာ။

ယနေ့ကာလကဲ့သို့ နိုင်ငံတည်ဆောက်ရေးအတွက် အင်မတန်အရေးကြီးသောကာလမျိုးတွင် စာဖတ်သူများကို တစ်စုံတစ်ရာ ရသပေးနိုင်သော၊ အသိပညာ တစ်ခုခုဝေငှနိုင်သော၊ သင်ခန်းစာတစ်ရပ်ရနိုင်သော၊ ကိုယ်ချင်းစာမှုတစ်ခုခုပေးနိုင်သော၊ မေတ္တာတရားကိုနားလည်စေသော၊ ယဉ်ကျေးမှုတန်ဖိုးများကို အလေးထားစေသော၊ ရိုးရာဓလေ့ထုံးတမ်းများကို လေးစားစေသော၊ အတွေးအခေါ်ရင့်သန်စေသော၊ စိတ်ခွန်အားမြှင့်တင်ပေးနိုင်သော၊ စိတ်နှလုံးနူးညံ့သိမ်မွေ့စေသော၊ ရဲရင့်သတ္တိ မွေးဖွားပေးနိုင်သော၊ သဘောထားကြီးမြတ်မှုကို အားပေးသော၊ ပညာကို တန်ဖိုးထားတတ်စေသော၊ ဆင်ခြင်တုံတရား လက်ကိုင်ထားတတ်စေသော၊ နိုင်ငံကြီးသားပီသသော နိုင်ငံသားကောင်းများဖြစ်စေရန် ကူညီလမ်းပြပေးနိုင်သည့် မည်သည့်စာအမျိုးအစားကိုမဆို Living Color က မဆိုင်းမတွ အသိအမှတ်ပြုရန် ဝန်မလေး။ ယခုစာအုပ်ပါဝတ္ထုတိုအားလုံးနီးပါးလည်း ထိုအတိုင်းပင်။ မိမိဘာသာ မိမိစိတ်ထဲတွင် ခံစားထိရနေသော အနုအရွ၊ အလှအပ၊ အဖွဲ့အနွဲ့၊ အငေ့အဝိုက်၊ အရိုက်အပင့်၊ အမြော်အလွင့်စာစုများသည်လည်း အင်မတိအင်မတန်တိုက်ဆိုင်စွာ နားလည်ခံစားပေးနိုင်သူ အချို့အတွက် ယုတ်စွအဆုံး ဖျော်ဖြေပေးနိုင်လျှင်ပင် အတိုင်းအတာတစ်ခုလောက်တော့ အသိအမှတ်ပြုရမည်သာ။

စီစဉ်ထုတ်ဝေသော စိတ်ကူးချိုချို စာအုပ်တိုက်နှင့် မိမိတို့လူ့အဖွဲ့အစည်းတစ်ရပ်အတွက် တစ်စုံတစ်ရာ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ဖန်တီးခဲ့ကြသူ ဝတ္ထုတိုရေးဆရာများ၏ စေတနာအတိမ်အနက်ကို စာအုပ်အပြင်အဆင်နှင့် ဝတ္ထုတိုများကို ဖတ်ကြည့်ခြင်းဖြင့် လေးလေးစားစားအသိအမှတ်ပြုထိုက်ကြောင်း ထင်ရှားစေသည်။

ထုတ်ဝေတိုက်– စိတ်ကူးချိုချို
မျက်နှာဖုံးပန်းချီ– အောင်ကျော်
ထုတ်ဝေသည့်ကာလ– ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ
ထုတ်ဝေသည့်အကြိမ်– ပထမအကြိမ်
အုပ်ရေ– ၅၀၀ ၊ တန်ဖိုး– ၃၀၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၅၀၀၆၃၉၀၅၀၉

www.foreverspace.com.mm



# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | INFOCUS Projector (USA) | LUCKY BIRD TRADING CO., LTD.<br>အမှတ်-၃၅၅၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅<br>E-mail:Luckybd@myanmar.com.mm | ဒေါ်လှဲ့လှဲ့ဟန် (Sales Incharge) | LUCKY BIRD TRADING CO., LTD.<br>အမှတ်-၅၊ ၂၆ လမ်း၊ ၇၈ × ၇၉ လမ်းကြား၊ မန္တလေး။<br>ဖုန်း-၀၂-၂၅၅၇၂၊ ၀၉-၈၀၂၂၀၂၅<br>E-mail:Luckybd@myanmar.com.mm |
| ၂။ | Shenou ဒစ်ဂျစ်တယ်အိတ်ချိန်းစနစ် (တရုတ်) | FORTUNE INTERNATIONAL LTD.<br>အမှတ်-၁၁/၁၂၊ ဇဟိုစည်အိမ်ရာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၁၁၃၉၂~၄၊ ဖက်စ်-၂၂၅၉၅၅၊ ၂၂၅၉၇၄ | ဦးကံမြင့် (Deputy General Manager) | FORTUNE INTERNATIONAL LTD.<br>ဂရိတ်ဝေါပလာဇာ၊ အခန်း T4/T5၊ ၃၁လမ်းနှင့်၇၈ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ဖုန်း-၀၂-၃၉၆၃၁၂၊ ဖက်စ်-၀၂-၉၃၆၃၂ |
| ၃။ | Hasee ME 102 Netbook (တရုတ်) | MICRO COMPUTER CO., LTD.<br>အမှတ်-၁၄၃(GF)၊ ၄၆ လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၉၄၅၀၃၊ ၂၀၂၄၅၃၊ ၇၂၁၆၆၈<br>E-mail:micro@micro.com.mm | ဒေါ်အေးအေးစိုး (Sales Manager) | မရှိ |
| ၄။ | CHIGO Air-Conditioners (တရုတ်) | M.C.G CO., LTD.<br>အမှတ်-၂၁၆၊ ၃၈ လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၃၇၃၄၇၂၊ ၀၉-၅၁၇၆၇၈၉၊ ၀၉-၅၀၆၆၉၃၉<br>ဖက်စ်-၃၇၃၄၇၂ | ဒေါ်ရင်ရင်နု (Assistant Manager) | M.C.G CO., LTD.<br>ဆိုင်ခန်းအမှတ် C-1/2၊ ၇၇ လမ်း၊ ၃၂× ၃၃ လမ်းကြား၊ မန္တလေး။<br>ဖုန်း-၀၉-၆၈၀၄၇၀၆ |
| ၅။ | SKY DIGITAL အဝတ်လျှော်စက် (စင်ကာပူ) | NAWART TUN CO., LTD.<br>အမှတ်-၄၂၆၊ သိမ်ဖြူလမ်း၊ သိမ်ဖြူဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၃၉၄၁၂၁၊ ၃၉၄၁၆၁ | ဦးမောင်မောင်ထွန်း (Managing Director) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၃-၉-၂၀၀၉

* ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန AMEICC HRD WD မှ ညွှန်ကြားရေးမှူး Mr. Naoki Tomotake နှင့် လက်ထောက်ညွှန်ကြားရေးမှူး Mr.Oriyama Mitsutoshi တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၄-၉-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံစစ်သံမှူး Colonel Khamsy VONGKHAMSAO သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် တွေ့ဆုံဆွေးနွေး။

## ၇-၉-၂၀၀၉

* Daiwa Institute of Research Ltd. မှ Senior Executive Officer, Mr.Sumiyuki Kazama နှင့် အဖွဲ့သည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာလူမှုဖွံ့ဖြိုးရေးအဖွဲ့ (International Development Enterprises ) (IDE) မှ ဒါရိုက်တာ Mr.James Taylar နှင့်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ထွေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၈-၉-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ State Development Investment Corporation (SDIC) မှ Vice President Mr.Shi Hongxing နှင့်အဖွဲ့သည် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၉-၉-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ CPI Yunnan International Power Investment Co., Ltd. မှ General Manager Mr. Li Guanghua နှင့်အဖွဲ့သည် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၁-၉-၂၀၀၉

* မြန်မာနိုင်ငံ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr.Andrew Richard Heyn သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj-Gen Anup Kumar Chakma, nde.psc သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms.Maria Hellen M.Barber သည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၅-၉-၂၀၀၉

* World Food Programme-WFP ၏ မြန်မာနိုင်ငံဆိုင်ရာ Country Director & Representative Mr. Christopher Kaye သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E.Ms.Michelle Su-Wen Chan သည်လည်းကောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနဝန်ကြီးနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၁-၉-၂၀၀၉

* အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Yayasan Padma Arama မှ Mrs.Meliana Chandra ဦးဆောင်သောအဖွဲ့

www.foreverspace.com.mm



ဝင်များသည် Grand Puja of the Relics of the Buddha and His Disciples အခမ်းအနားနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၅-၉-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Datang Overseas Investment Co.,Ltd. (CDOI) မှ President Mr. Wujing နှင့်အဖွဲ့သည် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၉-၂၀၀၉

* အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် (၆၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့်လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr. George Yeo နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၉-၉-၂၀၀၉

* တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မလေးရှားနိုင်ငံ စစ်သံမှူး Calonel, Sanusi Bin Hashim နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Gan Scng Lock တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တွေ့ဆုံဆွေးနွေး။

## ၂-၁၀-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Maria Hellen M.Barber သည် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တွေ့ဆုံဆွေးနွေး။

## ၃-၁၀-၂၀၀၉

* ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ငန်းများဆက်သွယ်ဆောင်ရွက်ရန်အတွက် ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ယူထားသူ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေး။

## ၇-၁၀-၂၀၀၉

* မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ရုံး နိုင်ငံခြားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် Vietnam-ASEAN Congressperson Group ၏ ဥက္ကဋ္ဌ Mr. Ngo Duc Manh ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရားသူကြီးချုပ် ဦးအောင်တိုးနှင့်လည်းကောင်း၊ ရှေ့နေချုပ် ဦးအေးမောင်နှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၉-၁၀-၂၀၀၉

* ဆူဒန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအလီအာမတ်ကာတီနှင့်အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် တွေ့ဆုံဆွေးနွေး။

* ရန်ကုန်မြို့ရှိ အမေရိကန်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Thomas L.Vajdat၊ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Andrew Richard Heyn နှင့် သြစတြေးလျနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Simon Christopher Starr တို့သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေး။

**LIVING COLOR MEDIA**

သမ္မတဟိုတယ် (Business Suite) ၊ အမှတ် ( ၅ ) ၊
အလံပြဘုရားလမ်း ၊ ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။ ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

# Happy Exercise Book

**မြန်မာနိုင်ငံ ကျောင်းသုံးပစ္စည်းဈေးကွက်အတွင်း အရည်အသွေးမီ ထုတ်လုပ်ထားသော ဗလာစာအုပ်များ ဖြစ်သည်။**


- ☆ Rainbow Industry Ltd. က ၂၀၀၉ ခုနှစ် ဧပြီလ ၁ ရက်နေ့က စတင် ထုတ်လုပ်ဖြန့်ချိ။
- ☆ လုပ်ငန်းအကြီးအကဲမှာ ဦးသန်းစိုးဖြစ်ပြီး ဝန်ထမ်းအင်အား ၃၀ ခန့်ရှိ။
- ☆ ဂျပန်နိုင်ငံမှစက်ပစ္စည်းများကိုအသုံးပြု၍ ကိုယ်ပိုင်နည်းပညာဖြင့်ထုတ်လုပ်ဟုဆို။
- ☆ ပြည်တွင်းမှ ကုန်ကြမ်းပစ္စည်းများအပြင် တရုတ်နှင့် ထိုင်းနိုင်ငံတို့မှလည်း ကုန်ကြမ်းများ ရယူထား။
- ☆ ဒီဇိုင်းအမျိုးအစား ၃၀ ကျော်ရှိပြီး စာအုပ်အရည်အသွေးအားဖြင့် A, B, C, D, E ဟူ၍ အမျိုးအစားငါးမျိုး ခွဲခြားထုတ်လုပ်။
- ☆ လေးကြောင်းမျဉ်းနှင့် တစ်ကြောင်းမျဉ်း ဗလာစာအုပ်များအပြင် စာရင်းကိုင်စာအုပ်၊ ဘောက်ချာစာအုပ်များကိုပါ ထုတ်လုပ်လျက်ရှိ။
- ☆ ကုမ္ပဏီမှတိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး နယ်မြို့အသီးသီးသို့ ကိုယ်စားလှယ်များမှတစ်ဆင့် ဖြန့်ချိ။
- ☆ လတ်တလောစာအုပ်တစ်ဒါဇင်လျှင် အရည်အသွေးပေါ်မူတည်၍ အနိမ့်ဆုံး ၁၁၀၀ ကျပ်ဝန်းကျင်မှ အမြင့်ဆုံး ၂၅၀၀ ကျပ်ဝန်းကျင်အထိ အသီးသီးရှိ။
- ☆ ကုမ္ပဏီအနေဖြင့် Happy အမှတ်တံဆိပ် စာအုပ်များအပြင် Ko Ko အမှတ်တံဆိပ် Snack များကိုပါထုတ်လုပ်နေကြောင်း သိရ။
- ☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် စက်ရုံလိပ်စာ**

ဒေါ်ခင်ဇာမော် (Marketing Manager)
အမှတ်-၁၅၀-(က)၊
ဟားခါးလမ်း၊
(၂၃) ရပ်ကွက်၊
တောင်ဒဂုံစက်မှုဇုန် (၁)၊
ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊
ရန်ကုန်။
ဖုန်း-၅၉၀၂၉၂၊ ၅၉၀၂၉၃









www.foreverspace.com.mm



# PANTHER ဗလာစာအုပ်

**မြန်မာနိုင်ငံ၏ ပြည်တွင်းထုတ်စာရေးကိရိယာဈေးကွက်အတွင်းသို့ ကြော်ငြာအားကောင်းကောင်းဖြင့် ဝင်ရောက်လာသော ဗလာစာအုပ်များ ဖြစ်သည်။**

☆ Panther Paper Service က ၂၀၀၈ ခုနှစ်တွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ ကုမ္ပဏီဥက္ကဋ္ဌမှာ ဦးဟန်လင်းနှင့် အုပ်ချုပ်မှုဒါရိုက်တာမှာ ဒေါ်မြင့်မြင့်အေး ဖြစ်ပြီး ဝန်ထမ်းအင်အား ၃၀ ဦးခန့် ရှိ။

☆ ထုတ်လုပ်မှုတွင်အသုံးပြုသည့် စက်ပစ္စည်းအများစုကို ဂျပန်နိုင်ငံမှ တင်သွင်း။

☆ ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းမှသာမက ပြည်ပနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ အိန္ဒိယ၊ ထိုင်း၊ တရုတ် စသည့်နိုင်ငံများမှ တင်သွင်းထုတ်လုပ်ထားဟုဆို။

☆ Drawing Book, Exercise Book, Note Book, Mini Notebook, လက်ရေးလှစာအုပ် စသည့် အမျိုးအစား အရေအတွက် ၂၀ ခန့် ထုတ်လုပ်လျက်ရှိ။

☆ ပြည်တွင်း Recycle Paper မှထုတ်လုပ်ထားသောစာအုပ်များနှင့် ပြည်ပကုန်ကြမ်းအသုံးပြုစာအုပ်များ ထုတ်လုပ်ဟု ဆို။

☆ ဈေးနှုန်းများမှာ တစ်ဒါဇင်လျှင် ၈၅၀ ကျပ်ဝန်းကျင်မှ ၂၆၅၀ ကျပ်ဝန်းကျင်အထိ အရည်အသွေးအလိုက် ဈေးနှုန်း အမျိုးမျိုးရှိ။

☆ ဈေးကွက်အတွင်းသို့ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိ။

☆ Panther အမှတ်တံဆိပ် ဗလာစာအုပ်များအပြင် အခြားသောစာရေးကိရိယာအမျိုးအစားများကိုပါ ထုတ်လုပ်ရန်စီစဉ်ထားကြောင်း သိရ။


☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လုပ်ငန်းလိပ်စာ**


ဦးအောင်လွင် (Sales Manager)


Panther Paper Service

**ရန်ကုန်** – အမှတ် G-20၊ ရသာကွန်ဒို၊
၃၁ လမ်း (အလယ်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၈၅၈၅၊ ၀၉–၅၁၀၂၇၂၅

**မန္တလေး** – အမှတ်–၉၄၊ ၂၇ လမ်း၊
၇၆ × ၇၇ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
ဖုန်း–၀၂–၃၃၀၁၁၊
၀၉–၉၉၂၆၇၀၇



www.foreverspace.com.mm



# ကုန်ဈေးနှုန်း

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၈-၁၀-၂၀၀၉)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (၈ဃ) | ၅၀ |
| Dagon Jeep | | (၈ဂ) | ၉၀ |
| Toyota Publica | 86 | (လ/သ/အ) | ၁၂၀ |
| Sunny Pickup | 84 | (ခ) | ၁၁၀ |
| Nissan Sunny Supersaloon | 86 | (၁က) | ၂၆၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၃၅၀ |
| Toyota Corolla 1.5 Limited | | (၂ခ) | ၄၀၀ |
| Suzuki Wagon R+ | | စတိ | ၃၇၅ |
| Suzuki Wagon R- | | (၂ဂ) | ၁၄၀ |
| Tow Ace (ပုစဥ်းခေါင်း) | 2000 | (၈ဃ) | ၂၂၀ |
| Light Truck | | (၈ဂ) | ၁၃၀ |
| Toyota Corolla | CE 96 | (၂က) | ၄၃၀ |
| Corolla 1.8 Van | 94 | (၃ခ) | ၄၅၀ |
| Toyota MarkII | 92 | (၆က) | ၄၅၀ |
| Toyota MarkII | 94 | (၇ခ) | ၇၀၀ |
| Mitsubishi Pajero V46 ဇုန် | 96 | (၇ခ) | ၆၅၀ |
| Toyota Hilux Surf S/W(ဦးပိုင်) | 97 | (၆ခ) | ၁၂၀၀ |
| Land Crusier | 97 | (၇ခ) | ၂၀၀၀ |
| Parado | 97 | (၉ခ) | ၁၅၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm



## တီဗီရောင်စုံ

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SAMSUNG | CS-21A530 | 21" | ၁၅၀,၅၀၀ |
| SAMSUNG | CS-21A760 | 21" | ၁၈၉,၅၀၀ |
| STAR | T-29068 | 29" | ၂၅၅,၀၀၀ |
| STAR | 21-T50 | 21" | ၁၂၂,၀၀၀ |
| STAR | 21-T21A | 21" | ၁၂၆,၀၀၀ |
| STAR | N 14 A | 14" | ၈၀,၅၀၀ |
| LG | 21FU6RL | 21" | ၁၈၅,၀၀၀ |
| T-HOME | SA2127 | 21" | ၁၄၀,၀၀၀ |
| T-HOME | SA2900 | 21" | ၂၀၅,၀၀၀ |
| FUJI | T2125 | 21" | ၁၁၃,၀၀၀ |
| FUJI | T2107AIE | 21" | ၁၁၀,၅၀၀ |
| FUJI | N1407AIE | 14" | ၆၃,၀၀၀ |

## ရေခဲသေတ္တာ

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| STAR | RL-60 | ၁၂၅,၀၀၀ |
| STAR | RL-100 | ၁၄၅,၀၀၀ |
| STAR | RL-135 | ၁၂၀,၀၀၀ |
| LG | GC-151SNS | ၁၅၉,၀၀၀ |
| LG | GC-191SN | ၂၈၀,၀၀၀ |
| SAMSUNG (Two door) | RT-25SCPP/BP | ၃၁၂,၀၀၀ |
| SAMSUNG (Two door) | RT-22SCPP/BP | ၂၃၄,၅၀၀ |
| SAMSUNG (One door) | RA-19FASS | ၁၉၅,၀၀၀ |
| SAMSUNG (One door) | RA-19FABP | ၂၄၉,၀၀၀ |
| SAMSUNG (One door) | RA-21FAPP | ၁၂၅,၀၀၀ |
| DAEWOO (Two door) | 291 | ၂၆၅,၀၀၀ |

## DVD ပြစက်

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 3413 | ၅၈,၀၀၀ |
| LG | 3811 | ၆၅,၀၀၀ |
| STAR | B-3317 | ၄၉,၀၀၀ |
| STAR | B-096(MP4+DC) | ၃၉,၀၀၀ |
| STAR | B036 | ၃၇,၀၀၀ |
| FUJI (EVD) | F510 | ၃၂,၅၀၀ |
| FUJI (EVD) | EVD 3399 | ၃၂,၀၀၀ |
| Pansonic | DVD LS80 | ၃၅,၀၀၀ |
| DAEWOO | DV1400S | ၃၉,၀၀၀ |
| DAEWOO | B129 | ၃၅,၀၀၀ |

## လေအေးစက်

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AS-09 FLN | ၃၁၀,၀၀၀ |
| SAMSUNG | AS-12 FLN | ၃၇၅,၀၀၀ |
| STAR | T-09G | ၂၇၀,၅၀၀ |
| STAR | T-12G | ၃၁၅,၀၀၀ |
| LG | O962TA3 | ၂၆၉,၀၀၀ |
| LG | 12645A4 | ၃၈၅,၀၀၀ |

## အဝတ်လျှော်စက်

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | WA-85U3 | ၂၃၅,၀၀၀ |
| SAMSUNG | WA-95U3 | ၂၆၀,၀၀၀ |
| STAR | WA-95U7 | ၂၈၀,၀၀၀ |
| STAR | WT-75H2 | ၁၂၃,၅၀၀ |
| STAR | WT-105H2 | ၃၂၄,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၅၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၉၀၀ |
| Junior Horlick (400g) | ၃,၄၆၀ |
| Milo (400g) ခဲထုပ် | ၃,၁၀၀ |
| Milo (400g) (ပုလင်း) | ၃,၈၂၀ |
| Maltova (450g) (နီ) | ၃,၂၀၀ |
| Ovaltine (400g) နီ | ၃,၆၀၀ |
| Ovaltine (200g) နီ | ၁,၉၅၀ |
| Ovaltine 400g (ဖြူ) | ၃,၆၅၀ |
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၃၀၀ |

## နိုင်ငံခြားအရက်

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၁,၆၀၀ |
| VAT 69 (75Cl) | ၁၀,၅၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁,၅၅၀ |
| Jonnie Walker (Red)(37.5Cl) | ၈,၀၀ |
| Jonnie Walker (Red)(1Liter) | ၁၆,၀၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၃,၀၀၀ |
| Jonnie Walker (Black)(75Cl) | ၂၃,၆၀၀ |
| Jonnie Walker(Black)(1Liter) | ၃၁,၅၀၀ |
| Black & White (1Liter) | ၁၄,၀၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Black & White (75Cl) | ၁၁,၅၀၀ |
| Grand Royal (အပြား)ရွှေပတ်ကြီး/သေး | ၂,၉၅၀/၁,၈၅၀ |
| SPY(CLASSIC)(Red) (Wine) | ၅,၈၀၀ |
| Mekhong (75CL) | ၂,၃၀၀ |
| Mekhong (37.5CL) | ၇,၄၀၀ |

## မုန့်ပုံးသံဘူး

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၅,၈၅၀ |
| Cream Crackers(Hup Seng) | ၅,၉၀၀ |
| (KHIAN GUAN) Top Choice | ၅,၆၅၀ |
| (HWA TA) Choice | ၆,၄၅၀ |
| (Munchys) Funmix | ၅,၆၀၀ |
| Lee Daily Delight | ၇,၂၀၀ |
| Every Time | ၅,၄၅၀ |
| (Julie's) Biscuit Assorties | ၄,၉၀၀ |
| (Julie's) Love letters | ၄,၅၉၀ |

## ခေါက်ဆွဲခြောက်

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၆၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၈၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၅၀ |
| Shin Shin (ကြာဆံ) | ၂၆၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၅၀ |

## သွားတိုက်ဆေး

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/၈၅၀ |
| Best-T (125g) White | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၅၀ |
| Colgate (160g) Double Cool Stripe | ၁,၇၀၀ |
| Close-Up (New)(18 g) | ၃၅၀ |
| Close-Up (160g) ပြာ | ၁,၈၀၀ |
| Colgate Fresh Cool Mint 200g | ၁,၆၀၀ |
| Colgate Great Regular 200 g | ၁,၇၀၀ |
| Colgate Whitening 160g | ၂,၆၅၀ |
| Colgate gel (စိမ်း) 160g | ၁,၉၀၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၃၀၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၃၀၀ |
| Miss | ၂၈၀ |
| Kanebo | ၂,၃၅၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၅၀၀ |
| Spa | ၃၅၀ |
| E-Lan | ၄၀၀ |
| LUX 100g | ၄၅၀ |
| KAO | ၄၀၀ |
| Parrot | ၄၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၈၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၄,၆၀၀ |
| Head and Shoulder 200g | ၂,၅၀၀ |
| Head and Shoulder 100g | ၈၅၀ |
| Pantene 400g | ၄,၃၀၀ |
| Pantene 200g | ၂,၂၅၀ |
| Pantene 100g | ၇၅၀ |
| Clinic Clear 350g | ၃,၈၀၀ |
| Clinic Clear 90g | ၁,၆၀၀ |
| Palmolive 100 g | ၁,၃၀၀ |
| Palmolive 200 g | ၂,၈၀၀ |
| Rejoice 100 g | ၇၀၀ |
| Rejoice 200 g | ၁,၇၀၀ |

## ခြင်ဆေးခွေ

(၂၉-၁၀-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၃၀၀ |

www.foreverspace.com.mm



| | |
|---|---|
| Fuji | ၃၀၀ |
| ATAK | ၄၀၀ |
| FIGHTER | ၃၈၀ |
| GO! | ၂၅၀ |
| ပါရမီ | ၃၅၀ |
| MOSFLY | ၂၅၀ |
| ဂေါ်ဇီလာ | ၃၅၀ |
| Spider | ၂၅၀ |
| Golden Lion | ၂၅၀ |
| Special | ၃၀၀ |



# ကွန်ပျူတာ ဈေးနှုန်းများ

( ၂၀-၁၀-၂၀၀၉)

**❑ Lucky Bird P4 Home & Office PC 775**

- Intel Pentium 4-775 Dual Core 2.2 GHz
- Memory 1 GB DDR2 667
- MSI MB
- 250 GB HDD SATA
- AOPEN PS2 Keyboard & Opital Mouse & PAD
- P4 ATX Tower Casing
- Free Speaker

Price 227 US$

**❑ TOSHIBA Satellite L300 Notebook (PSLBG-02600L)**

- Intel Core 2 Duo T6500 2.1 GHz 800 MHZ
- 2 G DDR 2 SDRAM
- 15.4" WXGA 200 NIT CSV (Latest Clear Super View) Dispaly
- Intel 4500 M Graphic Media Accelerator
- 250 GB HDD SATA
- Wireless LAN 802.11b/g Ethenet Lan
- 56K bps Fax & Data Modem
- DVD RW Super, Card Reader, Web Camera Smart Face, Stereo Speaker
  USB Sleep and Charge, Card Reader
- 1 Year International Warranty

Price 699 US$

**❑ KMD Classic Model**

- Intel Pentium Dual Core 2.2 (GHz 1GB L2 Cache,800 MHz)
- Intel G 31 Express Chipset Pentium 4 Motherboard (775/ DDR2/ 1333) with PCIE + Sound + LAN
- 250 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 15" LCD Color Digital Monitor (NEC)
- Prolink Keyboard and Mouse (Myanmarser)
  Optical Mouse Pad
- P4 Casing (Medium Light)

Price 367,000 Ks

**❑ TOSHIBA Satellite L510 (PSLF8L-00C001) Notebook**

- Intel Dual CoreT4300 2.1 GHz Processor
- 14.1" WXGA Super Shine View screen
- 1GB DDR2 RAM
- 250GB HDD [SATA]
- DVD-RW
- Wireless LAN 802.11 b/g, Bluetooth,
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Intel Graphic Media Accelerator 4500M
- Web Cam, Card Reader, Speaker Mouse

Price 599US$

**❑ Lucky Bird P4 Accelerator PC 775**

- Intel Pentium 4-775 Core 2 Quard 2.33 GHz (775 CPU)
- ASUS P5KPLAM/1600
- 2GB DDR 2 RAM
- 320 GB HDD SATA
- 256 MB PCI Express
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 367 US$

www.foreverspace.com.mm

## ❑ KMD CLASSIC MODEL

- Intel Pentium Dual Core 2.6 GHz E5200(2MB, L2 Cache, 800 MHz)
- Intel G 31 Express Chipset Motherboard (775/DDR2/1333) (With PCIE+Sound+LAN)
- 1 GB DDR2 RAM (PC 800 MHz) Kingston
- 250 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 15" LCD Color Monitor (NEC)
- Prolink Keyboard
- Optical Mouse Pad
- P4 Casing (Medium Light)

Price 377,000 Ks

## ❑ KMD Innovator Model

- Intel Pentium Core2 Duo 2.8 GHz (3 MB)
- Intel P43 Express Chipset Motherboard (775/ DDR2/ 1333) (with 8 Channel Sound + LAN)
- 1GB DDR2 RAM (PC 800 MHz) Kingston
- PCIE 1 GB (N9400GT) Gygabyte
- 250 GB HDD (Seagate 7200 RPM) SATA with HDD Fan
- 18.5" LCD Color Monitor (L.G)
- Prolink Keyboard & Mouse (Myanmarser)
- Optical Mouse Pad
- P4 Casing (Light High)

Price 553,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

## ❑ Multimedia

| | |
|---|---|
| 24 x DVD Writer (ASUS) SATA | 37,000 KS |
| 24 x DVD Writer (Sony) SATA | 34,000 Ks |
| 22 x DVD Writer (Pioneer)IDE | 32,500 Ks |
| 24 x DVD Writer (Samsung) SATA External | 76,000 Ks |
| Microlab M 223 Speakers with sub woofer | 27,000 Ks |
| Microlab B 56 Speakers with sub woofer | 95,000 Ks |
| Microlab M500II Speakers with sub woofer | 66,000 Ks |
| Microlab FC 661 Speakers with sub woofer | 73,000 Ks |

## ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 26,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 45,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 49,000 Ks |
| 2GB (DDR 3 RAM) 800 MHz (Kingston) | 45,000Ks |

## ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 49,000 Ks |
| 320 GB (Seagate) SATA | 55,000 Ks |
| 500 GB (Seagate) SATA | 60,000 Ks |
| 750 GB (Seagate) SATA | 80,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 50,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 57,000 Ks |
| 320 GB (Hitachi/Seagate) Notebook SATA | 63,000 Ks |

## ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor (Philips) | 75,000 Ks |
| 17" SVGA Color Monitor (Dyna) | 60,000 Ks |
| 19" SVGA Color Monitor (Philips) | 90,000 Ks |
| 15" LCD Color Monitor (NEC) | 110,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1916 wm | 148,000 Ks |
| 19" LCD Touch Screen Monitor (Prolink) | 440,000 Ks |
| 19" LCD Color Monitor (Prolink)Wide View | 133,000 Ks |
| 19" LCD Color Monitor (Philips) Wide View | 139,000 Ks |
| 20" LCD Color Monitor (Acer) Wide View | 139,000 Ks |

## ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 43 US$ |
| Canon iP6320 Printer (USB) | 52,000 Ks |
| Canon Laserjet 3050 Printer (USB) | 111,000 Ks |
| Canon Laserjet 2900 Printer (USB) | 130,000 Ks |
| HP Laserjet P 2055 Printer (USB) | 368,000 Ks |
| HP Laserjet 1005 Printer (USB) | 110,000 Ks |
| HP Laserjet 1522 N A10 Printer (USB) | 410,000 Ks |
| HP Laserjet 2410 Printer | 70,000 Ks |
| HP Deskjet 2235 Printer (USB) | 70,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 219,000 Ks |
| EPSON T11 Inkjet Printer | 45 US$ |
| EPSON TX 200 SPC Printer | 146,000 Ks |
| EPSON R 230 Photo Printer | 162,000 Ks |
| Fuji Xerox Colour Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

## ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 63,500 Ks |
| HP 1010/ 1320/ 1300 Toner | 74,000 Ks |
| HP 2015/ 1522 Toner | 81,000 Ks |
| Canon 2900 Toner/Canon 3050 Toner | 8,000 Ks |
| Canon 1120 Toner | 8,000 Ks |

## ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| HP Flatbed Scanner 2410 (USB) | 90,000 Ks |
| Canon Scanner Lide 100 | 58,000 Ks |

## ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 42,000 Ks |
| 1250 VA (Power Tree) | 78,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 90,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .


၁၁၄ ဒီမိုကရေစီအစ ဝေသာလီက
၁၁၈ သူတို့အပြောနှင့် ကျွန်တော့်အတွေး
၁၂၂ UNGA၊ G 20 အရှေ့သွားအနောက်ရောက်
၁၂၃ လူငယ်နိုင်ငံရေးသမားကောင်းများ ပေါ်ထွက်စေချင်သည်
၁၂၆ ကိုယ်တိုင်စာအုပ်ထုတ်မယ်တဲ့လား (၁)
၁၃၂ သူတို့ဆီကလူဝင်မှု
၁၃၈ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ (၄)
၁၄၆ ကျေးရူးရှင် ကျွန်တော့်အဖေ (၂)
၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၂၆)


# ဒီမိုကရေစီအစ ဝေသာလီက

မြသန်းသန်းနု

**'60 သာလီပြည်'အကြောင်း ကျွန်မငယ်စဉ်ကတည်းက ကြားဖူးနေပါတယ်။ ဗုဒ္ဓဝင်ဇာတ်တော်တွေအကြောင်း မေမေပြောပြတဲ့အခါမှာလည်း ဝေသာလီပြည်အကြောင်း ပါပါတယ်။ အထက်တန်းကျောင်းရောက်လာတော့ မေမေက ပရိတ်ကြီး ၁၁ သုတ် နေ့စဉ်မှန်မှန်ရွတ်ဆိုပူဇော်ဖို့ အလေ့အကျင့်လုပ်ပေးတဲ့အခါ သုတ်တော်တွေရဲ့ဇာစ်မြစ်ကို သိရှိအောင် မြန်မာဘာသာနဲ့ရေးသားထားတဲ့ ဇာတ်တော်အကျဉ်းချုပ်ကို ဖတ်ရပါတယ်။**

ပရိတ်ကြီး ၁၁ သုတ်ရဲ့ ဒုတိယသုတ်တော်ဖြစ်တဲ့ 'ရတနသုတ်တော်' ဇာစ်မြစ်အကျဉ်းချုပ်ကို ဖတ်ကြည့်တဲ့အခါမှာလည်း 'ဝေသာလီပြည်' ကို အခြေခံထားတာ တွေ့ရပါတယ်။ ဂေါတမမြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးတော်မူတဲ့ကာလ ဝေသာလီမှာ ကပ်ရောဂါကြီး ကျရောက်ခဲ့ပါတယ်။ မိုးခေါင်ရေရှားရာက အစာရေစာပါ ငတ်မွတ်ခေါင်းပါးပြီး လူတွေ အစုလိုက်အပုံလိုက် သေခဲ့ကြပါတယ်။ လူသေတွေကို မြှုပ်နှံသဂြိုဟ်နိုင်တဲ့အခြေအနေတောင်မရှိတာကြောင့် မြို့ပြင်မှာစွန့်ပစ်ထားရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ လူသေတွေရဲ့အပုပ်နံ့ကြောင့် ဘီလူးတွေ မြို့ထဲဝင်ပြီး လူတွေကိုဖမ်းစားတဲ့အထိ ဖြစ်သွားခဲ့ပါတယ်။ မိုးခေါင်ရေရှားလို့ အငတ်ဘေးနဲ့ကြုံတွေ့နေရတဲ့အချိန်မှာ ကူးစက်ပြန့်ပွားတတ်တဲ့ အဟိဝါတရောဂါလို့ခေါ်တဲ့ ပလိပ်ရောဂါကပ်လည်း ကျရောက်ခဲ့တာကြောင့် ဝေသာလီတစ်ပြည်လုံး လူမျိုးပြုန်းမတတ် သေဆုံးခဲ့ရပါတယ်။

ဝေသာလီပြည်ဟာ ဂေါတမရှင်တော်ဘုရားလက်ထက်တော်အခါက ဝဇ္ဇီတိုင်းထဲမှာ ပါဝင်ပါတယ်။ အဲဒီအချိန်က အုပ်ချုပ်တဲ့မင်းတွေဟာ လိစ္ဆဝီမျိုးနွယ်မင်းတွေပါပဲ။ ဒီကနေ့မျက်မှောက်ခေတ်ကာလအရ ပြောရင်တော့ ဝေသာလီ (Vaishali) ပြည်မဟုတ်တော့ဘဲ ရွာငယ်တွေ စုပေါင်းထားတာလောက်သာရှိပြီး အိန္ဒိယနိုင်ငံ အရှေ့မြောက်ယွန်းယွန်း ဘီဟာပြည်နယ်ထဲမှာ ပါဝင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေအတွက် ဘီဟာပြည်နယ်က မဇ္ဈိမဒေသ ဗုဒ္ဓဂယာစတဲ့ဒေသတွေဟာ အထွတ်အမြတ်ဖြစ်တာကြောင့် မဇ္ဈိမဒေသထဲမှာ ပါဝင်နေတဲ့ ဝေသာလီကိုလည်း မရောက်ဖူးသူ ရှိမယ်မဟုတ်ပါ။

လိစ္ဆဝီမင်းတွေလက်ထက် ဘေးဆိုးကပ်ဆိုးကြီး ကျရောက်ချိန်မှာ အုပ်ချုပ်တဲ့မင်း အမှားအယွင်းပြုမိလေသလား၊ တစ်စုံတစ်ရာအပြစ်ရှိနေသလားဆိုတာ ဆန်းစစ်ကြည့်တဲ့အခါ ဘယ်လိုမှ အပြစ်မရှိတာတွေ့ကြရပါတယ်။ အဲဒီအခါ လိစ္ဆဝီမင်းသားတွေတိုင်ပင်ပြီး ဗလိနတ်စာတင်ကြပေမယ့်လည်း ဘေးအန္တရာယ်ကျရောက်မြဲကျရောက်နေတာကြောင့် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်ဖို့ နောက်ဆုံး တိုင်ပင်ခဲ့ကြပါတယ်။ ရှင်တော်ဘုရားကိုပင့်ဖိတ်ဖို့ မဟာလိအမည်ရှိတဲ့ လိစ္ဆဝီမင်းသားတစ်ပါးနဲ့ ပရောဟိတ်ပုဏ္ဏားသားတစ်ဦး ရာဇဂြိုဟ်ပြည်ကို စေလွှတ်ခဲ့ရပါတယ်။ မြတ်စွာဘုရားက ဝေသာလီပြည်မှာ ရတနသုတ်ကို ဟောကြားတော်မူရင်း ပရိတ်တန်ခိုးတော် စကြဝဠာကမ္ဘာတစ်သိန်းတိုင် ပျံ့နှံ့ပြီး တရားဒေသနာတော်အဆုံးမှာ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျသတ္တဝါတွေ အကျွတ်တရားရကြမယ့်အပြင် ဝေသာလီပြည်မှာ ကျရောက်နေတဲ့ ဘေးအပေါင်း ကင်းငြိမ်းမယ်ဆိုတာသိတော်မူတဲ့အတွက် ဝေသာလီပြည်ကို ကြွတော်မူပါတယ်။


ဗိမ္ဗိသာရမင်းကြီးက လမ်းခရီးတစ်လျှောက် ကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနားပူဇော်ရင်း မိဖုရားမောင်းမမိသံခြွေရံတွေနဲ့ ကိုယ်တိုင်ကြပ်မတ် ပို့ဆောင်ပေးခဲ့ပါတယ်။ လိစ္ဆဝီမင်းသားတွေကလည်း ဂင်္ဂါမြစ်ထဲ လည်ပင်းရောက်တဲ့အထိဆင်းပြီး ဗိမ္ဗိသာရမင်းကြီးထက် နှစ်ဆပို ခမ်းနားအောင် ကြိုဆိုခဲ့ကြပါတယ်။ ရှင်တော်မြတ်ဘုရား ဝေသာလီဘက်ကမ်းကို နင်းမိ

www.foreverspace.com.mm

ကာနဲ့ ပေါက္ခရဝသမိုးကြီး သည်းထန်စွာ ရွာခဲ့ပါတယ်။ လူသေအပုပ်ကောင်တွေလည်း မိုးရေအလျဉ်နဲ့အတူ ဂင်္ဂါမြစ်ထဲ မျောပါကုန်ကြပါတယ်။ ဝေသာလီပြည်လည်း အပုပ်နံ့ကင်းပြီး သန့်စင်သွားပါတယ်။ ဝေသာလီပြည်မှာ အဲဒီအချိန်က တံတိုင်းသုံးထပ် ကာရံထားပါတယ်။ အကြောင်းကတော့ လူဦးရေတိုးလာတိုင်း ရပ်ကွက်တိုးချဲ့ပြီး တံတိုင်းသစ်ကာရံတာပဲ ဖြစ်ပါတယ်။ လူဦးရေတိုးပွားပြီး မြို့တော်ကျယ်ပြန့်လာတာကို အကြောင်းပြုပြီး ဝေသာလီ (Vaishali) အမည်တွင်တာလို့ ဆိုပါတယ်။

၁၉၇၄ ခုနှစ်ကနေ ၁၉၈၀ ပြည့်နှစ်အထိ ကျွန်မတို့မိသားစု ကျွန်မမိဘများနဲ့အတူ အိန္ဒိယနိုင်ငံ ဘိုပါးလ်မြို့မှာနေစဉ် မဇ္ဈိမဒေသကို နှစ်စဉ်ဘုရားဖူးထွက်ကြပါတယ်။ ဖေဖေက ရထားစီးရတာ သဘောကျတာကြောင့် ဘုရားဖူးအသွားအပြန် ရထားနဲ့ပဲ ခရီးနှင်ကြရပါတယ်။ တချို့နေရာတွေကျတော့လည်း မော်တော်ကား အသုံးပြုကြပါတယ်။ ဖေဖေ့ရဲ့ ဘုရားဖူးခရီးစဉ်မှန်သမျှ အိန္ဒိယအစိုးရက တာဝန်ယူဆောင်ရွက်ပေးတာကြောင့် ရောက်ရာဒေသမှာ အစိုးရဧည့်ဂေဟာ၊ အစိုးရဟိုတယ်တွေမှာ တည်းကြရပါတယ်။ ကျွန်မတို့ ဝေသာလီမြို့ကိုသွားရင် ဘီဟာပြည်နယ်မြို့တော် ပတ္တနာ (Patna) ကနေတစ်ဆင့် သွားကြပါတယ်။ တခြားဘုရားဖူးဒေသတွေကနေတစ်ဆင့်လည်း ခရီးပေါက်ပေမယ့် ပတ္တနာမြို့က အဆင်ပြေဆုံးလို့ ထင်ပါတယ်။ အခု မဇ္ဈိမဒေသ ဘုရားဖူးသွားကြတဲ့ မြန်မာခရီးသည်တွေလည်း ပတ္တနာမြို့ ရာဂျင်ဒရ် နဂါးရ် (Rajintar Nagar) ရပ်ကွက်မှာရှိတဲ့ မြန်မာဘုန်းတော်ကြီးကျောင်း တည်းခိုဆောင်တွေမှာ တစ်ညအိပ်ရပ်နားပြီးမှ ဝေသာလီကို ခရီးဆက်တယ်လို့ သိရပါတယ်။ ကျွန်မတို့ မိသားစုကတော့ မော်တော်ကားနဲ့ သွားကြပါတယ်။ ပတ္တနာနဲ့ ဝေသာလီ ၂၅ မိုင်လောက်ပဲ အကွာအဝေးရှိတာကြောင့် အဆင်ပြေလှပါတယ်။ ကျွန်မတို့မိသားစု နှစ်စဉ်ဘုရားဖူးထွက်တဲ့အခါ အောက်တိုဘာ၊ နိုဝင်ဘာလတွေထဲမှာဖြစ်တာကြောင့် ဆောင်းဝင်စ မချမ်းလည်းမချမ်းသေး၊ ပြင်းထန်တဲ့အပူချိန် ကွယ်ပျောက်ချိန်ဖြစ်တာကြောင့် ခရီးလည်းမပန်းဘဲ ကြည်ညိုသဒ္ဓါထက်သန်စွာနဲ့ ကုသိုလ်ပွားများနိုင်ခဲ့ပါတယ်။

ဝေသာလီပြည် အခုတော့ အိန္ဒိယရှေးဟောင်းသုတေသနဌာနက တူးဖော်ရရှိတဲ့ ရှင်တော်မြတ်ဘုရားရဲ့ အမွေအနှစ်နေရာဌာနတွေကလွဲပြီး လွင်တီးခေါင်ခေါင် ဖြစ်နေတဲ့ ဝေသာလီနေရာဟောင်းကို ကျွန်မတို့မိသားစု ရောက်ရှိချိန် လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်နီးပါးလောက်က ကျောင်းတော်ရာနေရာဟောင်း၊ စေတီတော်နေရာဟောင်း၊ တူးဖော်ဆဲတူးဖော်လတ္တံ့ဆိုတဲ့ ဟိုတစ်စုဒီတစ်စု နေရာဟောင်းတွေကလွဲပြီး အနီးအနားရွာတွေတောင်မရှိသလောက် ဖြစ်ခဲ့ပါတယ်။ ဝေသာလီပြည်မှာ မြတ်စွာ




ဘုရားသက်တော်ထင်ရှားရှိစဉ်ကတည်းက တည်ထားကိုးကွယ်တဲ့စေတီတွေ တော်တော်များများ ရှိခဲ့ပါတယ်။ အဲဒီအချိန်က ဝေသာလီပြည်ကြီးကလည်း ကြီးကျယ်ခမ်းနားခဲ့ပါတယ်ဆိုတော့ ထူးခြားမှုတွေ ရှိစမြဲပါ။

ရှင်တော်မြတ်ဘုရားဟာ ဝေသာလီပြည်မှာ စတုတ္ထဝါနဲ့ ပဥ္စမဝါဆိုတော်မူခဲ့ပါတယ်။ မာရ်နတ်မင်းရဲ့လျှောက်ထားချက်အရ ဖလသမာပတ်ဝင်စားခြင်းမပြုတော့ဘဲ အာယုသင်္ခါရလွှတ်တော်မူခဲ့တာလည်း ဝေသာလီပြည်မှာပါပဲ။ မဟာသက္ကရာဇ် ၁၀၇ ခုနှစ် ခမည်းတော်သုဒ္ဓေါဒနမင်းကြီး နတ်ရွာစံတော်မူအပြီး မိထွေးတော် ဂေါတမီက ဘိက္ခုနီပြုခွင့်ပေးဖို့ ပန်ကြားတာကို ရှင်တော်ဘုရားလက်ခံတော်မူခဲ့တဲ့ ဒေသဟာလည်း ဝေသာလီပြည်မှာပဲ ဖြစ်ပါတယ်။ မိထွေးတော်ဂေါတမီနဲ့အတူ ယသော်ဓရာဒေဝီလည်း ဘိက္ခုနီပြုခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး အမျိုးသမီးတွေ သာသနာ့ဘောင်ဝင်ခွင့် ရရှိခဲ့ကြပါတယ်။

မြတ်စွာဘုရား ဝေသာလီပြည်ကြွတော်မူလာပြီး ညီတော်အာနန္ဒာမထေရ်ကို ရတနသုတ် နှုတ်တိုက် ပို့ချတော်မူခဲ့ပါတယ်။ အရှင်အာနန္ဒာမထေရ်က ဝေသာလီမြို့ရိုး သုံးခုကြားမှာ ညဥ့်သုံးယံပတ်လုံး ရတနသုတ်တော်ကို ရွတ်ဆိုတော်မူခဲ့ပါတယ်။ ရတနသုတ်တော်နာကြားဖို့ တန်ခိုးကြီးနတ်တွေ ရောက်လာတာကြောင့် ဝေသာလီမြို့တွင်းအန္တရာယ်ပြုနေကြတဲ့ ဘီလူးတွေ ထွက်ပြေးကုန်သလို ပြည်သူတွေလည်း ရောဂါကင်းရှင်းခဲ့ရပါတယ်။ ဝေသာလီပြည် ပြန်လည်စည်ပင်လာတာကြောင့် လိစ္ဆဝီမင်းတွေက ဝေသာလီအနောက်တောင်ဘက်ရှိ မဟာဝနတောအုပ်ကြီးမှာ ကူဋာဂါရကျောင်းတော်ကြီးတစ်ဆောင်ဆောက်လုပ်ပြီး ရှင်တော်မြတ်ဘုရားကို လှူဒါန်းခဲ့ကြပါတယ်။ ဒီကျောင်းတော်ကြီး ပရိဝုဏ်မှာပဲ သာသနာသက္ကရာဇ် ၁၀၀ ပြည့်၊ ကာလာသောကမင်းလက်ထက် အရှင်မဟာယသအမှူးရှိတဲ့ ပဋိသမ္ဘိဒါရဟန္တာအပါး ၇၀၀ နဲ့ ဒုတိယအကြိမ်

www.foreverspace.com.mm

သင်္ဂါယနာ တင်နိုင်ခဲ့ပါတယ်။

ကူဋ္ဌာဂါရသာလဝိဟာရကျောင်းတော် တချို့တစ်ဝက် တူးဖော်နိုင်ပြီဖြစ်တာကြောင့် အနီးအနားမှာပဲ နေရာယူရင်း မြတ်စွာဘုရားအမှူးပြုတဲ့ ရတနာသုံးပါးကို အာရုံပြုပြီး ကျွန်မတို့မိသားစု ရတနသုတ်တော်ကို အကြိမ်ကြိမ်ရွတ်ဆိုပူဇော်ခဲ့ကြပါတယ်။ ကူဋ္ဌာဂါရသာလဝိဟာရကျောင်းတော်ကြီးနားမှာ တစ်ဝက်ပြိုကျပျက်စီးနေတဲ့ စေတီကြီးတစ်ဆူရှိသလို ပကတိအကောင်းအတိုင်းဖြစ်နေတဲ့ ခြင်္သေ့ရုပ်ပါအသောကကျောက်စာတိုင်ကိုလည်း တူးဖော်ရရှိတာ တွေ့ရပါတယ်။ ရေကန်တစ်ကန်လည်း ရှိပါတယ်။ ကျွန်မတို့မိသားစု ဝေသာလီကိုရောက်တဲ့ကာလတွေမှာတော့ ရေကန်ဆိုတာကလည်း ကန်သဘောလောက်သာရှိပြီး သာယာတင့်မောဖွယ်မရှိခဲ့ပါ။ အခု နှစ်ပေါင်း ၃၀ ကြာပြီးတဲ့နောက် မြန်မာဘုရားဖူးများသာမဟုတ်ဘဲ ထိုင်း၊ ဂျပန်၊ တရုတ်(တိုင်ပေ) စတဲ့ နိုင်ငံတွေက ဗုဒ္ဓဘာသာဝင်ဘုရားဖူးတွေနဲ့ပါ စည်ကားနေပါပြီ။ ရေကန်ကြီးကိုလည်း သပ်သပ်ရပ်ရပ် မွမ်းမံထားတာကြောင့် အခုနောက်ပိုင်း အများပြည်သူ ကြည်ညိုနိုင်ဖို့ ရိုက်ကူးလှူဒါန်းထားတဲ့ ဘုရားဖူးမှတ်တမ်းဓာတ်ပုံတွေမှာ ဒုတိယသင်္ဂါယနာတင်ကျောင်းတော်၊ အသောကကျောက်စာတိုင်တို့နဲ့ ယှဉ်လျက်သားတင့်တယ်လှပါတယ်။

ဝေသာလီပြည်ဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် အထွတ်အမြတ်ထားရာနေရာဖြစ်ရတဲ့ တခြားအကြောင်းတစ်ခုက မြတ်စွာဘုရားရဲ့ ဓာတ်တော်အစစ်တွေနဲ့ ပြာခဲတွေကို တူးဖော်တွေ့ရှိလို့ပဲ ဖြစ်ပါတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် ကုသိနာရုံကနေ လိစ္ဆဝီမင်းသားတွေ ဝေစုရရှိခဲ့တာ ဖြစ်ပါတယ်။ စေတီငယ်တစ်ဆူတည်ပြီး ဓာတ်တော်တွေကို ကျောက်သားကြုတ်အတွင်း ထည့်သွင်းဌာပနာထားခဲ့ပါတယ်။ စေတီငယ်ကိုငုံပြီး စေတီကြီးတစ်ဆူ တည်ထားပါတယ်။

ရှေးဟောင်းသုတေသနဌာနက ၁၉၃၆ ခုနှစ်ကတည်းက ဝေသာလီအရပ်မှာရှိတဲ့ အဆောက်အအုံအပျက်အစီးတွေကို စာရင်းကောက်ပြီး ၁၈၆၁ ခုနှစ်မှာ တူးဖော်မှု စတင်ခဲ့ပါတယ်။ တူးဖော်တွေ့ရှိတဲ့ အဆောက်အအုံအပျက်အစီးအားလုံးကို ခေါင်းစဉ်တစ်ခုအောက်မှာ ထားရှိတဲ့အနေနဲ့ 'ရာဂျာဗေရှာလ်ကာဂါးရ်' (Raja Vaishal Ka Garh) မင်းနေပြည်လို့ ခေါ်တွင်စေပါတယ်။ တွေ့ရှိသမျှ အပျက်အစီးတွေဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် တန်ဖိုးမဖြတ်နိုင်သလို ခေတ်သမိုင်းရှေ့ပြေးအဖြစ် ဖော်ညွှန်းလိုက်တဲ့ ကမ္ဘာ့ပထမဆုံး ပါလီမန်အဆောက်အအုံ (စည်းဝေးပွဲပြုလုပ်တဲ့ခန်းမကြီး) အပျက်အစီးတွေလည်း ပါဝင်တယ်လို့ သုတေသီများက ဆိုပါတယ်။

ဒီနေရာမှာ နောင်ဂါးရ်ဆရာတော်ကြီး ဦးနန္ဒဝံသကို အမှတ်ရစေပါတယ်။ ဆရာတော်ကြီးဟာ ကနဦးက အိန္ဒိယနိုင်ငံမှာ သာသနပြုဖို့ ရောက်ရှိလာပြီး ဗာရာဏသီ မာလ်ဒါဟီယာ (Maldahia) အရပ်က မြန်မာကျောင်းမှာ သီတင်းသုံးခဲ့ပါတယ်။ အဲဒီခေတ်အခါက မြန်မာဘုရားဖူး အရောက်အပေါက်နည်းတာကြောင့် နီပေါနိုင်ငံ လုမ္ဗိနီကို အသွားအပြန်လွယ်ကူပြီး ဘုရားဖူးတွေ တစ်ထောက်နားနိုင်အောင် နောင်ဂါးရ်မှာ ရွှေ့ပြောင်းသီတင်းသုံးရာက နောင်ဂါးရ်ဆရာတော်အဖြစ် ထွင်ခဲ့ပါတယ်။ ဒီနေရာမှာ ဆရာတော်ကြီးနဲ့ဆက်စပ်ပြီး All India Radio မြန်မာပိုင်းဌာနရဲ့ အင်မတန်မှ လေးစားထိုက်တဲ့ 'မှု' ကို ချန်လှပ်ထားလို့ မဖြစ်နိုင်ပါ။ AIR မြန်မာပိုင်းဌာနမှာ ၈ ရက်၊ လပြည့်၊ လကွယ် ဥပုသ်နေ့တွေရောက်ရင် နံနက်ပိုင်းအစီအစဉ်မှာ တရားတော်တွေ နာကြားကြည်ညိုနိုင်အောင် စီစဉ်ထားပါတယ်။ အိန္ဒိယဒေသအသီးသီးမှာရှိတဲ့ ကျောင်းထိုင်ဆရာတော်ကြီးတွေနဲ့ မြန်မာနိုင်ငံက ဘုရားဖူးကြွလာတဲ့ ဆရာတော်တွေကို တရားချီးမြှင့်ဖို့ လျှောက်ထားပြီး တရားတော်တွေကို အသံသွင်းထားပါတယ်။




ကဆုန်လပြည့် ဗုဒ္ဓနေ့တရားတော်တွေ၊ နယုန်လပြည့် မဟာသမယသုတ်တော်၊ ဝါဆိုလပြည့် ဓမ္မစကြာတရားတော်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာတရားတော်တွေအပြင် တခြားတခြားသော တရားဒေသနာတော်တွေကိုလည်း ဆရာတော်တွေ ချီးမြှင့်တာကြောင့် အလှည့်ကျလွှင့်ထုတ်ပေးရပါတယ်။ နောင်ဂါးရ်ဆရာတော်ကြီး ဒေလီမြို့ကြွလာချိန် တစ်ကြိမ်မှာ တရားတော်ချီးမြှင့်ဖို့ လျှောက်တင်တဲ့အခါ ဆရာတော်ကြီးက 'ဒီမိုကရေစီအစ ဝေသာလီက' တရားတော် ချီးမြှင့်ပါတယ်။ ဆရာတော်ကြီးက ရိုးရိုးအေးအေးနေပေမယ့် ခေတ်ရှေ့ပြေးတဲ့နေရာမှာ လူငယ်တွေတောင် လိုက်မမီတာ သက်သေပြခဲ့ပါတယ်။

ဝေသာလီပြည်မှာ မြတ်စွာဘုရားရှင်လက်ထက်တော်က လိစ္ဆဝီမင်းသားတွေအုပ်စိုးပြီး ဘုရင်အုပ်ချုပ်တဲ့နိုင်ငံဖြစ်ပေမယ့် အလှည့်ကျဘုရင်ရွေးချယ်အုပ်စိုးစေ

www.foreverspace.com.mm



တာကြောင့် ပြည်သူ့ကိုယ်စားလှယ်များနဲ့အုပ်ချုပ်တဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် ကမ္ဘာမှာ ပထမဆုံး သမိုင်းတွင် ကျန်ရစ်ခဲ့ပါတယ်။ လိစ္ဆဝီမင်းသား ၇၇၀၇ ယောက်ရှိပြီး ဆန္ဒမဲပေးတဲ့စနစ်နဲ့ အလှည့်ကျဘုရင်အဖြစ် တာဝန်ယူအုပ်ချုပ်ရပါတယ်။ အလားတူပဲ မင်းမှုထမ်း (အစိုးရဝန်ထမ်း) တွေကိုလည်း မဲစနစ်နဲ့ အလှည့်ကျရွေးချယ်ခဲ့ပါတယ်။

ဝေသာလီပြည် သာယာဝပြောနေတာကြောင့် အိမ်နီးချင်း ရာဇဂြိုဟ်ပြည်ဘုရင် အဇာတသတ်က ဝင်ရောက်တိုက်ခိုက်လိုပါတယ်။ လိစ္ဆဝီမင်းသားတွေက ညီညွတ်လှပါတယ်။ ဘုရင်အဇာတသတ်က ဝေသာလီပြည်ကို တိုက်ခိုက်လိုကြောင်း ဝဿကာရပုဏ္ဏားစေလွှတ်ပြီး ဘုရားရှင်ကို လျှောက်တင်စေပါတယ်။ ဘုရားရှင်က အနီးမှာရှိတဲ့ အရှင်အာနန္ဒာမထေရ်ကို ကြည့်တော်မူပြီး "လိစ္ဆဝီမင်းတွေဟာ မင်းတို့ကျင့်အပ်တဲ့ 'အပရိဟာနိယ' တရားခုနစ်ပါးနဲ့ ပြည့်စုံတယ်လို့ ကြားဖူးသလား" ဆိုပြီး မေးတော်မူပါတယ်။ အရှင်အာနန္ဒာမထေရ်က လိစ္ဆဝီမင်းသားတွေဟာ ခုနစ်ပါးသော အကျင့်တရားနဲ့ ပြည့်စုံတယ်လို့ ကြားဖူးကြောင်း ဘုရားရှင်ကို နားတော်လျှောက်တင်ပါတယ်။ ဒီအခါ ဘုရားရှင်က "လိစ္ဆဝီမင်းတွေဟာ ငါဘုရားရှင်တွေရဲ့ အဆုံးအမနဲ့အညီ 'အပရိဟာနိယ' တရားခုနစ်ပါးကို လိုက်နာကျင့်ကြံသမျှ ကာလပတ်လုံး ဝေသာလီပြည်ပျက်စီးယိုယွင်းခြင်းမရှိနိုင်ဘူး" လို့ မိန့်တော်မူပါတယ်။ 'အပရိဟာနိယ' တရားတော်ခုနစ်ပါးဆိုတာ (၁) မကြာမကြာစည်းဝေးခြင်း၊ (၂) အစည်းအဝေးကို ညီညီညွတ်ညွတ်တက်ရောက်ခြင်း၊ အစည်းအဝေးမှ တညီတညွတ်ထွက်ခွာခြင်း (အစည်းအဝေးပြီးမှ စည်းကမ်းတကျထွက်ခွာခြင်း)၊ ဆောင်ရွက်ရန်ကိစ္စများကို တညီတညွတ်တည်း ဆောင်ရွက်ခြင်း၊ (၃) ရှေးကမရှိတဲ့ ဥပဒေစည်းကမ်းသစ်များ မပြဋ္ဌာန်းခြင်း၊ ရှိပြီးသားဥပဒေစည်းကမ်းများကိုလည်း မဖျက်ခြင်း၊ (၄) အသက်အရွယ်ကြီးသူတို့ကို ရိုသေလေးစားပြီး ထိုပုဂ္ဂိုလ်များ၏စကားကို နာယူခြင်း၊ (၅) အမျိုးသမီးများကို မဖျက်ဆီးခြင်း၊ (၆) ဘာသာရေးဆိုင်ရာ အစဉ်အလာ ပူဇော်လှူဒါန်းမှုများကို ဆက်လက်ပြုလုပ်ခြင်း၊ (၇) အကျင့်သီလရှိတဲ့ ရဟန်းများကို မွေ့လျော်အောင် စောင့်ရှောက်ချီးမြှောက်ခြင်းတို့ ဖြစ်ပါတယ်။

လိစ္ဆဝီမင်းတွေ စည်းလုံးညီညွတ်မှုပျက်ပြားပြီး 'အပရိဟာနိယ' တရားခုနစ်ပါး မကျင့်နိုင်မှသာ ဝေသာလီပြည်ကို ဝင်ရောက်တိုက်ခိုက်နိုင်မယ်ဆိုတာ ဘုရင်အဇာတသတ်သဘောပေါက်တာကြောင့် ဝဿကာရပုဏ္ဏားအမတ်ကို ဥပါယ်တံမျဉ်နဲ့ ဝေသာလီပြည် လွှတ်လိုက်ပါတယ်။ ဝဿကာရပုဏ္ဏားဟာ လိစ္ဆဝီမင်းသားတွေကို ၂ နှစ်နီးပါး အယုံသွင်းပြီး စည်းလုံးမှုပျက်ပြားအောင် နောက်ကွယ်က ရန်တိုက်ပေးပါတယ်။ စည်းလုံးညီညွတ်မှု ပျက်ပြားတဲ့အခါ ဝေသာလီပြည်ကို အဇာတသတ်အလွယ်တကူ ဝင်ရောက်သိမ်းယူနိုင်ခဲ့ပါတယ်။ ကမ္ဘာ့ပထမဆုံး ရှေ့ပြေးဒီမိုကရေစီနိုင်ငံကြီးဖြစ်တဲ့ ဝေသာလီ ဝမ်းနည်းဖွယ်မှေးမှိန်ခဲ့ရပါတယ်။ ဝမ်းနည်းဖို့ ပိုပြီးကောင်းတဲ့အကြောင်းရင်းက ဝေသာလီပျက်စီးအောင် နည်းပေးကြံဆောင်ခဲ့သူ ဝဿကာရပုဏ္ဏားအမတ်ဟာ ဝေသာလီဇာတိဖြစ်နေတဲ့အတွက်ကြောင့်ပါ။

**မြသန်းသန်းနု**

**၁၁–၉–၂၀၀၉**

**ကျမ်းကိုး–**

(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၂)
(၂) မဇ္ဈိမဒေသမြို့ရွာများမှ သမိုင်းရုပ်ကြွင်းပုံရိပ်လွှာများ
– ဆရာတော် ဦးဩဘာသ (သာဝတ္ထိမြန်မာကျောင်း)
(၃) ပါဠိသက်ဝေါဟာရအဘိဓာန် ဦးထွန်းမြင့်
(၄) ပရိတ်ကြီးပါဠိတော်နှင့် ပရိတ်ကြီးမြန်မာပြန်–ဦးစိုးဝင်း

**စာရေးသူ၏ ကိုယ်ရေးအကျဉ်း**

| | |
|---|---|
| **အမည်ရင်း** | – သန်းသန်းနု |
| **မိဘ** | – ဦးနု (ဝန်ကြီးချုပ်ဟောင်း)–ဒေါ်မြရီ |
| **မွေးသက္ကရာဇ်** | – ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် |
| **ပညာအရည်အချင်း** | – ၁၉၆၄–၆၈ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ။ |
| **အလုပ်အကိုင်** | – ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ အိန္ဒိယနိုင်ငံ All India Radio (AIR) နိုင်ငံပိုင်အသံလွှင့်ဌာနတွင် ဘာသာပြန်/အသံလွှင့်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။ |
| **စာပေလောကဝင်ရောက်သည့်နှစ်** | – ၂၀၀၇ ခုနှစ်တွင် ပြည့်စုံစာပေမှ မျက်စိအကြောင်းသိကောင်းစရာ ဘာသာပြန်စာအုပ်ထုတ်ဝေခဲ့။ ကလောင်အမည် သန်းသန်းနုဖြစ်ပြီး ယခု မြသန်းသန်းနု ကလောင်အမည်ထားရှိ။ |
| **ခင်ပွန်း** | – ဦးအောင်ငြိမ်း<br>သားနှစ်ဦးရှိရာ မောင်ရှိန်မင်း (MBA) (အမေရိကန်ပြည်ထောင်စု လော့စ်အိန်းဂျလိစ်မြို့ အစိုးရဌာနတွင် Management Administrator အဖြစ် တာဝန်ထမ်းဆောင်နေ) နှင့် ဒေါက်တာအောင်စည် Ph.D (NEURO SCIENCES) RESEARCHER, AUSTRALIAN NATIONAL UNIVERSITY CANBERRA တို့ဖြစ်။ |

www.foreverspace.com.mm

# သူတို့အပြောနှင့် ကျွန်တော့်အတွေး

ဦးဝင့်ကျော်

"ကဲ ဘယ့်နှယ်လုပ်မလဲတော့"

"အစမရှိ၊ အဆုံးမရှိ ဒုက္ခမကြီးက တော့လေ"

ညဘက်အလုပ်ကပြန်လာချိန်တွင် ကျွန်တော်၏ ကပ္ပိယအဒေါ်ကြီးက အမေ မပြောသော အမောမပြေသည့်စကားဖြင့် ကြိုဆိုလိုက်ပါသည်။ "အခုပဲ သတင်း ကြေညာသွားတယ်။ အောက်တိုဘာလ ၁ ရက်နေ့ကစပြီး ငါးထောင်တန်ငွေစက္ကူတွေ ထုတ်တော့မတဲ့"ဟု ဆင့်ကာဆင့်ကာပြောလိုက်ပါသည်။

"အဲဒီတော့ . . ."

"အဲဒီတော့ ကုန်ဈေးနှုန်းတွေတက်ဦးတော့မှာပေါ့"

"ဒါကတော့ လူတွင်ပါလို့ နွားကျားကိုက်တာဖြစ်မှာပါကွာ"

"ရှင်က ပရိလား"

"ပရိလား၊ အန်တီလား၊ အန်ကယ်လားတော့ ငါ့ကိုယ်ငါ ဘာမှသတ်မှတ်မထားဘူး။ ငါအခုစာရေးနေတယ်။ စာဖတ်ပရိသတ်ကြီးဟာ ငါ့ရဲ့ဖောက်သည်တွေပဲ။ ဖောက်သည်တွေရဲ့အကျိုးကိုပဲ ငါကြည့်ရမယ်။ ငါးထောင်တန်ပဲထုတ်ထုတ်၊ ငါးသောင်းတန်ပဲထုတ်ထုတ်၊ တတ်နိုင်ရင် တစ်သိန်းတန်ပဲထုတ်ထုတ်။ အဲဒါက အဓိကမကျဘူး။ မင်းလို ငါ့စာဖတ်ပရိသတ်ကြီး သွေးမလန့်မိဖို့ပဲ အရေးကြီးတယ်။ မင်းတို့တစ်တွေ သွေးလန့်မှန်းသိရင် ငါးစာချမယ့်သူတွေက အကြိုက်တွေ့သွားမယ်။ အေးအေးဆေးဆေးသာနေ။ ကိုယ့်မှာလည်း ဘာမှရှိတာမဟုတ်ဘဲ။ ရှိလည်းဘာမှမဖြစ်ဘူး။ စိတ်ပူမနေနဲ့"

ကျွန်တော့်စကားအဆုံးတွင် ကပ္ပိယကြီးဆီမှလာသော မျက်စောင်းမှာ ဟိုးနှစ်လေးဆယ်က မျက်စောင်းလို ညို့ငင်အားမရှိ၊ တွန်းအားသာရှိသည်ကို အမှတ်တရဖြစ်သွားပါသည်။

ကျွန်တော်၏အတွေးတို့သည် ၂၀၀၃ ခုနှစ်ဆီသို့ရောက်သွားပါသည်။ "ကျွန်တော်တို့အပ်ထားတဲ့ငွေတွေ ပြန်ထုတ်ချင်လို့"။ "ကျွန်မငွေစုစာရင်းထဲကငွေ တစ်ခါတည်းထုတ်ချင်လို့"။ "မန်နေဂျာ အဲလေ အန်



ကယ်လ် အဲ ဒါရိုက်တာကြီးရယ် ကျွန်မက သူများလို လန့်လို့မဟုတ်ပါဘူး။ ဝယ်ထားတဲ့အိမ်ဖိုးလေး ချေပေးဖို့ပါ။ ငွေအားလုံး ထုတ်သွားချင်ပါတယ်။ ၂၀ ကျပ်ချန်ထားခဲ့ပါမယ်။ စာရင်းပိတ်မသွားပါဘူး”

“ခင်ဗျားတို့ သေသေချာချာစဉ်းစားပါဗျာ။ ကျွန်တော်တို့ဘဏ်တွေက နိုင်ငံတော်ဗဟိုဘဏ်ရဲ့ကွပ်ကဲမှုအောက်မှာလုပ်နေကြတာပါ။ ခင်ဗျားတို့အပ်ငွေတစ်ပြားမှ မဆုံးစေရပါဘူး။ စိတ်အလိုမလိုက်ကြပါနဲ့။ အငိုလွယ်ပါတယ်။ အရှိုက်ခက်တတ်တယ်နော်။ သတိထားကြပါ”။ ဘယ်သို့ပင်ဆိုဆို မရရေးချမရ။ သည်တော့ အခု အရှိုက်ခက်ကုန်ကြပြီ မဟုတ်ပါလား။

ဟော . . . အခု သူတို့ပဲပြောကြပြန်ပြီ။

“ဘဏ်တွေက အပ်ချင်တိုင်းအပ်လို့ မရဘူး။ အတိုးမယူပါဘူးဆိုတဲ့စာရင်းတောင် အအပ်မခံကြတော့ဘူးတဲ့ဗျ” တဲ့။

ကျွန်တော့်အတွေးတို့သည် ဆိုရှယ်လစ်ဘောဂဗေဒသမိုင်းအဆိုအရ ကျွန်ပိုင်ရှင်ခေတ်သို့ရောက်သွားသည်။ ကျွန်ပိုင်ရှင်ခေတ်တွင် ကုန်သွယ်မှုလုပ်ငန်းများစတင်အစပျိုးခဲ့သည်။ ဘာတာစနစ်ဆိုသည့်ကုန်ကို ကုန်ချင်းဖလှယ်မှုတွင် အခက်အခဲတွေ့လာသဖြင့် ငါးမျှားချိတ်၊ သံချွန်၊ ခရုခွံ၊ ပုတီးစေ့တို့ကို ကြားခံလဲလှယ်ရေးမဏ္ဍိုင်အဖြစ်ထားပြီး သွယ်ဝိုက်လဲလှယ်လာခဲ့ကြသည်။ ဒီနောက် သတ္တုတုံးများ နောက်သတ္တုပြားများ ဆင့်ကာဆင့်ကာပေါ်လာသည်။ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေသုံးလာကြသည်။ နောက်တော့ ငွေစက္ကူ၊ ရွှေဒင်္ဂါးနှင့်လဲလှယ်ခွင့်ရှိသော ငွေစက္ကူ၊ ရွှေနှင့် ချိတ်ဆက်ထားသော ငွေစက္ကူ၊ ဒီနောက် ၁၉၇၃ ခုနှစ်မှစ၍ ရွှေနှင့်မချိတ်ဆက်တော့ဘဲ အစိုးရများက ဥပဒေပြဋ္ဌာန်း၍ တရားဝင်သည်ဟုသတ်မှတ်ထားသော ငွေစက္ကူများ သုံးစွဲလာကြသည်။

ဤသို့တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းလဲလာသော လူတို့၏အလိုဆန္ဒ တဖြည်းဖြည်း ကျယ်ပြန့်မြားမြောင်လာသောကြောင့် ယင်းလောဘကိုဖြည့်ဆည်းပေးနိုင်ရန် ‘ငွေ’ များများ လိုလာသည်။ ငွေများများထုတ်လာကြသည်။ ထားဖို့သိုဖို့ခက်လောက်အောင်ပင် တိုးပွားလာသည်။ သည်တွင် ဘဏ်စနစ် ပေါ်လာရသည်။ ဤသို့ဆိုလျှင် ကမ္ဘာ့မိသားစုယန္တရားတွင် စီးပွားကုန်သွယ်မှု ငွေကြေးဘဏ်စနစ်ဟူ၍ ဖိုခံလောက်ဆိုင်သုံးခုက ဟန်ချက်ညီညီ ထိန်းထားကြသည်။

အဗရာဟမ်မက်စလိုက လူတို့၏ လိုအင်ဆန္ဒ ငါးဆင့်ရှိသည်ဟု ဆိုခဲ့သည်။ တကယ်တော့ ထိုငါးဆင့်၏ အကျယ်အဝန်းကို မက်စလိုခမျာ မတိုင်းတာနိုင်ခဲ့



www.foreverspace.com.mm



သည်မှာ သနားစရာပင်ကောင်းသေးတော့ သည်။ လူတွေသည် စားစရာ၊ ဝတ်စရာ၊ နေစရာ၊ သွားစရာ၊ ပျော်စရာများ တစ်ခုပြီး တစ်ခု တောင့်တလာသည်။ ဘာတဲ့ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်သာမက စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဖို့လိုသည်တဲ့။ Stress တွေ ဖြေရမယ်တဲ့။ ဒီတော့ ဟိုအရှေ့ခြမ်းကလူက အနောက်ခြမ်း၊ အနောက်ခြမ်းကလူက အရှေ့ခြမ်း၊ တောင်ကလူက မြောက်၊ မြောက်ကလူက တောင် ပြောင်းဆန်အောင်ခရီးတွေထွက်ကြ၊ နိုက်ကလပ်ကိုမတွေ့ဘူးတဲ့သူက နိုက်ကလပ်ရှိတဲ့မြို့ကိုသွား။ နိုက်ကလပ်ပေါင်းစုံ ရိုးအီနေတဲ့သူက တိုက်အိုတိုက်ပျက်တွေကို အမှတ်တရကြည့်ချင်ရပြန်သတဲ့။

ဒီလိုအင်ဆန္ဒတွေနဲ့ ကမ္ဘာ့ယန္တရားကြီးမွှတ်နေအောင်လည်တော့ 'ဆီ' ဆိုတဲ့ ငွေတွေရိုက်နှိပ်ထုတ်ဝေဖြန့်ချိ။ လက်ထဲငွေရှိပြန်တော့ သူခိုးကြောက်လို့၊ ဓားပြကြောက်လို့နဲ့ လုံခြုံတာလေးရှာကြတော့ ဟော ဘဏ်ဆိုတဲ့ ခံတန်းလျားတွေ တစ်ခေတ်ဆန်းခဲ့ပြန်ရသည်။ တစ်ခါဘဏ်တွေရှိလာတော့ အင်ဖော်မေးရှင်းတက္ကနိုလိုဂျီတွေက တစ်ထောင့်က ထကြပြန်သည်။ သည်တော့ ချက်လက်မှတ်တွေ၊ ငွေစုစာရင်းတွေကို 'ငွေ' လိုသုံးကြပြန်သည်။ ဟော... နောက်ဆုံးတော့ အီးထွက်လာသည်။ အီးဘဏ်လုပ်ငန်းတဲ့ အီးမန်းနီးတဲ့။

လူ့အလိုနတ်မလိုက်နိုင်ပေမယ့် ဆိုင်ရာဆိုင်ရာ အစိုးရမင်းများကတော့ ခေါင်းကုတ်လိုက်၊ ခေါင်းမော့လိုက်နဲ့ လူ့အလိုလိုက်ခဲ့ကြသည်။ မင်းတို့မြှင့်ချင်တဲ့ စီးပွားကုန်သွယ်မှုလည်းမြင့်၊ လိုတဲ့ငွေလည်း ရော့...၊ ထားစရာဘဏ်တွေလည်းဖွင့်၊ ဖွင့်ပြီးသားဘဏ်တွေလည်း ဆန်းကြသစ်ကြနဲ့ ဖိုခံလောက်သုံးခုညီအောင် ညှိပေးကြရသည်။ တချို့က ဖိုခံလောက်သုံးခု ညှိပေးနိုင်ကြသော်လည်း တချို့က ဖိုခံလောက်နှစ်ခုသာ မြှင့်ပေးနိုင်ကြသည်။ ဘဏ်ဆိုသော ဖိုခံလောက်က ခလုတ်တိုက်မိမှာစိုးကြသည်။ သည်တော့ ဖိုခံလောက်နှစ်ခုနှင့် ထိန်းနိုင်အောင် ကြိုးစားကြသည်။ ဘဏ်ဆိုသော ဖိုခံလောက်ကြီး ကျောက်တုံးဖြစ်လျှင် မဖို့၊ ရွှေ့ဖို့၊ မနိုင်မနင်းဖြစ်မှာစိုးကြသည်။ ကျောက်တုံးလွတ်ကျပြီး 'ခြေမ' ကျိုးမှာစိုးကြသည်။ သည်တော့ငွေစက္ကူတွေနှင့် ခုကြခံကြ လုပ်ရသည်။

"ဒီတော့ နတ်မလိုက်နိုင်သော လူတွေက သယ်ရတာ လေးလိုက်တာ ဘယ်နားသွားထားရမှာလဲ။ ကြည့်ပါဦး သူဌေးနဲ့ကူလီ ရောကုန်ကြပြီ။ ကယ်ကြပါဦး" ပြောကြပြန်သည်။ "ကဲကဲ . . . မင်းသယ်ရလွယ်အောင် ဒီလိုအရွက်ကို သည်တန်ဖိုးလို့မှတ်" ဟု ပြောပြန်တော့ "ဖောင်းပွမလာဘူးလား" တဲ့။

"ဒီအရွက်ကို ဒီတန်ဖိုးလို့မှတ်" လို့ မပြောဘဲ။ "မင်းတို့ကိုင်နေတဲ့အရွက်မျိုးတွေ ငါထပ်ထုတ်တော့ကော မင်းက သိမှာမို့လို့လား" ဟုမေးရတော့မလို ကြုံကြရတော့သည်။ မဖောင်းပွချင်ရင်တော့ မင်းတို့များများအလုပ်လုပ်၊ ကုန်တွေထုတ်၊ ရောင်းကြ၊ ဝယ်ကြ၊ သွက်သွက်လုပ်ကြဟု ပြောလိုလျှင်ပြော။ ကျောက်တုံးကို ကြိုးခိုင်ခိုင်တုတ်ပြီး ခပ်ကြီးကြီး ဖိုခံလောက်ဆိုင်သုံးခုဆိုဒ်တူအောင်လုပ်ရုံသာ ရှိတော့သည်။

ကျွန်တော့်အတွေးသည် လမ်းဆုံးသို့ ရောက်သွားသည်။ ရှေ့မှာ မဟာဗောဓိပင်ရင်း၌ သီတင်းသုံးနေသော အလွန်တင့်တယ်သပ္ပာယ်သော မြတ်စွာဘုရားသည် စူးစိုက်ဖူးမြော်ပါမှ အနည်းငယ်သိနိုင်သော၊ ကရုဏာသက်သောအပြုံးဖြင့် ညင်ညင်သာသာ မိန့်တော်မူလိုက်သည့် တရားသံကို မပီဝိုးဝါးကြားနာမိလိုက်သည်။

"လောဘကို အလောဘနဲ့တိုက်၊ ဒေါသကို အဒေါသနဲ့ချေ၊ မောဟကို အမောဟနဲ့ဖြေတော့ ချစ်သား" တဲ့။

နှုတ်မှမထင်မှတ်ဘဲ "အာမဘန္တေပါဘုရား" ဟု ဆိုလိုက်မိသည့်နောက် ဦးသုံးကြိမ်ချလိုက်မိပါတော့သည်။

**ဦးဝင့်ကျော်**

**လူ့အလိုနတ်မလိုက်နိုင်ပေမယ့် ဆိုင်ရာဆိုင်ရာ အစိုးရမင်းများကတော့ ခေါင်းကုတ်လိုက်၊ ခေါင်းမော့လိုက်နဲ့ လူ့အလိုလိုက်ခဲ့ကြသည်။ မင်းတို့မြှင့်ချင်တဲ့ စီးပွားကုန်သွယ်မှုလည်းမြင့်၊ လိုတဲ့ငွေလည်း ရော့...၊ ထားစရာဘဏ်တွေလည်းဖွင့်၊ ဖွင့်ပြီးသားဘဏ်တွေလည်း ဆန်းကြသစ်ကြနဲ့ ဖိုခံလောက်သုံးခုညီအောင် ညှိပေးကြရသည်။ တချို့က ဖိုခံလောက်သုံးခု ညှိပေးနိုင်ကြသော်လည်း တချို့က ဖိုခံလောက်နှစ်ခုသာ မြှင့်ပေးနိုင်ကြသည်။**

www.foreverspace.com.mm



# UNGA ၊ G 20 အရှေ့သွားအနောက်ရောက်

ရဲမင်းဦး

**ထိုင်းနိုင်ငံအတွက် ဝင်ငွေအမြောက်အမြားရှာဖွေပေးနေသည့် သုဝဏ္ဏဘူမိလေဆိပ်ကြီးအတွင်းရှိ Transit Hotel ၏အမည်မှာ DAYROOMS။ ယင်းဟိုတယ်ဧည့်ကြိုကောင်တာရှိ ထိုင်းသံဝဲ အင်္ဂလိပ်စကားပြောယဉ်ကျေးသည့်တိုင် တည်းခိုသူများကို ပတ်စ်ပို့စာအုပ်ကြည့်ပြီးသကာလ မတူညီသောမျက်နှာပေးဖြင့် အဝင်အထွက်ကြိုဆိုနှုတ်ဆက်သည့် ရုပ်ဆင်းရူပကာကောင်းကောင်း အမျိုးသမီးများကို အခန်းသော့အပ်ကာ သော့အာမခံငွေ အမေရိကန်ဒေါ်လာ ၂၀ ပြန်ယူသည့်အချိန်မှာ ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့ နံနက် ၄ နာရီထိုးပေပြီ။ ယင်းဟိုတယ်ကကျွေးသည့် နံနက်စာ စားဖွယ်များအနက် ဂျုံကောင်းကောင်းကိုဖုတ်ပြီး ထောပတ်စိမ်ကာ ပျားရည်အနည်းငယ်ဆမ်းထားသည့် မုန့်လေးခုနှင့် ပန်းသီးဖျော်ရည်အေးအေးနှစ်ခွက်ကို သောက်ပြီးသကာလ . . .။**

(၆၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတက်ရောက်လေ့လာရန်နှင့် တတိယအကြိမ်မြောက် G 20 ထိပ်သီးဆွေးနွေးပွဲတက်ရောက်သတင်းယူရန် စိတ်ဓာတ်ရွှင်လန်းတက်ကြွနေသည့် စာရေးသူအပါအဝင် မြန်မာလူငယ်လူရွယ်သတင်းသမားလေးဦးမှာ တိုင်ပင်ကိုက် ဟန်ချက်ညီခြေလှမ်းကိုယ်စီကြွ၍ ဘန်ကောက်မြို့မှ တိုကျိုမြို့သို့ ဦးတည်ထွက်ခွာမည့် United Arilines ခရီးစဉ်အမှတ် UA 882 ထွက်ခွာကောင်တာရှိရာသို့ ရောက်လာခဲ့ကြသည်။ အရှေ့ကိုလားမည့် စာရေးသူတို့၏ ခရီးစဉ်က ထိုင်းစံတော်ချိန် နံနက် ၆ နာရီ ၅၀ မိနစ်မှစတင်မည်ဖြစ်သည့်တိုင် လက်ထဲသို့ Boarding Pass ခေါ် လေယာဉ်လိုက်ပါစီးနင်းခွင့်လက်မှတ်များရယူရန်အတွက် ဝီရိယစိုက်ကာ အိပ်ရာမှ စောစောထလာခြင်း ဖြစ်၏။ လက်မှတ်များဟုဆိုရခြင်းမှာ စာရေးသူတို့အနေနှင့် ဘန်ကောက် သုဝဏ္ဏဘူမိလေဆိပ်မှ တိုကျိုနာရီတာလေဆိပ်၊ ယင်းမှ အမေရိကန်ပြည်ထောင်စု လော့ဇင်းဂျလိစ်မြို့၊ ထိုမှတစ်ဖန် နယူးယောက်မြို့သို့ လေယာဉ်များပြောင်းစီးကာ ခရီးဆက်ရမည်ဖြစ်၍ပင်။




DAYROOMS လေဆိပ်ဟိုတယ်ဧည့်ကြိုကောင်တာမှ ဧည့်ကြိုနှင့် စာရင်းကိုင်ဝန်ထမ်းအမျိုးသမီးများအနက် အချို့၏ 'မျက်နှာထိ မျက်နှာထား' ကို ခါးသက်သက်မြင်ခဲ့ရသည့် စာရေးသူတို့မှာ Boarding Pass ကောင်တာ မရောက်ခင်မှာပင် လိုအပ်သည့် လုံခြုံရေးစစ်ဆေးမှုများ ခံယူရသည်။ Laptop ကွန်ပျူတာကိုထုတ်၍ ပလတ်စတစ်ခွက်တစ်ခုအတွင်း၌လည်းကောင်း၊ နာရီ၊ ခါးပတ်၊ ပိုက်ဆံအိတ်များ

www.foreverspace.com.mm

ကို ချွတ်၍ ခွက်တစ်ခုအတွင်း၌လည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်း၊ ခရီးဆောင်လက်ဆွဲအိတ်ကိုလည်းကောင်း စက်အားလူအားဖြင့် စစ်ဆေးခံနေရပြီးစဉ်မှာပင် မျှော်လင့်ထားသည့်မေးခွန်းနှစ်ခု ရင်ဆိုင်လိုက်ရ၏။

"ပတ်စ်ပို့ပြပါ"

"ဘယ်ကလာတာလဲ"

"မြန်မာနိုင်ငံကလာတာ။ အမေရိကကိုသွားမလို့။ သိချင်တာရှိရင် ပတ်စ်ပို့ထဲမှာကြည့်လို့ရပါတယ်။ ဖြေလည်းဖြေမယ်" အမေးအဖြေလုပ်ပြီးနောက် ပြုံးလိုက်လျှင် ရုပ်ရှင်မင်းသားလွှင်မိုးနှင့် တူသွားတတ်သည့် ထိုင်းလူငယ်ဝန်ထမ်းက စာရေးသူကိုပြောသည်။

"အနွေးထည်ပါတော့ကောင်းတာပေါ့။ လေယာဉ်ထဲမှာအေးတယ်လေ။ လူကြီးမင်းရဲ့ ခရီးဆောင်အိတ်ထဲမှာ ဒီဘူးတွေ့တယ်။ ဒါဘာလဲ"

"ဖိနပ်တိုက်ဆေးဘူး"

"လူကြီးမင်းက ကြွပ်ကြွပ်အိတ်နဲ့ထုတ်လာတာ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော် ပလတ်စတစ်အိတ်နဲ့ထပ်ထုတ်ပေးလိုက်မယ်" "ကျေးဇူးတင်တာပေါ့ဗျာ"

ထိုင်းလူငယ်၏ကောင်းသော ဆက်ဆံဝန်ဆောင်ပေးမှုကြောင့် စာရေးသူကျေနပ်သွားမိသည်။ "အဆင်ပြေတဲ့ခရီးစဉ်ဖြစ်ပါစေဗျာ" ဟု ထိုလူငယ်က ထပ်ပြောသောအခါ 'ဆဝါဒီခပ်' ဟု စာရေးသူက ပြန်ပြောလိုက်ပြီး Boarding Pass ကောင်တာသို့ ဆင်းလာခဲ့သည်။

ယင်းကောင်တာသို့ စာရေးသူတို့လေးဦးရောက်သွားချိန်တွင် ကောင်တာ၌ လူရှင်းလျက်။ ကောင်တာ၌ ထိုင်းနိုင်ငံသားလူငယ်တစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦး တာဝန်ထမ်းဆောင်နေသည်။ ၎င်းတို့နှင့် စာရေးသူတို့ အပြန်အလှန် 'ဆဝါဒီခပ်' ကြရင်း စာရေးသူ၏ ပတ်စ်ပို့နှင့် ခရီးစဉ် စာရွက်မူရင်း (e-Ticket) ကို ပုဂ္ဂိုလ်လေးထံ ထိုးပေးလိုက်တော့ ပတ်စ်ပို့စာအုပ်အဖုံးတွင်ရေးထားသည့် စာရေးသူတို့၏ နိုင်ငံအမည်ကိုကြည့်လိုက်ပြီးနောက် အနီပုဂ္ဂိုလ်လေးမျက်နှာ အနည်းငယ်တည်သွားသည်ကို မြင်လိုက်ရ၏။

"ဘာသွားလုပ်ကြမှာလဲ"

"ဗီဇာပေါ်မှာလည်း သွားမယ့်ကိစ္စရေးထားတယ်။ ကုလသမဂ္ဂညီလာခံနဲ့ G 20 ထိပ်သီးဆွေးနွေးပွဲသွားမလို့ပါ။ လိုအပ်တာရှိရင် ပြဖို့အသင့်ပါပဲ"

ပုဂ္ဂိုလ်လေးနှင့် မိန်းမငယ်တို့ ကွန်ပျူတာများဖြင့် အလုပ်ရှုပ်သွားကြ၏။ အလုပ်ရှုပ်သွားကြသည်ဟု စာရေးသူက ယူဆမိလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်မူ ၎င်းတို့နှစ်ဦးမှာ စာရေးသူတို့လေးဦးကို "ခဏစောင့်ကြပါဦး" ဟု ပင် စကားမဆိုတော့ဘဲ ကွန်ပျူတာများကို ကြည့်ခြင်း၊ စာရေးသူတို့၏နောက်မှ Boarding Pass ကောင်တာသို့ရောက်ရှိလာကြသည့်ခရီးသွား ဂျပန်၊ ထိုင်းနှင့် ဥရောပသားများကိုသာ ၁၀ မိနစ်ဝန်းကျင်ခန့် ပျူပျူငှာငှာဝန်ဆောင်မှုပေးနေကြခြင်း၊ လူရှင်းသွားလျှင် ခေါင်းများငုံ့၍ တစ်စုံတစ်ခုလုပ်နေကြခြင်းတို့ကြောင့်ဖြစ်၏။ ထို့နောက် စာရေးသူတို့လေးဦး ရပ်စောင့်နေသည်ကို သတိမရတော့သည့်အလား ၎င်းတို့အချင်းချင်း ထိုင်းဘာသာစကားဖြင့် တွတ်ထိုးနေကြပြန်ကုန်၏။ ၁၅ မိနစ်ဝန်းကျင် မတ်တတ်ရပ်နေရပြီဖြစ်သောအခါ စာရေးသူ 'ထင့်' သွားသည်။

"အဟမ်း . . . အဟမ်း . . . အဟမ်း'

'Wait me please'

"ဘာတွေလိုအပ်ချက်ရှိနေလို့လဲ။ ဘာပြဿနာတွေ့ရလို့လဲ"

"Boarding Pass တွေ သုံးခုစီလုပ်နေရလို့ပါ။ ခင်ဗျားတို့ ဗမာတွေနော်"

ပုဂ္ဂိုလ်လေး၏ ကြည့်ပုံကိုစာရေးသူမကြိုက်။ "မောင်ရင် အာဆီယံဆိုတာကြားဖူးလား။ အာဆီယံစိတ်ဓာတ်ဆိုတဲ့စကားလုံး မောင်ရင်တို့နိုင်ငံက လူကြီးလူကောင်းမစ္စတာဆူရင်ပစ်ဆူဝမ်ပြောပြောနေတာကိုရော နားလည်ရဲ့လား" စသည့် မေးခွန်းများ ပစ်လွှတ်တော့မည်ဟု ဒေါသရှေ့ထား စိုင်း

**၎င်း၏မျက်ဝန်းတွင် "တစ်စုံတစ်ရာ" ကို စာရေးသူတွေ့လိုက်ရသည်။ ခရီးသည်များအကြား ရောက်နေပြီဖြစ်သည့် စာရေးသူတို့အုပ်စုထံကိုသာ ဦးတည်ရောက်ရှိလာခြင်းနှင့် "ဘယ်ကလာလဲ။ ဘယ်ကိုသွားမလဲ။ ဘာကိစ္စလဲ" ထပ်မေးနေခြင်းများအပေါ် စာရေးသူ ဘဝင်မကျမိသည်မှာ အမှန်ပင်။ စာရေးသူတို့၏ပတ်စ်ပို့စာအုပ်နှင့် သွားမည့်ခရီးစဉ်အပေါ် ၎င်းတို့ဝန်ထမ်းများစိတ်ဝင်စားနေမှုမှာ မှုမှန်မဟုတ်တော့ဟု စာရေးသူယူဆလိုက်သည်။**

ပြင်းနေခိုက် ကိုယ်တော်လေးက Boarding Pass သုံးခု ထုတ်ပေးသည်။ ဤသို့ဖြင့် စာရေးသူတို့လေးဦးလက်တွင်း UA 882, UA 890, UA 7180 ခရီးစဉ် လိုက်ပါခွင့်လက်မှတ်များ ရောက်လာ၏။ "ကိုင်းအိုကေပြီဟေ့" ဟု စာရေးသူတို့အချင်းချင်း ပြောကာ တိုကျိုသို့လိုက်ပါမည့် ခရီးသည်များ ထိုင်နေ၊ ငိုက်နေရာခုံတန်းများဆီသို့ စာရေးသူတို့ ရောက်သွား၏။

ထိုင်ခုံတန်းရှည်တစ်ခုပေါ်တွင် စာရေးသူတို့ ပစ္စည်းများရှေ့ချကာ ထိုင်ချလိုက်ပြီးနောက် စာရေးသူ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်မိသည်။ လူလတ်ပိုင်းအရွယ် ဂျပန်အမျိုးသားသုံးဦးနှင့် ဥရောပသားတစ်ဦး (အမေရိကန်လည်းဖြစ်နိုင်ပါသည်) Laptop ကွန်ပျူတာကိုယ်စီဖွင့်ကာ အလုပ်ရှုပ်နေသည်။ ဂျပန်သို့ခရီးထွက်လာသည်ဟုထင်ရသည့် ထိုင်း၊ အမျိုးသားလူငယ်နှစ်ဦးနှင့် အမျိုးသမီးငယ်သုံးဦးတို့မှာ ဝိုင်းဖွဲ့စကားပြောလျက်။ ဂျပန်တက္ကသိုလ်

www.foreverspace.com.mm

ပညာသင်များဖြစ်ပုံရသည်။ ဥရောပသူ ခပ်ချောချောနှစ်ဦးနှင့် ပါမောက္ခတစ်ဦး၏ ဟန်ပန်ပုံပေါက်နေသော (ထိုင်းနိုင်ငံသူဟုထင်မှတ်ရ) အမျိုးသမီးကြီးတစ်ဦးတို့မှာမူ စာအုပ်ကိုယ်စီဖွင့်ဖတ်နေကြသည်။ ဂျပန်အဘိုးကြီးတစ်ဦးနှင့် ၎င်းအနီးရှိ ဥရောပသားအဘိုးအိုတစ်ဦးတို့မှာမူ ငိုက်နေကြကုန်သည်။ စာရေးသူတို့အနီးရှိ ခရီးသားပုဂ္ဂိုလ်အရွယ်စုံတို့အနက် အချို့ကလည်း စာရေးသူတို့အုပ်စုကို အကဲခတ်လျက်ရှိသည်ကိုတွေ့၏။

'အကဲခတ်ပွဲ' လုပ်နေခိုက် ထိုင်းလုဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းအမျိုးသမီးငယ်တစ်ဦး စာရေးသူတို့ရှိရာသို့ ဆိုက် ဆိုက်မြိုက်မြိုက်ရောက်ရှိလာသည်။

"ရှင်တို့တွေက ဘယ်ကလာတာလဲ။ ဘယ်ကိုသွားမှာလဲ။ ခရီးဆောင်အိတ်ကြီးတွေကို ဘယ်မှာ Laggage လုပ်ကြသလဲ"

စာရေးသူအနေနှင့် အဆိုပါမိန်းမပျိုဝန်ထမ်းကို ၎င်းမေးသမျှ ချက်ချင်းပြန်အဖြေမပေးဘဲ ၎င်း၏မျက်နှာကို စိုက်ကြည့်အကဲခတ်လိုက်သည်။ ၎င်း၏ မျက်ဝန်းတွင် 'တစ်စုံတစ်ရာ' ကို စာရေးသူတွေ့လိုက်ရသည်။ ခရီးသည်များအကြားရောက်နေပြီဖြစ်သည့် စာရေးသူတို့အုပ်စုထံကိုသာ ဦးတည်ရောက်ရှိလာခြင်းနှင့် "ဘယ်ကလာလဲ။ ဘယ်ကိုသွားမလဲ။ ဘာကိစ္စလဲ" ထပ်မေးနေခြင်းများအပေါ် စာရေးသူ ဘဝင်မကျမိသည်မှာ အမှန်ပင်။ စာရေးသူတို့၏ပတ်စ်ပို့စာအုပ်နှင့် သွားမည့်ခရီးစဉ်အပေါ် ၎င်းတို့ဝန်ထမ်းများ စိတ်ဝင်စားနေမှုမှာ မှုမှန်မဟုတ်တော့ဟု စာရေးသူယူဆလိုက်သည်။

"မင်းတို့ ဘာကိုစိုးရိမ်နေကြတာလဲ။ တို့ Baggage တွေကို မင်္ဂလာဒုံလေဆိပ်မှာကတည်းက Laggage Loading လုပ်လိုက်ပြီးသား။ LA အထိ။ မင်းဘာထပ်မေးချင်သေးလဲ"

သံမှန်ဖြင့်သာ ပြောလိုက်ခြင်းဖြစ်သော်လည်း United Airlines ၏ ခရီးသည် စိတ်ငြိုငြင်မှုစတင်ဖြစ်နေပြီဟု ထင်သွားပုံရသော အဆိုပါအမျိုးသမီးမှာ "ဆဝါဒီခပ်" ဟုပြောပြီး ပြန်လှည့်သွား၏။ "အစိုးရဝန်ထမ်းပုံမပေါက်ဘဲနဲ့ UN နဲ့ Summit တက်မယ်ဆိုလို့ အံ့သြပြီး Second Thou-



www.foreverspace.com.mm



ghtဝင်သွားကြတာပဲဖြစ်မယ်” ဟုသာတွေးမိလိုက်တော့သည်။ UA 882 ခရီးစဉ်ပြေးဆွဲမည့် Boeing 747 အမျိုးအစားလေယာဉ်ကြီးပေါ်သို့ ရောက်ရှိနေရာယူပြီးသောအခါ လေယာဉ်ပျံသန်းမှု မစတင်ခင်မှာပင် စာရေးသူ ငိုက်နေမိပြီ။

လေယာဉ်ကြီး ကောင်းကင်ယံ၌ ပျံသန်းနေစဉ် ရာသီဥတုအနေအထားမှာ ကောင်းမွန်နေသည်။ လာအိုကိုဖြတ်သည်။ ဗီယက်နမ်ကိုဖြတ်သည်။ ဗီယက်နမ်မြေပိုင်နက် တောင်တရုတ်ပင်လယ်ကမ်းစပ်ရှုခင်းမှာ ကြည့်ကောင်းလှသည်။ လေယာဉ်ကြီးက တစ်နာရီမိုင် ၆၀၀ နှုန်းဖြင့် အမြင့်ပေ ၃၇,၀၀၀ မှ ပျံသန်းနေသည်။ ဘန်ကောက်- တိုကျိုအကွာအဝေးက ၂,၈၈၅ မိုင်။ အမေရိကန်တပ်မတော်၏ ပစိဖိတ်ရေတပ်စခန်းဌာနချုပ်တည်ရှိရာ ဂျပန်နိုင်ငံပိုင် အိုကီနာဝါကျွန်းစုများပေါ်မှ စာရေးသူတို့စီးလာသည့် လေယာဉ်ကျော်ဖြတ်ပျံသန်းနေခိုက် အိုကီနာဝါရှုခင်းမှာ ခေတ်မီလှပနေသည်ကို တွေ့ရ၏။ ဒေသခံဂျပန်နိုင်ငံသားများနှင့် တပ်စွဲထားသည့် အမေရိကန်မရိမ်းတပ်ဖွဲ့ဝင်များအကြား ချစ်ကြည်ရင်းနှီးမှု၊ တင်းမာမှုများ ရောယှက်တည်ရှိနေသည့် ဂျပန်ကျွန်းစု။

လေယာဉ်ပျံဆိုတော့ ထုံးစံအတိုင်း မြန်၏။ ဂျပန်ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် UA-882 နာရီတာလေဆိပ်သို့ ဆင်းသက်ရောက်ရှိသည်။ ပျံသန်းချိန် ခြောက်နာရီနီးပါး။ တစ်နာရီမိုင် ၅၀၀ နှုန်း ခရီးပေါက်မှုဖြင့် ရောက်ရှိသွားခြင်း။ Transit Gate ရှေ့တွင် မျက်နှာချောချော၊ အပြုံးချိုချို ဂျပန်အမျိုးသမီးတစ်ဦးက United Airlines လေယာဉ်များဖြင့် ရည်မှန်းဒေသသို့ ခရီးဆက်ကြမည့်သူများ လေဆိပ် Terminal 1 ၏ ဆက်လက်ထွက်ခွာဆောင်ဝင်ပေါက်သို့ဝင်ရန် ဖော်ဖော်ရွေရွေဖိတ်ခေါ်လမ်းညွှန်ပေးနေသည်။ Security First ခရီးသွားလာရေးမူအရ နာရီ၊ ခါးပတ်၊ ပိုက်ဆံအိတ်၊ Laptop ကွန်ပျူတာ၊ ခရီးဆောင်အိတ်များနှင့် လူကိုယ်တိုင်စစ်ဆေးမှုခံယူရပြန်သည်။ ဖိနပ်ကိုမူ ချွတ်၍ စစ်ဆေးခံခိုင်းခြင်းမရှိ။ သုဝဏ္ဏဘူမိနှင့် နာရီတာတွင် စစ်ဆေးပုံအတူတူပင်။

စစ်ဆေးခံကိုယ်ပိုင်ပစ္စည်းများ ပြန်လည်သိမ်းဆည်းကောက်ယူထည့်သွင်းဝတ်ဆင်ပြီးနောက် စာရေးသူတို့ UA လေကြောင်းလိုင်းထွက်ခွာဆောင်ရှိရာသို့ ဦးတည်လျှောက်လာခဲ့ကြသည်။ ဤတွင် အံ့အားသင့်ကျေနပ်ဖွယ်ရာ တာဝန်ယူဝန်ဆောင်ပေးမှုတစ်ရပ်ကြုံရ၏။ အခြားမဟုတ်။ စစ်ဆေးရေးဂိတ် တာဝန်ကျဂျပန်လူငယ်တစ်ဦးမှာ ဗန်းငယ်တစ်ခုအတွင်း နာရီတစ်လုံးထည့်ကာ လူးလာခေါက်ပြန်ပြေးလွှား၍ ပိုင်ရှင်ရှာဖွေနေခြင်းဖြစ်သည်။

“နာရီပိုင်ရှင်ဘယ်သူလဲ။ ဒါဘယ်သူ့နာရီလဲ” ဟူ၍ အကြိမ်ကြိမ်အော်ဟစ်ကာ ပိုင်ရှင်ရှာနေခြင်း ဖြစ်သည်။ စက်လှေကားတစ်ခုမှ စာရေးသူအဆင်း၊ တစ်ဖက်လှေကားမှ ထိုလူငယ်ပြန်အတက် လူငယ်၏မျက်နှာမှာ ဝမ်းသာမှုအရိပ်များစွန်းထင်းသွားသည်ကို စာရေးသူတွေ့လိုက်ရ၏။ နာရီပိုင်ရှင် တွေ့သွားခြင်းပင်ဖြစ်သည်။ ယင်းလူငယ်တွေ့ရှိသွားသည့်ပိုင်ရှင်မှာ စာရေးသူပင် ဖြစ်တော့၏။ စာရေးသူ၏ ဝဲဘက်လက်ကောက်ဝတ်တွင် နာရီပတ်ထားလေ့ရှိ၍ ထင်ကျန်နေသော အရေပြားပေါ် နာရီပုံသဏ္ဌာန်ထင်ကျန်နေမှုကို ထိုလူငယ်က သတိပြုမိသွားခြင်းပင်။

“လူကြီးမင်း။ ဒါခင်ဗျားရဲ့နာရီမဟုတ်လား။ ဗန်းထဲမှာကျန်ခဲ့လို့ လိုက်ပေးတာ” စာရေးသူမှာ ကိုယ့်လက်ကို ကိုယ်ကြည့်လိုက်၊ လူငယ်၏မျက်နှာကိုကြည့်လိုက်နှင့် အံ့ဩနေသည်။ “မြန်မြန်ယူပါ” ဟု လူငယ်က ကမန်းကတန်းပြောသည်။ စက်လှေကားမှာ အရှိန်ဖြင့် အောက်ဘက်သို့ရွေ့လျားနေခြင်းကြောင့်ဖြစ်၏။ “ကျေးဇူးသိပ်တင်ပါတယ်ဗျာ” ဟု ကမန်းကတန်းပြန်ပြောကာ နာရီကို ယူလိုက်ရသည်။ စာရေးသူ၏နာရီမှာ တန်ဖိုးသိပ်မကြီးသည့်တိုင် စာရေးသူ၏ ဖျက်ခနဲတွေ့လိုက်ရသည့် ‘ဂျပန်စိတ်ဓာတ်’ ကိုမူ တန်ဖိုးထားမိသွားသည်။ ကိုယ့်ဘက်က ပေါ့လျော့မှု၊ မေ့လျော့မှု။ သူ့ဘက်က တာဝန်ကျေလိုမှု။ များပြားလှသည့်ခရီးသည်များအကြား ပိုင်ရှင်မှန်ဖော်ထုတ်ကာ ကျန်ရစ်ပစ္စည်း ပေးအပ်လိုက်နိုင်သည့်အတွက် အဆိုပါဂျပန်လူငယ်မှာလည်း ၎င်း၏ ကိုယ်စွမ်းကိုယ်စအပေါ် ကျေနပ်နေမိမည်မှာ သေချာသည်။ နာရီကိစ္စ စာကြောင်းရေ နည်းနည်းများသွားပြီထင်သည်။

နာရီတာမှာသိပ်မကြာ။ ဒေသစံတော်ချိန် ၄ နာရီ ၅၀ မိနစ်တွင် ခရီးစဉ်အမှတ် UA 890 အဖြစ် စာရေးသူတို့ Boeing 757 လေယာဉ်ကြီးဖြင့် နာရီတာမှ လော့စ်ဗင်းဂျလိစ်သို့ ထွက်ခွာခဲ့ကြသည်။ ဂျပန်ကမ်းခြေကို လေယာဉ်ပေါ်မှ လှမ်းမြင်ရပြီး မကြာခင်မှာပင် လေယာဉ်ကြီးမှာ ညအမှောင်ထုအတွင်း တိုးဝင်ပျံသန်းလျက်ရှိပေပြီ။ လေယာဉ်ပေါ်ရောက်မှပင် နာရီတာလေဆိပ်တွင်းရှိ Smoking Room ထဲ တွေ့ခဲ့ရသည်များကို ပြန်မြင်ယောင်နေမိသည်။ စာရေးသူမှာ ဆေးလိပ်သမားတစ်ဦးဖြစ်သည်။ Chain Smoke အဆင့်တော့မဟုတ်ပေ။ နာရီတာ၌မူ ဆေးလိပ်ဖွာလို၍ စာရေးသူ Smoking Room ထဲရောက်သွားသည်။ နာရီတာ ဆေးလိပ်ခန်းများမှာ ဖွဲ့စည်းတည်ဆောက်ထားပုံ ကောင်းလှသည်။ ငယ်ရွယ်အမျိုးသမီး Smoker များလည်း အနည်းနှင့်အများဆိုသလို ရှိနေတတ်သည်။ တစ်ဦးနှင့်တစ်ဦး သိကျွမ်းသည်ဖြစ်စေ၊ မသိကျွမ်းသည်ဖြစ်စေ ဆေးလိပ်ဖွာကြရင်း မိတ်ဖွဲ့စကားလက် ဆုံကျကြသည်။ ဆေးလိပ်ဆန့်ကျင်ရေး ဝါဒီများကမူ ထိုအခန်းများကို ‘သေခန်း’ ဟု သတ်မှတ်ကြပုံရပြီး ထိုအခန်းများတွင်းမှ ထွက်လာသူများကိုလည်း၊ ဝင်လာသူများကိုလည်း ‘သနားကြည့်’ ကြည့်တတ်ကြကုန်၏။ စာရေးသူလည်း ‘နာရီတာ’ ရောက်မှ ‘သနားကြည့်’ သုံးကြိမ်အကြည့်ခံလိုက်ရသည်။

www.foreverspace.com.mm

ဂျပန်မှထွက်ခွာလာခဲ့သည်မှာ စက်တင်ဘာလ ၂၀ ရက်နေ့ညနေပိုင်း။ ပစိဖိတ်သမုဒ္ဒရာကြီးကို ကျော်ဖြတ်၍ အမေရိကန်ပြည်ထောင်စုကုန်းမြေဧရိယာများကို မြင်တွေ့ဖြတ်သန်းကာ ကယ်လီဖိုးနီးယားပြည်နယ် လော့ဇင်းဂျလိစ်မြို့သို့ လေယာဉ်ဆင်းသက်ရောက်ရှိချိန်မှာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၀ မိနစ်။ စက်တင်ဘာလ ၂၀ ရက်နေ့။ စာရေးသူတို့၏ လေယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် အများစုမှာ ဂျပန်များဖြစ်သည်။ အမေရိကန်လူဝင်မှုကြီးကြပ်ရေးအရာရှိများက လိုအပ်သော စစ်ဆေးမှတ်တမ်းယူခွင့်ပြုမှုများ ပြုလုပ်ရာတွင် မည်သို့လိုက်နာဆောင်ရွက်ရမည်ဟု အမေရိကန်နိုင်ငံသားဖြစ်နေပုံရပြီဖြစ်သော ဂျပန်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ဂျပန်ဘာသာစကားဖြင့် ဝန်ထမ်း ပီသစွာရှင်းလင်းပြောကြားကူညီပံ့ပိုးမှုများ လုပ်ပေးထားသည့်တိုင် အမေရိကသို့ ယခုမှခြေချဖူးပုံရသော ဂျပန်အချို့မှာ အမှားမှားအယွင်းယွင်းဖြစ်နေကြသည်။ စာရေးသူတို့လည်း လိုအပ်သော မေးမြန်းဆန်းစစ်မှုများလုပ်သည်။

'How are you and had a nice trip?'

'Fine, all are fine, Flight, Food, Weather and my ambition about this my first trip'

'What is your occupation?'

'Journalist, Myanmar Journalist'

'You are busy men'

'Sure, we are always busy for our business and business of people. Now I will go to New York to attend United Nations General Assembly as a media man'

'Nice guy, First time to the states or not?'

'Yes, this is my first trip here'

အဆင်ပြေသွားသည်။ လေဆိပ်ဖွဲ့စည်းပုံအရ လေဆိပ်အပြင်ထွက်ပြီးမှ ပြန်ဝင်ရသည်။ လော့ဇင်းဂျလိစ်မြို့၌ လေရှူ၍ နေပူစာလှုံရင်း လေဆိပ်အနီးတစ်ဝိုက် မြင်ကွင်းကို ခေတ္တငေးမောခွင့်ရသည်။ စာရေးသူတို့ စီးရမည့်လေယာဉ်ခရီးစဉ်က UA 890။ လော့ဇင်းဂျလိစ်လေဆိပ် Terminal 7 ရှိ ထွက်ခွာခန်းမအတွင်း ပြန်ဝင်ရာတွင်မူ စစ်ဆေးခံကြရာတွင် လူတိုင်း အင်္ကျီ၊ ဘောင်းဘီမှလွဲ၍ အကုန်ချွတ်ရတော့သည်။

**အခန်းသော့ရ၍ အခန်းတွင်း ဝင်ကာ ပစ္စည်းများနေရာချပြီး ဝရန်တာပြတင်းကျယ်လိုက်ကာကြီးကို ဖယ်ရှားလိုက်မိချိန်တွင်မူ နျူကလီးယားစွမ်းအင်အသုံးပြုထုတ်လွှတ်ထားသည့် 'မီး' ကို ဖောဖောသီသီသုံးထားသော နယူးယောက်၏ညအလှကို ပက်ပင်းတွေ့လိုက်ရသည်။ မှန်တာပြောရလျှင် ရုတ်တရက် 'ရှော့ခ်' ဖြစ်သွားပါ၏။ "ဒါလားဟ နယူးယောက်။ ကြည့်လို့ ကောင်းလိုက်တာ" ဟု တစိမ့်စိမ့်ကြည့်ရင်း မျက်လုံးများ စင်းလာသည်။**

စစ်ဆေးရေးတာဝန်ရှိဝန်ထမ်းများက ခရီးသည်များ၏ လုံခြုံရေးအတွက် စစ်ဆေးနေရမှုကို လိုက်လျောကူညီကြပါမည့်အကြောင်း အကြိမ်ကြိမ်ပြောဆိုပန်ကြားကာ တာဝန် ထမ်းဆောင်နေကြသည်။ Terminal 7 အတွင်း၌ရှိနေသည့် ခရီးသည်များမှာ အင်အားများလှသည်။ အရောင်စုံသည်။ စကားစုံသည်။ စာရေးသူ၏စိတ်ထဲ သုဝဏ္ဏဘူမိ၊ နာရီတာတို့ထက်ပင် လူစုံလှသည်ဟု ယုံကြည်မိသည်။ စာရေးသူတို့ကို ထိုင်းတွင်ကြည့်သည့်အကြည့်မျိုး ဂျပန်ရောက်တော့ မတွေ့ခဲ့ရ။ LA ရောက်သော ဂျပန်၌ အကြည့်ခံရမှုမျိုး မတွေ့ရ။ 'ပါး' သည်ထက် 'ပါး' လာကာ အမေရိကအရောက် 'အကြည့်' ပျောက်သွားသည်။

LA မှ လေယာဉ်ထွက်တော့ မွန်းလွဲ ၁ နာရီ ၃၆ မိနစ်ရှိပေပြီ။ LA နှင့် နယူးယောက်မှာ အချိန်ကွာခြားချက် သုံးနာရီရှိသည်။ ထို့ကြောင့် လေယာဉ်ပေါ်တွင် ၅ နာရီ ၃၀ မိနစ်ကျော်နေခဲ့ရပြီးသကာလ နယူးယောက်မြို့ JFK လေဆိပ်သို့ စာရေးသူတို့ရောက်ရှိချိန်တွင် စက်တင်ဘာလ ၂၀ ရက်နေ့ ဒေသစံတော်ချိန် ည ၁၁ နာရီရှိပေပြီ။ တည်းခိုရာ Ravel ဟိုတယ်သို့ရောက်တော့ ညသန်းခေါင်ယံအချိန်။ မောသွားပြီ။ ပန်းသွားပြီ။ အခန်းသော့ရ၍ အခန်းတွင်း ဝင်ကာ ပစ္စည်းများနေရာချပြီး ဝရန်တာပြတင်းကျယ်လိုက်ကာကြီးကို ဖယ်ရှားလိုက်မိချိန်တွင်မူ နျူကလီးယားစွမ်းအင်အသုံးပြုထုတ်လွှတ်ထားသည့် 'မီး' ကို ဖောဖောသီသီသုံးထားသော နယူးယောက်၏ညအလှကို ပက်ပင်းတွေ့လိုက်ရသည်။ မှန်တာပြောရလျှင် ရုတ်တရက် 'ရှော့ခ်' ဖြစ်သွားပါ၏။ "ဒါလားဟ နယူးယောက်။ ကြည့်လို့ကောင်းလိုက်တာ" ဟု တစိမ့်စိမ့်ကြည့်ရင်း မျက်လုံးများစင်းလာသည်။ မနက်ဖန် စက်တင်ဘာလ ၂၁ ရက်နေ့။ ကုလသမဂ္ဂအထွေထွေညီလာခံမရှိ။ အားလပ်ရက်။ ညီလာခံဝင်ခွင့်ကတ်ပြားထုတ်ယူရတော့မည်။ သတင်းကောင်း၊ သတင်းဆိုးဘာများကြားရမည်နည်းဟုတွေးကာ TV ကိုဖွင့်ကြည့်တော့ အယ်လ်ကိုင်ဒါအကြမ်းဖက်သမားဟုသံသယရှိသည့် လူလေးဦးကို ဖမ်းဆီးမိကြောင်း ကြေညာနေသည်။ ဇာတ်လမ်းကတော့ စပြီထင်၏။

ဆက်လက်ဖော်ပြပါမည်။

**ရဲမင်းဦး**

www.foreverspace.com.mm



# လူငယ်နိုင်ငံရေးသမားကောင်းများ ပေါ်ထွက်စေချင်သည်

အောင်ကျော်စိုး

၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး Living Color မဂ္ဂဇင်းတွင် မျက်နှာဖုံးဆောင်းပါးရေးကြမည်ဟု အယ်ဒီတာအဖွဲ့က ဆုံးဖြတ်ချက်ချပြီးနောက် ကျွန်တော်၏လုပ်ဖော်ကိုင်ဖက်အယ်ဒီတာတစ်ဦးက ဆောင်းပါးတစ်ပုဒ်ရေးရန် တာဝန်ပေးလာ သည်။ အတွေးအမြင်ကဏ္ဍမှာ တစ်ပုဒ်လောက်လုပ်ပေးပါဟု သူက ဆိုလာသည်။ '၂၀၁၀ နှင့်ပတ်သက်ပြီး ဘယ်လိုအတွေးအမြင် ဆောင်းပါးမျိုးရေးရမလဲ' ဟု ကိုယ့်ဘာသာကိုယ် မေးခွန်းထုတ်၊ ခေါင်းစားကြည့်မိသည်။ ရက်အတော်ကြာသွားသည်။ အိုင်ဒီယာက ထွက်မလာ။ သည်ကြားထဲ The Voice နှင့် Foreign Affairs နှစ်စောင်၏ ဖောင်ပိတ်ရက်များကလည်း တိုက်နေသောကြောင့် မဂ္ဂဇင်းကို အရေးစိုက်နိုင်ချိန်မရခဲ့။ The Voice ဖောင်ပိတ်ရက်အပြီး ညနေခင်းတစ်ခုတွင် ဧည့်လမ်းညွှန်သူငယ်ချင်းတစ်ဦးက မိတ်ဆက်ပေးသော ဆလိုဗေးနီးယားနိုင်ငံသူ သတင်းစာဆရာမတစ်ဦးနှင့် တွေ့ဆုံဖြစ်ကာမှ အိုင်ဒီယာရသွားသည်။



ထိုညနေတွင် ကျွန်တော့်သူငယ်ချင်းအပါအဝင် ဆလိုဗေးနီးယားသတင်းစာဆရာမနှင့် သူ့နိုင်ငံ၊ ကိုယ့်နိုင်ငံအကြောင်းပြောရင်း နိုင်ငံရေးသမားများနှင့် ရွေးကောက်ပွဲများအကြောင်း ရောက်သွားသည်။ ၂၀၁၀ တွင်ကျင်းပမည့် ဒီမိုကရေစီရွေးကောက်ပွဲကို သူမ လွန်စွာစိတ်ဝင်စားကြောင်း၊ ထိုရွေးကောက်ပွဲသို့ဝင်မည့် အရည်အချင်းရှိသော နိုင်ငံရေးသမားဦးရေမည်မျှအတိုင်းအတာထိရှိနေပြီ ဟူသည်ကို သိလိုကြောင်း သူမက ပြောသည်။ ထို့နောက် သူမငယ်စဉ်အခါက ဆလိုဗေးနီးယားနိုင်ငံ ဆိုရှယ်လစ်–ကွန်မြူနစ်စနစ် လွှမ်းမိုးခံရစဉ်ကာလကအကြောင်းကို ယခုလို စပြောသည်။

"ကျွန်မတို့ငယ်ငယ်တုန်းက ကျောင်းမှာ အဲဒီ ကားလ်မာ့ခ်တို့၊ လီနင်တို့အကြောင်းကို ဘုရားစာရွတ်သလို နေ့တိုင်းရွတ်ခဲ့ကြရတာ . . . ။ ကြီးကျယ်မြင့်မြတ်တဲ့ ကွန်မြူနစ်ဇင်၊ ကြောက်စရာကောင်းတဲ့ ကက်ပီတယ်လစ်ဇင် (အရင်းရှင်စနစ်)... ဘာညာ . . . ဘာညာဆိုပြီး နေ့တိုင်း အော်ပြ၊ ရွတ်ပြခဲ့ရတယ်" ဟုပြောသည်။ ဆလိုဗေးနီးယားစာသင်ကျောင်းများနှင့် တက္ကသိုလ်

www.foreverspace.com.mm

များတွင် နိုင်ငံရေးဘာသာရပ်များ သင်ကြားခွင့်ရရှိခဲ့သော်လည်း လက်ဝဲအယူအဆချည်းသက်သက်သာဖြစ်နေခဲ့သည်ဟု ဆိုသည်။

"ရှင်တို့ဆီက ကျောင်းတွေနဲ့ တက္ကသိုလ်တွေမှာ နိုင်ငံရေးသိပ္ပံလို၊ လူမှုရေးသိပ္ပံလိုဘာသာရပ်တွေ ရှိတယ်မဟုတ်လား"

"မေဂျာသက်သက်တော့ မရှိဘူး ...။ မိုင်နာဘာသာအနေနဲ့ ပြည်သူ့ရေးရာသိပ္ပံဆိုတာတော့ရှိတယ်။ နောက်ပြီး နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ရှိတယ်။ ဘာဖြစ်လို့လဲ . . ." ဟုမေးလိုက်တော့ သူမက "ဟုတ်ပြီ . . . အဲဒါဆို နောက်မျိုးဆက်သစ်နိုင်ငံရေးသမားတွေမှာ ပြဿနာနည်းနည်းတက်နိုင်တယ်"ဟု ဆိုသည်။


"ရှင်တို့ဆီမှာ လူငယ်တွေ၊ အထူးသဖြင့် အသက် ၂၀ ကနေ ၃၅ ကြားလူငယ်တွေ ဘယ်လိုလုပ်ပြီး နိုင်ငံရေးကို သီအိုရီနဲ့တကွ ဘယ်လိုလေ့လာသင်ယူနိုင်မလဲ။ ကျွန်မ ဆိုလိုတာက နိုင်ငံရေးစိတ်ဝင်စားတဲ့ လူငယ်တစ်ယောက်အနေနဲ့ မာ့ခ်ဝါဒကို သီအိုရီနဲ့တကွသိထားရုံနဲ့ ပြီးတာမဟုတ်ဘူး ...။ တခြားဆန့်ကျင်ဘက်ဖြစ်တဲ့ အယူဝါဒတွေကိုပါ လေ့လာထားရမှာပေါ့ ..."။

ကျွန်တော်က နိုင်ငံရေးအကြောင်း စိတ်ဝင်စားသောလူငယ်များသည် ပြည်တွင်းထုတ်သတင်းစာစောင်နှင့် ဂျာနယ်၊ မဂ္ဂဇင်းများ၊ နိုင်ငံရေးသမားဟောင်းကြီးများရေးသားသော စာအုပ်များကို အများအားဖြင့် ဖတ်ရှုလေ့ရှိသည်ဟုဆိုသောကြောင့် သူက အထက်ပါအတိုင်း သတိပေးပြောဆိုခြင်းဖြစ်သည်။

ဟုတ်လည်း ဟုတ်ခဲ့ပါသည်။ ဟုတ်လည်း ဟုတ်နေပါသေးသည်။ ကျွန်တော်၏အစ်ကိုများ၊ ဦးလေးများနှင့် မိတ်ဆွေသူငယ်ချင်းအတော်များများမှာ နိုင်ငံရေးနှင့်ပတ်သက်၍ သိလိုလျှင်သော်လည်းကောင်း၊ တစ်စုံတစ်ခုလုပ်လို၍ လေ့လာလိုလျှင်သော်လည်းကောင်း တစ်ချိန်က သခင်သန်းထွန်း၊ သခင်သိန်းဖေ၊ သခင်စိုး အပါအဝင် အခြားသော နာမည်ကျော် နိုင်ငံရေးသမားကြီးများရေးသားခဲ့သည့် စာအုပ်များကိုသာ သင်ရိုးဆန်ဆန် လေ့လာခဲ့ကြရသည်ချည်းသာဖြစ်သည်။ စနစ်တကျလေ့လာ သင်ယူရသော နိုင်ငံရေးပညာသင်ယူသည့်စနစ်တစ်ရပ် ယနေ့အချိန်ထိ မရှိသေးပေ။ ဤအကြောင်းနှင့်ပတ်သက်၍ စက်တင်ဘာလကုန်ပိုင်းလောက်က The Voice Weekly တွင် ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရပါသည်။

ဘာသာရပ်များကို လေ့လာရာတွင် သီအိုရီအဖြစ်ကောက်ချက်ဆွဲပြီးဖြစ်သော အမှန်တရားများကိုလေ့လာခြင်း၊ တစ်နည်းအားဖြင့် Disciplinary Study အကြောင်း ရေးထားသည်။ နိုင်ငံရေး သို့မဟုတ် ဘောဂဗေဒဘာသာရပ်ကဲ့သို့သော ဘာသာရပ်များကိုလေ့လာရာတွင် ကိုယ့်နည်းကိုယ့်ဟန်လေ့လာခြင်းနှင့် တက္ကသိုလ်ကြီးများတွင် ကျင့်သုံးသည့် Disciplinary Study နည်းဖြင့်လေ့လာခြင်းတို့တွင် ကွာခြားချက်များရှိသည်ဟု ဆိုပါသည်။ ကိုယ့်ဘာသာကိုယ်လေ့လာခြင်းသည် ဘက်လိုက်မှုများရှိလာနိုင်ပြီး ခွဲခြမ်းစိတ်ဖြာတွေးတောနိုင်သည့် အမြင်အတွေးမျိုးမရရှိနိုင်ကြောင်း သတိပေးထားသည်။

ဟုတ်ပါသည်။ စာရေးသူ ကျွန်တော်ကိုယ်တိုင်ပင် ဤအနေအထားမျိုးထဲသို့ မကြာခဏ ရောက်သွားခဲ့ဖူးသည်။ 'နိုင်ငံ




www.foreverspace.com.mm

ရေးအကြောင်း သင်မည့်သူမရှိကော ဘာအရေးလဲ . . . ငါဘာသာငါ စာဖတ်ယူလို့ရတာပဲ' ဟူသောအတွေးမျိုး ရှိခဲ့ဖူးသည်။ ထို့ကြောင့် ကိုယ့်ဘာသာကိုယ် စာအုပ်များဖတ်ခဲ့သော်လည်း စာရေးသူ၊ တစ်နည်းအားဖြင့် မိမိအထင်ကြီးသော နိုင်ငံရေးသမားများ၏ နာမည်ကိုကြည့်ပြီး ရွေးဖတ်ဖြစ်ခဲ့သည်က များခဲ့သည်။ ပြောရလျှင် ဘက်လိုက်မှုရှိသောလေ့လာမှုမျိုး ဖြစ်ပါသည်။

၂၀၀၇ ခုနှစ်က ကျွန်တော် လူမှုရေးသိပ္ပံဘာသာရပ်ဆိုင်ရာသင်တန်းတစ်ခု တက်ဖြစ်ခဲ့သည်။ ထိုစဉ်က ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်း သင်ကြားသည့် နိုင်ငံခြားသူ ဆရာမတစ်ဦးက သင်တန်းသားများကို ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်း ရေးသားထားသည့် ပညာရှင်များ၊ နိုင်ငံရေးသမားများ၏ ဆောင်းပါးနှင့် ရီပို့များကို ဖတ်ခိုင်းသည်။ ထို့နောက် တစ်ဖွဲ့ချင်းစီ၏ ဆွေးနွေးချက်များနှင့် အမြင်များကို ထပြောခိုင်းသည်။ သင်တန်းသား အတော်များများက မူရင်းရေးသားထားသည့်အတိုင်းပင် ပြောကြ၍ ထိုဆရာမမှာ အတော့်ပင် စိတ်မကျေမနပ်နိုင်ဖြစ်သွားသည်။ 'ကျွန်မ ဒီစာတွေကို ဖတ်တတ်ပါတယ်။ ရှင်တို့ အလွတ်ကျက်ပြီး ပြန်ဖတ်ပြစရာမလိုဘူး။ ကျွန်မသိချင်တာက အဲဒီပညာရှင်တွေရေးထားတဲ့အကြောင်းအရာအပေါ် ရှင်တို့ရဲ့အမြင်နဲ့ ဆွေးနွေးချက်တွေကိုပါ' ဟု ဒေါသတကြီး ပြောသည်။ နှုတ်တိုက်အလွတ်ကျက်ပြီး စာမေးပွဲဖြေရသည့် ပညာရေးစနစ်မျိုးနှင့်သာ ကြီးပြင်းခဲ့ရသော သင်တန်းသားအားလုံး၏မျက်နှာမှာ ဆီးစေ့သာသာပင် ရှိတော့သည်။ Disciplinary Study အရေးကြီးသည့်အကြောင်း အဆိုပါဆရာမက ပြောခဲ့ပါသည်။

စာဖတ်သူများ စဉ်းစားကြည့်စေလိုပါသည်။ ယခု ၂၀၁၀ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး နိုင်ငံရေးသမားများ၊ သတင်းစာဆရာများအကြား အငြင်းအခုံအမျိုးမျိုး ထွက်လျက်ရှိသည်။ ဟိုပါတီ ပါသင့်သည်၊ သည်ပါတီ ပါသင့်သည်ဟု ဝေဖန်သုံးသပ်ကြသည်။ ဟိုအုပ်စုက လက်ဝဲ၊ သည်အုပ်စုက လက်ယာ။ ဟိုမီဒီယာက Pro ၊ သည်မီဒီယာက Anti ဟူ၍ လက်ညှိုးအပြန်အလှန်ထိုးကြသည်။ သို့သော် ၂၀၁၀ မတိုင်မီနှင့် ၂၀၁၀ နောက်ပိုင်းကာလများတွင် လူငယ်နိုင်ငံရေးသမားများ မည်သို့မွေးထုတ်မည်ဟူသောကိစ္စကို အရေးတယူလုပ်ကာ ဆွေးနွေးမှုမရှိသလောက်ပင် ဖြစ်နေပါသည်။



**“၂၀၁၀ ရွေးကောက်ပွဲမှာ ရှင်တို့ ဒီမိုကရေစီ စပြီးဖော်ဆောင်နိုင်တယ်ပဲ ထားပါတော့။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေကို စနစ်တကျလေ့လာထားတဲ့ မျိုးဆက်သစ်တွေမရှိဘဲ ဘယ်လိုရှေ့ဆက်ကြမလဲ” ဟု မိတ်ဆွေ ဆလိုဖေးနီးယားသတင်းစာဆရာမက သတိပေးသည်။**

“၂၀၁၀ ရွေးကောက်ပွဲမှာ ရှင်တို့ ဒီမိုကရေစီ စပြီးဖော်ဆောင်နိုင်တယ်ပဲ ထားပါတော့။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေကို စနစ်တကျလေ့လာထားတဲ့ မျိုးဆက်သစ်တွေမရှိဘဲ ဘယ်လိုရှေ့ဆက်ကြမလဲ” ဟု မိတ်ဆွေ ဆလိုဖေးနီးယားသတင်းစာဆရာမက သတိပေးသည်။

ကျွန်တော် အတော်ပင်ရင်လေးမိသွားပါသည်။ ယနေ့အချိန်တွင် အဆိုပါနိုင်ငံရေးနှင့်ပတ်သက်ပြီး နိုင်ငံခြားတက္ကသိုလ်များသို့သွားရောက်ပညာသင်ယူသူများတော့ ရှိပါသည်။ သို့သော် လက်တစ်ဆုပ်စာပင်မရှိသေးချေ။ ဤသို့သွားရောက်သင်ယူသူအများစုမှာလည်း နိုင်ငံရပ်ခြားတွင်ပင် အခြေချနေထိုင်ကာ ပညာရှင်များအဖြစ် ရပ်တည်နေကြသည်က များပါသည်။ ဤသို့သောပုံစံမျိုးဖြင့် မြန်မာ့နိုင်ငံရေးတွင် မျိုးဆက်သစ်နိုင်ငံရေးသမားများ ထွက်ပေါ်လာအောင် မည်သို့ဆောင်ကြဉ်းနိုင်မည်နည်း။ လက်ရှိအနေအထားတွင် ကျွန်တော်တို့သည် နိုင်ငံရေးနှင့်ပတ်သက်ပါက လူကြီးများအကြောင်းကိုသာ ပြောနေကြခြင်းဖြစ်သည်။ အကယ်၍ ပုဂ္ဂိုလ်ရေး ရေပန်းစားမှုကြောင့် မိမိတို့အထင်ကြီးသော အဆိုပါ လူကြီးနိုင်ငံရေးသမားများ မရှိတော့ပါက ဘယ်လိုစခန်းဆက်ကြမည်နည်း။ များစွာစဉ်းစားစရာကောင်းပြီး ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။

ကျွန်တော့်အမြင်ပြောပါက ၂၀၁၀ သည် ဇာတ်လမ်းအဆုံး မဟုတ်ပါ။ ဇာတ်လမ်းအစဖြစ်ပါသည်။ ထိုဇာတ်လမ်းကို ဆက်ကမည့် လူငယ်နိုင်ငံရေးသမားများ မွေးထုတ်ရေးကို လက်ရှိအချိန်တွင် လုပ်ပိုင်ခွင့်ရှိသူ၊ လုပ်ကိုင်နိုင်သူ လူကြီးများက အမျိုးသားအကျိုးစီးပွားအလုပ်အဖြစ် ရှုမြင်ကာ မဖြစ်မနေ လုပ်ကိုင်ပေးရပါမည်။ အရည်အချင်းထက်မြက်ပြီး ပြည်သူလူထုအပေါ် ရိုးသားသည့်နိုင်ငံရေးသမားများနှင့် နိုင်ငံ့ခေါင်းဆောင်လောင်းများ မွေးထုတ်ရေးကို ၂၀၁၀ လောက်ကစပြီး အကောင်အထည်ဖော်ပေးရပါလိမ့်မည်။

**အောင်ကျော်စိုး**

www.foreverspace.com.mm

# ကိုယ်တိုင်စာအုပ်ထုတ်မယ်တဲ့လား

ဂျီအောင်ဘန်း

**ယခုလပိုင်းအတွင်း အတော်ကျယ်ကျယ်လောင်လောင်ကြားနေရသည့်အသံမှာ စာအုပ်စာပေလောက၏ အခြေအနေ အနေပင်ဖြစ်သည်။ ကိုယ်ကိုယ်တိုင်လည်း ဒီလောကထဲမှာရှိနေတော့ အချို့အချို့သောအကျိုးအကြောင်း မဆီလျော်နေတာတွေ တွေ့နေ မြင်နေ ကြားနေရတာတွေကြောင့် ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်သည်။**

အမှန်တကယ်ပြောရလျှင် စာရေးသူကိုယ်တိုင်လည်း စာပေလောက၏ အဓိကမဏ္ဍိုင်ကြီးလေးရပ်ဖြစ်သည့် စာရေးသူ၊ ထုတ်ဝေသူ၊ ဖြန့်ချိရောင်းချသူ၊ ဖတ်ရှုသူဆိုသည့်အပိုင်းလေးပိုင်းစလုံးကို နှံ့နှံ့စပ်စပ် သိသည်မဟုတ်ပေ။ သို့သော် စာရေးသူ၏ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်က စာအုပ်တစ်အုပ်ထုတ်ဝေဖို့ အကူအညီတောင်း၍ လိုက်လံကူညီပေးခဲ့ရာမှ ဤလောက၏ အချို့အချို့သော အချက်အလက်များ၊ အခက်အခဲများကို သိရှိလာခဲ့ရသည်။ ထို့အပြင် ဆင်ဖိုးထက် ချွန်းဖိုးက ပိုကြီးနေသောအချက်အလက်များကိုလည်း သတိပြုမိခဲ့ရသည်။ ဤအကြောင်းကို ပြောပြရလျှင် စာဖတ်သူသိပ်ပြီးနားလည်နိုင်မည် သို့မဟုတ် အရေးကြီးလိမ့်မည်ဟု မထင်နိုင်ပေ။ သို့သော် နိုင်ငံတစ်နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုမှန်သမျှအပေါ် အများဆုံးစေ့ဆော်လွှမ်းမိုးမှုအစပြုရာမှန်သမျှသည် ထိုနိုင်ငံမှ ထုတ်ဝေသော စာအုပ်စာတမ်းများက အများဆုံး အဆုံးအဖြတ်ပေးသည်ဟု စာရေးသူ ခံယူထားပေသည်။ ထို့ကြောင့် စာအုပ်စာပေထွက်ရှိမှုနည်းလေ သို့မဟုတ် စာဖတ်ရှုရန် အခွင့်အလမ်းနည်းလေ ထိုနိုင်ငံမှာရှိသည့် နိုင်ငံသားတို့၏ ကျင့်ဝတ်ထိန်းသိမ်းနိုင်မှု၊ အကြားအမြင် ဗဟုသုတတိုးပွားမှု၊ ဗြဟ္မစိုရ်တရားထွန်းကားမှုကို နည်းပါးထိခိုက်လာစေနိုင်ပါသည်။ ဤသို့ဆိုလျှင် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတိုးတက်မြင့်မားမှုဆိုသည်မှာ ဘယ်အခြေသို့ ရောက်သွားမည်နည်း။ သိသာတင်ပြနိုင်ရန် စာရေးသူတွေ့ကြုံခဲ့ရသော အတွေ့အကြုံမှန်သမျှကို စာရေးသူ မြင်မိ၊ ခံစားမိ၊ နားလည်မိသောအနေအထားနှင့် အသင်စာဖတ်သူတို့ကို ဝေမျှပေးချင်ပါသည်။ သို့မှသာ စာဖတ်သူမှ စာရေးသူ၊ စာဖတ်သူမှ ထုတ်ဝေသူ၊ စာဖတ်သူမှ ဖြန့်ဝေရောင်းချသူ၊ စာရေးသူမှ ထုတ်ဝေရောင်းချဖြန့်ဖြူးလိုသူ စသောအခြေအနေကို ပြောင်းလိုသူတွေအတွက် ကြိုတင် ထင်သာမြင်သာရှိစေမည့်အခက်အခဲ၊ ကုန်ကျမှုအချို့နှင့် ရင်ဆိုင်ရမည့်ပြဿနာအချို့တစ်ဝက်ကို သိရှိနိုင်ပေလိမ့်မည်။



စာရေးသည့်လူတိုင်းတွင် ဘယ်လိုမှ

www.foreverspace.com.mm



ငြင်းဆန်၍မရသော ဆန္ဒတစ်ခုရှိသည်။ ထိုဆန္ဒမှာ ကိုယ်ရေးသော၊ ဖန်တီးသော စာပေ (ပုံသဏ္ဍာန်အမျိုးမျိုး) ကို ပုံနှိပ်စာလုံးလေးများနှင့် မြင်တွေ့ရခွင့်ဆိုသည့်ဆန္ဒပင်ဖြစ်သည်။ ထိုဆန္ဒနှင့်ပင် ယနေ့လက်သစ်ကဗျာဆရာလူငယ်အချို့နှင့် စာရေးဆရာတို့သည် ဘယ်စီးစီး နှစ်ရာကျပ်ပေးရသည့် ဘတ်စ်ကားခေတ်မှာ စာမှာ ငါးရာကျပ်မှ အများဆုံး ငါးထောင်ကျပ် (ဒါတောင် အလှအပကွာလတီ ဖက်ရှင်မဂ္ဂဇင်းမှ ပေးနိုင်သည်) နှင့် မဂ္ဂဇင်းစာအုပ် တစ်အုပ်သာရသည့် အခွင့်အရေးကိုရနိုင်ဖို့ ကြီးပွားနိုင်သည့် အခွင့်အရေးမှန်သမျှကိုစွန့်ပယ်ပြီး အပတ်တကုပ်ကြိုးစားနေကြခြင်းဖြစ်သည်။ ထို့ထက်ပို၍ ထိုစာရေးဆရာအဖို့ သူရေးထား၊ ဖန်တီးထားသည့်အနုပညာကို သီးသန့်စာအုပ်လေးတစ်အုပ် လုပ်ခွင့်ရလာနိုင်မည့် အခွင့်အရေး ရှိလာမည်ဆိုပါစို့။ ထိုစာရေးဆရာအဖို့ မျှော်လင့်မထားသောအခွင့်အရေးကြီးကို ဆုလာဘ်တစ်ခုသဖွယ်ရသည့်အလား ရူးသွားနိုင်လောက်အောင် ပျော်သွားပေလိမ့်မည်။ ထိုအချက်ကိုပင် ယနေ့ စာအုပ်ထုတ်ဝေရေးလောကရှိ လူတစ်ပိုင်း၊ ကျားတစ်ပိုင်း ထုတ်ဝေသူနာမည်ကြီးတွေက အပိုင်ကိုင်ပြီး ၎င်းတို့စိတ်တိုင်းကျ ခြယ်လှယ်ကစားနေကြခြင်းဖြစ်ပေသည်။ စာရေးဆရာအများစုမှာ ရုပ်ဝတ္ထုပစ္စည်းများအပေါ် တပ်မက်အာရုံ ငြိခြင်းနည်းပါးလှသလို ကိုယ့်ကိုယ်မှီပြီး အလုပ်လုပ်သွားကြရမည့် လုပ်ငန်းစဉ်မှာပင် လုပ်ငန်းသဘောအရ ငွေရေးကြေးရေးအပိုင်း၊ ရရန်ပိုင်ခွင့်အပိုင်းကို ရဲရဲတင်းတင်း ပြောဆိုဖို့နေနေသာသာ ငွေမက်သူအဖြစ် ပြောဆိုခံရမှာ အထင်ခံရမှာကို သေမလောက်ရှုံ့ကြ၏။ ထိုအကြောင်းကြောင်းတွေကြောင့် ကုပ်ပိုးခွစီးခံရသည့်သူကလည်း ခွစီးခံရလျက် ခွစီးခံရသည်ကိုပင် ကျေးဇူးတင်ရမလို ယနေ့မြန်မာစာပေလောကအတွင်းမှာ ဖြစ်ပျက်နေလေ၏။

တစ်နေ့ စာရေးသူထံသို့ မိတ်ဆွေတစ်ယောက် စာမူတစ်ထပ်ကြီးနှင့် ရောက်လာ၏။ ထိုမိတ်ဆွေနှင့်အတူ လူငယ်စာရေးဆရာတစ်ယောက်ပါလာ၏။ သူတို့လာသည့်ရည်ရွယ်ချက်က စာအုပ်ထုတ်လိုသည့်ကိစ္စပင်။ စာမူကနေ စာအုပ်တစ်အုပ်ဖြစ်လာရန် သူတို့မှာ မျှော်လင့်ချက်ကြီးစွာဖြင့် စာရေးသူကို အထင်ကြီးပြီး ရောက်လာကြ၏။ သူတို့မှာ စာအုပ်ဖြစ်ချင်သည့်ဆန္ဒသာရှိသလို စာရေးသူမှာလည်း ကူညီဖို့ရာ စိတ်က ရှိ၏။ ဘယ်ကနေစပြီး လုပ်ရမှန်းလုံးဝမသိ။ အဲဒီကနေစပြီး ကိုယ်မသိသောအကြောင်းအရာတွေကို အချိန် သို့မဟုတ် ငွေ သို့မဟုတ် ဂုဏ်သိက္ခာ စသည်တွေနှင့် လဲလှယ်ရင်းနှီး၍ ဝယ်ခဲ့ရလေ၏။

ပထမဦးဆုံး ထိုစာမူကို စာပေစိစစ်ရေးကိုတင်ဖို့ ပြင်ဆင်ရ၏။ လက်နှိပ်စက်ရိုက်ပြီးသား သို့မဟုတ် ကွန်ပျူတာစာစီပြီးသား မိတ္တူသုံးစုံရဖို့ ပြင်ရ၏။ အကြမ်းဖျင်းဈေးက စာစီစာရိုက် Legal သုံးမျက်နှာရိုက်ဈေး နှစ်ရာ့ငါးဆယ်ကျပ် (ထိုအထဲတွင် ပရုဖတ်ပြီး စာပေစိစစ်ရေးတင်ရန် အချောထုတ်မှ ပုံနှိပ်ရန် ဖလင်ခွဲဖို့ နောက်ဆုံးပြင်ဆင်အချောထုတ်ထိသုံးမျက်နှာ Legal တစ်ရွက်ဈေး)။ ထိုနေရာမှာ ကြုံရသည့်အခက်အခဲက ကိုယ်ထုတ်ဝေမည့် စာအုပ်၏ အရွယ်အစားရွေးချယ်ရန်ပြဿနာ။ လက်ရှိဖြစ်ပျက်နေတာက စာအုပ်အချိုးအစားကို ပုံနှိပ်ဘက်ကလည်း သူတို့ပြောလေ့ပြောထရှိသလို ခေါ်ဝေါ်နေကြပြီး ထုတ်ဝေသူဘက်ကလည်း ကိုယ့်အခေါ်အဝေါ်နဲ့ ကိုယ်ခေါ်နေကြခြင်းဖြစ်သည်။ ထိုပြဿနာကို အလွယ်ဆုံးဖြေရှင်းနည်းကား ကိုယ်ကြိုက်နှစ်သက်သည့် စာအုပ်အရွယ်အစားပုံစံတူကို ရှာထားပြီး ပြသအပ်နှံရန်ပင်ဖြစ်သည်။ ထိုအဆင့်ထိ ပြီးစီးအောင်ပင် စာရေးသူတို့သုံးယောက်သားမှာ ဟိုမေးဒီစမ်းနှင့် လုပ်ရ၏။ ဘာပဲဖြစ်ဖြစ် လက်ရေးစာမူဘဝကနေ စိစစ်ရေးတင်ဖို့ထိ ရောက်သွားပြီမို့ သက်ပြင်းတစ်ခုကို ချလို့တော့ရပြီ။ သို့သော် ရင်ထဲမှာ ချီမထားရသည့် သက်လုံးသက်မတွေက တသီချည်းကျန်နှင့်နေသေး၏။


> **ပထမဆုံး စာရေးသူတို့လိုအပ်တာက ထုတ်ဝေခွင့်ကတ်ငှားရမည့်ကိစ္စ။ ထိုကတ်ငှားရမ်းခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိတော့ ဘယ်က ဘယ်လိုစပြီး လုပ်ရမည်မသိ။ သို့သော် မခက်ပါ။ ရုံးရှေ့လက်ဖက်ရည်နှင့်ဘီယာ တွဲထားသည့်ဆိုင် ခဏတာဝင်ထိုင်လိုက်ပြီး ဟိုမေးဒီမေးလုပ်လိုက်သည်နှင့် ထန်းလျက်နံ့ရသည့်ပုရွတ်ဆိတ်များနှယ် ပွဲစားများ အုံလာ၏။ ကတ်ငှားခကလည်း ဈေးအမျိုးမျိုး။**

ကွန်ပျူတာစာစီထားသည့် စာမူသုံးစုံကိုကိုင်ပြီး ကန်တော်ကြီးပတ်လမ်းဘေးမှာရှိသည့် စာပေစိစစ်ရေးရုံးသို့ ချီတက်ကြ၏။ ဟိုရောက်တော့ အခက်အခဲက စပြီ။ စာရေးသူတို့မှာ စာအုပ်ထုတ်ချင်တာပဲသိသည်။ စိစစ်ရေးတင်လျှင် မလုပ်မဖြစ်လုပ်ရမည့်ကိစ္စအဝဝတွေကို လုံးဝနားမလည်။ ပထမဆုံး စာရေးသူတို့လိုအပ်တာက ထုတ်ဝေခွင့်ကတ်ငှားရမည့်ကိစ္စ။ ထိုကတ်ငှားရမ်းခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိတော့ ဘယ်က ဘယ်လိုစပြီး လုပ်ရမည်မသိ။ သို့သော် မခက်ပါ။ ရုံးရှေ့လက်ဖက်ရည်နှင့်ဘီယာ တွဲထားသည့်ဆိုင် ခဏတာဝင်ထိုင်လိုက်ပြီး ဟိုမေးဒီမေးလုပ်လိုက်သည်နှင့် ထန်းလျက်နံ့ရသည့် ပုရွတ်ဆိတ်များနှယ် ပွဲစားများအုံလာ၏။ ကတ်ငှားခကလည်း ဈေးအမျိုးမျိုး။ သို့သော် သူတို့ပြောသောဈေးက ထုတ်ဝေသူတစ်ဦးဆီမှာ သွားရောက်စုံစမ်းပြီးသိရသော စိစစ်ရေးကျအပြီး ကုန်ကျစရိတ် တစ်သိန်းဆိုသော

www.foreverspace.com.mm

ရိုက်ချက်ထက် အများကြီးသက်သာ၏။ သူတို့ပြောသောဈေးက ထုတ်ဝေခွင့်ကတ် ၄၅ါးခ၊ ပုံနှိပ်တိုက်၄၅ါးခ နှစ်မျိုးပေါင်းတစ်သောင်းခွဲ၊ ထိုအထဲတွင် မျက်နှာဖုံးရိုက်ရန်၊ ခွင့်ပြုချက်တင်ရန် အသုံးပြုသည်အထိပါ၏။ (ခြွင်းချက်။ ။ နောက်ပိုင်း စိစစ်ရေးရုံးသို့ အရောက်အပေါက်များလာ၍ သိလာရသောအခါမှ နှစ်မျိုးပေါင်း ငါးထောင်ကျပ်လောက်နှင့်ရနိုင်သလို ထိုပွဲစားဆိုသူများမှာလည်း တကယ့်တကယ်တော့ ထုတ်ဝေခွင့်ကတ်အပိုင်ရထားသည့် ထုတ်ဝေသူ ပုံနှိပ်တိုက်ပိုင်ရှင်များက လိုသလို လုပ်စားခွင့်ပေးသနားထားခြင်းဖြစ်ကြောင်း သိခဲ့ရ၏။)

ထိုနေရာမှာ စာရေးသူ တစ်ချက်စဉ်းစားကြည့်၏။ အခြားမဟုတ် ဒီနေရာမှာ ဘာကြောင့် ဒီလိုတွေ လာဖြစ်နေရသနည်း။ လက်ခံစိစစ်ပေးမည့်စိစစ်ရုံးမှ အရာထမ်းဝန်ထမ်းတွေက စာရေးသူ တွေ့ရှိဆက်ဆံရသလောက် အားလုံးကို Welcome ချည်းဖြစ်၏။ စာမူတင်ရမည့် စာရေးသူမိတ်ဆွေလို လူပုဂ္ဂိုလ်တွေကလည်း ရုံးနှင့် တိုက်ရိုက်ဆက်ဆံလိုကြသည့် ဆန္ဒရှိသူချည်းပင်။ စိစစ်ရေးရုံးရောက်၍ သတိပေးကပ်ထားသည့်နံရံကပ်စာတွေကြည့်သမျှ ပွဲစားနှင့်မလုပ်ဘဲ တိုက်ရိုက်ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်ရန် ဆော်ဩထားသည်ပဲ။ ဒါနဲ့ များ ဘာကြောင့် ပွဲစားဆိုသည့် လူညွန့်ခပ်စားသည်လူတန်းစားတွေက ဒီလိုရုံးတွေမှာ ရှိနေရသလဲ။ ဘာ့ကြောင့် ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်ချင်တဲ့လူတွေ မလာရဲအောင် အပြီးအစီး တစ်သိန်းခွဲဆိုသည့် ဟန်လုံးရိုက်လုံးတွေနှင့် စာပေချစ်စိတ်ရှိသည့် ထုတ်ဝေသူ လက်သစ်လေးတွေကို တောခြောက်လွှတ်နေရပါသလဲ။



စေ့စေ့တွေးတော့ ရေးရေးတင်မက ပြောင်ပြောင်ပေါ်လေ၏။ ဒါကလည်း ကိုယ်တိုင်လုပ်ခဲ့ကြုံခဲ့ရ၍ဖြစ်သည်။ အခြားတော့ မဟုတ်။ ထုတ်ဝေခွင့်လိုင်စင်ကို ဘုံ (ဝါ) လူအများအသုံးပြုခွင့်ရနိုင်အောင် မလုပ်ထားဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်း စသည်တို့ကိုသတ်မှတ်၍ ချထားပေး၍ဖြစ်သည်။ စာရေးသူစဉ်းစားမိတာတစ်ခုရှိ၏။ ဖြစ်တော့ဖြစ်မလာသေးသောပြဿနာဖြစ်သည်။ ဒါမှမဟုတ် စာရေးသူ မမီလိုက်၊ မသိလိုက်သော ပြဿနာလည်း ဖြစ်ချင်ဖြစ်ပေလိမ့်မည်။ ဥပမာ– ထုတ်ဝေခွင့်ကတ်ကိုင်ထားသူအားလုံးက စာရေးဆရာတစ်ယာက်ကို ရည်ရွယ်ချက်ရှိလို့ပဲဖြစ်ဖြစ်၊ တိုက်ဆိုင်လို့ပဲဖြစ်ဖြစ် ဝိုင်းညစ်ပြီး ထုတ်ဝေခွင့်ကတ်၊ ပုံနှိပ်ကတ် မငှားဘူးဆိုပါစို့။ ထိုစာမူကလည်း နိုင်ငံတည်ဆောက်ပြုပြင်ရေးမှာ အသုံးဝင်သည့် မရှိမဖြစ် ရသ၊ သုတ အစရှိသည့်စာမူဖြစ်နေခဲ့ရင် ကဲ . . . ဘယ်လိုများ ဤပြဿနာကိုဖြေရှင်းကြမလဲ. . .။ ဒါ အလေးအနက်ထား၍စဉ်းစားရမည့် ကိစ္စတစ်ရပ်ဖြစ်သည်။

www.foreverspace.com.mm



ထိုနေရာမှာ စာရေးသူ မြင်မိသော ပြဿနာဖြေရှင်းပုံက တစ်မျိုးဖြစ်သည်။ စာရေးသူတို့ ကားမောင်းလိုင်စင်လျှောက်ခြင်း၊ သက်တမ်းတိုးခြင်းလုပ်သည့်အခါ က.ည.န ရုံးတွေမှာရှိသည့် တရားဝင်ရုံးဝန်ထမ်းဝန်ဆောင်မှုပေးနေသည့်အဖွဲ့အစည်းမျိုးကိုပင်။ ဒီလိုအဖွဲ့အစည်းမျိုး စာပေစိစစ်ရေးရုံးလို နိုင်ငံတော်၏ အသိဉာဏ်တည်ဆောက်ရေးအတွက် စိစစ်နေရသည့် အလားတူ ရုံးတိုင်းရုံးတိုင်းတွေမှာရှိနေရင် မည်သည့်စာရေးဆရာဖြစ်စေ ကိုယ့်စာမူကိုယ်ကိုင်ပြီး သတ်မှတ်သော မှတ်ပုံတင်ကြေးပေးဆောင်၍ စိစစ်ရေးကျလာမှ အဆင်ပြေရင်ထုတ်၊ မပြေရင်ထုတ်ဝေသူရှာ။ အဘယ်မျှ အဆင်ပြေလိုက်မည်နည်း။ ထို့အပြင် လက်ရှိစာပေလောကမှ ဖြစ်နေသည့် စာပေသူခိုးကိစ္စ၊ မကြီးမငယ်နှင့် ဝိတ်သုံးပြီး စာပေကြမ်းပိုးသူခိုးလုပ်နေသည့်ကိစ္စတွေကိုလည်း အတန်အသင့် ရှင်းနိုင်လိမ့်မည်။ နောင်လာမည့် မူပိုင်ခွင့်ကိစ္စရပ်အတွက်လည်း အထိုက်အလျောက် အကူအညီဖြစ်နိုင်ပေလိမ့်မည်။

ထိုမှနေ၍ဆက်ကြစို့။ စာရေးသူတို့ ထိုစာမူကျလာအောင် ရက်သတ္တပတ် ဆယ်ဂဏန်းဝန်းကျင်လောက် စောင့်နေရချိန်အတွင်း မျက်နှာဖုံးဒီဇိုင်းသမားကိုရှာ၍ အပ်ရ၏။ မျက်နှာဖုံးသမားတွေက လိုင်းအမျိုးမျိုး။ အနိမ့်ဆုံးဈေး (နာမည်မရှိသူ) တစ်သောင်းမှ အများဆုံးဈေး (နာမည်ကြီးဆရာ ဆရာကြီးတွေ အမည်ခံပြီး တပည့်တပန်းတွေ စိတ်ရှူးပေါက်သလို လုပ်လွှတ်လိုက်သော လက်ရာအထိ) တစ်သိန်းကျပ်အထိရှိသဖြင့် ကိုယ့်အိုးကိုယ့်ဆန် တန်သလောက်ကို အလုပ်အပ်လိုက်ရ၏။ သို့သော်လည်း ကိုယ့်ဆီကပိုက်ဆံက ရှောရှောရှူရှူ တစ်ခါတည်းအပြတ် ထွက်သွားသလောက် သူတို့ဆီက ဒီဇိုင်းလက်ရာကို နေ့ပြန်တောင်းသလို နေ့စဉ်သွားသွားပြီး သတိပေး တွန်းပေး တောင်းနေရ၏။ ထိုသို့နှင့် စာမျက်နှာသုံးရာကျော်ကို စစ်ပြီးသည့်အခါမှ နှစ်မျက်နှာသာရှိသည့်မျက်နှာဖုံးပုံကို ရ၏။ ထိုမျက်နှာဖုံးကို နှစ်စုံထုတ်ပြီး စိစစ်ရေးရုံးသို့ ပြေးရပြန်၏။ ရုံးသို့ရောက်တော့ ကိုယ့်ကို ကတ်ငှားသည့်ပွဲစားကို ရှာရသေး၏။ ကိုယ်တော်ချောပွဲစားက မျက်နှာဖုံးတင်ဖို့ပုံစံမှာ သူကိုင်ထားသည့် ပုံနှိပ်တိုက်လိုင်စင်မိတ္တူနှင့် လက်မှတ်ကို လွယ်လွယ်နှင့် မထိုးပေးချင်သေး။ ရုံးရှေ့က လက်ဖက်ရည်ဆိုင်မှာ နည်းနည်းလေးပူဇော်ပသမှ ရှောရှောရှူရှူ ထိုးပေးတော့၏။ နောက်တစ်ပတ်နှစ်ပတ်လောက်ကြာတော့ မျက်နှာဖုံးကျ၏။ ဒီတင် စိစစ်ရေးကိစ္စကပြတ်ပြီ။

သို့သော် အသင်စာဖတ်သူ ရင်မချနှင့်။ တကယ့်ကိစ္စက အခုမှစပြီ။ စာအုပ်ထုတ်ဖို့ စက္ကူဈေးကို စုံစမ်းရ၏။ ၃၁ လမ်း၊ ၃၂ လမ်း စက္ကူဆိုင်တွေ (ဘုရားစူးရပါစေရဲ့ တရုတ်၊ ကုလားလူမျိုးခြားများသာပိုင်ဆိုင်သော) မှာ မြန်မာလို ရေးသားပုံနှိပ်မည့်စာအုပ်အတွက် လိုက်စုံစမ်းရသည်မှာ သူဖုန်းစားလိုက်တောင်းရသလို အတော်ကို မျက်နှာငယ်လှ၏။ ကြားထားသည်က စက္ကူဈေးတွေကျနေသည်ဟု အသိစာရေးဆရာတွေ၊ အယ်ဒီတာအချို့က ပြော၏။ သို့သော် ထင်သလောက်မကျ။ ထိုစက္ကူဆိုင်တွေထဲမှ စာရေးသူနှင့် ကျောင်းနေဖက်သူငယ်ချင်းတစ်ဦး မန်နေဂျာလုပ်နေသည်ကို တွေ့၍ ဘာကြောင့် ဈေးတွေထင်သလောက်မကျရသလဲဆိုတာ အစ်အောက်မေးကြည့်တော့မှ ဈေးကိုညှို၍ တင်းခံထားကြတာတဲ့။ (သဘောကတော့ သတ်မှတ်ဈေးထက်ပိုပြီး အောက်ချ၍ မရောင်းချကြရန်တဲ့။) ဘုရား . . . ဘုရား။ စာရေးသူ ရင်ဘတ်ဖိမိ၏။ ဒီလောက်ဝါးတောတွေ အပြိုင်းအရိုင်းပေါများလှသည့် နိုင်ငံ၏ သုံးပုံနှစ်ပုံခန့်တွင် သစ်တောတွေ ဖုံးလွှမ်းနေပါသည်ဟု သတင်းစာတွေ၊ သတင်းဌာနတွေက ပြောနေတာတောင် မယုံကြည်ကြသလို ဟော . . . တစ်ရုံ၊ ဟော . . . တစ်ရုံ ဖွင့်ဖွင့်နေသည့် စက္ကူပျော့ဖတ်စက်ရုံတွေ၊ စက္ကူစက်တွေက ဒီလိုစက္ကူမျိုးတွေ မထွက်

၃၁ လမ်း၊ ၃၂ လမ်း စက္ကူဆိုင်တွေ (ဘုရားစူးရပါစေရဲ့ တရုတ်၊ ကုလားလူမျိုးခြားများသာပိုင်ဆိုင်သော) မှာ မြန်မာလိုရေးသား ပုံနှိပ်မည့်စာအုပ်အတွက် လိုက်စုံစမ်းရသည်မှာ သူဖုန်းစား လိုက်တောင်းရသလို အတော်ကို မျက်နှာငယ်လှ၏။ ကြားထားသည်က စက္ကူဈေးတွေကျနေသည်ဟု အသိစာရေးဆရာတွေ၊ အယ်ဒီတာအချို့က ပြော၏။ သို့သော် ထင်သလောက်မကျ။ ထိုစက္ကူဆိုင်တွေထဲမှ စာရေးသူနှင့် ကျောင်းနေဖက်သူငယ်ချင်းတစ်ဦး မန်နေဂျာလုပ်နေသည်ကိုတွေ့၍ ဘာကြောင့် ဈေးတွေထင်သလောက်မကျရသလဲဆိုတာ အစ်အောက်မေးကြည့်တော့မှ ဈေးကို ညှို၍ တင်းခံထားကြတာတဲ့။

လာနိုင်ဘူးလို့များ အထင်သေးနေကြလို့ ဈေးကို အမှန်ပေါက်ဈေးထက်ညှိုပြီး တင်ရောင်းရဲနေကြတာလား။ သေသေချာချာ မေးကြည့်၊ ပြောကြည့်၊ ဝယ်ကြည့်တော့မှ သူတို့လက်ထဲမှ တက်ဈေးနဲ့မိထားတဲ့ စက္ကူတွေ ဂိုဒေါင်တွေနဲ့အပြည့်မို့ ဈေးမချကြတာတဲ့။

ကဲ . . . ကြည့်ပေတော့။ အသင်စာဖတ်သူ ဈေးကျနေတုန်းက ဝယ်ထားသည့် စက္ကူကို တက်ဈေးနှင့်မိတော့ ပျော်ပျော်ပါးပါးကြီးရောင်းခဲ့ကြပြီး ခုလို ကျဈေးမိတော့မှ ဝိုင်းညှိုပြီး ဈေးကို ထစ်ထားသည်ဆိုတော့ . . . ဘယ်မှာလဲ ဈေးကွက်စီးပွားရေးစနစ်။ ဒါတွေကို ဘယ်သူက ကြိုးကိုင်


www.foreverspace.com.mm

ဖန်တီးထားနေသလဲ။ ဆင်ထက်ကြီးသည့် ဆင်အဘတွေများ ရှိနေပြီလား။ တိုင်းရင်းသား တောင်သူလယ်သမားတွေ သွေးချွေးရင်းနှီးပြီး တစ်မိုးလုံး၊ တစ်နွေလုံး နွားနှင့်ကြိုးရုန်းဖက်ရုန်းလို့ရလာခဲ့သည့် ဆန်စပါးတောင် တက်ဈေးကျဈေးကို ဈေးကွက်စီးပွားရေးဆန်ဆန် ခါးစည်းခံပေးနေရချိန်မှာ ဒီလိုဒီလိုကဏ္ဍတွေက ဖြစ်ကောဖြစ်သင့်ပါရဲ့လား။ ဒါလည်း စဉ်းစားဆန်းစစ်ပြုပြင်ပြောင်းလဲ အရေးယူရတော့မှ ဖြစ်တော့မည်။ တကယ်ကော ဖြစ်သင့်ပါရဲ့လား။

သို့နှင့် စက္ကူရပြီဆိုပါစို့။ စာရေးသူတို့သုံးယောက် နာမည်ရ ပုံနှိပ်တိုက်တစ်ခုသို့ သွားအပ်၏။ ထိုပုံနှိပ်တိုက်က သူ့ပုံနှိပ်တိုက်နာမည်နှင့်မတင်ဘဲ အခြားပုံနှိပ်တိုက်နာမည်နှင့် တင်ထား၍ ဈေးပိုပေးရမည်ဟုပြော၏။ ကနဦးစိစစ်ရေးမတင်ခင် စာရေးသူတို့က လိုလိုမယ်မယ် ထိုပုံနှိပ်တိုက်လိုင်စင် မိတ္တူနှင့် ပုံစံစာရွက်ကိုယူပြီး လက်မှတ်ထိုးရန် သွားတော့ ဟိုဟာပဲလိုသလို၊ ဒီဟာပဲ မရသလိုလိုနှင့် ဖြစ်သလိုလုပ်ခဲ့ပါဟုဆိုပြီးမှ ယခုတော့ စကားတစ်မျိုးပြောတော့ စာရေးသူတို့ ဘယ်လိုဆက်လုပ်ရမှန်းမသိတော့။ ပုံနှိပ်တိုက်နာမည်ပြောင်းတင်မည်ဆိုတော့လည်း မဟုတ်။ ဒီတော့ စာရေးသူတို့ လှည့်ပြန်ရုံပဲရှိတော့၏။ ဒီလိုနှင့် အသိမိတ်ဆွေရှာပြီး မြို့သစ်တစ်ခုမှာရှိသော အော့ဖ်ဆက်တစ်ခုသို့ ပြေးရ၏။ ထိုအော့ဖ်ဆက်က ဈေးသက်သာ၏။ စာမူတစ်ဖောင်လေးထောင်မှ ခြောက်ထောင် (အုပ်ရေ တစ်ထောင်ထိဈေး) ရှိသည့်အချိန်မှာ သူ့ဈေးက သုံးထောင်ပဲ ပေးရ၏။ ဒီလိုနှင့် ရိုက်နေတုန်း မေးကြည့်ရာ လိုင်စင်မရှိသော ပုံနှိပ်စက်မို့လိုတဲ့။ ကိုယ်က တရားဝင်လုပ်ကာမှ တရားမဝင်တာတွေနဲ့ချည်း တွေ့နေရတော့ ကြာလျှင် ကိုယ့်စာအုပ်တောင် တရားမဝင်ဖြစ်တော့မလားမသိ။ ပုံနှိပ်စက်မတင်ခင် စာမူကို ဖလင်ခွဲရတော့ ဖလင်ခွဲခက တစ်ဖောင်သုံးထောင်နှင့်။ ထုတ်ဝေသူ မိုက်ရူးရဲကိုယ့်ဆရာတော့ စိတ်ပျက်စပြုလေပြီ။

မျက်နှာဖုံးက ရောင်စုံပုံနှိပ်တိုက်တစ်ခုမှာ။ အတွင်းစာမျက်နှာက တရားမဝင်ပုံနှိပ်တိုက်တစ်ခုမှာ။ စာအုပ်ချုပ်မည့်နေရာက ထိုနေရာနှစ်ခုနှင့် ဖိုခံလောက်ဆိုင်နေရာမှာ။ တစ်ခုနှင့်တစ်ခု၊ တစ်နေရာနှင့်တစ်နေရာ မိုင် ၂၀ လောက်များ ကွာနေမလားမသိ။ ဒီလိုနှင့် စာအုပ်က စာအုပ်ချုပ်သည့်နေရာသို့ ရောက်လာခဲ့ပြီး စာအုပ်ချုပ်ခတစ်အုပ် သုံးဆယ့်ငါးကျပ်နှင့် ကော်ကပ်ချုပ်ခိုင်းရာ အုပ်ရေတစ်ထောင်မှာ စာရေးသူတို့ချုပ်သည့်စာအုပ်က ကိုးရာတစ်ဆယ်ကျော်ကျော်သာ ပြန်ရ၏။ ပျက်သည်ဆိုသော မျက်နှာဖုံးလည်းပြန်မရ။ ဒါတောင် ပုံနှိပ်တိုက်က ရွက်ရေစစ်၍ ပေးလိုက်ခြင်းဖြစ်သည်။ ဘယ်စာအုပ်ချုပ်ဆိုင်လည်းဆိုတာ စာရေးသူမိတ်ဆွေဆီမှာ လိပ်စာကတ်ရှိသည်။ မြန်မာပီပီ စာရေးသူမိတ်ဆွေက မနှမြောသေး။ တကယ်ပျက်လို့ပဲဆိုကာ ဥပေက္ခာထား၏။

စာရေးသူမိတ်ဆွေက စာရေးသူကိုယ်တိုင် ဒီလောက်လိုက်လုပ်ပေးနေတာတောင် အလွယ်လိုက်လိုက်သေး၏။ စာအုပ်အချောကို ဖြန့်ချိခွင့်တင်ရန် ပွဲစားကို အုပ် ၆၀+ မေတ္တာလက်ဆောင်သပ်သပ် ၁၀ အုပ်ပေးလိုက်သည်တဲ့။ (တကယ့်တကယ်က စိစစ်ရေးမှာတင်ရတာ ၂၅ အုပ် + ၁ အုပ်သာဖြစ်သည်။ ပွဲစားက ဘယ်သူ့ကိုပေးရမယ်၊ ဘယ်ဝါ့ကိုပေးရမယ်၊ မပေးလို့မရဘူး။ ခြောက်လုံးမြောက်လုံးတွေနှင့် မပေးရင်ဘဲ နောင် ကလောင်အပိတ်ခံရမလိုပြော၍ ပေးလိုက်ရခြင်းဖြစ်၏။)



ဒီလိုအခက်အခဲများစွာကို ဆရာမကူ နတ်မကူဘဲ ကျော်ဖြတ်လာခဲ့ရပြီးနောက် စာအုပ်လေးက သပ်သပ်ရပ်ရပ်ဖြစ်လာပြီး အရောင်းဆိုင်များပေါ်သို့ ရောက်သွားလေ၏။ စုစုပေါင်းကုန်ကျစရိတ် (ကြော်ငြာမပါ) လေးသိန်းလောက်ကုန်သွား၏။ မိတ်ဆွေက စာအုပ်တစ်အုပ်နှင့်ပင် တော်တော်ပညာရသွားဟန်ရှိသော်လည်း ရောင်းရလျှင်ဟူသောမျှော်လင့်ချက်ဖြင့် စိတ်က မပြတ်သေး။ စာရေးဆရာလေးကလည်း မိတ်ဆွေနှင့်ကတိထားသည့် ရောင်းပြီးကုန်ကျစရိတ်နုတ်၊ အမြတ် တစ်ယောက်တစ်ဝက်ဆိုသည့်စာချုပ်အပေါ် ရင်ခုန်နေဆဲ။ နှစ်ဦးစလုံး စာအုပ်လေးတသသနှင့် အိပ်မက်တွေမက်လို့ကောင်းနေကြဆဲ။ စာရေးသူကတော့ ဒီလောကအကြောင်းကို ကြိုတင်ကြားထားသိထားသဖြင့် ကြိုတင်၍ အသိပေးချင်သော်လည်း သူတို့နှစ်ယောက်၏ပျော်ရွှင်မှုကို မဖျက်ဆီးချင်။ သို့နှင့် စာအုပ်ကို ပြန်သိမ်းရမည့်ကာလသို့ ရောက်လာခဲ့လေပြီ။

ထိုနေ့က ဖြန့်ချိရေးဆိုင်သို့ သုံးယောက်သား မျှော်လင့်ချက်တစ်ခွဲသားနှင့် စာအုပ်ပြန်သိမ်းရန်သွား၏။ စာအုပ်ဖြန့်ချိရေးလုပ်သည့်ကောင်လေးနားမှာ ဝင်ထိုင်ရင်း စာအုပ်ရောင်းတမ်းအခြေအနေကို ချစ်သူဆီက အဖြေတောင်းသလို မျှော်လင့်ချက်ကြီးမားစွာနှင့် မေးလိုက်ကြတော့ လုံးဝလုံးဝ အခြေအနေမကောင်း။ ဘယ်လိုမကောင်းပါသလဲ . . .။ ဟုတ်ကဲ့ ပြောပြပါမည်။ နာမည်ကြီးစာအုပ်အရောင်းဆိုင် (အငှားဆိုင်တွေကို အဓိကထားရောင်းသော နာမည်ကြီးဆိုင်တစ်ဆိုင်) တစ်ခုကဆို စာအုပ် ၁၀၀ ရောင်းရန်ပေးထားတာ ပြန်ကောက်တော့ ၁၂၀ တောင် ပြန်ပေးသည်တဲ့။ ဘယ်လိုများဖြစ်တာပါလိမ့်။ ပေးတာမှ ၁၀၀ တည်း။ စာအုပ်စာအုပ်ချင်းပဲ ညားကြကုန်လို့ စာအုပ်တွေပဲ မွေးလာကြသလား။ ကဲ. . . ထားတော့။ နောက်ဆုံးအနှစ်ချုပ်တော့ အုပ်ရေတစ်ရာသာသာပဲ ရောင်း


www.foreverspace.com.mm



**ဒီစာအုပ် သိပ်ရောင်းရမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ခုခေတ်လူငယ်တွေက ရည်ရွယ်ချက်ရှိရှိလုပ်ထားတဲ့ မှိုင်းတွေမိနေတာဗျ။ သရဲ ဒါမှမဟုတ် ညစ်တီးညစ်ပတ်၊ ရယ်ရတာ ဒါမှမဟုတ် သူ့လင်ကိုယ်လု ကိုယ့်လင်သူလု၊ ငါ့မယား သူကြာခို သူ့မယား ငါကြာခို စတဲ့ ကြောက်ရင်ကြောက်၊ မကြောက်ရရင်ရယ်၊ မရယ်ရရင် ညီဆိုတဲ့ပုံစံခွက်ထဲမှာ မျောနေကြတာ။**

ရ၏။ အများတော့အများကြီး။ ပြန်သယ်ရသော စာအုပ်တွေ။ ရှုံးလိုက်သည်မှာ သောက်သောက်လဲ။ ထိုစာရေးဆရာလေးနှင့် မိတ်ဆွေထုတ်ဝေသူလက်သစ်လည်း ယနေ့ထိ စာရေးသူဆီကို နောက်စာအုပ်ဆက်ထုတ်ဖို့ နည်းနည်းလေးမှ လေသံမဟတော့။ စာအုပ်၊ စာအုပ်တွေ ဘယ်နေရာကနေ တိုးလာကြပါသလဲဟု ပြန်လှန်မေးခွန်းတောင် မထုတ်ဝံ့ကြတော့။

ဒီမှာ စာရေးသူစပြောတော့မည်။ ဒါက စာရေးသူတစ်ယောက်တည်းမြင်သည့် ပုဂ္ဂလိအမြင်တစ်ခုပဲဖြစ်သည်။ မှားချင်လည်း မှားလိမ့်မည်။ မှန်ချင်လည်းမှန်လိမ့်မည်။ သို့သော် သေချာသည်ကတော့ ယနေ့စာပေလောက ဒီလောက်ထိ ထိုးကျနေတာကို တားဆီးလိုသည့်စေတနာတစ်ခုရှိနေတာတော့အမှန်ပင်။ ထိုမရောင်းရသည့် စာအုပ်ကို ကိုင်ပြီး ယနေ့ခေတ်လူငယ် သုံးမျိုးသုံးစားမှ တစ်ယောက်စီကိုပေးဖတ်၍ မှတ်ချက်ကို နားထောင်ကြည့်၏။ ပထမဘဝကို ခပ်ပေါ့ပေါ့တန်တန်ဖြတ်သန်းနေသည့် လူငယ်ဆီမှ လေသံဖြစ်၏။ "စာတွေက များလိုက်တာ၊ ပြီးတော့ ရယ်လည်းမရယ်ရဘူး" ဒါ ပထမလူငယ်မှတ်ချက်။ ဒုတိယ လက်ရှိတက္ကသိုလ်တက်နေပြီး မိဘလုပ်စာ စားနေသုံးနေသည့် လူငယ်၏မှတ်ချက်က "စာတွေကလည်း များလိုက်တာ၊ ရေးထားလိုက်တာလည်း အထူကြီး။ ပျော်လည်းမပျော်ရဘူး။ စာအုပ်ထဲမှာလည်း ကာတွန်းပုံတွေလည်း မပါဘူး"။ တတိယလူငယ်ကျောင်းသားတစ်ပိုင်း ကိုယ့်ကိုယ်ကိုယ် ဘဝမြင့်မားအောင်ကြိုးစား၍ သင်တန်းတွေလိုက်တက်ပြီး အရည်အသွေးမြှင့်နေသူ လူငယ်၏မှတ်ချက်က "မဆိုးဘူးဗျ။ ကျွန်တော်တို့မသိနိုင်တဲ့ အရာတွေကို သိရတယ်။ ပြီးတော့ လူငယ်တွေကိုးကွယ်ရမယ့် အမှန်တရားကိုလည်း အဓိက Message ပေးထားတယ်။ ခက်တာကဗျ၊ ဒီစာအုပ် သိပ်ရောင်းရမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ခုခေတ်လူငယ်တွေက ရည်ရွယ်ချက်ရှိရှိလုပ်ထားတဲ့ မှိုင်းတွေမိနေတာဗျ။ သရဲ ဒါမှမဟုတ် ညစ်တီးညစ်ပတ်၊ ရယ်ရတာ ဒါမှမဟုတ် သူ့လင်ကိုယ်လု ကိုယ့်လင်သူလု၊ ငါ့မယား သူကြာခို သူ့မယား ငါကြာခို စတဲ့ ကြောက်ရင်ကြောက်၊ မကြောက်ရရင်ရယ်၊ မရယ်ရရင် ညီဆိုတဲ့ ပုံစံခွက်ထဲမှာ မျောနေကြတာ" ဟု။ ကဲ . . . စာဖတ်သူ ဘယ်လိုသဘောရသလဲ။ ဘယ်ကများ စပြီး ပြင်သင့်ပြောင်းသင့်ပါသလဲ။



ပထမဦးဆုံးက လက်ရှိစာဖတ်သင်စ လူငယ်လူရွယ်များ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းဖြတ်သန်းမှုတွင် မြန်မာစာပေ ဘယ်နေရာကနေ ကပြအသုံးတော်ခံနေရသလဲဟု စာရေးသူ စိတ်ဝင်တစား စူးစမ်းမိ၏။ ဆောင်ပုဒ်တွေ ထုတ်ထားတာလည်း မြင်မိ၏။ 'စာပေမြင့်မှ လူမျိုးမြင့်မယ်'ဆို၏။ လက်ရှိအတန်းပညာရေးစနစ်တွေမှာ သင်ကြားရေးအပိုင်း တာဝန်ယူသော ဝန်ထမ်းတွေက ကိုယ့်ဘာသာစကားကို ဘယ်လိုသင်ကြားနေကြပါသလဲ။ အဓိကလား သာမညလား။ သာဓကတစ်ခုအနေနှင့် စာရေးသူပြောပါမည်။ ယနေ့ခေတ် တက္ကသိုလ်ကျောင်းသားတစ်ယောက်ကိုခေါ်ပြီး စာစီစာကုံး သို့မဟုတ် ရှေးကဗျာတစ်ပုဒ်ကို စကားပြေပြန်၍ လက်တန်းရေးခိုင်းကြည့်ပါ။ ရမလား၊ မရမလား။

စာရေးသူ သိရသလောက်ဆို ထိုပညာရေးဝန်ထမ်းတွေကိုယ်တိုင်က မသိရှိမကျွမ်းကျင် မခံစားတတ်တော့တာလို့ပဲ ထင်မိပါတယ်။ သေသေချာချာ စဉ်းစားကြည့်ကြပါ။ ယနေ့ခေတ် ဝတ္ထုစာအုပ်တွေထဲမှာ တစ်ကွက်ကာတွန်းပုံစံတွေပါနေတာ ဝမ်းသာစရာမဟုတ်ပါဘူး။ ဥပမာအနေနဲ့ ပြောရရင် စစ်ကြိုခေတ်က အသံတိတ်ရုပ်ရှင်၊ အသံထွက်ရုပ်ရှင်ကားတွေထဲကလို အနုပညာအတတ်နဲ့ ရသမြောက်အောင် သရုပ်မဆောင်နိုင်လို့ စာတန်းထိုးပြီး 'ရယ်ကြပါလို့' လုပ်ရသလို ဖြစ်နေပါပြီ။ ဖြစ်နိုင်မယ်ဆိုရင် ယနေ့လက်ရှိ ဘက်ဆဲလားစာရေးဆရာတွေ ရသင့်သလောက်ရပြီးပြီမို့ ရေရှည်ရသစာပေဆက် လက်တည်ရှိနေဖို့ ကြိုးစားပေးသင့်ပါတယ်။ စောင့်ထိန်းလိုက်နာသင့်ပါတယ်။ ကြိုးစားပေးကြပါဦးလို့လည်း မေတ္တာရပ်ခံချင်ပါတယ်။

ရှေ့လဆက်ပါမည်။

**ဂျီအောင်ဘန်း**

www.foreverspace.com.mm

# သူတို့ဆီက လူဝင်မှု

ကိုဝမ်း

**သူတို့ဆီက လူဝင်မှုခေါင်းစဉ်အောက်တွင် အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်စသော အနောက်နိုင်ငံလူဝင်မှုစနစ်အကြောင်းကို ရေးမည်မဟုတ်ပါ။ ကျွန်တော် ယင်းအရပ်တွေကိုရောက်လည်း မရောက်ဖူးပါ။ ကျွန်တော်ရောက်ဖူးသော ထိုင်း၊ မလေးရှား၊ ဟောင်ကောင်၊ မကာအိုအကြောင်းသာရေးမည် ဖြစ်ပါသည်။ တရုတ်ပြည်တောင်ပိုင်းသို့မူ ဝင်ဖူးထွက်ဖူးပေသည်။ ဖော်ပြပါ လေးနိုင်ငံကဲ့သို့ အကျွမ်းတဝင်မရှိသဖြင့် ချန်လှပ်ခဲ့ပါသည်။**

နိုင်ငံခြားသို့ ကျွန်တော်စတင်ထွက်နိုင်သောနေ့သည် ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂၂ ရက်နေ့ဖြစ်၏။ ဒါကိုဖော်ပြရခြင်းက ထိုခေတ်ထိုအချိန် သူတို့လူဝင်မှုအနေအထားကို ပြောလို၍ပဲဖြစ်သည်။ ရန်ကုန်မြို့ ထိုင်းသံရုံးမှာ ထိုင်းဗီဇာကို Non-Immigrant (Business) အမျိုးအစားယူခဲ့သည်။ အတိုအားဖြင့် Non (B) ဟုခေါ်သည်။ ကျွန်တော်က သံရုံးထဲသို့ပင် မရောက်ခဲ့ပါ။ မိတ်ဆွေကိုဖုန်းတွင် သံရုံးအမှုထမ်းအသိရှိသည်။ ထိုအသိက အပြင်ဘက်က ကျွန်တော်တို့ဆီကို ဗီဇာပုံစံယူလာပေးသည်။ ကားဘောနက်ပေါ် ခါးကုန်းရေးပြီး ပုံစံဖြည့်ကာ ပတ်စပို့နှင့်အတူ ပြန်ပေးလိုက်သည်။ နောက်နေ့ကျတော့ ထိုင်းဗီဇာပါ ပတ်စပို့ကို ထိုအသိက အပြင်သို့ယူလာပေးသည်။ ဗီဇာကြေးမည်မျှဆိုသည်ကို မမှတ်မိတော့ပါ။ (နားမလည်၍ Non (B) ယူခဲ့ရာ ဒုက္ခရောက်ပုံကို နောက်ပိုင်း၌ ဖော်ပြပါမည်။)



ဇန်နဝါရီလ ၂၂ ရက်နေ့ နံနက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဒွန်မောင်းလေဆိပ်တွင် လူဝင်မှုကောင်တာ၌ ပတ်စပို့တင်ပေးလိုက်သောအခါ ဘာမှမေးမြန်းခြင်းမရှိ။ ရှုံးမန်းနီးမပြခိုင်း၊ အပြန်လက်မှတ်မပြခိုင်းဘဲ ဒုန်းဆို သုံးလတုံးထုပေးလိုက်သည်။ ထိုအချိန်က ထိုင်းလူဝင်မှုက မြန်မာပတ်စပို့ကို သိပ်သဘောကောင်းနေချိန်ဖြစ်သည်။ မြန်မာတည်းခိုအိမ်ရောက်ပြီး ဧပြီလဆန်းအထိ ဘန်ကောက်တွင် သောင်တင်နေခဲ့သည်။ ဤကာလအတွင်း အရင်ရောက်နှင့်သူများထံကနေ ဗဟုသုတဖြစ်ဖွယ်ရာများကို ကြားနာရလေသည်။

Non-Immigrant ဗီဇာက သုံးလဖြစ်သည်။ နှစ်ကြိမ်လျှောက်၍ရသည်။ စင်ကာပူ ထိုင်းသံရုံးက သုံးကြိမ်တောင်ပေးသည်ဟုဆိုသည်။ တိုးရစ်ဗီဇာက နှစ်လဖြစ်သည်။ အလားတူ နှစ်ကြိမ်လျှောက်၍ရသည်။ ဗီဇာပုံစံတွင် တိုးရစ်ဗီဇာဘေးကွက်လပ်၌ အမှတ်ပြ၊ အမြောက်လက္ခဏာနှင့် နှစ်ကို ရေးရ၏။ Non-(O) Non-(B) ဖြစ်စေ၊ တိုးရစ်ဗီဇာဖြစ်စေ နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ရထားပြီးပါက ပထမသုံးလ သို့မဟုတ် နှစ်လမကုန်မီ စတေးရှောင်ရသည်။ ပထမကာလမကုန်မီ ပြန်ဝင်ရသည်။ ထိုအခါ ဒုတိယသုံးလ သို့မဟုတ် နှစ်လဆက်၍ ရှင်လေသည်။ ဤနည်းဤပုံနှင့် ဘန်ကောက်တွင် စတေးရှောင်ရင်းဆယ်နှစ်ကျော်ကြာ အောင်းနေသူတွေရှိသည်။ စတေးရှောင်တော့ ထိုင်းတောင်ပိုင်း ဆူဂိုင်းဂလုပ် (မလေးဘက်က ရတန်ဗဂျမ်းဟုခေါ်၏) သွား၊ ထိုင်းဘက်ထွက်ပြေး မလေးကိုဝင် (ထိုအချိန်က မလေးကို ဗီဇာမပါဘဲဝင်၍ရ၏။ Without ဟု ခေါ်၏။ ဝင်ဝင်ချင်း တစ်လတုံးထုပေး၏။) ပြီးတော့ ထိုင်းဘက်ပြန်ထွက်၊ ထိုင်းကိုဝင်

www.foreverspace.com.mm

သော် ဒုတိယသုံးလ သို့မဟုတ် နှစ်လ ဗီဇာရှင်လေသည်။

နောက်ဗီဇာတစ်ခုက ကြားကောက် (Transit) ဗီဇာ ဖြစ်သည်။ တစ်လပေးသည်။ တစ်လပြည့်သော် ဘန်ကောက်လူဝင်မှုတွင် ဘတ် ၅၀၀ ပေး (ယခု မရတော့) သက်တမ်းတိုး ၁၅ ရက် ရသည်။ ၁၅ ရက်ကို နောက်ထပ် တစ်ပတ်တိုး၍ ရသေးသည်။ ပိုက်ဆံပေးစရာမလိုပါ။ Non နှင့် Tour ဗီဇာများလည်း ဒုတိယ သက်တမ်းကုန်ခါနီးသော် ယင်းသို့ သက်တမ်းတိုး၍ ရသည်။ နောက်တစ်ခုက အထက်ဖော်ပြပါ ဆိုက်ရောက်ဗီဇာ (Arrival Visa) သို့မဟုတ် Without ဖြစ်သည်။ ထိုင်းက ၁၅ ရက် ပေးသည်။ ၁၅ ရက်ကုန်ခါနီး၌ တစ်ပတ်တိုး၍ရသည်။ ထိုအချိန်က ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် ဟောင်ကောင်တို့က မြန်မာပတ်စပို့ကို Without ပေးနေချိန်ဖြစ်သည်။ ဟောင်ကောင်က တစ်ပတ်ပေး၏။ စင်ကာပူကတော့မသိပါ။

ဧပြီလဆန်းတွင် မလေးရှားသို့ သွား၍အလုပ်လုပ်ရန် ဘန်ကောက်ကနေ ရထားစီးခဲ့သည်။ ဟတ်ဂျိုင်ဘူတာတွင် ဆင်းရသည်။ စောစောကပြောတာတစ်ခု မေ့သွားသည်။ ဘန်ကောက်နေ မြန်မာတို့သည် တိုးဗီဇာနှစ်လကုန်သော် ရန်ကုန်ပြန်၍သော်လည်းကောင်း၊ ပီနန် ထိုင်းကောင်စစ်ဝန်ရုံး၌လည်းကောင်း၊ စင်ကာပူ ထိုင်းသံရုံး၌လည်းကောင်း Non (သို့) Tour ဗီဇာများယူ၍နေသည်။ ထိုအချိန်က လာအိုနှင့် ကမ်ပူးချားလမ်းကြောင်း မဖွင့်သေးပါ။ မလေးရှားနှင့် စင်ကာပူက တင်းကျပ်လိုက်တော့မှ လာအိုနှင့် ကမ်ပူးချားလမ်းကြောင်း ပွင့်လာခဲ့ခြင်းဖြစ်သည်။

ဟတ်ဂျိုင်တွင် ပီနန်သွားရန် တက္ကစီကား စု၍စီးကြရသည်။ တက္ကစီကားခ ဘတ် ၂၀၀ နှင့် မလေးလူဝင်မှုပေးခ ဘတ် ၃၀၀ ပေးရသည်။ ယင်းဘတ် ၃၀၀ သည် လိုင်းကြေးဖြစ်သည်။ နယ်စပ်တွင် ကျွန်တော်တို့ပတ်စပို့တွေယူ၍ ယာဉ်မောင်းက လူဝင်မှုသွားကာ တုံးသွားထုသည်။ ထိုင်း လူဝင်မှုက ကျွန်တော့်ကို ထွက်ခွင့်မပြုပါ။ Non (B)ယူလာ၍ အခွန်ဆောင်ပါဟု ဆိုသည်။ သို့နှင့် တစ်ယောက်တည်းဆင်းနေခဲ့ရကာ အနီးက ဆာဒါအို (Sadao) ဆိုသောမြို့လေးက အခွန်ရုံးမှာ အခွန်ဆောင်ရသည်။ အခွန်အရာရှိက ဘတ် ၅၀၀ တောင်းပြီး စာရင်းထဲ ဘတ် ၄၀၀ သာ ထည့်ကာ ဘတ် ၁၀၀ ကို သူက ပြောင်ပြောင်ပဲစားလိုက်သည်။ ယင်းကနေ ဟတ်ဂျိုင်ပြန် ကားကြုံနှင့် ပြန်ထွက်၊ ခုတစ်ခါတော့ အခွန်ပြေစာပြနိုင်၍ ထိုင်းလူဝင်မှုက ထွက်ခွင့်ပြု၏။ မလေးဘက်ဝင်တော့ ဘတ် ၃၀၀ လိုင်းကြေးတန်ခိုးနှင့် ကိုယ်တိုင်ပင် ကားပေါ်က ဆင်းစရာမလို။ ယာဉ်မောင်းက မလေးဗီဇာတစ်လထုပြီး စာအုပ်ကိုပြန်ယူလာခဲ့၏။ ဟတ်ဂျိုင်အနီးက ဆွန်ခလာကမ်းခြေရှိ မလေးကောင်စစ်ဝန်ရုံးတွင် ဗီဇာကြိုးသုံးလလျှောက်၍ရသည်။ ပိုက်ဆံကုန်သဖြင့် မြန်မာအများစုက တစ်လတုံးဖြင့် မလေးဝင်ပြီးသော် ကျွန်တော်အပါအဝင် ခိုး၍နေကြလေသည်။

မလေးရှားတွင် ၁၁ လနေခဲ့ပြီးသော် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလတွင် ကွာလာလမ်ပူရှိ ထိုင်းသံရုံးတွင် ထရန်စစ်ဗီဇာကို ကျွန်တော်ယူခဲ့သည်။ သံရုံးက လေယာဉ်လက်မှတ်မေးရာ ဘန်ကောက်ကျမှပဲ ဝယ်မည်ဟု ပြောလိုက်သည်။ ဒီတော့ သံရုံးမမက နယ်စပ်မှာ လူဝင်မှုက မေးလိမ့်မယ်ဟု ပြောသည်။ ကျွန်တော်က ရယ်ချင်သည်။ နယ်စပ်က ထိုင်းလူဝင်မှုအကြောင်း သိပြီးသားမို့ဖြစ်သည်။ ထိုင်းထရန်စစ်ဗီဇာတစ်လတုံးတော့ ထုပေးလိုက်ပါသည်။ ကျွန်တော်က နယ်စွန်နယ်ဖျားရတနာဗဂျမ်းက ထွက်ရန် မလေးရှားက လေတန်ပြည်နယ် နီဒါဆာရူးမြို့သို့ အဝေးပြေးကားစီးရသည်။ ကိုယ်က မဟုတ်တာလုပ်ထားတာမို့ နယ်စွန်နယ်ဖျားထွက်ပေါက်ကို ရွေးရခြင်းဖြစ်သည်။ ထိုင်းကနေ မလေး၊ မလေးကနေ ထိုင်းကို ဝင်ပေါက်သုံးပေါက်ရှိသည်။ ပထမအပေါက်သည်ဂိတ်ကြီး။ ကျွန်တော် မလေးသို့ဝင်ရာ ချန်ဂလုံဝင်ပေါက် ဖြစ်သည်။ နောက်တစ်ပေါက်က ချန်ဂလုံနှင့် မနီးမဝေး ဘန်ကောက်–မလေး–စင်ကာပူ မီးရထားဝင်ပေါက် (အမည်မေ့နေပြီ) ဖြစ်သည်။ ရတနာဗဂျန်းခေါ် ဆူဂိုင်းဂလုပ်က အစွန်အဖျားအပေါက်ဖြစ်သည်။ ချောင်သည်။ ရတနာဗဂျန်းလူဝင်မှုမှာ ပတ်စပို့တင်ပေးလိုက်တော့ မလေးလူဝင်မှုက ကျွန်တော့်စာအုပ်ကို အသေအချာကြည့်သည်။ ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း ခပ်အေးအေး ဣန္ဒြေမပျက် ငေးနေလိုက်သည်။ (စိတ်ထဲကတော့ မေတ္တာသုတ္တံရွတ်နေ၏) မလေးလူဝင်မှုက ဒုန်းဆို အထွက်တုံးထုပေးလိုက်တော့ ဣန္ဒြေမဆောင်နိုင်တော့။ စာအုပ်ကို သုတ်ခနဲယူကာ ထိုင်းဘက်သို့ မပြေးရုံတစ်မယ် လှမ်းခဲ့ရတော့၏။ မလေးရှားထောင်နှုတ်ခမ်းကနေ ကျွန်တော်လွတ်ခဲ့ပါပြီ။

ထိုင်းလူဝင်မှုတွင် ဖိုက်ကတ်ဖြည့်ရသည်။ ကိုယ့်ဘာသာဖြည့်၍မရ။ သူတို့လူက ဖြည့်ပေး၏။ မလေးတစ်ရင်းဂစ်ပေးရ၏။ ၁၀ ဘတ်နှင့်ညီ၏။ လူဝင်မှုကို စာအုပ်ပေးလိုက်တော့ ‘ယီဆစ်’ ဟုဆို၏။ မလေး ၂၀ ရင်းဂစ်တောင်းခြင်းဖြစ်သည်။ ဗီဇာကြေးမဟုတ်ပါ။ လိုင်းကြေး ဖြစ်ပါသည်။ သို့သော် တစ်ယောက်က ထလာပြီး “နိုး–နိုး–နိုးဆမ်းဆစ်’ ဆိုသည်။ ၂၀ မရ၊ ရင်းဂစ် ၃၀ ပေးလိုက်ရလေသည်။ သို့သော် ထောင်နှုတ်ခမ်းက လွတ်လာပြီဖြစ်၍ ပျော်နေသော ကျွန်တော်က မငြိုမငြင်ဘဲ တောင်းသမျှကို ပေးလိုက်ပါသည်။

၁၉၉၁ ခုနှစ် မတ်လ ၁၅ ရက်နေ့ည ၆ နာရီခန့်တွင် ဟောင်ကောင် ကောင်းလုံလေဆိပ်သို့ ကျွန်တော်ရောက်ခဲ့သည်။ မလေးရှားက ထွက်လာခဲ့ပြီး ဘန်ကောက်တွင် ဂျပန်ဗီဇာလျှောက်ရာ ပယ်ခံရသည်။ မလေးကိုလည်း မပြန်ချင်တော့ပါ။ ဘန်ကောက်မြို့ အဆုတ်လမ်းမကြီး (Thanon Asoke) ပေါ်ရှိ အဆုတ်တာဝါ၌ရှိသော ဂျပန်ကောင်စစ်ဝင်ရုံးပေါ်ကနေ စိတ်ပျက်နေသည်မို့ ခတ်လှေကားတောင် မစီးတော့ဘဲ ရိုးရိုးလှေကားကနေ ဆင်းလာခဲ့ရာ လှေကားရင်း၌ သူငယ်ချင်းကိုမောင်မောင်အေးနှင့် တန်းတိုးသည်။ အခြေအနေပြောပြတော့ “မလေးရှားကို မပြန်ပါနဲ့တော့ဗျာ။

www.foreverspace.com.mm

မကာအိုကိုသွား။ ကျွန်တော်က မကာအိုက ပြန်လာတာ”ဟု သူကဆိုသည်။ သို့နှင့် အီတလီ၏ လေကြောင်းက အလီတားယီးယား (Alitalia) ဘိုးရင်း ၇၄၇ စီးကာ ဟောင်ကောင်ရောက်လာခြင်းဖြစ်သည်။ ထိုအချိန်က မကာအိုတွင် လေယာဉ်ကွင်း မရှိသေးဘဲ ဟောင်ကောင်ကနေတစ်ဆင့် ဂျက်ဖောသင်္ဘောစီး၍ သွားရသည်။

ဟောင်ကောင်လေယာဉ်မှူးမှာ ပတ်စပို့တင်ပေးလိုက်တော့ စာအုပ်ကို သေချာကြည့်သည်။ “ခင်ဗျားနိုင်ငံက ထွက်လာတာ တစ်နှစ်ကျော်ပြီ။ ခင်ဗျား ဘာတွေလုပ်နေသလဲ”ဟု မေး၏။ ကျွန်တော်က တော်သလိုကြည့်ဖြေလိုက်သည်။ နောက်တော့ သူ့နောက်က အရာရှိလက်ထဲအပ်လိုက်ရာ ရုံးခန်းသို့ ခေါ်သွား၏။ ကျွန်တော်နှင့်အတူ အာဖရိကတိုက်သားနှစ်ဦး၊ ထိုင်းပျိုဖြူတစ်ဦးတို့ပါ၏။ အာဖရိကန်တစ်ဦးကို စစ်ဆေးသည့်အခန်းကျဉ်းလေးထဲခေါ်သွားရာ တစ်မိနစ်ပင်မကြာ အပေးအယူတည့်သွားပုံပေါ်သည်။ နှစ်ဦးစလုံးကို တုံးထုပေးလိုက်သည်။ ကျွန်တော့်ကို ရုံးခန်းက အရာရှိတစ်ဦးက စစ်မေးပြီး အခြေအနေမကောင်းတော့ ပြန်ရရင်လည်း ခေါင်းငုံ့ပြီးတော့ မပြန်ဆိုပြီး သူမေးသမျှ ကျွန်တော်က ဘုတွေချည်းပြောသည်။ အော်ဟစ်လိုက်သည်။ သည်တော့ အသံကြားကာ သုံးပွင့်အရာရှိကြီးတစ်ဦးထွက်လာပြီး အကဲခတ်နေသည်။ ပြီးတော့ စစ်နေသည့် အရာရှိနားကပ်ပြီး တိုးတိုးပြောသည်။ အရာရှိက ကျွန်တော့်စာအုပ်ကိုယူကာ တစ်ပတ် တုံးထုပေးသည်။ ပြီးတော့ “လူကြီးမင်းသည် ခုနစ်ရက်ကုန်ရင် ဘန်ကောက်ပြန်ပါ”ဟု ပြောသည်။ ကျွန်တော်က “ခင်ဗျားတို့နိုင်ငံမှာ ၂၄ နာရီပြည့်အောင်မနေဘူး။ နက်ဖြန်မနက်ကို မကာအိုသွားမှာ”ဟု ပြောပစ်ခဲ့သည်။ ဤသည်ကား ပထမဆုံးအကြိမ် ဟောင်ကောင်သို့ဝင်ဝင်ချင်း ဟောင်ကောင်လူဝင်မှု၏ ဆောက်နှင့်အထွင်းခံရသော အဖြစ်ပေတည်း။

ကျွန်တော်မှမဟုတ်၊ နောက်ငါးနှစ်ခန့်အကြာ ရန်ကုန်ဟောင်ကောင်တိုက်ရိုက်လေယာဉ်စီးလာသောညီငယ်ကိုသက်နိုင်လည်း အလားတူ ရုံးခန်းခေါ်၍ အရစ်ခံရသည်ဟု ဆို၏။ တကယ်တော့ မကာအိုမှာ မြန်မာပြန်တွေရှိသဖြင့် မြန်မာတွေ အဝင်များသည်ကို သူတို့သိ၏။ စာအုပ်ကြည့်ပြီး တမင်ရစ်ခြင်းဖြစ်သည်။ ဟောင်ကောင်က ဦးချိုသင်္ဘောလိုင်း သင်္ဘောသားတည်းခိုအိမ်တွင် တစ်ညအိပ်ပြီး နောက်နေ့ မကာအိုဝင်ခဲ့သည်။ ကျွန်တော့်စာအုပ်တွင် မကာအိုတုံးမပါ။ သို့သော် မကာအိုလူဝင်မှုက ဘာတစ်ခွန်းမှမမေး။ ရက် ၂၀ တုံးကို ထုပေးလိုက်၏။ လူဝင်မှုချင်းအတူတူ မကာအိုကတော့ ယဉ်ကျေးလှချည်လားဟု အောက်မေ့မိ၏။

ရက် ၂၀ မပြည့်မီ တရုတ်ပြည်သို့ ပစ္စည်းပို့လိုက်သွားခဲ့သည်။ ပိုက်ဆံရ၍ဖြစ်သည်။ အထွက်တွင် မကာအိုလူဝင်မှုက စာအုပ်ကိုကြည့်ကာ “နေ-မင်းတင်ယ်” (ခင်ဗျား မြန်မာလူမျိုးလား) ဟု မေးသည်။ ကျွန်တော်က ဟုတ်ပါတယ်ဟု ဖြေသည်။ စာအုပ်တွင် အထွက်တုံးထုမပေးဘဲ လွှတ်ပေးလိုက်သည်။ ရလဒ်က ပြန်အဝင်တွင် ဗီဇာကြေးဟောင်ကောင် ၁၀၀ သက်သာသွားခဲ့ခြင်းဖြစ်သည်။ မကာအိုတွင် သူဌေးဦးကျော်စိန်၏အစီအစဉ်ဖြင့် စီးပွားရေးလုပ်ပါမည်ဟုဆိုပြီး နေခွင့်မှတ်ပုံတင်လျှောက်ရာ ကန့်သတ်ရက်မပါသော တုံး (အမည်းရောင်မို့ အမည်းတုံးဟုခေါ်၏) ထုပေး၏။ နောက်သုံးလနေရင် ပြန်လာခဲ့ပါဟုဆို၏။ သုံးလကြာ၍ လုပ်ငန်းလိုင်စင်မပြနိုင်သော် တစ်ပတ်ဗီဇာတုံးထုပေးကာ ပြန်ခိုင်း၏။ ဆရာဦးကျော်စိန်က သုံးလ



www.foreverspace.com.mm



နေလည်း ပြန်မသွားနဲ့ဟု ဆို၏။ ကျွန်တော်က ဆရာ့စကားကို အတိအကျနားထောင်၏။

၁၁ လကြာနေပြီး ဘန်ကောက်တွင် ဂျပန်ဗီဇာကြိုးစားကြည့်ချင်သည်မို့ ဟောင်ကောင်သို့ ပြန်ထွက်သည်။ အဝင်တွင် ဟောင်ကောင်သင်္ဘောဆိပ်လူဝင်မှုက "မကာအိုမှာ ခင်ဗျား ဘာဗီဇာနဲ့ ဒီလောက်ကြာအောင်နေသလဲ" ဟု မေးသည်။ မကာအိုလူဝင်မှုတွင် စတေးလျှောက်စဉ်က ပြန်ပေးသောစာရွက်ကို ပြလိုက်သည်။ "ခင်ဗျားအခုမှတ်ပုံတင်ရပြီလား" ဟု ဆက်မေး၍ "ရရင် ခင်ဗျားကို အခု ကျွန်တော်ထုတ်ပြမှာပေါ့" ပြောလိုက်သည်။ ရုံးခန်းသို့ မရောက်ခဲ့ပါ။ ဟောင်ကောင်တည်းခိုအိမ်က တရုတ်ပြည်ကို ပစ္စည်းပို့ရင် ပိုက်ဆံရတယ်ဟုခေါ်၍ လိုက်သွားခဲ့သည်။ တရုတ်ပြည်ဘက်တွင် အဆင်မပြေ၍ ချက်ချင်းပြန်ဝင်ခဲ့သည်။ မူလပေးထားသည့် ခုနစ်ရက်မကုန်ခင် ယခုနံနက်ပဲ ဟောင်ကောင်သို့ ထွက်သွားခဲ့သော စာအုပ်အား ယခုပြန်ဝင်တော့ မသင်္ကာ (Suspect) ဟုဆိုပြီး ရုံးခန်းခေါ်ပြန်သည်။ "မင်းတို့ ကွန်ပျူတာမှတ်တမ်းမှာ ငါ့စာအုပ်ကို စစ်လို့ရတယ်၊ မင်းရှေ့ကသွား ငါ နောက်ကလိုက်မယ်" ဟု ပြောပြီး လိုက်သွားခဲ့သည်။ အပြစ်တစ်စုံတစ်ရာမတွေ့တော့ စာအုပ်ကိုပြန်ပေးပြီး ဘန်ကောက်တွင် သုံးလနေပြီး ဟောင်ကောင်ကတစ်ဆင့် မကာအိုပြန်ဝင်သည်။ သည်တစ်ခေါက်ပဲ အမေးအမြန်းမရှိ ချောချောမောမော ဝင်ခဲ့ရ၏။ လေးခေါက်ဝင်ရာ နှစ်ခေါက် ရုံးခန်းရောက်ခဲ့ရ၏။ ဒါကို ကျွန်တော်က ဟောင်ကောင်သတင်းစာအယ်ဒီတာ့ထံပေးစာတွင် ရေးသည်။

ဖော်ပြပါအမည်းတုံးနှင့် ၁၉၉၅ အထိ မကာအိုတွင် နေသည်။ ထို့နောက် ဘန်ကောက်ပြန်၍ စာအုပ်လဲရန် စီစဉ်သည်။ သို့သော် လူဝင်မှုရုံးသို့ တက်၍မဖြစ်ပါ။ တက်လျှင် မှတ်တမ်းယူထားပြီး သုံးနှစ်ဝင်ခွင့်အပိတ်ခံရသည်။ သို့နှင့် တရားမဝင်ထွက်ရန် စီစဉ်ရသည်။ လူတစ်ယောက်စီစဉ်ပေး၍ ဟောင်ကောင်ဒေါ်လာ ၂၀၀၀ ပေးရသည်။ ထွက်သည့်နေ့က ပွဲစားက ရှေ့ကသွား၍ ကျွန်တော်က နောက်ကလိုက်ရသည်။ လူဝင်မှုအရာရှိမက ပိတ်ထားသောတံခါးတစ်ခုကို လာဖွင့်ပေးသည်။ ဗီအိုင်ပီလာသည့်ပုံ ဖြစ်သည်။ ထို့နောက် တရုတ်ပြည်လူဝင်မှု ဝင်သည်။ ဗီဇာပါ၍ ချောမောသည်။ ပွဲစားက တရုတ်ပြည်ရော လုပ်ပေးရဦးမလားမေး၍ မလိုပါဟု ပြောလိုက်သည်။ အတော်ပိုင်သည့်ပွဲစားဖြစ်၏။ တကယ်တော့ တရုတ်ပြည်က မလွယ်ပါ။

ဘန်ကောက်က ပြန်လာတော့ တရုတ်ပြည်တောင်ပိုင်း ကွမ်ကျိုး (Ghunzhou) ကပဲ ပြန်လာခဲ့သည်။ တရုတ်ပြည်သို့ စတေးနှစ်ခါရှောင်ရသေးသည်။ မကာအိုပြန်ဝင်တော့ ပြဿနာကြုံရသည်။

ကျွန်တော်က တရုတ်ပြည် ကွမ်ကျိုးက ပြန်လာသည်မို့ ကွမ်ကျိုး–ဘန်ကောက် အပြန်လက်မှတ်ပါသည်။ ပထမတစ်ခေါက် စတေးရှောင်တော့ ပွဲစားကိုခေါ်ဖို့ မေ့သွားသည်။ တရုတ်ပြည်သို့ထွက်ပြီး မကာအိုပြန်ဝင်တော့ မကာအိုလူဝင်မှုက တရုတ်ပြည်ဗီဇာယူခဲ့ဟုဆိုသည်။ နှစ်နိုင်ငံကြားက တရုတ်ပြည်ဗီဇာရုံးသွားတော့ မကာအိုဝင်တာ တရုတ်ဗီဇာနှင့် မဆိုင်။ မပေးနိုင်ဟု ဆိုသည်။ နှစ်နိုင်ငံကြားကွက်လပ် တစ်ဖာလုံခန့်တွင် ကျွန်တော်သည် ဟိုဘက်ပြေးလိုက်၊ ဒီဘက်ပြေးလိုက်နှင့် သောင်ပြင်လွှတ်သောခွေးတစ်ကောင်လိုဖြစ်နေပြီ။ လူတစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနေပြီ။ အချိန်က ညနေ ၅ နာရီခွဲ။ ၇ နာရီဆိုလျှင် တရုတ်ဗီဇာရုံး ပိတ်သည်။ တရုတ်ဗီဇာရုံးက မင်းနိုင်ငံကို ပြန်ဟုဆိုသည်။ တကယ်တော့ တရုတ်ဗီဇာရုံးမှာ မနေ့တစ်နေ့ကယူထားသည့်ဗီဇာမှတ်တမ်း ရှိသည်။ သက်သက်ညစ်တာဖြစ်သည်။ မျက်နှာဖြူတွေကျတော့ တစ်ခွန်းမှမမေး၊ လျှောနေအောင်ပေးသည်။ နောက်ဆုံး ငါဟာအသက်ကြီးပါပြီကွာ၊ လူငယ်လေးလည်းမဟုတ်ပါဘူးဟု တောင်းပန်မှ ဗီဇာထုတ်ပေးသည်။ ဒါနှင့် မကာအို ပြန်ဝင်ခွင့်ရခဲ့သည်။

နောက်တစ်ခါ စတေးရှောင်ရသေးသည်။ ပွဲစားခေါ်သွားသည့် ၁၅၀၀နှင့် ဈေးတည့်သွားသည်။ ထို့နောက်တော့ အလုပ်လုပ်နေထိုင်ခွင့်ကတ် (ဘလူးကတ်) ရကာ တစ်နှစ်တစ်ခါသက်တမ်းတိုးနေခဲ့ရာ ပြန်လာသည့် ၂၀၀၃ ခုနှစ်အထိ ဖြစ်သည်။ ဟောင်ကောင်–မကာအို–ထိုင်း–မလေး အားလုံးတို့သည် တရုတ်ပြည်မကြီးအပါအဝင် တတိယနိုင်ငံသားတွေကို ခွဲခြားဆက်ဆံ (Discriminate) သည်။ မျက်နှာဖြူခေါ် Carcasian တွေကို သူတို့က အလိုလိုရှိန်သည်။ ဂျပန်ကျတော့ ပိုက်ဆံရှိသောနိုင်ငံမို့အထင်ကြီးသည်။ အမေရိကန်လေယာဉ်တင်သင်္ဘောအုပ်စုတစ်စု ဟောင်ကောင်ဆိပ်ကမ်းကပ်လျှင် လူ ၃၀၀၀ ခန့်ကမ်းတက်သည်။ သောက်သည် စားသည်။ ပျော်စရာလေးများ ပြုသည်။ တစ်ပတ်ကို အမေရိကန်သင်္ဘောသားတွေက ဟောင်ကောင်ဒေါ်လာ ၂၈ သန်းသုံးစွဲသည်။ ဂျပန်ကသွားသည်၊ လာသည်၊ ဝယ်သည် ခြမ်းသည်။ ဒါမျိုးမှ သူတို့သဘောကျသည်။ ကျန် တတိယနိုင်ငံသားလာလျှင် အပေါစီးကနေ သူတောင်းစားသာသာ ဆက်ဆံကြသည်။ ပိုက်ဆံညှစ်သည်။ ဖိလစ်ပိုင်ပယောဂဆရာ(Witch-doctor)ကို ကိုင်တက်လေဆိပ်တွင် ခုနစ်နာရီကြာအောင် စစ်မေးသည်။ ဝင်ခွင့်ပေးသည်လည်းမဟုတ်။ လူဝင်မှုတွင် ပြန်လွှတ်ခွင့် (Deport) လုပ်ခွင့်ရှိပါသည်။ ဝင်ခွင့်မပေးဘဲ ခုနစ်နာရီကြာအောင် စစ်မေးတာက ညှဉ်းပန်းနှိပ်စက်မှုဖြစ်သည်။ သူ့မှာ ဘိန်းလည်းမပါ၊ ခဲယမ်းမီးကျောက်လည်းပါသည်မဟုတ်ပါ။

ဟောင်ကောင်က မြန်မာပတ်စပို့ကို ၁၉၉၂ ခုနှစ်လယ်တွင် Without ပိတ်သည်။ ဗီဇာနှင့်မှဝင်ရသည်။ စင်ကာပူနှင့် မလေးရှားကလည်း Without ပိတ်သည်။ ဗီဇာနှင့်တောင် မလွယ်။ အခုမှအခြေအနေပြောင်းသွားခဲ့သည်။ ထိုင်းက ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် Without ပိတ်သည်။ ဗီဇာနှင့်မှဝင်ခွင့်ပြုသည်။ တကယ်တော့ အရှေ့တောင်အာရှတွင် စင်ကာပူကလွဲ၍ အခြားနိုင်ငံများသည် မြန်မာပြည်နှင့် သိပ်ကွာလှသည်မဟုတ်ပါ။ အင်ဒိုနီးရှားမှာ

www.foreverspace.com.mm

ကြောင်ငှက်တုပ်ကွေးဖြစ်မှုအနေအထားကို ကြည့်ပါ။ အချို့က ကိုယ့်ထက်တောင် နိမ့်ကျပါသေးသည်။ စီးပွားရေးလမ်းကြောင်း လေးမှန်နေတာတစ်ခုပဲ ရှိသည်။ နိုင်ငံခြားတွင် ၁၄ နှစ်တာနေခဲ့သမျှအတွင်း ဘာကိုအကြောက်ဆုံးလဲဟုမေးလာလျှင် လူဝင်မှုကောင်တာဝင်ရမှာကိုပဲဖြစ်သည်ဟု ဖြေရပါလိမ့်မည်။

ဘန်ကောက်သို့ ပထမဆုံးမြန်မာနိုင်ငံကသွားသည့်အခေါက်နှင့် နောက်ဆုံးမြန်မာနိုင်ငံသို့ပြန်ရန်ဝင်သောအခေါက်များအပါအဝင် ခြောက်ခေါက်ရောက်သည်။ ကြား လေးခေါက်မှာ ၁၉၉၁ ခုနှစ် မလေးကပြန်လာသောအကြိမ်၊ ၁၉၉၂ ခုနှစ် မကာအိုကနေပြန်လာသောအကြိမ်၊ ၁၉၉၅ ခုနှစ် မကာအိုကပြန်လာသောအကြိမ်နှင့် ၁၉၉၈ ခုနှစ် မကာအိုကပြန်လာသောအကြိမ်တွေ ဖြစ်သည်။ ၁၉၉၅ တွင် ဟောင်ကောင်ကမပြန်ချင်သည်မို့ တရုတ်ပြည်တောင်ပိုင်းမြို့တော် ကွမ်ကျိုး–ဘန်ကောက်၊ တရုတ်တောင်ပိုင်း လေကြောင်း စီးခဲ့သည်။ ၁၉၉၈ ကျတော့ မကာအိုလေယာဉ်ကွင်းရှိနေပြီး မကာအို–ဘန်ကောက် တိုက်ရိုက်ပြေးဆွဲနေသည့်မို့ မကာအိုကွင်းကပဲ ပြန်ခဲ့သည်။ ဘန်ကောက်ခရီးတွင် ဝိုက်ကတ်နှင့်အတူ အကောက်ခွန်စာရွက်ပေးသည်။ ကြေညာရန် (Declear) လုပ်ရန် မလုပ်ရန် အသိပေးခြင်းပါ။ အမေရိကန်ဒေါ်လာတစ်သောင်းပါလာလျှင် ကြေညာရသည်။ ကိုးထောင့်ကိုးရာကိုးဆယ့်ကိုးဒေါ်လာဆိုလျှင် အကောက်ခွန်ကို တင်ပြရန်မလိုပါ။ ဝိုက်ကတ်မှာက မိမိ၏ ကိုယ်ရေးအချက်၊ ရန်ကုန်ကသွားရင် ရန်ကုန်လိပ်စာ၊ ဘန်ကောက်တွင်တည်းမည့်လိပ်စာ၊ ဗီဇာယူသောနိုင်ငံ၊ မြို့ စသည်တို့ ရေးရသည်။ လေယာဉ်စီးသော် ဘောလ်ပင်တစ်ချောင်း၊ မျက်စိမှုန်သူက စာကြည့်မျက်မှန် အသင့်ပါပါစေ။ လေဆိပ်တွင် ဗီဇာထုတ်ပေးပြီးက ဝိုက်ကတ်ကို ယင်းစာမျက်နှာ၌ ချုပ်စက်နှင့်ချုပ်ပေးလိုက်သည်။ လေဆိပ်ကပြန်ထွက်တော့ သို့မဟုတ် နယ်စပ်ကပြန်ထွက်တော့ ယင်းဝိုက်ကတ်ကို လူဝင်မှုက ဖြုတ်ယူထားလိုက်သည်။

၁၉၉၈ ခုနှစ်က အတွေ့အကြုံတစ်ခုကို ပြောပြလိုသည်။ ဘန်ကောက်တွင် ရောက်နေသော လူတစ်ယောက်က ဒွန်မောင်းလေဆိပ်ကနေ မထွက်ခွာဘဲ လေဆိပ်အထွက် တုံးရသည်။ ကွန်ပျူတာသွင်းပြီးသားပါ။ နောက်နေ့ဘန်ကောက်သို့အဝင် ဒွန်မောင်းလေဆိပ်အဝင် တုံးရသည်။ ကွန်ပျူတာသွင်းပြီးသားပါ။ ဒီတုန်းက Without နှင့် ဝင်လို့ရနေချိန် ပွဲစားကိုတော့ ဘတ်တစ်သောင်းပေးရသည်။ ဒါက ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့သည်။

စင်ကာပူသို့မရောက်ခဲ့သော်လည်း ရောက်ဖူးသူများထံကနေ စင်ကာပူကအထွက် မလေးရှားအဝင် ဂျဟိုးဆာရူးဂိတ်အကြောင်း ကြားရသည်။ ထိုစဉ်က မလေးကို Without ဝင်လို့ရနေချိန်။ တန်းစီထားသည့်အထဲကစာအုပ်နီလေးတွေကိုင်ထားသော မြန်မာတွေကို ရွေးခေါ်သွားသည်။ တစ်ဦးကို ရင်းဂစ် ၂၀ တောင်းကာ မလေးအဝင်တုံး ချောချောမောမောပဲ ထုပေးလိုက်သည်။

မလေးသစ်စက်တွင် အတူသစ်ထမ်းဘက် ညီငယ်ကိုသန်းလွင်အဖမ်းခံရတာ ဒီဂျဟိုးဂိတ်မှာဖြစ်သည်။ မလေးတွင် ခြောက်လခန့်ခိုးနေပြီးတော့ ကိုသန်းလွင်က စာအုပ်ထဲတွင် ဟိုတုံးဒီတုံးထည့်ကာ မလေးလေဆိပ် (ဆူမန်းလေဆိပ်) တုံးအဝင်ပြထားပြီး ဂျဟိုးကထွက်သည်။ ရထားပေါ်သို့တက်လာသော မလေးလူဝင်မှုက အတူပါသူငယ်ချင်း၏ ဗီဇာအစစ်စာအုပ်ကိုပြန်ပေးလိုက်ပြီး သူ့ကိုတော့ ရထားပေါ်ကဆွဲချခေါ်သွားသည်။ ကိုသန်းလွင်က အိတ်ကိုအပြင်မှာထားခဲ့ပြီး အခန်းတွင်းဝင်သည်။ မေးသမျှ ချောနေအောင်ဖြေနိုင်သည်။ ထိုစဉ် စောစောကခေါ်လာသူက "အပြင်ကဟာ မင်းရဲ့အိတ်လား။ ပျောက်သွားလိမ့်မယ်"ဆို၍ ကိုသန်းလွင်က အိတ်ကိုအထဲယူသွင်းသည်။ စစ်နေသူအရာရှိက သူ့အိတ်ကိုရှာတော့ ဩဂုတ်လ ၃၁ ရက်နေ့ မလေးရှားလွတ်လပ်ရေးနေ့တွင် မာဒေးကားကွင်းမှာ ကျောင်းသူလေးများနှင့်ရိုက်ထားသော ဓာတ်ပုံတွေ့သည်။ ထိုရက်တွင် သူ့စာအုပ်ထဲ၌ ဖိလစ်ပိုင်ကိုပြထားသည်။ နောက်ဆုံးဂျဟိုးအချုပ်မှာ ၄၈ ရက်ကြာကာ သူနှင့်အတူ အခြားသူများကို ရတန်ဗဂျန်းကနေ ထိုင်းကို ပြန်ပို့သည်။ ကိုသန်းလွင်က ဆွန်ခလာကနေ မလေးဗီဇာကြီးယူကာ သစ်စက်သို့ ပြန်ရောက်လာသည်။ သူကပဲ ကျွန်တော့်အား ထွက်လျှင် ရတန်ဗဂျန်းကထွက်ဟုသင်ပေးခဲ့သဖြင့် ကျွန်တော်က ဆရာ့စကားအတိုင်း ဤနယ်စွန်နယ်ဖျားကထွက်ခဲ့ရာ ချောမောခဲ့သည်။

မကာအိုတွင် ကျွန်တော်နှင့် တစ်ခန်းထဲနေသော ကိုအောင်ကျော်သာက ဂျပန်ဗီဇာယူပြီး ဂျပန်သို့သွား၍ အလုပ်လုပ်ရန် စီစဉ်သည်။ ကျွန်တော်က "ကိုအောင်ကျော်သာ တိုကျို၊ အိုဆာကာ၊ ဟီရိုရှီးမား စတဲ့ ဂိတ်ကြီးကမဝင်နဲ့။ ခင်ဗျားလည်း ဘန်ကောက်မှာနေခဲ့ဖူးသားပဲ။ ဝင်ရင်အစွန်အဖျားကဝင်။ အိုလီနာဝါကဝင်ရင်ဝင် မဟုတ်ရင် ဂျပန်တောင်ဘက် မီးရထားလမ်းဆုံးကာ ဂိုရှီးမားကဝင်" ဟု အကြံပေးခဲ့သည်။ "ပြီးတော့ ဂျပန်ဟာ အမေရိကန်ပုံစံ။ ဒါကြောင့် နက်ကတိုင်၊ လည်စည်းနဲ့ ကုတ် အင်္ကျီနဲ့ဝင်" ဟု ပြောလိုက်သည်။ ကိုအောင် ကျော်သာက ကာဂိုရှီးမားကိုရွေးသည်။ "အစ်ကိုကြီးရေ အိမ်ပြန်လာတဲ့စာအုပ်ထု ပေးတဲ့အတိုင်း ဘာမှမမေးဘူး။ ဒုန်းဆိုထု ပေးလိုက်တယ်" ဟု တိုကျိုကနေ စာပြန် ရေးသည်။ ကာဂိုရှီးမားကနေ တိုကျိုသို့ အဝေးပြေးမီးရထား သူစီးသွားခဲ့သည်။ ကျွန်တော်က မရောက်ဖူးသော်လည်း စာဖတ်ထားလို့ သိတာပါ။

နောက်အသိတစ်ယောက် သူတို့က ဂျပန်ဆရာကြီးတွေ၊ ဂျပန်ပြန်တွေ၊ သူတို့ဆွေမျိုးကို ဂျပန်ကိုအလုပ်လုပ်ဖို့လွှတ်သည်။ ကျွန်တော်ကမေးတော့ အိုဆာကာကဝင်မည်။ လေယာဉ်လက်မှတ်ဝယ်ပြီးပြီ။ ကျွန်တော်က ဘာမှမပြောတော့။ ထင်သည့်အတိုင်း လေဆိပ်မှာ အကန် (Deport) ခံရသည်။ သက်ဆိုင်ရာနိုင်ငံတိုင်း၏ စာအုပ်ဓာတ်ပုံတွင် အသားတုံးထုထားတာ ပါ

www.foreverspace.com.mm

သည်။ မီးရောင်တွင် အသားတုံးထုထား ခြင်းရှိမရှိ လူဝင်မှုကကြည့်သည်။ ဓာတ်ပုံ လည်းကပ်ထားက အသားတုံးမပါ။ (သို့ သော် ဘန်ကောက်ကဆရာကြီးတွေက တော့ အသားတုံးပါ ထည့်ပေး၏)။ ဒါနှင့် ဤလူငယ်မှာ အိုဆာကာကနေပြန်ကန်ခံရ ခြင်းဖြစ်သည်။ ဗီဇာအစစ်အမှန်ပါပေ သည့် ဂိတ်ကြီးက ရက်လွန်ခိုးနေပြီး အလုပ် လုပ်မည့်သူမှန်းသိကာ ပြန်ကန်ခြင်းဖြစ် သည်။ ဓာတ်ပုံလဲထားမှန်း သိသည်။

Deport လုပ်တော့ ယင်းပုဂ္ဂိုလ်အား ဟိုတယ်တစ်ခုတွင်ထား အစောင့်ချထား သည်။ ယင်းဟိုတယ်ခကို သက်ဆိုင်ရာ ကာယကံရှင်ကပဲပေးရသည်။ သန်းလွင် တုန်းကလည်း ဂျပ်ဟိုးကနေ ခိုဒါဘာရူးအ ရောက် ကားခ သူ့အတွက်သာမက အခြား ပိုက်ဆံမပါသူအတွက်ပါ ကိုသန်းလွင်က စိုက်ပေးခဲ့ရသည်။

ဒီကြားထဲ Check in ကလည်း ပြဿနာ၊ ချက်ကင်က လူဝင်မှုမဝင်ခင် လေယာဉ်လက်မှတ်ပြ၊ ဗီဇာပြ၊ လေယာဉ် ပေါ်တက်ခွင့်လက်မှတ် Boarding Ticket ထုတ်ရာနေရာ၊ ကိုယ့်ပစ္စည်းတွေကို တန် ဆာနှင့် ပို့ဖို့အလေးချိန်သည့်နေရာ၊ ၁၉၉၅ ခုနှစ် ကွမ်ကျိုးလေဆိပ်ချက်ကင်မှာ ဘန် ကောက်သွားမှာမို့ ထိုင်းဗီဇာယူပါဟု ပြော နေသည်။ Without ဝင်လို့ရတယ် ပြော တာမရ။ သို့နှင့်စိတ်ဆိုးပြီး "မင်းအလုပ် ကို မင်းနားမလည်ဘူး။ မင်းအရာရှိကိုခေါ် (You don't understand your work, call your officer)" ဆိုတော့မှ သူ့အရာရှိထံ ဖုန်းဆက်ရာ အရာရှိက ရသည်ဟုပြောမှ ပြီးသွားသည်။

၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့ အလုပ်ကခွင့်ယူကာ ဘန်ကောက်ပြန်ပြီး စာ အုပ်သက်တမ်းတိုးဖို့လုပ်သည်။ မကာအို လေဆိပ် Checke in က စာအုပ်သက်တမ်း ခြောက်လမပြည့်၍ သွားခွင့်မရဟုဆိုသည်။ "အခုငါသွားမှာ အဲဒီစာအုပ်သက်တမ်းတိုးဖို့ ကိစ္စပဲ။ ၁၉၉၈ ခုနှစ်တုန်းကလည်း ဒီလိုပဲ သက်တမ်းခြောက်လမပြည့်ဘဲ သက်တမ်း တိုးဖို့သွားခဲ့တယ်။ ဒီမှာကြည့်" ဆိုပြီး အရင် အခေါက်ကဟာကိုပြသည်။ မရ။ "အရင်က ရပေမယ့် အခုမရဘူး" ဆိုကာ ကပ်နေသည်။ သို့နှင့် လက်လျှော့လိုက်ရ သည်။ လေယာဉ်လက်မှတ်ဖိုး ဟောင် ကောင်ဒေါ်လာ ၂၁၀၀ ဆုံးသွားသည်။

လေယာဉ်လက်မှတ်ကပြန်ထုတ်မရ (Non Refundable) လက်မှတ်ဖြစ်၍ ပြန် ထုတ်မရပါ။ ယင်းလက်မှတ်က ဈေးသက် သာသည်။ ၄၅ ရက်ပဲရသည်။ တစ်နှစ်ခံ လက်မှတ်က ဈေးကြီးသည်။ သို့သော် မသွားဖြစ်က ပြန်ထုတ်၍ရသည်။ ထိုအ ခေါက်က ဘန်ကောက်ရှိခရီးသွားကုမ္ပဏီ မိတ်ဆွေထံသို့ စာအုပ်ပို့ကာ သက်တမ်း တိုးလိုက်ရသည်။

လေယာဉ်လက်မှတ်ဝယ်ရင် ထွက်ခွာ မည့်ရက် စတစ်ကာကပ်ရသည်။ အပြန် လေယာဉ်လက်မှတ်ပါ စတစ်ကာနှင့် မိမိ ရထားသော ဗီဇာကုန်ဆုံးရက်အားလုံး ညီ ညွတ်နေဖို့လိုသည်။ ရှေ့နောက်မညီညွတ် သော် လူဝင်မှုက အဝင်ခံလိမ့်မည်မဟုတ် ပါ။

နောက်ဆုံးဝင်ခဲ့သည့် လူဝင်မှုကောင် တာသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက် ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်၌ဖြစ် ၏။ ကျွန်တော်တင်ပေးလိုက်သည့် မြန်မာ ပတ်စပို့ကိုမြင်တော့ ထိုင်းလူဝင်မှုအရာရှိမ ၏မျက်နှာသည် ညိုနေသောအသွေးအ ရောင်မှ မည်းသွားခဲ့၏။ သို့သော် ဗီဇာ အ ပြန်လက်မှတ် မကာအိုအိုင်ဒီပါနေတော့ သူ့ မှာ ဘာမှပြောမရအောင် ဖြစ်သွားသည်။ ပြောလို့မရအောင်လည်း မကာအိုပြန်တော့ မှာမဟုတ်ပေသည့် ပိုက်ဆံအကုန်ခံကာ အပြန်လက်မှတ်ယူလာခဲ့ခြင်း ဖြစ်သည်။ ၁၉၉၈ ခုနှစ်တုန်းက လူဝင်မှုကောင်တာမှာ ကဂျီကချောင်လုပ်နေ၍ မကာအိုအိုင်ဒီကို ခုံပေါ်ကို ပစ်ချပေးခဲ့ဖူးသည်။

တစ်ခုတော့မှာပါရစေ။ နိုင်ငံခြားသွား သည့်အခါ လူဝင်မှုကောင်တာမှာ ကြောက် ကြောက်ရွံ့ရွံ့အမူအရာမပြပါနှင့်။ မောက် မာသည့်အမူအရာလည်းမရှိပါစေနှင့်။ ကိုယ်က မကျွမ်းကျင်သော၊ သူက ကျွမ်း ကျင်သော ဒေသခံစကားကို မသုံးပါနှင့်။ အင်္ဂလိပ်စကားကိုပဲ သုံးစွဲပြောဆိုပါ။ ဟောင်ကောင်၊ မကာအို၊ တရုတ်ပြည် လူဝင်မှုများတွင် ကျွန်တော်က ကွမ်တုန် စကားတတ်ပေသည့် ဘယ်တော့မှမသုံး။ သူတို့နှင့်ယှဉ်၍ မပြောနိုင်။ ဟောင်ကောင်၊ မလေး၊ စင်ကာပူ လူဝင်မှုသည် အင်္ဂလိပ် စကားတတ်သည်။ သို့သော် သူတို့သည် အလယ်တန်းအောင်အဆင့်သာ ရှိသည်။ ပထမတော့ ကျွန်တော်က ပျော့ပျော့ ပျောင်းပျောင်းဆက်ဆံသည်။ သူမာလျှင် ကိုယ်ကမာသည်။ ကိုယ်ပြောတာကို သူ နားမလည်သော် "အိုး ... မင်းဟာ ဗဟု သုတမရှိဘဲကိုး (Oh! you have no general knowledge)" လို့တောင် ပြောခဲ့ဖူး သည်။ ဟောင်ကောင်လူဝင်မှုက မင်းက သတင်းစာဆရာဖြစ်ပြီး ဂျပန်သံရုံးက ဘာ လို့ဗီဇာမပေးတာလဲလို့ပြောတော့ "မင်းသိ ချင်ရင် ဘန်ကောက်သွားပြီးမေးပါလား" ပြောပစ်လိုက်သည်။

အင်္ဂလိပ်စကားကို သွက်သွက်လက် လက်နှင့် ရဲရဲဝံ့ဝံ့ပြောပါ။ Tense မှားချင် မှားမည်။ မှားပါစေ။ စာမေးပွဲစစ်နေတာ မဟုတ်။ သူလည်း Tense မှားတာကိုသိ သည်မဟုတ်။ သိနိုင်သောအဆင့်လည်း သူ့မှာမရှိ။ သူ့ခေါင်းထဲမှာရှိတာက တတိယ ကမ္ဘာ့နိုင်ငံသားချင်းရစ်မည်ဆိုတာပဲဖြစ် သည်။ ကိုယ်က အင်္ဂလိပ်လိုသွက်သွက် လက်လက်ပြောနိုင်လျှင် သူကရှိန်သည်။ ဘန်းစကား (Slang) တွေသုံးပါ။ ကိစ္စမရှိ။ ကိုယ်ပြောသည့်စကား သူနားလည်ဖို့ပဲ အရေးကြီးသည်။ ဟန်ကိုယ့်ဖို့ကအရေးကြီး သည်။ နို့မဟုတ်ဘဲ ကြောက်ကြောက်ရွံ့ရွံ့ ဟန်ဖြစ်သော် သူကပို၍နင်းမည်။ ယင်းတို့ သည်ကား ဝေးမြေရပ်ခြား (အရှေ့တောင် နှင့် အရှေ့အာရှ) တွင် ကျွန်တော်ကြုံတွေ့ ခဲ့ရဖူးသော လူဝင်မှုအတွေ့အကြုံများဖြစ် လေသည်။

**ကိုဝမ်း**

■

www.foreverspace.com.mm

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

## (ဆူဟာတိုပြောသည့် သူ့သမိုင်း)

**အခန်း (၄)**

## တာဝန်တွေထမ်းချိန်ရောက်ပြီမို့

**တင်ညွန့်**

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့ နံနက် ၁၀ နာရီတွင် Bung Karno နှင့် Bung Hatta တို့က ပြည်သူများကိုယ်စား နိုင်ငံလွတ်လပ်ရေးကိုကြေညာခဲ့သည်။ ထို နေ့ကား ဂျာဗားဈေးနေ့လည်းဖြစ်ပြီး ရမ္မဒန် အစ္စလာမ်ဥပုသ်နေ့နှင့်လည်း တစ်လတည်း ကျနေသည်။

ကျွန်တော်ကတော့ သတင်းတွေကို ကျော်လွန်သွားပြီးမှ သိရသည်။ ယိုဂျာကာတာနှင့် ဂျာဗားမြို့များအပြင် အခြားသော ကျွန်းစုများသို့ သတင်းရောက်ရှိမှုမှာ နောက်ကျလွန်းလှသည်။ ဂျပန်အာဏာပိုင်တွေကလည်း သတင်းကြေညာချက်တွေကို ကန့်သတ်ပိတ်ပင်ထားတတ်ကြသည်။

ထိုနှစ်ဖေဖော်ဝါရီလတွင် ဆူပရီယာဒီသည် Blitar အရပ်၌ ဂျပန်တော်လှန်ရေးကို စတင်လှုပ်ရှားခဲ့သည်။ Shodancho နှင့် Bundancho သင်တန်းကျောင်းများမှ တော်



www.foreverspace.com.mm



လှန်ပုန်ကန်မှုတွင်ပါဝင်သူများ အဖမ်းခံရပြီး စစ်ခုံရုံးတင်ရန်စီစဉ်ခဲ့ကြသည်။ တပ်မှူးများမရှိသည့် တပ်ခွဲတစ်ခုကို အရှေ့ဂျာဗား၊ Nganjuk အရပ်ရှိ Brebeg သို့ပို့လိုက်သည်။ ဘားတိုက်အတွင်း၌သာနေစေဟု အမိန့်ထုတ်လိုက်သဖြင့် အကျယ်ချုပ်နေရသည့်သဘော ဖြစ်နေသည်။

Madiun တွင် ကျွန်တော်ကတော့ ဘားတိုက်အတွင်းမနေခဲ့ရ။ ကျွန်တော့်ကို အိမ်တစ်လုံးပေးထားသည်။ မကြာမီ ကျွန်တော့်ကို တပ်မှူးတစ်ယောက်အနေဖြင့် Brebeg သို့ပို့ပြီး Blitar အရပ်ရှိ တပ်ရင်းတစ်ရင်းတွင် စစ်သားများကိုသင်တန်းပေးစေသည်။ သင်တန်းကို ကျွန်းတောကြီးအလယ်တွင် ဖွင့်လှစ်ထားခြင်းဖြစ်သည်။

သင်တန်းကျောင်းတွင် ကျွန်တော်က Bung Karno ကြေညာချက်ကို ဖတ်ပြရသည်။ ဩဂုတ်လ ၁၈ ရက်နေ့ လေ့ကျင့်ရေးပြီးသွားချိန်၌ ကျွန်တော်တို့ကို တပ်မှထုတ်ပယ်လိုက်ကြောင်းနှင့် လက်နက်ချရန် အမိန့်ထုတ်ပြန်လိုက်သည်။ ဂျပန်တွေကလည်း ကျွန်တော်တို့ သယ်ယူပို့ဆောင်ရေးယာဉ်တွေကိုသိမ်းလိုက်သည်။


ဂျာကာတာတွင် ဘာတွေဖြစ်နေပြီနည်းမသိ။ ကျွန်တော် Madiun သို့ထွက်လာခဲ့ပြီး ထိုမှ ယိုဂျာကာတာသို့ ဆက်ထွက်လာခဲ့သည်။ လွတ်လပ်ရေးကြေညာချက်နှင့်ပတ်သက်ပြီး ကျွန်တော် ဘာမျှမသိရသေး။ ယိုဂျာကာတာသို့ရောက်ပြီးမှ မိတ်ဆွေများနှင့် ပြည်သူများ၏ပြောကြားချက်များကိုကြားရကာ ရှင်းရှင်းလင်းလင်း သိရတော့သည်။

လွတ်လပ်ပြီဟူသည့်သတင်းကြားလိုက်ရမှ ကျွန်တော့်တွင် အတွေးတစ်ခုဝင်လာသည်။ တာဝန်ထမ်းဆောင်ရန် အချိန်ကျပြီ ဖြစ်သည်။ PETA တပ်တွင်းရှိ ဘားတိုက်များထဲတွင် စိတ်ကူးယဉ်ကြည့်မိခဲ့သည်များ အမှန်ဖြစ်လာခဲ့ပြီ။ ကျွန်တော်တို့ပြည်သူတွေ အမှန်တကယ် လိုချင်တောင့်တခဲ့သည့်လွတ်လပ်ရေးကို ယခုကြေညာနိုင်ခဲ့ပြီ။ ကာကွယ်စောင့်ရှောက်ရန် ပြည်သူအားလုံး၏တာဝန်မဟုတ်ပါလား။

ယိုဂျာကာတာတွင် ဩဂုတ်လ ၁၀ ရက်ထုတ် မာတာဟာရီသတင်းစာကို ဖတ်ရသည်။ ထိုသတင်းစာတွင် လွတ်လပ်ရေးကြေညာစာတမ်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်က သတင်းထူးဖြစ်သည်။ Bung Karno နှင့် Bung Hatta တို့ကို သမ္မတနှင့် ဒု–သမ္မတအဖြစ် နိုင်ငံသစ်အတွက် ရွေးချယ်ခဲ့ကြသည်။

ယိုဂျာကာတာမှ ဘုရင် Hamengku Buwono IX နှင့် Paku Alam VIII တို့က ဂုဏ်ပြုချီးကျူးလွှာကို သမ္မတနှင့် ဒု–သမ္မတတို့ထံပို့ပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ ထူထောင်ခြင်းကို ကြိုဆိုခဲ့ကြသည်။ စူလ်တန်ဘုရင်၏ဂုဏ်ပြုလွှာကို မာတာဟာရီသတင်းစာတွင် ဖော်ပြခဲ့သည်။ ထိုသတင်းက ပြည်သူများကို စွန့်လွှတ်ချိန်တန်လျှင် စွန့်လွှတ်ကြရကြောင်း၊ နိုင်ငံနှင့်လူမျိုးလွတ်လပ်ရေးအတွက်လူတိုင်းတွင် တာဝန်ရှိကြောင်း စသည့်အတွေးအခေါ်များကို ဖြစ်စေခဲ့သည်။

ဂျပန်များ Yogya တွင်ရှိနေဆဲဖြစ်ပြီး နိုင်ငံကို ဆက်လက်ထိန်းချုပ်နိုင်လိမ့်မည်ဟု ထင်နေပုံရသည်။ နိုင်ငံအတွင်းရှိ လူငယ်များက စိတ်မရှည်ကြတော့ပေ။ လက်နက်စွဲကိုင်ပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ချင်နေကြသည်။ ဂျပန်တွေက



www.foreverspace.com.mm



သူတို့စစ်ရှုံးနေပြီဆိုသည့်သတင်းကို Yogya ရှိပြည်သူများသိနေကြောင်း သဘောပေါက်သွားပြီး သူတို့တပ်စခန်းများအတွင်းသို့ ပြန်သွားကြသည်။

ကျွန်တော်က လက်ဦးမှုယူသည့်အနေဖြင့် PETA တပ်တွင်အမှုထမ်းခဲ့သောမိတ်ဆွေတွေအားလုံးကိုခေါ်လိုက်သည်။ ကံအားလျော်စွာ သူတို့အားလုံး လက်တစ်ကမ်းအကွာတွင် ရှိနေကြသည်။ အထူးရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့မှူး အိုနီစထရီ အမိုဂျိုထံ သွားတွေ့ပြီး ယခင် Chudancho နှင့် Shodancho သင်တန်းကျောင်းဆင်းများကို ပြန်လည်စုဆောင်းခဲ့ကြသည်။

PETA ရဲဘော်ဟောင်း လူငယ်၊ လူကြီး အားလုံးကို အစည်းအဝေးတစ်ခုပြုလုပ်ပြီး အဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းလိုက်သည်။ ထိုအဖွဲ့သည် နောင်တွင် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့၏ အစိတ်အပိုင်းတစ်ခု (BKR-Badan Keamanan Rakyat) ဖြစ်လာပြီး အင်ဒိုနီးရှားအစိုးရ အသိအမှတ်ပြုအဖွဲ့အစည်းတစ်ခုဖြစ်လာသည်။ သမ္မတ ဆူကာနိုက PETA, Heiho, Kaigun, KNIL တပ်ဖွဲ့ဝင်ဟောင်းများနှင့် လူငယ်အဖွဲ့အစည်းများအားလုံး ညီညွတ်စုစည်းပြီး BKR ကို ထူထောင်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။ ကျွန်တော့်အတွက်တော့ ထိုနှိုးဆော်ချက်မှာမထူးဆန်း။ ကျွန်တော်တို့ စုစည်းညီညွတ်ခဲ့ပြီးကြပြီးမဟုတ်ပါလား။

ကျွန်တော့်တပ်ဖွဲ့တွင် ရဲဝန်ထမ်းတွေပါလာသည်။ ကျွန်တော်လည်း တစ်ချိန်က ရဲတပ်ဖွဲ့တွင်ပါဝင်ခဲ့ဖူးသဖြင့် သူတို့ကိုနားလည်ပေးနိုင်ခဲ့သည်။ ကျွန်တော်နှင့် အခင်ဆုံးမိတ်ဆွေ အူမာဆလာမက်ကို BKR တပ်ဖွဲ့၏ခေါင်းဆောင်အဖြစ်ရွေးချယ်ကြပြီး ကျွန်တော်က ဒုတိယခေါင်းဆောင်ဖြစ်သည်။ ယခင် Sentual ၊ ယခု Jalan Kusuma Negara တွင် တပ်ဖွဲ့လေးတစ်ဖွဲ့ဖွဲ့စည်းနိုင်ခြင်းသည် ခေတ်သစ်တစ်ခေတ်ထူထောင်နိုင်ရန် ခြေတစ်လှမ်းအစဟူ၍ ကျွန်တော်က မှတ်ယူလိုက်သည်။

ကျွန်တော်တို့အုပ်စုတွင် ယခင် PETA တပ်ဖွဲ့ဝင်ဟောင်းများနှင့် ဂျပန်ခေတ် Heiho တပ်မှ တပ်သားဟောင်းများပါလာသည်။ ကျွန်တော်က ဘားတိုက်များမှထွက်လာသည့်ဂျပန်စစ်သားများကိုဖမ်းပြီး သူတို့ထံမှသိမ်းဆည်းရမိသည့် လက်နက်များဖြင့် ဖွဲ့စည်းထားသည့် တပ်စုတစ်စုကို ခေါင်းဆောင်ရသည်။ ဂျပန်တို့ထံမှ ကျွန်တော်တို့ ကားတွေလည်း သိမ်းဆည်းရမိသည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့တပ်သည် အင်အားတောင့်တင်းလာသလို အထောက်အပံ့တွေကိုလည်း ရလာသည်။ Kotabaru တွင် တပ်စွဲထားသည့် ဂျပန်တပ်သည် လက်နက်များစွဲကိုင်ပြီး သူတို့ဘားတိုက်ထဲတွင် ရှိနေကြဆဲ ဖြစ်သည်။

တရားဝင်မှတ်တမ်းများအရ ကျွန်တော်သည် အင်ဒိုနီးရှားပြည်သူ့တပ်မတော် (Tentara Republik Indonesia) တွင် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့၌ တပ်ဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ထိုနေ့သည် ပြည်သူ့လုံခြုံရေးတပ် (Tentara Keamaman Rakyat) ကို ထူထောင်သည့်နေ့လည်းဖြစ်သည်။ သို့သော် ကျွန်တော်က တပ်မတော်တွင် ထိုကာလထက်ပိုစောပြီး အမှုထမ်းဆောင်ခဲ့သူ ဖြစ်သည်။

ကျွန်တော်သည် PETA နှင့် Heiho ရဲဘော်ဟောင်းများတွေ့ဆုံပွဲတစ်ပွဲကို တက်ရောက်ခဲ့သည့်နေ့တစ်နေ့ကို အမှတ်ရသေးသည်။ လူငယ်များ၊ အမျိုးသမီးလှုပ်ရှားသူများလည်း တက်ရောက်ကြသည်။ အစောပိုင်းတွင် ထိုအဖွဲ့သည် စစ်ဘေးဒဏ်ခံရသူများကို ကူညီစောင့်ရှောက်ရန်ဖြစ်သော်လည်း နောက်ပိုင်းတွင် နိုင်ငံတော်လုံခြုံရေးတပ် (BKR) ဖြစ်လာသည်။ ထိုနေ့က ကျွန်တော် အထူးရဲတပ်ဖွဲ့မှူး ဆူဒါဆိုနို၊ မိုဟာမက်ဆလာနှင့် အဘူရှုဝိုတို့ကို တွေ့ဆုံခဲ့ရသည်။ ထိုတွေ့ဆုံပွဲတွင် ကျွန်တော် စကားမပြောခဲ့ရပေ။ သို့သော် ယိုဂျာကာတာတွင် BKR အဖွဲ့ကို ဖွဲ့စည်းရန် သဘောတူခဲ့ပြီး ဆူဒါဆိုနိုနှင့် အူမာဂျိုတို့ကို ခေါင်းဆောင်အဖြစ် ထောက်ခံခဲ့သည်။ BKR ၏ တာဝန်မှာ ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်သည်။ တပ်ဖွဲ့ပြီးသော်လည်း လက်နက်မည်သည့်နေရာက ရမည်နည်းဆိုသည်က ပြဿနာဖြစ်သည်။ ထိုပြဿနာသည် ကျွန်တော့်ကိုလည်း တောက်လျှောက်ဒုက္ခပေးနေသည့်ပြဿနာဖြစ်သည်။

နောက်ပိုင်းတွင် လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေကြသည့် ဆန်ဂျိုဂျိုဆူဒါတို၊ ဆူဒိုမို၊ ဂျိုင်ဖူဒင်း၊ မာဂျာရက်နို၊ ဆူဒတ်ဂျိုနှင့် မာဆူဒီတို့ကို တွေ့ဆုံရသည်။ ကျွန်တော်တို့သည် ဟိုပြေးသည်လွှား၊ ပြေး

www.foreverspace.com.mm



ရင်းလွှားရင်း အရေးပေါ်ကိစ္စများကို ဆွေးနွေးကြသည်။ ထို့ပြင် လူငယ်တော်လှန်ရေး သမားများနှင့်လည်း တွေ့ဆုံဆွေးနွေး၊ အကြံပေးခြင်းများ ပြုလုပ်ကြရသေးသည်။

Banyumas တွင် ဂျပန်များနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးပြီးမှ လက်နက်များကို သိမ်းယူရသည်။ Yogya နှင့်တော့ အတော်လေး ကွာခြားသည်။ Yogya တွင် လက်နက်တွေရဖို့ တိုက်ပွဲတွေဆင်ရသည်။ Banyumas မှသိမ်းယူရရှိသည့်လက်နက်များကို ယိုဂျာ ကာတာသို့ပေးပို့ရသည်။ ထိုဒေသရှိ BKR တပ်ဖွဲ့ဝင်များလည်း တိုက်ရည်ခိုက်ရည်ရှိ လာစေရန်ဖြစ်သည်။ သို့သော် လက်နက်တွေက မလုံလောက်ပေ။

Yogya တွင် တင်းမာမှုတွေဖြစ်လာသည်။ တော်လှန်ရေးက ပေါက်ကွဲလုနီးပါး ဖြစ်လာသည်။ ကျွန်တော်တို့ လွတ်မြောက်ရေးတိုက်ပွဲဝင်နေသူများအချင်းချင်းထဲတွင်ပင် လက်နက်ကိုင်နိုင်သူများ၊ လက်နက်မကိုင်နိုင်သူများ အာဏာချုပ်ကိုင်မှုနှင့်ပတ်သက်ပြီး ပဋိပက္ခတွေ ဖြစ်လာရသည်။

ဂျပန်တို့က ပထမခြေလှမ်းအနေဖြင့် Gayam ရှိ ရဲတပ်ဖွဲ့ကို ဖျက်သိမ်းလိုက်သည်။ ရဲတပ်ဖွဲ့ဖျက်လိုက်ပြီဆိုသဖြင့် ပြည်သူတွေကြောက်လန့်ပြီး ထွက်ပြေးကြသည်။ ဂျပန်စစ်စခန်းတွေကိုဝင်တိုက်ကြပြီး ဂျပန်တွေကို လက်နက်ချခိုင်းကြသည်။ လက်နက်အတော်များများ ကျွန်တော်တို့လက်ထဲကို ရောက်လာသည်။ လက်နက်တွေရောက်လာသဖြင့် ဂျပန်တို့ကို တိုက်ရဲခိုက်ရဲလာသည်။ ကျွန်တော်က တပ်ဖွဲ့ဝင်များနှင့် အခြား အပျော်တမ်းတပ်များကို ဦးဆောင်ပြီး ဂျပန်တို့ အမာခံတပ်စွဲထားသည့်နယ်မြေများကို တိုက်ခိုက်သိမ်းပိုက်ရသည်။ ပြည်သူ့အတွက် အသေခံတိုက်ပွဲဝင်ရန် ကျွန်တော်ဆုံးဖြတ်ထားသည်။

ထိုစဉ်က ကျွန်တော့်အသက်မှာ ၂၄ နှစ်သာရှိသေးသည်။ တိုက်ပွဲများတွင် ရှေ့တန်းမှ ရဲဝံ့စွာ ဦးဆောင်ခဲ့သည်သာ ဖြစ်သည်။ အောက်တိုဘာ ၇ ရက်နေ့၊ နံနက် ၁၀ နာရီခွဲတွင် Kotabaru ရှိဂျပန်တပ်သည် လက်နက်ချသည့်အနေဖြင့် အလံဖြူကို ထောင်ပြသည်။ သူတို့ လက်နက်များနှင့် ယာဉ်များကို လွှဲပြောင်းပေးခဲ့သည်။ ကာဘိုင်သေနတ်နှင့် စက်သေနတ်များ ရာနှင့်ချီပြီးသိမ်းဆည်းရမိသည်။ ထိုလက်နက်များကို Benteng ရှိ လူငယ်ဌာနချုပ်သို့ ယူဆောင်သွားသည်။ ထိုစခန်းသည် Fort Vredeburg ဟုခေါ်သည့် ခံတပ်ဟောင်းကြီးတစ်ခုတွင် ဖွင့်ထားခြင်းဖြစ်ပြီး သမ္မတနန်းတော် Gedung Agung နှင့် မျက်နှာချင်းဆိုင်တွင် ရှိသည်။ ကျွန်တော်တို့ လူငယ်အတော်များများ ဂျပန်ကျည်ထိကြသည်။ ၂၁ ဦး ကွယ်လွန်သွားသည်။ ကျွန်တော်မမေ့နိုင်သည့်တိုက်ပွဲမှာ ယခင် Shodancho Widodo မြို့တိုက်ပွဲ ဖြစ်သည်။

နေ့လယ် ၁ နာရီခန့်တွင် Benteng ရှိ လူငယ်ဌာနချုပ်သို့ သိမ်းဆည်းရမိသည့် လက်နက်များကို စစ်ဆေးရန် ပြန်လာ



www.foreverspace.com.mm

သည်။ ကျွန်တော်ကားပေါ်မှ ဆင်းလိုက်သည်နှင့် ကျွန်တော့်လူတစ်ယောက်က အပြေးလာကာ Kotabaru မှ သိမ်းဆည်းရမိလာသည့်လက်နက်များ မရှိတော့ကြောင်း ပြောတော့သည်။ နေရာအသီးသီးရှိလူငယ်များ သေနတ်တွေယူသွားကြခြင်းဖြစ်ပြီး အချို့မှာ သေနတ်ကို မည်သို့ပစ်ရမှန်းပင် မသိကြပေ။ လက်နက်ကြီးတွေသာ ကျန်ခဲ့သည်။ လက်နက်တိုက်တွင် ပစ်စတိုနှင့် ရိုင်ဖယ်တွေ ဘာလက်နက်မှမရှိတော့။ ကျွန်တော် အတော်လေးစိတ်ထိခိုက်ရသည်။ စိတ်လည်း အတော်လေး ထိခိုက်သွားမိသည်။

Semarang တွင် တိုက်ပွဲကြီးတစ်ခု ဖြစ်ပွားခဲ့သည်။ နောက်ပိုင်းတွင် "ငါးရက်စစ်ပွဲ" ဟုလူသိများသည့် တိုက်ပွဲကြီးဖြစ်သည်။ ကျွန်တော်တို့ တော်လှန်ရေးသမားတွေ အနှောင့်အယှက်ပြုကာ လက်နက်တွေ တိုက်ခိုက်သိမ်းပိုက်နေကြသဖြင့် ဂျပန်တွေ ဒေါသထွက်ကာ ကြမ်းရမ်းနေခြင်းဖြစ်သည်။

ကျွန်တော်က Semarang သို့ တပ်ကူများပို့ရန် တွန်းအားပေးရသည်။ ယခုအချိန်က အခွင့်အရေးတစ်ခုဖြစ်သည်။ Semarang သို့တပ်များ ချက်ချင်းစုရုံးပြီး ဂျပန်တို့ကိုကူတိုက်ရန် အမိန့်ထုတ်ရသည်။ နောက်တစ်နေ့နံနက်တွင် တပ်တွေအားလုံး စုံကြသည့်အခါ လက်နက်ကိုင်လူငယ်များကို ယခင် PETA နှင့် Heiho တပ်သားဟောင်းများနှင့် ပူးတွဲထားပေးရသည်။ ဗိုလ်ကြီးဂူစတန်နှင့် သူ့တပ်သည် လက်နက်ကြီးများဖြင့် ဗိုလ်ကြီးမာ့ဂျူကီနှင့် လာပေါင်းသည်။ ကျွန်တော်က သူတို့ကို မီးရထားဖြင့် Mranggen သို့ပို့ပြီး Pandeanlamper ရှေ့တန်းစစ်မျက်နှာတွင်တိုက်ခိုက်စေသည်။

ကျွန်တော့်နည်းဗျူဟာက အောင်မြင်သည်ဟုဆိုရမည်။ လက်နက်ကိုင်ထားသည့် လူငယ်များ စိတ်ဝင်စားမှုတွေ လျော့နည်းလာသည်။ အိမ်လွမ်း၊ မိဘလွမ်းပြီး ပြန်ချင်နေကြသည်။ တစ်နေ့ပြီးတစ်နေ့ ကြောက်စိတ်တွေကလည်း တိုးလာသေးသည်။ သူတို့နှင့်လက်တွဲတိုက်နေသည့် PETA နှင့် Heiho တပ်သားဟောင်းကြီးတွေကလည်း သူတို့ကို အိမ်ပြန်တာကမှ ကောင်းမည်ဟု ဝိုင်းဝန်းတိုက်တွန်းကြသည်။ စစ်သင်တန်းလည်းမတက်ဘူး၊ စစ်စည်းကမ်းလည်း နားမလည်သူတွေဖြစ်သဖြင့် လက်နက်များလွှဲအပ်ကာ အိမ်သို့ပြန်ပြေးကြတော့သည်။ ကျွန်တော်လည်း ယခုမှ စိတ်သက်သာရသွားသည်။ အကယ်၍ ကိုယ့်တပ်ကို လက်နက်မအပ်ဘဲ စိတ်မြန်လက်မြန် ရန်သူ့ထံလက်နက်ချလိုက်လျှင် မတွေးဝံ့တော့။ သွေးချောင်းလည်းစီးသွားနိုင်သည်။ ဘုရားသခင်၏အလိုတော်အ



တိုင်း ဖြစ်လာရသည်။ သို့သော် ငါးရက်စစ်ပွဲတွင် ဂျပန်တို့၏ လူမဆန်သည့်ရက်စက်မှုအောက်တွင် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။

တိုက်ပွဲအရှိန်မြင့်နေချိန်တွင် Maguwo လေဆိပ်ကို ကျွန်တော်တို့က လက်ဦးမှုယူကာ သိမ်းပိုက်လိုက်သည်။ ထိုလေဆိပ်သည် လက်နက်အပြည့်တပ်ဆင်ထားသည့် ဂျပန်တို့လက်အောက်တွင် ထိန်းသိမ်းခံထားရသောလေဆိပ်ဖြစ်သည်။ ကျွန်တော်တို့တပ်များက ထရပ်ကားများဖြင့် ထိုးဖောက်ဝင်ရောက်တိုက်ခိုက်ပြီး သိမ်းပိုက်လိုက်ခြင်းဖြစ်သည်။ ကျွန်တော်က မော်တော်ဆိုင်ကယ်စီးပြီး ဗဒ်ကာပစ်စတိုကိုင်ကာ လိုက်ပါလာခဲ့သည်။ လေဆိပ်စောင့်တပ်သားများကို လျှပ်တစ်ပြက် ဝင်တိုက်ရန်အမိန့်ပေးလိုက်ပြီး ဝင်တိုက်ကြသဖြင့် ဂျပန်တွေ ခုခံခြင်းပင်မပြုနိုင်ဘဲ လက်နက်ချလိုက်ကြရသည်။ ဂျပန်တွေကို Kepatihan Danurejan ရှိကျောင်းတွင် ထိန်းသိမ်းထားလိုက်သည်။

လေယာဉ်ကွင်းအတွင်းရပ်ထားသည့် လေယာဉ်များကိုလည်း သိမ်းပိုက်မိပြီး အင်ဒိုနီးရှားလေတပ်အတွက် ရှေ့ပြေးအထောက်အကူဖြစ်စေခဲ့သည်။ ကျွန်တော်က ထိုလေယာဉ်များကို ဒတ်ချ်တို့ထံတွင် အတွေ့အကြုံရှိပြီးဖြစ်သည့် လေသူရဲ အဒီဆူဂျစ်တိုထံသို့အပ်လိုက်သည်။ ထိုနေ့တွင်ပင် သူက Cureng လေယာဉ်ကိုပျံသန်းပြသည်။ သူ့လေယာဉ်ကို ကျွန်တော်က Umar Slamet တွင်စောင့်ကြည့်နေခြင်းဖြစ်ပြီး အင်ဒိုနီးရှား လူငယ်လေယာဉ်မောင်းတစ်ယောက် မောင်းနှင်သည့်လေယာဉ်ကိုတွေ့ကာ ဂုဏ်ယူစိတ်များပေါ်ပေါက်လာမိသည်။

ထို့နောက် အမှတ် (၉) တပ်ခွဲကို Yogya တွင် ဗိုလ်ချုပ်ဆူဒါဆိုနိုလက်အောက်၌ ဖွဲ့စည်းပေးလိုက်သည်။ လူငယ်အုပ်စုအတော်များများနှင့် ကျွန်တော့်တပ်များသည် အမှတ် (၁၀) တပ်ရင်းတွင် ပူးပေါင်းနိုင်ခဲ့သည်။ ထိုစဉ်က Jalan Batanawarsa နှင့် Gowongan Kidul ရှိ ကျောင်းသားများ ဘော်ဒါဆောင်ကို ကျွန်တော်တို့ သိမ်းပိုက်ထားလိုက်ကြသည်။ ကျွန်တော်က အမှတ် (၁၀) တပ်ရင်းကို ခြေလျင်တပ်တစ်တပ်နှင့် ပူးပေါင်းပေးလိုက်သည်။ ထိုစဉ်က ကျွန်တော့်အဆင့်မှာ ဗိုလ်မှူးအဆင့်သာ ရှိသေးသည်။

Yogya ဒေသအတွင်းရှိ ကျေးရွာတိုင်းလိုလိုတွင် TKR (Tentara Keamanan Rakyat) ဟုခေါ်သော အကူတပ်များကို ဖွဲ့စည်းပေးရသည်။ ဒေသအခေါ် Laskar Rakyat ဟုလည်းလူသိများသည်။ စူလ်တန်ဘုရင် Hamaen Buwono IX က ကျန်းမာသန်စွမ်းသည့် အင်ဒိုနီးရှားလူငယ်လူရွယ်တိုင်း Laskar Rakyat သို့ဝင်ရန် အမိန့်ထုတ်ပြန်ရသည်။

ထိုစဉ်က ကျွန်တော်တို့တွင် ဝတ်စ

www.foreverspace.com.mm

ရေးယူနီဖောင်းပင်မရှိ။ ကျွန်တော်တို့ ဝတ်ထားကြသည့် ယူနီဖောင်းများမှာ အဝတ်စုတ်သာသာလောက်သာဖြစ်နေသည်။ ရာထူးနှင့်အဆင့်ကိုဖော်ပြသည့်အမှတ်အသားတွေလည်း မတပ်ဆင်နိုင်ကြ။ မျက်နှာနှင့်အမည်ကိုပြကာ မိမိကိုယ်မိမိ သက်သေခံကြရသည်။

ကျွန်တော့်လက်အောက်အရာရှိတစ်ယောက်က အဆင့်အတန်းအဆောင်အယောင်နှင့်ပတ်သက်ပြီး ဝတ်ဆင်ရန်လိုသည်ဟုပြောရာ ကျွန်တော်က "ခုတော့ မစဉ်းစားသေးဘူး၊ တော်လှန်ရေးပြီးရင် အကြီးကြီးကို တပ်ထားမယ်" ဟု နောက်ပြောင်ပြောလိုက်မိသည်။ ကျွန်တော်တို့နှင့် မဟာမိတ်ပြုထားသည့်တပ်များ အောက်တိုဘာ ၁၉ ရက်နေ့တွင် Semarang သို့ရောက်လာသည်။ ဒတ်ချ် သို့မဟုတ် NICA (Netherlands Indies Civilian Administration) စစ်သားများလည်း ထိုအထဲတွင်ပါလာသည်။ ဒတ်ချ်တွေက အင်ဒိုနီးရှားကို ပြန်လည်ထိန်းချုပ်နိုင်ရေးသည် အထင်အရှားပေါ်လာသည်။ သူတို့ ဤသို့ဝင်ရောက်လှုပ်ရှားကြလိမ့်မည်ဟူ၍လည်း ကျွန်တော်တို့က မျှော်လင့်ထားပြီးသားဖြစ်သည်။ သို့သော် ကျွန်တော်တို့ နိုင်ငံရေးခေါင်းဆောင်များက သံတမန်လမ်းကြောင်းအတိုင်းသွားရန် ပိုပြီးသဘောကျကြသည်။ ကျွန်တော်တို့က သူတို့အပေါ် ယုံကြည်မှုအပြည့်နှင့် သစ္စာရှိသည်ဆိုစေ လွတ်မြောက်ရေးတိုက်ပွဲဝင်သူတွေကတော့ သတိထားပြီးဆက်ဆံနေကြသည်။

Semarang Pak Wongsone goro တွင် ပြည်သူ့သမ္မတနိုင်ငံကိုယ်စားပြုဂျာဗားဗဟိုအစိုးရသည် ဗဟိုဂျာဗား မဟာမိတ်တပ်မှူး ဗိုလ်ချုပ် Bethel နှင့် တွေ့ဆုံစကားပြောကြသည်။ သို့သော် မဟာမိတ်တပ်များသည် ပြည်သူတို့၏ ပြင်းပြသည့်ဆန္ဒကို ဂရုမပြုခဲ့ကြပေ။ သူတို့က Magelang မှ Ambarawa သို့ပြောင်းရွှေ့လိုကြသည်။ ထိုမြို့နှစ်မြို့မှ ထိန်းသိမ်းထားသူများကို ပြန်လွှတ်ပေးခဲ့ ကြသည်။ သူတို့၏ မထင်မှတ်ဘဲ အထက်စီးဆန်ဆန်ပြုမူ



ဆောင်ရွက်ချက်များသည် အတော်လေးရုပ်ထွေးမှုများကိုဖြစ်သည်။ မဟာမိတ်တပ်များကိုပါ တန်ပြန်တိုက်ခိုက်ရန် ကျွန်တော်တို့ Semarang ၊ Magelang နှင့် Ambarawa မြို့များသို့ တပ်ဖြန့်လိုက်ကြသည်။ ကျေးရွာများတွင် ဖွဲ့စည်းထားသည့် Laskar Rakyat အကူတပ်များကလည်း TKR တပ်ဖွဲ့များနှင့် ပူးပေါင်းလိုက်ကြသည်။

မဟာမိတ်တပ်များကို ကျွန်တော်တို့ ရန်သူများအဖြစ် သတ်မှတ်လိုက်ကြသည်။ သူတို့က ယိုဂျာကာတာကို နှစ်ကြိမ်တိုင် လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သည်။ RRI ရေဒီယိုအသံလွှင့်ဌာနနှင့် Sono Budoyo အဆောက်အအုံတို့ကိုပါ တိုက်ခိုက်ဖျက်ဆီးလိုက်သည်။ လေကြောင်းမှ စာရွက်လေးများကို ကြဲချကာဝါဒဖြန့်ကြသည်။ သို့သော် ပြည်သူတို့က စိတ်ဆိုးဒေါသထွက်ကုန်ကြသည်။ ထိပ်တိုက်ရင်ဆိုင်မှုတွေကတော့ မလွဲမသွေဖြစ်ရတော့မည်။ အောက်တိုဘာ ၃၁ ရက်နေ့တွင် Semarang ၌ တိုက်ပွဲကြီးတစ်ပွဲ ဖြစ်ပွားခဲ့သည်။ မဟာမိတ်တပ်တို့အနေဖြင့် စနစ်တကျပြင်ဆင်ထားသည့် ခုခံတိုက်ခိုက်မှုများကို ကြုံတွေ့လိုက်ရခြင်းဖြစ်သည်။ နောက်တစ်နေ့တွင် Magelang မှ ပြည်သူများသည် သူတို့ကြားတွင်ရှိနေသည့် မဟာမိတ်တပ်များနှင့် NICA တပ်များကို လက်နက်စွဲကိုင်တော်လှန်ကြတော့သည်။

တိုက်ပွဲက သဲကြီးမဲကြီးပြင်းထန်လှသည်။ ကျွန်တော်တို့က Yogya ကို ရန်သူ့

www.foreverspace.com.mm

လက်အောက်မကျစေရဟု ဆုံးဖြတ်ထားသည်။ တော်လှန်ရေးအဖွဲ့အစည်းများကို TKR တပ်အပြင် ထပ်မံဖွဲ့စည်းကြသည်။ Yogya တွင် အင်ဒိုနီးရှား လူငယ်ကွန်ဂရက်ကိုကျင်းပကာ အင်ဒိုနီးရှားပြည်သူ့သမ္မတနိုင်ငံ လူငယ်ကွန်ဂရက်အဖွဲ့ချုပ်ကိုဖွဲ့စည်းရန် သဘောတူညီခဲ့ကြသည်။

နိုဝင်ဘာလ ၁၀ ရက်နေ့တွင် Surabaya ၌ သွေးစွန်းသည့်တိုက်ပွဲကြီးတစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲတွင် ဗြိတိန်မှ ဗိုလ်ချုပ်ကြီး Mallaby ကျဆုံးသွားသည်။ ကျွန်တော်တို့ လွတ်မြောက်ရေးတိုက်ပွဲဝင်သူများလည်း ကျဆုံးခဲ့ကြရသည်။ ထိုနေ့ကို ကျွန်တော်တို့က "သူရဲကောင်းနေ့" အဖြစ် သတ်မှတ်ကျင်းပခဲ့ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး ယူရစ်ဆူမိုဟာဂျိုသည် Yogya ရှိ စစ်ဌာနချုပ်တွင် TKR ကို ပထမဆုံးဖွဲ့စည်းနိုင်ခဲ့ပြီး တပ်မှူးကြီးဖြစ်လာသည်။ ထိုနေ့က တွေ့ဆုံပွဲသို့ ဂျာဗားရှိ တပ်ရင်းတပ်ဖွဲ့များမှ အကြီးတန်းအရာရှိများ တက်ရောက်ခဲ့ကြသည်။ Surabaya သည်ထိုနေ့ပွဲကို မတက်ရောက်ခဲ့ပေ။ အရာရှိများသည် ရှေ့တန်းစစ်မျက်နှာကို စွန့်ခွာခဲ့မည်မဟုတ်ပေ။

ဤအစည်းအဝေးတွင် စိတ်ဝင်စားစရာကောင်းသည်မှာ အမှတ် (၅) တပ်၏ တပ်ရင်းမှူးကိုရွေးချယ်ခြင်းဖြစ်သည်။ ဗိုလ်မှူးကြီး Soedirman ကို TKR ၏ စစ်သေနာပတိအဖြစ် ရွေးကောက်တင်မြှောက်ကြသည်။ Pak Urip ကိုလည်း ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။ သူတို့နှစ်ဦးပူးပေါင်းပြီး စစ်တပ်ကိုအခြေခိုင်အောင် တည်ဆောက်ပြုပြင်နိုင်ရန် နည်းစနစ်များ ချမှတ်နိုင်ခဲ့ရုံမျှမက စစ်သည်တော်တို့လိုက်နာရန်ကျင့်ဝတ်များကိုလည်း သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့သည်။

ထိုအချိန်တွင် ကျွန်တော်တို့တပ်များကို အားမပျော့သွားစေရန်နှင့် တိုက်ပွဲများဆက်လက်ဆင်နွှဲနိုင်ရန် ကြိုးပမ်းနေကြရသည်။ ကျွန်တော်က အမှတ် (၁၀) တပ်ကို အုပ်ချုပ်ရသည်။ Magelang ကိုဝင်စီးပြီးရန်သူများကို Ambarawa သို့ဆုတ်ခွာစေခဲ့သည်။ သူတို့က ထိုနယ်မြေကို အမာခံလုပ်ထားကြသည်။

Ambarawa သို့ မဟာမိတ်တပ်များဆုတ်ခွာချိန်တွင် ဒုဗိုလ်မှူးကြီး Isdiman သည်အသတ်ခံလိုက်ရသည်။ သူ့ကို TKR ၏ စစ်သေနာပတိအဖြစ် ရာထူးတိုးပေးရန် စီစဉ်နေဆဲမှာပင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ သူ့အစားဗိုလ်မှူးကြီး Soedirman က ရှေ့တန်းကို ဦးဆောင်ပြီးထွက်သွားရသည်။ Suryosumpeno တိုက်ပွဲတွင် A. Yani ESifh Kusen တို့သည် Pingit ကို လွတ်မြောက်အောင်လုပ်ပေးသည့် ဒုဗိုလ်မှူးကြီး Sarbini လက်အောက်တွင် အမှုထမ်းရသည်။ ဆာဘီနီသည် ရန်သူကို ရဲဝံ့စွာ တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။

Ambarawa တွင် နှစ်ဖက်ညှပ်တိုက်သည့်ဗျူဟာကိုအသုံးပြုပြီး လေးညတိုင်တိုင် တိုက်ပွဲကြီးကိုဆင်နွှဲခဲ့ရသည်။ ကျွန်တော့်လက်အောက်တွင်ရှိသည် အမှတ် (၁၀) တပ်သည် Banyubiru သို့တိုက်ခိုက်ရန် အမိန့် ရောက်လာသည်။ Ambarawa သို့ ချီတက်ရာလမ်းတစ်လျှောက်ရှိ ရွာများကိုသိမ်းပိုက်ရန် ဖြစ်သည်။ ကျွန်တော်တို့ Banyubiru ကို နေဝင်လုလုအချိန်တွင် ဝင်ရောက်တိုက်ခိုက်ကြသည်။ Ambarawa သို့ ဆုတ်ခွာလာကြသည့်မဟာမိတ်တပ်များသည် ကျွန်တော့်တပ်များ၏နောက်မှ လိုက်တိုက်ခြင်းကို ခံကြရသည်။ ကျွန်တော်တို့ သတ်မှတ်ထားသည့်အတိုင်း Banyubiru သို့ ချီတက်သိမ်းပိုက်နိုင်ခဲ့ကြသည်။ တစ်ညလုံး Ambarawa တွင် ဗုံးတွေကြဲနေသည်။ ရန်သူ့သေနတ်သံတွေလည်း အဆက်မပြတ် ကြားနေရသည်။ Pak Gatot က ကျွန်တော့်တပ်တစ်တပ်လုံး စိစိညက်ကျေသွားပြီဟုထင်နေသည်။ သို့သော် ကျွန်တော်က အရာရာကို ချင့်ချိန်တွက်ဆတတ်သည်။ ကျွန်တော်ဘာတွေလုပ်ခဲ့သည်ကို Pak Gatot က နောက်မှသိသွားသည်။

တိုက်ပွဲကရက်စက်ပြီး ကြောက်မက်ဖွယ်ရာဖြစ်သော်လည်း ကျွန်တော်က စည်းကမ်းကိုကိုင်ထားပြီး တပ်သားများကို နောက်ပြန်မဆုတ်ရန်၊ သေနတ်များမကျန်ခဲ့ရန်ကအစ အမိန့်ထုတ်ထားရသည်။ Ambarawa စစ်စခန်းတွင် ကျွန်တော်က ထွက်ပြေးချင်သည့်တပ်သားများကို ကြိမ်းမောင်းနေရသည်ကလည်း မောလှသည်။

ကျွန်တော်ကသူတို့ကို "ငါသိပ်စိတ်ဆိုးတယ်။ တို့မှာ ခေတ်မီတဲ့လက်နက်တွေလည်း မရှိဘူး။ ဝယ်လည်းမဝယ်နိုင်ဘူး။ တော်လှန်ရေးအတွက် လက်နက်တွေလိုတယ်။ အဲဒါကြောင့် ပစ်သွားတဲ့အကောင်တွေကို ကောင်းကောင်းအပြစ်ပေးရမယ်" ဟု ပြောမိသည်။ နောက်ဆုံး မဟာမိတ်တပ်များ Semarang သို့ ဆုတ်ခွာသွားကြသည်။ ကျွန်တော်အမှတ်အရဆုံးတိုက်ပွဲကြီးပင် ဖြစ်သည်။

၁၉၄၅ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဗိုလ်မှူး Soedirman udk TKR ၏ စစ်သေနာပတိအဖြစ်ခန့်အပ်ပြီး ဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ပေးလိုက်သည်။ Urip Sumohardjo သည် ကာကွယ်ရေးဦးစီးချုပ်ရာထူးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ဖြစ်သွားသည်။ ကျွန်တော့်ကို Ambarawa မှ Palagan တိုက်ပွဲအတွက် ဗိုလ်ချုပ်ကြီး Soediram က သတိထားမိသွားသည်။ သို့ဖြစ်ရာ TKR ကို ပြန်လည်ဖွဲ့စည်းရာတွင် ကျွန်တော့်ကို အမှတ် (၃) တပ်ရင်း၏ ဒုဗိုလ်မှူးကြီးရာထူးသို့ တိုးမြှင့်ပေးလိုက်သည်။ ကျွန်တော်က ယိုဂျာကာတာကို ထိန်းချုပ်ရပြီး ဗိုလ်မှူး Rekso က ကျွန်တော့်လက်ထောက် ဖြစ်လာသည်။

ယခု ကျွန်တော့်လက်အောက်တွင် တပ်ရင်းလေးရင်းရှိသည်။ ဗိုလ်မှူး Sardjono ၏ အမှတ် (၈) တပ်ရင်း၊ ဗိုလ်မှူး J. Sudjono ၏ အမှတ် (၁၀) တပ်ရင်း၊ ဗိုလ်မှူး Sumiarsons ၏ အမှတ် (၉) တပ်ရင်းနှင့် ဗိုလ်မှူး Mohammad Basyuni ၏ အမှတ် (၂၅) တပ်ရင်းတို့ ဖြစ်သည်။

**တင်ညွန့်**

Ref : Soeharto, My Thoughts, Words and Deeds (An Autobiography)

www.foreverspace.com.mm

ပခင်လမှအဆက်

# ကျေးဇူးရှင် ကျွန်တော့်အဖေ

မောင်မောင်တင်

အဖေ ကျွန်တော်နှင့် နေစဉ်အတွင်း ပညာဗဟုသုတအမျိုးမျိုးလေ့လာဆည်းပူးပါသည်။ အထူးသဖြင့်အင်္ဂလိပ်လိုကို တတ်သိလိုပါသည်။ “လူလေးအဖေ့ကို အင်္ဂလိပ်စာနည်းနည်းသင်ပေးကွာ” ပြောပါသည်။ အဖေ့အသက် ၅၀ ကျော်ကို အင်္ဂလိပ်စာဘယ်လိုသင်ရမည်မသိပါ။ သို့သော် အဖေကျေနပ်အောင်သင်ပေးရပါသည်။ A B C ကိုစ၍သင်ပေးပါသည်။ A B C ၂၆ လုံးကို အလွတ်ရသွားပါသည်။ သို့သော် အသံထွက်ပီသအောင်မဆိုနိုင်ပါ။ နောက်တစ်ဆင့် အင်္ဂလိပ်ဂဏန်းသင်ပေးပါသည်။ (1) One, (2) Two, (3) Three ကိုသင်ပေးရာ (10) Ten အထိ ကောင်းကောင်း စာရပါသည်။ (11) Eleven မှ (19) Nineteen အထိ အသံ မထွက်တတ်ပါ။ သို့သော် ကျွန်တော်က အသံထွက်ပြီး ဂဏန်းရေးခိုင်းတော့ ရေးတတ်ပါသည်။ ကျွန်တော်က ကြားဖြတ်၍ (10) Ten, (20) Twenty, (30) Thirty, (40) Forty စသည်ဖြင့် (100) Hundred အထိသင်ပေးရာ ကောင်းစွာရေးတတ်သွားပါသည်။ အသံထွက်တော့မှန်ကန်အောင်မဆိုတတ်ပါ။ အင်္ဂလိပ်စာအတိုအထွာများကိုသင်ပေးရာ သူသိလိုသောအခေါ်အဝေါ်များကိုသာ ဦးစားပေးသင်ပေးရပါသည်။ ကျွန်တော်တို့အမြဲသုံးနေသောလှေ၊ သင်္ဘော၊ မီးရထား၊ ဘတ်စ်ကားများကို အဖေသင်ယူပါသည်။ တစ်နေ့ အဖေနဲ့အလုပ်သွားစဉ် စစ်တောင်းမြစ်ကိုကူးရာခရီးသည်တင်သင်္ဘောနှင့် တွေ့ဆုံပါသည်။ ကျွန်တော်တို့အဖွဲ့က ခရီးသည်များကို “Passenger တွေကလည်း များလိုက်တာ” လို့ပြောကြပါသည်။ အဖေက “လူလေးအဲဒါ ဘာပြောတာလဲကွ” လို့ မေးပါသည်။ ကျွန်တော်က “သင်္ဘောစီးခရီးသည်တွေလို့ပြောတာ၊ ခရီးသည်တွေကို Passenger လို့ပြောတာ။ သင်္ဘောစီးခရီးသည်၊ ရထားစီးခရီးသည်၊ မော်တော်ကားစီးခရီးသည်တွေအားလုံးကို Passenger လို့ခေါ်တယ်အဖေ” ဟု ဖြေပါသည်။ အဖေက လိုလိုချင်ချင် သေသေချာချာမှတ်ပါသည်။ မှတ်ဉာဏ်လည်းကောင်းပါသည်။ သို့သော် အဖေ အသံထွက်၍စကားပြောသောအခါ အများက နားမလည်တော့ပါ။ အဖေနှင့်ကျွန်တော် ရုံးအားရက်ရွာသို့ပြန်သွားပါသည်။ ရွာရောက်ပြီးနောက် တစ်နေ့တွင် အဖေ့ညီများ၊ ညီမများနှင့်ဆုံ၍ စကားပြောသောအခါ သူတတ်ထားသော အင်္ဂလိပ်စကားများ ညှပ်၍ပြောပါသည်။ လမ်းတွင် လူပြည့်နေသောကားကိုစီးရသည့် အကြောင်းကိုပြောရာ “ဘတ်စ်ကားမှာလည်း ပါစီနာတွေပြည့်လျှံနေတာပဲ”ဟု ပြောပါသည်။ အဖေ့ညီအစ်ကို မောင်နှမတွေက မသိပါ။ အဖေကပြောသည်ကို ကျွန်တော်က သိပါသည်။ ကျွန်တော်က အဖေ့စကားကို ဘာသာပြန်ပေးရပါသည်။ အဖေ့ညီတစ်ယောက်ကတော့ “တစ်နှစ်၊ ၂ နှစ်အတွင်း အစ်ကိုကြီး တော်တော်တိုးတက်နေပါလားကွ” ဟု ချီးမွမ်းစကားပြောပါသည်။ သည်လိုနှင့် အဖေသည်စကားပြောတိုင်း အင်္ဂလိပ်စကားကိုညှပ်၍ ပြောပါသည်။



www.foreverspace.com.mm



ကြာတော့လည်း သူဘာပြောလိုသည်ကို ကျွန်တော် ကောင်းစွာသိလာပါသည်။

အဖေသည် ကျွန်တော်နှင့် ၂ နှစ် အတူနေ၊ အလုပ်လုပ်ပြီးရွာသို့ပြန်သွားပါသည်။ ရွာတွင်သူ့ညီစာရင်းငှားများနှင့် လယ်ယာတွင်အလုပ်လုပ်နေပါသည်။ အဖေသည် ကျွန်တော့်ထံမကြာခဏစာရေးပါသည်။ အဖေ့စာထဲတွင် ကျန်းမာရေးအထူးဂရုစိုက်ရန်နှင့် သွားရေးလာရေးကိစ္စများတွင် မိတ်ကောင်းဆွေကောင်းများနှင့် သွားလာရန်၊ ရှေ့ဆက်သွားရမည့်ခရီးအတွက် ချွေတာစုဆောင်းရန်များပါဝင်ပါသည်။ ကျွန်တော်စစ်တောင်းတံတားဆောက်လုပ်ရေးတွင် အလုပ်လုပ်နေသည့် လေးနှစ်တာကာလအတွင်း အဖေ လေးငါးခေါက် လာလည်ပါသည်။ စစ်တောင်းတံတား ဆောက်လုပ်ရေးရှိ ရုံးဝန်ထမ်းနှင့် ဆောက်လုပ်ရေးလုပ်သားအားလုံး အဖေနှင့် ကောင်းစွာသိကြပါသည်။ အဖေက တွေ့သည့်လူနှင့်တည့်အောင် ပေါင်းသင်းတတ်သောလူတစ်ယောက်ဖြစ်ပါသည်။

၁၉၆၃ ခုနှစ် မတ်လ ၂ ရက်နေ့တွင် စစ်တောင်းတံတားကြီးကို ဖွင့်လှစ်လိုက်ပါသည်။ စစ်တောင်းတံတားဖွင့်ပွဲတွင် ရွှေမန်းတင်မောင်ကပွဲ၊ မြို့မတူရိယာအဖွဲ့၊ အငြိမ့်ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများ စုံလင်လှပါသည်။ ဖျော်ဖြေပွဲအားလုံးအခမဲ့ဖြစ်၍ ရပ်ဝေး ရပ်နီးမြို့သူ၊ မြို့သား၊ ရွာသူရွာသားများစုံလင်လှပါသည်။ ၎င်းပရိသတ်ထဲတွင် အဖေနှင့် မိသားစုလည်းအပါအဝင်ဖြစ်ပါသည်။ ကျွန်တော်လည်း ဖျာခွဲတမ်းရ၍ အဖေနှင့် အမေတို့ကို နေရာချထားပေးပြီး ကြည့်နိုင်သလောက်ကြည့်ကြရန် စီစဉ်ပေးထားပါသည်။ အဖေက ပွဲလည်းကြိုက်၊ အဆိုလည်းကြိုက်သူမို့ ဖျော်ဖြေပွဲမျိုးစုံကို ကြည့်ကြပါသည်။ အိမ်ပြန်ရောက်သောအခါ ရွှေမန်းတင်မောင် ဘယ်လိုက၍ ဘယ်လိုဆိုကြောင်း၊ မြို့မအဖွဲ့မှ ကိုအံ့ကြီး တကယ်အဆိုကောင်းကြောင်းတို့ အားရပါးရ ချီးကျူးစကားပြောကြားပါသည်။

စစ်တောင်းတံတားကြီးဖွင့်ပြီးသောအခါ ကျွန်တော်တာဝန်ယူရသော မီးရထားသက်သာချောင်ချိရေးဆိုင် ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ပါသည်။ မီးရထားသက်သာချောင်ချိရေးဆိုင်ကို ဗိုလ်ချုပ်အောင်ဆန်းလမ်း မီးရထားရုံးကြီးအနီးတွင် ဖွင့်လှစ်ခဲ့ပါသည်။ ကျွန်တော် ရန်ကုန်ရောက်သည်နှင့် အဖေ၊ အမေတို့သည် ရန်ကုန်သို့ မကြာခဏရောက်ကြပါသည်။ ရန်ကုန်တွင် ကျွန်တော့်မိသားစုနေထိုင်ရာ လှည်းတန်းခိုင်ရွှေဝါလမ်းအိမ်ခန်းတစ်ခန်းတွင် ကျပ်ကျပ်တည်းတည်း တည်းခိုနေကြရပါသည်။ ကျွန်တော် ရန်ကုန်ရောက်သည်နှင့် အဖေက ရန်ကုန်နှင့်ရွာကို ကူးချီသန်းချီလုပ်နေပါသည်။

ရန်ကုန်မြို့တွင်နေထိုင်သည်မှာ ခြောက်နှစ်ကျော်၊ ခုနစ်နှစ်ရှိလာသောအခါ စီးပွားရေးလုပ်ငန်းကျဆင်း၍ စားဝတ်နေရေးကျပ်တည်းလာပါသည်။ ဆိုရှယ်လစ်စနစ်သို့ပြောင်းပြီး ဆယ်နှစ်ခန့်အကြာ ကုန်ပစ္စည်းများရှားပါးလာရာ ကြက်သွန်နီဝယ်စားရသည်ကပင် အခက်အခဲဖြစ်လာပါသည်။ ကျွန်တော့်တပည့်ကုန်စုံဆိုင်တာဝန်ခံက ကြက်သွန်နီ ၂၅ ကျပ်သားအား စက္ကူနှင့်ထုပ်၍ ကျွန်တော့်ကိုပေးရာ လူအများရှေ့တွင် ဖွင့်မကြည့်ဝံ့ပါ။ မြို့ပတ်ရထားပေါ်ရောက်မှဖွင့်ကြည့်ရာ ကြက်သွန်ဥနီများဖြစ်နေ၍ ဝမ်းသာရပါသည်။ ဤသို့အခြေခံစားကုန်မှစ၍ ခက်ခဲရှားပါးနေသော အခြေအနေကို အဖေ အမေတို့ထံအကြောင်းကြားရာ အဖေက သူ့တွင်ရှိသော စားကုန်များကို ခြင်းကြီးခြင်းငယ်တွင်ထည့်၍ ရန်ကုန်သို့ ရောက်လာပါသည်။ အဖေက “လူလေး မင်းတို့မြို့မှာ ဒီလောက်ရှားနေသလားကွ” ဟုမေးပါသည်။ “ရှားပါးတာတော့မပြောနဲ့အဖေရေ။ ကျွန်တော်တောင်ဆိုင်မန်နေဂျာဖြစ်နေလို့ ပစ္စည်းတချို့ မပူမပင်နေရတာ။ အခြေခံစားကုန်ကတော့ ကိုယ့်ဆိုင်မှာလည်း မရှိဘူး။ အဲဒီတော့ တပည့်တွေပေးမှပဲရတယ်။” ကျွန်တော်နှင့်အဖေ ကုန်ပစ္စည်းရှားပါးသည့်အကြောင်း ပြောမိပါသည်။ တစ်ရက် နှစ်ရက်နေတော့ အဖေ ရွာကိုပြန်သွားပြီး တစ်ပတ် ဆယ်ရက်ကြာသောအခါ ပြန်ရောက်လာပြန်ပါသည်။ အဖေက သူယူနိုင်သော စားသောက်ကုန်များ၊ သူ့လယ်ထွက် ဟင်းသီးဟင်းရွက်များ ယူလာပြန်ပါသည်။ အဖေသည် သားတစ်ယောက် သူ့အိုးသူ့အိမ်နှင့်ဖြစ်နေသည်ကိုပင် ပူပင်သောကရောက်နေသည်ကို တွေ့ရပါသည်။


ကျွန်တော် ရန်ကုန်မြို့တွင် အစိုးရအလုပ်နှင့် ငါးနှစ်ခန့်ကြာသောအခါ ကျွန်တော့်ကလေးများလည်း ကျောင်းနေအရွယ်သို့ရောက်လာပါသည်။ အကုန်အကျများသောအခါ မိမိလခနှင့်မလောက်ငဘဲ စီးပွားရေးကျပ်တည်းလာပါသည်။ အမေနှင့်အဖေကိုလည်း အကူအညီမတောင်းဝံ့တော့သည့်အတွက် လခအပြင် အခြားဝင်ငွေရရေးကို စဉ်းစားနေမိပါသည်။ ဇွန်လဆန်းတစ်နေ့တွင် အင်းစိန်မှ ရန်ကုန်သို့ကားစီး၍ ရုံးသို့လာခဲ့ပါသည်။ သိမ်ကြီးဈေးမှတ်တိုင်ကားပေါ်မှဆင်းရာ ဘီလူးကျွန်းမှ ထုတ်သောရော်ဘာဖိနပ်များ ရောင်းနေသောဆိုင်ကိုမြင်တွေ့ရာ ကျွန်တော့်တွင် စီးပွားရေးအတွေးတစ်ခု ပေါ်လာပါသည်။ “မိုးဦးကျ ရော်ဘာဖိနပ်ရောင်းရင်ကောင်းမယ်။ ရောင်းမယ်”ဟု ဆုံးဖြတ်ပြီး ရော်ဘာဖိနပ် ၁၀ ရန်ကိုဝယ်ပြီး သင်အူကြိုးနှင့် စည်းကာ ဆွဲလာပါသည်။ ဗိုလ်ချုပ်အောင်ဆန်းဈေးမျက်နှာစာတွင် ကျွန်တော်တာဝန်ယူသော ဆိုင်ခန်းများရှိရာ ဆိုင်ခန်းရှေ့လမ်းမတွင် ခွေးခြေပေါ်တင်၍ ရောင်းရန်ပြင်ဆင်နေစဉ် ကျွန်တော့်တပည့်စာရေးမများက “ဆရာရယ် ဆရာကိုယ်တိုင်မလုပ်ပါနဲ့။ မန်နေဂျာက ဖိနပ်ရောင်းတာမသင့်တော်ပါဘူး” ပြောပြီး သူတို့က ရှက်နေပါသည်။ သူတို့ဘာပြောပြော ကျွန်တော်က ဖိနပ်ကို ကိုယ်တိုင်ရောင်းချနေပါသည်။ ၁၂ နာရီထိုးသောအခါ ဖိနပ် ၁၀ ရန် ကုန်သွားပါသည်။ ထိုနေ့အဖို့ ကျွန်တော် ငွေ ၁၅ ကျပ်အမြတ်ရလိုက်ပါသည်။ နောက်တစ်နေ့၊ နောက်တစ်နေ့ နေ့စဉ်ဖိနပ်ရောင်းရာ ဖိနပ်ဆိုင်ရှင်တရုတ်ကြီးက ဖိနပ်အရန် ၅၀

www.foreverspace.com.mm



အကြွေးပေး၍ ထပ်မံရောင်းရာ သုံးလေးလအတွင်း ငွေကျပ် ၃၀၀၀ ခန့် အမြတ်ရပါသည်။ ကျွန်တော် စီးပွားရေးတွင် စိတ်ဝင်စားသွားပြီး ပုဆိုးများ၊ အမျိုးသမီးဝတ်လုံချည်များပါ ရောင်းချရာ တစ်နှစ်ကြာသောအခါ ငွေကျပ် ၅၀၀၀ ကျော် စုမိလာပါသည်။ ကျွန်တော် ဒီအလုပ်တွေကို ကိုယ်တိုင်လုပ်နေသည်ကို အဖေသိသွားသောအခါ အဖေကစိတ်မကောင်းပါ။ သူ့သား ဆိုင်မန်နေဂျာတစ်ယောက် ဖိနပ်၊ ပုဆိုး၊ အမျိုးသမီးလုံချည်များရောင်းနေရသည်။ သူမြင်ချင်တာက မန်နေဂျာဆိုတာ ခန့်ခန့်ညားညားအေးအေးဆေးဆေးနေတာကိုပါ။ ဒါပေမဲ့ ကျွန်တော့်ဘဝအရေး ကျွန်တော်သာသိပါသည်။

တစ်နှစ်၊ ၂ နှစ်ကြာသောအခါ စီးပွားရေးတစ်ခုထူထောင်လိုကြောင်း အဖေ့ကိုပြောပြရာ အဖေက “အဖေကတော့ ဘာစီးပွားရေးမှမလုပ်တတ်တာ။ လူလေးလုပ်တတ်ရင်စဉ်းစားလုပ်ပေါ့ကွာ” တဲ့။ ကျွန်တော် စီးပွားရေးလုပ်ရန် အမျိုးမျိုးစဉ်းစားသော်လည်း ဘာတစ်ခုကိုမှ အကောင်အထည်မဖော်နိုင်ခဲ့ပါ။ ဒီလိုနှင့် တစ်နေ့တွင် သူငယ်ချင်းဆရာဝန်များနှင့် စကားလက်ဆုံပြောရင်း ဆေးကုခန်းဖွင့်ရန် စီစဉ်ဖြစ်သွားပါသည်။ ဆေးကုခန်းဖွင့်သည့်အခါ အထူးကုဆေးခန်းဖွင့်လိုက်ရာ ဖွင့်သည့်အရပ်နှင့် အထူးကုသမှု လက်ခံနိုင်သည့် လူနာများ မရရှိနိုင်ခဲ့ပါ။ အထွေထွေရောဂါကုဆေးကုခန်းများ အများအပြားရှိနေသော ဆင်ခြေဖုံးရပ်ကွက်တွင် အထူးကုဆရာဝန်များ ဆေးခန်းဖွင့်ရာ ဈေးနှုန်းမှာ လေးဆကျော်ပိုများနေသည်ဟု လူနာများကထင်ပါသည်။ ဤတွင် လူနာဦးရေများများမရရှိဘဲ ၂ နှစ်အတွင်း အရှုံးပေါ်၍ ဆေးခန်းကိုရပ်နားရန်အခြေသို့ ရောက်ရှိလာပါသည်။ ဤအကြောင်းကိုကြားသိသော အဖေသည် ချက်ချင်း ကျွန်တော့်ထံရောက်ရှိလာပြီး ဖြစ်ပြီးသောအခြေကို မဖျက်ရန်၊ ကြိုးစားပြီး တစ်နှစ်ဖွင့်ထားရန် ပြောပါ



www.foreverspace.com.mm



သည်။ ကျွန်တော်က ရှေ့ဆက်၍ အလုပ်လုပ်နိုင်ရန် ငွေအင်အားလုံးဝမရှိသည့် အကြောင်းပြောပြရာ ရွာသို့ပြန်သွားပြီး မကြာမီ ငွေ ၆,၀၀၀ နှင့် ပြန်လာပါသည်။ အဖေက “ရော့ လူလေး ဒီနှစ်တော့ အဖေ ကူညီပေးမယ်။ မင်းအောင်မြင်အောင် ကြိုးစားပေါ့ကွာ”တဲ့။

အဖေပြောသည့်အတိုင်း ကျွန်တော့် သူငယ်ချင်းဆရာဝန်များနှင့် တိုင်ပင်၍ ကြိုးစားဆောင်ရွက်ရာ ယင်းနှစ်တွင် လူနာများ တိုးတက်များပြားလာပါသည်။ သူငယ်ချင်း ဆရာဝန်များက နာမည်ကြီး ဆရာဝန်ကြီး သုံးလေးယောက်ခေါ်၍ ဆေးခန်းထိုင်ပေးပါသည်။ ကျွန်တော့်ပတ်ဝန်းကျင် မြို့သူမြို့သား၊ ကျေးရွာသူ၊ ကျေးရွာသားများလည်း အထူးကုဆရာဝန်များနှင့် ဆေးကုသသည့်အခါ ငွေကြေးကုန်ကျသလောက် ထိထိရောက်ရောက်ပျောက်ကင်းချမ်းသာမှုရသည်ကို သိရှိလာကြပါသည်။ ဆေးခန်းငယ်များမှ အထွေထွေရောဂါကုဆရာဝန်များလည်း အထူးကုဆရာဝန်များထံ လူနာများလွှတ်၍ ကုသစေပါသည်။ ဆေးကုသရေးလုပ်ငန်းသည် တိုးတက်လာပါသည်။ ကျွန်တော့်ဆေးကုသရေးလုပ်ငန်းတိုးတက်လာချိန်တွင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရေးအတွက် ကူးသန်းရောင်းဝယ်ရေးတွင် အလုပ်များလုပ်နေမိပါသည်။ လုပ်ငန်းများ တည်ငြိမ်လာသည့်အချိန်တွင် အဖေနှင့်အမေအား ကျွန်တော့်ထံ ခေါ်ယူလိုက်ပါသည်။ သို့သော်လည်း တောသူတောင်သားများဖြစ်၍ မြို့တွင်မပျော်မွေ့ကြပါ။ တစ်ပတ်၊ ဆယ်ရက်နေပြီးသည့်အခါ ရွာသို့ပြန်သွားကြပါသည်။ အဖေ ကျွန်တော်နှင့်နေသည့် ကာလအတွင်း ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စများ၊ စီးပွားရေးကိစ္စများနှင့် ကျွန်တော့် သားသမီးများ၏ကိစ္စများတွင် ပါဝင်ဆွေးနွေးအကြံပေးပါသည်။ အဖေ့အကြံဉာဏ်များသည် ကျွန်တော့်အတွက် လမ်းညွှန်မှုများပေးနေခြင်း ဖြစ်ပါသည်။ အဖေသည် ခေတ်ပညာမတတ်သော်လည်း စီးပွားရေး၊ လူမှုရေးများတွင် ကျွန်တော့်အတွက် ဆရာတစ်ဆူ ဖြစ်ပါသည်။

အဖေနှင့် နီးနီးကပ်ကပ်နေလာပြီးသောတစ်နေ့တွင် အဖေကဗိုက်အောင့်သည်ဟုပြောပါသည်။ အဖေဗိုက်အောင့်သည့်အတွက် ကျွန်တော့်ဆေးခန်းမှ ဆရာဝန်များက ဆေးပေး ဆေးတိုက်၍ သက်သာသွားပါသည်။ အဖေဗိုက်အောင့်သည့်ရောဂါမှာ လုံးဝပျောက်သွားသည်မရှိဘဲ အောင့်သည့်အခါ အလူးအလဲအောင့်၍ ဆေးထိုးဆေးသောက်သည့်အခါ သက်သာသွားပြန်ပါသည်။ တစ်နှစ်ကျော်၊ ၂ နှစ်ခန့်ကြာသောအခါ ရွာတွင် အဖေဗိုက်အောင့်၍ မြို့ဆေးရုံတွင်တင်ထားရကြောင်း အကြောင်းကြားလာပါသည်။ တစ်ရက်၊ နှစ်ရက်ကြာသောအခါ ကျွန်တော် ရွာပြန်သွားပါသည်။ ကျွန်တော်မြို့ရောက်သောအခါ အဖေဆေးရုံမှဆင်း၍ ရွာပြန်သွားပြီဖြစ်ကြောင်း သိရပါသည်။ ရွာရောက်သောအခါ အဖေဗိုက်အောင့်သက်သာနေသော်လည်း လူကတော့ လန်းလန်းဆန်းဆန်းမရှိပါ။ အဖေ့ကိုကြည့်ရသည်မှာ ခါတိုင်းလို ကျန်းမာမှုမရှိကြောင်းတွေ့ရပါသည်။ ကျွန်တော် အဖေ့ကိုခေါ်၍ ရန်ကုန်သို့ပြန်ခဲ့ပါသည်။ ရန်ကုန်ရောက်သောအခါ ကျွန်တော့်ဆေးခန်းမှ ဒေါက်တာဦးသန်းအေးနှင့်ပြရာ လောလောဆယ် ဘာရောဂါမှမရှိဖြစ်နေပါသည်။ တစ်ပတ်ခန့်ကြာသောအခါ အဖေ မနေနိုင်အောင် အောင့်ပါသည်။ ဆရာဦးသန်းအေးထံ ခေါ်သွားပြီးပြရာ သည်းခြေမကောင်းကြောင်း စစ်ဆေးတွေ့ရှိပါသည်။ ဒေါက်တာဦးသန်းအေးက ခွဲစိတ်ကုသရမည်၊ လိုအပ်လျှင် သည်းခြေထုတ်ပစ်ရမည်ဟု ပြောပါသည်။ ကျွန်တော်က ဒေါက်တာ ဦးသန်းအေး ပြောသည့်အတိုင်းလုပ်ရန် သဘောတူလိုက်ပါသည်။

အဖေ သည်းခြေထုတ်ရမည့်ကိစ္စပေါ်လာသောအခါ ကျွန်တော့်ညီအစ်ကို မောင်နှမများ၊ ဆွေမျိုးများကို အကြောင်းကြားရပါသည်။ ဆွေမျိုးများသည် အဖေ သည်းခြေထုတ်ရမည့်ကိစ္စသိသောအခါ အားလုံးက ကန့်ကွက်ကြပါသည်။ “သည်းခြေမရှိတဲ့လူ အမှတ်သညာမရှိဘူး။ သည်းခြေမရှိဘဲနဲ့ ဘယ်လိုလူတောထဲမှာနေနိုင်မှာလဲ” စသည်ဖြင့် အမျိုးမျိုးပြောဆို ကန့်ကွက်ကြပါသည်။ သို့သော် ကျွန်တော်က ဆရာဝန်ကြီးနှင့် အသေးစိတ်ဆွေးနွေးပြီး၍ မလျှော့ပါ၊ အဖေ့ကို ခွဲစိတ်ကုသမည်ဟု အကြောင်းပြန်လိုက်ပါသည်။ ကျွန်တော့် ညီအစ်ကို မောင်နှမများနှင့် ဆွေမျိုးများ ရန်ကုန်သို့လိုက်လာကြပါသည်။ ကျွန်တော်နှင့်ဆွေးနွေးသည်။ ပြီးတော့ ဆရာဝန်ကြီးနှင့် တွေ့ပေးလိုက်သည်။ ဆရာဝန်ကြီးက ဘာမှမဖြစ်ကြောင်း၊ ခွဲပြီးလျှင် လူကောင်းပကတိအတိုင်းသွားလာနေထိုင် ပြောဆိုနိုင်မည်ဖြစ်ကြောင်း ရှင်းပြတော့မှ အားလုံးသဘောတူကြောင်း ပြောပါသည်။

အဖေ့သည်းခြေကိုခွဲ၍ ထုတ်လိုက်ပါသည်။ ၁၀ ရက်အကြာ ဆေးရုံမှဆင်း၍ ကျွန်တော်နှင့်နေပြီး ကျန်းမာရေးတိုးတက်လာအောင် စောင့်ရှောက်ရပါသည်။ ခွဲစိတ်ကုသပြီးသည့်နောက် ဗိုက်အောင့်ခြင်း၊ နာကျင်ခြင်းလုံးဝမရှိတော့ပါ။ အဖေ့ကျန်းမာရေးလုံးဝကောင်းမွန်သောအခါ ရွာသို့ပြန်ပို့ရပါသည်။ ရွာကိုပြန်ရခြင်း၏ အကြောင်းမှာ ဆေးရုံတွင် ဗိုက်ခွဲ၍ သည်းခြေထုတ်ပြီးနောက် လုံးဝကျန်းမာလာကြောင်း ဆွေမျိုးများအားပြောလိုသောဆန္ဒဖြစ်ပါသည်။ အဖေကျန်းမာလာ၍ ကျွန်တော်စိတ်ချမ်းသာရပြီး မိမိအလုပ်ထဲတွင် စိတ်ချလက်ချ အလုပ်လုပ်နေလိုက်ပါသည်။

ကျွန်တော့်စီးပွားရေး အခြေခိုင်လာသောအခါ အဖေနှင့်အမေကို ကျွန်တော် ခေါ်ထားရန် ကြိုးစားပါသည်။ သို့သော် မအောင်မြင်ပါ။ ကျွန်တော့်မိသားစုတွင် အဖေ၊ အမေတို့၏ သားတစ်ဦးတည်းရှိသည် မဟုတ်ပါ။ သူစိမ်းချွေးမရှိနေပါသည်။ ဤသို့အခြေအနေကို အဖေနှင့် အမေကသိ၍ ခေတ္တလာလိုက်၊ ပြန်လိုက်လုပ်နေပါသည်။

www.foreverspace.com.mm

အဖေနှင့် အမေ ကျွန်တော့်အိမ်တွင် ကြာကြာမနေသောကိစ္စကို ကျွန်တော်က စုံစမ်းရှာဖွေရာ ချွေးမနှင့် ယောက္ခမကိစ္စဖြစ်ပါသည်။ အဖေနှင့်အမေ ကျွန်တော့်ထံ မကြာခဏလာသောအခါ အဖေသည် အိမ်ဦးခန်းတွင် တီဗီကြည့်၊ ရေဒီယိုနားထောင်၊ တရားစာအုပ်ဖတ်၍ နေနိုင်သော်လည်း အမေကတော့ ဒီလိုမနေပါ။ အမေက မီးဖိုချောင်သို့ဝင်ကြည့်သည်။ ဆီ၊ ဆား၊ ဆန်၊ ငရုတ် စသည့် စားသုံးကုန်များ မည်မျှဝယ်သည်၊ မည်သို့ထားသိုသည်။ လစဉ်ကုန်ကျသည့် ပစ္စည်းများနှင့် ကုန်သင့်သည့်ပစ္စည်းများကိုမေးမြန်းစုံစမ်းပါသည်။ ချွေတာသင့်တာ ချွေတာဖို့လည်းပြောပါသည်။ ဤသို့ပြောဆိုဆုံးမသည်ကို ချွေးမကအကောင်းမမြင်ပါ။ သူ့အိမ်ထောင်တွင်းကိစ္စကို ဝင်ရောက်စွက်ဖက်သည်ထင်ပါသည်။ အမေ့ဘက်ကတော့ သားရှာဖွေပေးရသော စီးပွားရေးတွင် အယိုအဖိတ်မရှိစေချင်သောသဘောဟု ယူဆပါသည်။ ဒီလိုနှင့် တစ်စတစ်စ ပိုမိုတင်းမာလာပြီး နောင်တွင်အမေက သားထံမှာလာမနေလိုကြောင်း ပြောပါတော့သည်။

ယောက္ခမနှင့်ချွေးမ မတည့်သည့်ကိစ္စတွင် အဖေကမပါဝင်ပါ။ အဖေက အမေ့ကို "ခင်ကြည် နင်နေတတ်အောင်နေပါ။ သား စိတ်ညစ်နေမယ်။ သူတို့စားရေးသောက်ရေး သူတို့ဖြစ်အောင်လုပ်လိမ့်မယ်" ဟု ပြောပါသည်။ နောင်အခါ အဖေနှင့် ကျွန်တော် စကားလက်ဆုံကျသည့်အခါ အဖေက "လူလေး မင်းအမေကတော့ သူ့သမီးတွေနဲ့လည်း ဒီလိုပဲ။ သူက ချွေတာစေချင်တာကွ။ ဒါပေမဲ့ သူ့အိမ်ထောင်နဲ့သူ ဖြစ်နေကြပြီပဲကွာ။ ဘာမှဝင်မပြောရင် ကောင်းတာပေါ့" ဟု ပြောပါသည်။

ကျွန်တော်အဖေတို့၊ အမေတို့နှင့် အဆက်ပြတ်သွားတာ တစ်နှစ်နီးပါးရှိလာပါသည်။ လူကြုံတွေ့တိုင်း ကျန်းမာစွာရှိ၊ မရှိမေးနေရပါသည်။ အမေ့ကျန်းမာရေး ချို့တဲ့နေသည့်အကြောင်း သိရသော်လည်း

> **အဖေ့အသက် ၇၀ ကျော်လာပြီဖြစ်၍ မိဘရိုးရာလယ်ယာလုပ်ငန်းများလျှော့ချကာ ခြံဝင်းအတွင်း တောက်တိုမယ်ရအလုပ်များဖြစ်သာ အချိန်ကိုကုန်စေပါသည်။ နောက်ပိုင်းတွင် ဘာသာရေး၊ ရပ်ရွာရေးများတွင် ဦးစီးဦးဆောင်အဖြစ်လုပ်ကိုင်၍ စိတ်ကိုချမ်းသာအောင်နေနေပါသည်။**

ကျွန်တော်သွားမခေါ်နိုင်ပါ။ အရေးကြီးရောဂါတစ်စုံတစ်ခုဖြစ်လျှင် အကြောင်းကြားလိမ့်မည်၊ ခေါ်လာလိမ့်မည်ဟု တွေးတောနေမိပါသည်။ သို့သော် အဖေနှင့် အမေ ကျွန်တော့်ထံ ရောက်မလာပါ။

ကျွန်တော်ရွာသို့ပြန်သွားပါသည်။ အမေအိပ်ရာထဲတွင် လဲလျောင်းနေရာမှ ထထိုင်ပြီး "လူလေး ဘာလို့လာခဲ့တာလဲ။ အကြောင်းမကြားဘာမကြားနဲ့"။ "အကြောင်းကြားဖို့အချိန်မရဘူး အမေ။ အမေ နေမကောင်းဘူးဆိုတာကြားရပေမယ့် အဖေကော၊ အမေကော ရောက်မလာလို့လိုက်လာတာ။ ကဲ ပြင်ဆင်စရာရှိတာတွေပြင်ထား။ မနက်ဖြန်နံနက် ရန်ကုန်သွားမယ်" ဟု ကျွန်တော်ပြောလိုက်ပါသည်။ ကျွန်တော်က အဖေ့ကို "ရန်ကုန်မလိုက်လို့မဖြစ်ဘူး။ အမေ့ကြည့်ရတာ အရမ်းအားနည်းနေတယ်။ ဟိုရောက်မှ သမားတော်နဲ့ပြပြီး ဆေးကုကြတာပေါ့"။ အတင်းအကျပ်ခရီးရောက်မဆိုက်ပြောပြီးတော့မှ အခြားလူမှုရေး၊ စီးပွားရေးတွေ ပြောဖြစ်ပါသည်။ ကျွန်တော် ရွာတွင်တစ်ညအိပ်ပြီး နောက်တစ်နေ့နံနက် ရွာမှ ရန်ကုန်သို့ထွက်လာခဲ့ပါသည်။ လမ်းတစ်လျှောက် အမေ့ကြည့်ရတာ သက်သာမှုမရှိသည်ကိုတွေ့ရ၍ စိတ်မချမ်းသာပါ။ မွန်းလွဲ ၂ နာရီခန့်တွင် ရန်ကုန်သို့ရောက်ပါသည်။ ရန်ကုန်ရောက်သည်နှင့် တာဝန်ကျဆရာဝန်တစ်ဦးခေါ်၍ အမေ့ရောဂါကို စစ်ဆေးစေပါသည်။ ဆရာဝန်က အမေ့ကိုစစ်ဆေးပြီး သမားတော်ကြီး ဦးမင်းနိုင်နှင့် ပြရန်ပြောပါသည်။

နောက်တစ်နေ့ နေ့လယ်တွင် အမေ့ကို သမားတော်ကြီး ဦးမင်းနိုင်နှင့် ပြပါသည်။ သမားတော်ကြီးက အထွေအထူးဘာမှမပြောသော်လည်း စိုးရိမ်သောအမူအရာကိုတွေ့ရပါသည်။ စမ်းသပ်ပြီးနောက် "တဖြည်းဖြည်းတော့ သက်သာလာမှာပါ။ ခုတော့ ဒီဆေးတွေသောက်ပြီး အေးအေးဆေးဆေးနေပါ" ပြောပါသည်။ ကျွန်တော်လည်း ဆရာကြီးအား ကျေးဇူးတင်ကြောင်းပြောရပါသည်။ အဖေကတော့ အမေ့ရောဂါဘာရောဂါလဲမေးနေသော်လည်း ကျွန်တော်ကိုယ်တိုင် ဂဃနဏမပြောတတ်၍ ကျွန်တော်ရုံးတက်နေပါသည်။ တစ်ပတ်၊ ဆယ်ရက်ခန့်ကြာသော်လည်း အမေ့အခြေအနေ တိုးတက်ခြင်းမရှိပါ။ အဖေက လူနာအခြေအနေတိုးတက်လာခြင်းမရှိ၍ စိတ်ပူကြောင်း ပြောပါသည်။ ကျွန်တော်က ဆရာဝန်ကြီးများ အထူးဂရုစိုက်ကုသနေ၍ စိတ်မပူရန် ပြောပါသည်။

အမေ ကျွန်တော့်အိမ်ရောက်တာ နှစ်ပတ်ကျော်သွားပြီဖြစ်ပါသည်။ အစားအသောက်လည်း များများမစား။ ဘာစားချင်သလဲမေးတော့လည်း ဘာမှစားချင်စိတ်မရှိကြောင်းပြောပါသည်။ နေ့တစ်နေ့ရောက်လာပါသည်။ ၁၉၈၉ ခုနှစ် အောက်တိုဘာ ၂၅ ရက် နံနက်ဖြစ်ပါသည်။ အမေ မုန့်ဟင်းခါးစားမည်ပြော၍ မုန့်ဟင်းခါးဝယ်ကျွေးပါသည်။ မုန့်ဟင်းခါးတစ်ပန်းကန်၏ လေးပုံတစ်ပုံသာစားပြီး မစားလိုတော့ကြောင်း ပြောပါသည်။ နံနက် ၈ နာရီခန့်တွင် ကျွန်တော် ရုံးသွားဖို့ ပြင်ဆင်နေပါသည်။ အမေက ကျွန်တော့်ကို "လူလေး အမေ့ကို အားဆေးသွင်းမယ်ဆို ဘယ်တော့သွင်းမှာလဲ" ဟု မေးပါသည်။ ကျွန်တော်လည်း အမေပြောမှသတိရပြီး ဆေး

www.foreverspace.com.mm

ခန်းသို့သွား၍ ဆရာဝန်ခေါ်၊ အားဆေးပုလင်းယူပြီး အားဆေးသွင်းဖို့ စီစဉ်ရပါတော့သည်။

အမေ့ကို အားဆေးသွင်းပါသည်။ ကျွန်တော်က အမေ့အနီးသွား၍ "အမေအား ဆေးသွင်းထားပြီ၊ ကျွန်တော် ရုံးသွားလိုက်ဦးမယ်။ ခဏနေပြီးပြန်ခဲ့မယ်။ အဖေနဲ့နေခဲ့ဦး" ပြောရာ အမေက "လူလေးမရှိလို့မဖြစ်ဘူး။ ဒီမှာပုလင်းကြီးတန်းလန်းနဲ့ လူလေးအဖေ ဘယ်လုပ်တတ်မလဲ" ဟုပြောပါသည်။ ကျွန်တော်ရုံးသွားရန်ပြင်ဆင်နေသည်ကိုရပ်လိုက်ပြီး အိမ်မှာပဲ အဖေ၊ အမေနှင့် ကျွန်တော်တို့ အတူနေကြပါသည်။ အမေသည် သူ့အား ဆေးသွင်းပေးထား၍ သဘောကျနေသည့်ထင်ရသော်လည်း လှုပ်ရှားမှုများနည်းလာပါသည်။ ဆေးသွင်း၍ နှစ်နာရီခန့်ကြာလာသောအခါ အဖေက "လူလေး မင်းအမေအခြေအနေမကောင်းတော့ဘူး" ဟုပြောပါသည်။ ကျွန်တော်က အမေ့မျက်နှာကြည့်ပြီး "ကောင်းပါတယ် အဖေ။ သက်သက်သာသာရှိပုံပဲ" ဟုပြောရာ "မင်းမသိဘူး။ ဆရာဝန်ခေါ်လိုက်ပါ"။ အဖေက ချက်ချင်း ကျွန်တော့်ဆေးခန်းမှ ဆရာဝန်ကို ပြေးခေါ်ပါသည်။ ဆရာဝန် ရောက်လာတော့မှ အမှန်ပင် အမေ့အခြေအနေမကောင်းမှန်းသိပါသည်။ အင်းစိန်ဆေးရုံမှ သမားတော်ကြီးဦးမင်းနိုင်ကို အကြောင်းကြား၍ အမေ့အခြေအနေကိုပြောပြရာ ဆရာဝန်ကြီးက အနီးမှာရှိသော ဆရာဝန်နှင့် စကားပြောမည်ပြောပြီး အိမ်ရောက်နေသည့်ဆရာဝန်နှင့် စကားပြောပါသည်။ ပြီးတော့မှ ကျွန်တော့်ကို "လူနာအခြေအနေက လုံးဝမကောင်းဘူး။ ဒါပေမဲ့ ခင်ဗျားကျေနပ်အောင် ဆေးရုံခေါ်လာချင်လည်းခေါ်ခဲ့ပါ။ ကျွန်တော် လက်ခံပါ့မယ်" ပြောပါသည်။ ကျွန်တော်လည်း ဖုန်းကိုကိုင်လျက် ဘာဆက်လုပ်ရမည်မသိ ဖြစ်နေပါသည်။ ကျွန်တော် မျက်ရည်များ ကျလာပါသည်။ ကျွန်တော့်ကိုမြင်သောအဖေက "လူလေး ဘာတဲ့လဲ" ဟုမေးရာ ကျွန်တော်က ခေါင်းခါပြလိုက်ပါသည်။ မကြာမီအချိန်အတွင်းမှာ အမေဆုံးသွားပါသည်။

အဖေသည် ယူကြုံးမရဖြစ်ပြီး အမေ့ကိုဖက်၍ အသံထွက်အောင် ငိုကြွေးပါသည်။ ကျွန်တော်တို့သားအဖ နာရီဝက်ခန့် ဘာမှမလုပ်နိုင်ဘဲ ဝမ်းနည်းပူဆွေးနေမိပါသည်။ ကျွန်တော့်အတွက် အမေမရှိတော့ပါ။ စောစောက အမေစကားပြောနေသေးသည်။ သားကို ရုံးမသွားဖို့ ပြောနေသေးသည်။ "လူလေး ငါ့အနားမှာနေ အမေသေတော့မယ်။ အမေသေခါနီး ငါ့သားမျက်နှာကို ကြည့်နေချင်တယ်" ဟု အဓိပ္ပာယ်ပါသောစကားကိုပြောသည်ဟု ကျွန်တော့်စိတ်တွင် ထင်နေပါသည်။

အဖေသည် ငယ်စဉ်ကလေးဘဝကစ၍ ချစ်ခဲ့ရသော အမေ့ကို အရွယ်ရောက်၍ မိဘသဘောမတူဘဲ ခိုး၍ယူခဲ့ရသည်။ မိဘက အသိအမှတ်မပြုဘဲထားရာ ဦးလေးတော်သူက ပြန်လည်သိမ်းဆည်း၍ ဆွေမျိုးကြားသို့ခေါ်ပြီး မင်္ဂလာဆောင်ပေးခဲ့ရပါသည်။ မိဘများက ချမ်းသာသော်လည်း လက်ဖွဲ့ပစ္စည်းပင် ထိုက်ထိုက်တန်တန်မပေးခဲ့၍ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရန်ကြိုးစားခဲ့ရာ လေးငါးခြောက်နှစ်အတွင်း အများနှင့်တန်းတူညီအောင် စီးပွားဖြစ်ထွန်းလာခဲ့ပါသည်။ ဤအခြေအနေမျိုးမှာ ဇနီးမောင်နှံလက်တွဲခဲ့ရာ နှစ်ပေါင်း ၅၀ ကျော်ပင်ရှိခဲ့ပါသည်။ အဖေက အမေ့အပေါ် အလွန်သည်းခံ၍ နေထိုင်လာခဲ့ပါသည်။

အမေ့ဈာပနသည် သားသမီး၊ မြေးမြစ်များ၊ ဆွေမျိုးများ စုံညီစွာနှင့် သင်္ဂြိုဟ်ပြီးစီးခဲ့ပါသည်။ အဖေက ဈာပနမှတ်တမ်းဓာတ်ပုံလိုချင်သည်ဆို၍ အမေ့ဈာပနမှတ်တမ်းဓာတ်ပုံများ ရိုက်ပေးခဲ့ရပါသည်။ အမေ့ဈာပနပြီးသော နောက်နေ့များတွင် အဖေသည် မနေတတ်၊ မထိုင်တတ်ဖြစ်နေပါသည်။ မိုးလင်းသည်နှင့် အိမ်ပြတင်းပေါက်တွင် မတ်တတ်ရပ်၍ တစ်ခုခုကိုတွေးတောမျှော်နေသလို မျှော်နေတတ်ပါသည်။ ကျွန်တော်တို့မောင်နှမများ အဖေ့ကိုကြည့်၍ အလွန်စိတ်မကောင်းဖြစ်ရပါသည်။ ဈာပနပြီး၍ ရက်လည်ဆွမ်းကျွေးပြီးသောအခါ ဆွေမျိုးများအားလုံးရွာသို့ပြန်သွားကြပါသည်။ နောက်တစ်ရက်၊ နှစ်ရက်ကြာပြီးသောအခါ ညီအစ်ကိုမောင်နှမများနှင့် အဖေ ရွာသို့ပြန်ပါသည်။ ရွာတွင်အမေ့အတွက် ကုသိုလ်ကောင်းမှုလုပ်လိုသည်ဟု ဆိုပါသည်။ အဖေ့ကိုလက်အုပ်ချီ၍ကန်တော့ပြီး ကျန်းမာရေးဂရုစိုက်ရန်နှင့် ကျွန်တော့်ထံ မကြာမကြာလာရန် ပြောရပါသည်။ အဖေသဘောတူရင် ကျွန်တော်နှင့် အတူလာနေရန်ပြောရာ သားသမီးဆွေမျိုးအားလုံးက ရွာမှာရှိ၍ ရွာတွင်နေလိုကြောင်းပြောပါသည်။

အဖေသည် ရွာတွင်သားသမီးဆွေမျိုးများနှင့်နေသော်လည်း ကျွန်တော့်ထံ မကြာခဏလာရန်ပြောရပါသည်။ အဖေသည် သားသမီးတွေနှင့်နေရသော်လည်း ယခင်ကလို ပျော်ရွှင်ချမ်းမြေ့မှုမရသည်ကိုတော့ ကျွန်တော် အကဲခတ်မိပါသည်။ အဖေ့အသက် ၇၀ ကျော်လာပြီဖြစ်၍ မိဘရိုးရာလယ်ယာလုပ်ငန်းများ လျှော့ချကာ ခြံဝင်းအတွင်း တောက်တိုမယ်ရအလုပ်များဖြင့်သာ အချိန်ကိုကုန်စေပါသည်။ နောက်ပိုင်းတွင် ဘာသာရေး၊ ရပ်ရေးရွာရေးများတွင် ဦးစီးဦးဆောင်အဖြစ်လုပ်ကိုင်၍ စိတ်ကို ချမ်းသာအောင် နေနေပါသည်။

ကျွန်တော်သည် အဖေ့ကို စိတ်ချမ်းသာစေလိုသောဆန္ဒနှင့် မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ ပုဂံ၊ ညောင်ဦး စသောမြို့များသို့ ဒေသန္တရဗဟုသုတရရေးနှင့် ဘုရားဖူးခရီးစဉ်တစ်ခုစီစဉ်လိုက်ပါသည်။ မန္တလေးမှအပြန် ပုဂံ၊ ညောင်ဦးမြို့ရောက်သောအခါ ဧရာဟိုတယ်တွင်တည်း၍ ဘုရားစုံဖူးကြပါသည်။ ဤတွင် ဟိုတယ်တွင်မတည်းဖူးသော အဖေသည် အစစပြည့်စုံသောအိပ်ခန်းတစ်ခန်းတွင်နေရသည်ကို သဘောကျပြီး "လူလေး ဒီဟိုတယ်အခန်း ဘယ်လောက်ပေးရလဲ။ တော်တော်ကောင်းတာပဲကွ" ဟုပြောပါသည်။ "လူတစ်ယောက်အတွက် တည်းခိုခ ၅,၀၀၀ ကျပ်ပါ" ဟုပြောရာ "အဲဒါတော့ နည်းနည်းများတယ်ကွ။ ဒါပေမဲ့ သန့်တာ

www.foreverspace.com.mm

တော့ တော်တော်သန့်တယ်။ အိမ်သာဆိုရင် သွားဖို့တောင်အားနာတယ်” ဟုပြောပါသည်။ အဖေသည် သူ့ဘဝတစ်လျှောက် ဤမျှကောင်းသော နေရာထိုင်ခင်းများတွင် တစ်ခါတစ်ရံမျှ တည်းခိုဖူးခြင်းမရှိပါ။ ကျွန်တော်နှင့်အဖေတို့ ပုဂံမြို့၊ ညောင်ဦးမြို့တွင်းရှိဘုရား လှည့်လည်ဖူးမြော်ပြီး ညနေစောင်းတွင် ဖူးဘုရားမှ ‘နေဝင်ချိန်’ ရှုခင်းကို သွား၍ ကြည့်ကြပါသည်။ ဖူးဘုရားတွင် နိုင်ငံခြားသား ဘုရားဖူးများ စုပြုံရောက်ရှိနေသည်ကို တွေ့ရပါသည်။ အဖေက အံ့သြသွားပြီး “ဒီကောင်တွေ ဒီနေရာမှာ ဘာလာလုပ်တာလဲ” ဟု မေးပါသည်။ “သူတို့တွေ ဧည့်သည်တွေပါ။ မြန်မာပြည်ကိုလာပြီး ဗဟုသုတရှာကြတာလေ။ အခုလည်း မြစ်ထဲမှာ ပေါ်လာမယ့်နေနဲ့ ကောင်းကင်မှာ တောင်စွယ်ကွယ်မယ့်နေကို စောင့်နေတာ။ ပြီးတော့ ဓာတ်ပုံရိုက်ကြမှာအဖေရဲ့” ပြောရာ “အေးအေး ဒါ့ကြောင့် ဒီကောင်တွေမြစ်ထဲကို ဝိုင်းအုံကြည့်နေတာကိုး” ဟုပြော၍ သဘောပေါက်သွားပါသည်။

နောက်တစ်နေ့ ညောင်ဦးဈေးထဲ လည်ပတ်နေစဉ် ညောင်ဦးလေဆိပ်မှ လေယာဉ်တစ်စင်းတက်လာရာ အဖေက “လူလေး ငါ လေယာဉ်စီးချင်တယ်ကွာ” ပြောပါသည်။ ကျွန်တော်လည်း အဖေ့ဆန္ဒကို ဖြည့်ပေးချင်တာနှင့် ညောင်ဦးလေဆိပ်သို့သွား လေယာဉ်လက်မှတ်ဝယ်ရာမရခဲ့ပါ။ မေးမြန်းစုံစမ်းကြည့်ရာ အရေးကြီးပုဂ္ဂိုလ်များအတွက် လက်မှတ်ငါးစောင်သာရှိကြောင်းပြောပါသည်။ ကျွန်တော်က တာဝန်ရှိမန်နေဂျာနှင့်တွေ့ပြီး အရေးကြီးပုဂ္ဂိုလ်အတွက် လက်မှတ်ကိုရောင်းချခွင့်ပြုနိုင်သောသူကို မေးပါသည်။ ထိုပုဂ္ဂိုလ်ကိုသွားတွေ့ပြီး လက်မှတ်သုံးစောင်ရောင်းပေးရန် မေတ္တာရပ်ခံခဲ့ရာ လက်မှတ်သုံးစောင် ရောင်းပေးလိုက်သည်။

**နောက်တစ်နေ့ ညောင်ဦးဈေးထဲ လည်ပတ်နေစဉ် ညောင်ဦးလေဆိပ်မှ လေယာဉ်တစ်စင်းတက်လာရာ အဖေက “လူလေး-ငါလေယာဉ်စီးချင်တယ်ကွာ” ပြောပါသည်။ ကျွန်တော်လည်း အဖေ့ဆန္ဒကို ဖြည့်ပေးချင်တာနဲ့ ညောင်ဦးလေဆိပ်သို့သွား လေယာဉ်လက်မှတ်ဝယ်ရာ မရခဲ့ပါ။ မေးမြန်းစုံစမ်းကြည့်ရာ အရေးကြီးပုဂ္ဂိုလ်များအတွက် လက်မှတ်ငါးစောင်သာရှိကြောင်းပြောပါသည်။**

အဖေနှင့် ကျွန်တော်တို့ဇနီးမောင်နှံ ညောင်ဦးမှ ရန်ကုန်သို့ လေယာဉ်ခရီးဖြင့် ပြန်ခဲ့ပါသည်။ လေယာဉ်ပေါ်ရောက်ပြီးသည်နှင့် လေယာဉ်အကြောင်း၊ ခရီးစဉ်အကြောင်း၊ ရန်ကုန်ကို ဘယ်အချိန်တွင် ရောက်မည် စသည်များ ပြောကြားနေပါသည်။ လေယာဉ်ပျံတက်သွားသည်ကိုသိသော်လည်း ကောင်းကင်ရောက်၍ လေယာဉ်ပျံသန်းနေသည်ကို အဖေမသိလိုက်ပါ။ စကားကောင်းနေစဉ်မှာပင် ရန်ကုန်လေဆိပ်သို့ လေယာဉ်ဆင်းတော့မည့်အကြောင်း ကြေညာပါသည်။ အဖေက “ရန်ကုန်ရောက်တော့မလားလူလေး” ဟုမေးပါသည်။ “ဟုတ်ကဲ့ပါအဖေ ရန်ကုန်လေဆိပ်ဆင်းတော့မယ်။ ခုပဲကြေညာသွားတယ်အဖေ” ကျွန်တော်ကပြန်ပြောရာ “ငါဖြင့်ကွာ လေယာဉ်စီးရတဲ့အရသာတောင်မခံစားလိုက်ရဘူး။ ရန်ကုန်ရောက်သွားရော” ဟုပြောပါသည်။ အမှန်တော့ ညောင်ဦး–ရန်ကုန်ခရီးသည် မိနစ် ၄၀ ကျော်ကြာပါသည်။ ကျွန်တော်တို့သားအဖ လေယာဉ်အကြောင်း၊ လေယာဉ်ပေါ်ပါခရီးသည်တွေအကြောင်း ဟိုဟိုဒီဒီပြောနေရတာနှင့် လေယာဉ်စီးရသည်ကို သတိမထားမိခြင်းဖြစ်ပါသည်။ ရန်ကုန်အိမ်ပြန်ရောက်တော့ “ပေးရတာနဲ့ စီးရတာမတန်ဘူးကွ။ ငါက အကြာကြီးစီးပြီး လေယာဉ်ပေါ်ကနေ မြေပြင်က မြို့တွေ၊ ရွာတွေ၊ ချောင်းတွေ၊ မြစ်တွေကို ကြည့်ချင်တာလူလေး” ဟုပြောပါသည်။ ကျွန်တော်ကတော့ အဖေ့ဆန္ဒကိုဖြည့်ပေးနိုင်၍ ကျေနပ်နေပါသည်။

ရန်ကုန်မြို့သို့ပြန်ရောက်ပြီး နောက်နှစ်ရက်၊ သုံးရက်နေပြီး အဖေရွာသို့ပြန်သွားပါသည်။ ရွာတွင် ပုဂံဘုရားများ ဖူးခဲ့ပုံနှင့် သူလေယာဉ်ပျံစီးခဲ့ပုံများကို သူ့ညီအစ်ကိုများနှင့် သားသမီးများကို သေချာပေါက်ပြောပြနေမှာဖြစ်ပါသည်။ အဖေရွာသို့ပြန်သွားပြီးနောက် ကျွန်တော်အလုပ်များကို ကြိုးစား၍လုပ်နေပါသည်။ စီးပွားရေးလုပ်ငန်းများလည်း အထိုက်အလျောက်ကောင်းလာသည်နှင့် အဖေ့ကို ကျွန်တော့်ထံလာနေဖို့ ပြောရပါသည်။ အကြိမ်ကြိမ်ပြောတော့မှ “လူလေးရေ မင်းဆီမှာလည်း အမြဲနေလို့မဖြစ်ဘူး။ ဒီမှာ သားသမီးတွေ၊ ဆွေမျိုးတွေကရှိသေးတယ်” ပြောပါသည်။ “ကျွန်တော်က ရန်ကုန်နဲ့ရွာကို တစ်လှည့်စီနေပါ။ အဖေလာချင်တဲ့အချိန်လာ၊ ပြန်ချင်တဲ့အချိန်ပြန်ပို့ပေးပါမယ်” ပြောသောအခါ အဖေက သဘောတူလိုက်ပါသည်။

ရာသီဥတုသာယာသည့် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် အဖေရောက်လာပါသည်။ တနင်္ဂနွေတစ်ပတ်၊ နှစ်ပတ်ကြာသောအခါ အဖေရွာကိုပြန်ချင်လာသည်။ ကျွန်တော်က မတားပါ။ ပြန်ပို့ပေးပါသည်။ သို့သော် နောက်တစ်ခေါက်လာမည့်ရက်ကို အဖေ့ကိုမေးပါသည်။ အဖေက တစ်လကြာလျှင် ပြန်လာမည်ပြောပါသည်။ ကျွန်တော်က “တစ်လကြာလျှင် လာခေါ်မည်။ ကျွန်တော့်အိမ်မှာလည်း တစ်လနေပါ။ ရွာမှာတစ်လ၊ ရန်ကုန်မှာတစ်လပေါ့” ဟုပြောရာ အဖေက သဘောတူပါသည်။ ဒီလိုနှင့် အဖေ့ကို ရန်ကုန်မှာ တစ်လနေစေပါသည်။ တစ်လကြာသောအခါ ကျွန်တော်က အဖေ့ကို ရွာသို့ပြန်ပို့ပေးပါသည်။ တစ်နှစ်ခန့်ကြာသောအခါ ရန်ကုန်

www.foreverspace.com.mm



တွင် နှစ်လ၊ ရွာတွင် တစ်လနေရန် စီစဉ်ပါသည်။ အဖေ ရန်ကုန်တွင် နေသားကျသွားသောအခါ ရန်ကုန်တွင် ကြာကြာနေစေပြီး ကိစ္စကြီးငယ်ရှိမှ ရွာသို့ပြန်ရန်ပြောရပါသည်။ ဒီလိုနှင့် ကျွန်တော့်အိမ်တွင် အဖေရောက်လာပါတော့သည်။ အဖေနှင့် အတူနေရ၍ ကျွန်တော် ပျော်နေပါသည်။ အဖေကတော့ ရွာတွင် တစ်အိမ်ဝင်တစ်အိမ်ထွက် ဆွေမျိုးများနှင့် စကားပြောနေရပြီး ဒီမှာတော့ တစ်ယောက်တည်းနေရပြီး စာဖတ်၊ တီဗီကြည့်၊ တရားခွေနှင့် တရားနာနေရ၍ ရွာမှာနေရသလောက် ပျော်ဟန်မရှိပါ။ သို့သော်လည်း နေတတ်အောင်နေပြီး အချိန်ကို ကုန်စေပါသည်။

အဖေသည် ကျွန်တော်နှင့်နေသည့် အချိန်များတွင် အလုပ်အကိုင်အကြောင်း ဆွေးနွေးမေးမြန်းပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားခွေများကို ဆွေးနွေးဟောကြားပါသည်။ ကျွန်တော်က တစ်နေကုန် အလုပ်ပင်ပန်း၍ တရားနာရင်း အိပ်ငိုက်လာသောအခါ "လူလေး မင်းပင်ပန်းနေပြီလား သွားအိပ်တော့" ဟု အလိုက်သိစွာ ကျွန်တော့်ကိုခွင့်လွှတ်ပါသည်။ တစ်ခါတစ်ရံတော့ ကျွန်တော်က နိုင်ငံရေး၊ စီးပွားရေးနှင့် ပတ်သက်သောအကြောင်းများ ပြောပြသောအခါ ဂရုတစိုက်နားထောင်ပြီး မသိသည်များကို မေးမြန်းပါသည်။ ကျွန်တော်တို့သားအဖနှစ်ယောက် မျက်နှာချင်းဆိုင်မိလျှင် စကားလက်ဆုံကျနေပါသည်။ ကျွန်တော် တစ်နေကုန် ရုံးသွားနေသည့်အခါ အဖေကပျင်းနေပါသည်။ ချွေးမများနှင့် သင့်မြတ်အောင် လိုက်လျောညီထွေနေတတ်သော်လည်း ဆွေးနွေးမေးမြန်းသည့်အခါ ချွေးမများက စိတ်မဝင်စားသည်ကို အဖေက သိပါသည်။ ဤလိုအခါမျိုးတွင် အဖေက နေတတ်အောင်နေလိုက်ပါသည်။ ကျွန်တော်နှင့်နေလာသည့်အချိန်အတွင်း အဖေမကျေနပ်သည့်ကိစ္စ ဘာတစ်ခုမှမရှိ။ အစားအသောက်နှင့်ပတ်သက်၍လည်း "မကောင်းဘူး။ ခံတွင်းမတွေ့ဘူး" ဆိုသောအသံများ တစ်ခါတစ်ရံမျှ မကြားရပါ။ ကျွန်တော်က "အဖေ စားရေးသောက်ရေးနဲ့ပတ်သက်ပြီး လိုတာပြောပါ။ ခုစားနေရတဲ့ဟင်းတွေကော ကောင်းရဲ့လား" မေးမြန်းရာ "လူလေးရယ် တို့တောမှာ ဒီလိုဘယ်စားနိုင်ပါ့မလဲ။ မင်းတို့စားနေတာက တို့တောမှာ ဧည့်သည်လာရင်ချက်ကျွေးတဲ့ဟင်း၊ ထမင်းတွေအတိုင်းဆိုတော့ မကောင်းတဲ့နေ့တစ်နေ့မှမရှိဘူး" ဟု ပြောပါတော့သည်။

ကျွန်တော်အဖေ့ကို အကောင်းဆုံးကျွေးမွေးပြုစုမည်ဟု စိတ်ဆုံးဖြတ်ပြီး အဖေ့အတွက်ကောင်းနိုးရာရာတွေဝယ်ပြီး ရေခဲသေတ္တာတွင်ထည့်ထားပေးပါသည်။ ဟောလစ်၊ မိုင်လို၊ အိုဗာတင်း၊ လက်ဖက်ရည်၊ ကော်ဖီများ ကြိုက်တာသောက်ပါ။ ဘာမုန့်တွေစားချင်သလဲပြောပါ။ ကျွန်တော်က မေးမိပါသည်။ အဖေ ကျွန်တော့်ကိုပြောလိုက်ပုံက "လူလေး မင်းအဖေ့အတွက်ဝယ်ထားပေးတာတွေ စုံပါတယ်။ ဒါပေမဲ့ အဲဒါတွေအဖေစားရတာ ငါးရံ့ခြောက်ဖုတ်နဲ့ ငါးပုပ်ခြောက်ဖုတ်လောက် ခံတွင်းမတွေ့ဘူး။ အဖေ့အတွက် ငါးပုပ်ခြောက်နဲ့ ငါးရံ့ခြောက်ပဲ လုပ်ပေးပါ" တဲ့

ကျွန်တော်ထင်တာနှင့် အဖေစားချင်တာ လွဲချော်နေပါသည်။ ကျွန်တော် ရန်ကုန်ရောက်တာနှစ်ပေါင်း ၄၀ ကျော်လာသောအခါ အိမ်တွင် ကော်ဖီသောက်၊ မိုင်လိုသောက်နှင့် အခါအားလျော်စွာ ကြိုက်တာပြောင်းသောက်နေသော်လည်း အဲဒီသောက်စရာတွေရှေ့တွင် ထမင်းကျန်နှင့် ဟင်းစားနေသည်ကို သတိလစ်နေပါသည်။ သောက်စရာကော်ဖီ၊ လက်ဖက်ရည်များသည် ကျွန်တော့်အတွက် ဘာမှမယ်မယ်ရရ အစားအသောက်များမဟုတ်ပါ။ ထမင်းနှင့်ဟင်းကိုစားလိုက်တော့မှ တင်းတိမ်မှုရသွားခြင်းဖြစ်ပါသည်။ အဖေ့ထံမှ သူကြိုက်သည့်ဆန္ဒရသည့်နေ့မှစပြီး ငါးရံ့ခြောက်မီးဖုတ်ဆီဆမ်း၊ ငါးပုပ်ခြောက်မီးဖုတ်ဆီဆမ်းများပြုလုပ်၍ ဘူးတစ်ခုတွင်ထည့်ထားပေးရပါသည်။ အဖေသည် သူကြိုက်သောအမြည်းရသည်နှင့် ရေနွေးကြမ်းမပြတ်အောင်သာထားပေးရန် ပြောပါသည်။ ကျွန်တော်က ရေနွေးကြမ်းကို ဓာတ်ဘူးတွင်ထည့်ထားပြီး လက်ဖက်ခြောက်ကောင်းကောင်းထည့်ထားပေးရပါသည်။ အဖေအကြိုက်ဆုံးဟင်းမှာ ဝက်သားဖြစ်ပါသည်။ ဝက်သားဆိုလျှင် ဘယ်လိုပဲချက်ချက်ကြိုက်လှပါသည်။ အဖေကျန်းမာနေစဉ်အတွင်း ဝက်သားဟင်းသည် အဖေ့အတွက်ဦးစားပေးဟင်း ဖြစ်လာပါသည်။

၂၀၀၅ ခုနှစ် မတ်လ ၂၄ ရက် ကြာသပတေးနေ့တွင် အဖေနေမကောင်းဖြစ်လာပါသည်။ အဖေ့ရောဂါကို ပါမောက္ခဒေါ်မာလာသန်းနှင့် နှစ်ကြိမ်၊ သုံးကြိမ်ပြပြီးနောက် ဒေါ်မာလာသန်းက ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခဦးဝင်းမြင့်ထံ လွှဲပြောင်းပေးလိုက်ပါသည်။ ပါမောက္ခဦးဝင်းမြင့်က အကြိမ်ကြိမ်စစ်ဆေးပြီး အစာအိမ်မှန်ပြောင်းကြည့်၍ အသားစကိုဓာတ်ခွဲစစ်ဆေးရာ အစာအိမ်ကင်ဆာဖြစ်ကြောင်း အဖြေပေါ်ပါသည်။ အဖေ့ကိုခွဲစိတ်ကုသဖို့ စီစဉ်ပါသည်။ အဖေ့အသက် ၈၈ နှစ်ရှိနေပြီဖြစ်နေပါသည်။ အဖေ့ကိုခွဲစိတ်ကုဖို့ပြောရာ အဖေက "ခွဲစိတ်တာမကြောက်ပါဘူး။ ခွဲရင်ပျောက်မှာလား" မေးပါသည်။ ကျွန်တော်နှင့်ပါမောက္ခဆရာဝန်ကြီးက ခွဲလျှင် ကြာကြာအသက်ရှင်နေနိုင်မည်။ မခွဲရင်တော့ ရောဂါဒဏ်ကို အပြင်းအထန်ခံစားရပြီး လပိုင်း၊ နှစ်ပိုင်းနှင့်အသက်ဆုံးနိုင်သည်ဟုပြောပြရပါသည်။ အဖေကခွဲစိတ်ခံရန်မကြောက်ပါ။ ကျွန်တော်ကလည်း အဖေအသက်ရှင်နေသည်ကို မြင်တွေ့လိုသေးသည်ဖြစ်ပါသည်။ သို့ဖြစ်၍ အဖေ့ရောဂါကို ခွဲစိတ်ကုသရန် ပါမောက္ခများနှင့် ဆွေးနွေးတိုင်ပင်ဆုံးဖြတ်လိုက်ပါသည်။ ၂၀၀၅ ခုနှစ် မတ်လ ၂၄ ရက်၊ ၁၃၆၆ ခု တပေါင်းလပြည့်နေ့တွင် အဖေ့ကိုခွဲစိတ်ရက် သတ်မှတ်လိုက်ပါသည်။

ရှေ့လဆက်ပါမည်

**မောင်မောင်တင်**

www.foreverspace.com.mm

ယခင်လမှအဆက်



သံမဏိသူဌေးကြီး Mittal

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၂၆

ဦးလှဝင်း (လေသူရဲတစ်ဦး)

နောက် မစ်တယ် သံမဏိသူဌေးကြီး ဖြစ်ခဲ့ရတဲ့ လျှို့ဝှက်ချက်တစ်ခုကတော့ သူ့လူမျိုး ကုလားအလုပ်သမား၊ ကုလားအင်ဂျင်နီယာတွေကို သူ့ရဲ့သံမဏိစက်ရုံသစ်တွေမှာ အကွက်စေ့စေ့ အစားထိုး အသုံးချတတ်လို့ပါပဲ။

မှန်တယ်ခင်ဗျာ။

အိန္ဒိယနိုင်ငံမှာ အရည်အချင်း အပြည့်အဝရှိတဲ့ ကမ္ဘာ့အဆင့် အင်ဂျင်နီယာတွေ၊ အုပ်ချုပ်ရေးမှူးတွေ၊ စာရင်းအင်း ပညာတတ်သူတွေ အများကြီး ရှိပါတယ်။

ဒီပညာသည်တွေရဲ့လုပ်ခက ဥရောပ တိုက်သားပညာသည်တွေရဲ့ လုပ်ခထက် အများကြီးသက်သာပါတယ်။ မစ်တယ်က အိန္ဒိယလူမျိုး အိန္ဒိယနိုင်ငံသားဖြစ်တဲ့အတွက် ဒီပညာသည်တွေကို သူ့နိုင်ငံမှာ ဘယ်လိုရှာဖွေရင်ရတယ်ဆိုတာ သူသိတယ်။ အဲဒီပညာသည်တွေအထဲကမှ ဘယ်သူဟာ ဘယ်လောကမှာ အတော်ဆုံး၊ ဘယ်သူ့မှာ လုပ်ငန်းအတွေ့အကြုံဘယ်လောက်ရှိတယ်ဆိုတာတွေ သူအကုန်သိတယ်။

နောက် သူက ပညာသည်အလုပ်သမားတွေကို ရွေးချယ်တဲ့အခါ အရည်အချင်းကိုပဲ အဓိကထားပြီး ကြည့်ပါတယ်။ အသက်အရွယ်ကို ဂရုမစိုက်ပါဘူး။ ဒါကြောင့် ပင်စင်စား ကျွမ်းကျင်အလုပ်သမားတွေကိုလည်း သူ အလုပ်ပေးပါတယ်။ အိန္ဒိယမှာ ရနေကြတဲ့လုပ်ခထက် အများကြီးပိုပြီးပေးပါတယ်။ ဒါပေမဲ့ ဥရောပ တိုက်နိုင်ငံကြီးတွေမှာပေးကြတဲ့ လုပ်ခထက်တော့ အများကြီးနည်းတာပေါ့ ခင်ဗျာ။

ဒီလိုဈေးပေါတဲ့ ပညာရှင်ကုလားအလုပ်သမားတွေကို ရှာဖွေအသုံးချတတ်တဲ့အတွက် သူချမ်းသာခဲ့ပုံတစ်ခုကို ဥပမာအဖြစ် ကျွန်တော်တင်ပြချင်ပါတယ်။ ၁၉၈၈ ခုနှစ်အတွင်း မစ်တယ် မက္ကဆီကိုနိုင်ငံက သံမဏိစက်ရုံကြီးကို ဝယ်လိုက်တဲ့အချိန်မှာ အဲဒီစက်ရုံကြီးရဲ့ အရှုံးပေါ်စေတဲ့ အဓိကပြဿနာက အလုပ်သမားခပဲ ခင်ဗျာ။

မက္ကဆီကိုအစိုးရက ဂျာမနီနိုင်ငံက ဂျာမန်အင်ဂျင်နီယာတွေကို ခေါ်ယူပြီး အလုပ်ခန့်ထားပါတယ်။ အဲဒီအချိန်က ဂျာမန်အင်ဂျင်နီယာတစ်ယောက်ရဲ့ တစ်နှစ်လုပ်ခက ပျမ်းမျှ ဒေါ်လာ ၂၅၀,၀၀၀ ရှိပါတယ်။

ဂျာမန်အလုပ်သမားဦးရေက ၆၀ ကျော်ရှိတယ်။ တစ်နှစ်ပေးနေရတဲ့လုပ်ခက နည်းတဲ့လုပ်ခ မဟုတ်ဘူးခင်ဗျာ။

မစ်တယ်က အဲဒီမက္ကဆီကိုက သံမဏိစက်ရုံကိုဝယ်ပြီးတာနဲ့ ဂျာမန်အလုပ်သမားအားလုံးကို အလုပ်ရပ်စဲစေလိုက်ပြီး သူတို့နေရာမှာ ကုလားပညာရှင် အလုပ်သမား

www.foreverspace.com.mm

တွေကို အစားထိုးအသုံးပြုလိုက်ပါတယ်။

ကုလားပညာရှင် အလုပ်သမားတစ်ဦးရဲ့ ပျမ်းမျှလုပ်ခက တစ်နှစ်ကို ဒေါ်လာ ၄၀,၀၀၀ ပဲ ရှိတယ်။

အလုပ်သမားတစ်ယောက်ရဲ့ လုပ်ခအပေါ်မှာ ခြောက်ဆကျော်လောက် သက်သာသွားတယ်ခင်ဗျာ။ အဲဒီလို ကုလားအလုပ်သမားတွေကို ပြောင်းလဲအသုံးပြုလိုက်တဲ့အတွက် စက်ရုံရဲ့အရှုံးက ချက်ချင်းတန့်သွားတယ်။ အမြတ်ချက်ချင်းစပြီးပေါ်တယ်။

အဲဒီလို စက်ရုံအလုပ်သမားတွေကို မိမိကိုယ်ကျိုးအတွက် ရွေးချယ်အသုံးချတတ်တာဟာလည်း မစ်တယ်ရဲ့ သူဌေးကြီးဖြစ်ခဲ့ရတဲ့ လျှို့ဝှက်ချက်တစ်ခုပါပဲ။

နောက် မစ်တယ် သူဌေးဖြစ်ခဲ့ရတဲ့ လျှို့ဝှက်ချက်တစ်ခုကတော့ နိုင်ငံရေးကို နားလည်တယ်။

နိုင်ငံရေးကို သူ့စီးပွားရေးမှာ အကျိုးရှိအောင် ဆွဲယူသုံးတတ်တယ်။

မစ်တယ်ဟာ ဗြိတိန်နိုင်ငံမှာ အခြေချနေထိုင်ရတဲ့အတွက် ဗြိတိန်အထက်တန်းလွှာအားလုံးနဲ့ တည့်အောင်ပေါင်းတယ်။ ဘုရင်မကြီးရဲ့ မိသားစုကစပြီး ဝန်ကြီးချုပ်အထိ သူ့ကို ခင်မင်အောင်၊ သူ့ကို လေးစားအောင်နေတတ်တယ်။

သူ့သမီးမင်္ဂလာဆောင်မှာ ဒေါ်လာငွေ သန်း ၆၀လောက်အထိသုံးပြီး ကမ္ဘာ့အကြီးဆုံး မင်္ဂလာဆောင်ကြီးတစ်ခုဖြစ်အောင် ပြုလုပ်ခဲ့တာလည်း သူရဲ့ကြော်ငြာတစ်မျိုးပါပဲ။

လန်ဒန်မြို့ပေါ်မှာ ၂၀၀၃ ခုနှစ်က ငွေဒေါ်လာ ၁၂၈ သန်းပေးပြီး နန်းတော်ကြီးတစ်ခုနဲ့တူတဲ့ အိမ်ကြီးတစ်လုံးကိုဝယ်ခဲ့တာလည်း ကြော်ငြာတစ်မျိုးပါပဲ။

ဗြိတိန်အထက်တန်းလွှာတစ်ခုလုံး သူ့ကို အလွန်အထင်ကြီးလာစေတယ်။

ဗြိတိန်နိုင်ငံရဲ့ သူ့ခေတ်နိုင်ငံရေးမှာ အလုပ်သမား (Labour)ပါတီအနေနဲ့ အာဏာရလာနိုင်တယ်၊ ခေတ်ကောင်းလာနိုင်တယ်ဆိုတာ သူ ကြိုမြင်တယ်။ ဒါကြောင့်လည်း သူ လေဘာပါတီကို ငွေတွေအများကြီးလှူတယ်။

ပထမအကြိမ်မှာ စတာလင်ပေါင် ၁၂၅,၀၀၀ လှူတယ်။ ဒုတိယအကြိမ်မှာ စတာလင်ပေါင် နှစ်သန်း လှူတယ်။

အဲဒီလိုလှူခဲ့တဲ့အတွက် လေဘာပါတီ အာဏာရလာတဲ့အခါ လေဘာအစိုးရအနေနဲ့ သူ့ကို သဘောကျတာပေါ့ခင်ဗျာ။

ကြိတ်ပြီးတော့လည်း အစိုးရက သူ့ကို လက်သိပ်ထိုး အကူအညီပေးခဲ့ပုံရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဗြိတိသျှစာနယ်ဇင်းတွေက လေဘာအစိုးရကို အမျိုးမျိုးဝေဖန်ခဲ့ကြတယ်။

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲကို သူဌေးကြီး မစ်တယ်ရဲ့ဩဇာအောက်မှာရှိသူလို့ ဝေဖန်ခဲ့တယ်။

မစ်တယ်ဟာ ဗြိတိန်နိုင်ငံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်။ ဗြိတိသျှဘုရင်မကြီးရဲ့ ဆွေတော်မျိုးတော်တွေကလည်း မစ်တယ်ကို အရေးပေးခဲ့ကြတယ်။ ၁၉၉၅ ခုနှစ်တွင် မင်းသမီး မာဂရက် (Princess Margaret) နဲ့ ညစာအတူတူစားခဲ့ကြတဲ့သတင်းဟာ ဗြိတိသျှစာနယ်ဇင်းတွေမှာ သတင်းကြီးဖြစ်ခဲ့ရတယ်။ ဗြိတိန်နိုင်ငံမှာ အိမ်ရှေ့မင်းသားချားတည်ထောင်ထားတဲ့ အလှူရန်ပုံငွေအဖွဲ့ Prince Charles Charitable Trust ဆိုတာရှိတယ်။ အဲဒီရန်ပုံငွေမှာလည်း မစ်တယ်ငွေတွေ အများကြီး ထည့်ဝင်လှူဖူးတယ်။

လေဘာအစိုးရ မစ်တယ်နဲ့ပတ်သက်ပြီး အဓိကနာမည်ပျက်ခဲ့ရတာကတော့ ရိုမေးနီးယားနိုင်ငံက Ispat Sidex သံမဏိစက်ရုံကြီးနဲ့ ပိုလန်နိုင်ငံ Nova Hut သံမဏိစက်ရုံတွေကို မစ်တယ်ဝယ်ယူခဲ့တဲ့ ကိစ္စတွေမှာပါ။

ရိုမေးနီးယားနိုင်ငံက Ispat Sidex သံမဏိလုပ်ငန်းကြီးကို မစ်တယ်ဝယ်ယူခဲ့ရ

**Mittal ပိုင် သံမဏိစက်ရုံတစ်ခုမြင်ကွင်း**



www.foreverspace.com.mm

တာ လွယ်လွယ်နဲ့ဝယ်ယူခဲ့ရတာ မဟုတ်ပါဘူး။ ပြင်သစ်ဝန်ကြီးချုပ် Lionel Jospin ကျောထောက်နောက်ခံပြုလုပ်ပေးထားတဲ့ ယူစီနာပြင်သစ်သံမဏိအုပ်စုနဲ့ယှဉ်ပြိုင်ပြီး ဝယ်ခဲ့ရတာပါ။ အဲဒီအားပြိုင်ပွဲမှာ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက မစ်တယ် ဝယ်ယူနိုင်ဖို့အတွက် ရိုမေးနီးယားအစိုးရကို တွန်းအားပေးခဲ့တယ်။ တိုနီဘလဲ အကူအညီသာ မပါရင် မစ်တယ် အဲဒီသံမဏိလုပ်ငန်းကို ဘယ်လိုမှ ဝယ်လို့ရနိုင်မှာ မဟုတ်ပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဗြိတိသျှစာနယ်ဇင်းတွေက ဝန်ကြီးချုပ်တိုနီဘလဲကို အမျိုးမျိုး စွပ်စွဲတယ်။ ပုတ်ခတ်ရေးကြတယ်။ ဗြိတိသျှနိုင်ငံသားမဟုတ်တဲ့ မစ်တယ်ကို ဝန်ကြီးချုပ်က ဘာ့ကြောင့် ဒီလောက်တောင် အကူအညီပေးခဲ့တာလဲ၊ ဝန်ကြီးချုပ်က မစ်တယ်ဆီက လာဘ်ယူထားသလား၊ လာဘ်မယူထားဘဲ ဘယ်သူက ဒီလောက်ကူညီမှာလဲ စသဖြင့် ရေးကြ ပုတ်ခတ်ကြတာပေါ့ ခင်ဗျာ။

ဒီကိစ္စနဲ့ပတ်သက်ပြီး တိုနီဘလဲလည်း နာမည်ပျက်ခဲ့ရတယ်။ ဒါပေမဲ့ မစ်တယ်ကတော့ သူလိုချင်တဲ့ သံမဏိလုပ်ငန်းကို သူ့လက်ထဲရောက်အောင် လုပ်နိုင်လိုက်ပြီး ပိုပြီးချမ်းသာသထက် ပိုချမ်းသာခဲ့တာပေါ့ ခင်ဗျာ။



ပြင်သစ်ဝန်ကြီးချုပ် Lionel Jospin

နောက် ပိုလန်နိုင်ငံက နိုင်ငံပိုင် Nova Hut သံမဏိလုပ်ငန်း ဝယ်ယူခဲ့တဲ့ကိစ္စမှာလည်း လွယ်လွယ်ဝယ်လို့ရခဲ့တာ မဟုတ်ပါဘူး။ အမေရိကန် US Steel သံမဏိအုပ်စုနဲ့ယှဉ်ပြီး ဝယ်ခဲ့ရတာပါ။ ဒီအရောင်းအဝယ်ကိစ္စမှာ နောက်ဆုံးအဆင့်မှာ ပိုလန်အစိုးရ ကက်ဘိနက် (Polish Cabinet) က အတည်ပြုရပါတယ်။ ဒီလိုအတည်ပြုချက်ကိုရဖို့ မစ်တယ်က ဥပဒေနဲ့မညီညွတ်တာတွေ လုပ်ခဲ့တယ်လို့ အမေရိကန်သံမဏိအုပ်စုက စွပ်စွဲကြပါတယ်။

ဘယ်သူမှန်ပြီး ဘယ်သူမှားတယ်တော့ တိတိကျကျ သိခွင့်မရကြပါဘူး။ ဒါပေမဲ့ ကမ္ဘာ့သံမဏိစီးပွားရေးလောကမှာတော့ ဒီအရောင်းအဝယ်ကြီးဟာ အလွန်စိတ်ဝင်စားစရာ၊ အလွန်ဝေဖန်ချင်စရာတွေ ဖြစ်ခဲ့ရပါတယ်။

ကျွန်တော် ထောက်ပြချင်တာကတော့ ကမ္ဘာ့အဆင့် သံမဏိစီးပွားရေးလုပ်ငန်းတွေဟာ နိုင်ငံရေးလောကနဲ့ကင်းလို့မရပါဘူး။ နောက်ဆုံးအဆင့် ဆုံးဖြတ်ချက်တွေဟာ သက်ဆိုင်ရာအစိုးရတွေရဲ့ လက်

Ispat Sidex သံမဏိလုပ်ငန်း



www.foreverspace.com.mm

ထဲမှာ ရှိပါတယ်။ အဲဒီအစိုးရတွေရဲ့ သက်ညှာမှုကိုရဖို့ဆိုတာ သူဌေးကြီးတွေရဲ့ အနောက်မှာ နိုင်ငံရေးသြဇာအာဏာရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ကျောထောက်နောက်ခံရှိဖို့ လိုအပ်ပါတယ်။

သူဌေးကြီးတွေကိုယ်တိုင်ကလည်း အင်မတန်ပါးနပ်မှုရှိရပါတယ်။ မစ်တယ်က အလွန်ပါးနပ်လိမ္မာတဲ့လူပါ။ ဒီစီးပွားရေးနဲ့ နိုင်ငံရေးနွှယ်နေတဲ့ ပြဿနာကို သူပါးနပ်စွာ ကိုင်တွယ်တတ်တယ်။

မစ်တယ်ဟာ ဗြိတိသျှအစိုးရ၊ ဗြိတိသျှအာဏာပိုင်တွေနဲ့ ပြေလည်အောင် နေတတ်သလို သူ့မိခင် အိန္ဒိယနိုင်ငံရဲ့ အစိုးရအာဏာပိုင်တွေနဲ့လည်း ပြေလည်မှုရှိအောင် နေတတ်ပါတယ်။



မင်းသမီး မာဂရက်



ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲ

သူပိုင် သံမဏိလုပ်ငန်းကြီးက ဦးစီးတည်ထောင်ထားတဲ့ LNM Group Foundation ဆိုတာ ရှိပါတယ်။ ၁၉၈၈ ခုနှစ်ကတည်းက တည်ထောင်ထားတာပါ။ ဒီအဖွဲ့ရဲ့ ရည်ရွယ်ချက်က ဆင်းရဲတဲ့ တိုင်းပြည်တွေမှာရှိတဲ့ လူထုကျန်းမာရေး၊ လူထုပညာရေးလုပ်ငန်းတွေမှာ အထောက်အပံ့ပေးဖို့ပါ။ ဒီနေ့ မစ်တယ် အဓိကအထောက်အပံ့ပေးနေတာက အိန္ဒိယနိုင်ငံပါပဲ။ အလားတူ ဒုက္ခရောက်သူ၊ ဆင်းရဲသူတွေကို ထောက်ပံ့တဲ့ ရန်ပုံငွေအဖွဲ့တွေ အများကြီးမှာလည်း သူဌေးကြီးမစ်တယ်က ရက်ရောစွာ အလှူငွေတွေ ထည့်ဝင်ပါတယ်။

နောက် အိန္ဒိယအစိုးရကိုသာမက အိန္ဒိယပြည်သူလူထုကို ဘယ်လိုစည်းရုံးရမယ်ဆိုတာကိုလည်း သူသိတယ်။ ကိုင်တွယ်တတ်တယ်။ ဥပမာ–၂၀၀၀ ပြည့်နှစ် အိုလံပစ်ပြိုင်ပွဲမှာ အိန္ဒိယနိုင်ငံက ကြေးတံဆိပ်တစ်ခုသာရပြီး ၂၀၀၄ ပြည့်နှစ် အိုလံပစ်ပြိုင်ပွဲမှာ ငွေတံဆိပ်တစ်ခုပဲရပါတယ်။ အဲဒီလို ဆုရနည်းနေတဲ့ပြဿနာကို လွန်မြောက်ဖို့ မစ်တယ်က Mittal Champions Trust ဆိုတာကို တည်ထောင်လိုက်ပါတယ်။ အမေရိကန်ဒေါ်လာ ကိုးသန်း သူအလှူငွေထည့်တယ်။ နောက် အဲဒီငွေနောက်ခံထားပြီး အတော်ဆုံး ကုလားအားကစားသမား ၁၀ ယောက်ကို ရွေးချယ်ပြီး အိုလံပစ်ပွဲတော်မှာ ယှဉ်ပြိုင်ဖို့ လေ့ကျင့်ပေးနေပါတယ်။

ဒီနေ့ မစ်တယ်ရဲ့ သံမဏိစက်ရုံတွေဟာ နိုင်ငံပေါင်း ၁၄ နိုင်ငံမှာ ရှိပါတယ်။ သူ့ရဲ့အလုပ်သမားက ၁၅၀,၀၀၀ ကျော် ရှိပါတယ်။

အဲဒီအလုပ်သမားတွေကို ထိန်းဖို့ အဲဒီ ၁၄ နိုင်ငံက အစိုးရတွေနဲ့ အဆင်ပြေမှုရှိဖို့ဆိုတာ မစ်တယ်ဟာ နိုင်ငံရေးနဲ့ပတ်သက်ပြီး ပါးနပ်လိမ္မာမှုရှိသူမဟုတ်ရင် မလွယ်ပါဘူး။ မစ်တယ်ဟာ နိုင်ငံရေးကို သူ့စီးပွားရေးလုပ်ငန်းတွေမှာ အကျိုးရှိအောင် ချသုံးတတ်တယ်။ အဲဒီအရည်အချင်းဟာ သူအလွန့်အလွန်ချမ်းသာခဲ့ရတဲ့ လျှို့ဝှက်ချက်တစ်ခုပါ။

နောက် . . .။

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**
**၁၂–၉–၂၀၀၉**